www.foreverspace.com.mm

# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း

No.182.SEPTEMBER.2010




## ဘဏ်များနှင့် အပြောင်းအလဲ

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

LIVING COLOR
HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂ ။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# ဘဏ်လုပ်ငန်းများဖွံ့ဖြိုးရေး

နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးပေးနိုင်သော အဓိကလုပ်ငန်းအနည်းငယ်အနက်တစ်ခုဖြစ်သည့် ငွေကြေးဆိုင်ရာဘဏ်များ ဖွင့်လှစ်လုပ်ကိုင်ခွင့်ကို သက်ဆိုင်ရာက ပုဂ္ဂလိကလုပ်ငန်းရှင် အချို့အား မကြာသေးခင်ရက်ပိုင်းက ခွင့်ပြုပေးခဲ့ပါသည်။ ၂၀၀၃ ခုနှစ်နောက်ပိုင်းမှစ၍ ပုဂ္ဂလိကဘဏ် များ အသစ်ဖွင့်လှစ်ခြင်း၊ တိုးချဲ့ခြင်းနှင့် ခေတ်မီဘဏ်လုပ်ငန်းများ မြှင့်တင်ခြင်းတို့ ကန့်သတ်ထားခဲ့ရာမှ ယခုကဲ့သို့ ဘဏ်အသစ်များဖွင့်လှစ်ခွင့်ပြုလိုက်ခြင်းကို အထူးပင်အသိအမှတ်ပြု ကြိုဆိုရမည်ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေး အတက်အကျအပြောင်းအလဲများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဖြစ်စဉ်များတွင် ဘဏ်များ၏အခန်းကဏ္ဍမှာ များစွာကြီးမားလှသည်ဖြစ်ရာ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ကြီးနှင့် မဖြစ်မနေချိတ်ဆက်ရမည့် မြန်မာနိုင်ငံအဖို့လည်း ကမ္ဘာလုံးဆိုင်ရာအဆင့်အတန်းနှင့်အညီ ဆက်သွယ်ရောင်းဝယ်နိုင်သော ဘဏ်စနစ်တစ်ရပ် မဖြစ်မနေလိုအပ်ပါသည်။

ထိုမျှလောက်အရေးကြီးလှသော ဘဏ်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် ဆယ်စုနှစ်တစ်ခုနီးပါး အိပ်မောကျနေရာမှ ယခုပုဂ္ဂလိကဘဏ်သစ်လေးခု ဖွင့်လှစ်ခွင့်ပြုပြီးနောက် နိုင်ငံတကာတွင်ကျင့်သုံးနေသော ဘဏ်စနစ်များအတိုင်း များမကြာခင် လည်ပတ်လာနိုင်တော့မည်ဟု မျှော်လင့်ရပေသည်။ ထို့အတွက် မြန်မာနိုင်ငံတွင် ယနေ့ကျင့်သုံးလည်ပတ်နေသော ဘဏ်လုပ်ငန်းများ မည်သည့်နေရာတွင်ရောက်နေသည်ဖြစ်စေ လက်ရှိနိုင်ငံတကာတွင်ကျင့်သုံးနေသော ဘဏ်စနစ်များအတိုင်း မဖြစ်မနေပြောင်းလဲကျင့်သုံးရတော့မည်ကို ဘဏ်လောကသားများအားလုံး အထူးသတိချပ်ရမည်ဖြစ်ပါသည်။

နိုင်ငံတကာတွင်ကျင့်သုံးနေသော ဘဏ်လုပ်ငန်းစနစ်အရေးကြီးသကဲ့သို့ ဘဏ်လုပ်ငန်းနှင့် အဓိကချိတ်ဆက်နေသော ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများ ခေတ်မီရေး၊ ဘဏ်လုပ်ငန်းလုပ်ကိုင်ကြမည့် တိုင်းရင်းသားလုပ်ငန်းရှင်စစ်စစ်များ စည်းကမ်းတကျနှင့် ပေါ့ပါးလွတ်လပ်စွာ ဆောင်ရွက်နိုင်သော ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေစည်းမျဉ်းများ ခိုင်မာအားကောင်းရေးတို့သည်လည်း များစွာအရေးကြီးလှပေသည်။ သို့မှသာ ၂၀၀၃ခုနှစ်က ကြုံတွေ့ခဲ့ရသော အခြေအနေမျိုးမှ ရှောင်လွှဲနိုင်မည့်အပြင် ဘဏ်များနှင့် ဆက်ဆံကြသော နိုင်ငံသူနိုင်ငံသားများအားလုံး ဘဏ်များအပေါ် စိတ်ချယုံကြည်မှု ပြန်လည်ရရှိလာနိုင်မည်ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်မူ နှစ်ပေါင်းများစွာ စနစ်တစ်ခုအောက်တွင် ဖြတ်သန်းလာခဲ့ပြီး အစိုးရပိုင်ဘဏ်များနှင့်သာ တစ်လျှောက်လုံး ဆက်ဆံလာခဲ့ရသော နိုင်ငံသားအားလုံးထံတွင် ဘဏ်ဝန်ဆောင်မှုအပေါ်ထားရှိသည့် အမြင်မှာလည်း အနုတ်လက္ခဏာသဘောက များနေပါသည်။ ထိုအခြေအနေကို လက်ရှိပေါ်ပေါက်လာသော ပုဂ္ဂလိကဘဏ်များအနေနှင့် ပျူငှာဖော်ရွေသော၊ တန်ဖိုးထားလေးစားသော၊ သက်သောင့်သက်သာဖြစ်သော၊ စိတ်ကြည်နူးချမ်းမြေ့စေသော စံပြဝန်ဆောင်မှုများဖြင့် အပေါင်းလက္ခဏာသဘော ရှုမြင်လာကြစေရန် လက်တွေ့ကျကျ ကြိုးစားပေးရန်လိုအပ်ပါသည်။

များစွာအရေးကြီး၍ များစွာအဓိကကျသည်မှာ မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းနယ်ပယ်တစ်ရပ်လုံးအပေါ် နိုင်ငံသူနိုင်ငံသားအားလုံးအပါအဝင်၊ ဘဏ်လောကအတွင်းရှိသူများရော၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်ကြမည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာဘဏ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ ဘဏ်အဖွဲ့အစည်းများကပါ ယုံကြည်စိတ်ချမှုရှိစေရေး ဖြစ်ပါသည်။ ထိုသို့ယုံကြည်မှုရရှိစေရန်မှာ ငွေကြေးနှင့် ဘဏ်လုပ်ငန်းနယ်ပယ်တွင် အမှန်တကယ်ကျွမ်းကျင်သူ၊ အမျိုးသားအကျိုးစီးပွားကို အမှန်တကယ်လိုလားသူ၊ နိုင်ငံ၏စီးပွားရေးကို အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေလိုသူ စီမံခန့်ခွဲသူများက ငွေကြေးနှင့် ဘဏ်လုပ်ငန်းကို အမှန်တကယ် နားလည်တတ်ကျွမ်းသူ ပညာရှင်များ၏ အကြံဉာဏ်ကို ရယူသင့်ပါကြောင်းနှင့် ‘ဥပဒေအထက်တွင် မည်သူမှမရှိ’ ဟု ဒေါင်ဒေါင်မြည်ပြောဆိုလုပ်ကိုင်နိုင်သည့် ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဥပဒေစည်းမျဉ်းများ အခိုင်အမာရှိရေးနှင့် ထိုဥပဒေများအတိုင်း မည်သူ့ကိုမဆို အတိအကျထိန်းကွပ် ကြပ်မတ်နိုင်ရေးပင်ဖြစ်ပါသည်။

ဖော်ပြပါအခြေအနေများနှင့်ညီညွတ်လာပါလျှင် မြန်မာနိုင်ငံဘဏ်လုပ်ငန်းများ တဖြည်းဖြည်းဖွံ့ဖြိုးလာကာ နိုင်ငံ၏စီးပွားရေးကဏ္ဍတစ်ခုလုံးပါ ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာနိုင်ပါကြောင်း Living Color က အခိုင်အမာယုံကြည်ပါသည်။

**အယ်ဒီတာ**

**၂၆–၈–၂၀၁၀**

www.foreverspace.com.mm

LIVING COLOR

LIVING COLOR. No.182, SEPTEMBER. 2010.

1 အယ်ဒီတာ့အာဘော်

5 ယခုလအကြိုက်ဆုံးကြော်ငြာ

7 ယခုလသတင်းအညွှန်း

8 မြန်မာ့စီးပွားရေးသတင်း

26 တွေ့ဆုံခြင်း

“ကျွန်တော်က ရွေးကောက်ပွဲသပိတ်မှောက်ခြင်းကို အလုပ်မဖြစ်ဘူးလို့ ယူဆတယ်”

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုမျိုးရန်နောင်သိန်းနှင့်တွေ့ဆုံခြင်း

ကျော်ဇေယျာထွန်း

30(D) ပါတီမိတ်ဆက်

48 မျက်နှာဖုံးဆောင်းပါး

ဘဏ်များနှင့်အပြောင်းအလဲ — ကျော်ဇေယျာထွန်း

50 “ကောလာဟလကြောင့် ဘဏ်မပျက်ဖို့အတွက် Banking Insurance ရှိဖို့လိုတယ်”

ဒေါက်တာနေဝင်းမောင်နှင့်တွေ့ဆုံခြင်း

ကျော်ဇေယျာထွန်း

56 တွေ့ဆုံခြင်း

“နောင်လေးငါးနှစ်မှာ Stock Market ပေါ်လာရင် အခုချိန်ကတည်းက Train လုပ်ထားမှ New Generation က အဲဒီအချိန်မှာအသင့်ဖြစ်နေမှာ”

ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာစီးပွားရေးပညာရှင် ဒေါက်တာသောင်းဟန်နှင့်တွေ့ဆုံခြင်း

ကျော်ဇေယျာထွန်း

62 မြန်မာ့စီးပွားရေးမြင်ကွင်း

အချိန်ကောင်းလား — ခွန်းသု

66 ပိုမိုဖွံ့ဖြိုးရန် ကြိုးပမ်းသင့်သည့် ဘုန်းတော်ကြီးသင်ပညာရေး — ဆုနှင်းဝေ

74 ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ၊ ဇာလီကျော်

82 ရက်စွဲမှတ်တမ်း

86 ဈေးဝယ်လမ်းညွှန်

88 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ — စိုးသော်တာ



www.foreverspace.com.mm

# မာဝါကာ

LIVING COLOR. No.182, SEPTEMBER. 2010.


105 တစ်ဦးတည်းကိုယ်စားလှယ်

106 မြန်မာ့စီးပွားရေးအမြင်

ဈေးကွက်ရှာဖွေထူထောင်ခြင်းဆိုင်ရာ အနှစ်သာရများ

မှူးခန့်စံ

110 မြန်မာပြည်တွင်လုပ်သည်

112 တွေ့ဆုံဆွေးနွေးမှုများ

115 ဘယ်ပစ္စည်းဘာ့ကြောင့်

119 ကုန်ဈေးနှုန်း

124 အတွေးအမြင်

အရှေ့တောင်အာရှတစ်နေရာ

တင်အောင်ကျော်

134 ဆေးခန်းကြီးများ ဆေးရုံဖြစ်ပြီ

မောင်မောင်တင်

138 လယ်သမားဘဝက လမ်းခွဲလာသူ

မောင်တင်မြင့်

144 သူတို့ဆီကမူးယစ်ဆေးဝါး

ကိုဝမ်း





148 ဆူဟာတိုပြောသည့်သူ့သမိုင်း (၁၄)

တင်ညွန့်

154 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၆)

ဦးလှဝင်း (လေသူရဲတစ်ဦး)






www.foreverspace.com.mm

# Contents


## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းဇင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Executive Editors** – ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊
နွဲ့ကေခိုင်၊ သီရိဇော်

**News Editor** – ကျော်ဆန်းမင်း

**Editors** – လှိုင်းသစ်ဇင်ဝေ၊ မြနှင်းအေး

**Photo Editor** – မိုးကျော်လွင်

**Chief Reporter** – ကျော်ကျော်မင်း

**Senior Reporters** – နိုင်မင်းဝေ၊ ဇာလီကျော်

**Research & Development** – ချမ်းငြိမ်းဖြူ

**Editorial Assistant** – ဆွေငြိမ်းအေး၊ ဆုနှင်းဝေ

**Staff Reporters** – အောင်စိုး၊ ကျော်ဇေယျာထွန်း၊ ကျော်မျိုးထွန်း၊
မင်းမျိုး၊ ဇာဏီထွဏ်း၊ ကြူကြူသင်း(မိုးမြေ)

**Freelance Reporters** – Associated News ၊ ဖြိုးဝေစိုး၊
မိုးခိုင်၊ နွယ်နွယ်၊ မင်းသုခိုင်၊ ရဲဝင်းနိုင်၊ ရဲဝင်းနောင်၊
အေးကျော့ခိုင်၊ မြကေခိုင်၊ ကြည်ကြည်လွင်၊ ဇော်ဖြိုး

## DTP Department

**Manager** – မခိုင်

**Assistant Manager** – ငုဝါခိုင်

**Senior Operator** – အေးမို့မို့အောင်

**Staff Operators** – ချိုချိုဇင်၊ ခင်မာမြင့်

## Finance Department

**General Manager** – ဖေအောင်ဇင်

**Manager (Admin and Finance)** – စန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နုဝါဝင်း

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Deputy Manager** – ဖြူဖြူသီ

**Assistant Manager** – စန္ဒာလှိုင်

**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်

**Marketing Assistant** – လဲ့ရည်ဦး

**Designer** – သိန်းအောင်ထွဋ်

**Receptionist** – ဆုအိန္ဒြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းဇင်

**Manager** – ထက်ခေါင်

**Deputy Manager** – ခင်မျိုးချစ်

**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – စိုးသော်တာ

**Cover Idea / Design** – ဖေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – ဖေသစ်တည်

## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရုပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ ဖက်စ်– ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing –၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၇၃၀၃၀၀၄၇၊ ၀၉–၅၁၇၆၈၃၅၊
Distribution –၀၉–၅၁၇၆၈၃၁

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်

B/W Film – PERFECT

Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၈၄၂၀၈၁၀
Circulation – ၁၀၀၀
Distribution Price – ၁၆၅၀ ကျပ်
Copyright – Living Color ( **ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်** )



### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်နန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



# ADVERTISEMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့ ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်တွင် စိုက်ထူထားသော BEST-T သွားတိုက်ဆေးကြော်ငြာ Bill-board ကို ရွေးချယ်လိုက်ပါသည်။

အဆိုပါကြော်ငြာတွင် သရုပ်ဆောင်မော်ဒယ်လ်လူငယ်တစ်ဦးက Bill-board ၏ ထောင့်စွန်းသံပြားစကို အထက်သို့မတင်၍ သွားဖြင့်ကိုက်ဖြတ်ပြနေသည့်ဟန် သရုပ်ဖော်ထားရာ ကြော်ငြာလိုသော ကုန်ပစ္စည်း၏ အရည်အသွေးပေါ်လွင်စေခြင်း၊ အသွားအလာများပြားသည့် ရွှေဂုံတိုင်မီးပွိုင့်အလွန် ကမ္ဘာအေးစေတီလမ်းမကြီးပေါ်တွင် တည်ရှိခြင်း၊ ကြော်ငြာဖန်တီးမှု၊ စိတ်ကူးဆန်းသစ်မှုကြောင့် ကြည့်ရှုသူများ အာရုံစိုက်မိစေခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်းဖြစ်ပါသည်။

ယင်းကြော်ငြာ Bill-board ကို Beauty Palace Co.,Ltd. က ဖန်တီးပြုလုပ်ထားခြင်းဖြစ်သည်။



www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာ အဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

## ပြည်ထောင်စုဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်း ပါတီမှနုတ်ထွက်

**ရန်ကုန်၊ ဩဂုတ် ၃**



ပြည်ထောင်စုဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းသည် ၂၀၁၀ ရွေးကောက်ပွဲ နိုင်ငံရေးအခင်းအကျင်းတွင် ဆက်လက်ပါဝင်တော့မည်မဟုတ်သဖြင့် ဩဂုတ်လ ၅ ရက်နေ့တွင် ပါတီမှနုတ်ထွက်လိုက်ကြောင်း ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"ပါတီဝင်အဖြစ်ကပါ နုတ်ထွက်လိုက်ပါတယ်။ ပါတီတွင်းပြဿနာတက်လို့လည်း မဟုတ်ပါဘူး။ တခြားပါတီတွေနဲ့ ပူးပေါင်းပြီးလုပ်ဖို့မရှိပါဘူး" ဟု ဦးဖြိုးမင်းသိန်းက အတည်ပြုပြောကြားသည်။

ပါတီဥက္ကဋ္ဌနုတ်ထွက်ခြင်းကိစ္စနှင့်ပတ်သက်၍ The Voice Weekly က ပြည်ထောင်စုဒီမိုကရေစီပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံ အတည်ပြုမေးမြန်းခဲ့ရာ "သူက ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးမှာ ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ဆောင်ရွက်မှာမဟုတ်ဘူးလို့တင်ပြတာကို ဗဟိုအလုပ်အမှုဆောင်အများစုက လက်ခံပေးလိုက်ပါတယ်" ဟု အထွေထွေအတွင်းရေးမှူး ဦးသိန်းတင်အောင်က ရှင်းပြသည်။ ပြည်ထောင်စုဒီမိုကရေစီပါတီအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲဝင်ရောက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဦးသိန်းတင်အောင်က ဆိုသည်။

ပြည်ထောင်စုဒီမိုကရေစီပါတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၌ ဧပြီလ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့် စတင်လျှောက်ထားခဲ့ပြီး မေလ ၂၈ ရက်တွင် ပါတီမှတ်ပုံတင်ခွင့် ရရှိခဲ့သည့်ပါတီဖြစ်သည်။

ယခုလသတင်းအညွှန်းအဖြစ် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၉–၁၅ ရက်နေ့ထုတ် The Voice Weekly Vol 6, No. 36 တွင်ပါရှိသော ပြည်ထောင်စုဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်း ပါတီမှနုတ်ထွက်သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

BUSINESS NEWS

အမှတ် ၁၈၂ | ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ

## ကုန်းတွင်းရေနံတူးဖော်ရန် တရုတ်ကုမ္ပဏီနှင့် သဘောတူညီ

**ရန်ကုန်၊ ဩဂုတ် ၃**

တရုတ်ကုမ္ပဏီ NPCC (North Petro- Chem Corporation Limited) သည် မြန်မာနိုင်ငံတွင် ကုန်းတွင်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဇူလိုင်လ ၂၇ ရက်နေ့က နေပြည်တော်၌ စာချုပ်ချုပ်ဆိုခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြထားသည်။

အဆိုပါစာချုပ်အရ မြန်မာနိုင်ငံကုန်းတွင်းလုပ်ကွက်အမှတ် PSE-F (CNG လိုင်းတွင်းဒေသ) တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို အကျိုးတူပူးပေါင်း ထုတ်လုပ်မည်ဟု Aliboba သတင်း Website တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ကုန်းတွင်းသဘာဝဓာတ်ငွေ့နှင့် ရေနံထွက်ရှိရာနေရာ ၁၉ ခု၊ ကမ်းလွန်ဒေသရှိ အဓိကနေရာကြီးသုံးခုတွင် သဘာဝဓာတ်ငွေ့ကုဗလက်မ ၉၀ ထရီလီယံနှင့် ရေနံစိမ်းစည်ပေါင်း ၃ ဒသမ ၂ ဘီလီယံကျန်ရှိနေကြောင်း ဇူလိုင်လ ၂၇ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိသည်။

၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့ ၂ ဒသမ ၃၈ ဘီလီယံခန့်တင်ပို့ရောင်းချနိုင်ခဲ့ကာ အဓိကတင်ပို့သည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး ၂၀၀၇–၀၈ ခုနှစ်တွင် ၁ ဒသမ ၅၃ ဘီလီယံ တင်ပို့ခဲ့သည်ဟု ဇူလိုင်လဆန်းပိုင်းထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

လောင်စာဆီလိုအပ်ချက်ကြီးမားသောတရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ကမ်းလွန်ရေနံသဘာဝဓာတ်ငွေ့တွင်းနှစ်ခုမှ သဘာဝဓာတ်ငွေ့များ တရုတ်နိုင်ငံသို့သွယ်တန်းပြီးဝယ်ယူတင်ပို့ရန် ကြိုးပမ်းမှုပြီးနောက် ယခုကုန်းတွင်းလုပ်ကွက်များတွင်ပါ ရေနံရှာဖွေလာခြင်း ဖြစ်သည်။

ဩစတြေးလျ၊ ဗြိတိန်၊ ကနေဒါ၊ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှား၊ ရုရှား၊ တောင်ကိုရီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရန် အစိုးရနှင့် သဘောတူညီမှု ရရှိထားသော်လည်း နှစ် ၆၀ ဆွေမျိုးပေါက်ဖော် သံတမန်ဆက်ဆံရေးရှိသည့် တရုတ်ကုမ္ပဏီများက ပိုမိုအခွင့်သာသည်ဟု ပထဝီနိုင်ငံရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ “သဘာဝဓာတ်ငွေ့စီမံကိန်းကြောင့် တရုတ်–မြန်မာဆက်ဆံရေး ပိုအားကောင်းတာတော့ အမှန်ပဲ” ဟု ၎င်းက ဆိုသည်။ ■

## ကချင်ပြည်နယ် ရေအားလျှပ်စစ်စီမံကိန်း တရုတ်နှင့်စာချုပ်ချုပ်

**ရန်ကုန်၊ ဩဂုတ် ၂**

မြန်မာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကုမ္ပဏီနှစ်ခုသည် ကချင်ပြည်နယ် နော်ချမ်းခမြစ်တွင် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း ဇူလိုင်လ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိသည်။

ယင်းစီမံကိန်းကို တရုတ်နိုင်ငံမှ YPIC International Energy Cooperation & Development Co., Ltd. နှင့် မြန်မာနိုင်ငံမှ International Group of Entrepreneurs Company တို့ ပူးပေါင်းတည်ဆောက်မည်ဖြစ်ကြောင်း အဆိုပါဖော်ပြချက်အရ သိရှိရသည်။

နော်ချမ်းခမြစ်ပေါ်တွင် အဆင့်ငါးဆင့်ဖြင့် တည်ဆောက်မည့်စီမံကိန်းမှ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၅၅ ခန့်ထွက်ရှိမည်ဟု သတင်း၌ ဖော်ပြပါရှိသည်။

အဆိုပါ သဘောတူစာချုပ်ရေးထိုးခြင်း အခမ်းအနားသို့ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် YPIC ဥက္ကဋ္ဌ Mr. Bao Minghu တို့ တက်ရောက်ခဲ့ကြောင်း မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိသည်။

နော်ချမ်းခရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိမည့်လျှပ်စစ်ဓာတ်အားကို စွမ်းအင်လိုအပ်ချက်ကြီးမားသည့် တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်မှ ပြန်လည်ဝယ်ယူနိုင်သည်ဟု တရုတ်–မြန်မာ ဆက်ဆံရေး အကဲခတ်သူတစ်ဦးက ပြောကြားသည်။

www.foreverspace.com.mm



# မြန်မာနိုင်ငံ၌ အသည်းရောင်အသားဝါဘီပိုးတွေ့သူ ၁၀ ရာခိုင်နှုန်းခန့်ရှိဟုဆို

**ရန်ကုန်၊ ဩဂုတ် ၈**

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုအခါ ကူးစက်ပျံ့နှံ့နိုင်သော အသည်းရောင်အသားဝါဘီဗိုင်းရပ်စ်ပိုးတွေ့သူ ၁၀ ရာခိုင်နှုန်းခန့်ရှိနေပြီး အသည်းကင်ဆာရောဂါကိုဖြစ်စေနိုင်သော အသည်းရောင်အသားဝါစီဗိုင်းရပ်စ်ပိုးရှိသူမှာ ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ကြောင်း သုတေသနစစ်တမ်းများကိုကိုးကား၍ အသည်းရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းက ဩဂုတ်လ ၈ ရက်နေ့က သတိပေးပြောကြားသည်။




**ကာကွယ်ဆေးထိုး၍ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ Incepta Pharmaceuticals Ltd. နှင့် မြန်မာနိုင်ငံမှ Asia Winner Industrial Ltd. တို့ ပထမဦးဆုံးအကြိမ်ပူးပေါင်းစီစဉ်မှုဖြင့် ထိုနေ့ညနေပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ Current Management of Chronic Hepatitics 'B' ခေါင်းစဉ်ဖြင့် ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွင် သဘာပတိအဖြစ်ဆောင်ရွက်ရင်း ၎င်းက အထက်ပါအတိုင်း သတိပေးဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၌ အသည်းရောင်အသားဝါဘီရောဂါပိုးကူးစက်မှုနှုန်းမှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုးကူးစက်မှုနှုန်းထက် ကြောက်မက်ဖွယ် ပိုမိုမြင့်မားလာကြောင်း၊ ကူးစက်မှုရာခိုင်နှုန်းအများစုမှာ မိခင်မှမွေးကင်းစကလေးငယ်ထံသို့ကူးစက်ခြင်းဖြစ်ပြီး အသည်းရောင်အသားဝါဘီဗိုင်းရပ်စ်ပိုးကူးစက်မှုစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်အထိရှိကြောင်း၊ ကျန်ကူးစက်မှုရာခိုင်နှုန်းအများစုမှာ သွေးမှတစ်ဆင့်ကူးစက်ခြင်းနှင့် လိင်ဆက်ဆံရာမှကူးစက်ခြင်းတို့ဖြစ်ကြောင်း၊ ထို့ကြောင့် ကလေးငယ်များကို မွေးကင်းစအရွယ်ကတည်းက ကာကွယ်ဆေးကြိုတင်ထိုးနှံပေးသင့်ကြောင်း ၎င်းက ဆိုသည်။

“အဲဒီ အသည်းရောင်အသားဝါဘီဗိုင်းရပ်စ် (HBV) ဟာ ဘယ်တော့မှ ကုလို့မရသေးသလို ရှိနေရင်လည်း ဘယ်တော့မှ ကိုယ်ထဲကမထွက်တော့ဘူး။ မပွားအောင် ဆေးနဲ့ထိန်းချုပ်လို့ပဲရနိုင်မယ်” ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုအခါ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံက အသည်းရောင်အသားဝါဘီရောဂါကာကွယ်ဆေးကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပြီး ယင်းစက်ရုံအပြင် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၌ပါ အသည်းရောင်အသားဝါဘီရောဂါကာကွယ်ဆေးကို ဈေးနှုန်းသက်သာစွာဖြင့် ထိုးနှံနိုင်ပြီဖြစ်ကြောင်း အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာသူ အသည်းအထူးကုဆရာဝန်တစ်ဦးက ဆိုသည်။

အဆိုပါ ဆေးပညာရပ်ဆိုင်ရာဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ သံအမတ်ကြီးက ဂုဏ်ပြုစကားပြောကြားပြီး Incepta Pharmaceuticals Ltd. အုပ်ချုပ်မှုဒါရိုက်တာ Mr. Abdul Maktadir က ကုမ္ပဏီဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကို ရှင်းလင်းတင်ပြကာ အသည်းရောဂါအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခဒေါက်တာခင်မောင်ဝင်း၊ ဒေါက်တာညိုမီခိုင်သန်းလှိုင်၊ ပါမောက္ခဒုတိယဗိုလ်မှူးကြီးကျော်စိုးထွန်းနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါပညာဌာနဌာနမှူး ပါမောက္ခဒေါက်တာဝင်းနိုင်တို့က အသည်းရောင်အသားဝါဘီရောဂါနှင့် အသည်းရောင်အသားဝါဘီဗိုင်းရပ်စ်ပိုးအကြောင်း သုတေသနတွေ့ရှိချက်များကို အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ကြသည်။

Incepta Pharmaceuticals Ltd. ကို ၁၉၉၉ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌တည်ထောင်ခဲ့ပြီး ယင်းကုမ္ပဏီပိုင်ဆေးဝါးစက်ရုံမှ ယခုအခါ အသည်းရောင်အသားဝါဘီဗိုင်းရပ်စ်ပိုးနှင့် အသည်းရောင်အသားဝါစီဗိုင်းရပ်စ်ပိုးပြန့်ပွားမှုကို ထိန်းချုပ်နိုင်သည့် Infovir ဆေးဝါးအပါအဝင် ဆေးဝါးအမျိုးအစား ၂၀၀ ခန့်ကို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ တင်ပို့ဖြန့်ဖြူးလျက်ရှိသည်ဟု ယင်းကုမ္ပဏီထံမှ စုံစမ်းသိရှိရသည်။

www.foreverspace.com.mm

# မြန်မာ့ပဲဝေစုအဆင့် အိန္ဒိယ၌ ဒုတိယနေရာကျသွား

**ရန်ကုန်၊ ဩဂုတ် ၇**

ကမ္ဘာ့ပဲစားသုံးမှုအမြင့်ဆုံးဈေးကွက်ဖြစ်သည့် အိန္ဒိယဈေးကွက်၌ မြန်မာနိုင်ငံသည် ပဲမျိုးစုံအများဆုံးတင်ပို့ရောင်းချသောနိုင်ငံအဖြစ်မှ ပြီးခဲ့သည့်နှစ်မှစ၍ ဒုတိယနေရာသို့ကျဆင်းသွားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းက ပြောကြားသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ဩဂုတ်လ ၇ ရက်နေ့က ကျင်းပသော မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပဲအဓိကတင်ပို့ရာဈေးကွက်မှာ အိန္ဒိယနိုင်ငံဖြစ်ကြောင်း၊ တင်ပို့သည့်ပဲမျိုးစုံတန်ချိန်၏ ၇၀ ရာခိုင်နှုန်းကို အိန္ဒိယဈေးကွက်သို့တင်ပို့လျက်ရှိရာ ပြီးခဲ့သည့်နှစ်မှစ၍ ကနေဒါနိုင်ငံက အိန္ဒိယဈေးကွက်၏ဝေစု ၄၀ ရာခိုင်နှုန်းကိုရရှိခဲ့ပြီး ဦးဆောင်နိုင်ငံနေရာသို့ရောက်ရှိလာကြောင်း၊ မြန်မာနိုင်ငံမှ ဈေးကွက်ဝေစု ၂၇ ရာခိုင်နှုန်းခန့်သာရရှိပြီး ဒုတိယဦးဆောင်နိုင်ငံအဖြစ်သို့ရောက်ရှိသွားကြောင်း ၎င်းက ဆိုသည်။ မြန်မာနိုင်ငံသည် ၂၀၀၆–၂၀၀၇ ခုနှစ်မှစ၍ နိုင်ငံတကာပဲမျိုးစုံဈေးကွက်သို့ နှစ်စဉ်ပဲမျိုးစုံ အနည်းဆုံးတန်ချိန် ၁ ဒသမ ၁၅ သန်းမှ အများဆုံးတန်ချိန် ၁ ဒသမ ၅၄ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၆၈၀ မှ သန်း ၉၇၀ ကျော်ခန့်အထိ နိုင်ငံခြားငွေရှာဖွေပေးနိုင်ခဲ့ကြောင်း ၎င်း၏အဆိုအရ သိရသည်။

ကနေဒါနိုင်ငံသည် ၂၀၀၅ ခုနှစ်မတိုင်မီက အိန္ဒိယနိုင်ငံပဲဈေးကွက်၏ ပဲမျိုးစုံဝယ်ယူမှု ၂၀ ရာခိုင်နှုန်းခန့်သာရရှိခဲ့ရာမှ လက်ရှိတွင် အိန္ဒိယနိုင်ငံပဲဈေးကွက်ဝယ်ယူမှု ၄၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံပဲဈေးကွက်၌ ဈေးကွက်ဝေစုအများဆုံးရရှိထားသည့် ဦးဆောင်နိုင်ငံအဖြစ် တည်ရှိနေရာမှ ဒုတိယနေရာသို့ကျဆင်းသွားခြင်းမှာ ပြီးခဲ့သည့်နှစ်အတွင်းက နိုင်ငံတကာပဲဈေးကွက်၌ ပဲစင်းငုံဈေးမြင့်တက်လာခြင်းနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ပဲစင်းငုံဈေးမြင့်မားလာသည့်အတွက် မြန်မာနိုင်ငံမှတင်ပို့ရောင်းချသော ပဲစင်းငုံနေရာတွင် ကနေဒါနိုင်ငံမှတင်ပို့ရောင်းချသည့်ပဲဝါလေးကို အစားထိုးဝယ်ယူသုံးစွဲမှုများပြုလုပ်ခဲ့ခြင်းကြောင့် ဈေးကွက်ဝေစုကျဆင်းသွားရခြင်းဖြစ်ကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးက ပြောကြားသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ပဲဈေးကွက်၌ ဒုတိယပဲအများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများတွင် ပဲအများဆုံးတင်ပို့ရောင်းချနိုင်သောနိုင်ငံ ဖြစ်သည်။ ထို့အပြင် လက်ရှိတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၌ အကြီးဆုံး ပဲမျိုးစုံလက်ကားဈေးကွက်ကြီးတစ်ခုဖော်ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်းပဲမျိုးစုံလုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပဲမျိုးစုံပြည်ပတင်ပို့မှုအရပ်ရပ်မှ အမေရိကန်ဒေါ်လာ သန်း ၉၈၀ ရရှိခဲ့ပြီး သဘာဝဓာတ်ငွေ့ပြီးလျှင် ဒုတိယဝင်ငွေအများဆုံးရှာပေးနိုင်သော လယ်ယာထွက်ကုန်လည်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၅–၉၆ ခုနှစ်ခန့်က တစ်နိုင်ငံလုံးပဲမျိုးစုံစိုက်ဧက ၄ ဒသမ ၈ သန်းကျော်သာရှိခဲ့ရာ နှစ်စဉ်တန် ၁ ဒသမ ၃ သန်းထွက်ရှိခဲ့ကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံး ပဲမျိုးစုံစိုက်ဧက ၁၀ သန်း ကျော်စိုက်ပျိုးနေပြီး တန် ၃ ဒသမ ၄ သန်းကျော်ထွက်ရှိနေပြီဖြစ်ကြောင်းလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထွန်းက ယင်းနေ့အစည်းဝေးတွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဆန်တစ်ဧကစိုက်ပျိုးထွက်ရှိမှုမှ တင်ပို့ရောင်းချရာတွင် ဒေါ်လာ ၃၀၀ ခန့်သာရရှိပြီး ပဲတစ်ဧကစိုက်ပျိုးထုတ်လုပ်မှုမှတစ်ဧက ဒေါ်လာ ၇၀၀ ခန့်ရရှိသည့်အတွက် ပဲစိုက်ပျိုးသူများမှာ တစ်နေ့တခြား များပြားလာလျက်ရှိသည်။ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကို အစိုးရအနေဖြင့် လွတ်လပ်စွာရောင်းဝယ်လုပ်ကိုင်နိုင်ရန် ခွင့်ပြုခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိလာပြီဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံသည် ဩစတြေးလျနိုင်ငံကိုကျော်လွန်၍ ဒုတိယနေရာသို့ ရောက်ရှိလာခဲ့သည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၅ သန်းကျော် ပြည်ပသို့တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပဲအထူးပြုကုမ္ပဏီ ၁၉ ခုမှ ၂၄ ခုအထိဖွဲ့စည်းကာ စိုက်ပျိုးထုတ်လုပ်သူများအတွက် စိုက်ပျိုးစရိတ်များ ၂ ရာခိုင်နှုန်းထက်မပိုသော အတိုးနှုန်းဖြင့်ထုတ်ချေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် မန္တလေးစက်ပိုင်ပွဲစားကထိန်တော်အသင်းတို့တွင် ပြည်ပနှင့်တိုက်ရိုက်ချိတ်ဆက်ရောင်းဝယ်မှုများ ရှိနေသော်လည်း နိုင်ငံတကာအဆင့်မီကုန်စည်ဒိုင်ကြီးများဖြစ်ပေါ်လာရန်မှာ အစိုးရ၏အထောက်အပံ့နှင့် လုံလောက်သော အချိန်အတိုင်းအတာတစ်ခုအထိ ယူရမည်ဖြစ်ကြောင်း ဘုရင့်နောင်ပွဲရုံအခြေစိုက် ပဲပြည်ပတင်ပို့သည့် လုပ်ငန်းရှင်ကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။

**Living Color , Associated News**

www.foreverspace.com.mm



# နေပြည်တော် ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ စည်းကမ်းဖောက်ဖျက်ယာဉ် ၂၅၁၂ စီး အရေးယူ

**နေပြည်တော်၊ ဩဂုတ် ၁၀**

နေပြည်တော်နှင့် နေပြည်တော် ပျဉ်းမနားမြို့တွင် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်စည်းကမ်းလမ်းစည်းကမ်းဖောက်ဖျက်ယာဉ်များကို နေ့စဉ်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လအတွင်း နေပြည်တော်ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည့် ယာဉ်အစီးရေပေါင်း ၂၅၁၂ စီးနှင့် ယာဉ်အမှုပေါင်း ၂၇၃၈ မှုရှိကြောင်း နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါစည်းကမ်းဖောက်ဖျက်ယာဉ် ၂၅၁၂ စီးတွင် ကား ၃၇၆ စီး၊ မော်တော်ဆိုင်ကယ် ၂၀၁၈ စီး၊ သုံးဘီးဆိုင်ကယ် ၈၉ စီးနှင့် ထော်လာဂျီ ၂၉ စီးတို့ ပါဝင်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

**မင်းသုနိုင်**

---

# မြန်မာနိုင်ငံဒေသအချို့ ဝါးမျိုးသုဉ်းလျက်ရှိ

**သတင်းဆောင်းပါး–မြနှင်းအေး၊ ၁၁–၈–၂၀၁၀**

**နှစ်ပေါင်းများစွာကြာမှ တစ်ကြိမ် အပွင့်ပွင့် အသီးများသီးကာ ဝါးများအစုလိုက်အပြုံလိုက် ပျက်စီးမျိုးတုန်းပျောက်ကွယ်ခြင်းများဖြစ်ပေါ်စေသည့် ဝါးမျိုးသုဉ်းမှုများ မြန်မာနိုင်ငံဒေသအချို့တွင်အဖြစ်များလာပြီး ယင်း၏နောက်ဆက်တွဲအဖြစ် ကြွက်သောင်းကျန်းမှုများလည်း ဖြစ်လာသည်ကို အတွေ့ရများလာကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ပြောကြားသည်။**

မြန်မာနိုင်ငံ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း နာဂတောင်တန်းအပါအဝင် နေရာဒေသအချို့တွင် ဝါးမျိုးသုဉ်းခြင်းများ ဖြစ်ပေါ်လာသည်ကို လေ့လာသိရှိခဲ့ရသည်ဟု ကချင်ပြည်နယ်တွင် ဝါးမျိုးသုဉ်းခြင်းကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းအဖွဲ့အစည်း





www.foreverspace.com.mm

[illegible]ခုမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တစ်ဦးက ပြောကြားသည်။

ဝါးမျိုးသုဉ်းခြင်းဆိုသည်မှာ ဝါးပင်များတွင် အပွင့်ပွင့်ပြီးနောက် အသီးများသီးကာ ယင်းသို့ဖြစ်ပေါ်လာပါက အဆိုပါနေရာတစ်ဝိုက်ရှိ ဝါးတောများ ခြောက်သွေ့လာ၍ ဝါးတောများပျက်စီးသွားခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်း၊ ဝါးပင်များတွင် အပွင့်ပွင့်ပြီး သီးသောအသီးကို ကြွက်များလာရောက်စားသောက်မှုကြောင့် ဝါးမျိုးသုဉ်းသည့် အနီးတစ်ဝိုက်နေရာများတွင် ကြွက်သောင်းကျန်းခြင်းများဖြစ်ပေါ်လာကြောင်း Ecodev မှ Executive Director ဦးဝင်းမျိုးသူက ဆိုသည်။

ဝါးမျိုးသုဉ်းလျှင် ဝါးပင်များခြောက်သွေ့ကာသေဆုံးသွားသဖြင့် ယင်းနေရာများတွင် တောမီးလောင်မှုများ ဖြစ်လေ့ရှိသည်ဟု ချင်းပြည်နယ်မှ ဒေသခံတစ်ဦးက ဆိုသည်။

"ကြွက်တွေက ဝါးပွင့်တွေစားပြီး မျိုးပွားနှုန်း တအားမြန်တာ။ ကြွက်သောင်းကျန်းလို့ တချို့နေရာတွေမှာ အစာရေစာ ရှားပါးမှုတွေ ဖြစ်ကုန်တယ်" ဟု ၎င်းက ပြောဆိုသည်။



**သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုကြောင့်ဟုဆိုသည်**



ချင်းပြည်နယ်တွင် ၂၀၀၈ ခုနှစ်အတွင်း ဝါးမျိုးသုဉ်းပြီး ဝါးပွင့်များကို စားသုံးကာ ကြွက်များကောင်ရေအမြောက်အမြားပေါက်ပွားလာပြီး သောင်းကျန်းမှုကြောင့် ယင်းဒေသတွင် အစာရေစာ ငတ်မွတ်ခေါင်းပါးမှုဘေးနှင့်ကြုံတွေ့ခဲ့ရသဖြင့် နိုင်ငံတကာအစိုးရမဟုတ်သော ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများက စားနပ်ရိက္ခာ ထောက်ပံ့ပေးခဲ့ရသည်။ ယင်းကဲ့သို့ဖြစ်ပွားအပြီး ၂၀၁၀ ပြည့်နှစ်အတွင်းတွင် ကြွက်သောင်းကျန်းမှု ထပ်မံဖြစ်ပွားလျက်ရှိရာ လွန်ခဲ့သည့် ၂ နှစ်ခန့်မှ သောင်းကျန်းခဲ့သောကြွက်များမှ ကျန်ရှိသည့်ကြွက်များဖြစ်နိုင်သည်ဟု ကန်ပက်လက်ဒေသခံတစ်ဦးက ပြောကြားသည်။

ယခုနှစ် ဇူလိုင်လအတွင်းကလည်း ပဲခူးတိုင်းအတွင်း ဝါးတောများမျိုးသုဉ်းခဲ့ပြီး နောက်ဆက်တွဲအဖြစ် ကြွက်များ သောင်းကျန်းခဲ့သောကြောင့် နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် ကြွက်မှ ပလိပ်ရောဂါမကူးစက်ရေး သတိပေးနှိုးဆော်ခဲ့သည်။

ပဲခူးတိုင်းအတွင်း ကြွက်ဝမ်းဖြူများ သောင်းကျန်းခဲ့မှုနှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒပညာရှင်ဒေါက်တာထွန်းလွင်က ၂၀၁၀ ပြည့်နှစ် မေလသည် အလွန်ပူပြင်းခဲ့ပြီး မေလအကုန်မှသာ မိုးရွာသွန်းခဲ့ကြောင်း၊ သို့သော် ပဲခူးတိုင်းတွင် မိုးမကောင်းခဲ့ကြောင်း၊ ကတိုက်ကရိုက် မုတ်သုံဝင်သွား၍ မိုးရေချိန်ပမာဏနှင့် အချိန်ကာလမပျံ့နှံ့ခဲ့သောကြောင့် မြေအောက် အောင်းရေကောင်းစွာမရရှိခဲ့ကြောင်း၊ မြေအောက်အောင်းပူအဖြစ်ရှိခဲ့သော မြေငွေ့များမှာ ခံစားရသောအပူအဖြစ် ပြောင်းလဲကုန်ကြောင်း၊ ယင်းကြောင့် တွင်းအောင်းသတ္တဝါများဖြစ်သော ကြွက်ဝမ်းဖြူများ တွင်းမအောင်းနိုင်တော့ဘဲ ပြောင်းပြေးကြသည်ဟုယူဆရကြောင်း ရှင်းပြသည်။

"သက်ရှိမျိုးကွဲပညာရှင်တွေပြောသလို အစာရေစာပြတ်တောက်သွားလို့ ပြောင်းသွားကြတယ်ဆိုတာလည်း အလွန်ဖြစ်နိုင်တဲ့အရာပါ" ဟု ဒေါက်တာထွန်းလွင်က

www.foreverspace.com.mm



ဩဂုတ်လ ၃ ရက်နေ့တွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်တွင် ကျင်းပသော Communications For Sustainable Mangrove Management Training Workshop တွင် ပြောကြားသည်။

"ဝါးမျိုးသုဉ်းတာ အခုနေရာတော်တော်များများမှာ တွေ့လာရတယ်။ ဝါးမျိုးသုဉ်းတယ်ဆိုတာ နှစ် ၃၀ လောက်မှ ဖြစ်တာ၊ ပွင့်တာ။ အပူရှိန်ပြောင်းလဲတာ၊ ရာသီဥတုပြောင်းလဲတာနဲ့ ဆိုင်၊ မဆိုင် လေ့လာမှုတော့ လုပ်သင့်တယ်ထင်တယ်" ဟု Ecodev မှ ဦးဝင်းမျိုးသူက ဩဂုတ်လ ပထမအပတ်အတွင်း ပြောဆိုသည်။

ကြွက်သောင်းကျန်းမှုနှင့် ဝါးမျိုးများသုဉ်းခြင်းတို့နှင့်ဆက်စပ်၍ သုတေသနလေ့လာမှုများ ဆောင်ရွက်ရန်ရှိကြောင်းလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရပြီး မည်သည့်အချိန်တွင် စတင်မည်ဆိုသည်ကိုမူ မသိရှိရသေးပေ။

မြန်မာနိုင်ငံတွင် ကြက်ခက်ဝါး၊ တစ်ပင်တိုင်ဝါး၊ ကြက်သောင်းဝါး၊ ဝါးဘိုးဝါး အပါအဝင် ဝါးအမျိုးအစားပေါင်း ၁၀၀ ကျော်ခန့်ရှိပြီး အဆိုပါဝါးများသည် ပဲခူးရိုးမအရှေ့ပိုင်းနှင့်အနောက်ဘက်ပိုင်း၊ ရခိုင်ရိုးမ၊ တနင်္သာရီတိုင်းတို့အပါအဝင် သစ်တောများတွင် ပေါက်ရောက်သည်။

ဝါးမှအစားအစာ၊ အိမ်ဆောက်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရရှိနိုင်သည်။



**လူတန်းစားမရွေးအသုံးပြုနိုင်သည့် သစ်တောထွက်ပစ္စည်းဖြစ်သည်**

# နေပြည်တော်စာအုပ်ဈေးကွက် နိုင်ငံရေးစာပေများ ရောင်းအားကောင်းလာဖွယ်ရှိဟုဆို

**နေပြည်တော် (ပျဉ်းမနား)၊ ဩဂုတ် ၈**

နေပြည်တော်နှင့် နေပြည်တော်ပျဉ်းမနားမြို့တို့တွင် နေပြည်တော်ဖွံ့ဖြိုးရေးဇုန်ဖြစ်ပေါ်လာမှုနှင့်အတူ စာအုပ်စာပေလေ့လာဖတ်ရှုသူနှင့် စာတမ်းပြုစုသူ ဦးရေများပြားလာသည့်အတွက် စာအုပ်စာပေဖြန့်ချိရေးဈေးကွက် ပိုမိုဖြစ်ထွန်းလာခဲ့ကာ နိုင်ငံရေးစာပေ စာအုပ်၊ စာတမ်းများဝယ်ယူဖတ်ရှုသူ ပိုမိုများပြားလာဖွယ်ရှိကြောင်း နေပြည်တော်ပျဉ်းမနားမြို့ စာပေဖြန့်ချိရေးလုပ်ငန်းတစ်ခုထံမှ သိရသည်။

နေပြည်တော်ပျဉ်းမနားမြို့စာပေဖြန့်ချိရေးဈေးကွက်တွင် နိုင်ငံရေးစာပေစာအုပ် ၁၅မျိုးခန့်ရှိပြီး ယင်းနိုင်ငံရေးစာပေစာအုပ်များအနက် သခင်တင်မြ၊ သခင်အောင်ကြီး (ပေါင်းတည်)၊ အောင်ထွဋ်၊ ဗိုလ်ချုပ်ထွန်းကြည် (အငြိမ်းစား)၊ ဗိုလ်ချုပ်တင့်ဆွေ စသည့်စာရေးဆရာများရေးသားကြသည့် နိုင်ငံရေးစာပေစာအုပ်များမှာ ရောင်းအားကောင်းလာကြောင်း ပျဉ်းမနားမြို့စာပေဖြန့်ချိရေးဈေးကွက်အတွင်း သိရသည်။

အဆိုပါ နိုင်ငံရေးစာပေစာအုပ်များထဲမှ ဗိုလ်ချုပ်ထွန်းကြည် (အငြိမ်းစား) ရေးသားသည့် 'နှစ် ၅၀ ကျော်အတွေ့အကြုံများ(ပ–တွဲ)' စာအုပ်သည် စာဖတ်ပရိသတ်အကြိုက်တွေ့ကာ ရောင်းအားအကောင်းဆုံးဖြစ်နေပြီး ဒုတိယတွဲကို စာဖတ်ပရိသတ်များက စိတ်ဝင်တစားမျှော်လင့်နေကြကြောင်း၊ ဒုတိယရောင်းအားအကောင်းဆုံး နိုင်ငံရေးစာပေ၊ စာအုပ်မှာ ဗိုလ်ချုပ်တင့်ဆွေရေးသားသည့် 'ကျောပိုးအိတ်လေးလွယ်ကာချီ' စာအုပ်ဖြစ်ပြီး သခင်တင်မြ၊ သခင်အောင်ကြီး (ပေါင်းတည်)၊ အောင်ထွဋ် စသည့် စာရေးဆရာများရေးသားသည့် နိုင်ငံရေးစာပေစာအုပ်များမှာ ရောင်းအားပုံမှန်ဈေးကွက်ရှိနေကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။ ■

www.foreverspace.com.mm



# နေပြည်တော်မြို့နယ်များ စပါးထုတ်လုပ်မှု အလင်းပျောက်စနစ် အသုံးပြုလာဟုဆို

**နေပြည်တော်ပျဉ်းမနား၊ ဩဂုတ် ၈**

နေပြည်တော်ဒေသမြို့နယ်များ၌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အစေ့ချကိရိယာ (Seeder) ဖြင့် စိုက်ပျိုးပြီး စပါးခြွေလှေ့စက်၊ စပါးအခြောက်ခံစက်များ အသုံးပြု၍ နေ့ချင်းရိတ်၊ နေ့ချင်းခြွေ၊ နေ့ချင်းလှမ်းဆောင်ရွက်လာကြသဖြင့် လူအား၊ ငွေအား သက်သာပြီး အချိန်နှင့်တစ်ပြေးညီ ဈေးကွက်အမီရောင်းချလာနိုင်ကြသလို ရိုးရာနေအလင်းရောင်ကိုအသုံးပြု၍ စပါးစိုက်ပျိုးသည့်စနစ်များကို အသုံးမပြုကြတော့ဘဲ အလင်းပျောက်စနစ်ဖြင့် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း နေပြည်တော်ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာမှ တောင်သူတစ်ဦးက ပြောကြားသည်။

နေပြည်တော်ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအုပ်စုကိုးစုရှိ ကျေးရွာပေါင်း ၂၉ ရွာတွင် စပါးအစေ့ချကိရိယာ၊ စပါးခြွေလှေ့စက်၊ စပါးအခြောက်ခံစက်များကို အသုံးပြုလုပ်ကိုင်နေကြပြီး အလျှင်လိုကျေးရွာ၌ စပါးခြွေလှေ့စက်အသုံးပြုမှုမှာ ၁၀ နှစ်ကျော်၊ စပါးအခြောက်ခံစက်အသုံးပြုမှုမှာ ငါးနှစ်ခန့်ကြာမြင့်ပြီဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

ယင်းကျေးရွာ၌ စပါးတင်း ၁၀၀ ကို စပါးခြွေလှေ့စက်ဖြင့် သုံးနာရီကြာ ခြွေလှေ့ပြီး စပါးများရရှိနိုင်သလို စပါးတင်း ၁၅၀ ကို စပါးအခြောက်ခံစက်ဖြင့် သုံးနာရီ၊ လေးနာရီကြာ အခြောက်ခံရုံဖြင့် ဈေးကွက်သို့ရောင်းချနိုင်ပြီဟု တောင်သူတစ်ဦးကဆိုသည်။ စပါးအခြောက်ခံစက်ဖြင့် စပါးတစ်တင်းလျှင် ၂၀၀၊ ၂၅၀ ကျပ်၊ စပါးခြွေလှေ့စက်ဖြင့် စပါးတစ်တင်းလျှင် ၁၅၀၊ ၂၀၀ ကျပ်ကျသင့်ပြီး ယခုနှစ် စပါးတစ်ဧကကို စပါးထွက်သည်အထိ ကုန်ကျစရိတ် ကျပ်နှစ်သိန်းခန့်ရှိသည်ဟု သိရသည်။

နေပြည်တော်ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအုပ်စုတွင် ၂၀၀၉–၂၀၁၀ ခုနှစ်၌ နွေစပါးစိုက်ဧက ၂၉၂၃ ဧက၊ တစ်ဧကအထွက်နှုန်း ၁၁၆ ဒသမ ၆၇ တင်းနှုန်း၊ မိုးစပါးစိုက်ဧက ၆,၆၅၆ ဧက၊ တစ်ဧကအထွက်နှုန်း ၁၀၃ ဒသမ ၂၀ တင်နှုန်း ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၁၀ ပြည့်နှစ် မိုးစပါးစိုက်ဧက ၆,၆၅၆ ဧကတွင် စိုက်ပျိုးပြီး ၃၃၇၈ ဧကနှင့် ၅၀ ဒသမ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီး ကျန်ရှိသည့်စိုက်ဧကများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း နေပြည်တော်ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာစိုက်ပျိုးပညာပေးရေးစခန်းတာဝန်ခံဦးအောင်တင်က ပြောကြားသည်။

**မင်းသုခိုင်**

# နေပြည်တော်ယာဉ်တိုက်မှု တစ်လ ၁၃ ဦးနှုန်း သေဆုံး၊ ယခင်နှစ်များထက် များပြားလာဟုဆို

**နေပြည်တော်၊ ဩဂုတ် ၃**

အုပ်ချုပ်ရေးမြို့တော်ဖြစ်လာသည်နှင့်အညီ နေပြည်တော်အတွင်း သွားလာကြသည့်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်အပါအဝင် ယာဉ်မျိုးစုံမောင်းနှင်သွားလာမှုမှာ ယခင်ကထက်စာလျှင် များပြားလာသည့်အတွက် ယာဉ်မတော်တဆမှုဖြင့် တစ်လလျှင် ပျမ်းမျှ ၁၃ ဦးနှုန်း သေဆုံးလျက်ရှိကြောင်း နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသတင်းအရ သိရသည်။

နေပြည်တော်တွင် ယခုနှစ် ၂၀၁၀ ပြည့်နှစ် ဇူလိုင်လအထိ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးသူ ၉၂ ဦး ရှိနေပြီး နှစ်ကုန်ပိုင်းအချိန်အထိ သေဆုံးသူဦးရေသည် ယခင်နှစ်များထက် များလာဖွယ်ရှိကြောင်း၊ နေပြည်တော်အတွင်း လမ်းများကောင်းမွန်လာခြင်း၊ လမ်းမကျယ်ကြီးများဖောက်လုပ်ထားခြင်း၊ ယာဉ်အစီးရေသွားလာမှုများပြားလာခြင်း၊ လမ်းမကျယ်ကြီးများတွင် မော်တော်ယာဉ်များအရှိန်ပြင်းမောင်းနှင်ခြင်းနှင့် မော်တော်ယာဉ်များအပြိုင်မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများလာပြီး သေဆုံးသူဦးရေ များလာခြင်းဖြစ်ကြောင်း ယင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၏ မှတ်တမ်းများအရ မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေမှာ ၂၀၀၆ ခုနှစ်တွင် ၈၇ ဦး၊ ၂၀၀၇ ခုနှစ်တွင် ၈၅ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၁၁၃ ဦးနှင့် ၂၀၀၉ ခုနှစ်တွင် ၁၁၇ ဦးရှိကြောင်း သတင်းရရှိသည်။

**မင်းသုခိုင်**

www.foreverspace.com.mm

# JICA ပညာသင်ဟောင်းများ မူလတန်းကျောင်းတွင် ယူကလစ်ပင် ၅၄၀ စိုက်ပျိုး

**ရန်ကုန်၊ ဩဂုတ် ၃**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) လက်အောက်ရှိ JICA ပညာသင်ဟောင်းများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၂၄ ရက်နေ့တွင် မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအုပ်စု ဇောတိကုန်းအခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပခဲ့ရာ ယူကလစ်ပင် ၅၄၀ စိုက်ပျိုးခဲ့ကြောင်း JICA ၏ထုတ်ပြန်ချက်အရ သိရသည်။

ယင်းသစ်ပင်စိုက်ပွဲကို ကျောင်းသား၊ ကျောင်းသူလူငယ်များ သစ်ပင်သစ်တောကို ချစ်မြတ်နိုးတတ်စေရန် ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း JICA ပညာသင်ဟောင်းတစ်ဦးဖြစ်သူ ဦးခင်ဇော်က ပြောကြားသည်။

JICA ပညာသင်ဟောင်းများမှ အဆိုပါကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ၇၂ ဦးအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများအပြင် ဗီရိုတစ်လုံး လှူဒါန်းခဲ့ကြောင်း JICA ပညာသင်ဟောင်းများ၏ထုတ်ပြန်ချက်အရ သိရသည်။

JICA ပညာသင်ဟောင်းများမှာ အစိုးရဝန်ကြီးဌာနများမှ ဝန်ထမ်းများကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အထောက်အပံ့ဖြင့် ဂျပန်နိုင်ငံသို့ စေလွှတ်ခဲ့သောပညာသင်ဟောင်းများဖြစ်ပြီး မြန်မာနိုင်ငံ ဂျပန်ပညာသင်ဟောင်းများအသင်းကြီး (MAJA)၏ အစုအဖွဲ့တစ်ခုဖြစ်သည်။

**ကြည်ကြည်လွင်**

# တောင်ကြီးမေတ္တာရှင်နာရေးကူညီမှု အသင်း ၁၀ နှစ်အတွင်း နာရေး ၇၆၀၀ ကျော်ကူညီ

**ရန်ကုန်၊ ဩဂုတ် ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး နာရေးကူညီမှုများ အခမဲ့ဆောင်ရွက်လျက်ရှိသည့် မေတ္တာရှင်နာရေးကူညီမှုအသင်းသည် စတင်တည်ထောင်ချိန်မှ ယခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း နာရေး ၇၆၀၀ ကျော်ကို ကူညီပေးနိုင်ခဲ့ကြောင်း ယင်းအသင်း၏ဥက္ကဋ္ဌ ဦးညွန့်မောင်က ပြောကြားသည်။

"တခြားဒေသကနေ တောင်ကြီးမှာလာဖြစ်တဲ့နာရေးတွေမှာ နာရေးရှင်တွေရဲ့ဆန္ဒအရ သက်ဆိုင်ရာဇာတိတွေအထိပြန်ပို့ပေးဆို အသင်းက ပြန်ပို့ပေးပါတယ်" ဟု ၎င်းက ဆိုသည်။

မေတ္တာရှင်နာရေးကူညီမှုအသင်းကို ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့၌ စတင်တည်ထောင်ခဲ့ပြီး ယင်းအချိန်မှစ၍ တောင်ကြီးမြို့နှင့်ပတ်ဝန်းကျင်ဒေသများမှနာရေးများကို သက်ဆိုင်ရာဘာသာဝင်၏ဓလေ့ထုံးစံအတိုင်း အခမဲ့သင်္ဂြိုဟ်ပေးကြောင်း၊ ဗုဒ္ဓဘာသာဝင်တစ်ဦး နာရေးဖြစ်ပေါ်ပါက ဒေသထုံးစံအတိုင်း ရှေ့ပွဲ၊ နောက်ပွဲပေးခြင်းအပါအဝင် သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်းနှင့် သရဏဂုံတင်ခြင်းအထိ ဆောင်ရွက်ပေးလျက်ရှိပြီး နာရေးတစ်ခု၏ကုန်ကျစရိတ်မှာ ကျပ်သုံးသောင်းဝန်းကျင်ရှိကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ လင်းခေး၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရပ်စောက်၊ လွိုင်လင်၊ ပင်လုံနှင့် ဖယ်ခုံ၊ ဟသ်ီတ၊ မလှိုင်၊ ကျောက်ပန်းတောင်းမြို့များအထိ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း ၎င်းကရှင်းပြသည်။

အများပြည်သူလှူဒါန်းငွေဖြင့် လုပ်ငန်းများလည်ပတ်လျက်ရှိသည့် အဆိုပါအသင်းသည် ၂၀၀၇ ခုနှစ်မှစ၍ မေတ္တာရှင်အခမဲ့ဆေးကုခန်းဖွင့်လှစ်ကာ အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း၊ အရေးပေါ်လူနာများနှင့် ပန်းနာရင်ကျပ်ရောဂါသည်များအား အောက်ဆီဂျင်စက်အခမဲ့ကူညီပေးခြင်း၊ အဖွဲ့ဝင် ၂၀၀ နီးပါးရှိသည့် မေတ္တာရှင်သွေးလှူရှင်အဖွဲ့မှ အစိုးရဆေးရုံ၊ ပုဂ္ဂလိကဆေးရုံများနှင့် သွေးလိုအပ်နေသူများကို သွေးလှူဒါန်းခြင်း၊ ယခုနှစ်မှစ၍ ပညာဒါနအဖြစ် စာအုပ်၊ ခဲတံ၊ ဘောလ်ပင်များလှူဒါန်းခြင်းနှင့် ရေရှားပါးသည့်နွေရာသီကာလ၌ ရေလှူဒါန်းခြင်းများပြုလုပ်ခဲ့ကြောင်း ယင်းအသင်းတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါမေတ္တာရှင်နာရေးကူညီမှုအသင်းမှ အနည်းဆုံး ကျပ်သိန်း ၂၅၀၀ ခန့်ကုန်ကျမည့် အသေးစားခွဲစိတ်ဆေးရုံတစ်ခုတည်ဆောက်ရန် ပေ ၅၀၀ ပတ်လည်မြေကွက်တစ်ကွက် သက်ဆိုင်ရာထံမှရရှိထားပြီး ယင်းမြေနေရာတွင် တည်ဆောက်မှုစတင်ရန် မြေညှိခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအဆောက်အအုံတည်ဆောက်ရန်အတွက် အသင်းပိုင်ငွေကြေးမှာ ကျပ်သိန်း ၁၀၀၀ ခန့်သာရှိသေးသဖြင့် သိန်း ၁၅၀၀ ထပ်မံလိုအပ်နေသောကြောင့် အလှူရှင်များလိုအပ်လျက်ရှိကြောင်း၊ လှူဒါန်းရန်စိတ်ပါဝင်စားသူများအနေဖြင့် မေတ္တာရှင်နာရေးကူညီမှုအသင်း ဖုန်း ၀၈၁-၂၂၈၀၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ယင်းအသင်းထံမှ စုံစမ်းသိရှိရသည်။

တောင်ကြီးမြို့တွင် အစ္စလာမ်၊ ဟိန္ဒူ၊ ပအိုဝ်း၊ ပန်ချာပီနှင့် ခရစ်ယာန်ဘာသာဝင်များ၏ ဘာသာရေးဆိုင်ရာ နာရေးကူညီမှုအသင်းငါးသင်းရှိကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရှိရသည်။

www.foreverspace.com.mm



# ရှမ်းတောင်တွင် ယမန်နှစ်ထက် သီးနှံဧကနှစ်သောင်းခန့်တိုးချဲ့စိုက်

**ရန်ကုန်၊ ဩဂုတ် ၁**

လာနီညာရာသီဥတု၏ အကျိုးဆက်အဖြစ် မိုးရွာသွန်းမှုနည်းပါးလျက်ရှိသည့် ရှမ်းပြည်နယ်တောင်ပိုင်း၌ ယခုနှစ်စိုက်ပျိုးရာသီတွင် ယမန်နှစ်ထက် သီးနှံစိုက်ဧကနှစ်သောင်းခန့် တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မိုးစပါးစိုက်ဧကခြောက်သောင်းကျော်တွင် ဧက ၂၄,၀၀၀ မှာ လယ်ယာမြေဖြစ်ပြီး ကျန်ဧကများမှာ တောင်ယာမြေဖြစ်ကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးလျက်ရှိသဖြင့် အချို့ဒေသများတွင် ဆည်ရေကို အဓိကထားအသုံးပြုနေရကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၌ စပါးတစ်ဧကအထွက်နှုန်းမှာ ၉၂ တင်းအထိရှိပြီး ဒေသအတွက် ဆန်ဖူလုံမှုရှိကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) စိုက်ပျိုးရေးမန်နေဂျာရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

**ရှမ်းပြည်နယ်တောင်ပိုင်းတွင် ယခုနှစ် တိုးချဲ့စိုက်ပျိုးသည့်သီးနှံနှင့်စိုက်ဧက**

| သီးနှံအမျိုးအစား | ၂၀၀၈ –၀၉ ခုနှစ် | ၂၀၀၉–၁၀ ခုနှစ် | တိုးချဲ့စိုက်ဧက |
|---|---|---|---|
| မိုးစပါး | ၆၁၃,၅၃၂ ဧက | ၆၁၄,၀၃၄ ဧက | ၅၀၂ ဧက |
| ဆီထွက်သီးနှံ | ၂၅၈,၃၁၂ ဧက | ၂၆၂,၈၅၉ ဧက | ၄၅၄၇ ဧက |
| ပဲ | ၂၀၇,၈၇၈ ဧက | ၂၁၄,၇၈၈ ဧက | ၆၉၁၀ ဧက |
| အာလူး | ၄၂,၁၈၉ ဧက | ၄၂,၄၀၅ ဧက | ၂၁၆ ဧက |
| ကြက်သွန်ဖြူ | ၂၃,၅၆၇ ဧက | ၂၈,၁၂၂ ဧက | ၄၅၅၅ ဧက |
| အစေ့ထုတ်ပြောင်း | ၁၄၉,၁၄၃ ဧက | ၁၅၂,၆၂၃ ဧက | ၃၄၈၀ ဧက |

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ယမန်နှစ်က မြေလွတ်မြေရိုင်း ၁,၂၁၆,၂၅၉ ဧက ရှိခဲ့သော်လည်း ယခုနှစ်၌ သီးနှံမျိုးစုံ ၁၃,၆၂၈ ဧက ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ရာ မြေလွတ်မြေရိုင်းဧက ၁,၂၀၂,၆၃၁ ဧက သာကျန်ရှိတော့ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) မြေစာရင်းဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

# ပြည်ပမှဝယ်ယူသည်ထက် ကန်ဒေါ်လာ ၁၀၀၀ သက်သာသည်ဆိုသော ရေဆိုးသန့်စင်စက် ထုတ်လုပ်ဖြန့်ချိ

**ရန်ကုန်၊ ဩဂုတ် ၁၄**

Waste Water Treatment ဟုခေါ်သည့် ရေဆိုးသန့်စင်ရာတွင် အသုံးပြုသော Biofilter Versus Fiberglass Septic Tank ကို ပြည်ပမှဝယ်ယူသည်ထက် ကန်ဒေါ်လာ ၁၀၀၀ သက်သာစွာဖြင့် ပြည်တွင်း၌ပင် တပ်ဆင်ထုတ်လုပ်နေပြီဖြစ်ကြောင်း အဆိုပါစက်ကို ထုတ်လုပ်သည့် Amd ကုမ္ပဏီ၏ Water Treatment Division မှ မန်နေဂျာ ဒေါ်လွင်လွင်ဦးက ဩဂုတ်လ

www.foreverspace.com.mm

၁၇ ရက်နေ့တွင် ပြောကြားသည်။

"Community မှာ ကျယ်ကျယ်ပြန့်ပြန့် သုံးနိုင်ဖို့ စရိတ်သက်သာအောင် ပြည်တွင်းမှာပဲ တပ်ဆင်ထုတ်လုပ်တာပါ" ၎င်းကဆိုသည်။

ယခင်က ယင်းစက်ကိရိယာကို သြစတြေးလျနိုင်ငံမှ တင်သွင်းတပ်ဆင်ခဲ့ရာ ဈေးနှုန်းအရ စရိတ်စကများပြားပြီး လူအများ အသုံးပြုနိုင်ရန် အခက်အခဲရှိခဲ့ကြောင်း၊ ယင်းပစ္စည်းမှာ မူလထုတ်လုပ်သည့် ကုမ္ပဏီ အဆိုအရ သက်တမ်း ၁၀ နှစ်ကျော်အသုံးခံကြောင်း၊ ယခုအခါ သြစတြေးလျမှ သန့်စင်ပစ္စည်းကုန်ကြမ်းများမှာယူပြီး ပြည်တွင်း၌ပင် ပြည်ပပညာရှင်များဖြင့် ထုတ်လုပ်တပ်ဆင်နေပြီဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

အဆိုပါရေဆိုးသန့်စင်စက်ကို ယခုအခါ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ အင်းလေးကန်ဒေသ၊ ရခိုင်ပြည်နယ်၊ ပုဂံ–ညောင်ဦးဒေသ ဟိုတယ်တို့တွင် တပ်ဆင်ထားကြောင်း၊ ယခင်ဈေးနှုန်းမှာ ကန်ဒေါ်လာ ၄၀၀၀ မှ ၅၀၀၀ ကြားကျသင့်ပြီး ယခုအခါ ကန်ဒေါ်လာ ၃၅၀၀ မှ ၄၀၀၀ ဝန်းကျင်သာ ကျသင့်မည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အဆိုပါ Biofilter Versus Fiber-glass Septic Tank သည် အသုံးပြုပြီး စွန့်ပစ်ဒြပ်ပေါင်းများကို ၂၀ မီလီဂရမ်အောက်သို့ လျှော့ချနိုင်ပြီး အနံ့အသက်ဆိုးများထွက်ရှိမှုမရှိကြောင်း၊ ရေဆိုးသန့်စင်ရာတွင် ဇီဝနည်းကိုသုံးထားပြီး ထွက်ရှိလာသော သန့်စင်ပြီးရေဆိုးကို စိုက်ပျိုးရေးကဏ္ဍတွင် ပြန်လည်အသုံးပြုနိုင်ကြောင်း၊ လျှပ်စစ်မီးမရသည့် ဒေသများတွင် နေရောင်ခြည်စွမ်းအင်ဖြင့် အသုံးပြုနိုင်ကြောင်း အဆိုပါကုမ္ပဏီထံမှ စုံစမ်းသိရှိရသည်။

# မသန်စွမ်းအနုပညာအဖွဲ့ ၂၀၁၀ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ပထမဆုံးအကြိမ် ယှဉ်ပြိုင်မည်

**ရန်ကုန်၊ ဩဂုတ် ၁၀**

နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး မကြာမီကျင်းပတော့မည့် ၂၀၁၀ ပြည့်နှစ် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် သံစဉ်ပန်း မသန်စွမ်းအနုပညာအဖွဲ့သည် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကို ကိုယ်စားပြု၍ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဆိုပါအသင်း အတွင်းရေးမှူး ဦးအေးကိုကိုက ပြောကြားသည်။

မသန်စွမ်းသူများ၏ အနုပညာစွမ်းဆောင်နိုင်မှုကို ပြသနိုင်စေရန်၊ မသန်စွမ်းသူများအတွင်း အနုပညာရှင်များ ပေါ်ပေါက်လာစေရန်၊ လူ့အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများ တန်းတူညီမျှ ပါဝင်လာနိုင်စေရန်၊ မြန်မာ့အနုပညာလောကတွင် မသန်စွမ်းသူများလည်း ပါဝင်နိုင်စေရန်၊ အမြင်ဟောင်းများကိုဖယ်ပြီး အမြင်သစ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း အတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

"အနောက်ပိုင်းခရိုင်မှာ စာရင်းတင်ထားပြီ။ အဆိုဝါသနာရှင်အဆင့် ဒုတိယတန်းမှာ ပါဝင်ယှဉ်ပြိုင်မှာ။ စုစုပေါင်း ကိုးဦးပါမယ်" ဟု ၎င်းက ဆိုသည်။

မျက်မမြင်အမျိုးသားတစ်ဦးနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူအမျိုးသားခုနစ်ဦး၊ အမျိုးသမီးတစ်ဦးတို့က ၎င်းတို့၏ ကိုယ်ပိုင်ဂီတအဖွဲ့ဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပြိုင်ပွဲဝင်ရမည့် သီချင်းရှစ်ပုဒ်စီကို သီဆိုလေ့ကျင့်နေကြကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါအနုပညာလှုပ်ရှားမှုအဖွဲ့ကို ယခုနှစ် ဇန်နဝါရီလမှ စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင် ၂၀ ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ အာရှမသန်စွမ်းသူများ အနုပညာအဖွဲ့အစည်းကွန်ရက်ကို ထူထောင်နိုင်ရန် Sport Light, Asian Festival of Inclusive Arts အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်၍လည်း စီစဉ်လျက်ရှိကြောင်း အဆိုပါအသင်းထံမှ စုံစမ်းသိရသည်။



**မသန်သော်ငြားလည်း အနုပညာ၌ပါ စွမ်းကြသည်**

www.foreverspace.com.mm



# ခေတ္တရာဟသ်ာကုမ္ပဏီ စိုက်စရိတ်ချေးငွေ ယခင်နှစ်ထက် ရှစ်ဆကျော်ထုတ်ချေး

**ရန်ကုန်၊ ဩဂုတ် ၄**

ပဲခူးတိုင်း (အနောက်ပိုင်း) အခြေစိုက် ခေတ္တရာဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီက တောင်သူများကို ယခုနှစ် မိုးစပါးရာသီတွင် ယခင်နှစ်ချေးငွေထက် ရှစ်ဆကျော် ထုတ်ချေးခဲ့ကြောင်း အဆိုပါကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်က ပြောကြားသည်။

ပြည်မြို့ မြို့နယ်ခန်းမတွင် ဇူလိုင်လ ၁၇ ရက်နေ့က ကျင်းပသော ခေတ္တရာဟသ်ာကုမ္ပဏီ၏ တတိယအကြိမ် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

ပြည်ခရိုင်အတွင်းရှိ စိုက်ဧက ၁၂,၀၀၀ ကို စိုက်ပျိုးထုတ်လုပ်နေသော တောင်သူ ၃၃၀၀ ကျော်အတွက် စုစုပေါင်း ကျပ်သိန်း ၁၂၀၀၀ ကို နှစ်ကျပ်အတိုးနှုန်းဖြင့် ထုတ်ချေးခဲ့ကြောင်း စိုက်ပျိုးရေးခက်ခဲသည့်ဒေသများအတွက် ရေတွင်းတူးဖော်ရန် ငွေကျပ်သိန်း ၅၀ ကို ကုမ္ပဏီမှ သီးခြားလှူဒါန်းခဲ့ကြောင်း ၎င်းက ဆိုသည်။

ခေတ္တရာ ဟသ်ာဆန်စပါး အထူးပြုကုမ္ပဏီလီမိတက်ကို ရန်ကုန်မှ အစုရှယ်ယာရှင်များ၊ ပြည်ခရိုင်မှ ဒေသခံတောင်သူ၊ စက်ပိုင်၊ ကုန်သည်များဖြင့် ၂၀၀၉ ခုနှစ် ဇွန် ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ် မိုးစပါးရာသီတွင် ပြည်ခရိုင်အတွင်းရှိ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၁၀၀၀ ကို အတိုးနှုန်း နှစ်ကျပ်ဖြင့် ထုတ်ချေးခဲ့ပြီး သွင်းအားစုနှင့် မျိုးစပါးများ ဖြန့်ဝေခဲ့ကြောင်း၊ ယခုနှစ် နွေစပါးရာသီတွင်လည်း စိုက်ပျိုးစရိတ်၊ သွင်းအားစုနှင့် မျိုးစပါးစုစုပေါင်း တန်ဖိုး ကျပ်သိန်း ၁၅၀၀ ကို အတိုးနှုန်းနှစ်ကျပ်ဖြင့်ထုတ်ချေးခဲ့ကြောင်း ယင်းကုမ္ပဏီထံမှ စုံစမ်းသိရှိရသည်။

အလားတူ ခေတ္တရာဟသ်ာကုမ္ပဏီ၏ညီနောင်ကုမ္ပဏီဖြစ်သည့် ၂၀၁၀ ပြည့်နှစ် မတ်လတွင် တည်ထောင်ခဲ့သော ရွှေဝါဟသ်ာဆန်စပါးအထူးပြုကုမ္ပဏီကလည်း ဇူလိုင်လ ၁၇ ရက်နေ့က ကြို့ပင်ကောက်နှင့် အုတ်ဖိုမြို့နယ်တို့တွင် ချေးငွေထုတ်ချေးခဲ့ကြောင်း ယင်းကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမော်မြင့်မောင်က ပြောကြားသည်။

# ရွှေဘိုပေါ်ဆန်း စိုက်သူနည်း

**ရန်ကုန်၊ ဩဂုတ် ၁၅**

ယခုနှစ် စပါးစိုက်ပျိုးရာသီ၌ ပြီးခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ရွှေဘိုပေါ်ဆန်းစိုက်သူနည်းကြောင်း ရွှေဘိုမြို့မှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ဈေးကောင်းရသည့် ရွှေဘိုပေါ်ဆန်းကို စိုက်၍ရသည့် လယ်မြေများသာမက စိုက်၍မရသည့် လယ်မြေများတွင်ပါ စိုက်ကြခြင်းကြောင့် ပေါ်ဆန်းအာနိသင်မပြည့်သည်ကို တွေ့ရှိရာ ယင်းဆန်ကို စိုက်ပျိုးမှု နည်းသွားပြီး ယခုနှစ်တွင် ပုံမှန်စိုက်နေကျ ဧရာမင်း၊ ရွှေဘိုမနော်၊ မဂျမ်းတောတို့ကို ပြန်လည်စိုက်ပျိုးမှုများလာကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"မနှစ်က ရွှေဘိုပေါ်ဆန်းကို ၉၀ ရာခိုင်နှုန်းလောက် စိုက်ကြတယ်။ ဒီနှစ်တော့ ၇၀ ရာခိုင်နှုန်းပဲ စိုက်ကြတော့တယ်။ ပေါ်ဆန်းက လယ်တိုင်းစိုက်လို့မရမှန်း သိသွားကြတယ်" ဟု ၎င်းက ဆိုသည်။

ရွှေဘိုပေါ်ဆန်းသည် ဈေးအမြင့်ဆုံးရသော်လည်း လယ်ကွက်တိုင်းတွင် စိုက်၍မရကြောင်း၊ စိုက်၍မရသည့်လယ်မှ ထွက်သည့်ပေါ်ဆန်းသည် ဈေးအနိမ့်သာရကြောင်း၊ ဈေးကောင်းမရသဖြင့် မူလစိုက်နေကျ ဧရာမင်းကို စိုက်ပျိုးသူများကြောင်း ရေဦးမြို့နယ်မှတောင်သူတစ်ဦးက ပြောကြားသည်။

ရွှေဘိုတွင် ပေါ်ဆန်းကို စိုက်ပျိုးသော်လည်း စားသုံးသည့်အလေ့အထ နည်းကြကြောင်း၊ ပြီးခဲ့သည့်နှစ်က ရွှေဘိုပေါ်ဆန်းအစိုက်များကြသဖြင့် ဒေသတွင်း အဓိကစားသုံးသည့် ရွှေဘိုမနော်၊ မဂျမ်းတော၊ ဧရာမင်းတို့ အစိုက်နည်းပြီး ဈေးကောင်းနေကြောင်း၊ မူလစပါးမျိုးကိုသာ ပြန်လည်စိုက်ပျိုးလာကြောင်း ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ရွှေဘိုပေါ်ဆန်း တင်း ၁၀၀ ကို ကျပ်ခုနစ်သိန်းခွဲခန့်ရှိပြီး ဧရာမင်းမှာ ခုနစ်သိန်းခန့်သာရှိကြောင်း၊ ကျပ်ငါးသောင်းခန့် ကွာသည်ဟုထင်စရာရှိသော်လည်း အရည်အသွေးမမှန်သည့်ပေါ်ဆန်းသည် ဧရာမင်းလောက်ပင်ဈေးမရတော့သဖြင့် ပေါ်ဆန်းအစိုက်နည်းပြီး မူလစပါးမျိုးကို ပြန်လည်စိုက်ပျိုးလာကြောင်း ဆန်စက်နှင့် ဆန်ပွဲရုံ နှစ်မျိုးဖွင့်လှစ်လုပ်ကိုင်လျက်ရှိသူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်ဆန်လက်ကား ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်းရှယ် တစ်အိတ် ၃၂,၀၀၀ ကျပ်ခန့်ရှိပြီး ဦးဆောင်ဈေးနှုန်း ရရှိနေကြောင်း၊ ရွှေဘိုတွင် တစ်အိတ် ၃၁,၀၀၀ ကျပ်ခန့်ရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ■

www.foreverspace.com.mm



# နေပြည်တော်မြို့နယ်များ လယ်ယာလုပ်ငန်းခွင် အလုပ်သမားရှားပါးမှုနှင့် စိုက်ပျိုးစရိတ်လျှော့ချရန် အစေ့ချကိရိယာများ ထုတ်လုပ်ဖြန့်ချိ

**နေပြည်တော်၊ ဩဂုတ် ၁၀**

နေပြည်တော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းခွင်များသို့ သွားရောက်အလုပ်လုပ်ကိုင်သူများပြားလာသည့် အလျောက် အလုပ်သမားရှားပါးမှုနှင့် စိုက်ပျိုးစရိတ်ကြီးမြင့်လာမှုများကို လျှော့ချနိုင်ရန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုးစေ့ချကိရိယာ (Seeder)ကို နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုရွာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ပူးပေါင်းထုတ်လုပ်လျက်ရှိကြောင်း အလျင်လိုကျေးရွာမှ စပါးလှေ့စက်ထုတ်လုပ်သူ ဦးမျိုးလွင်က ပြောကြားသည်။

အဆိုပါမျိုးစေ့ချကိရိယာကို အပြည်ပြည်ဆိုင်ရာဆန်စပါးဌာန၏ နည်းပညာကို အသုံးပြု၍ စိုက်ပျိုးရေးသုတေသနဌာန (ရေဆင်း) က စတင်ထုတ်လုပ်ခဲ့ရာ ယင်းနည်းပညာကိုရယူ၍ ဒေသလယ်ယာလုပ်ငန်းခွင်လိုအပ်ချက်များကို ပြန်လည်ပြုပြင်ဖြည့်စွက်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနေပြည်တော်ဒေသလယ်ယာလုပ်ငန်းခွင်များတွင် မျိုးစေ့ချကိရိယာ (Seeder) ဖြင့် နွေစပါးစိုက်ပျိုးမှု ၉၅ ရာခိုင်နှုန်း၊ မိုးစပါးစိုက်ပျိုးမှု ၁၅ ရာခိုင်နှုန်း အသုံးပြုစိုက်ပျိုးကြကြောင်း ၎င်းက ဆိုသည်။

ယင်းကိရိယာဖြင့် စိုက်ပျိုးလျှင် တစ်ဧကကို စပါးတစ်တင်းခွဲ၊ နှစ်တင်းနှုန်းနှင့် တစ်ရက်လျှင် သုံးဧကစိုက်ပျိုးနိုင်ကြောင်း၊ ယခုစိုက်ပျိုးစရိတ် (ပျိုးလက်နုတ်ခ၊ ကောက်စိုက်ခ စသည်ဖြင့်) တစ်ဧကလျှင် ကျပ်သုံးသောင်းကျော် ကုန်ကျမှုရှိနေရာ အစေ့ချကိရိယာအသုံးပြုလျှင် ကုန်ကျစရိတ် ၆,၀၀၀ ကျပ်ခန့်သာ ကုန်ကျမည်ဖြစ်သည့်အတွက် စိုက်ပျိုးကုန်ကျစရိတ်ငါးဆခန့် သက်သာမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယခုနေပြည်တော်ပျဉ်းမနားမြို့ အလျင်လိုရွာ၌ တစ်ရက်လျှင် အစေ့ချကိရိယာ လေးလုံးနှုန်း ထုတ်လုပ်နိုင်ပြီး ယခုနှစ် ဇူလိုင်လထိ ရန်ကုန်နှင့် နေပြည်တော်ဒေသတွင်းသို့ အစေ့ချကိရိယာ ၂၃၀ လုံး ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယမန်နှစ်က အစေ့ချကိရိယာ ၂၀ လုံးကျော် ထုတ်လုပ်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အစေ့ချကိရိယာတစ်လုံးထုတ်လုပ်မှုစရိတ်မှာ ကျပ် ၅၅,၀၀၀ ရှိပြီး ရောင်းဈေးမှာ တစ်လုံးကို ကျပ် ၆၀,၀၀၀ ဖြင့် ရောင်းချကြောင်း ဦးမျိုးလွင်က ပြောကြားသည်။

**မင်းသုခိုင်**



**ပြည်တွင်းထုတ်စက်မှုလယ်ယာပစ္စည်းများကို အားထားနေရဆဲဖြစ်သည်**

# နာဂစ်ဒေသကျောင်း ၇၁ ကျောင်း MRCS တည်ဆောက်ပြီးစီး

**ရန်ကုန်၊ ဇူလိုင် ၁၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) ၏ နာဂစ်ဒေသ ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ခုဖြစ်သော အမိုးအကာဆောက်လုပ်ပံ့ပိုးပေးရေးကဏ္ဍတွင် အပါအဝင်ဖြစ်သည့် စာသင်ကျောင်းများ ဆောက်လုပ်ပေးရာ၌ ၇၁ ကျောင်းပြီးစီးခဲ့ပြီဖြစ်ကြောင်း အဆိုပါအသင်း ပြန်ကြားရေးဌာနမှ ဆက်သွယ်ရေးတာဝန်ခံ ဦးကိုကိုကျော်က ပြောကြားသည်။

စီမံချက်ကာလအတွင်း ဆောက်လုပ်မည့် ၈၉ ကျောင်းအနက် ၇၁ ကျောင်းပြီးစီးခြင်းဖြစ်ရာ အားလုံးပြီးစီးပါက

www.foreverspace.com.mm

ဆောက်ထပ်ဆောက်လုပ်ရန်လည်း ညှိနှိုင်းနေကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဧရာဝတီတိုင်း ဟိုင်းကြီး၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်တို့တွင် ဂျပန်နိုင်ငံ ကြက်ခြေနီအသင်း၏ပံ့ပိုးမှုဖြင့် မုန်တိုင်းဒဏ်ခံကျောင်းပေါင်း ၆၀၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) ၏ပံ့ပိုးမှုဖြင့် ဖျာပုံ၊ ဘိုကလေးမြို့နယ်တို့တွင် ကျောင်းပေါင်း ၂၅ကျောင်း၊ စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်း၏ပံ့ပိုးမှုဖြင့် မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ လပွတ္တာမြို့နယ်တို့တွင် မုန်တိုင်းခိုနိုင်သည့် စာသင်ကျောင်းသုံးကျောင်း၊ အစ္စရေးခရစ္စတယ်နီအသင်းနှင့်ပူးပေါင်းပြီး မုန်တိုင်းဒဏ်ခံကျောင်းတစ်ကျောင်းတို့ကို စီမံချက်ကာလအတွင်း ဆောက်လုပ်ပေးခဲ့ရာ ယင်းတို့ထဲမှ ကျောင်းပေါင်း ၇၁ ကျောင်း ပြီးစီးခဲ့ပြီး ၉၀ ရာခိုင်နှုန်းပြီးစီးသည့် ကျောင်းရှစ်ကျောင်း၊ ၇၅ ရာခိုင်နှုန်းပြီးစီးသည့် ကျောင်းခုနစ်ကျောင်းနှင့် စတင်ဆောက်လုပ်သည့် နှစ်ထပ်ကျောင်း သုံးကျောင်းရှိကြောင်း ၎င်းထံမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကျန်းမာရေးကဏ္ဍ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ အမိုးအကာဆောက်လုပ်ပေးရေးကဏ္ဍနှင့် စိတ်ပိုင်းဆိုင်ရာစောင့်ရှောက်မှုကဏ္ဍဟူသော ကဏ္ဍငါးရပ်ကို နာဂစ်ပြန်လည်ထူထောင်ရေးအစီအစဉ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

# နေပြည်တော် ဆိုင်ကယ်လိုင်စင်ကိစ္စများ နေပြည်တော်ခရိုင် ကညန၌ပင် ဆောင်ရွက်နိုင်ဟုဆို

**နေပြည်တော်၊ ဩဂုတ် ၈**

နေပြည်တော်ခရိုင်တွင်းမြို့နယ်များရှိ မော်တော်ဆိုင်ကယ်များ နှစ်လဲ၊ သက်တမ်းတိုး၊ အက္ခရာပြောင်းလုပ်ငန်းများကို ယခုအခါ နေပြည်တော်ခရိုင် ပုဗ္ဗသီရိ မြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ခရိုင်ကညနရုံး) ၌ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လအတွင်းမှ စတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နေပြည်တော်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

ယခင်က နေပြည်တော်ခရိုင်အတွင်းရှိမြို့နယ်များတွင် မော်တော်ဆိုင်ကယ်များသည် ရမည်းသင်းမြို့ ရမည်းသင်းခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရမည်းသင်းခရိုင်ကညနရုံး)သို့ သွားရောက်၍ မော်တော်ဆိုင်ကယ်သက်တမ်းတိုးခြင်း၊ အက္ခရာပြောင်းခြင်းတို့ကို ဆောင်ရွက်နေသဖြင့် လုပ်ငန်းအချိန်ကြန့်ကြာနှောင့်နှေးမှုများရှိနေသည့်အတွက် ယခုအခါ လုပ်ငန်းမြန်ဆန်စေရန်၊ အချိန်ကြန့်ကြာမှုမရှိစေရန် နေပြည်တော်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သီးခြားဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။



ယခုကဲ့သို့ နေပြည်တော်ခရိုင် ကညနက စီစဉ်ဆောင်ရွက်ပေးမှုတွင် နေပြည်တော်ခရိုင်အတွင်းရှိ မော်တော်ဆိုင်ကယ်ပိုင်ရှင်များအနေဖြင့် မော်တော်ဆိုင်ကယ်ကို ယာဉ်ပြန်လည်စစ်ဆေးရန်မလိုဘဲ ယာဉ်နှင့်ပတ်သက်၍ပိုင်ဆိုင်သောအထောက်အထား၊ မော်တော်ဆိုင်ကယ်ယာဉ်မှတ်ပုံတင်စာအုပ် (အုံနာဘုတ်)၊ ဗီးတက်တို့ကို ယူဆောင်လာရမည်ဖြစ်ကြောင်း၊ မော်တော်ဆိုင်ကယ်ပိုင်ရှင်များအနေဖြင့် မော်တော်ဆိုင်ကယ်ယာဉ်ပိုင်ဆိုင်ကြောင်း မမှန်ကန်ခြင်း၊ ဇက်၊ ဘောင်ပြောင်းလဲခြင်း စသည့် မမှန်မကန်ပြုလုပ်မိပါက သတ်မှတ်သည့် ဥပဒေအရအရေးယူခြင်းခံရမည့်အပြင် မော်တော်ဆိုင်ကယ်ယာဉ်လိုင်စင် မှတ်ပုံတင်ဖျက်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း နေပြည်တော်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မင်းသုခိုင်**

www.foreverspace.com.mm



# စင်ကာပူပိုလီကျောင်းများ ဧပြီလဝင်ခွင့် ရန်ကုန်တွင်စစ်ဆေးမည်

**ရန်ကုန် ၊ ဩဂုတ် ၁၃**

အင်ဂျင်နီယာဘာသာရပ်စိတ်ဝင်စားသူ မြန်မာလူငယ်အများအပြား တက်ရောက်နေကြသည့် စင်ကာပူနိုင်ငံရှိ Polytechnic ကျောင်း ငါးခုအနက်လေးခု၏ ၂၀၁၁ ခုနှစ် ဧပြီလကျောင်းအပ်နှံကာလ (April Intake ) အတွက် ဝင်ခွင့်စာမေးပွဲများကို မြန်မာနိုင်ငံ၌ပါ စက်တင်ဘာလမှ စတင်၍စစ်ဆေးဖြေဆိုရမည်ဖြစ်ကြောင်း စင်ကာပူပညာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် RV Centre ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ပိုလီကျောင်းများ၏ ၂၀၁၁ ခုနှစ် ဧပြီလကျောင်းဝင်ခွင့်အနက် Ngee Ann Polytechinc ဝင်ခွင့်လျှောက်လွှာမှာ ပိတ်သွားပြီဖြစ်သော်လည်း ကျန်ပိုလီကျောင်းလေးခုဖြစ်သည့် Republic Polytechnic ၏ ဝင်ခွင့်စာမေးပွဲကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလတွင်လည်းကောင်း၊ Singapore Polytechnic နှင့် Temasek Polytechnic တို့၏ ဝင်ခွင့်စာမေးပွဲကို နိုဝင်ဘာလတွင်လည်းကောင်း၊ Nanyang Polytechnic ၏ ဝင်ခွင့်စာမေးပွဲကို ဒီဇင်ဘာလတွင်လည်းကောင်း မြန်မာနိုင်ငံ၌လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း၊ အဆိုပါကျောင်းများတွင် ပညာသင်ယူလိုသော ကျောင်းသူ၊ ကျောင်းသားများသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အင်္ဂလိပ်စာ၊ သင်္ချာနှင့်အခြားသင့်တော်သော ဘာသာရပ်များတွင် စုစုပေါင်းပျမ်းမျှ အမှတ် ၇၀ ရာခိုင်နှုန်းဖြင့်အောင်မြင်ရမည်ဖြစ်ပြီး နိုင်ငံတကာအင်္ဂလိပ်စာအရည်အချင်းလက်မှတ် IELTS ရရှိထားရန်လိုအပ်ကြောင်း ယင်းထုတ်ပြန်ချက်ကဆိုသည်။

ဝင်ရောက်ဖြေဆိုလိုသူများနှင့် စိတ်ပါဝင်စားသော ကျောင်းသူ၊ ကျောင်းသားများအတွက် Scholarship စာမေးပွဲကို ဩဂုတ်လ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့ Parkroyal Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက RV Centre အမှတ် ၁၀၄၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၂၄၁၀၊ ၂၄၆၅၆၀၊ ၂၅၃၅၃၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ယင်းစင်တာထံတွင် စုံစမ်းသိရှိရသည်။

# နေပြည်တော်ပျဉ်းမနား ဂျာနယ်ရောင်းအားတက်

**နေပြည်တော် (ပျဉ်းမနား) ၊ ဩဂုတ် ၈**

နေပြည်တော်နှင့် နေပြည်တော် ပျဉ်းမနားမြို့တို့ရှိ အဓိကစာပေဖြန့်ချိရေး လုပ်ငန်းသုံးခုမှ တစ်ပတ်လျှင် ဂျာနယ်မျိုးစုံ အစောင်ရေ ၁၀,၀၀၀ ထိ ဖြန့်ချိအားမြင့်တက်လာပြီး ဂျာနယ်အမျိုးအစား ၆၀ ခန့်ဖြန့်ချိရောင်းချနေကြောင်း နေပြည်တော်ပျဉ်းမနားမြို့ စာပေဖြန့်ချိရေးမှဈေးကွက်အတွင်းမှ သိရသည်။

ယခုနေပြည်တော်နှင့် နေပြည်တော် ပျဉ်းမနားမြို့တို့ရှိ ဂျာနယ်ဖြန့်ချိရေး ဈေးကွက်တွင် တစ်ပတ်အတွင်း နေ့စဉ်ထွက်ရှိ နေသည့် ဂျာနယ်မျိုးစုံကို ဂျာနယ်ဖြန့်ချိရေးဆိုင်များက ဆိုင်ပေါ်တင်ရောင်းချသကဲ့သို့ ဂျာနယ်လက်ပွေ့သမားများကလည်း လှည့်လည်ရောင်းချလျက်ရှိကြောင်း၊ ဂျာနယ်လက်ပွေ့ရောင်းချသူ စုစုပေါင်း ၃၀ ဦးခန့်ရှိပြီး တစ်ဦးကို တစ်ပတ်လျှင် ဂျာနယ်အစောင်ရေ ၃၅၀ မှ ၄၀၀ ခန့် ရောင်းအားရှိနေကြောင်း၊ ဂျာနယ်ဖြန့်ချိအား လက်ပွေ့ဂျာနယ်ဖြန့်အားထက် ဆိုင်တင်ဂျာနယ်ဖြန့်အားက ပိုကောင်းပြီး နေပြည်တော် ပျဉ်းမနားမြို့မှတစ်ဆင့် နေပြည်တော်လယ်ဝေး၊ နေပြည်တော်တပ်ကုန်း၊ အေလာ၊ သာဝတ္ထိမြို့များသို့ ဂျာနယ်လက်ကားဖြန့်ချိလျက်ရှိကြောင်း ပျဉ်းမနားမြို့မှ ဂျာနယ်လက်ပွေ့သမားတစ်ဦးက ဆိုသည်။

နေပြည်တော်နှင့် နေပြည်တော် ပျဉ်းမနားမြို့တို့ရှိ ဂျာနယ်ဈေးကွက်တွင် ဂျာနယ်ရောင်းအားအကောင်းဆုံးမှာ ELEVEN ဂျာနယ်(အားကစားသတင်းဂျာနယ်) ဖြစ်ပြီး ဒုတိယရောင်းအားအကောင်းဆုံးမှာ အင်အားနှင့် No.1 အားကစားဂျာနယ်တို့ဖြစ်ကြောင်း၊ ယခုအခါ သတင်းဂျာနယ်အုပ်စုထဲမှ The Voice Weekly နှင့် 7 Day News ဂျာနယ်များမှာရောင်းအားတက်လာပြီး ကျန်သည့် ဂျာနယ်မျိုးစုံမှာ ဂျာနယ်ရောင်းအား ပုံမှန်ဈေးကွက်ရှိနေကြောင်း နေပြည်တော် ပျဉ်းမနားမြို့ စာပေဖြန့်ချိရေးလုပ်ငန်းရှင် တစ်ဦးထံမှ သိရသည်။

ထို့အပြင် နေပြည်တော်ပျဉ်းမနားမြို့ ဂျာနယ်ဖြန့်ချိရေးဈေးကွက်တွင် စီးပွားရေးဂျာနယ်များမှာ တဖြည်းဖြည်းရောင်းအားကျလာပြီး IT နည်းပညာနှင့်ပတ်သက်သည့်ဂျာနယ်များ ရောင်းအားကောင်းလာကြောင်း၊ ယခုအခါ နိုင်ငံရေးဂျာနယ်များ ထွက်ရှိလာသဖြင့် ဂျာနယ်ဈေးကွက် တစ်မျိုးတစ်ဖုံပြောင်းလဲလာနိုင်သကဲ့သို့ နိုင်ငံရေးဂျာနယ်ရောင်းအားပိုမိုကောင်းလာရန် အလားအလာရှိကြောင်း နေပြည်တော် ပျဉ်းမနားမြို့ စာပေဖြန့်ချိရေးလုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

**မင်းသုခိုင်**

■

www.foreverspace.com.mm

# ငါးသိန်းတန်ဖုန်း ဝယ်သူရှိသလောက်ရောင်းမည်

**ရန်ကုန်၊ ဩဂုတ် ၁၇**

ရန်ကုန်တိုင်း ၃၃ မြို့နယ်တွင် နယ်မြေအကန့်အသတ်မရှိ အသုံးပြုနိုင်ပြီဖြစ်သော ကျပ်ငါးသိန်းတန် CDMA 800MHz ဖုန်းများကို ဝယ်လိုအားရှိလျှင် ရှိသလောက် ချထားပေးမည်ဖြစ်ကြောင်း စင်ထရယ်မားကက်တင်းနှင့် E-Lite Tech ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဦးစိုင်းခင်မောင်အေးက ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော E-Lite Tech ကုမ္ပဏီသည် ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများကို ဝယ်လိုအားရှိလျှင် ရှိသလောက်ချထားပေးမည်ဖြစ်ပြီး ရပ်ဆိုင်းရန် အစီအစဉ်မရှိသေးကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ကန့်သတ်ချက်မရှိပါဘူး။ Demand ရှိသလောက်ချပေးသွားမှာပါ" ဟု ငါးသိန်းတန် CDMA 450MHz အလုံးရေ တစ်သိန်းသာချထားပေးမည်ဟု ထွက်ပေါ်နေသောသတင်းနှင့်ပတ်သက်၍ ၎င်းက ဆိုသည်။

ရန်ကုန်တိုင်းမြို့နယ် ၃၃ မြို့နယ်အပြင် မော်ဘီ၊ မန္တလေး၊ ကျောက်ဆည်၊ စဥ့်ကိုင်၊ စစ်ကိုင်းမြို့နယ် စသည့် မြန်မာနိုင်ငံအထက်ပိုင်းမြို့နယ်အချို့အထိ သယ်ဆောင်အသုံးပြုခွင့်ရရှိစေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် E-Lite Tech ကုမ္ပဏီတို့ ညှိနှိုင်းလျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။

ရန်ကုန်မြို့တော်တွင် နယ်မြေအကန့်အသတ်မရှိ ကျပ်ငါးသိန်းတန်ဖုန်းများ သယ်ဆောင်အသုံးပြုခွင့်ပြုပြီး နောက်ဖုန်းရရှိရန် လျှောက်ထားသူအရေအတွက်များပြားလာကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကျပ်ငါးသိန်းတန်ဖုန်းများကို တစ်နေ့လျှင် အလုံးရေတစ်ထောင်ကျော်ခန့် ပုံမှန်ချထားပေးလျက်ရှိကြောင်း အဆိုပါကုမ္ပဏီထံမှ စုံစမ်းသိရှိရသည်။

# စပါး၊ ပဲ၊ ပြောင်း၊ နှမ်း ကိုယ်တိုင်စိုက်ပျိုးလျှင် ကုန်သွယ်လုပ်ငန်းခွန်ပေးရန်မလို

**ရန်ကုန်၊ ဩဂုတ် ၁၃**

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်ကုန်စည်များဖြစ်သော ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် ကုန်စည်များကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချပါက ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်မလိုအပ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန ကုမ္ပဏီများဆိုင်ရာအခွန်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံပိုင်ကဏ္ဍ၊ သမဝါယမပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့အပေါ်တွင် အကျိုးသက်ရောက်စေသည့် ၁၉၉၀ ပြည့်နှစ်တွင်ပြဋ္ဌာန်းခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များကို ဝယ်ယူသိုလှောင်ကာ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချပါက ယင်းဥပဒေတွင် ပြဋ္ဌာန်းထားသောနှုန်းထားများအတိုင်း ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ဒီကုန်စည်တွေကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရင် ဒီအခွန်ပေးဖို့ မလိုပါဘူး" ဟု ၎င်းက ဆိုသည်။

ယင်းသို့မဟုတ်ဘဲ ငွေပင်ငွေရင်းစိုက်ထုတ်ဝယ်လှောင်ပြီး ပြည်တွင်း၌ ပြန်ရောင်းခြင်း၊ ပြည်ပကိုတင်ပို့ခြင်းများပြုလုပ်ပါက ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ရမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်မကျသင့်စေသည့် ကုန်စည်များ၊ ၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ၊ ၁၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေမည့်ကုန်စည်များ၊ ၂၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့်ကုန်စည်များ၊ ၂၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေမည့်ကုန်စည်များ၊ မတူညီသောရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေမည့်ကုန်စည်များနှင့် မတူညီသောရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ဝန်ဆောင်မှုများဟူ၍ ကုန်သွယ်လုပ်ငန်းခွန်ကို ကောက်ခံကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၏စာရင်းအရ သိရသည်။

ကုန်သွယ်လုပ်ငန်းခွန်သည် ဝင်ငွေခွန်နှင့် အမြတ်ခွန်တို့ကဲ့သို့ အခွန်ပေးဆောင်ရမည့်သူထံမှ တိုက်ရိုက်ကောက်ခံသော တိုက်ရိုက်ခွန်အမျိုးအစားတွင် မပါဝင်ဘဲ ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများက တစ်ဆင့်ခံကောက်ခံသည့် သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်ပြီး စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ယင်းအခွန်ကို အမည်အမျိုးမျိုးဖြင့် ကောက်ခံလျက်ရှိသည်။

■

www.foreverspace.com.mm



# မြန်မာနိုင်ငံရာသီဥတုပြောင်းလဲခြင်း ကနဦးအမျိုးသားအစီရင်ခံစာ ၁၈ နှစ်အတွင်း ပထမဆုံးအကြိမ် UNFCCC သို့တင်မည်

ရန်ကုန်၊ ဩဂုတ် ၁၃

မြန်မာနိုင်ငံတွင် လတ်တလောနှင့် နောင်လာမည့်နှစ်ပေါင်းများစွာအတွင်း ကြုံတွေ့လာနိုင်သည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကနဦးအမျိုးသားအစီရင်ခံစာ (Initiative National Communication - INC)ကို ၁၈ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ချမှတ်ရေးညီလာခံ UNFCCC (United Nations Framework Convention) သို့တင်ပြမည်ဖြစ်ကြောင်း INC စီမံကိန်းရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပြည်သူ့အသိအမြင်ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ပညာပေးရေးအဖွဲ့ ခေါင်းဆောင် ဦးဝင်းမျိုးသူ (Ecodev) က ပြောကြားသည်။



လူသွားတိုင်းရင်ဆိုင်ရမည့်အကျိုးဆက်ဖြစ်သည်

UNFCCC သို့ ၁၉၉၂ ခုနှစ်ကတည်းက မြန်မာနိုင်ငံသည် လက်မှတ်ရေးထိုးဝင်ရောက်ခဲ့သော်လည်း ယခု ၂၀၁၀ ပြည့်နှစ်မှသာ ပထမဆုံးအဖြစ် INC အစီရင်ခံစာကိုတင်ပြမည်ဖြစ်ပြီး UNFCCC အဖွဲ့ဝင်အခြားနိုင်ငံများမှာ ၎င်းတို့နိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာများကို တင်သွင်းကြကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၈ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးမှသာ INC စီမံကိန်းကို ရေးသားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ကျွန်းနိုင်ငံများသာ အမျိုးသားအစီရင်ခံစာ (National Report) ရေးသားမတင်ပြရသေးခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"INC Report ရေးတယ်ဆိုတာ အဓိက,က ကိုယ့်အကြောင်းကိုယ်သိတာပေါ့၊ အကြောင်းကြားတဲ့သဘောပဲ။ ဒီ INC Report ကို သက်ဆိုင်ရာဌာနဆိုင်ရာတွေကနေ စက်တင်ဘာလမှာ နောက်ဆုံးအကြိမ်စိစစ်အတည်ပြုပြီးတာနဲ့ UNFCCC ကိုတင်မယ်။ ဒီလို Report ရေးမှ ပြင်ဆင်မယ့် နိုင်ငံတော်အဆင့် စီမံချက်ထွက်လာမယ်" ဟု ဦးဝင်းမျိုးသူက ပြောကြားသည်။

INC အစီရင်ခံစာ Report တွင် မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲလာပါက မည်သည့်တိုင်းဒေသဇရိယာများမှာ အကာအကွယ်အမဲ့ဆုံးဖြစ်မည်နည်းဆိုသည့် အချက်အလက်များအပါအဝင် မြန်မာနိုင်ငံတိုင်းဒေသများ၏ စိုက်ပျိုးရေး၊ သစ်တောပြုန်းတီးမှု၊ ရေရှားမှုမှကြုံတွေ့နိုင်သည့်အခြေအနေ၊ ငါးလုပ်ငန်း၊ ဇီဝမျိုးစုံမျိုးကွဲများအကြောင်း၊ ပူပြင်းခြောက်သွေ့သောဒေသ၊ ပင်လယ်ကမ်းရိုးတန်းဒေသ၊ ရေဘေးသင့်နိုင်သောနေရာများ၊ ပြည်သူ့ကျန်းမာရေး၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု၊ စုပ်ယူနိုင်မှု အချက်အလက်များ ပါဝင်သည်။

UNFCCC သို့ ယင်း INC Report တင်သွင်းပြီးပါက မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအချက်အလက်များကို တစ်ကမ္ဘာလုံးသိရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပိုမိုကောင်းမွန်လာမည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးက ပြောဆိုသည်။

"INC ရေးဖို့ ဒေါ်လာ ငါးသိန်း ပေးတယ်။ ဒီ INC Report ပြီးရင်လည်း ဆက်ရေးဦးမှာပါ။ ဒီ INC Report က ၂၀၁၀ ရွေးကောက်ပွဲပြီးရင် ဥပဒေလွှတ်တော်ထဲမှာ ဆွေးနွေးစရာဖြစ်လာမှာပါ။ အဲဒီအခါ အသက်ဝင်လာမှာပါ" ဟု INC Report ရေးသားရာတွင် ပါဝင်သူတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်သော စီမံကိန်းနှစ်ခုကို ရေးဆွဲလျက်ရှိပြီးယင်းတို့မှာ INC Report နှင့် NAPA (National Action Plan for Adaptation)တို့ဖြစ်ကြောင်း၊ INC Report ကို သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများပါဝင်သည့် နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့များမှ နာဂစ်မုန်တိုင်းနောက်ပိုင်းမှ စတင်၍ရေးဆွဲကြပြီး ယင်းကဲ့သို့ ရေးဆွဲရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသော Ecodev အဖွဲ့အစည်းတစ်ခုသာ NGO အဖွဲ့အနေဖြင့် ပါဝင်ကြောင်း ဦးဝင်းမျိုးသူက ပြောကြားသည်။

■

www.foreverspace.com.mm

# ကမ္ဘာ့အကြီးဆုံးဖြစ်ဖွယ်ရှိ အင်ကြင်းကျောက်နံရံတည်ဆောက်

**ရန်ကုန်၊ ဇူလိုင် ၁၄**

နေပြည်တော်ဟိုတယ်ဇုန်ရှိ တော်ဝင်နေပြည်တော်ဟိုတယ်၌ ကမ္ဘာ့အကြီးဆုံးအင်ကြင်းကျောက်နံရံတစ်ခုဖြစ်ဖွယ်ရှိသည့်နံရံကို တည်ဆောက်လျက်ရှိကြောင်း ယင်းဟိုတာဝန်ယူတည်ဆောက်လျက်ရှိသည့် ခိုင်လုံအင်ကြင်းကျောက်ရောင်းဝယ်ရေးလုပ်ငန်း အကြီးအကဲ ဦးသန်းဝင်းက ပြောကြားသည်။

ယင်းဟိုတယ်တွင် ၁၀ ပေပတ်လည် အင်ကြင်းကျောက်ကျင်းပေါင်း ၁၀၀ အသုံးပြုသည့် ဧည့်ကြိုခန်းမနံရံကြီးကို တည်ဆောက်လျက်ရှိကြောင်း၊ နံရံတစ်ခုလုံး ပဲစေ့အရွယ် အင်ကြင်းကျောက်အဝါနှင့်အနီတို့ကိုသုံးထား၍ ရွှေအိုရောင်ထွက်နေကြောင်း၊ နံရံပေါ်တွင် အင်ကြင်းကျောက်မှုန့်များဖြင့် ရေးဆွဲထားသည့် ကျောက်စီပန်းချီကားများလည်းပါရှိကြောင်း ၎င်းက ဆိုသည်။

အင်ကြင်းကျောက်သည် ကျောက်စိမ်းကဲ့သို့ ရတနာတန်းဝင်လာပြီး မြန်မာနိုင်ငံတွင်သာ ပေါများစွာရှိကြောင်း၊ အင်ကြင်းကျောက်ကို အထူးတန်ဖိုးထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ပင် အဆောင်အဖြစ် ဈေးအမြင့်ပေးဝယ်ပြီး နေအိမ်တွင် အလှပြခြင်းလောက်သာရှိပြီး နံရံများ၊ တိုင်များ၊ မျက်နှာကြက်များတွင် အသုံးမပြုနိုင်ကြောင်း ၎င်းကပြောကြားသည်။

တော်ဝင်နေပြည်တော်ဟိုတယ်ကို ယခုနှစ် ဧပြီလတွင် ဖွင့်လှစ်ခဲ့ပြီး မြန်မာမှုအနုပညာများဖြင့် သီးသန့်တည်ဆောက်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိသည်။ အင်ကြင်းကျောက်သည် သစ်ပင်များမှဖြစ်သည့်ကျောက်ဖြစ်၍ ကျောက်တွင် သစ်၏သဘာဝပါရှိနေကြောင်း၊ ရာသီဥတုကိုထိန်းညှိရာတွင် ကြွေပြားများထက် အင်ကြင်းကျောက်က ပိုမိုကောင်းမွန်ကြောင်း ဘူမိဗေဒဘွဲ့ရတစ်ဦးက ဆိုသည်။

အင်ကြင်းကျောက် ၁၀ ပေပတ်လည်တစ်ကျင်းကို ကျပ်လေးသိန်းမှ လေးသိန်းခွဲခန့်အထိ ကုန်ကျကြောင်း အင်ကြင်းကျောက်အလှဆင်လုပ်ငန်းများထံမှ သိရှိရသည်။ တော်ဝင်နေပြည်တော်ဟိုတယ်ရှိ အင်ကြင်းကျောက်နံရံကို လုပ်သားအင်အား ၄၀ ကျော်ဖြင့် တည်ဆောက်လျက်ရှိပြီး ဇူလိုင်လကုန်တွင် ပြီးစီးမည်ဟု ဦးသန်းဝင်းထံမှ သိရှိရသည်။

---

# မလေးရှားတွင် နိုင်ငံခြားသားများကို အလုပ်လုပ်ခွင့်ပါမစ်ထုတ်ပေးရာတွင်ကြန့်ကြာ

**ရန်ကုန်၊ ဩဂုတ် ၂၂**

မြန်မာနိုင်ငံမှ အခြေခံလူတန်းစားအများစုနှင့် ကျေးလက်နေသူအများစု အလုပ်သွားရောက်လုပ်ကိုင်လေ့ရှိသော မလေးရှားနိုင်ငံတွင် တရားဝင်လာရောက်လုပ်ကိုင်နေသော နိုင်ငံခြားသားအလုပ်သမားများကို အလုပ်လုပ်ခွင့်ပါမစ်ထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေကြောင်း မလေးရှားရောက် မြန်မာအလုပ်သမားများ အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

ယင်းသို့ မလေးရှားအစိုးရက မြန်မာအလုပ်သမားများနှင့် နိုင်ငံခြားသား အလုပ်သမားများကို မလေးရှားနိုင်ငံတွင် အလုပ်လုပ်ခွင့်ပါမစ်ထုတ်ပေးရန် အချိန်ကြာမြင့်စွာစိစစ်မှုများပြုလုပ်နေသောကြောင့် မလေးရှားနိုင်ငံတွင်ထပ်မံသက်တမ်းတိုးရန် စောင့်ဆိုင်းနေသော မြန်မာအလုပ်သမားအများစု အခက်အခဲများရင်ဆိုင်နေရကြောင်း ကွာလာလမ်ပူမြို့ရောက်မြန်မာများထံမှ သိရှိရသည်။

"ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေ တော်တော်များများကတော့ 'အို' တွေ ဖြစ်ကုန်ပြီ။ တခြားနိုင်ငံခြားသားအလုပ်သမားတွေလည်း သက်တမ်းတိုးပါမစ်စောင့်နေရတာ တော်တော်ကြာပြီ။ ကျွန်တော်ဆိုရင် ပါမစ်သက်တမ်းတိုးတာ လေးလထဲ ရောက်နေပြီ။ နိုင်ငံကူးလက်မှတ်လည်း ပြန်မရသေးဘူး။ ပါမစ်လည်းမရသေးဘူး"ဟု ကွာလာလမ်ပူမြို့ရှိစက်ရုံတစ်ရုံမှ အလုပ်သမားတစ်ဦးက ရှင်းပြသည်။

ယခု ၂၀၁၀ ပြည့်နှစ်အတွင်း မလေးရှားနိုင်ငံသို့လာရောက်သည့် မြန်မာအလုပ်သမားအရေအတွက် သိသိသာသာတိုးပွားလာပြီး လုပ်ငန်းခွင်များမှ သက်တမ်းလွန်နေထိုင်သူ 'အို' အဖြစ်ပြောင်းသွားသူအရေအတွက်လည်းများပြားလာကြောင်း မလေးရှားရောက် မြန်မာများထံမှ စုံစမ်းသိရှိရသည်။

မလေးရှားနိုင်ငံသို့ သွားရောက်ရန် မြန်မာအလုပ်သမားတစ်ဦးလျှင် ပြည်ပအလုပ်အကိုင်အေဂျင်စီများက ဝန်ဆောင်ခ အနည်းဆုံး ငွေကျပ်ခြောက်သိန်းမှ အများဆုံး ၁၅ သိန်းနီးပါး အထိတောင်းခံကြောင်း၊ ဝန်ဆောင်ခကို ရန်ကုန်တွင်တစ်ဝက်ချေပြီး မလေးရှားနိုင်ငံသို့ရောက်ရှိသောအခါ ကျန်ဝန်ဆောင်ခငွေတစ်ဝက်ကို လုပ်ခလစာထဲမှ လစဉ် ပုံမှန်ဖြတ်တောက်ခံပေးဆပ်သော အကြွေးနစ်ဖြင့် မလေးရှားသို့သွားရောက်လုပ်ကိုင်သည့် မြန်မာအလုပ်သမား အမြောက်အမြားရှိနေကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံမှ စုံစမ်းသိရှိရသည်။

www.foreverspace.com.mm



# Scholarship Info

**ရန်ကုန် ၊ ဩဂုတ် ၂၁**




Asia Pacific Scholarship Consortium (APSC) က နေခေါ်ယူတဲ့ Master Degree ပညာသင်ဆုတွေပါ။ သူက မြန်မာ၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတွေက ကျောင်းသားတွေကို ခေါ်ယူပါတယ်။ တက်ရောက်နိုင်တဲ့ ဘာသာရပ်နယ်ပယ်တွေက Education, Environment, Community Health, Development, Humanities & Social Sciences, Media, Policy & Administration, Social Work တွေဖြစ်ပြီး Partner University တွေက ဟောင်ကောင်၊ ဖိလစ်ပိုင်၊ ထိုင်းနဲ့ မလေးရှားတွေမှာ ရှိပါတယ်။ စကောလားရှစ်လျှောက်ဖို့ စိတ်ဝင်စားလေ့လာနေသူတွေအတွက် လှုသိများတဲ့ Program တစ်ခုဖြစ်ပေမယ့် ရွေးချယ်စရာဘာသာရပ်တွေက စိတ်ဝင်စားသူများတာမို့ ထဲထဲဝင်ဝင်မလေ့လာမိသေးသူတွေ၊ ပညာသင်ဖို့ စတင်စူးစမ်းနေသူတွေအတွက် ဖော်ပြပေးလိုက်တယ်။ ဒီ့ထက်စုံစုံသိရဖို့ APSC ရဲ့ Website နဲ့ဆက်သွယ်ရာ Website တွေကို ဝင်ကြည့်နိုင်ပါတယ်။

ဒီနှစ်အတွင်းတင်ရမယ့် Application အတွက် ရက်မသတ်မှတ်သေးပေမယ့် ပြင်ဆင်ထားနိုင်အောင်လို့ www. apsconsortium.org ကို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

# Scholarship Guide

**ရန်ကုန် ၊ ဩဂုတ် ၂၁**

ပညာသင်ဆုလျှောက်ဖို့ စိတ်ဝင်စားသူတွေအတွက် ပုံမှန်ခေါ်ယူနေကျလည်းဖြစ်၊ ဒေသတွင်းနိုင်ငံတွေလည်းဖြစ်တဲ့ နိုင်ငံလေးနိုင်ငံထဲက တက္ကသိုလ်နာမည်တွေကို ဖော်ပြလိုက်တယ်။ လောလောဆယ် Googling လုပ်ပြီး လျှောက်ကြည့်ထားရင် ဒီတက္ကသိုလ်တွေကို ရှင်းရှင်းနီးနီး သိထားနိုင်မယ်။

| **ဖိလစ်ပိုင်** | **ထိုင်း** |
|---|---|
| - University of Philippines Losbanas | - Chaingmai University |
| - University of Philippines Manila | - Payap University |
| - Delasalle University | - Chulalong Korn University |
| - Miriam College | - Mahidol University |
| - Anteneo de Manila University | - Ramkhamhaeng University |
| - University of Santo Tomas | - Khon Kaen University |
| **မလေးရှား** | - Thamassat University |
| - University of Malaysia | - Rangsit University |
| - University Putra Malaysia | - Asian Institute of Technology |
| - University Sains Malaysia | - Assumption University |
| - University Kebangsaan Malaysia | - Mission College |
| **ဟောင်ကောင်** | - Bangkok University |
| - Hong Kong Baptist University (HKBU) | - Kasetsart University |
| - City University of Hong Kong (City U) | |
| - Hong Kong Polytechnic University (Poly U) | |
| - The University of Hong Kong (HKU) | |
| - Lingnan University | |

# မသုံးစွဲသင့်သည့် ပိုးသတ်ဆေးကြေညာမည်

**မန္တလေး၊ ဩဂုတ် ၁၃**

သစ်သီးဝလံဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများ သုံးစွဲနေသည့် စိုက်ပျိုးရေးသုံး Methomyl ပိုးသတ်ဆေးသည် အသုံးပြုရန်မသင့်သောကြောင့် ယင်းကို မသုံးသင့်ကြောင်း မကြာမီထုတ်ပြန်မည်ဟု မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ပိုးမွှားဌာန ဌာနမှူးဒေါ်ဖြူဖြူလွင်က ဩဂုတ်လ ၁၂ ရက်နေ့က ပလိပ်မြို့ ဆည်ရွာတွင်ဖွင့်လှစ်သော ပိုးမွှားကာကွယ်ရေးသင်တန်း၌ ပြောကြားသည်။

Methomyl ပိုးသတ်ဆေးသည် ပိုးမွှားများကိုသေစေနိုင်သကဲ့သို့ ထိတွေ့ကိုင်တွယ်သူအား ရတ်တရက်နှလုံးရပ်ကာ ဆိုးကျိုးများကိုဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ဆိုသည်။

လူကိုရတ်တရက်နှလုံးရပ်ပြီး အသက်အန္တရာယ်ထိခိုက်စေနိုင်သော စိုက်ပျိုးရေးသုံးပိုးသတ်ဆေးများမှာ Methomyl အပါအဝင် ငါးမျိုးဖြစ်ကြောင်း၊ ယင်းတို့မှာ Methomyl၊ Monocoro-tophos၊ Mevinphos၊ Methame- dophos၊ Methyl parthion တို့ဖြစ်ပြီး မြန်မာနိုင်ငံတွင် သုံးစွဲခွင့်မရှိသောပိုးသတ်ဆေးများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ■

www.foreverspace.com.mm

# “ကျွန်တော်က ရွေးကောက်ပွဲသပိတ်မှောက်ခြင်းကို အလုပ်မဖြစ်ဘူးလို့ ယူဆတယ်”

## ဂဂ မျိုးဆက်ကျောင်းသားများအဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုမျိုးရန်နောင်သိန်းနှင့် တွေ့ဆုံခြင်း

ကျော်ဇေယျာထွန်း

**မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပမည်ဖြစ်ရာ အချို့သော ဒီမိုကရေစီလိုလားသူများကြားတွင် ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေးနှင့်ပတ်သက်၍ အယူအဆကွဲပြားမှုများရှိ၍နေသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းသည် အစိုးရနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ရသည့်အဆင့်မှ ရွေးကောက်ပွဲပေါ်လာသဖြင့် ပူးပေါင်းဆောင်ရွက်၍ တွေ့ဆုံဆွေးနွေးရမည့်သဘော ဆောင်၍လာသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်ရန်အတွက် ယခင်လက်ရှိအစိုးရနှင့်ထိပ်တိုက်တွေ့ခဲ့သူ၊ ယခု အစိုးရကျင်းပသော ရွေးကောက်ပွဲဖြစ်မြောက်ရေးကို လိုလားသူ ၈၈ မျိုးဆက်သစ်ကျောင်းသားများအဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုမျိုးရန်နောင်သိန်းနှင့် Living Color က တွေ့ဆုံမေးမြန်းခဲ့သည်။**

**L.C : ရွေးကောက်ပွဲကိုဝင်ဖို့ ဆုံးဖြတ်ခဲ့တဲ့အကြောင်းကို အရင်ဆုံးရှင်းပြပေးပါ။**

**KMYNT :** ရွေးကောက်ပွဲက ၂၀၁၀ မှာလုပ်ပေးမယ်လို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်သူလူထုနဲ့ နိုင်ငံတကာကို ကတိပေးထားတယ်။ ဘယ်လ၊ ဘယ်ရက်မှာ လုပ်ပေးမယ်ဆိုတာ မသိရပေမယ့် ၂၀၁၀ မှာ လုပ်ပေးမယ်ဆိုတာကတော့ သေချာတယ်ပေါ့။ ဆိုတော့ ဒီနေရာမယ် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သဘောထားကွဲ လွဲချက်တွေ ရှိလာတယ်။ တချို့ကတော့ ရွေးကောက်ပွဲက တရားမျှတမှုမရှိဘူး၊ ဝင်ပါစရာမလိုဘူးပေါ့။ ကျွန်တော်ကတော့ ရွေးကောက်ပွဲတစ်ခုရှိလာတာကို၊ ဖွဲ့စည်းပုံတစ်ခုရှိလာတာကို အပြုသဘောမြင်တယ်။ အဲတော့ ရွေးကောက်ပွဲဖြစ်စဉ်မှာ ပါဝင်သွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ရွေးကောက်ပွဲတွေရှိတယ်။ လွှတ်တော်ပေါ်လာမယ့် ဖွဲ့စည်းပုံတွေရှိတယ်။ အဲဒီဖွဲ့စည်းပုံကောင်းခြင်း၊ ဆိုးခြင်း၊ ပြည့်စုံခြင်း၊ ဘယ်သူရေးတာလို့ ကျွန်တော် မပြောတော့ဘူး။ ဖွဲ့စည်းပုံမရှိတာထက် ရှိလာတာကောင်းတယ်။ ရွေးကောက်ပွဲရှိတာနဲ့ မရှိတာ၊ ရှိတာကောင်းတယ်။ လွှတ်တော်ရှိတာနဲ့ မရှိတာ၊ ရှိတာကောင်းတယ်။ အဲဒီအပေါ်အခြေခံပြီး စဉ်းစားတယ်။ တခြားအရှေ့တောင်အာရှနိုင်ငံတွေမှာလည်းပဲ ဖွဲ့စည်းပုံရှိတယ်။ ရွေးကောက်ပွဲတွေရှိတယ်။ လွှတ်တော်တွေရှိတယ်။ အင်ဒိုနီးရှားမှာဆို ရွေးကောက်ပွဲကျင်းပတယ်။ တစ်ခါလာပြန်ပြီ ကိုကာပါတီအနိုင်ရတယ်။ နောက်တစ်ခါလာပြန်ပြီ ကိုကာပါတီအနိုင်ရသွားတယ်။ ဒါမျိုး အစဉ်အလာရှိခဲ့ဖူးတာပဲ။ ဒါမျိုးကို ကျွန်တော်တို့က အသွင်သဏ္ဌာန်ဒီမိုကရေစီပေါ့။ အသွင်သဏ္ဌာန်ဒီမိုကရေစီကမှ ပြည်သူတွေပါဝင်တဲ့ Substantive ဒီမိုကရေစီပေါ့။ Participatory ဒီမိုကရေစီလို့လည်းခေါ်တယ်။ အဲဒီအဆင့်ထိအောင် ကူးပြောင်းရတယ်။ အဲဒီလို ကူးပြောင်းဖို့အတွက်ဆို ရွေးကောက်ပွဲလိုတယ်။ လွှတ်တော်လိုတယ်။ ဒါကို Institution နဲ့ Procedure ပေါ့။ Democratic Institution နဲ့ Democratic Procedure တွေလိုတယ်လို့ ပြောတာပေါ့။ ဒါကြောင့် ကျွန်တော် ဝင်ရောက်ပါဝင်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။

**L.C : အခုလက်ရှိ ရွေးကောက်ပွဲအတွက် ဘာတွေပြင်ဆင်လှုပ်ရှားနေတာရှိပါသလဲ။**

**KMYNT :** လူငယ်တွေကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး ရှင်းပြတယ်။ ဘာကြောင့်လဲလို့ဆိုတော့ လူငယ်ထုတွေက လောလောဆယ် အချိန်ပိုတွေရှိတယ်။ အချင်းချင်းပြောဆိုဆွေးနွေးမှုတွေရှိတယ်။ နေရာအနှံ့မှာရှိနေတယ်။ လူကြီးတွေကျတော့ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ အချိန်သိပ်မအားဘူး။ အဲတော့ လူငယ်ထုကို ရှင်းပြတယ်။ ၂၀၀၈ ဖွဲ့စည်းပုံမှာက အားသာချက်၊ အားနည်းချက်တွေ ရှိမှာပဲ။ ဒါ ဘယ်အဖွဲ့အစည်းမဆို ရှိမှာပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် အကျယ်တဝင့်မပြောလိုတော့ဘူး။ ဒါပေမဲ့ ဒီဖွဲ့စည်းပုံဘောင်ထဲက ကိုယ်ဘာလုပ်လို့ရသလဲဆိုတာ ကြိုသိထားရမယ်။ အရင်တုန်းက ဒီနိုင်ငံမှာ အုပ်ချုပ်နေတဲ့စည်းဘောင်ဆိုတာ မရှိဘူး။ အခု စည်းဘောင်တစ်ခုရှိလာပြီ။ စည်းဘောင်ဆိုတာက အုပ်ချုပ်သူကို ကန့်သတ်တဲ့စည်းဘောင်။ ဖွဲ့စည်းပုံအခြေခံဥပဒေက အုပ်ချုပ်သူကို ကန့်သတ်တာပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာတာကလည်း အုပ်ချုပ်သူကိုကန့်သတ်ဖို့ ပေါ်လာရတာပဲ။ အဲတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာတာဟာ ကောင်းလား၊ ဆိုးလားလို့ မေးရင်တော့ ကောင်းတယ်လို့ပဲ ကျွန်တော်ပြောမှာပဲ။ ဘာကြောင့်လဲဆိုတော့ အုပ်ချုပ်တဲ့သူကို ကန့်သတ်တာကိုး။ ဘယ်လောက်ပဲကန့်သတ်ကန့်သတ် လုံးဝမကန့်သတ်ဘဲထားတာထက်စာရင် ကောင်းတယ်။ အဲဒီဘောင်ထဲမှာပဲ ဘာလုပ်လို့ရသလဲဆိုတာ ကျွန်တော်လူငယ်တွေနဲ့ ဆွေးနွေးတယ်။ တခြားသူတွေကို ဘယ်လိုပညာပြန်ပေးမလဲ၊ ဒါက တစ်ပိုင်း။ ဒါက ဖွဲ့စည်းပုံအကြောင်း ဆွေးနွေးတာ။ ပြီးတော့ ၂၀၁၀ ရွေးကောက်ပွဲမှာ ကျွန်တော်တို့အနေနဲ့ ဘယ်လိုမျိုးပါမလဲ။ လက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ ရှိမယ်။ လှုပ်ရှားနေတယ်။ သူတို့တွေက ပြည်

www.foreverspace.com.mm





သူတွေကြိုက်လို့ ရွေးကောက်ပွဲမှာအနိုင်ရသွားရင် ဘာမှပြောဖွယ်ရာမရှိဘူး။ အကယ်၍ ပြည်သူတွေမကြိုက်ဘဲနဲ့ ပုံစံတစ်မျိုးလုပ်လာခဲ့လို့ရှိရင် ဘယ်လိုမျိုးတွေ ပြောဆိုဆွေးနွေးမလဲ။ ဘယ်လိုမျိုးအကြံပြုမလဲ။ ကျွန်တော်ကတော့ ဝေဖန်တိုက်ခိုက်တာထက်စာရင် ဘယ်လိုမျိုးအကြံပြုမလဲဆိုတဲ့နည်းလမ်းမျိုးကို လူငယ်တွေကို ပြောပြတယ်။ ဒါက Positive Approach ပေါ့။ ကျွန်တော်ကတော့ လက်ရှိခေတ်က အမျိုးသားပြန်လည်သင့်မြတ်ရေးအချိန်ဆိုတော့ အပြစ်တင်ခြင်းကို သိပ်အားမပေးဘူး။ အပြစ်တင်ခြင်းဆိုတဲ့နေရာမှာ လက်ရှိတည်ဆဲအစိုးရနဲ့ ပြည်သူလူထုကြား အပြန်အလှန်အပြစ်တင်မှု၊ အတိုက်အခံနဲ့ လက်ရှိတည်ဆဲအစိုးရကြား အပြန်အလှန်အပြစ်တင်မှု၊ လက်ရှိအတိုက်ခံတွေကြား အပြန်အလှန်အပြစ်တင်မှု၊ ဒါမှမဟုတ် ပြည်သူတွေကြား အပြန်အလှန်အပြစ်တင်မှု၊ ဘယ်လိုအပြန်အလှန်အပြစ်တင်မှုမျိုးကိုမှ ကျွန်တော် လက်မခံဘူး။ National Reconciliation ကို နားလည်တာက ပူးပေါင်းဆောင်ရွက်ကြမယ်။ အပြစ်တင်တာတွေ၊ တိုက်ခိုက်တာတွေက နှစ်တွေများခဲ့ပြီ။ အခုဆို ဆယ်စုနှစ်ပေါင်း ခြောက်ခု။ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ တော်လောက်သင့်ပြီလို့ထင်တယ်။ ဒါကြောင့်မို့ ကျွန်တော်အပြစ်တင်ခြင်း Approach ကိုမသွားဘူး။ များသောအားဖြင့်တော့ အကောင်းမြင်တဲ့ရှုထောင့်ကသွားတယ်။ တစ်ခါတလေ တချို့အပိုင်းတွေမှာတော့ ဝေဖန်ထောက်ပြတာမျိုးတွေ ရှိတယ်။ ဒါကလည်း အကောင်းမြင်တဲ့ရှုထောင့်ကနေ ပြီးတော့ ဒါလေးလုပ်ရင်ကောင်းမှာပဲဆိုတဲ့ ဝေဖန်ထောက်ပြတာမျိုး ဖြစ်တယ်။ အပြစ်တင်တာမျိုး မဟုတ်ပါဘူး။

**L.C : အခု ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ရှင်းပြတာမျိုးတွေကို ဘယ်ဒေသတွေအထိ သွားပြီးပါပြီလဲ။**

**KMYNT :** မြန်မာပြည်အနှံ့ပါပဲ။ ပထမဦးဆုံးအဆင့်အနေနဲ့ကတော့ TOT လို့ခေါ်တာပေါ့နော်။ TOT ဆိုတာကတော့ Trainer ကိုယ့်လိုမျိုးသူတွေ မွေးထုတ်တာပေါ့။ လူငယ်တွေပါပဲ။ သူတို့ကိုတော့ အထူးရှင်းပြခြင်းပေါ့။ ကျွန်တော် တစ်လလောက်ကို အချိန်ယူပြီးတော့ လေ့ကျင့်ပေးခဲ့ရတယ်။ ဒီဖွဲ့စည်းပုံကို ကျေညက်အောင်၊ နိုင်ငံတကာစံညွှန်းတွေ ကျေညက်အောင်၊ မြန်မာပြည်ကသမိုင်းကြောင်းအစဉ်အလာကို ကျေညက်အောင် ကျွန်တော်တစ်လလောက် တစ်ရက်ကိုရှစ်နာရီ၊ ကိုးနာရီအချိန်ပေးပြီးတော့ ရှင်းပြပေးခဲ့တယ်။ သူတို့ ပြည့်စုံသွားတဲ့အခါမှာ ကျွန်တော်တစ်ယောက်တည်းမကဘူး။ လူငယ်တွေအားလုံး နယ်တွေကိုသွားကြတယ်။ သွားတဲ့အခါမှာလည်း ကိုယ့်စရိတ်နဲ့ကိုယ်သွားကြတယ်။ သွားပြီးတော့မှ ရွေးကောက်ပွဲမှာဝင်ပါသင့်တဲ့အကြောင်း၊ ဖွဲ့စည်းပုံအကြောင်း ရှင်းပြမှုတွေ၊ ဆွေးနွေးမှုတွေ လုပ်ခဲ့တယ်။

**L.C : အဲဒီအပေါ်မှာ ပြည်သူတွေကရော ဘယ်လိုမြင်သလဲ။ ဘယ်လောက်ထိစိတ်ဝင်စားလဲ။ ဘယ်လောက်ထိကျယ်ကျယ်ပြန့်ပြန့်နားလည်လဲ။ အဲဒါကို သုံးသပ်လို့ရမလား။**

**KMYNT :** အရင်တုန်းကတော့ဗျာ ပြည်သူတွေသိတာက အစိုးရ မကောင်းဘူး။ ဝေဖန်တယ်ပေါ့။ အခု ကျွန်တော်သွားတဲ့ Approach က အဲဒီလိုမဟုတ်တော့ဘူး။ အစိုးရကို ဝေဖန်တဲ့နည်းလမ်းမဟုတ်တော့ဘူး။ ပြည်သူလူထုအနေနဲ့ ဘယ်လိုပါဝင်နိုင်သလဲဆိုတဲ့ ချဉ်းကပ်မှုနည်းလမ်းနဲ့သွားတယ်။ ဦးစွာပထမ ကျွန်တော်က အဲဒါကိုရှင်းပြရတယ်။ အစိုးရကို ဝေဖန်ရတာလွယ်တယ်။ ကိုယ်တိုင် ဘယ်လိုနိုင်ငံ့သားကောင်းအဖြစ် ပါဝင်ဖို့အတွက်ကျတော့ မလွယ်ဘူး။ အဲဒါကို ရှင်းပြရတယ်။ အရင်တုန်းက ပြည်သူတွေက ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဘာလုပ်ရမှန်းမသိဘူး။ လက်ရှိတည်ဆဲအစိုးရအပေါ် မကျေနပ်မှုတွေရှိတယ်။ နိုင်ငံရေးဆိုရင် သူတို့နဲ့မဆိုင်ဘူးဆိုတဲ့ တွေးခေါ်ယူဆမှုတွေ ရှိနေကြတယ်။ ပထမဆုံး ကျွန်တော်ပြောပြတာက ကျွန်တော်တို့နဲ့ဆိုင်တယ်၊ လုပ်နိုင်တယ်ဆိုတာ ရှင်းပြတယ်။ အဲဒီမှာ ဘာကြောင့်မဆိုင်ဘူးလို့ ထင်နေကြသလဲဆိုတော့ အရင်တုန်းက အဖွဲ့အစည်းတွေရှိတယ်ပေါ့ဗျာ။ ကျွန်တော်အပါအဝင်ပေါ့။ ကျွန်တော်အသက် ၂၀ ကျော်ကတည်းက နိုင်ငံရေးလောကထဲဝင်ခဲ့တယ်။ စဝင်ခဲ့တဲ့ပုံစံကလည်း အစိုးရကိုပြစ်တင်ဝေဖန်တဲ့ပုံစံမျိုးနဲ့ ဝင်ခဲ့တာပေါ့။ အဲတော့လည်းပဲ အန္တရာယ်ကြုံခဲ့တယ်ပေါ့ဗျာ။ ကျွန်တော် ထောင်ထဲရောက်ခဲ့တယ်။ ပထမတစ်ခေါက် ၁၉၉၆ ခုနှစ် ကျောင်းသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တယ်။ ထောင်ခုနစ်နှစ် ကျခဲ့တယ်။ ၂၀၀၃ မှာ ပြန်လွတ်တယ်။ ပြီးတော့ ၂၀၀၇ ခုနှစ် လှုပ်ရှားမှုမှာ ပါဝင်ခဲ့တယ်။ ၂၀၀၉ အကုန်မှာ ပြန်လွတ်တယ်။ ကျွန်တော်ပြန်ကြည့်ကြည့်တယ်။ အဲဒီလို ဝေဖန်ပြီးတော့ အပြစ်တင်နေတာ နှစ်ပေါင်း ၂၀ ကျော်လာတယ်။ အလုပ်

www.foreverspace.com.mm

မဖြစ်ဘူး။ ပြည်သူတွေဘက်ကဆိုရင် ပိုဆိုးလာတယ်။ နိုင်ငံရေးနဲ့ ကင်းကွာလာတယ်။ ကြောက်စိတ်ပေါ့။ ဘယ်သူ့အမှားလဲတော့ မပြောတော့ဘူး။ နောက်တစ်ခုက နိုင်ငံရေးနဲ့ သူနဲ့မဆိုင်ဘူးဆိုတဲ့ စိတ်ရှိနေတာ သေချာတယ်။ အဲဒါကို ကြည့်လို့ရှိရင် ကျွန်တော်တို့ မအောင်မြင်ဘူးပေါ့။ ကျွန်တော်တို့ထောင်ထဲမှာ အချိန်အကြာကြီး နေခဲ့တယ်။ ကျွန်တော်တို့အစ်ကိုတွေ၊ လက်ရှိဒီမိုကရက်တစ်ခေါင်းဆောင်တွေ စတေးခဲ့ကြတယ်။ အောင်မြင်သလားဆိုတော့ မအောင်မြင်ဘူးပေါ့။ မအောင်မြင်ဘူးဆိုတာက ပြည်သူလူထုက ကိုယ်နဲ့နိုင်ငံရေးနဲ့ မဆိုင်ဘူးလို့ ယူဆလာကြတာကိုး။ အဲဒါကို ကျွန်တော်တို့က ပြန်ပြီးဖြေထုတ်ပြရတယ်။ မဟုတ်ဘူး။ ကိုယ်နဲ့ဆိုင်တယ်။ ကိုယ်လုပ်နိုင်တာဘာလဲဆိုတာ ဖြေထုတ်ကြရတယ်။ အဲဒီဖြေထုတ်ပြတယ်ဆိုတာက အစိုးရ သူလုပ်နေတာကို မပြောနဲ့တော့။ ကိုယ့်ဘက်က နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ ဒီနိုင်ငံဖြစ်စဉ်မှာ ကိုယ်ဘယ်လိုပါဝင်ဆောင်ရွက်မလဲ။ ဒီနေရာမှာ ကျွန်တော်က လူမှုအဖွဲ့အစည်းရဲ့ အခန်းကဏ္ဍကို နည်းနည်းလေး ပြောချင်တယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရရှိမယ်၊ ပြည်သူရှိမယ်၊ ကြားထဲမှာ လူမှုအဖွဲ့အစည်းပေါ့။ CSO တွေ ရှိမယ်၊ လူမှုအဖွဲ့အစည်း CSO လို့ပြောတာက အကြောင်းအရင်းရှိတယ်ဗျ။ ထားပါတော့ ကျွန်တော် အလုပ်သမားတစ်ယောက် ကျွန်တော် လစာမလောက်ဘူးပေါ့။ ကျွန်တော် လစာမလောက်ဘူးလို့ တစ်ယောက်တည်းပြောရင် ကျွန်တော့်အလုပ်ရှင်ပေါ့၊ သူနားမထောင်ဘူး။ အကယ်၍ ကျွန်တော်က လူ ၁၀ ယောက်စုပြီးသွားပြောမယ်ဆိုရင် သူဂရုစိုက်လာရော။ လူအယောက် ၁၀၀ ဆိုရင် ပိုဂရုစိုက်လာပြီ။ လူမှုအဖွဲ့အစည်းဆိုတာ ဒါမျိုးပေါ့။ ဝါသနာတူရာ၊ ရည်မှန်းချက်တူရာ၊ အကျိုးစီးပွားတူရာစုထားတဲ့ လူမှုရေးအဖွဲ့အစည်းပေါ့။ လူမှုအဖွဲ့အစည်းတွေ မျိုးစုံရှိတယ်ပေါ့ဗျာ။ ပြည်သူလူထုကိုကိုယ်စားပြုထားတဲ့လူမှုအဖွဲ့အစည်းတွေက အစိုးရကို အသံပေးရတယ်။ အဲဒီအဖွဲ့အစည်းတွေမရှိမချင်း ပြည်သူတွေရဲ့ အသံကို အစိုးရက တိုက်ရိုက်မကြားနိုင်ဘူး။ အခု မြန်မာနိုင်ငံအနေနဲ့ လူမှုအဖွဲ့အစည်းတွေ စတင်ထွန်းကားလာတဲ့အချိန် ဖြစ်နေတယ်။ ထွန်းကားလာတယ် ဆိုတာလည်းပဲ ဒါဟာ ထူးခြားဖြစ်စဉ်။ ထူးခြားဖြစ်စဉ်ဆိုတာက နာဂစ်မုန်တိုင်းအပြီးမှာ NGO တွေဝင်လာတယ်။ လူထုအနေနဲ့ ကိုယ်ပါဝင်ရမယ်ဆိုတာ မြင်လာတယ်ပေါ့။ လူမှုအဖွဲ့အစည်းတွေ ပေါ်လာတယ်။ လူမှုအဖွဲ့အစည်းနဲ့ အစိုးရနဲ့ဆက်နွယ်ပတ်သက်ပုံ အဆင့်လေးဆင့်ရှိတယ်။ ပထမအဆင့်က လူမှုအဖွဲ့အစည်းက အစိုးရရဲ့လုပ်သမျှကို ထောက်ကြည့်ပြီး ဝေဖန်နေတဲ့အဆင့်ပေါ့။ အဲဒါကို Critical Confrontation လို့ ခေါ်တာပေါ့။ နောက်ပြီး အစိုးရက သူ့အလုပ်သူလုပ်နေမယ်။ အစိုးရမလုပ်နိုင်တာကို လူမှုအဖွဲ့အစည်းတွေက ဝင်လုပ်တယ်ပေါ့။ အစိုးရကဆိုတာဟာလည်း နေရာတိုင်းမှာလုပ်နိုင်ဖို့ဆိုတာ မလွယ်ဘူးလေ။ ဒါက မြန်မာနိုင်ငံမှမဟုတ်ဘူး၊ အမေရိကန်ပြည်ထောင်စုမှာလည်း ရှိတာပဲ။ အဖွဲ့အစည်းတွေက အစိုးရက သူ့အလုပ်သူလုပ်မယ်၊ လူမှုအဖွဲ့အစည်းတွေက ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သလောက်ဖြေရှင်းပေးမယ်ဆိုတဲ့အဆင့်ပေါ့။ ဒါကို Critical Parallelism လို့ခေါ်တယ်။ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ အစိုးရကိုလည်းမဝေဖန်ဘူး၊ အစိုးရကလည်း လူမှုအဖွဲ့အစည်းတွေလုပ်နေတာကို မထိခိုက်နဲ့ပေါ့။ ကျွန်တော်က မြန်မာနိုင်ငံမှာ အဲဒီအဆင့်ရောက်နေပြီလို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရကို မပြောကြတော့ဘူး။ ပြည်သူတွေက ဘာလုပ်နိုင်သလဲဆိုတာကို ကြည့်ပြီးတော့ ကိုယ့်အလုပ်ကိုယ်လုပ်မယ်။ အစိုးရအနေနဲ့ကလည်းပဲ ဒီလူမှုအဖွဲ့အစည်းတွေကို အထင်မလွဲဘဲနဲ့သွားတဲ့နည်းလမ်းတစ်ခုပေါ့။ ဒီနည်းလမ်းကလည်းပဲ အခုလိုမျိုး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုတဲ့ အချိန်မှာ အရမ်းအရေးကြီးတယ်။ ဒါ Trust Building ပေါ့ဗျာ။ ယုံကြည်မှုတည်ဆောက်ရေးပေါ့။ Trust Building ရသွားပြီဆိုရင် နောက်တစ်ခု ဘာရှိလာသလဲဆိုရင် Critical Collaboration ပေါ့။ ဥပမာ–ပညာရေးကဏ္ဍမှာ CSO အုပ်စုပေါ့။ အဖွဲ့ပေါ့။ သူက အရမ်းကျွမ်းကျင်လာတယ်။ ထားပါတော့ဗျာ။ တေလွင့်လူငယ်များရဲ့ ပညာရေးအကြောင်းပေါ့။ သူတို့က လေ့လာရင်းနဲ့မှ ကျွမ်းကျင်လာတယ်။ အဲဒီအခါမှာ အစိုးရအနေနဲ့ တေလွင့်လူငယ်များရဲ့ ပညာရေးကို ပေါ်လစီချချင်တဲ့အခါမှာ လူမှုအဖွဲ့အစည်းတွေကို ခေါ်ပြီး ဆွေးနွေးရတာမျိုးတွေဖြစ်လာတယ်။ ဒါက Trust Building အဆင့်ကို ကျော်သွားပြီ။ ဒီထက်ပိုပြီး ယုံကြည်မှုရှိလာပြီပေါ့။ နောက်တစ်ဆင့်ကျတော့ ဒီလူတွေကိုပါ ပေါ်လစီချတဲ့နေရာမှာ ခေါ်သုံးလာရတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ Trust Building ကို စလုပ်နေရတယ်ဆိုတော့ Critical Parallelism ပေါ့ဗျာ။ အစိုးရကလည်း သူ့အလုပ်သူလုပ် ကိုယ်ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ပေါ့ဗျာ။ အစိုးရကို မဝေဖန်တော့ဘူး။ ပြည်သူတွေကလည်း နိုင်ငံကောင်းအောင် ဘယ်လိုပါဝင်မလဲဆိုတာမျိုးကို သွားကြတယ်။ အဲဒီမှာလည်း အဆင့်သုံးဆင့်ရှိတယ်ဗျ။ တစ်ဆင့်ကတော့ လူထုမသိတာကို သိအောင်လုပ်ပေးတာပေါ့။ ပလတ်စတစ်အိတ်ပစ်တာ မကောင်းဘူး။ ရွေးကောက်ပွဲဆိုတာက ဒါ။ မဲပေးတာ ကောင်းလား၊ မကောင်းဘူးလား။ ဖွဲ့စည်းပုံဆိုတာက ဒါ။ အဲဒီလိုသိအောင် လုပ်ပေးတယ်။ Gender Issue ပေါ့။ အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှမှုအကြောင်းတွေ။ ဒါတွေကို ပြည်သူလူထုသိအောင် မျက်စိဖွင့်ပေးတာ။ သိလာတဲ့အခါမှာ အတွေးအခေါ်ပြောင်းလာတယ်။ မျက်စိပွင့်လာပြီး အတွေးအခေါ်ပြောင်းတဲ့အခါမှာ ကာလတစ်ခုလိုသေးတယ်ဗျ။ အစောပိုင်းက သိလာတာများတော့ ကြောင်တောင်တောင်ဖြစ်နေတာပေါ့။ ဘာတွေပြောနေတာလဲပေါ့။ သိလာတာများတော့ နားရည်ဝလာတယ်။ နားရည်ဝလာပြီးတော့ စိတ်ထဲဝင်လာမယ်။ အဲဒီမှာတင်ပဲ သူတို့အတွေးအခေါ် ပြောင်းလဲတဲ့အဆင့်ပေါ့။ အဲဒါက Attitude Change လို့ခေါ်တယ်။ ဟုတ်ပြီ။ အတွေးအခေါ် ယူဆချက်ပြောင်းလဲလို့ ပြီးသလားဆိုတော့ မပြီးသေးဘူး။ ယူဆချက်ကပါ ပြောင်းလဲလာတယ်။ သိနေတယ်၊

ပလာတ်စတစ်အိတ်ကိုလွှတ်ပစ်တာ မကောင်းဘူး၊ လက်ကတော့ လွှတ်ပစ်ပြီးသားဖြစ်သွားတယ်။ သိနေတယ် လက်တွေ့ပါမလာဘူး။ အဲဒီအတွက် Attitude Change ပြီးတော့ လက်တွေ့လုပ်ဆောင်ချက် Behaviour Change အမူအကျင့်၊ အပြောင်းအလဲပေါ့။ တစ်ဆင့်ချင်း သွားရတာဗျ။ ချက်ချင်းတော့ ဖြစ်မလာဘူး။ အဲဒီလိုပြောင်းပြီး ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံ့သားကောင်းတွေဖြစ်လာတဲ့အခါမှာ ပြောရရင် အစိုးရနဲ့ ပြည်သူလူထုဟာ တိုက်ရိုက်အချိုးကျတယ်။ အားလုံးသာ အသိဉာဏ်ရည်မြင့်မားပြီးတော့ ကိုယ့်ရဲ့နိုင်ငံ့သားကောင်းပီသတဲ့အမူအရာရှိနေလို့ရှိရင် အစိုးရအနေနဲ့ မဟုတ်တာလုပ်လို့မရပါဘူး။ အရမ်းအရေးကြီးပါတယ်။ အဲဒါကတော့ ပြည်သူလူထုပါဝင်တဲ့ ဒီမိုကရေစီပေါ့။ ပြည်သူလူထုတစ်ရပ်လုံးသိနေမှ၊ အတွေးအခေါ်ပြောင်းလဲနေမှ၊ ပြီးတော့ နိုင်ငံသားကောင်းပီသအောင်ပြုမူနေမှဖြစ်တာ။ အဲဒီချဉ်းကပ်မှုကို ကျွန်တော်သွားနေတာ။

**L.C : အရင်ကတော့ အစိုးရကို ထိပ်တိုက်တွေ့တဲ့နည်းနဲ့ပဲ သွားနေတာပေါ့နော်။ အခုကျတော့ ပြည်သူလူထုကို Empowerment လုပ်ပြီး ဒီမိုကရေစီစနစ်ကို သွားသင့်တယ်လို့ ဆိုလို့ရမလား။**

**KMYNT :** ပြည်သူလို့ဆိုတဲ့နေရာမှာ အစိုးရရှိမယ်။ ပြည်သူရှိမယ်။ အစိုးရကတော့ လက်ရှိနိုင်ငံကို အုပ်ချုပ်နေတဲ့ အကြီးအကဲများပေါ့။ ပြီးတော့ ပြည်သူပေါ့။ ပြည်သူကိုဆိုတဲ့အခါမှာ အစိုးရကလည်းပတ်နေတဲ့ ဗျူရိုကရေစီယန္တရားပါတာပေါ့။ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ တပ်မတော်သားတွေ အကုန်ပါတယ်ဗျ။ အဲတော့ ဗျူရိုကရေစီယန္တရားတစ်ခုလုံးက ပြည်သူထဲမှာပါနေတယ်ဗျ။ ပြီးတော့ ကျောင်းသားတွေ၊ စာနယ်ဇင်းတွေ၊ အနုပညာရှင်တွေ အားလုံး ပြည်သူထဲမှာပါဝင်နေတယ်။ ဗျူရိုကရေစီယန္တရားမှာရှိတဲ့ပြည်သူ့ဝန်ထမ်းတွေရဲ့ အပြောင်းအလဲက အရမ်းအရေးကြီးတယ်။ အစိုးရဝန်ထမ်းယန္တရားတစ်ခုလုံး အပြောင်းအလဲဖြစ်ရင် ဒါဟာ အစိုးရအပြောင်းအလဲဖြစ်တာပဲ။ ဝန်ကြီးအဆင့် အပြောင်းအလဲဖြစ်မှမဟုတ်ဘူး။ ပြည်သူလူထုကို Empowerment လုပ်ပေးမယ်ဆိုတာက အားလုံးအကျုံးဝင်တယ်ဗျ။ ဥပမာ–ကျောင်းသားလေးတစ်ယောက်ကို အမူအကျင့်တွေ အပြောင်းအလဲဖြစ်အောင် လုပ်ပေးတယ်။ ကျောင်းသားလေးက သူ့မိဘတွေကို ပြန်ပြောတယ်။ သူ့ဆရာမတွေနဲ့ ပြန်ဆွေးနွေးတယ်။ ကျွန်တော်က ဆရာမတွေကို Empowerment လုပ်ပေးတယ်။ ဆရာမတွေက မိဘတွေနဲ့ ပြန်ဆွေးနွေးတယ်။ ဒါကျယ်ပြန့်လာတာနဲ့အမျှ မိဘတွေဆိုတာက ဝန်ထမ်းတွေပါလာမယ်။ တပ်မတော်သားတွေ ပါလာမယ်။ ဆရာ၊ ဆရာမတွေပါလာမယ်။ ဒါမျိုးပေါ့ဗျာ။ ဒါကျယ်ပြန့်လာတာနဲ့အမျှ အားလုံးရဲ့စိတ်ထဲမှာ နိုင်ငံသားကောင်းဆိုတာ ဒါပါလားလို့သိလာမယ်။ လာဘ်ပေးလာဘ်ယူတယ်ဆိုတာ မကောင်းပါလား။ ဘယ်လိုပြုမူရမလဲဆိုတာ သိလာမယ်။ အစိုးရယန္တရားအပြောင်းအလဲသည် အစိုးရအပြောင်းအလဲထက် ပိုအရေးကြီးတယ်လို့ ယူဆတယ်။ ဒါကို ကျွန်တော်က အပြုသဘောအပြောင်းအလဲလို့ ယူဆတယ်။ အရင်ကလုပ်ကြတယ်ဗျာ။ Top Down Approacth ပေါ့။ အီရတ်လိုဟာမျိုးပေါ့။ အစိုးရကို ဖြုတ်ချတယ်။ အစိုးရအသစ်တစ်ခုနဲ့ အစားထိုးတယ်။ ဗျူရိုကရေစီယန္တရားကြီးက ရှိနေတယ်။ အမူအကျင့်တွေက မပြောင်းလဲဘူး။ ပြည်သူရဲ့အကျင့်ကလည်း မပြောင်းလဲဘူး။ အစိုးရအဖွဲ့ပြောင်းလဲသွားတယ်။ ဘာမှမထူးဘူး။ အဲတော့ ကျွန်တော်မမြင်ရတော့ အစိုးရအပြောင်းအလဲထက် အစိုးရအဖွဲ့ယန္တရား ပြည်သူ့ဝန်ထမ်းနဲ့ ပြည်သူ့အပြောင်းအလဲကို ပိုစိတ်ဝင်စားတယ်။ ဒါမှသာလျှင် တကယ်ဒီမိုကရေစီပေါ့။ ဖွံ့ဖြိုးမှုကလည်း အဲဒီတော့မှ လာတာ။ အဲဒီအခါကျရင် အစိုးရက မပြောင်းလို့ကို မရဘူး။ အစိုးရက အဲဒီအထဲမှာနေတာကို ယန္တရားတစ်ဖွဲ့လုံးပြောင်းမှတော့ အစိုးရကိုထည့်ပြောစရာကို မလိုတော့ဘူး။

**L.C : အခု ရွေးကောက်ပွဲကို ဒီမိုကရေစီလိုလားတဲ့သူတွေရဲ့ကြားထဲမှာတောင် ဝင်ဖို့၊ မဝင်ဖို့ ထပ်ပြီး ကွဲသွားတယ်။ အဲဒီမှာ ရွေးကောက်ပွဲ မဝင်တဲ့သူတွေကို Redical ဖြစ်တယ်ဆိုလို့ရလား။ ဘယ်လိုမြင်ပါသလဲ။**

**KMYNT :** ကျွန်တော်တို့က လွတ်လပ်စွာ သဘောထားကွဲခွင့်ရှိပါတယ်။ Agree to Disagree ပဲ။ သူတို့အပေါ်မှာ မှတ်ချက်မပေးလိုဘူး။ ကျွန်တော့် အယူအဆကိုတော့ ပြောချင်တယ်။ ကျွန်တော်က ရွေးကောက်ပွဲသပိတ်မှောက်ခြင်းကို အလုပ်မဖြစ်ဘူးလို့ယူဆတယ်။ သပိတ်မှောက်တယ်ဆိုတာ ရွေးကောက်ပွဲမှ မဟုတ်ဘူး။ ရှေ့အစဉ်အဆက်ကလည်း ဖြစ်ခဲ့တာပဲ။ ၂၀၀၈ တုန်းကလည်း သပိတ်မှောက်ဖို့ပြောခဲ့တယ်။ ၁၉၉၀ တုန်းကလည်း ပြောခဲ့ကြတာပဲ။ ဖြစ်ခဲ့လားလို့ ပြန်ကြည့်ရင် မဖြစ်ခဲ့ဘူး။ မဖြစ်ခဲ့ဘူးဆိုတော့ ကျွန်တော်တို့က အလုပ်ဖြစ်လား၊ မဖြစ်ဘူးလားဆိုတာကို ပြန်ကြည့်ရတော့မယ်။ အနှစ် ၂၀ ကြိုးစားပြီးသွားပြီ။ ပြောပြီးသွားပြီ။ ပြည်သူတွေဆီ Message ဘယ်လောက်ထိရောက်သလဲ။ ဟုတ်ပြီ။ တစ်နိုင်ငံလုံး သပိတ်မှောက်ကြပြီ။ ဘာဆက်ဖြစ်မှာလဲ။ အဲဒီမေးခွန်းကို ကျွန်တော်မေးချင်တယ်။ လက်ရှိ တည်ဆဲအစိုးရက တည်ဆဲအစိုးရပဲ ဆက်ဖြစ်မှာပဲ။ ကျွန်တော်လိုချင်တာ အပြောင်းအလဲ။ အပြောင်းအလဲကို ဘယ်သူပဲလုပ်လုပ်၊ NLD ပဲလုပ်ပေးလုပ်ပေး၊ ကျွန်တော်တို့ကျောင်းသားတွေလုပ်ပေးလို့ပဲရရ လက်ရှိတည်ဆဲအစိုးရပဲ အပြောင်းအလဲတစ်ခုကို စဖွင့်ပေးလို့ပဲရတာပေါ့ဗျာ။ အပြောင်းအလဲတစ်ခုကို ကျွန်တော်လိုချင်နေပြီ။ ပြည်သူတွေကလည်း လိုချင်နေပြီ။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်မေးတဲ့မေးခွန်း၊ သပိတ်မှောက်လို့ အောင်မြင်လာပြီ။ တစ်နိုင်ငံလုံး မဲမပေးကြဘူးပေါ့။ ဘာဆက်ဖြစ်မှာလဲ။ အဲ့မေးခွန်းကိုမေးတယ်။ အပြောင်းအလဲဖြစ်မှာလား။ အပြောင်းအလဲက ဘယ်လောက်အတွင်းဖြစ်မှာလဲ။ ဒီမှာက အားလုံးသိတဲ့အတိုင်း Geo-Politic တရုတ်နိုင်ငံရှိနေတယ်။ ရုရှား ရှိနေတယ်။ မြန်မာနိုင်ငံအကြောင်းတင်တယ်။ အမြဲတမ်း ပယ်ချပစ်နေတယ်။ နိုင်ငံခြားဖိအားကို အားကိုးလို့မရဘူး။ ဒါ အားလုံးသိနေတဲ့ကိစ္စပဲ။ နိုင်ငံရေးအကြောင်းပြောရင်



www.foreverspace.com.mm

www.foreverspace.com.mm

Real Politic လို့ပြောပြီး တရုတ်ကလည်း သူ့အကျိုးစီးပွားကို လုပ်မှာပဲ။ ရုရှားကလည်း သူ့အကျိုးစီးပွားကို လုပ်မှာပါ။ အိန္ဒိယကလည်း သူ့အကျိုးစီးပွားအတွက်လုပ်နေကြတဲ့ခေတ်ကြီးမှာ အားတော့ကိုးချင်ပါရဲ့၊ အားကိုးလို့မရဘူး။ ဒါကတစ်ချက်၊ ပြည်ပအားကိုးလို့မရဘူး။ နောက်တစ်ခုက ပြည်တွင်းမှာ လှုပ်ရှားမှုဖြစ်ခဲ့တယ်။ ဘယ်လို ဇာတ်သိမ်းသွားခဲ့သလဲ။ ကျွန်တော်ကတော့ နှစ် ၂၀ ကြာလာတယ်။ မြန်မာနိုင်ငံ တဖြည်းဖြည်း ချွတ်ခြုံကျလာတယ်။ လူတွေဘဝ စတေးရတယ်။ အဲဒီလမ်းကြောင်းကို ထပ်မသွားချင်တော့ဘူး။ ကျွန်တော်ကိုယ်တိုင်လည်း မသွားတော့ဘူး။ သူများကိုသွားဖို့လည်း အားမပေးတော့ဘူး။ အဲဒီတော့ အပြောင်းအလဲကို UN အပါအဝင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်တို့ကလည်း ဖိအားပေးခြင်းနဲ့မဖြစ်နိုင်ဘူး။ လူထုအုံကြွမှုမျိုးနဲ့လည်း မဖြစ်နိုင်ဘူး။ အခုလက်ရှိ တည်ဆဲအစိုးရက လမ်းကြောင်းတစ်ခု ဖွင့်ပေးလာတယ်။ အရင်တုန်းက တည်ဆဲအစိုးရက ဗိုလ်ချုပ်မှူးကြီး ထုတ်တဲ့အမိန့်က ဥပဒေဖြစ်တာပဲ။ သူကလည်း အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ ကိုင်ထားတယ်။ အခုဆိုရင်ဗျာ လွှတ်တော်ပေါ်လာပြီ။ အုပ်ချုပ်ရေးအာဏာ သီးခြားဖြစ်လာပြီ။ ဥပဒေပြုရေးအာဏာ သီးခြားဖြစ်လာပြီ။ အရင်တုန်းက လက်ရှိတည်ဆဲအစိုးရဆိုရင် ၁၀၀ ရာခိုင်နှုန်း ချုပ်ကိုင်ထားတယ်။ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခု ရွေးကောက်ပွဲအပြီးမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ကို ၁၀၀ ရာခိုင်နှုန်းချုပ်ကိုင်ထားလို့မရဘူးဆိုတာ သေချာတယ်။ အနည်းဆုံး ၁၀ ရာခိုင်နှုန်းလောက်တော့ အလျှော့ပေးရမယ်။ လက်ရှိအနေအထားမှာ ဗိုလ်ချုပ်မှူးကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်တယ်။ နိုင်ငံတော်အကြီးအကဲလည်း ဖြစ်တယ်။ ၂၀၁၀ ရွေးကောက်ပွဲအပြီးမှာ လက်ရှိကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အကြီးအကဲဖြစ်လို့မရတော့ဘူး။ နိုင်ငံတော်အကြီးအကဲနဲ့ တပ်မတော်အကြီးအကဲ ကွဲသွားပြီ။ ပြီးတော့ ဥပဒေပြုခွင့်အာဏာက လွှတ်တော်နှစ်ရပ် ပေါ်လာပြီ။ ဟုတ်ပြီ။ သမ္မတက လွှမ်းမိုးခွင့်ရှိတယ်။ ထားဦးတော့ တပ်မတော်အကြီးအကဲက လွှမ်းမိုးခွင့်ထားဦးတော့။ သူတို့ကြားမှာ အကန့်အသတ်တွေရှိလာပြီ။ တစ်သွေးတစ်သံတစ်မိန့်ဆိုတာ မဟုတ်တော့ဘူး။ ဒါကို အနည်းငယ်မျှပြောင်းလဲစေကာမူ ကျွန်တော်တို့က ကြိုဆိုတယ်။ အဲဒီက စရမှာပဲ။ နိုင်ငံတကာဖိအားနဲ့ လုပ်ခဲ့တယ်။ အပြောင်းအလဲက Zero ။ ပြည်တွင်းအုံကြွမှုလုပ်ခဲ့တယ်။ အပြောင်းအလဲက Zero။ လက်ရှိ သူတို့ကိုယ်တိုင်ဖွင့်မေးလာပြီ။ အပြောင်းအလဲက ၅ ရာခိုင်နှုန်းဖြစ်စေ၊ ၁၀ ရာခိုင်နှုန်းဖြစ်စေ၊ ၂၀ ဖြစ်စေ ရသမျှအမြတ်ကြီးပဲလို့ မြင်တယ်။ အကယ်၍ ခုနပြောတဲ့ ရွေးကောက်ပွဲဆန့်ကျင်တဲ့သူတွေက လူထုအုံကြွမှုလုပ်လို့ ငါးနှစ်အတွင်းမှာ ဖြစ်မှာလား။ ကျွန်တော်ကိုယ်တိုင်ပါမယ်။ လုပ်ပြမယ်။ ၁၀ နှစ်အတွင်းမှာ ပြီးမှာလား။ အနှစ် ၂၀ ကျော်သွားပြီ။ ကျွန်တော် စိတ်မဝင်စားတော့ဘူး။ လက်ရှိ လမ်းကြောင်းတစ်ခုပေါ်လာတယ်။ အဲဒီအပေါ်မှာ လုပ်နိုင်မယ်လို့ မျှော်လင့်တယ်။ လုပ်နိုင်ဖို့လည်း ကြိုးစားရမယ်။ ဒါက ကျွန်တော်တို့ရဲ့ တာဝန်ပဲ။ ဒါ ကျွန်တော် Real Politic နဲ့ ပြောနေတာပဲ။

**L.C : တချို့နိုင်ငံရေးတက်ကြွ သူအများစုက ပြောကြတာတော့ လက်ရှိကျင်းပမယ့် ရွေးကောက်ပွဲပေါ်လာတာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ရေးဆွဲပြီးခဲ့တာတွေဟာ ဒီမိုကရေစီလှုပ်ရှားမှုတွေရဲ့ရလဒ်ကြောင့်လို့ ပြောကြတယ်။ ဒါဟာ အပြောင်းအလဲဖြစ်လာတာမဟုတ်ဘူးလား။ အပြောင်းအလဲက Zero ပဲဆိုတာ ဟုတ်ပါ့မလား။**

**KMYNT :** ဟုတ်တယ်ဗျ။ ဒါက လက်ခံရမှာပဲ။ ခုနက အပြောင်းအလဲ Zero လို့ပြောတဲ့အခါမယ် အလှုပ်ရှိရင် အရွေ့တော့ရှိတယ်။ အနည်းအများတော့ရှိတာပေါ့။ အပြောင်းအလဲ Zero ဆိုတာက Scenario အကြောင်းပေါ့။ Scenario လုံးဝအပြောင်းအလဲမဖြစ်ခဲ့ဘူးလို့ပြောတာ။ အဲဒီအပြောင်းအလဲ နိုင်ငံရေးမြင်ကွင်းအကြောင်းပေါ့၊ မဖြစ်ခဲ့ဘူး၊ နိုင်ငံရေးမြင်ကွင်းအပြောင်းအလဲကိုဖြစ်စေတဲ့ခလုတ်ပေါ့။ လမ်းစကိုဖြစ်စေတယ်လို့တော့ ပြောရမှာပဲ။

**L.C : လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအရင်းခံပြဿနာက ဘာဖြစ်မလဲဆိုတာကို ပြောပြပေးလို့ရမလား။**

**KMYNT :** မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာအရင်းခံက အပြန်အလှန်မယုံကြည်မှုပဲ။ အဲတော့ ကျွန်တော်တို့က အမျိုးသားသင့်မြတ်ရေးလို့ ပြောနေတယ်။ တည်ဆဲအစိုးရကလည်း ပြောတယ်။ အတိုက်အခံဘက်ကလည်း ပြောတယ်။ ကျောင်းသားတွေဘက်ကလည်း ပြောတယ်။ ပြောပြီးတော့ တကယ်တမ်း ယုံကြည်မှုတည်ဆောက်လားဆိုတော့ အခုအချိန်ထိအောင်ပဲ အတိုက်အခံဘက်မှာက ငါနဲ့မတူငါ့ရန်သူလို့ယူဆတာ ရှိနေတယ်။ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့အယူအဆက အာဏာရှင်အယူအဆ။ ဒီမိုကရက်တစ်ဘက်တော်သားတွေကိုယ်တိုင်က အာဏာရှင်အယူအဆရှိနေလို့။ အချင်းချင်းအပြန်အလှန်ယုံကြည်မှုမပေးနိုင်လို့ရှိရင်၊ အပြစ်တင်မယ့်အစားအတူပူးပေါင်းဆောင်ရွက်နိုင်မယ့်နည်းလမ်းကိုမရှာဖွေနိုင်လို့ရှိရင် အတိုက်အခံနဲ့ စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေး၊ အတိုက်အခံနဲ့ လက်ရှိတည်ဆဲအစိုးရကြား ယုံကြည်မှု ဘယ်လိုတည်ဆောက်မှာလဲ။ အခုဆိုဗျာ ကျွန်တော် အင်တာဗျူးလုပ်တယ်။ ယုံကြည်မှုတစ်ခုတည်ဆောက်ပြီးမှ လုပ်လို့ရမှာ။ အဲဒီအင်တာဗျူးကို ခွင့်ပြုတယ်ဆိုတာကလည်း ယုံကြည်မှုတစ်ခုပေါ်အခြေခံပြီးမှ ခွင့်ပြုရမှာ။ အားလုံးက ယုံကြည်မှုပေါ်မှာ အခြေခံတော့တယ်။ မြန်မာပြည်မှာ အလွှမ်းမိုးဆုံးယဉ်ကျေးမှုက မယုံကြည်ခြင်းပဲ။ မယုံကြည်ခြင်းက အရမ်းကြီးမားနေတယ်။ ဒါက ကျွန်တော်ထင်တယ်။ လက်ရှိတည်ဆဲအစိုးရမှာလည်း ယုံကြည်သူ ဘယ်လောက်ရှိမလဲ။ အစိုးရဝန်ထမ်းတွေကြားမှာရော အချင်းချင်းယုံကြည်မှုဘယ်လောက်ရှိမလဲ။

www.foreverspace.com.mm



## ကိုယ်ရေးအကျဉ်း

| | |
|---|---|
| အမည် | – မျိုးရန်နောင်သိန်း |
| မိဘအမည် | – ဦးမြသိန်း + ဒေါ်ကြည်ကြည်စိန် |
| မွေးဖွားရာဇာတိ | – ရန်ကုန် |
| မွေးသက္ကရာဇ် | – ၃၁–၃–၁၉၇၄ |
| ပညာအရည်အချင်း | – ၂၀၀၄ ခုနှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဗိသုကာဘွဲ့ရရှိခဲ့။ |
| | – ၂၀၀၅ ခုနှစ်တွင် ပြင်သစ်သံရုံးမှ ပြင်သစ်ဘာသာ လူမှုရေးသိပ္ပံအဆင့်မြင့်ဘွဲ့လက်မှတ်နှစ်ခုရရှိခဲ့။ |
| | – ၂၀၀၅ ခုနှစ်တွင် နိုင်ငံခြားဘာသာတက္ကသိုလ်မှ အင်္ဂလိပ်ဘာသာ ဘွဲ့လွန်ဒီပလိုမာရရှိခဲ့။ |
| နိုင်ငံရေးအတွေ့အကြုံ | – ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ကျောင်းသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့။ |
| | – ၁၉၉၇ မှ ၂၀၀၃ အထိ အကျဉ်းကျခံခဲ့ရ။ |
| | – ပြင်သစ်သံရုံးယဉ်ကျေးမှုဌာန၌ Professeur de Francais အဖြစ် တာဝန်ထမ်းဆောင်ခဲ့။ |
| | – ၂၀၀၅ ခုနှစ် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့စဉ်ကပါဝင်ခဲ့ကာ ၂၀၀၇ ခုနှစ် စက်တင်ဘာလ လူထုလှုပ်ရှားမှု တွင် ပါဝင်ခဲ့သဖြင့် ၂၀၀၉ ခုနှစ်အထိ အကျဉ်းကျခံခဲ့ရ။ |

အတိုက်အခံတွေကြားထဲမှာရောပေါ့။ အရေးကြီးဆုံးပြဿနာကတော့ ယုံကြည်မှုတည်ဆောက်ခြင်းဟာ ယုံကြည်မှုတည်ဆောက်ခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရမ်းအရေးကြီးတယ်။ ပြဿနာက အမျိုးသားပြန်လည်သင့်မြတ်ရေးလို့ ပြောရင်တော့ လွယ်တယ်ဗျ။ ကျွန်တော် မပြောချင်ဘူး။ Trust Building ယုံကြည်မှုတည်ဆောက်ကြပါ။ ဒါလုပ်ဖို့အတွက် အချင်းချင်း အပြစ်မတင်ပါနဲ့တော့။ Positive Approach နဲ့သွားကြပါ။ အဲဒီလိုပဲ ကျွန်တော်ပြောချင်တယ်။

**L.C : မြန်မာနိုင်ငံမှာ နိုင်ငံရေးနဲ့ပတ်သက်ပြီး အယူအဆကွဲတာနဲ့ ပတ်သက်ပြီးပြောနေတာတွေရှိတယ်။ အရင်ကလည်း ရှိခဲ့တယ်။ အခုလည်း ရှိနေသေးတယ်။ နောင်လည်း ရှိနေ ဦးမယ်။ ဒါကပြဿနာတစ်ခုလို့ ပြောလို့ရလား။**

**KMYNT :** အယူအဆကွဲတာက ပြဿနာမဟုတ်ဘူး။ ကွဲမှာပဲ။ အရင်ကလည်းကွဲတယ်။ အခုလည်းကွဲတယ်။ နောင်နှစ်ပေါင်း ၅၀ မှာလည်း ကွဲဦးမှာပဲ။ အဲဒါက ပြဿနာမဟုတ်ဘူး။ အချိန်ကာလအကန့်အသတ်မရှိဘူး။ ဒါပေမဲ့ အဓိကအရေးကြီးတာက ရင့်ကျက်ဖို့ပဲလိုတယ်။ အယူအဆကွဲပြားမှုကို လက်ခံဖို့လိုတယ်။ အဲဒါ ဒီမိုကရေစီရဲ့အနှစ်သာရပဲ။ အဲတော့ အယူအဆကွဲတာက ပြဿနာမဟုတ်ဘူး။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ အခြေခံပေါ်မှာ မြန်မာတွေ ဆင်းရဲနေကြပြီ။ မြန်မာနိုင်ငံဟာ ကမ္ဘောဒီးယားနဲ့ယှဉ်လို့ရှိရင်၊ ဗီယက်နမ်နဲ့ယှဉ်လို့ရှိရင် နောက်ကျကျန်ခဲ့ပြီဆိုတဲ့ အသိစိတ်ပေါ်မှာ ဘယ်သူမှားတယ်၊ မှန်တယ်ဆိုတာကို မပြောတော့ဘဲနဲ့ လက်တွဲလုပ်နိုင်မယ်ဆိုရင် အကောင်းဆုံးအခြေအနေလို့ယူဆတယ်။

**L.C : ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပတာနဲ့ ပတ်သက်ပြီး ဘာဖြည့်စွက်ပြောချင်ပါသေးလဲ။**

**KMYNT :** ၂၀၁၀ ရွေးကောက်ပွဲက လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ရင်တော့ အကောင်းဆုံးပေါ့။ ဒီအတွက် လက်ရှိတည်ဆဲအစိုးရအနေနဲ့လည်းပဲ နိုင်ငံတကာအလယ်မှာ ဂုဏ်ကျက်သရေရှိစွာ လက်မထောင် ရပ်တည်လို့ရမယ်။ ပြည်သူတွေအတွက်လည်းပဲ စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးပေါ့။ တည်ဆဲအစိုးရကို လေးစားလာမယ်၊ ကြည်ညိုလာမယ်။ Trust Building ပေါ့။ ယုံကြည်မှုတည်ဆောက်ရေးအတွက် အားကောင်းလာမယ်။ လာမယ့်ရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရားမျှတမှုရှိခြင်းဟာ မြန်မာနိုင်ငံ အနာဂတ်အတွက် အလွန်အရေးကြီးပါတယ်။ လက်ရှိတည်ဆဲအစိုးရနဲ့ ပြည်သူတွေကြား၊ အတိုက်အခံအချင်းချင်းကြား၊ အတိုက်အခံနဲ့ ပြည်သူကြား၊ အတိုက်အခံနဲ့ အစိုးရကြား ယုံကြည်မှုတည်ဆောက်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်၊ မြန်မာနိုင်ငံဂုဏ်သိက္ခာအတွက်၊ မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ မြန်မာနိုင်ငံသားများအတွက် အရမ်းအရေးကြီးပါတယ်။ ဒါကြောင့် လာမယ့်ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ လက်ရှိတည်ဆဲအစိုးရကိုလည်း ကျွန်တော်ဆန္ဒပြုလိုပါတယ်။ လွတ်လပ်လေလေ ကောင်းလေလေပါပဲလို့။

**L.C : ကျေးဇူးတင်ပါတယ်။**

**KMYNT :** ဟုတ်ကဲ့။

**ကျော်ဇေယျာထွန်း**

www.foreverspace.com.mm



# ပါတီမိတ်ဆက်

၂၀၁၀ ရွေးကောက်ပွဲကျင်းပရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီမှတ်ပုံတင်ခွင့်များ စတင်ချထားပေးနေပြီဖြစ်ရာ အသစ်ပေါ်ထွန်းလာမည့် မြန်မာ့နိုင်ငံရေးသဏ္ဍာန်သစ်အတွက် အခရာဖြစ်သော လူထုအနေဖြင့် တန်ဖိုးရှိသောမဲတစ်ပြားကို အကျိုးရှိရှိအသုံးချနိုင်ရေးမှာ များစွာအရေးကြီးလှသည်။ သို့ကြောင့် The Voice Weekly အနေဖြင့် လူထု၏ အဆုံးအဖြတ် မှန်ကန်စေရေး၊ အသစ်ပေါ်ထွန်းလာမည့်လွှတ်တော်သုံးရပ်တွင် လူမှန်နေရာမှန်ရရှိစေရေး၊ ပြည်သူလူထုက မဲပေးရာတွင် မည်သူ့ကို၊ မည်သည့်ပါတီကို ရွေးချယ်မဲပေးသင့်သည်ဆိုသည်ကိုဆုံးဖြတ်နိုင်စေရေး စသည်တို့အတွက် ပါတီများနှင့် ပါတီခေါင်းဆောင်များ၏ အခြေအနေကို သိရှိနိုင်ရန် ပါတီမိတ်ဆက်ကဏ္ဍကို ဖွင့်လှစ်၍ မှတ်ပုံတင်ခွင့်ကျပြီးသောပါတီများကို အလျဉ်းသင့်သလို မိတ်ဆက် ဖော်ပြသွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစု
## Rakhine State National Force of Myanmar (RSNF)

### ❑ အလံအရောင်

– အနီရောင်နှင့် အပြာရောင်အောက်ခံပေါ်တွင် အဖြူရောင်တြိဂံနှင့် ကြယ်လေးပွင့်



### ❑ အမျိုးအစား

– ပြည်ထောင်စုတစ်ဝန်းလုံး ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။

### ❑ ပါတီရည်ရွယ်ချက်

– မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့ကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များ လက်တွဲပါဝင်သည့် ဒီမိုကရေစီအစိုးရ၏ ဦးဆောင်မှုဖြင့် ပိုမိုရင့်ကျက်မှုရှိသည့် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသော လူနေမှုဘဝစနစ်တကျ အမြန်ဆုံးဖြစ်ပေါ်စေရန်။

### ❑ လိပ်စာ၊ ဖုန်းနံပါတ်

– အမှတ်–၆၄၊ ၅ လွှာ၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
– အမှတ်–၁၃၊ သ/မ(၄)ဝင်း၊ ၁၃ရပ်ကွက်၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
– ဖုန်း–၀၉–၈၅၃၂၂၇၇

## ဦးအေးကြိုင် (ဥက္ကဋ္ဌ)



❑ **နိုင်ငံရေးလှုပ်ရှားမှု**

– ရခိုင်ပြည်နယ် အမျိုးသားအင်အားစုအဖွဲ့တွင်ဥက္ကဋ္ဌတာဝန်ယူခဲ့။
– ခုမြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်။

## ဦးစံတင့် (ဒုတိယဥက္ကဋ္ဌ)



❑ နိုင်ငံရေးလှုပ်ရှားမှု

– ရခိုင်ပြည်နယ်အမျိုးသားအင်အားစုအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ တာဝန်ယူခဲ့။
– ယခုမြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်။

## ဦးမြင့်ဇော် (အထွေထွေအတွင်းရေးမှူး)



❑ **နိုင်ငံရေးလှုပ်ရှားမှု**

– ရခိုင်ပြည်နယ်အမျိုးသားအင်အားစုအဖွဲ့တွင် အထွေထွေအတွင်းရေးမှူးတာဝန်ယူခဲ့။
– ယခု မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီတွင် အထွေထွေအတွင်းရေးမှူးအဖြစ်တာဝန်ထမ်းဆောင်။

## ဦးမောင်အုန်းတင် (တွဲဖက်အထွေထွေအတွင်းရေးမှူး)

❑ **နိုင်ငံရေးလှုပ်ရှားမှု**

- ရခိုင်ပြည်နယ်အမျိုးသားအင်အားစုအဖွဲ့တွင် တွဲဖက်အထွေထွေအတွင်းရေးမှူးတာဝန်ယူခဲ့။
- ယခုမြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီတွင် တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ်တာဝန်ထမ်းဆောင်။



## ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ
## Shan Nationalities Domocratic Party (SNDP)

❑ **အလံအရောင်**

- အစိမ်းရောင်နှင့် အနီရောင် နောက်ခံထား၍ အလယ်တွင် အဖြူရောင် စက်ဝိုင်းပုံ





❑ **အမျိုးအစား**

- ပြည်ထောင်စုတစ်ဝန်းလုံး ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။

❑ **မူဝါဒ**

- လူလူချင်းဖိနှိပ်ချုပ်ချယ်မှုကင်းခြင်း၊ တိုင်းရင်းသားလူမျိုးများအကြား ရင်းနှီးချစ်ကြည်ခြင်း၊ လူမှုအခြေခံအခွင့်အရေးများတန်းတူညီမျှမှုရရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနှင့် ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မှသာလျှင် စည်းလုံးညီညွတ်၍ တည်ငြိမ်အေးချမ်းကာ တည်တံ့ခိုင်မာသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု အလေးအနက်ယုံကြည်သည်။

❑ **လိပ်စာ၊ ဖုန်းနံပါတ်**


- အမှတ်–၉၊ သစ္စာဥယျာဉ် အိမ်ရာ၊ သစ္စာလမ်း(၈) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၀၈၂၂၉၊ ၅၇၃၀၉၂



### ဦးစိုင်းအိုက်ပေါင်း (ဥက္ကဋ္ဌ)

❑ နိုင်ငံရေးအတွေ့အကြုံ

- ၁၉၈၉ မှ ၁၉၉၆ ခုနှစ်အထိ နိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်ခဲ့။



### ဦးစိုင်းဆောင်ဆီ
### ဒုတိယဥက္ကဋ္ဌ

❑ **နိုင်ငံရေးအတွေ့အကြုံ**


- ၁၉၈၉ မှ ၂၀၀၄ ခုနှစ်အထိ နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့။



### ဦးစိုင်းလှကျော်
### ဗဟိုအလုပ်အမှုဆောင်

❑ နိုင်ငံရေးအတွေ့အကြုံ

- မရှိ



### ဦးစပ်ယွန်းပိုင်
### ဗဟိုအလုပ်အမှုဆောင်

❑ နိုင်ငံရေးအတွေ့အကြုံ

- မရှိ

## အမျိုးသားဒီမိုကရေစီအင်အားစု
## National Democratic Force - NDF

❑ **အလံအရောင်**

- အနီရောင်အောက်ခံတွင် အဖြူရောင်ကြယ်ပွင့်



❑ **အမျိုးအစား**

- ပြည်ထောင်စု တစ်ဝန်းလုံး ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။

❑ **ပါတီဆောင်ပုဒ်**

- ပြည်သူ့အတွက် မျှော်လင့်ချက် ဒီမိုကရေစီ NDF

❑ **လိပ်စာ၊ ဖုန်းနံပါတ်**

- တိုက်အမှတ် (၃)၊ အခန်း (၁၀၃)၊ ဒဂုံလွှင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၅၅၁၆၅၄



www.foreverspace.com.mm

www.foreverspace.com.mm



## ဦးခင်မောင်ဆွေ

## နိုင်ငံရေးခေါင်းဆောင်



❑ နိုင်ငံရေးအတွေ့အကြုံ

– ကျောင်းသားတပ်ဦးအဖွဲ့ဝင်၊ ၁၉၈၈ တွင် ရန်ကုန်မြေပ်ပေါင်းစုံသမဂ္ဂအတွင်းရေးမှူး (ရုံးချုပ်သမဂ္ဂ)၊ မကွေးတိုင်း ဗဟိုဦးစီး(စည်းရုံးရေးမှူး)၊ ရွေးကောက်ပွဲတွင် စမ်းချောင်းမြို့နယ်မှ ဝင်ရောက်အရွေးခံ၊ ၁၉၉၀ ဇူလိုင်လ ၂၀တွင် NLD ဗဟိုအလုပ်အမှုဆောင်၊ မေလ ၆ရက်နေ့ နောက်ပိုင်းတွင် NDF ပါတီကိုဖွဲ့စည်းထူထောင်ခဲ့။

## ဒေါက်တာသန်းငြိမ်း

## ဥက္ကဋ္ဌ



❑ နိုင်ငံရေးအတွေ့အကြုံ

– ၁၉၈၈ အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သဖြင့် အလုပ်မှ အငြိမ်းစားပေးခြင်းခံခဲ့ရ။ ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက်နေ့တွင် ထိန်းသိမ်းခံခဲ့ရ၊

– ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်တာဝန်ကို ပေးအပ်ခြင်းခံခဲ့ရသည်။ ယခု NDF တွင် ဥက္ကဋ္ဌတာဝန်ယူလျက်ရှိသည်။

## ဒေါက်တာဝင်းနိုင် (တည်ထောင်သူအဖွဲ့ဝင်)

❑ နိုင်ငံရေးအတွေ့အကြုံ

– ၁၉၈၁ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ပြင်ပဆရာဝန်၊ ၁၃၅၀ ပြည့် (၁၉၈၈ ခုနှစ်) အရေးတော်ပုံတွင် ပါဝင်ခဲ့သည်။ သန်လျင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဦးဆောင်တာဝန်ယူခဲ့သည်။

– ရန်ကုန်တိုင်းအတွင်းရေးမှူးတာဝန်နှင့် ဗဟိုအလုပ်အမှုဆောင်အထောက်အကူပြုအဖွဲ့တွင် တာဝန်ယူခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်တာဝန်ကိုပေးအပ်ခြင်းခံခဲ့ရသည်။

## ဦးသိန်းညွှန့် (မောင်သိန်းညွှန့်-ကော့ကရိတ်)

## ဒုတိယနိုင်ငံရေးခေါင်းဆောင်

❑ နိုင်ငံရေးအတွေ့အကြုံ

– ကျောင်းသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့သဖြင့် ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၁၉၆၇ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့အထိ မော်လမြိုင်ထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားခြင်းခံခဲ့ရ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဥပဒေဌာနနှင့် မွန်ပြည်နယ် အဖွဲ့အစည်းအဖွဲ့ဝင် တာဝန်များကို ပူးတွဲထမ်းဆောင်ခဲ့သည်။ ဗဟိုအလုပ်အမှုဆောင် အထောက်အကူပြုအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၁၄ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်တာဝန်ကို ပေးအပ်ခြင်းခံခဲ့ရ။

## ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်

## Union Kayin League

❑ **အလံအရောင်**

– အပြာရောင်အောက်ခံတွင် အဖြူ၊ အနီ လေးထောင့်အကွက်နှင့် ရိုးရာတံဆိပ်။






❑ **အမျိုးအစား**

– ပြည်ထောင်စုတစ်ဝန်းလုံး ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။

❑ **ပါတီမူဝါဒ**

– ကရင်အမျိုးသားတိုင်း ဒီမိုကရေစီထွန်းကားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူအောင် လေ့ကျင့်ပေးရန်၊ ကရင်အမျိုးသားများကို ပြည်ထောင်စုကြီး၏ သားကောင်းရတနာများနှင့် ပြည်ထောင်စုကြီးနှင့်ပတ်သက်၍ ကျရောက်သောတာဝန်ကိုသိသော ခေါင်းဆောင် ကောင်းများဖြစ်အောင် လေ့ကျင့်ပေးရန်။

❑ **လိပ်စာ၊ ဖုန်း**

– အမှတ်(၁)၊ စောတေလိန်း–ဦးလူနီလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၂၁၄၃၇၂

## ဦးစောသန်းအောင် (ဥက္ကဋ္ဌ)

## ဦးမန်းစိုးရွှေ (ဒုတိယဥက္ကဋ္ဌ)

## ဦးမန်းသိန်းဝင်းရွှေ (ဗဟိုအလုပ်အမှုဆောင်)

❑ နိုင်ငံရေးအတွေ့အကြုံ

– ၁၉၉၃ တွင် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်သို့

www.foreverspace.com.mm





စတင်ဝင်ရောက်၍ အရန်ပါတီဝင်အဖြစ် ဆောင်ရွက်၊ ၂၀၁၀ ပါတီ ပြန်လည်ဖွဲ့စည်းရာတွင် ဗဟိုအလုပ်အမှုဆောင်တာဝန်ယူ။

## ကမန်အမျိုးသားတိုးတက်ရေးပါတီ

❑ **အလံအရောင်**

– အောက်ခံအရောင်စိမ်းပြာနီပေါ်တွင် အဖြူရောင်ကြယ်ခုနစ်ပွင့်





❑ **အမျိုးအစား**

– ရခိုင်ပြည်နယ် ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။

❑ **ပါတီမူဝါဒ**

– အကြမ်းဖက်ဝါဒနှင့် အခြားအစွန်းရောက်သည့် မည်သည့်ဝါဒမျိုးကိုမဆို ဆန့်ကျင်သွားရေး။

– နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရေး။

– မြန်မာလူ့အဖွဲ့အစည်းတွင် အကျိုးမပြုသည့် အတွေးအခေါ် အယူအဆများ ပပျောက်ချုပ်ငြိမ်းသွားအောင် ပညာပေးစည်းရုံးရေး။

❑ **လိပ်စာ၊ ဖုန်းနံပါတ်**

– အမှတ်–၄၆၀၊ ၄လွှာ၊ မြလေးရုံလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။

– ၀၉–၈၀၂၂၅၃၈




**ဦးဇော်ဝင်း**

**ဥက္ကဋ္ဌ**

❑ နိုင်ငံရေးအတွေ့အကြုံ

– မရှိ



**ဦးလှတိုး**

**ဒုတိယဥက္ကဋ္ဌ - ၁**

❑ နိုင်ငံရေးအတွေ့အကြုံ

– မရှိ



**ဦးထွန်းငွေ**

**ဒုတိယဥက္ကဋ္ဌ - ၂**

❑ နိုင်ငံရေးအတွေ့အကြုံ

– မရှိ



**ဦးတင်လှိုင်ဝင်း**

**အတွင်းရေးမှူး**


❑ နိုင်ငံရေးအတွေ့အကြုံ

– မရှိ

## ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ

❑ **အလံအရောင်**

– အဝါရောင်အောက်ခံတွင် အဖြူရောင်လွတ်လပ်ရေးကျောက်တိုင်ပုံ





❑ **အမျိုးအစား**

– ပြည်ထောင်စု တစ်ဝန်းလုံးကိုယ် စားပြုယှဉ်ပြိုင်မည့်ပါတီ။

❑ **ပါတီမူဝါဒ**

– မတူကွဲလွဲသော အမျိုးသားအချင်းချင်းဖြစ်ပွားသည့် ပဋိပက္ခမှ အရပ်ရပ်ကို ဖြေရှင်းရာတွင် 'လက်စားမချေ၊ သင်ပုန်းချေရေး' ဟူသည့် 'ချေ'နှစ် 'ချေ'လမ်းစဉ်ကို ကျင့်သုံးရန်၊ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်မည့် တန်းတူရည်တူ ဆွေးနွေးညှိနှိုင်းအဖြေရှာနည်းဖြင့် အမျိုးသားရင်ကြားစေ့ရေးမှသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့ရရှိအောင် ဆောင်ရွက်ရန် အမျိုးသားပြန်လည်တည်ဆောက်ရေးကို ဆောင်ရွက်မည်။

❑ **လိပ်စာ၊ ဖုန်းနံပါတ်**

– အမှတ်–၁၀၃၊ တတိယထပ်၊ သမိန်ဗရမ်းလမ်း၊ တာမွေ(ကဃ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။ ၃၈၄၄၆၅၊ ၃၉၁၃၃၂

www.foreverspace.com.mm

## ဦးအောင်သန်း (ဥက္ကဋ္ဌ)



❑ နိုင်ငံရေးအတွေ့အကြုံ

– ၁၉၈၈ ခုနှစ်မှစ၍ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်တွင် ဗဟိုအသိပညာရေးရာကော်မတီတွဲဖက်အတွင်းရေးမှူး (ရန်ကုန်တိုင်း)၊ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်ခဲ့။

## ဦးစိုးမောင် (ဒုတိယဥက္ကဋ္ဌ-၁)



❑ နိုင်ငံရေးအတွေ့အကြုံ

– ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီခေတ်သစ်တည်ဆောက်ရေးတောင်သူလယ်သမားအဖွဲ့ချုပ်တွင် အထွေထွေအတွင်းရေးမှူးအဖြစ်ဆောင်ရွက်၊ ၁၉၉၀ ပြည့်နှစ်တွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဗဟို အလုပ်အမှုဆောင်(စည်းရုံးရေးရာဌာနကြီး) အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့။

## ဦးတင်ထွေး (ဒုတိယဥက္ကဋ္ဌ-၂)



❑ နိုင်ငံရေးအတွေ့အကြုံ

– ဦးသန့်အရေးအခင်းတွင် သပိတ်ကျောင်းသားတစ်ဦးအဖြစ်ပါဝင်၊ ၁၉၈၈ အရေးအခင်းတွင် သပိတ်မှောက်ကျောင်းသားကြီးအဖြစ်ပါဝင်၊ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီတွင် ဥက္ကဋ္ဌတာဝန်ယူခဲ့၊ ၁၉၉၀ ပြည့်နှစ်တွင် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီဗဟိုအလုပ်အမှုဆောင်အဖြစ် တာဝန်ယူဆောင်ရွက်။

## ဦးလှမျိုးမြင့် (အထွေထွေအတွင်းရေးမှူး)

❑ နိုင်ငံရေးအတွေ့အကြုံ

– ၁၉၆၉ ကျွန်းဆွယ်အရေးအခင်း ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့၊ ၁၉၇၀ ရန်ကုန်ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ရွှေရတုအရေးအခင်းတွင် ပါဝင်ခဲ့၊ ၁၉၇၄ အလုပ်သမားအရေးအခင်းဖြစ်ပွားချိန်တွင် မရမ်းကုန်းနယ်မြေမှ အလုပ်သမားအဖြစ် ပါဝင်ခဲ့၊ ၁၉၇၅ ဦးသန့်အရေးအခင်းတွင်ပါဝင်လှုပ်ရှားခဲ့။ ၁၉၇၈ စ.စ.စ(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)ဥပဒေနှင့် အကျိုးဆောင်ဌာနတွင် အမှုလိုက်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ကာ ၁၉၈၈ အရေးအခင်းတွင် ပါဝင်သဖြင့် ၃၀-၉-၈၈ တွင် အငြိမ်းစားပေးခဲ့။ ၁၉၈၉ ရှေ့နေအဖြစ် စတင်လုပ်ဆောင်စဉ် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ဖွဲ့စည်းမှု၌ ပါဝင်ဆောင်ရွက်ခဲ့။



# အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်(NPA)

❑ **အမျိုးအစား**

– ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။



❑ **ပါတီကြွေးကြော်သံ**

– ငြိမ်းချမ်းရေးသည် ပထမ

– ဒီမိုကရေစီရေးသည် အဓိက

– ပြည်သူ့ဘဝပြောင်းလဲတိုးတက်ရေးသည် ပဓာန

❑ **အဓိကကျသည့်လုပ်ငန်းစဉ်**

– လုပ်ငန်းစဉ်ကဏ္ဍ ၁၅ ရပ်ခွဲထားပြီး ဥပဒေပြုရေးကဏ္ဍတွင် 'ဒီမိုကရေစီနည်းလမ်းတကျ ပြည်သူလူထုမှ လွတ်လပ်စွာ ရွေးကောက်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များမှ လွှတ်တော်အဆင့်ဆင့်တွင် ပြည်သူ့အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ ပြုစုပြဋ္ဌာန်းသွားရေး ဖော်ဆောင်မည်။

❑ **လိပ်စာ/ဖုန်းနံပါတ်**

– အခန်း (၇)၊ တိုက်အမှတ် (၄၉)၊ ၁၆ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၉၆၆၉၃၊ ၀၉-၅၂၀၃၀၉၁၊ ၀၄၅၄၈၁၂၆၊ ၀၉-၂၂၀၁၁၄၁

## ဦးတင်ထွန်းမောင် (ဥက္ကဋ္ဌ)



❑ မိဘအမည်

– ဦးလှမောင်-ဒေါ်စောညွန့်

❑ မွေးသက္ကရာဇ်

– (၂၇-၁၁-၄၄)

❑ နိုင်ငံရေးအတွေ့အကြုံ

www.foreverspace.com.mm



– ၁၉၈၈မှ၁၉၉၀ထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မင်္ဂလာဒုံမြို့နယ်(အတွင်းရေးမှူး၊ ဥက္ကဋ္ဌ)တာဝန်ယူ၊ (၁၉၉၀)မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရ၊ ၁၉၉၀ မှ ၁၉၉၉ထိ NLD ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီအတွင်းရေးမှူး၊ ၁၉၉၃ မှ ၁၉၉၅ ထိ NLD ကိုယ်စားပြုအမျိုးသားညီလာခံကိုယ်စားလှယ်၊ ၁၉၉၉ တွင် အဖွဲ့ချုပ်တည်တံ့ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အကြံပြုစာတမ်းများကြောင့် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှပယ်ဖျက်၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ်ရပ်တည်ခဲ့။ ၂၀၀၃ မှ ၂၀၀၇ အထိ အမျိုးသားညီလာခံကိုယ်စားလှယ်၊ ၂၀၀၅ မှ ၂၀၀၈ အထိ အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးဟောပြောပွဲများ ဆောင်ရွက်ခဲ့၊ ၂၀၀၉ မှ ယနေ့ထိ အမျိုးသားနိုင်ငံရေး ဆောင်ရွက်ရန်အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်အား ဆန္ဒတူညီသူများနှင့် ပူးပေါင်းတည်ထောင်ခဲ့။

## ဦးကြည်ဝင်း (ဒုတိယဥက္ကဋ္ဌ-၁)



- မိဘအမည်
– ဦးမြင့်ဝေ–ဒေါ်အေးအေး
- မွေးသက္ကရာဇ်
– ၁၂–၉–၄၉
- နိုင်ငံရေးအတွေ့အကြုံ
– ၁၉၈၉ ခုနှစ် NLD ပါတီ မင်္ဂလာဒုံမြို့နယ်အတွင်းရေးမှူး၊ ၁၉၈၉/၉၀ NLD ပါတီ ရန်ကုန်တိုင်း စည်းရုံးရေးအဖွဲ့ဝင်၊ ၁၉၉၀ ရွေးကောက်ပွဲတွင် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်၊ ၁၉၉၁ ရန်ကုန်တိုင်းစည်းရုံးရေးဌာနမှူး၊ ၁၉၉၃ NLD ပါတီ ကိုယ်စားပြုအမျိုးသားညီလာခံကိုယ်စားလှယ်၊ ၂၀၀၄ တွင် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားညီလာခံကိုယ်စားလှယ်၊ ၂၀၀၆မှ ၂၀၀၈ထိ အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုအဖြစ် စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအမျိုးသားရေးလှုပ်ရှားမှုဆောင်ရွက်ခဲ့၊ ၂၀၀၉ အမျိုးသား နိုင်ငံရေးမဟာမိတ်များအဖွဲ့တွင် ပူးတွဲလုပ်ငန်းကော်မတီ ဗဟိုသဘာပတိအဖွဲ့ဝင်အဖြစ် တာဝန်ယူလျက်ရှိ။

## ဦးအုန်းလွင် (ဒုတိယဥက္ကဋ္ဌ-၂)

- မိဘအမည် – ဦးဖြူ+ဒေါ်လတ်မ
- မွေးသက္ကရာဇ် – ၂၁–၂–၁၉၄၃
- နိုင်ငံရေးအတွေ့အကြုံ – ၁၉၅၈ ခုနှစ် ပြည်ထောင်စုလူငယ်အဖွဲ့ဝင်၊ ၁၉၆၇ ခုနှစ်တွင် နိုင်ငံရေးဘောဂဗေဒသုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးကျောင်းတော်သားစုအဖွဲ့ဝင်၊



၁၉၈၉ တွင် ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် အရန် ဗဟိုကော်မတီနှင့် မြင်းခြံမြို့နယ်အတွင်းရေးမှူး၊ ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးရေးပါတီ ဖျက်သိမ်းပြီးနောက်တွင် ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုအမည်ဖြင့် ဆက်လက်၍ နိုင်ငံရေးလှုပ်ရှားခဲ့၊ ၂၀၀၅ ခုနှစ်တွင် နိုင်ငံရေးဘောဂဗေဒလေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစု အထွေထွေအတွင်းရေးမှူး၊ ၂၀၀၇ ခုနှစ်တွင် အမျိုးသားနိုင်ငံရေးအင်အားစုများနှင့် အလုပ်တူညီညွတ်ရေးပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့၊ ၂၀၀၉ ခုနှစ်မှစတင်၍ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်တွင် ပါဝင်ဆောင်ရွက်ခဲ့။

## ဦးတင်ဝင်း (အထွေထွေအတွင်းရေးမှူး)



- မိဘအမည်
– ဦးသာမောင်–ဒေါ်မြသိန်း
- မွေးသက္ကရာဇ်
– ၂၄–၂–၅၅
- နိုင်ငံရေးအတွေ့အကြုံ
– ၁၉၈၈ ခုနှစ် NLD ပါတီ ကျိုက်လတ်မြို့နယ်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ် ကျိုက်လတ်မြို့နယ်ဥက္ကဋ္ဌ၊ ၎င်းနောက် ဧရာဝတီတိုင်း စည်းရုံးရေးအဖွဲ့ဝင်၊ ၁၉၉၀ ပြည့်နှစ် ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ်(၂)မှအနိုင်ရ၊ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံတက်ရောက်၊ ၂၀၀၄ ခုနှစ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ညီလာခံတက်ရောက် ခဲ့၊ ၂၀၀၆ မှ ၂၀၀၉ ခုနှစ် အတွင်း အမျိုးသားရေးအင် အားစုများ လှုပ်ရှားမှုများတွင် ပါဝင်ခဲ့၊ ၂၀၀၉ ခုနှစ်တွင် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်တွင် ဗဟိုသဘာပတိအဖြစ်တာဝန်ထမ်းဆောင်။

## ဦးဝင်းဇော် (အတွင်းရေးမှူး-၁)

- မိဘအမည် – (ဦးအောင်ကြည်)–ဒေါ်မြဟန်
- မွေးသက္ကရာဇ် – ၂၈–၈–၁၉၆၂
- နိုင်ငံရေးအတွေ့အကြုံ




– ၁၉၈၉ မိတ္ထီလာခရိုင် ကျောင်း သားများသမဂ္ဂ ဥက္ကဋ္ဌနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မြို့နယ် လူငယ်အဖွဲ့ဝင်၊ ၁၉၉၇ တွင် မိတ္ထီလာခရိုင် NLD လူငယ်

www.foreverspace.com.mm

တာဝန်ခံ၊ ၁၉၉၈/၉၉ မန္တလေး တိုင်းလူငယ်လုပ်ငန်းအဖွဲ့ဝင်နှင့် NLDဗဟိုလူငယ်အထောက်အကူပြုတာဝန်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အင်အားစုများ၏ ဗဟို သဘာပတိအဖွဲ့ဝင်နှင့် အထက်မြန်မာပြည်ဆက်သွယ်ရေး တာဝန်ယူခဲ့။

## ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ



- ❑ **အမျိုးအစား**
- – ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။
- ❑ **ပါတီဆောင်ပုဒ်**
- – ရခိုင်ပြည်နယ်သည် ရခိုင်တိုင်းရင်းသားများအတွက်။
- ❑ **လိပ်စာ၊ ဖုန်းနံပါတ်**
- – အမှတ် (၄၁)၊ ခေါင်းလောင်းလမ်း၊ လမ်းမတော်တောင်ရပ်ကွက်၊ စစ်တွေမြို့။
- – အမှတ် (၈၀)၊ ၄၃ လမ်း၊ အမှတ် (၈) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၄၀၄၀၇

### ဒေါက်တာအေးမောင် (ဥက္ကဋ္ဌ)


- ❑ **အဘအမည်** – ဦးမောင်လှစိန်
- ❑ **မွေးသက္ကရာဇ်** – နိုဝင်ဘာလ ၁၁ ရက်၊ ၁၉၅၇
  – ရခိုင်/ ဗုဒ္ဓဘာသာ
- ❑ **နိုင်ငံရေးအတွေ့အကြုံ** – နိုင်ငံရေးလှုပ်ရှားမှုတိုတိုပပ မပါဝင်ခဲ့၊ ယခုရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီတွင် ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်။

### ဦးလှစော (မောင်ခိုင်အောင်-စစ်တွေ) အထွေထွေအတွင်းရေးမှူး

- ❑ **အဘအမည်** – ဦးအောင်လှဖံ
- ❑ **မွေးသက္ကရာဇ်** – မေလ ၂၇ရက်၊ ၁၉၅၃၊ ရခိုင်/ ဗုဒ္ဓဘာသာ
- ❑ **နိုင်ငံရေးအတွေ့အကြုံ**
- – ၁၉၉၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ရခိုင်ဒီမိုကရေစီအဖွဲ့မှ ပါဝင်လှုပ်ရှားခဲ့၊ ယခုရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီတွင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်။

**မှတ်ချက်– ရန်ကုန်တိုင်းရုံးခွဲထံမှ ဓာတ်ပုံများ မရရှိပါသဖြင့် ဓာတ်ပုံပြည့်စုံစွာဖော်ပြနိုင်ခြင်းမရှိပါ။**

## ခေတ်သစ်ပြည်သူ့ပါတီ



- ❑ **အမျိုးအစား**
- – ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။
- ❑ **ပါတီမူဝါဒ**
- – အကန်းယုံ၊ အရမ်းယုံ မယုံကြဘဲ သိပ္ပံပညာ မျက်စိနဲ့သာ ဆင်ခြင်ကြပါစို့။
- – ဆင်ခြင်တုံတရားမဲ့၊ ဆန္ဒစွဲယုံကြည်မှုတွေကို စွန့်လွှတ်ပြီး အသိအလိမ္မာဉာဏ်ပညာကိုသာ အားကိုးကြပါစို့။
- – စနစ်တကျ လေ့လာသုံးသပ်မှုကင်းမဲ့တဲ့ဘဝကို စွန့်လွှတ်ပြီး လေးနက်တဲ့အဘိဓမ္မာပေါ်မှာသာ အခြေခံကြပါစို့။
- ❑ **လိပ်စာ၊ ဖုန်းနံပါတ်**
- – အမှတ်–၂၅၅၊ ၅ လွှာ(ဘီ)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် (၃၉× ၄၀) လမ်းကြား၊ (၈) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- – ဖုန်း–၅၀၄၈၈၂၊ ၀၉–၅၀၂၉၈၄၅

### ဦးထွန်းအောင်ကျော်(ဥက္ကဋ္ဌ)



- ❑ မွေးသက္ကရာဇ်
- – ၇–၇–၁၉၄၆
- ❑ နိုင်ငံရေးအတွေ့အကြုံ
- – တန်းမြင့်ကျောင်းထွက် လက်မှတ်ရစာမေးပွဲဖြေဆို အောင်မြင်ပြနောက် အလံနီကွန်မြူနစ်ပါတီသို့ စတင် တောခိုဝင်ရောက်ခဲ့။ အလံနီကွန်မြူနစ်ပါတီတွင် ခရိုင်ရုံးတာဝန်ခံနှင့် တောင်ပိုင်းဗျူရိုယာယီ ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့။ ၁၉၆၈ ခုနှစ်တွင် အဖမ်း ခံရပြီး ပုဒ်မ ၁၇ (၁) (၂) ဖြင့် ထောင်ဒဏ်သုံးနှစ်အပြစ်ပေးခံရ။

### ဦးတင်စိုး (ဒုတိယဥက္ကဋ္ဌ)

- ❑ မွေးသက္ကရာဇ်
- – ၁၂၉၂ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
- ❑ နိုင်ငံရေးအတွေ့အကြုံ
- – ဗမာနိုင်ငံလုံးဆိုင်ရာလူငယ်များအစည်းအရုံးဝင်(ဗ.လ.စ) အဖြစ်လည်းကောင်း၊ ၁၉၅၈ ခုနှစ်တွင် လူငယ်တပ်ဦးမြို့နယ်

www.foreverspace.com.mm



ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့နယ်သတင်းထောက် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၆၂ခုနှစ်တွင် အလံနီပါတီ မြေအောက်တောတွင်းလက်နက်ကိုင်ဘဝဖြင့်လည်းကောင်း၊ အလံနီပါတီမြို့နယ်ကော်မတီ အဆင့်ဖြင့် လည်းကောင်း နိုင်ငံရေးလှုပ်ရှားဆောင်ရွက်ခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် လက်နက်ကိုင်လမ်းစဉ်မှားယွင်းကြောင်း အတွေ့အကြုံဘဝပေးအသိဖြင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ကာ ဥပဒေဘောင်အတွင်းသို့ အလင်းဝင်ရောက်ခဲ့။

- အလင်းဝင်ရောက်ပြီး အကျဉ်းထောင်မှ သခင်စိုး လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာချိန်တွင် သခင်စိုးအနီး၌ Study Group ဘဝဖြင့် ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒပညာကို အထူးသဖြင့်လေ့လာခဲ့။
- တပ်မတော်အစိုးရခေတ်ပါတီစုံကာလတွင် ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဗဟိုနိုင်ငံရေး ဦးဆောင်မှုအဖွဲ့အဖြစ်တာဝန်ယူခဲ့ပြီး ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုတွင် တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့။

## ဦးသိန်းရွှေ (အထွေထွေအတွင်းရေးမှူး)



- ❑ မွေးသက္ကရာဇ်
- – ၁၄–၆–၁၉၅၁၊
- ❑ နိုင်ငံရေးအတွေ့အကြုံ
- – ၁၉၈၆ ခုနှစ်ကစပြီး ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒပညာရပ်ကို စတင်လေ့လာခဲ့။ ယခုအခါ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုတွင် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်။

## ဦးလှသိန်း

## (ဗဟိုအလုပ်အမှုဆောင်တွဲဖက်အထွေထွေအတွင်းရေးမှူး -၁)


- ❑ မွေးသက္ကရာဇ်
- – ၉–၁၂–၅၄
- ❑ နိုင်ငံရေးအတွေ့အကြုံ
- – ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်လာရာ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားကို ကိုင်စွဲပြီး နိုင်ငံတော်ဘက်မှ ရပ်တည်ဆောင်ရွက်နိုင်ခဲ့။ ပါတီများဖွဲ့ခွင့်ရသောအခါ ညီညွတ်ရေးနှင့်ဖွံ့ဖြိုး တိုးတက်ရေးပါတီ၊ မြို့နယ်ပါတီ၊ ကော်မတီ/ဝါဒ၊ ဖြန့်ချိရေးနှင့် ပြန်ကြားရေးတာဝန်ခံအဖြစ် တာဝန်ယူခဲ့။
- – ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစု ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်ရင်း ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် 'ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအင်အားစုများ'အဖွဲ့၌လည်း ပူးတွဲလုပ်ငန်းကော်မတီခေါင်းဆောင်အဖြစ် အဖွဲ့ကိုယ်စားတာဝန်ယူဆောင်ရွက်ခဲ့။



- – ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုတွင် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့။

# ချင်းတိုးတက်ရေးပါတီ
# (CHIN PROGRASSIVE PARTY)





### ❑ အမျိုးအစား

- – ပြည်ထောင်စုတစ်ဝန်းလုံး ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီဖြစ်သည်။

### ❑ ပါတီဆောင်ပုဒ်

- – ချင်းဒေသများနှင့် တိုင်းရင်းသားများအားလုံးတိုးတက်စေရမည်။

### ❑ အဓိကကျသည့်လုပ်ငန်းစဉ်များ

- – လုပ်ငန်းစဉ် ၁၀ ရပ်ချမှတ်ထားပြီး ယင်းတို့မှ လုပ်ငန်းစဉ်တစ်ခုမှာ–
- – ချင်းတိုင်းရင်းသားများ၏ ပထဝီအနေအထား၊ သမိုင်းနောက်ခံ၊ ဘာသာစကား၊ စာပေယဉ်ကျေးမှုနှင့် ကိုက်ညီတိုးတက်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို လွတ်လပ်စွာ ချမှတ်အကောင်အထည်ဖော်မည်။

### ❑ ပါတီရုံးချုပ်လိပ်စာ၊ ဖုန်းနံပါတ်

- – တိုက် (၂)၊ အခန်း (၂၂)၊ နာနတ်တောလမ်း၊ အမှတ် (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၉၅–၁–၅၃၇၃၅၂

www.foreverspace.com.mm

## ဦးလှကြယ် (ဥက္ကဋ္ဌ)



- ❑ **မွေးသက္ကရာဇ်**
  - ဖေဖော်ဝါရီ ၁၅၊ ၁၉၄၅။
- ❑ **နိုင်ငံရေးလှုပ်ရှားမှု**
  - ချင်းလူမှုရေးအသင်းအလုပ်အမှုဆောင်၊ မတူပီလူမှုရေးအသင်းနာယက
  - နိုင်ငံရေးအတွေ့အကြုံမရှိ

## ဦးနိုထန်ကယ် (ဒုတိယဥက္ကဋ္ဌ-၁၊ ပြောရေးဆိုခွင့်ရှိသူ)




- ❑ **မွေးသက္ကရာဇ်**
  - ဩဂုတ်လ ၃၀၊ ၁၉၅၅
- ❑ **နိုင်ငံရေးအတွေ့အကြုံ**
  - CNF၊ NDF၊ DAB၊ FHP၊ FP
  - ချင်းအမျိုးသားတပ်ဦး (CNF) တွင်ဥက္ကဋ္ဌ တာဝန်ရယူခဲ့။


## ဦးစွမ်းထပ် (ဒုတိယဥက္ကဋ္ဌ -၂)

- ❑ **မွေးသက္ကရာဇ်**
  - မေလ ၁၉၊ ၁၉၅၀
- ❑ **နိုင်ငံရေးလှုပ်ရှားမှု**
  - နိုင်ငံရေးအတွေ့အကြုံမရှိ

**မှတ်ချက် – အချိန်မီဓာတ်ပုံမရပါသဖြင့် ဖော်ပြနိုင်ခြင်းမရှိပါ။**

# ဒီမိုကရက်တစ်ပါတီ (မြန်မာ)





### ❑ အမျိုးအစား

ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ

### ❑ ပါတီဆောင်ပုဒ်

ကောင်းကျိုးအထွေထွေနဲ့ ချွန်စေမြစေသော်၊
ဒေါင်းအိုးဝေကဲ့သို့ တွန်စေကစေသော်။

### ❑ အဓိကကျသည့်လုပ်ငန်းစဉ်များ

စီးပွားရေးဖွံ့ဖြိုးစေရန် အလေးပေးဆောင်ရွက်မည့် တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ငန်းလုပ်ဆောင် ခွင့်ပိုရရန်၊ အခွင့်အရေးရရန် ဆောင်ရွက်မည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ရန် ဖိတ်ခေါ်ခြင်း၊ လိုအပ်သည့်ဥပဒေ၊ အခြေခံအဆောက်အဦများ ပြင်ဆင်ပေးမည်။ မြန်မာနိုင်ငံ၏ မြေယာ၊ လုပ်သားပေါများမှုကို အသုံးပြု၍ ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်လာအောင် ဆောင်ရွက်မည်။ အနောက်နိုင်ငံများ၏ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကိုလည်း လျော့နည်းလာအောင်၊ ပပျောက်အောင် စည်းရုံးတောင်းဆိုမည်။

### ❑ လိပ်စာ

အမှတ်–၄၃၊ ၅၂လမ်း(ပထပ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၉၇၄၃၀

## ဦးသုဝေ (ဥက္ကဋ္ဌ)



- ❑ **နိုင်ငံရေးအတွေ့အကြုံ**
  - တောင်ငူခရိုင် ကျောင်းသားသမဂ္ဂအလုပ်အမှုဆောင်။
  - ရန်ကုန်တက္ကသိုလ် တောင်ငူခရိုင်အသင်း အတွင်းရေးမှူး။
  - ရန်ကုန်တက္ကသိုလ် ဒီမိုကရက်တစ်ကျောင်းသားအဖွဲ့ အလုပ်အမှုဆောင်။
  - ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ၊ အလုပ်အမှုဆောင်။
  - ဖဆပလလူငယ်အဖွဲ့ချုပ်၊ အလုပ်အမှုဆောင်။
  - ပါလီမန်ဒီမိုကရေစီပါတီ၊ ဗဟိုအလုပ် အမှုဆောင်။
  - ပြည်ချစ်လူငယ်တပ်ပေါင်းစု၊ ဥက္ကဋ္ဌ။
  - ပြည်ချစ်အသံ၊ အသံလွှင့်အဖွဲ့ခေါင်းဆောင်။
  - ပြည်သူ့ပြည်ချစ်ပါတီ၊ အထွေထွေအတွင်း ရေးမှူး။
  - ဒုတိယဝန်ကြီးချုပ် (ဖ.ဆ.ပ.လ ဒုတိယဥက္ကဋ္ဌ) ဦးကျော်ငြိမ်း၏ ကိုယ်ရေးအတွင်းဝန်။
  - ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကာလ၌ ဒီမိုကရေစီပါတီဖွဲ့စည်းတည်ထောင်ရာတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ထိုပါတီ၏ ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့။
  - ဦးနုခေါင်းဆောင်သော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ကို ဖွဲ့စည်းသည့်အခါတွင်လည်း ဗဟိုအလုပ်အမှုဆောင်နှင့် စည်းရုံးရေး အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့။
  - ၁၉၉၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲကြီး၌ ဒီမိုကရေစီပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ရာကျော် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ခေါင်းဆောင်ခဲ့သည်။ ကိုယ်တိုင်လည်း တာမွေမြို့နယ် မဲဆန္ဒနယ်မှ ပါဝင်ယှဉ်ပြိုင်။

## ဒေါ်သန်းသန်းနု (အထွေထွေအတွင်းရေးမှူးချုပ်)

- ❑ **မိဘ** – ဦးနု–ဒေါ်မြရီ
- ❑ **မွေးသက္ကရာဇ်** – ၃၁–၁၀–၁၉၄၇
- ❑ **နိုင်ငံရေးအတွေ့အကြုံ**
  - ၁၉၆၀ ပြည့်နှစ်၊ မိဘများနှင့်အတူ ရေးဦးစွာ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ၊ ယင်းမှထိုင်းနိုင်ငံ စစ်အစိုးရဆန့်ကျင်ရေးလုပ်ငန်းတွင်

www.foreverspace.com.mm



အသံလွှင့်ဌာနခွဲတာဝန်ယူဆောင်ရွက်။(ပြည်ချစ်အသံလွှင့်ဌာန)

- ၁၉၈၀ ပြည့်နှစ် ဩဂုတ်မှ ၂၀၀၀ ပြည့်နှစ်အထိ အိန္ဒိယအစိုးရအသံလွှင့်ဌာန All INDIA RADIO (AIR) ဘာသာ ပြန်/အသံလွှင့် အမှုထမ်း (၁၉၉၀ပြည့်နှစ်လယ်)တွင် ဘာသာပြန်ခွင့်ပြုသော်လည်း အသံ လွှင့်ပိတ်ပင်ခံရသည်)
- အိန္ဒိယနိုင်ငံနေရာအနှံ့ (အထူးသဖြင့် ဒေလီမြို့တော်၊ ဘုံဘေ (ယခုမွန်ဘိုင်း)၊ ကာလကတ္တားမြို့များ)တွင် မြန်မာ့ နိုင်ငံရေး အခြေအနေ တင်ပြသည့် နှီးနှောဖလှယ်ပွဲများ စီစဉ်ကျင်းပ။
- ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

## ဒေါ်ချိုချိုကျော်ငြိမ်း (အထွေထွေအတွင်းရေးမှူး)



❑ **မိဘ**

ဦးကျော်ငြိမ်း–ဒေါ်နွဲ့နွဲ့ရီ

❑ **မွေးနေ့**

၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅

❑ **နိုင်ငံရေးအတွေ့အကြုံ**

- တိုင်းပြည်အရေး ဆောင်ရွက်ပေးနိုင်သော ပုဂ္ဂိုလ်များအားလုံးကို ၁၉၈၈ ခုနှစ် အရေးအခင်းမှစ၍ ကူညီပံ့ပိုးပေးခဲ့။
- ဗိုလ်ချုပ်အောင်ဆန်းဦးစီး၍ဖွဲ့ခဲ့သော (ဖ.ဆ.ပ.လ) 'ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့'ကို ပြန်လည်အသက်သွင်းရန် ဖ.ဆ.ပ.လ(ဗဟို) အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့။

## ဒေါ်နေရီဗဆွေ (အထွေထွေအတွင်းရေးမှူး)

❑ **အဘအမည်**

ဦးဗဆွေ

❑ **နိုင်ငံရေးလှုပ်ရှားမှု**

- ၁၉၇၄ ဦးသန့်အရေးအခင်းတွင် ပါဝင်။
- ၁၉၇၅ အထွေထွေသပိတ်ကြီးတွင် ရွှေတိဂုံဘုရားရင်ပြင်ပေါ်၌ အဖမ်းခံပြီးအလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်ကျခံခဲ့။
- ၁၉၈၈ ခုနှစ်တွင် လှည့်လည်ချီတက်လှုပ်ရှားခဲ့။
- ၁၉၉၀ ရွေးကောက်ပွဲတွင် ဖ.ဆ.ပ.လ(မူလ) ပါတီအနေဖြင့် စမ်းချောင်းမြို့နယ်၌ ပါဝင်ယှဉ်ပြိုင်ခဲ့။



## ပြည်ထောင်စုဒီမိုကရေစီပါတီ





❑ **အမျိုးအစား**

ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကိုယ်စားပြုစည်းရုံးမည့်ပါတီ။

❑ **ပါတီဆောင်ပုဒ်**

လွတ်လပ်ညီမျှ ချစ်ကြည်ပြည်ထောင်စုဒီမိုကရေစီပါတီ၊ လူထုအတွက် အပြောင်းအလဲ၊ အပြောင်းအလဲအတွက်လူထု၊

❑ **ရွေးကောက်ပွဲကြွေးကြော်သံ**

လူထုကောင်းစားရေး၊ ငြိမ်းချမ်းရေး၊ အပြောင်းအလဲဖြစ်ပေါ်ရေး

❑ **အဓိကကျသည့်လုပ်ငန်းစဉ်များ**

ပြည်ထောင်စုဒီမိုကရေစီပါတီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပီပြင်သည့်ပြည်ထောင်စုဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် အောက်ပါအတိုင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

❑ **ရွေးကောက်ပွဲအကြိုကာလ**

- ပြည်သူလူထုတစ်ရပ်လုံး နိုင်ငံရေးတွင်ပါဝင်ခွင့်ရရှိရေး၊
- နိုင်ငံရေးအင်အားစုများကို လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပြုရေး၊
- သတင်းမီဒီယာလွတ်လပ်ခွင့်ရရှိရေး၊
- လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ပေါ်ရေး

❑ **ရွေးကောက်ပွဲလွန်ကာလ**

ရွေးကောက်ပွဲကြွေးကြော်သံဖြစ်သည့် လူထုကောင်းစားရေး၊ ငြိမ်းချမ်းရေးနှင့် အပြောင်းအလဲတို့အတွက် ပြည်သူလူထုအားမဏ္ဍိုင်ပြု၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရာတွင် ...

**(၁) လူထုကောင်းစားရေး**

- စားဝတ်နေရေးဟူသောအရေးသုံးပါးတွင် ပြည်သူလူထုအနေနှင့် လူချင်းတူတူ၊ သူချင်းမျှမျှနေနိုင်ရေး၊
- ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊
- လယ်လုပ်သူလယ်ယာပိုင်ဆိုင်ခွင့်ရရှိရေးနှင့် လွတ်လပ်စွာစိုက်ပျိုးရောင်းချခွင့်ရှိရေး၊
- လူတိုင်းအလုပ်အကိုင်ရရှိရေးနှင့် အလုပ်သမားများ၏ရပိုင်ခွင့်များကို အကာအကွယ်ပေးရေး၊
- ငွေ ၁၀၀၀ ကျပ်ဖြင့် ကျန်းမာရေးစောင့်ရှောက်ခွင့်စနစ် ထူထောင်

www.foreverspace.com.mm

ပေးရေး၊
- အခြေခံပညာအထက်တန်းအထိ 'အခမဲ့' ပညာသင်ကြားခွင့်ရရေး၊
- မြို့တိုင်း၊ ရွာတိုင်းလျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေလုံလောက်စွာရရှိရေး၊
- အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊
- တရားဥပဒေစိုးမိုးရေး

**(၂) ငြိမ်းချမ်းရေး**
- ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကိုအဆုံးသတ်ရေး၊
- တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကိုမြှင့်တင်၊ ကာကွယ်စောင့်ရှောက်ပေးရေး

**(၃) အပြောင်းအလဲ**
- နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပညာရေးစသည့် နယ်ပယ်အသီးသီးတွင် ခေတ်နှင့်အညီ အပြောင်းအလဲများဖြစ်ပေါ်လာရေး၊
- ပီပြင်သောအရပ်ဘက်အုပ်ချုပ်ရေးစနစ်တစ်ရပ် ဖော်ဆောင်ရေး၊

❑ **လိပ်စာ**
- အမှတ် (၂၃၄)၊ ပထမထပ် (ယာ)၊ ကျိုက္ကဆံလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေ။ ဖုန်း–၅၅၇၀၈၇

### ဦးသိန်းငွေး–ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့



- ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ဖွားမြင်ခဲ့၊
- အ.ထ.က (၃) ပဲခူးတွင် အခြေခံပညာအထက်တန်း၊
- ရန်ကုန်တက္ကသိုလ်(ပင်မ)တွင် တက်ရောက်ပညာဆည်းပူးခဲ့၊
- ၁၉၈၈ခုနှစ် အရေးအခင်းကျောင်းသားလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့၊
- ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် သေဘောဘိုးနယ်မြေသို့သွားရောက်ပြီး ABSDFဖွဲ့စည်းရာတွင် ရန်ကုန်တက္ကသိုလ် ဗ.က.သ ကိုယ်စားလှယ်ငါးဦးတွင် တစ်ဦးအဖြစ်တာဝန်ယူခဲ့၊
- ၁၉၈၉ ခုနှစ်တွင် ကျောင်းသားညီညွတ်ရေးအတွက် တိုက်ပွဲဝင်ကော်မတီကိုစတင်ဖွဲ့စည်းရာ၌ ဦးဆောင်ပါဝင်ခဲ့၊
- '၂၀၁၀ ပြည့်နှစ် မြန်မာ့အရေးဆွေးနွေးပွဲ' ကျင်းပရာတွင် ဦးဆောင်ပါဝင်ခဲ့၊

### ဦးငွေး (ဒုတိယဥက္ကဋ္ဌ-၁၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့)



- ၁၉၅၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင်ဖွားမြင်၊
- ၁၉၆၈ ခုနှစ်မှစ၍ မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့၊
- ၁၉၈၈ ခုနှစ်တွင် ဒေးဒရဲမြို့နယ်ရှေ့နေအသင်းတွင် အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့၊
- ၁၉၈၈ ခုနှစ် ဒေးဒရဲသပိတ်ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရန်ကုန်သပိတ်ကော်မတီတွင် ၆၂ ကျောင်းသားဟောင်းများအဖွဲ့ဝင်အဖြစ်လည်းကောင်းပါဝင်ခဲ့၊
- ၁၉၈၈ မှ ၁၉၉၀ ခုနှစ်အထိ ဒီ/ငြိမ်းအဖွဲ့ချုပ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီတို့တွင် တာဝန်ယူခဲ့၊
- ၁၉၉၃ ခုနှစ်တွင် အထိန်းသိမ်းခံခဲ့ရပြီး ထောင်ဒဏ်ခုနစ်နှစ်ကျခံခဲ့ရ၊
- အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တတိယအင်အားစုအတွက်စည်းရုံးဆောင်ရွက်ခဲ့၊ ပြည်ထောင်စုဒီမိုကရေစီမဟာမိတ်အဖွဲ့ကို ဦးရွှေအုံးနှင့် ပူးတွဲတည်ထောင်ခဲ့၊

### ဦးသိန်းတင်အောင်
### (အထွေထွေအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့)




- ၁၉၆၈ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဖွားမြင်၊
- ၁၉၈၄ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တွင် တက်ရောက်ပညာဆည်းပူးခဲ့၊
- ၁၉၈၈ ခုနှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားများလှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး လေးလခန့် ထိန်းသိမ်းခြင်းခံရ၊
- ၁၉၈၈ ခုနှစ် စက်တင်ဘာလ တွင် သေဘောဘိုးစခန်းသို့ထွက်ခွာ၍ နိုင်ငံရေးဆက်လက် လှုပ်ရှားခဲ့၊
- '၂၀၁၀ ပြည့်နှစ် မြန်မာ့အရေးဆွေးနွေးပွဲ' ကျင်းပရေး ကော်မတီဝင်တစ်ဦးအဖြစ် တာဝန်ယူခဲ့၊
- လူထုဒီမိုကရေစီပါတီကို ဦးဖြိုးမင်းသိန်းတို့နှင့်အတူ ဦးဆောင်ဖွဲ့စည်းခဲ့။

## မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ
## (P.D.P-Peace & Diversity Party)

❑ **အမျိုးအစား**
- ပြည်ထောင်စုတစ်ဝန်းလုံး ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။

www.foreverspace.com.mm





❑ **ပါတီဆောင်ပုဒ်**

– မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီကို စနစ်တကျလေ့လာထားသော ကန့်ကွက်မဲတစ်မဲကို မလေ့လာ၊ မစူးစမ်း၊ မဆင်ခြင်သော ထောက်ခံမဲ ၁၀၀ နှင့် မလဲနိုင်။

❑ **နိုင်ငံရေးရည်မှန်းချက်**

– ငြိမ်းချမ်းခြင်း၊ မတူကွဲပြားခြင်းနှင့် တရားဥပဒေတို့ကို သမမျှတစွာ ကျင့်သုံးမည်ဖြစ်ပြီး နိုင်ငံသားတို့၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖူလုံရေးတို့ကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ခံယူသည်။

❑ **အဓိကကျသည့်လုပ်ငန်းစဉ်**

– ကျွန်ုပ်တို့၏ ပါတီဝင်များသည် တရားဝင်ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့ကိုယ်စားလှယ်များ မဟုတ်ကြစေကာမူ ပြည်သူတို့၏ အခက်အခဲအခြေအနေများကို ရှာဖွေခြင်း၊ ပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများရှာဖွေခြင်းနှင့် မိမိတို့စုဆောင်းရရှိသောအချက်အလက်များကို လက်ရှိမူဝါဒရေးဆွဲသူများ၊ အကောင်အထည်ဖော်သည့် ယန္တရားအဖွဲ့ အစည်းများသို့ ပေးပို့ကူညီခြင်း။

– လက်ရှိအချိန်တွင် သင့်တော်ရာဥပဒေပြုလွှတ်တော်သို့ တင်သွင်းမည့်ဥပဒေမူကြမ်း ၅၂ ချက်ကို ရေးဆွဲထားသည်။

❑ **ပါတီလိပ်စာ**

– ၂/၂/၂၃၂၊ မဟော်ဂနီလမ်း၊ ထောက်ကြန့်တိုးချဲ့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။

ဖုန်း–၀၉–၈၆၁၀၇၁၉

Web:-http://www.myanmarpdp.com/

## ညိုမြင့်လွင် (ဥက္ကဋ္ဌ)



❑ **အဘအမည်**

– ဦးလှမြင့်

❑ **မွေးသက္ကရာဇ်**

– နိုဝင်ဘာလ ၂၁ ရက်နေ့ ၁၉၆၁

❑ **နိုင်ငံရေးလှုပ်ရှားမှု**

– ၁၉၈၈ အရေးအခင်းတွင် တစ်ရက်ပါဝင်လှုပ်ရှား

– ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကြိုကာလတွင် ပျဉ်းမနား NLD ပါတီလူငယ်ခေါင်းဆောင် ဦးသိန်းဇော်၊ ဒေါ်ခင်ဝင်းတို့ အဖမ်းခံရသဖြင့် ရွေးကောက်ပွဲမဲဆွယ်ကာလတစ်လျှောက် လူငယ်ခေါင်းဆောင်အဖြစ် လုပ်ခဲ့။ (NLD ပါတီဝင်မဟုတ်)

## ဦးတင်မောင်အေး (ဒုတိယဥက္ကဋ္ဌ-၂)



❑ **အဘအမည်**

– ဦးတင်မောင်ဝင်း

❑ **မွေးသက္ကရာဇ်**

– မေလ ၁ ရက်၊ ၁၉၇၂

❑ **နိုင်ငံရေးလှုပ်ရှားမှု**

– ၁၉၈၈ အရေးအခင်းတွင် အလုံမြို့နယ် အ.က.သတွင် ပါဝင်၊

– ပြည်ထောင်စုလူငယ်ကျောင်းသားများ ပေါင်းစည်းညီညွတ်ရေးပါတီ၊ ကြည့်မြင်တိုင်မြို့နယ်ရုံးခွဲမှူးအဖြစ် တာဝန်ယူခဲ့၊

– ၁၉၉၅ ခုနှစ်တွင် တ.က.သ တည်ထောင်ရာတွင်ပါဝင်၊

– ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဝိုင်အမ်ဘီအေဒွဲ စီးပွားရေးပိတ်ဆို့ဆန့်ကျင်ရေးအမျိုးသား လှုပ်ရှားမှုလုပ်ဆောင်ရာတွင်ပါဝင်၊

– ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှုတွင်ပါဝင်၊

– အမျိုးသားနိုင်ငံရေးစေ့ဆော်သူများအဖွဲ့တွင်ပါဝင်ခဲ့၊

– ၂၀၁၀ ရွေးကောက်ပွဲဝင်ရန် တစ်သီးပုဂ္ဂလလွှတ်တော်အမတ်ကွန်ရက်ကို တည်ဆောက်ခဲ့၊

– လက်ရှိတွင် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၌ ဒုတိယဥက္ကဋ္ဌ–၂ အဖြစ် တာဝန်ထမ်းဆောင်။

## ဦးနေမျိုးဝေ (အထွေထွေအတွင်းရေးမှူး)



❑ **မွေးသက္ကရာဇ်**

– ဇွန်လ ၂၂ ရက်၊ ၁၉၇၂

❑ **နိုင်ငံရေးလှုပ်ရှားမှု**

– ၁၉၈၈ ခုနှစ် ၁၀ တန်းကျောင်းသားဘဝတွင် တစ်ကိုယ်တည်း လျှို့ဝှက်စာဖြန့်ဝေခြင်းကို အ.ထ.က(၁) ကျောင်းအတွင်းဖြန့်ဝေခဲ့။

– ဘိုကလေးမြို့နယ်အတွင်း နိုင်ငံရေးနိုးကြားမှုဖြစ်လာခဲ့ပြီး ဇူလိုင်လတွင် အောင်စကြာဘုရား တာဝတိံသာစောင်းတန်းတွင် ပထမဆုံးတရားပွဲပြုလုပ်ခဲ့သည်။ တရားဟောသူကိုဇော်ဝင်းတင်ဖြစ်သည်။ ကိုအောင်တေဇ၊ ကိုရဲဝင်း၊ မိုးဦး၊ ကိုသိန်းမင်း စသော တက္ကသိုလ်ကျောင်းသားများနှင့် ပူးပေါင်း၍ ၈–၈–၁၉၈၈ အထိ လျှို့ဝှက်လှုပ်ရှားခဲ့။

– ၁၉၉၈ တွင် ကျောင်းပြီး မြန်မာ့လေကြောင်းတွင် အလုပ်ဝင်။ (နိုင်ငံရေးလောကနှင့် အမြဲထိစပ်)၊ ၂၀၀၉ ခုနှစ် မေလ ၁၉ ရက်နေ့တွင် အလုပ်ထွက်၍ တရားဝင်နိုင်ငံရေးလုပ်ခဲ့။ ဦးရွှေအုန်း

www.foreverspace.com.mm

နှင့်လက်တွဲ၍ 'ပြည်ထောင်စုဒီမို ကရေစီမဟာမိတ်အဖွဲ့' ကို ဝိုင်းဝန်းထူထောင်လှုပ်ရှား။

- ၂၀၁၀ မတ်လ ၁၃ မှစ၍ မတူ ကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီစာမူကို ရေးသားဖြစ်နိုင်ဝေ၍ ပါတီကို စတင်တည်ထောင်ကာ လက်ရှိ အထွေထွေအတွင်းရေးမှူးတာဝန်ယူ။

## အောင်မျိုးဦး (တွဲဖက်အထွေထွေအတွင်းရေးမှူး)

❑ **အဘအမည်**

- ဦးချစ်မြိုင်




❑ **မွေးသက္ကရာဇ်**

- ဇွန်လ ၁၉ ရက်၊ ၁၉၇၆

❑ **နိုင်ငံရေးလှုပ်ရှားမှု**

- ၁၉၈၈မှစ၍ ၈၉/၉၀ တွင် အ.က.သ ကျောင်းသားများသမဂ္ဂတွင်ပါဝင်ခဲ့သည်။ ၁၉၈၉ ကျောင်းများပြန်ဖွင့်ခဲ့သည်။ နောက်ပိုင်းတွင်လည်း အ.က.သအနေဖြင့် ကြည့်မြင်တိုင်မြို့နယ်တွင် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် တ.က.သကျောင်းသားများဖြင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးတွင် ပါဝင်ခဲ့သည်။ အမျိုးသားနိုင်ငံရေးစေ့ဆော်သူများအဖွဲ့တွင် ပါဝင်ခဲ့သည်။ တစ်သီးပုဂ္ဂလကွန်ရက်အဖြစ်လည်း ပါဝင်ခဲ့သည်။ ယခုအခါတွင် မတူကွဲပြားခြားနှင့်ငြိမ်းချမ်းရေးပါတီတွင် တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်နေသည်။

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တ●စ●ည)





❑ **အမျိုးအစား**

- ပြည်ထောင်စုတစ်ဝန်းလုံး ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ။

❑ **ပါတီဆောင်ပုဒ်**

- ကျွန်ုပ်တို့ပါတီသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားမှန်သမျှကို ထာဝစဉ်သယ်ပိုးဆောင်ရွက်မည်။ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးနှင့်ပါတီအကျိုးတို့ ယှဉ်လာလျှင် ပါတီ၏ အကျိုးစီးပွားကို စွန့်လွှတ်၍ နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားကိုသာ ဦးစားပေးဆောင်ရွက်မည်ဟု ခံယူသည်။

❑ **အဓိကကျသည့်လုပ်ငန်းစဉ်များ**

- တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး
- ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်မာစွာ တည်ဆောက်ရေး
- စီးပွားရေးပြုပြင်ပြောင်းလဲနိုင်ရန် ဆိုရှယ်မားကက် Economyနဲ့ သွားရန်၊ (လူမှုသဟဇာတမျှတစေသည့်ဈေးကွက်စီးပွားရေးစနစ်)


❑ **ပါတီလိပ်စာ**

- အမှတ် ၂၄၊ အောင်ဇေယျလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

❑ **ဖုန်းနံပါတ်**

- ၅၅၇၄၈၀၊ ၅၅၇၄၅၉၊ ၅၅၇၄၅၆

## ဦးထွန်းရီ (ဥက္ကဋ္ဌ)



❑ **မွေးသက္ကရာဇ်**

မေ ၁ ရက်နေ့၊ ၁၉၂၆

❑ **နိုင်ငံရေးလှုပ်ရှားမှု**

- ဗမာ့ကာကွယ်ရေး (BDA) တပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်း၊
- စစ်တက္ကသိုလ် ဗိုလ်သင်တန်း အမှတ်စဉ် (၃) တက်ရောက်၊
- ဖက်ဆစ်တော်လှန်ရေးကာလတွင် ဒုတိယဗိုလ်အဆင့်ဖြင့် တိုင်း (၁)၊ တပ်ရင်း ၁၀၆ တွင် တော်လှန်ရေးပြီးဆုံးသည်အထိ တာဝန်ထမ်းဆောင်၊
- လွတ်လပ်ရေးရသည်အထိ အမျိုးသားရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့၊
- ၁၉၅၀ ပြည့်နှစ်တွင် ဗိုလ်သင်တန်းတက်ရန် တပ်မတော်တွင် တပ်ရင်းမှူး၊ ဒုတိယတိုင်းမှူး၊ တပ်မမှူး၊ တိုင်းမှူး၊ စစ်ဆင်ရေးအထူးအဖွဲ့မှူး၊ ဗိုလ်မှူးချုပ်အဆင့်၊ ဗိုလ်ချုပ်အဆင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်အထိ တာဝန်ယူခဲ့ပြီး ၁၉၈၅ ခုနှစ်အထိ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်၊
- မ.ဆ.လ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ)တွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ် ၁၉၈၈ ခုနှစ်အထိ တာဝန်ထမ်းဆောင် (နိုင်ငံရေးကောင်စီဝင်အဖြစ်တာဝန်ယူ)၊
- တ.စ.ည (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)တွင် အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့ကာ လက်ရှိတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်၊
- လွတ်မြောက်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်)၊ လွတ်လပ်ရေးစည်းရုံးရေးတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်နှင့် နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်တို့ ချီးမြှင့်ခံထားရ။

## ဦးသန်းတင် (အထွေထွေအတွင်းရေးမှူး)

❑ **မွေးသက္ကရာဇ်**

ဧပြီ ၁၂ ရက်နေ့၊ ၁၉၂၆ ခုနှစ်

www.foreverspace.com.mm



❑ **နိုင်ငံရေးလှုပ်ရှားမှု**



- နယ်ချဲ့ဆန့်ကျင်ရေးကျောင်းသား သမဂ္ဂနှင့် သံမဏိတပ်တွင်ပါဝင်ခဲ့
- ၁၉၃၉ ကျောင်းသားသပိတ်တွင် ပါဝင်၊ BDA(ဗမာ့ကာကွယ်ရေး တပ်မတော်)တွင် ပါဝင်ခဲ့ကာ မင်္ဂလာဒုံစစ်တက္ကသိုလ် (ပထမ ပတ်) တက်ရောက်ခဲ့၊
- ဖက်ဆစ်တော်လှန်ရေးတွင် သရက်ခရိုင်၊ သာယာဝတီခရိုင် တို့တွင် တာဝန်ယူ၊
- တပ်မတော် ဗိုလ်သင်တန်းအမှတ်စဉ် (၂) တက်ရောက်၊
- တပ်မတော်တွင် တပ်စုမှူး၊ တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ စစ်ဦးစီး မှူး (ပထမတန်း)၊ တပ်မမှူး၊ တိုင်းမှူးတာဝန်များ ထမ်းဆောင်ခဲ့ ကာ ဗိုလ်မှူးချုပ်အဆင့်အထိ တာဝန်ယူခဲ့၊
- နိုင်ငံတော်အုပ်ချုပ်ရေးအပိုင်းတွင် အတွင်းဝန်၊ ဒုတိယဝန်ကြီး၊ ဝန်ကြီး (သတ္တုတွင်းဝန်ကြီးဌာန)၊ ဒုတိယဝန်ကြီးချုပ်တာ ဝန်များထမ်းဆောင်ခဲ့၊
- မ.ဆ.လ (မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ)တွင် ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် တာဝန် ထမ်းဆောင်၊
- တ.စ.ည (တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ)တွင် ပထမတွဲဖက် အထွေထွေအတွင်းရေးမှူး၊ အထွေထွေအတွင်း ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်၊
- စစ်ဆင်ရေးပြီး စစ်ဆင်းရေးစာအုပ်ဖြင့် ၂၀၀၄ ခုနှစ် အမျိုးသား စာပေဆုရရှိ၊
- လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)၊ အရေးတော်ပုံတံဆိပ်၊ လွပ်လပ်ရေး စည်ရုံးရေးတံဆိပ်၊ နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ ပြည်သူ့စစ်ပွဲတံဆိပ်၊ ပြည်ပရန်နှိမ်တံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်)တို့ရရှိခဲ့။

## ဦးခင်မောင်ကြီး (တွဲဖက်အထွေထွေအတွင်းရေးမှူး)

❑ **မွေးသက္ကရာဇ်**

မေ ၁၈ ရက်နေ့ ၁၉၃၁

❑ **နိုင်ငံရေးလှုပ်ရှားမှု**



- နယ်ချဲ့ဆန့်ကျင်ရေးကာလ ၁၉၄၆ ကျောင်းသားသပိတ် တွင် မြို့နယ်ခေါင်းဆောင်၊
- ၁၉၅၁ ခုနှစ်တွင် တပ်မတော် (လေ)ပြန်တမ်းဝင်အရာရှိ၊
- ကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးမှူးတာဝန် (ဗိုလ်မှူး ကြီးအဆင့်)၊
- ပြည်သူ့စစ်ညွှန်ကြားရေး မှူးတာဝန်၊ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊
- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ဗဟိုအလုပ်အမှုဆောင်၊
- တိုင်းရင်းသားစည်းလုံးညီ ညွတ်ရေးပါတီတွင် တွဲဖက် အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်လျက်ရှိ၊
- ဇေယျကျော်ထင်ဘွဲ့၊ စစ်မှု ထမ်းကောင်းတံဆိပ်များ ချီးမြှင့်ခံရ။

## အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ (NDPD)

❑ **အလံအရောင်**



– အနီရောင်(အထက်ပိုင်း)၊ အစိမ်းရောင်(အောက်ပိုင်း) အောက်ခံတွင် အစွန်းငါးခုပါအဖြူရောင်ကြယ်ပွင့်

❑ **အမျိုးအစား**

- ပြည်ထောင်စုတစ်ဝန်းလုံးကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ

❑ **ပါတီဆောင်ပုဒ်**

- ပြည်ထောင်စုဖွား ပြည်သူများ
  ဘာသာလူမျိုး မခွဲခြား
  တန်းတူခွင့်ရေး ရစေသား။

❑ **ပါတီမူဝါဒ**

- ပါတီမူဝါဒခြောက်ချက်ရှိပြီး ထူးခြားသည့်မူဝါဒတစ်ရပ်မှာ 'မည်သည့်အကြမ်းဖက်ဝါဒနှင့် အခြားလက်ဝဲလက်ယာ အစွန်းရောက်သည့် ဝါဒမျိုးကိုမဆို ဆန့်ကျင်သွားရေး'၊

❑ **လိပ်စာ၊ ဖုန်းနံပါတ်**

- အမှတ် ၂၀၂၊ ၂၀၆၊ လေးလွှာ(ယာ)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁–၇၃၀၄၁၆၃၄

❑ Email

- ndpdcec@gmail.com

## ဦးမောင်မောင်နီ (ဥက္ကဋ္ဌ)



❑ **နိုင်ငံရေးအတွေ့အကြုံ**

- ၈၈ ကျောင်းသားအရေး အခင်းတွင် ပါဝင်ဖြတ်သန်းခဲ့။

www.foreverspace.com.mm

## ဦးတက်ယုဘဒ္ဒိန် (ဒုတိယဥက္ကဋ္ဌ (၁)



❑ **နိုင်ငံရေးအတွေ့အကြုံ**

– မရှိ

## ဦးလှသိန်း ဒုတိယဥက္ကဋ္ဌ (၂)



❑ နိုင်ငံရေးအတွေ့အကြုံ

– ၁၉၇၅မှ ၁၉၈၈ခုနှစ်အထိ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ)ဝင်၊ ပါတီကလာပ်စည်းခေါင်းဆောင်

## ဦးမူဟာမတ်ခါန်(ဦးမျိုးသန့်) အထွေထွေအတွင်းရေးမှူး




❑ **နိုင်ငံရေးအတွေ့အကြုံ**

– မရှိ

## ကရင်ပြည်သူ့ပါတီ (KPP)





❑ **အမျိုးအစား**

– ပြည်ထောင်စု တစ်ဝန်းလုံးတွင်ကိုယ်စားပြုယှဉ်ပြိုင်မည့်ပါတီ


❑ **ပါတီမူဝါဒ**

– လမ်းစဉ်မူဝါဒခြောက်ရပ်ရှိပြီးထူးခြားသောမူဝါဒများမှာ နိုင်ငံရေးမူဝါဒအဖြစ်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာနိုင်ငံတော်နှင့်ကိုက်ညီသော ဒီမိုကရေစီစနစ်ကိုကူးပြောင်းသွားရန်၊ တပ်မတော်၏အခန်းကဏ္ဍအဖြစ် 'တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းရပ်များတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်ပြီး ပြည်သူ့အာဏာကိုအဆင့်ဆင့် လွှဲပြောင်းခြင်းတွင် စိတ်ကောင်းစေတနာဖြင့် ကူညီဆောင်ရွက်ရမည်။

❑ **လိပ်စာ၊ ဖုန်းနံပါတ်**

– အမှတ် ၁၁၇၊ ကြာဖြူတစ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။ ၀၉–၅၁၈၀၁၆၄၊

## ဦးစောထွန်းအောင်မြင့် (ဥက္ကဋ္ဌ)



❑ **နိုင်ငံရေးအတွေ့အကြုံ**

– တပ်မတော်(ရေ)တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်မြင့်ညှိနှိုင်းကွပ်ကဲရေးမှူး(ဗျူဟာစစ်ရေယာဉ်၃)၊ ညွှန်ကြားရေးမှူးချုပ်ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုကော်မတီဝင်

## ပါမောက္ခဒေါက်တာစောစိုင်းမွန်သာ (ဒုတိယဥက္ကဋ္ဌ - ၁)



❑ **နိုင်ငံရေးအတွေ့အကြုံ**

– ၂၀၀၂ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာနတွင် ပါမောက္ခဌာနမှူးတာဝန်မှ အငြိမ်းစားယူခဲ့ပြီး 'ကွယ်ကဘောအထူးကုဆေးခန်း' နှင့် 'ကွယ်ကဘောနယ်လှည့်ဆေးကုအဖွဲ့'ကို ဦးဆောင်တည်ထောင်ထားကာ ပရဟိတလုပ်ငန်းများလုပ်ဆောင်လျက်ရှိ။ ၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းတွင်လည်း ဆေးကုသမှုနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့။

## ဦးစောအေးကို (ဒုတိယဥက္ကဋ္ဌ - ၂)




❑ **နိုင်ငံရေးအတွေ့အကြုံ**

– တပ်မတော်(ကြည်း)တွင် ဗိုလ်မှူးကြီး(ဒုတိယတိုင်းမှူး)အဆင့်နှင့် သမဝါယမဝန်ကြီးဌာန၌ ညွှန်ကြားရေးမှူးချုပ်အဆင့် ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၂ခုနှစ်၌အငြိမ်းစားယူခဲ့။

## ဦးစောစေးဝါ (အထွေထွေအတွင်းရေးမှူး)

❑ **နိုင်ငံရေးအတွေ့အကြုံ**

– ၁၉၆၄–၁၉၈၉ ခုနှစ်အထိ တပ်မတော်(ကြည်း)တွင် ဗိုလ်မှူးအဆင့်အထိတာဝန်ထမ်းဆောင်ခဲ့၊ ၁၉၉၀–၂၀၀၆ ခုနှစ်အထိ ဒုတိယရဲမှူးကြီးမှ ရဲမှူးကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ပြီး ဒုတိယကွပ်ကဲရေးမှူး(မ.တ.လ) ဖြင့် အငြိမ်းစားယူခဲ့၊ ၂၀၀၇–၂၀၁၀ အထိပဲခူးတိုင်း(အရှေ့) မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့။



www.foreverspace.com.mm



# ဘဏ်များနှင့် အပြောင်းအလဲ

ကျော်ဇေယျာထွန်း

**၂၀၁၀ပြည့်နှစ်အရောက်တွင် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးလေးဦးကို ပုဂ္ဂလိကဘဏ်ကြီးများ တရားဝင်ဖွင့်လှစ်ခွင့်ပြုပေးခဲ့ရာ ယင်းဘဏ်ကြီးလေးခုသည် မြန်မာ့ဘဏ်လောကဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ဆောင်ကြဉ်းလာနိုင်မည်လောဟူသည့် မေးခွန်းတို့ထွက်ပေါ်လာရသည်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးကြီးဆုံး လိုအပ်ချက်တစ်ခုဖြစ်သော ဘဏ်လုပ်ငန်းအသစ်များ ထူထောင်လာခြင်းကို ကြိုဆိုရမည်ဖြစ်သော်လည်း မျက်မှောက်စီးပွားရေးစနစ်နှင့် လိုက်ဖက်အပ်စပ်သော ပွင့်လင်းမြင်သာလွတ်လပ်သည့်ဘဏ်စနစ်တစ်ရပ်ပေါ်ပေါက်မှသာ နိုင်ငံ့စီးပွား အမှန်တကယ်ဖွံ့ဖြိုးစေနိုင်မည်ဖြစ်ကြောင်း ဘဏ်ပညာရှင်များက ရှုမြင်သုံးသပ်ကြသည်။**

မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့ချိန်မှစတင်၍ ပုဂ္ဂလိကဘဏ်လုပ်ငန်းများလည်း ကျယ်ပြန့်ဖွံ့ဖြိုးလာခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီစနစ်အောက်တွင် တစ်ခုတည်းသော နိုင်ငံပိုင်လုပ်ငန်းအဖြစ် ရပ်တည်ခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်အလွန်တွင် ပုဂ္ဂလိကဘဏ်ပေါင်း ၁၅ ဘဏ်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းမှတစ်ဆင့် ၂၀၀၃ ခုနှစ်အရောက်တွင် အကြောင်းကြောင်းကြောင့်သောကိစ္စရပ်များကြောင့် မြန်မာနိုင်ငံအတွင်းရှိဘဏ်များ ပြဿနာဖြင့် ရင်ဆိုင်

www.foreverspace.com.mm






ခဲ့ရကာ ခရက်ဒစ်ကတ်နှင့် အလိုအလျောက် ငွေထုတ်စက်(ATM) သုံးစွဲသည့်အဆင့်ရောက်မှ အကျဘက်သို့ ပြန်လည်နိမ့်ဆင်းသွားခဲ့ရသည်။ ၂၀၀၃ ခုနှစ်နောက်ပိုင်း၌ ပုဂ္ဂလိကဘဏ်တို့၏ အခန်းကဏ္ဍသည် မှေးမှိန်သွားခဲ့ပြီး လှုပ်သာလှည့်သာအခြေအနေတစ်ခု အထိသာ ရှိနေတော့သည်။

နိုင်ငံတစ်ခု၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကမောင်းနှင်ပေးသည့် ယန္တရားမှာ ဘဏ်လုပ်ငန်းဖြစ်သည်။ နိုင်ငံတစ်ခု၏ ကုန်သွယ်ရေးဆိုင်ရာ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာမူဝါဒများမှအစ နိုင်ငံအတွင်းရှိ ပြည်သူများ၏ နေ့စဉ်ရောင်းရေး၊ ဝယ်တာကိစ္စများအဆုံး နိုင်ငံတစ်ခု၏ စီးပွားရေးလည်ပတ်မှုကဏ္ဍစုံသည် အမှန်တကယ်အားဖြင့် ဘဏ်လုပ်ငန်းများနှင့် ဆက်စပ်နေသည်။ မျက်မှောက်ကာလ သီအိုရီသဘောအရ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ်လုပ်ငန်းများ မရှိမဖြစ်လိုအပ်သလို ဘဏ်လုပ်ငန်းများမရှိသည့် နိုင်ငံသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ပေ။

"ပညာရှင်တွေက နိုင်ငံပေါင်း ၃၀၊ ၄၀ ကို သုတေသနပြုပြီး လေ့လာကြည့်တဲ့အခါ နောက်ဆုံးအနှစ်ချုပ်လိုက်ရင် ဘဏ်စနစ်မဖွံ့ဖြိုးဘဲနဲ့တော့ နိုင်ငံတစ်ခုဟာ မဖွံ့ဖြိုးလာနိုင်ဘူးဆိုတာကို တွေ့ရတယ်" ဟု ငွေကြေးဆိုင်ရာမူဝါဒနှင့် ဘဏ်လုပ်ငန်းပညာရှင် ဒေါက်တာသောင်းဟန်က ဆိုသည်။

## အသစ်ဖွင့်မည့်ပုဂ္ဂလိကဘဏ်များ

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်အရေအတွက်မှာ အသစ်ဖွင့်လှစ်မည့် ဘဏ်သစ်လေးခုအပါအဝင် ၁၈ ခုခန့်သာရှိသည်။ ယင်းဘဏ်များ၏ ဝန်ဆောင်မှုမှာ အပ်ငွေလက်ခံခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့် ငွေပို့၊ ငွေလွှဲဝန်ဆောင်မှုကိုသာ အဓိကလုပ်ပေးနိုင်သည်ကို တွေ့ရသည်။ ယင်းဝန်ဆောင်မှုများမှာလည်း အကန့်အသတ်ဖြင့်ရှိနေရာ ဘဏ်လုပ်ငန်းမှာ မျက်မှောက်ခေတ်နှင့်အညီ တွင်ကျယ်သင့်သလောက် တွင်ကျယ်လာခြင်းမရှိသည့်အပြင် ၂၀၀၃ ခုနှစ်မတိုင်မီ အခြေအနေကိုပင် မရှိသည်ကို တွေ့ရသည်။ ဘဏ်နှင့်ဆက်ဆံသူအများစုကြုံတွေ့နေရသည့်ပြဿနာမှာ မိမိအပ်နှံလိုသောငွေပမာဏကို ဘဏ်များတွင်အပ်နှံ၍ မရခြင်းပင်ဖြစ်သည်။

သို့သော် အသစ်ဖွင့်လှစ်မည့် ပုဂ္ဂလိကဘဏ်လေးခုသည် ရင်းနှီးမတည်ငွေ ၁၀ ဘီလီယံဖြင့် စတင်ဘဏ်တည်ထောင်မည်ဖြစ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နောက်ဆုံးစိစစ်ချက်စည်းကမ်းအရ ယင်းငွေပမာဏ၏ဆယ်ဆကို အပ်ငွေလက်ခံနိုင်မည်ဖြစ်သောကြောင့် ဘဏ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်လိုက်ခြင်းပင်ဖြစ်သည်။ အဆိုပါဘဏ်သစ်များသည် လုပ်ငန်းလည်ပတ်နိုင်ရန် စတင်ကြပြီဖြစ်ရာ အခြားသော ဖွင့်လက်စဘဏ်များသည်လည်း ဖွင့်လှစ်လာမည့် ဘဏ်သစ်များဖြင့် ယှဉ်ပြိုင်နိုင်ရန် ရင်းနှီးမတည်ငွေများ ထပ်မံတိုးမြှင့်ခြင်း၊ ဘဏ်ခွဲများထပ်မံတိုးချဲ့ခြင်း၊ ဘဏ်ရှိဝန်ထမ်းများ၏ ဝန်ဆောင်မှုမြှင့်တင်နိုင်ရန် သင်တန်းများပေးခြင်းစသည့် အကောင်းဘက်သို့ ဦးတည်သောအခြေအနေများ မြင်တွေ့လာရသည်။

"ပုဂ္ဂလိကဘဏ်သစ်လေးခုပေါ်လာတာကို ကြိုဆိုပါတယ်။ အဲဒါက ဝမ်းသာရမှာ။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကလိုနိုင်ငံမှာ ဘဏ်လုပ်ငန်းစုစုပေါင်း ၈၄၀၀ ကျော်ရှိတယ်။ တရုတ်နိုင်ငံမှာဆို ဘဏ်ကြီးလေးဘဏ်နဲ့ အသေးက ၁၄၀ ကျော်လောက်ရှိတယ်။ ဂျပန်မှာကျတော့ ၁၂၉ ခုလောက်ရှိတယ်။ မြန်မာမှာဆို ဘယ်လောက်မှမရှိသေးဘူး။ နောက်တစ်ခုက ဘဏ်များတယ်၊ နည်းတယ်ဆိုတာထက် စွမ်းဆောင်နိုင်ရည်မြင့်ဖို့ကလည်း လိုသေးတယ်" ဟု ဒေါက်တာသောင်းဟန်က ပြောကြားသည်။

အလားတူ ယင်းဘဏ်သစ်လေးခုဖွင့်လှစ်လာခြင်းနှင့် ပတ်သက်၍ ဘဏ်လုပ်ငန်းအကြောင်း ဆောင်းပါးများ ရေးသားနေသော ဘဏ်လုပ်ငန်းပညာရှင်ဆရာ ဦးဝင့်ကျော်က "ဒီဘဏ်လေးခုပေါ်လာတာဟာ ဘဏ်လောကဖွံ့ဖြိုးရေးအတွက် အလားအလာတွေကို တွေ့နေရပါတယ်။ အခုလက်ရှိပဲ ဘဏ်တွေမှာ ဝန်ထမ်းတွေကို

www.foreverspace.com.mm



စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် နည်းပညာများအသုံးချရန်လိုသည်

လစာတိုးပေးတာ၊ ဝန်ဆောင်မှုကောင်းကောင်းပေးဖို့ကြိုးစားလာတာတွေကို တွေ့ရတယ်။ အရင်ကလို အပ်ချင်အပ်၊ မအပ်ချင်နေဆိုတဲ့ပုံစံမျိုး မဟုတ်တော့ဘူး။ ရင်းနှီးမတည်ငွေကိုပါ တိုးမြှင့်လာကြတယ်။ ဒါဟာ လက်ရှိတွေ့ရတဲ့ကောင်းတဲ့လက္ခဏာတွေပါ" ဟု ရှုမြင်သုံးသပ်သည်။

"အခုဟာက သိန်း ၅၀ လောက် Current Account ဖွင့်ချင်လို့မှ ဖွင့်ခွင့်မရဘူး။ ဘဏ်လေးခုပေါ်လာမယ်ဆိုတော့ ပိုပြီးလုပ်ခွင့်ရမယ်လို့တော့ မျှော်လင့်လို့ရတာပေါ့။ စီးပွားရေးသမားတစ်ယောက်အနေနဲ့ကတော့ ရတဲ့အနေအထားနဲ့ပဲ လုပ်မှာပဲ။ လုပ်ခွင့်ရရင်တော့ ပိုမျှော်လင့်တာပေါ့" ဟု ပုဂ္ဂလိကဘဏ်သစ်များ ပေါ်ထွက်

---

# "ကောလာဟလကြောင့် ဘဏ်မပျက်ဖို့အတွက် Banking Insurance ရှိဖို့လိုတယ်"

## ဒေါက်တာနေဝင်းမောင်နှင့် တွေ့ဆုံခြင်း

**ကျော်ဇေယျာထွန်း**

**မြန်မာနိုင်ငံရှိလက်ရှိပုဂ္ဂလိကဘဏ်များ၏အရေးပါမှုအခန်းကဏ္ဍနှင့်စပ်လျဉ်း၍ မေခရီစီးပွားရေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာ လေ့လာသုံးသပ်သူ ဒေါက်တာနေဝင်းမောင်နှင့်တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။**

**L.C ။ ။ နိုင်ငံတစ်ခုမှာ ဘဏ်လုပ်ငန်းက ဘယ်လောက် အရေးကြီးတယ်ဆိုတာ ရှင်းပြပါ။**

**Dr.NWM** ။ ။ ပြောရရင်တော့ ငွေလိုတဲ့သူနဲ့ ငွေပိုတဲ့သူရဲ့ကြားမှာ ပိုက်ဆံကို အားချိန်၊ နားချိန်မပေးဘဲ စွမ်းဆောင်ရည်မြှင့်ပေးလိုက်ခြင်းအားဖြင့် နိုင်ငံတစ်ခုမှာ ငွေဖောင်းပွမှုမဖြစ်ဘဲ အရောင်းအဝယ်တွေဖြစ်စေနိုင်တယ်။ အခု ကျွန်တော့်အလုပ်မှာ သိန်း ၅၀၀ရှိတယ်။ ခုတင်အောက်မှာထားရင် အဓိပ္ပာယ်တစ်မျိုးဆောင်တယ်။ ဘဏ်ထဲကနေ ငွေလိုတဲ့နေရာရောက်သွားရင် အရောင်းအဝယ်တွေဖြစ်မယ်။ အတိုချုပ်ပြောရရင် ဒါပါပဲ။

**L.C ။ ။ လက်ရှိ မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေက မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ဘယ်**

www.foreverspace.com.mm



လာမည့်အခြေအနေနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိဘဏ်များဖြင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည့် ပြည့်ဖြိုးကျော်ကုန်သွယ်ရေးကုမ္ပဏီလီမိတက်၏ စီမံခန့်ခွဲမှုဒါရိုက်တာ ဦးလှမောင်ရွှေက ဆိုသည်။

ဘဏ်လုပ်ငန်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်းများ၏ မြို့နယ်များတွင် ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ရန်မှာ ပုဂ္ဂလိကဘဏ်များဖွံ့ဖြိုးရေးအတွက် လိုအပ်နေသည့်အရာများပင်ဖြစ်သည်။ ထို့အတူ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးလာပါက ၂၀၀၃ ခုနှစ်၌ ကြုံတွေ့ခဲ့ရသောအခြေအနေသို့ မရောက်ရန်အတွက်မှာလည်း အရေးကြီးလှသည်။



ဘဏ်ခွဲအရေအတွက်ဒုတိယအများဆုံးဖြင့်ဦးဆောင်လျက်ရှိသည်

## အာမခံချက်ရှိရေး

မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်၌ ဘဏ်ပြဿနာဖြစ်ခဲ့ရခြင်းမှာ ဘဏ်များနှင့် ဘဏ်မဟုတ်သော အကျိုးဆောင်လုပ်ငန်းများ အပြိုင်အဆိုင်ဖြစ်လာခြင်း၊ ဘဏ်များ၌ ငွေအပ်နှံသူများက ဘဏ်များအပေါ် အယုံအကြည်ကင်းမဲ့သွားစေခြင်း စသည့်အကြောင်းများကြောင့်ဖြစ်သည်ဟု ဘဏ်လုပ်ငန်းပညာရှင်များက သုံးသပ်ကြသည်။ ယင်းကိစ္စရပ်များကြောင့် အာရှဓနဘဏ်၊ မေဖလားဝါးဘဏ်နှင့် ယူနီဗာဆယ်ဘဏ် စသည့် ပုဂ္ဂလိကဘဏ်သုံးခု ဖျက်သိမ်းခဲ့ရပြီး အခြားသောပုဂ္ဂလိကဘဏ်များသည်လည်း ဘဏ်လုပ်ငန်းများ ကန့်သတ်ခံလိုက်ရသည်။

“ဘဏ်ပျက်စီးတာမျိုးမဖြစ်အောင် Banking Insurance ရှိဖို့ လိုတယ်။ ဘဏ်တွေမှာအကြောင်းကြောင်းကြောင့် အခက်အခဲရှိလာရင် နောက်ကထောက်ပံ့ထားမယ့် အာမခံလုပ်ငန်းတစ်ခုရှိရမယ်။ အဲဒါပေါ်မယ်လို့ မတွေ့ရသေးဘူး။ Banking Insurance ပေါ်မယ်ဆိုရင်တော့ အနာဂတ်မှာ ဘဏ်လုပ်ငန်းတွေ အများကြီးတိုးတက်ဖို့ မျှော်လင့်လို့ရပါတယ်” ဟု နာမည်ကြီး ကမ္ဘောဇဘဏ်တွင် အကြံပေးလုပ်ခဲ့ဖူးသူ ဒေါက်တာနေဝင်းမောင်က ပြောကြားသည်။

ထိုကဲ့သို့ ဘဏ်များတွင် အပ်နှံထားသော ပြည်သူတို့၏ ယုံမှတ်အပ်နှံငွေကြေးကို အာမခံတစ်ဆင့်ထားပေးခြင်းဖြင့် ပြည်သူတို့သည် ဘဏ်များ၌ ပြဿနာဖြစ်ပေါ်သည့်အခါတွင် မိမိအပ်ငွေကို အာမခံထားခြင်းကြောင့် မဆုံးရှုံးနိုင်ဟုသိကာ ဘဏ်အပေါ်၌ ယုံကြည်နေမည်ဖြစ်သည်။ သို့သော် ဘဏ်အာမခံထားသည့် လုပ်ငန်းများ ယနေ့အထိ မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာသည်ကို မတွေ့ရသေးပေ။

ဘဏ်အပ်ငွေအာမခံလုပ်ငန်း၏သဘောသည် ဘဏ်တစ်ခုက မိမိထံတွင် ပြည်သူများက ယုံမှတ်အပ်နှံလာသည့် ဘဏ်အပ်ငွေကို အခြားသောတစ်နေရာတွင် အာမခံထားခြင်းဖြစ်သည်။ ဘဏ်အာမခံလုပ်ကိုင်သူက (Premium) အာမခံကြေးယူကာ ဘဏ်အပ်ငွေများ


‘နောက်ကထောက်ပံ့ထားမယ့်အာမခံလုပ်ငန်းတစ်ခုရှိရမယ်’

**အတိုင်း အတာအထိအထောက်အကူပြုနေပါသလဲ။**

**Dr.NWM** ။ ။ အဲဒီအခြေအနေကို ၂၀၀၂ ခုနှစ် ဘဏ်တွေ မပျက်ခင်အချိန်ထိတော့ နီးစပ်ခဲ့တယ်လို့ ပြောရမယ်။ ၂၀၀၂ ခုနှစ် နောက်ပိုင်းဘဏ်တွေပျက်အပြီးမှာတော့ Lessons ကို လိုအပ်တာထက် ပိုလုပ်လိုက်တော့ ယနေ့ဘဏ်တွေဟာ စံနှုန်းပြည့် ဘဏ်လုပ်ငန်းမလုပ်နိုင်တော့ဘူးလို့ ပြောရမယ်။

**L.C ။ ။ အခုစီးပွားရေးလုပ်ငန်းရှင်ကြီးတွေရဲ့ ပုဂ္ဂလိကဘဏ်လေးခု ပေါ်လာမယ်ဆိုတော့ ဒီဘဏ်လေးခုဟာ အခုရှိနေတဲ့ ဘဏ်တွေနဲ့ ဘာကွာခြားမှုရှိပါသလဲ။**

**Dr.NWM** ။ ။ အမှန်အတိုင်းပြောရင်တော့ ဘဏ်တွေဟာ အတူတူပေးမှာပေါ့နော်။ အားလုံးအတူတူဖြစ်အောင် တစ်ပြေးညီဖြစ်အောင် လုပ်ပေးရမယ်။ စီးပွားရေးသီအိုရီမှာတော့ Level Playing Field လို့ခေါ်တာပေါ့။ တန်းတူလုပ်ပေးရမယ်။ ဒါတွေပေါ်လာခဲ့တဲ့အတွက် နောင်မှာဘဏ်တွေဟာ ဘဏ်နဲ့တူတဲ့

www.foreverspace.com.mm



ဘဏ်အာမခံလုပ်ငန်းများ ခိုင်ခိုင်မာမာရှိရန်လိုအပ်သည်

ကို အာမခံပေးထားသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။

“အမေရိကားမှာ ၂၀၀၈ ခုနှစ်မတိုင်ခင်က ဘဏ်စာရင်းတစ်ခုကို ဒေါ်လာတစ်သိန်းစီ အာမခံပေးထားတယ်။ ၂၀၀၈ ခုနှစ် စီးပွားရေးကျဆင်းမှုတွေဖြစ်ပြီးတော့ ဘဏ်စာရင်းတစ်ခုကို ဒေါ်လာနှစ်သိန်းခွဲစီတိုးပြီး အာမခံထားထားပေးတယ်။ ဘယ်ဘဏ်စာရင်းမဆို ဒေါ်လာနှစ်သိန်းခွဲနဲ့ အာမခံထားပေးထားတယ်။ အဲဒီတော့ ဘဏ်တွေ ရုတ်တရက်ပြိုသွားလည်း ဘဏ်ပေါက်ဝမှာ စောင့်စရာမလိုဘူး။ ပိုင်ရှင်တွေအနေနဲ့ သူ့ငွေပမာဏအတိုင်း ပြန်ရမှာပဲ။ စိတ်ပူစရာလည်းမရှိဘူး” ဟု ဒေါက်တာသောင်းဟန်က ဘဏ်အာမခံလုပ်ငန်းအကြောင်း ရှင်းပြသည်။

ယင်းကဲ့သို့ ဘဏ်အာမခံလုပ်ငန်းပေါ်လာရန်မှာ မူဝါဒများချမှတ်၍ လုပ်ကိုင်ခွင့်ပေးရန်သာဖြစ်သည်။ မြန်မာနိုင်ငံဘဏ်လောကတွင် ဘဏ်အာမခံလုပ်ငန်းများ ခိုင်ခိုင်မာမာရှိနေမည်ဆိုပါကလည်း ၂၀၀၃ ခုနှစ် ဘဏ်ပြဿနာမျိုးကို အတိုင်းအတာတစ်ခုထိ ဖြေရှင်းနိုင်မည်ဖြစ်သည်။

## ဗဟိုဘဏ်၏အခန်းကဏ္ဍ

နိုင်ငံတစ်ခု၏ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါနိုင်ငံအတွင်းရှိ ဗဟိုဘဏ်၏ စွမ်းဆောင်ရည်အပေါ်၌လည်း တည်၍နေပြန်သည်။ ဗဟိုဘဏ်သည် နိုင်ငံအတွင်းရှိ စီးပွားရေးအတက်အကျ၊ မူဝါဒအပြောင်းအလဲများကို လေ့လာသုံးသပ်ခြင်း၊ ငွေကြေးဆိုင်ရာမူဝါဒများ လိုအပ်သလို ချမှတ်ပေးခြင်း၊ စီးပွားရေးအခြေအနေပေါ်မူတည်၍ အတိုးနှုန်း အနည်းအများကို အတိုးအလျှော့ပြုလုပ်ပေးခြင်း စသည့်တာဝန်များကို ဗဟိုအစိုးရအောက်မှ ကင်းလွတ်စွာ လုပ်ပိုင်ခွင့်အာဏာရှိရမည်ဖြစ်သည်။ ဘဏ်လုပ်ငန်းများ ပြဿနာနှင့်ရင်ဆိုင်ကြုံတွေ့သည့်အခါ၌လည်း ဗဟိုဘဏ်က ဝင်ရောက်ကူညီဖြေရှင်းပေးရမည်ဖြစ်သည်။

“အမေရိကမှာတော့ Federal Reserve ဆိုတာ ဗဟိုဘဏ်သဘောပဲ။ ၂၀၀၈ ခုနှစ် စီးပွားရေးကျဆင်းမှု ဖြစ်တော့လည်း သူကတာဝန်ယူဖြေရှင်းတယ်။ သူတို့အတိုးနှုန်း ဘာလို့ချတယ်၊ ဘာလို့တက်တယ်၊ သူတို့ဘဏ်တွေကို ဘာကြောင့်ကယ်တယ်၊ ဘာကြောင့်

အလုပ်ကို လုပ်နိုင်ဖို့ရာအတွက် လမ်းစဖြစ်တယ်ဆိုရင်တော့လည်း အကောင်းမြင်ယူဆလို့လည်းရပါတယ်။ ဘာပဲပြောပြော ဘဏ်တွေရဲ့ထမ်းဆောင်ရမယ့်တာဝန်ကို လုပ်ဆောင်ဖို့အတွက် ဘဏ်တွေများလာတာဟာ ကောင်းတယ်။ စွမ်းဆောင်မှုတွေ တိုးချဲ့လာတာကောင်းပါတယ်။ အဲဒီလို လမ်းစလို့ပဲ ကောက်ယူရမှာပေါ့။ ဒါပေမဲ့ အဓိကက ဘဏ်တွေများလာတာနဲ့အမျှ ဘဏ်တွေဆိုတာဟာ တခြားလုပ်ငန်းလို အထူးသဖြင့် မြန်မာပြည်လို ကောလာဟလများတဲ့ နိုင်ငံတစ်ခုအတွက် ကောလာဟလကြောင့် ဘဏ်ပျက်တယ်။ ကောလာဟလကြောင့် ဘဏ်မပျက်ဖို့အတွက် Banking Insurance ရှိဖို့လိုတယ်။ ဘဏ်တွေမှာ အကြောင်းကြောင်းကြောင့် အခက်အခဲရှိလာရင် နောက်ကထောက်ပံ့ထားမယ့် အာမခံလုပ်ငန်းတစ်ခုရှိရမယ်။ အဲဒါ ပေါ်မယ်လို့မတွေ့ရသေးဘူး။ အဲဒါလိုသေးတယ်။ အဲဒါပေါ်မယ်ဆိုရင်တော့ ဘဏ်အသစ်တွေဖွင့်မယ်။ ဘဏ်တွေအတွက် Banking Insurance ပေါ်မယ်ဆိုရင်တော့ အနာဂတ်မှာ ဘဏ်လုပ်ငန်းတွေနဲ့ပတ်သက်လို့ အများကြီး မျှော်လင့်ရပါတယ်။

**L.C** ။ ။ **မြန်မာနိုင်ငံမှာ ၂၀၀၃ ခုနှစ်ဆန်းပိုင်းက ဘဏ်ပြဿနာဖြစ်ခဲ့တာကနေ ဘာသင်ခန်းစာတွေ ယူနိုင်ပါသလဲ။**

**Dr.NWM** ။ ။ အဲဒါပဲ၊ အဲဒါရှိရင် လူတွေက ဘဏ်တွေကို ယုံလိမ့်မယ်။ ကောလာဟလဖြစ်ရင်လည်း လူတွေက သွားမထုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဘဏ်တစ်ခုရှိရင် သူ့ကိုလျော်မယ်။ ဘယ်နိုင်ငံမှာမဆို အဲဒါရှိတယ်။ ဘဏ်အသစ်တွေပေါ်လာတဲ့အခါ အဲဒါက လိုတယ်။ Treasury Deposit Insurance အပ်ငွေအာမခံပေါ့။ ဘဏ်တစ်ခုမှာ ငွေလာအပ်ရင် အဲဒီအပ်ငွေကို နောက်ဘဏ်တစ်ခုမှာ ပြန်အပ်ထားတာပေါ့။

**L.C** ။ ။ **မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံခြား ဘဏ်**

www.foreverspace.com.mm



မကျယ်ဘူးလဲ။ ဒါတွေကို လွှတ်တော်မှာ အပြန်အလှန် အပြင်းအထန် ဆွေးနွေးကြတာ။ ဒါကို အားလုံးကထိုင်ကြည့်လို့ရတယ်။ ဒါက Transparency ပေါ့။ သူတို့က အဲဒီလို Check and Balance နဲ့ သွားကြတာ" ဟု ဒေါက်တာသောင်းဟန်က ပြောကြားသည်။

ဗဟိုဘဏ်တို့သည် ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် သီးခြားလွတ်လပ်စွာဖွဲ့စည်းကာ ဖြစ်ပေါ်နေသော နိုင်ငံ၏စီးပွားရေးအပြောင်းအလဲအပေါ် မူတည်၍ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာမူဝါဒများ ချမှတ်ပေးသည့်စနစ် ကျင့်သုံးရလေ့ရှိသည်။

## စီးပွားရေး ရေခံမြေခံ

ထို့ပြင် ဘဏ်လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးရန်မှာ လွယ်ကူစွာ ရင်းနှီးမြှုပ်နှံနိုင်သည့် စီးပွားရေး ရေခံမြေခံရှိရေးဖြစ်သည်။ ပြည်သူများက အပ်နှံထားသော ငွေများရှိသော်လည်း အခြား တစ်နေရာ၌ ပြန်လည်ရင်းနှီးမြှုပ်နှံရန် နေရာရှားပါးနေ၍မရပေ။


ယုံကြည်စိတ်ချ၍ အပ်နှံကြခြင်းဖြစ်သည်

အချို့သောဘဏ်လုပ်ငန်းများသည် ဘဏ်အပ်ငွေများကို တည်ဆောက်ရေးလုပ်ငန်းကဲ့သို့သော မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၌ ပြန်လည်ရင်းနှီးမြှုပ်နှံတတ်ကြသည်။ ယင်းသို့ တစ်နေရာတည်းစုပြုံ ရင်းနှီးမြှုပ်နှံခြင်းသည် ရေရှည်၌ ဘဏ်များပျက်စီးသွားစေနိုင်သော အခြေခံအကြောင်းအရင်းများ ဖြစ်၍လာနိုင်သည်ဟု ဘဏ်ပညာရှင်များက ဆိုထားသည်။

ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဆိုပါက အရင်းအနှီးများလည်း ကျွဲကူးရေပါတိုးလာမည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံစရာ ရေခံမြေခံ လိုအပ်လှသည်။ ရင်းနှီးမြှုပ်နှံစရာနေရာရှိမှသာ ထုတ်လုပ်မှုရှိ၍ ပြည်သူများ အလုပ်အကိုင်နေရာများရပြီး စားသုံးမှုနှင့် စုဆောင်းမှု လည်း မြင့်တက်မည်ဖြစ်သည်။ ထိုအခါ စုဆောင်းမှုမြင့်တက်၍ အရင်းအနှီးတိုးကာ ထပ်မံ၍ ထုတ်လုပ်မှု တိုးမြှင့်နိုင်မည်ဆိုသော စီးပွားရေးစက်ဝန်းတစ်ခု ပီပီပြင်ပြင်ပေါ်လာမည်ဖြစ်သည်။

"စီးပွားရေး ရေခံမြေခံက ထုတ်လုပ်သူလည်းရှိရဲ့သားနဲ့၊ ထုတ်လုပ်ချင်ရဲ့သားနဲ့၊ ရောင်းလိုအား၊ ဝယ်လိုအားလည်း ရှိရဲ့သားနဲ့ ရေခံမြေခံက မပေးဘူးဆိုပြန်တော့လည်း မဖြစ်ဘူးပေါ့။ စီးပွားရေးရေခံမြေခံနဲ့ ဘဏ်နဲ့ နှစ်ခုပြောင်းတာ တိုက်ဆိုင်ရင်တော့ ကောင်းတာပေါ့။ ဘဏ်ပေါ်ပြီး စီးပွားရေး ရေခံမြေခံမပေါ်ဘူးဆိုရင်တော့လည်း မဖြစ်ပြန်ဘူး" ဟု ဒေါက်တာနေဝင်းမောင်က ဘဏ်များပေါ်သကဲ့သို့ ရင်းနှီးမြှုပ်နှံစရာ စီးပွားရေး ရေခံမြေခံကောင်း ပေါ်လာသင့်ကြောင်း မှတ်ချက်ပေးသည်။

အရင်းအနှီးငွေများ ရင်းနှီးမြှုပ်နှံနိုင်သော နေရာတစ်ခုမှာ ရှယ်ယာဈေးကွက်ဖြစ်သည်။ ရှယ်ယာဈေးကွက်တွင် ငွေဈေးကွက် (Money Market) နှင့် အရင်းအနှီးဈေးကွက် (Capital Market) ဟူ၍ နှစ်မျိုးရှိကာ ငွေဈေးကွက်မှာ အချိန်ကာလအားဖြင့်

**လုပ်ငန်း အခြေအနေကို ဘယ်လိုမြင်ပါသလဲ။**

**Dr.NWM** ။ ။ နိုင်ငံခြားငွေနဲ့ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ဖို့ကတော့ မဖြစ်နိုင်သေးဘူးလို့ ပြောရမှာပဲ။ နံပါတ်တစ် မြန်မာနိုင်ငံမှာ နိုင်ငံခြားသားတွေကို နိုင်ငံခြားငွေကိုင်ခွင့် မပေးသေးဘူး။ နိုင်ငံခြားငွေကို ကိုင်ခွင့်ပြုတဲ့နည်းတော့ရှိတယ်။ အဲဒါက သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းလုပ်တဲ့နည်းပဲ။ ကိုင်ခွင့်တော့မပြုဘူး။ ဘဏ်မှာထားခွင့်တော့ ပေးတယ်။ ဥပမာ– ခင်ဗျားက Treader ဟိုတယ်က Bell Boy အထုပ်ထမ်းတဲ့သူ၊ နိုင်ငံခြားသားက ခင်ဗျားကို Tip ပေးတယ်။ ကျပ်ငွေနဲ့ မဟုတ်ဘူး။ ဒေါ်လာနဲ့ပေးတယ်။ ခင်ဗျားက အဲဒီငွေကို စုချင်တယ်။ ဘဏ်ရှိရမယ်။ ဘဏ်မရှိရင် အရင်ဘာရှိရမလဲဆိုတော့ ခင်ဗျားလက်ထဲရောက်လာတဲ့ငွေဟာ ခင်ဗျားကို ရာဇဝတ်မှုမသင့်အောင် လုပ်သင့်တာပေါ့။

**L.C** ။ ။ **ဘဏ်တွေဖွံ့ဖြိုးတယ်ဆိုတဲ့နေရာမှာ လူတွေ ငွေရမယ်။ အပ်ငွေတွေကို ဘဏ်တွေကရင်းနှီးမယ်။ အလုပ်တွေလုပ်ရမယ်။ ငွေထပ်ရကြမယ်။ အဲဒီလည်ပတ်ပုံကို ရှင်းပြပါဦး။**

**Dr.NWM** ။ ။ အဲဒါက ပြောရရင်တော့ အရှည်ကြီးပဲ။ ဘဏ်တွေ ဖွံ့ဖြိုးဖို့အတွက် အတိုးနှုန်းတွေဟာ ငွေကြေးဖောင်းပွမှုကို ကာမိအောင်လုပ်ရမယ်။ မနှစ်က တစ်ရာတန်ပစ္စည်း ဒီနှစ်မှာ ၁၃၀ ဖြစ်နေပြီ။ ဘဏ်မှာအပ်ထားရင် မနှစ်က ၁၀၀ ကျပ်က ဒီနှစ် ၁၁၅ ကျပ်ပဲရမယ်။ ဘဏ်က ငွေချေးလို့ရဖို့အတွက် ငွေအပ်တဲ့သူရှိဖို့လိုတယ်။ ငွေအပ်ဖို့ဆိုတာက အတိုးနှုန်း သဘာဝကျဖို့လိုတယ်။ အဲဒါမှ ငွေလိုတဲ့သူနဲ့ ငွေပိုတဲ့သူရဲ့ ကြားမှာ တံတားထိုးပြီး ငွေကို အားချိန်၊ နားချိန်မရှိဘဲ လည်ပတ်စေမှာ။ အပ်တဲ့သူများများရှိမှ ချေးငွေများများ ချေးနိုင်မယ်။ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ဆိုတာ Access to Credit စီးပွားရေးလုပ်ငန်းဆိုတာ တွင်ကျယ်လာရင် တိုးချဲ့

www.foreverspace.com.mm




ဘဏ်လုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့်အပြိုင် ရှယ်ယာဈေးကွက်ပါ ပေါ်ထွန်းလာရန် အခွင့်အလမ်းရှိသည်

တစ်နှစ် ထက်တိုသော ကာလသက်တမ်းရှိသည့် ငွေကြေးစာချုပ်စာတမ်းရောင်းဝယ်သော ဈေးကွက်ဖြစ်ပြီး ငွေကြေးစာချုပ်စာတမ်းတွင် ငွေတိုက်စာချုပ်၊ ကူးသန်းရောင်းဝယ်ရေးစာရွက်စာတမ်း၊ ဘဏ်အာမခံစာရွက်စာတမ်း၊ အချိန်ဆိုင်းအပ်ငွေနှင့် ပြည်ထောင်စုရန်ပုံငွေများ ပါဝင်ကြသည်။

အရင်းအနှီးဈေးကွက်သည် သက်တမ်းတစ်နှစ်ထက်ပိုသော စာချုပ်စာတမ်းများကို ရောင်းဝယ်သည့်ဈေးကွက်ဖြစ်ပြီး ယင်း၌ ငွေတိုက်စာချုပ်၊ အစိုးရတာဝန်ခံထားသောငွေချေးစာချုပ်၊ အပေါင်ခံငွေချေးစာချုပ်၊ ကုမ္ပဏီရှယ်ယာ၊ ကုမ္ပဏီစာချုပ်များ ပါဝင်ကြသည်။

အထက်ပါစာချုပ်စာတမ်းများ ရောင်းဝယ်ကြသော ရှယ်ယာဈေးကွက်ပေါ်လာမည်ဆိုပါက ဘဏ်များသည် မိမိတို့၏ အရင်းအနှီးငွေများကို ရှယ်ယာများ ဝယ်ယူခြင်းဖြင့် ရင်းနှီးမှုပြုလုပ်နိုင်ကြမည်ဖြစ်သည့်အပြင် ငွေပိုငွေလျှံရှိသူများလည်း အိမ်တွင်းပုန်းငွေများဖြင့် ရှယ်ယာဝယ်ယူကာ အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာနိုင်မည်ဖြစ်သည်။

"ဘဏ်တွေပေါ်လာပြီး ရှယ်ယာဈေးကွက်မပေါ်လို့မရဘူး။ ဘဏ်တွေ တခြားနေရာမှာ ရင်းနှီးမြှုပ်နှံလို့ရအောင် ရှယ်ယာဈေးကွက်ပေါ်လာရင် ပိုကောင်းတာပေါ့။ ငွေရှိပြီး ဘာလုပ်ရမှန်းမသိတဲ့ လူတွေ ရှယ်ယာတွေ ဝယ်ထားတော့ ကောင်းတာပေါ့။ ငွေတွေလည်း တခြားမလိုလားအပ်တဲ့နေရာတွေ မရောက်တော့ဘူးပေါ့" ဟု ဒေါက်တာသောင်းဟန်က အကြံပြုပြောကြားသည်။

ထို့ကြောင့် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့်အပြိုင် ရှယ်ယာဈေးကွက်ပေါ်လာရန်လည်း အခွင့်အလမ်းများ ဖွင့်ပေးကြရသည်။ ရှယ်ယာဈေးကွက်နှင့် စိမ်းနေသေးသော မြန်မာနိုင်ငံတွင် ရှယ်ယာဈေးကွက်သဘောကို ဖြည်းဖြည်းချင်းမိတ်ဆက်ပြီး ရင့်ကျက်ကျွမ်းကျင်သော ရှယ်ယာဈေးကွက်သို့ လျှောက်လှမ်းရတော့မည်ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးနေသည်ဆိုသော မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာနှင့် ကုန်သွယ်မှုများ

မှာပဲ။ တိုးချဲ့ဖို့အတွက် ငွေချေးလို့ရရမယ်။ အဲဒီအခြေအနေ ရှိဖို့လိုတယ်။ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာဆိုရင် ဘောင်းဘီထဲမှာ ကတ်ပြားပဲရှိတယ်။ ပိုက်ဆံတွေအားလုံးဟာ ဘဏ်ထဲမှာရှိတယ်။

**L.C ။ ။ စီးပွားရေးလုပ်ငန်းတွေမရှိဘဲနဲ့ ရင်းနှီးမြှုပ်နှံမှု ကြီးပမ်းမလား။ အဲဒါဆို ဘဏ်တွေဟာ ရေရှည်ဖွံ့ဖြိုးပါ့မလား။**

**Dr.NWM** ။ ။ ဟုတ်တယ်။ စီးပွားရေးလုပ်ငန်းမရှိဘဲနဲ့ ပိုက်ဆံရှိတာပေါ့နော်။ အခုဆိုရင်လည်း ပိုက်ဆံရှိပြီး ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေတဲ့အခြေအနေဖြစ်နေတယ်။ စီးပွားရေးလုပ်ငန်းမဖွံ့ဖြိုးဘဲ ဘဏ်လုပ်ငန်းမဖွံ့ဖြိုးဘူး။ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးလာရင် အရင်းအနှီးတွေလည်း တိုးလာမယ်။ Credit Card တွေပေါ်လာမယ်။ Credit Card တွေရှိလာရင် ဝယ်လိုအားက အရင် ၁၀၀၀ ကျပ် ဝယ်ရင် အခု ၂၀၀၀ ဖိုး ဝယ်ကြမယ်။ ဝယ်လိုအားများလာမယ်။ ဝယ်လိုအားများလာရင် ရောင်းလိုအားများမယ်။ ရောင်းလိုအားများရင် သူ့အလိုလို ထုတ်လုပ်သူတွေများလာမယ်။ ဒါပေမဲ့ စီးပွားရေး ရေခံမြေခံက ထုတ်လုပ်သူလည်းရှိရဲ့သားနဲ့၊ ထုတ်လုပ်ချင်ရဲ့သားနဲ့၊ ရောင်းလိုအား ဝယ်လိုအားလည်း ရှိရဲ့သားနဲ့၊ ရေခံမြေခံက မပေးဘူးဆိုပြန်တော့လည်း မဖြစ်ဘူးပေါ့။ စီးပွားရေးရေခံမြေခံနဲ့ ဘဏ်နဲ့နှစ်ခုပြောင်းတာ တိုက်ဆိုင်ရင်တော့ ကောင်းတာပေါ့။ ဘဏ်တွေပဲပေါ်ပြီး စီးပွားရေး ရေခံမြေခံမပြောင်းလဲဘူးဆိုရင်တော့ မဖြစ်ဘူး။ ဘဏ်ကငွေချေးလို့ရတယ်။ လွယ်တယ်။ ဒါပေမဲ့ ဘယ်မှာသွားရင်းနှီးရမလဲဆိုတာတော့ ခက်တာပေါ့။ စီးပွားရေးသမားများ ဝင်ရောက်လုပ်ကိုင်ခွင့် Level Playing Field လို့ခေါ်တဲ့ တန်းတူညီတူယှဉ်ပြိုင်ခွင့် အဲဒါတွေလိုတာပေါ့။

**L.C ။ ။ အသစ်ဖွင့်မယ့် ဘဏ်လေးခုက ရင်းနှီးမတည်ငွေ ၁၀ ဘီလီယံနဲ့စပြီး ရင်းနှီးတယ်။ အခုလက်ရှိဖွင့်ထားတဲ့ ဘဏ်တွေကလည်း ရင်းနှီးမတည်ငွေတွေကို တိုးလာကြ**

www.foreverspace.com.mm

အလုပ်အကိုင်အလျောက်ရှိနေသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ကဏ္ဍ ပြည်ပနိုင်ငံအတွက် ငွေပေး၊ ငွေချေးခြင်းပြုရာတွင် နိုင်ငံခြားငွေကို အသုံးပြုခြင်းဖြစ်ရာ နိုင်ငံခြားဘဏ်လုပ်ငန်းများနှင့် ဆက်ဆံလာရသည်။ နိုင်ငံခြားဘဏ်ဆိုသည်မှာလည်း နိုင်ငံခြားသုံးငွေကြေးကို အရောင်းအဝယ်လုပ်သည့် ဘဏ်လုပ်ငန်းပင်ဖြစ်သည်။

## နိုင်ငံတကာဘဏ်များဖွင့်လှစ်ခွင့်

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ်လုပ်ငန်းများဖွင့်ခွင့်ပေးလာခြင်းနှင့်အတူ နောက်ထပ် တစ်ဆင့်တက်ကာ ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားငွေကြေးနှင့်ဆိုင်သော နိုင်ငံခြားကုန်သွယ်မှုနှင့်ဆိုင်သော နိုင်ငံခြားဘဏ်လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးရေးပင်ဖြစ်သည်။ သို့မှသာ နိုင်ငံတကာနှင့် ကုန်သွယ်ဆက်ဆံရေးပြုလုပ်ရာတွင် ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ်များဖွင့်လှစ်လာသည့်အခါ၌ ဘဏ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန်အတွက် နည်းပညာကို တစ်ပါတည်း အသုံးချရမည်ဖြစ်သည်။ နည်းပညာကို အသုံးချခြင်းဖြင့် ဘဏ်တို့၏ဝန်ဆောင်မှုကို အကောင်းဆုံး ပြသရမည်ဖြစ်သည်။ သာမန်ဘဏ်လုပ်ငန်း အခြေအနေတစ်ခုမှ Online Banking ၊ Debit Card၊ Credit Card၊ e-Banking စနစ်၊ အလိုအလျောက်ငွေထုတ်စက်စနစ် (Automatic Teller Machine) နှင့် e-Commerce စနစ် စသည့်စနစ်များသို့ တဖြည်းဖြည်းပြောင်းလဲယူသွားရမည်ဖြစ်သည်။

"အခုခေတ်ကြီးမှာ တစ်ခုကနေတစ်ခု ပြောင်းလဲဖို့ဆိုတာ သိပ်မကြာဘူး။ သူများတွေ ရှေ့ကလုပ်သွားတာတွေ အများကြီးပဲ။ မှားတာတွေ၊ မှန်တာတွေလည်း နိုင်ငံတကာမှာ ကြုံပြီးနေပြီ။ အကောင်းဘက်က ပြန်စဉ်းစားရင် ကိုယ်က နောက်ကျကျန်ခဲ့ပေမယ့် အမြန်သွားလို့ရတယ်။ Online Banking တွေရဲ့ အဓိကအားသာချက်က ငွေစက္ကူတွေအတိုင်း ကိုင်တွယ်ခွင့်တွေ လျော့သွားတာပဲ။




ပုဂ္ဂလိကဘဏ်လောက တစ်ဖန်ဖွံ့ဖြိုးလာမည့် အလားအလာဟုဆိုသည်

**တယ်။ ဒါတွေကြောင့် အသစ်ဖွင့်လာမယ့် ဘဏ်လေးခုဟာ မြန်မာ့ဘဏ်လောကဖွံ့ဖြိုးရေးအတွက် ဦးတည်လာနိုင်တယ်လို့ပြောနေကြတယ်။ အဲဒါကိုရော ဘယ်လိုမြင်ပါသလဲ။**

**Dr.NWM ။** ။ ပိုပြီး ကြိုးစားတဲ့လူ၊ Customer ကို ဝန်ဆောင်မှု ကောင်းကောင်းပေးတဲ့လူ နိုင်နိုင်တယ်လို့တော့ ပြောရမှာပဲ။ အခုထိတော့ ပေါ်မလာသေးဘူးဆိုတဲ့ အခါမှာတော့ အကဲဖြတ်ဖို့မဖြစ်နိုင်ပါဘူး။ ဘဏ်တွေဟာ တန်းတူ ယှဉ်ပြိုင်ကြရင်း Customer ကို ဝန်ဆောင်မှုပေးနိုင်တဲ့သူ ရှေ့တန်းရောက်သွားမှာပဲ။ ဒါပေမဲ့ ဖွင့်လာတဲ့အခါ စောင့်ကြည့်ရမှာပါ။ ယှဉ်ပြိုင်မှုရှိလာတာကတော့ စားသုံးသူအတွက် ကောင်းတာပေါ့။ နောက်တစ်ခုက ခင်ဗျားမမေးလို့ ဖြည့်ပြီးပြောလိုက်မယ်။ ဘဏ်လုပ်ငန်းဖွံ့ဖြိုးလာရင် ပိုက်ဆံတွေအားလုံးက ဘဏ်တွေဆီကိုပဲသွားမှာ။ လူတွေအားလုံးရဲ့ ပိုက်ဆံက ဘဏ်တွေကို သွားတဲ့အခါ ဘာဖြစ်လဲဆိုတော့ ခင်ဗျားဝင်ငွေ ဘယ်လောက်ရှိတယ်ဆိုတာ မသိရပေဘူးလား။ အဲဒီလိုသိရတဲ့အတွက် အခွန်ကောက်ဖို့ မလွယ်ပေဘူးလား။ ခင်ဗျားရတဲ့ငွေဟာ ဘယ်သူ့ Account ထဲကလာတဲ့ဟာလည်းဆိုရင် ခင်ဗျားပိုက်ဆံဟာ လာဘ်ပေးလာဘ်ယူကရထားတယ်ဆိုတာ မသိနိုင်ပေဘူးလား။ အဲတော့ ဘဏ်တွေဖွံ့ဖြိုးလာတဲ့အခါမှာ ပိုက်ဆံတွေအားလုံးဟာ ဘဏ်ထဲရောက်သွားတယ်ဆိုတာသိတော့ အခွန်ကောက်လို့ လွယ်တယ်။ လာဘ်ပေးလာဘ်ယူကိစ္စတွေကို Trace လုပ်ရတာလွယ်တယ်။ အကြမ်းဖက်သမားတွေ တိုက်ဖျက်ရတာလွယ်တယ်။ ငွေဖြူငွေမဲလုပ်တဲ့သူတွေကို သိနိုင်တယ်။ အဲဒီအထိအောင် ဘဏ်လုပ်ငန်းရဲ့ အကျိုးဆက်က သွားတယ်။ ဘဏ်လုပ်ငန်းထဲရောက်လာရင် စောင့်ကြည့်ရတာ တစ်နေရာပဲရှိတယ်။ ဝင်ငွေထွက်ငွေကို စောင့်ကြည့်ရုံပဲ။ ကတွတ်ပေါက်က ဗျိုင်းစောင့်သလိုပေါ့။

**ကျော်ဇေယျာထွန်း**

www.foreverspace.com.mm




မလိုလားအပ်တဲ့ ငွေစက္ကူပုံနှိပ်ရတာတွေလည်း လျော့သွားတာပေါ့" ဟု ဒေါက်တာသောင်းဟန်က အကြံပြုသုံးသပ်သည်။

## ကျွမ်းကျင်လုပ်သားအရင်းအမြစ်

ဘဏ်လုပ်ငန်းအတွက် ကျွမ်းကျင်ပညာရှင်များ၊ ဘဏ်လုပ်ငန်းကျွမ်းကျင်ဝန်ထမ်းများ လုံလုံလောက်လောက်ရှိလာစေရန် လူသားအရင်းအမြစ်ကို လုံလုံလောက်လောက် လေ့ကျင့်သင်ကြားပေးထားမှသာ ဘဏ်များနှင့် ဘဏ်ခွဲများ ဖွင့်လှစ်နိုင်ရေးအတွက် အဆင်ပြေစေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိဘဏ်လုပ်ငန်း တွင်ကျယ်ခြင်းမရှိသဖြင့် ဘဏ်လုပ်ငန်းနှင့်သက်ဆိုင်သည့် ဘာသာရပ်သင်တန်းများ သင်ကြားပေးသည့်နေရာမှာလည်း မရှိသလောက်ဖြစ်သည်။ သို့သော် ပုဂ္ဂလိကဘဏ်များဖွင့်လှစ်ခွင့်ပြုလိုက်သည့်နောက်ပိုင်းတွင် လက်ရှိဖွင့်လှစ်ထားသော ဘဏ်များက ဝန်ထမ်းများ ခေါ်ယူလေ့ကျင့်ပေးကာ ဘဏ်များတိုးချဲ့သွားရန် ပြင်ဆင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များသည် အနာဂတ်တွင် ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ရာ ယင်းဘာသာရပ်ကို သင်ကြားပေးသည့်နေရာများ ပေါ်ထွက်လာရမည်ဖြစ်သည်။ ပညာရှင်များ၊ ကျွမ်းကျင်သူများဖြင့်သာ လည်ပတ်သော ဘဏ်လုပ်ငန်းသည် အန္တရာယ်ကင်းသော ရေရှည်ဖွံ့ဖြိုးမှုအတွက် ဦးတည်နိုင်မည်ဖြစ်သည်။

## ယုံကြည်မှုတည်ဆောက်ရေး

ထို့ပြင် ၂၀၀၃ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသော ဘဏ်ပြဿနာတွင် ဘဏ်၌ ငွေအပ်နှံထားသောပြည်သူများက ဘဏ်များအပေါ် အယုံအကြည်ကင်းမဲ့သွားခြင်းသည်လည်း ဘဏ်ပြဿနာကို အဓိကဖြစ်စေသော အကြောင်းတစ်ခုပင်ဖြစ်သည်။ ဘဏ်များအပေါ် အယုံအကြည်ကင်းမဲ့သွားခြင်းမှာ မိမိအပ်နှံထားသောငွေများ ဆုံးရှုံး

**မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်များ**

| စဉ် | ဘဏ်အမည် | ရုံးချုပ်နှင့် ဘဏ်ခွဲအရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | သမဝါယမဘဏ် | ၂၀ | |
| ၂။ | ပထမပုဂ္ဂလိကဘဏ် | ၁၈ | |
| ၃။ | အင်းဝဘဏ် | ၃၀ | |
| ၄။ | ကမ္ဘောဇဘဏ် | ၄၀ | |
| ၅။ | မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် | ၇ | |
| ၆။ | မြန်မာနိုင်ငံသားများဘဏ် | ၂ | |
| ၇။ | မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် | ၃၇ | |
| ၈။ | မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက် | ၁၇ | |
| ၉။ | မြဝတီဘဏ်လီမိတက် | ၁၄ | |
| ၁၀။ | စည်ပင်သာယာရေးဘဏ် | ၂ | |
| ၁၁။ | ထွန်းဖောင်ဒေးရှင်းဘဏ် | ၁၀ | |
| ၁၂။ | ရန်ကုန်မြို့တော်ဘဏ် | ၂ | |
| ၁၃။ | ရိုးမဘဏ် | ၄၂ | |
| ၁၄။ | အာရှရန်ကုန်ဘဏ် | ၁ | ရုံးချုပ် |
| | **ထပ်မံအသစ်ဖွင့်လှစ်သည့်ဘဏ်များ** | | |
| ၁၅။ | ဧရာဝတီသားဘဏ် | ၁၀ | လျာထား |
| ၁၆။ | Asia Green Development | ၈ | လျာထား |
| ၁၇။ | မြန်မာ့ရှေ့ဆောင်ဘဏ် | – | |
| ၁၈။ | အမရာဘဏ် | – | |

www.foreverspace.com.mm






စီးပွားရေးအပြောင်းအလဲအပေါ်မူတည်၍ ဘဏ်လုပ်ငန်းနှင့်ငွေကြေးမူဝါဒများ ချမှတ်ပေးရမည်ဖြစ်သည်

သွားမည်ကို စိုးရိမ်သောကြောင့်သာဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရသော ဘဏ်လုပ်ငန်း လည်ပတ်ရပ်တည်သည့်သဘောကို ပြည်သူလူထုကြား ကျယ်ကျယ်ပြန့်ပြန့်မသိရှိခြင်းအကြောင်းတစ်ခု ကြောင့်လည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူလူထုသည် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှ ၂၀၀၃ ခုနှစ်အထိ ၁၀ နှစ်ကျော်ခန့်သာ ဘဏ်လုပ်ငန်းနှင့် ကောင်းကောင်း ထိတွေ့ဆက်ဆံခဲ့ရသည်။ ယင်းအခြေအနေမှာလည်း ဘဏ်များ၏ ဖွံ့ဖြိုးစအခြေအနေတစ်ခုဟုပင်ဆိုနိုင်ရာ ဘဏ်နှင့်ပတ်သက်သည့် ကျယ်ပြန့်သောအကြောင်းအရာများ ပြည်သူလူထုအကြား ကျယ်ကျယ် ပြန့်ပြန့်သိရှိရန်နှင့် ဘဏ်များအပေါ် ယုံကြည်မှုရှိလာစေရေးတို့



လိုအပ်နေသေးသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ပြည်သူများကို ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာသဘောတရားများ ပိုမိုသိရှိလာ စေရန် အသိပညာပေးသည့်အစီအစဉ်များ ပုဂ္ဂလိကဘဏ်များကို အကာအကွယ်ပေးရန်နှင့် အလွန်အကျွံမဖြစ်စေရန် ထိန်းသိမ်း သော မျှတခိုင်မာသော ဥပဒေများပြဋ္ဌာန်းပေးရန် ဦးစွာလိုအပ် ကြောင်း ဘဏ်လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်မည်ဆိုပါက ဘဏ်လုပ်ငန်းများသည် မဖြစ်မနေ ပေါ်လာရတော့မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းများပေါ်လာပါက လုပ်ပိုင်ခွင့်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများ သူနေရာနှင့်သူ တိကျမှန်ကန်စွာ ချမှတ်ရတော့မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းများ လည်ပတ်နိုင်ရန်အတွက် ကျွမ်းကျင်သော ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများ၊ နည်းပညာများ စသည်တို့ကို ရှေ့လာမည့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ထားရတော့မည်ဖြစ် သည်။ ပြည်သူလူထုကို အသိပညာပေးခြင်းနှင့် ပြည်သူလူထုက ဘဏ်များအပေါ် ယုံကြည်မှု ပြန်လည်မြင့်တက်လာစေရန် လုပ်ဆောင် ရတော့မည်ဖြစ်သည်။

အထူးသတိထားရမည်က အပြောင်းအလဲကာလတွင် ဖြစ်ပေါ် တတ်သော အလှုပ်အယမ်းပင်ဖြစ်သည်။ ဖြစ်ပေါ်လာသောအခြေအနေ ကို မှန်ကန်တိကျသော ဖြေရှင်းသည့်နည်းလမ်းဖြင့်သာ ဖြေရှင်းဖို့ ဖြစ်သည်။ ဖွံ့ဖြိုးမှုပန်းတိုင်နှင့် အလှမ်းမဝေးစေရန် တရုတ်နဂါး ခေါင်းယမ်းသလို ခပ်ကြမ်းကြမ်းမဖြစ်ရန်သာလိုကြောင်း ဝါရင့် ဘဏ်ပညာရှင်များ သတိပေးထောက်ပြကြသည်။

**ကျော်ဇေယျာထွန်း**

www.foreverspace.com.mm

# "နောင် လေး၊ ငါးနှစ်မှာ စတော့ဈေးကွက်ပေါ်လာရင် အခုချိန်ကတည်းက လေ့ကျင့်ပြင်ဆင်ထားမှ မျိုးဆက်သစ်က အဲဒီအချိန်မှာ အသင့်ဖြစ်နေမှာ"

## ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ စီးပွားရေးပညာရှင် ဒေါက်တာသောင်းဟန်နှင့်တွေ့ဆုံခြင်း

ကျော်ဇေယျာထွန်း

ဗဟိုဦးစီး စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ပြောင်းလဲကျင့်သုံးခဲ့သော မြန်မာနိုင်ငံ၌ ၂၀၀၃ ခုနှစ်အတွင်း ပုဂ္ဂလိကဘဏ်အချို့ကိုပိတ်သိမ်းပြီး ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခွင့်ကိုပါ ကန့်သတ်ခဲ့သောကြောင့် ပုဂ္ဂလိကဘဏ်များ၏ဝန်ဆောင်မှုအခန်းကဏ္ဍ မှေးမှိန်ခဲ့ရရာမှ ယခုအခါ ပုဂ္ဂလိကဘဏ်သစ်ကြီးလေးခုကို တစ်ပြိုင်နက် ဖွင့်လှစ်ခွင့်ပြုလိုက်ပြီး အချို့သောပုဂ္ဂလိကဘဏ်များကိုလည်း ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့သဖြင့် တစ်ခေတ်ပြန်လည်ဆန်းသစ်လာမည့် ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုအခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဘဏ်ပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာသောင်းဟန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။



**L.C ။ ။ နိုင်ငံတစ်ခုမှာ ဘဏ်လုပ်ငန်းဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို အရင်ဦးဆုံး ရှင်းပြပေးပါလား။**

**Dr. T.H** ။ ။ လွယ်လွယ်လေးပြောရရင်တော့ ဘယ်နိုင်ငံမှာမဆို ဘဏ်စနစ်မဖွံ့ဖြိုးဘဲနဲ့ နိုင်ငံဖွံ့ဖြိုးဖို့ဆိုတာက မဖြစ်နိုင်သလောက်ပဲ။ ပညာရှင်တွေက နိုင်ငံပေါင်း ၃၀၊ ၄၀ ကိုသုတေသနပြုပြီး လေ့လာကြည့်တဲ့အခါ နောက်ဆုံးအနှစ်ချုပ်လိုက်ရင် ဘဏ်စနစ်မဖွံ့ဖြိုးဘဲနဲ့တော့ နိုင်ငံတစ်ခုဟာ မဖွံ့ဖြိုးလာနိုင်ဘူး။

**L.C ။ ။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းကနေ ၂၀၀၂ ခုနှစ်အထိ ဘဏ်တွေဖွံ့ဖြိုးလာပြီး ၂၀၀၃ ခုနှစ်ကစပြီး ဘဏ်ဖွံ့ဖြိုးမှု ကျဆင်းသွားရတဲ့ အားနည်းချက်တွေက ဘာတွေဖြစ်မလဲ မသိဘူး။**

**Dr.T.H** ။ ။ အဲဒီအချိန်တုန်းက အဓိကပြောကြတာကတော့ Speculation သိပ်များတယ်ဆိုတာကိုလည်း တစ်ချက်ပြောတယ်။ Banking Regulation အားနည်းတယ်ဆိုတာကိုလည်း တစ်ချက်ပြောတယ်။ အထူးသဖြင့် အဲဒါကိုစလိုက်တဲ့ ဘဏ်မဟုတ်တဲ့ Non- Bank Financial Sector ပေါ့။ အကျိုးဆောင်တွေပေါ့။ ဒီအကျိုးဆောင်တွေက ဥပဒေကို Gray Area ကနေပြီးတော့ မဖြစ်နိုင်တဲ့ Incentive ပေးပြီး ငွေကြေးစနစ်ကို ဘဏ်မဟုတ်ဘဲ ဝင်လုပ်သွားကြတာပေါ့။ ဘဏ်ကျတော့ ဘယ်နိုင်ငံမှာမဆို Regulation တွေက အနည်းနဲ့အများ တင်းကျပ်တာများတယ်။ ငွေကြေးအကျိုးဆောင်အဖွဲ့တွေက ဝင်လာကြတော့

www.foreverspace.com.mm

Gray Area တစ်ခု ဖြစ်လာတယ်။ Bankတွေရဲ့ Marketကိုလည်း ဝင်လုတာမျိုးဖြစ်လာတယ်။ အဲဒီအချိန်မှာ ဘဏ်တွေက မသိစိတ်နဲ့ လိုက်ပြိုင်ကြတယ်။ ဒါမျိုးက အမေရိကန်သမိုင်းကို လေ့လာတဲ့ အခါမှာလည်း တွေ့ရတယ်။ ဘဏ်တွေက တင်းကျပ်တယ်။ Non-Bank Finance Service တွေကပိုပြီး Free Operate လုပ်လို့ရတဲ့ အချိန်မှာ Non-Bank ကိုလိုက်ပြိုင်ရတဲ့အချိန်ဖြစ်လာတယ်။ ဥပမာ–ဘဏ်တွေမှာကျတော့ အတိုးနှုန်းသတ်မှတ်ချက်ရှိတယ်။ အကျိုးဆောင်တွေကတော့ မရှိဘူး။

တစ်ခုအနေနဲ့ ဘယ်လိုခေါ်မလဲ အားလုံးကို Flat အတိုင်း သွားမယ့်အတူတူ ယုံရမယ့်သူကို အတိုးနည်းနည်းချေးပြီး နည်းနည်းကြောက်ရတဲ့သူကိုကျတော့ အတိုးများများပေးပြီးချေးတယ်။ ဒီလိုမျိုးတွေ ကစားတာများတဲ့အခါကျတော့ ဘဏ်တွေက အကျိုးဆောင်တွေကို ပြိုင်လာပါတယ်။ အကျိုးဆောင်လုပ်ငန်းတွေက Gray Area က ကစားလာတယ်။ ပြီးတော့ ဘယ်နိုင်ငံမှာမဆို စီးပွားရေး Transaction ဖြစ်တဲ့အခါမှာ ဘယ်တော့မဆို Speculation က အရမ်းများတယ်။ ဗီယက်နမ်မှာလည်းဖြစ်တယ်။ တရုတ်၊ အင်ဒိုနီးရှားသူတို့လည်း ဖြစ်တာပဲ။ ထိုင်းမှာလည်းဖြစ်တာပဲ။ အဲဒီ Speculation Boom ဖြစ်တဲ့အချိန်နဲ့ ဘဏ်တွေဖွင့်လာတဲ့ အချိန်နဲ့ အားလုံးဟာ တစ်ပြိုင်တည်းဖြစ်သွားလို့ပါ။ နောက်တစ်ခု ပြောတာက အဲဒီအချိန်မှာ ဘဏ်တွေတစ်ခုခုဖြစ်သွားရင် ဝင်ပြီး ကယ်ထုတ်ပေးမယ့် အစီအစဉ်ပေါ့။ ဒီအစီအစဉ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရမယ်။ အင်ဒိုနီးရှားမှာလည်း ဘဏ်ပြဿနာတွေဖြစ်ခဲ့တာပဲ။ ထိုင်းလည်း ဖြစ်ခဲ့တာပဲ။ အင်ဒိုနီးရှားမှာဖြစ်တုန်းက ဗဟိုဘဏ်ကဝင်ပြီး အရေးယူဆောင်ရွက်ပေးတဲ့ပုံနဲ့၊ ထိုင်းမှာဖြစ်တုန်းက အရေးယူဆောင်ရွက်ပေးတဲ့ပုံနဲ့ မြန်မာမှာ ဖြစ်တုန်းကဝင်ပြီး အရေးယူဆောင်ရွက်ပေးတဲ့ပုံ။ အဲဒီအချိန်မှာ အရေးကြီးဆုံးက ရက်ပိုင်းလေးပဲ။ ဘယ်ဟာမဆို ရက်ပိုင်းလေးမှာ ပွဲပြီးသွားတာ။ အဲဒီအချိန်မှာ ဝင်လာတဲ့ Timing၊ ဝင်လာတဲ့ ထပ်တူတွေက အရေးကြီးတယ်။ အဲဒီအချိန်မှာ လူတွေရဲ့ယုံကြည်မှုကို အချိန်မီ ပြန်မတည်ဆောက်နိုင်လိုက်ဘူး။ ပိုဆိုးသွားအောင် လုပ်သလိုဖြစ်သွားတယ်။

မြန်မာပြည်ဘဏ်ပြဿနာနဲ့ပတ်သက်ပြီး စာတမ်းအများစုက အဲဒီလိုပဲသုံးသပ်ကြတယ်။ နောက်တစ်ခုက အမေရိကန်မှာလည်း FDIC ဆိုတာရှိတယ်။ FDIC က ဘာလဲဆိုတော့ ဘဏ်အဖွဲ့တွေကို ပေါင်းထားပြီး အသင်းဝင်ကြေးတွေ ပေးထားကြတယ်။ FDIC က ဘာလုပ်လဲဆိုရင် အဓိကအားဖြင့် ဘဏ်တွေ ပြဿနာမဖြစ်ဖို့ ကာကွယ်ပေးတာပဲ။ ပိုက်ဆံအပ်နှံထားတဲ့သူတွေက ဘဏ်တွေမှာ တစ်ပြိုင်တည်းပိုက်ဆံလာထုတ်ရင် ကမ္ဘာပေါ်မှာ ဘယ်ဘဏ်မှမခံနိုင်ဘူး၊ ပြိုမှာပဲ။ အဲဒီပိုက်ဆံကိုထုတ်ပေးနိုင်အောင် ကြိုးစားတာမျိုးမဟုတ်ဘဲနဲ့ လာထုတ်ချင်သူတွေရဲ့ ဘာကြောင့်လာထုတ်တယ်ဆိုတာကို ချေဖျက်ပေးဖို့ပဲလိုတယ်။ ထုတ်ချင်တဲ့စိတ်ကလည်း ကြောက်ရွံ့မှုနဲ့ အယုံအကြည်မရှိမှုပဲ။ ဆုံးရှုံးမှာကြောက်ရွံ့တာရယ်၊ အဲဒီဘဏ်တွေကို မယုံတာရယ်။ ဆုံးရှုံးတာကို မကြောက်ရဘူး။ အဲဒီဘဏ်တွေ ပြိုတာ၊ မပြိုတာ ကိုယ်အပ်နှံထားတဲ့ပိုက်ဆံနဲ့ မဆိုင်ဘူးဆိုရင် လူတွေမှာ အဲဒီလိုပြဿနာမရှိတော့ဘူး။ အဲတော့ အမေရိကန်မှာကျတော့ ဘဏ်စာရင်း (Account) တစ်ခုချင်းစီကို အာမခံထားပေးတယ်။

ပြီးခဲ့တဲ့ ၂၀၀၈ မတိုင်ခင်တုန်းက စာရင်း (Account) တစ်ခုစီကို ဒေါ်လာတစ်သိန်းစီ အာမခံပေးထားတယ်။ ၂၀၀၈ ခုနှစ် စီးပွားရေးကျဆင်းမှုတွေဖြစ်တော့ ဘဏ်စာရင်းတစ်ခုစီကို ဒေါ်လာ နှစ်သိန်းခွဲစီပြောင်းပြီး အာမခံထားပေးတယ်။ ဒါက FDIC က လုပ်ပေးတာ။ ဘယ်ဘဏ်စာရင်းမဆို နှစ်သိန်းခွဲအထိ အာမခံထားတယ်။ အဲဒီ ပမာဏအထိကို FDIC က လျော်ပေးတယ်။ ခုနကလို ဘဏ်တစ်ခုမှာ ရုတ်တရက်ဘဏ်ပြဿနာ (Bank Run) ဖြစ်လို့ ပြိုသွားခဲ့ရင်တောင်မှ အဲဒီစာရင်းပိုင်ရှင်တွေအနေနဲ့ အဲဒီပိုက်ဆံ ပမာဏကို ပြန်ရမယ်။ ဆိုလိုတာက အဲဒီဘဏ်ကြီးပြိုသွားလည်း အလန့်တကြားဘဏ်ပေါက်သွားပြီး တန်းစီစောင့်နေစရာမလိုတော့ဘူး။ တိုးစရာလည်းမလိုဘူး။ ဘယ်လောက်ပဲထုတ်ရမယ်ဆိုတာမျိုးလည်းမရှိဘူး။ အဲဒီလိုစနစ်တစ်ခုကို ဟိုမှာသေသေချာချာရှိနေတဲ့အခါကျတော့ ဘဏ်ပြိုပေမယ့် ဒီမှာလိုဖြစ်မသွားဘူး။ မြန်မာပြည်မှာ အဲဒီလိုခိုင်မာတဲ့အာမခံစနစ်မရှိခဲ့ဘူး။ ရှိလည်း လူတွေ မသိကြဘူးပေါ့နော်။

**L.C ။ ။ ဘဏ်အာမခံစနစ် တည်ထောင်ဖို့အတွက်ရော ဘာတွေလိုအပ်မလဲ။**

**Dr. T.H** ။ ။ ဟိုမှာလည်း ဒီလိုအပ်ငွေအာမခံအဖွဲ့အစည်း ထောင်တာတွေဟာ ဒီလောက်အခက်အခဲကြီးမဟုတ်သလို သိပ်ပြီးတော့မှ စွန့်ဦးတီထွင်နေတာလည်း မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အာမခံသဘောက စွန့်စားမှု (Risk) ကို စီမံခန့်ခွဲရတော့ ပိုကြိုးစားတာပေါ့။ Risk ကို စိတ်ပူလို့ ကိုင်မထားချင်တဲ့သူနဲ့ Risk ကိုယူမယ် Premium ကြေးပေးဆိုတဲ့လူနှစ်ယောက်ကြားက သဘောတူချက်ပါ။ သူတို့အားလုံးဟာ ထိုင်ပြီးတော့ တွက်လိုက်ကြတာ။ စိတ်ပူတဲ့သူက အာမခံထားတယ်။ ဒါကို Premium ကြေး ယူပြီး ပြုံးပြုံးကြီးလက်ခံတဲ့သူကလည်း စီးပွားရေးလုပ်ပြီး လက်ခံတာပဲ။ အဓိကက စနစ်လေးတစ်ခုပါပဲ။ Insurance Policy လေး တစ်ခုပါပဲ။ ဒါကိုလုပ်မယ်ဆိုရင် လုပ်လို့ရပါတယ်။ ၂၀၀၃ ဘဏ်ပျက်တာ စာတမ်းတွေက ဒီအချက်ကို ထောက်ပြတယ်။

**L.C ။ ။ နိုင်ငံတစ်ခုမှာ ဗဟိုဘဏ်က ဘဏ်တွေကို ဘယ်လိုထိန်းကျောင်းပေးတယ်ဆိုတာကိုလည်း ရှင်းပြပေးပါဦး။**

**Dr. T.H** ။ ။ အမေရိကန်မှာက Federal Reserve ဆိုတာ အဓိကရှိတယ်။ Federal Reserve ဆိုတာ 12 District ဆိုပြီးရှိတယ်။ Federal Reserve ဆိုပြီး စနစ်ထားတယ်။ 12 District ထားတယ်။ နောက်ပြီး Federal Reserve ရဲ့ဥက္ကဋ္ဌထားတယ်။ သူ့ရဲ့သက်တမ်းက တစ်ဆယ့်လေးနှစ်ရှိတယ်။ ခုနစ်နှစ်စီပေါ့။

www.foreverspace.com.mm

တကယ့်ထိတ်ထိတ်ကြဲတွေပေါ့။ သမ္မတကပဲ ခန့်အပ်တာပေါ့။ တကယ်တော်တဲ့သူတွေပေါ့။ Federal Reserve ကလည်း ဘဏ်တွေနဲ့ပဲ ဖွဲ့ထားတာပဲ။ ဘဏ်တွေက အဖွဲ့ဝင်ဖြစ်တယ်။ သူတို့က အဓိက ကတော့ နောက်ဆုံးပြဿနာအားလုံးကို ရှင်းပေးတာပဲ။ ပြီးတော့ သူတို့က အဓိကအကျဆုံးကတော့ Monetary Policy တွေ၊ Interest Rate တွေ၊ ငွေကြေးတန်ဖိုး ပြောင်းလဲမှုတွေကအစ စီးပွားရေး ပြောင်းလဲမှုတွေတက်လား၊ ကျလားဆိုတာတွေ၊ နောက်ဆုံးဖြစ်သွားတဲ့ စီးပွားရေးကျဆင်းမှုမှာဆိုရင် သူတို့နဲ့ဆိုင်တယ်။ သူတို့ရဲ့ ခေါင်းပေါ်မှာပဲရှိတယ်။ ဒါကြောင့် နည်းမျိုးစုံနဲ့ ဒါကိုဖြေရှင်းဖို့ ကြိုးစားတယ်။ အတိုးနှုန်းပြောင်းလဲပေးတာ။ Money Supply ကို လိုတိုးပိုလျှော့လုပ်ပေးတာ။ Federal Reserve ကတော့ တော်တော် Strong ဖြစ်တဲ့ဟာပေါ့။



သူများနိုင်ငံမှာလည်း အရေးကြုံတဲ့အခါမှာ Federal Reserve နဲ့ အမေရိကန်အစိုးရ မတူသင့်ဘူး။ အမေရိကန်ကို နမူနာထားပြီးရေးကြတယ်။ ဒါပေမဲ့ အမေရိကန်မှာလည်း တစ်ခါတလေကျတော့ Federal Reserve က Strong ဖြစ်လွန်းတဲ့အခါကျတော့ ဗဟိုအစိုးရနဲ့ ထိပ်တိုက်တွေ့တာမျိုးတွေ ရှိတယ်။ ဒီလိုမျိုးတွေကတော့ နေရာတိုင်းမှာရှိမှာပဲ။ ဒါပေမဲ့ Check and Balance ဆိုတဲ့ဟာနဲ့ တွဲနေတဲ့အခါကျတော့ ဆိုးတာလည်း လူတိုင်းမြင်တယ်။ သူတို့လုပ်တာ မဟုတ်ရင်လည်းမြင်တယ်။ အဓိကကတော့ Transparence ရှိတော့ သူတို့အတိုးနှုန်းကို ဘာလို့ချလဲ။ ဘာလို့တက်လဲ။ သူတို့ဘဏ်တွေကို ဘာကြောင့်ကယ်လဲ။ ဘာကြောင့်မကယ်ဘူးလဲ။ တချို့ဘဏ်တွေကိုတော့ ပေးပြိုလိုက်ပြီး မေရီလင့်ဘဏ်ကျတော့ ဘာလို့ကယ်တာလဲ။ ဒါတွေက လွှတ်တော်မှာ အပြင်းအထန်ဆွေးနွေးကြတယ်။ ဒါကို အားလုံးက ထိုင်ကြည့်နေလို့ရတယ်။ အဲဒီလူ ဖြီးနေတာဟုတ်လား၊ မဟုတ်ဘူးလား။ မှန်လား၊ မမှန်ဘူးလားဆိုတာ ကြည့်လို့ရတာပဲ။ ဒါက Transparence ပေါ့။ အဲဒီစကားလုံးက ဒီနေရာမှာ အရေးကြီးတယ်။ အဲဒီလို System ကြီးတစ်ခုရှိလာရင်တော့ အရမ်းအားရဖို့ကောင်းပါတယ်။ ခုနကလို ဘဏ်ပြဿနာတွေဟာ အသေးအမွှားလိုဖြစ်သွားမှာပေါ့။ Federal Reserve က အစိုးရနဲ့ သီးခြားရပ်တည်ပြီး ဘဏ်တွေရဲ့ ငွေကြေးဆိုင်ရာမူဝါဒတွေကို စစ်ဆေးထိန်းကျောင်းပေးတာပေါ့။

**L.C ။ ။ မြန်မာနိုင်ငံမှာ ဘဏ်လုပ်ငန်းနဲ့ အကျွမ်းတဝင်မရှိတဲ့ ပြည်သူတွေကို ဘဏ်လုပ်ငန်းနဲ့ပတ်သက်ပြီး ပညာပေးသင့်တယ်လို့ ပြောတဲ့အပေါ် ဘယ်လိုယူဆပါသလဲ။**

**Dr. T.H** ။ ။ တကယ်တမ်းတော့ ပညာပေးဆိုတဲ့စကားလုံးသုံးရင်တော့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတွေကအစ ပညာပေးဆိုတာ နေရာတိုင်းမှာ လိုတယ်။ အခု ဗီယက်နမ်ဘဏ် ဒီမှာဖွင့်ထားတယ်။ ဘာလို့ဖွင့်တာလဲ။ ကိုယ်တို့ဆီကဘဏ်တွေက ဘာလို့မဖွင့်တာလဲ။ ဒါတွေကို လူတွေအားလုံးက သိရမယ်။ တတ်နိုင်ရင် အခု MRTV- 4 မှာဆွေးနွေးသလို ဘဏ်အကြောင်းကို ဆွေးနွေးသင့်တယ်။ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ အစိတ်အပိုင်းနည်းနည်းလေးကိုပဲ ကြည့်စေကာမှ အဲဒီအစိတ်အပိုင်းနည်းနည်းလေးကိုပဲ မှတ်မိတာပေါ့နော်။ ဖြည်းဖြည်းလုပ်ယူရတာပေါ့။ ချက်ချင်းမရဘူး။ ဒါမျိုးတွေက ရှိသင့်တာ။ အခုဘဏ်ထောင်တယ်။ ဘဏ်ဆိုတာဘာလဲ။ ကျွန်တော်တို့ဆီမှာ အထူးသဖြင့် ဘဏ်နဲ့ပတ်သက်တဲ့သင်တန်း နည်းနေသေးတယ်။ သူက ကန့်သတ်ထားတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလို ဖြစ်နေတယ်။ အဲဒါလေးကိုတော့ ဖြေလျှော့ဖို့တန်ပြီ။

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်က တရုတ်ပြည်နယ်စပ်ဘက်ရောက်သွားတော့ လွယ်ကျယ်ဘက်ထင်တယ်။ လွယ်ကျယ်ဟိုဘက်ကမ်းရောက်တော့ တရုတ်က လွယ်ကျယ်ကို ချဲ့နေပြီ။ အကြီးအကျယ်ပဲ။ ကျွန်တော်နဲ့ပါသွားတဲ့ ဝန်ကြီးတစ်ယောက်က လက်ညှိုးထိုးပြီးတော့ ပြောတာက ကြည့်စမ်း သူတို့က သူတို့စီးပွားရေးတွေဝင်လာတဲ့အခါ ဘဏ်တွေနဲ့လာတယ်။ ဟုတ်တယ်။ မြို့ထဲဝင်ကြည့်လိုက်တဲ့အခါ ဘဏ်ကြီးလေးခုရှိတယ်။ ဘဏ်ခွဲလေးခုက မြို့သစ်နဲ့အတူရှိတယ်။ သူတို့က ပိုက်ဆံကို အရင်လွှတ်တယ်။ ဟိုတုန်းက နိုင်ငံတစ်နိုင်ငံကို သိမ်းပိုက်လိုက်ရင် စစ်တပ်ကြီးကို အရင်လွှတ်တာ။ အခုကတော့ ငွေကြေးစစ်တပ်ကြီးကို လွှတ်လိုက်တယ်။ အဲတော့ အဲဒီဘက်ခြမ်းက တရုတ်တွေ အကုန်လုံးက မြန်မာပြည်ဘက်က သစ်ဝင်ဝယ်တယ်။ ဘယ်လောက်ထိရမလဲ။ ဘဏ်မှာထုတ်တယ်။ ဘဏ်ကထုတ်ပေးတာပဲ။ အဲဒီငွေကိုင်ပြီး

www.foreverspace.com.mm

ဘူဟာ မြန်မာပြည်ထဲမှာ သူဌေးဖြစ်သွားတာပဲ။ မြန်မာပြည်က ထင်းခုတ်တဲ့ဓားနဲ့လွှကိုင်နေတဲ့အချိန်မှာ သူက ပိုက်ဆံကိုင်နေပြီ။

**L.C ။ ။ လက်ရှိမှာ ဘဏ်တွေအနေနဲ့ အပ်ငွေလက်ခံပြီး တခြားစီးပွားရေးလုပ်ငန်းမှာပြန်ရင်းနှီးဖို့ နေရာမရှိတဲ့အတွက် မိမိရဲ့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမှာ ပြန်ရင်းနှီးရတာမျိုးတွေ ရှိတော့ ရေရှည်မှာ ဘဏ်ကဖွံ့ဖြိုးနိုင်ပါ့မလား။**

**Dr. T.H** ။ ။ ပြောင်းလဲမယ်ဆိုရင်တော့ ဒါတွေပါပြောင်းလဲရမှာပေါ့။ Bank ဆိုတာရှိပြီး Financial Market, Capital Market ဆိုတာမရှိဘူး။ တစ်ခါတလေကျတော့ အားလုံးတွဲပြီးသွားရတာပဲ။ Financial Sector Development ဆိုပြီး တွဲပြီးပေါ်တာပေါ့။ Capital Market တစ်ခုပေါ်လာတာဆိုတာက ဘဏ်တွေက သူတို့ကိုယ်တိုင် ဆောက်လုပ်ရေးလုပ်ငန်းတွေမှာသွားပြီးလုပ်နေမယ့်အစား Capital Market တွေပေါ်လာပြီ၊ Stock Market တွေပေါ်လာပြီဆိုရင် ဘဏ်တွေက Securities တွေမှာသွားပြီး ရင်းနှီးမြှုပ်နှံတာမျိုးတွေ ဖြစ်လာနိုင်တယ်။ ဘဏ်တွေလည်း ရွေးချယ်စရာများလာတာပေါ့။ ဒီလိုမှမဟုတ်ရင် ဒီပြဿနာဟာ ဘဏ်တွေရဲ့ ဖွံ့ဖြိုးမှု၊ ကြီးထွားမှုကို အနှောင့်အယှက်ဖြစ်စေတယ်။ ဘဏ်တွေ တခြားနေရာမှာ ရင်းနှီးမြှုပ်နှံလို့ရအောင် Securities Market ပေါ်လာရင် ပိုကောင်းတာပေါ့။ အဲဒီလိုမှ ဘဏ်ရဲ့ Activity တွေက ပိုပြီးမြန်လာမှာပေါ့။ မလိုတဲ့နေရာတွေမှာလည်း မရောက်တော့ဘူးပေါ့။

**L.C ။ ။ လက်ရှိမြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ဘဏ်မှာငွေအပ်ထားလို့ အတိုးရနိုင်တယ်ဆိုပေမယ့် ရတဲ့အတိုးနှုန်းက Inflation ကို Cover မဖြစ်တာမျိုးတွေ ရှိနေတယ်။ ဒါကိုကျတော့ ဘယ်လိုထိန်းသင့်ပါသလဲ။**

**Dr. T.H** ။ ။ အဲဒီကိစ္စက ပိုပြီးစိတ်ဝင်စားပြီးတော့မှ အသေးလည်းစိတ်တယ်။ Complex လည်း ဖြစ်တယ်။ Interest Rate ကိုဘယ်လိုထိန်းမလဲ။ ဒါမှမဟုတ် Inflation ကို အရင်ထိန်းချင်တာလား။ တစ်ခုတော့ရှိတယ်။ Interest Rate ဆိုတဲ့နေရာမှာ အစိုးရကပေးတဲ့အတိုးနှုန်းမှာတော့ အတိုးနှုန်းကိုထည့်တွက်တဲ့အခါမှာ သူ့ရဲ့အစိတ်အပိုင်းဖြစ်တဲ့ Risk ပါတယ်။ ဥပမာ–ဘဏ်မှာငွေသွားအပ်ထားတယ်။ အတိုး ၁၂ ရာခိုင်နှုန်းရတယ်။ ဒါကိုကျတော့ Risk Free လို့ ပြောလို့ရတယ်။ အပြင်မှာ ကားဝယ်လိုက်တယ်။ ကျပ်သိန်း ၁၀၀၀၊ ၂၀၀၀ ဖြစ်တယ်။ ဘယ်လောက်မြတ်တယ်ပြောပေမယ့် အခုလိုကားလိုင်စင်ထုတ်ပေးလိုက်လို့ ဈေးပြုတ်ကျသွားတဲ့အခါမှာ အဲဒီလူက ရှုံးရော။ Risk ရှိတယ်။ Risk Premium က များတယ်။ အခု သိန်း ၁၀၀၀ ရှိတယ်။ အပြင်မှာထားရင် အတိုး ၂ ရာခိုင်နှုန်းရတယ်။ ဘဏ်မှာထားရင် ၁ ဒသမ ၂ လောက်ပဲ ရမယ်။ ဘဏ်မှာထားတာကတော့ အိပ်နေလို့ရတယ်။ အပြင်မှာလို သူကထွက်ပြေးရင် ဘယ်လိုလုပ်မလဲ။ တစ်ခါတလေကျတော့ ရိုးရိုးလေးတွက်လို့မရဘူး။ ငါးသိန်း၊ ၁၀ သိန်းလောက်က နှစ်ကျပ်တိုးနဲ့တော့ စကားမပြောပေမယ့် သိန်းတစ်သောင်း၊ သိန်းနှစ်သောင်းဖြစ်လာရင် အဲဒီအတိုးကို မပေးနိုင်တော့ဘူး။ အများအားဖြင့်တော့ ပြောကြပါတယ်။ Interest Rate ကို ဖွင့်ပေးဖို့ကောင်းတယ်။ ဒါပေမဲ့ အဲဒီ Shock လေးကိုတော့ ခံနိုင်ဖို့လိုတယ်။ Transition Shock ကိုတော့ ခံနိုင်ဖို့လိုတယ်။ J Curve ဆိုတဲ့ သီအိုရီဆိုတာ ရှိတယ်။ J Curve ဆိုတာ ကျသွားတာတစ်ခုရှိတယ်။ ပြီးတော့ အကောင်းဘက်ကို အချိန်နဲ့အတူပြန်တက်လာမယ်။ ဒါပေမဲ့ အဲဒီမှာ လိုင်းတစ်ခုရှိမယ်။ အဲဒီလိုင်းအောက်ကိုကျသွားပြီး

> **တကယ်တမ်းတော့ အခုခေတ်ကြီးမှာ တစ်ခုကနေတစ်ခုကို ပြောင်းတာဟာ မကြာတော့ဘူး။ သူများတွေအရှေ့က လုပ်သွားတာတွေ အများကြီးရှိပြီးနေပြီဆိုတော့ တချို့ကိစ္စတွေက စမ်းတဝါးဝါးတွေ မဟုတ်တော့ဘူး။ e-Banking ဆိုတာကလည်း တစ်ခုလုံးဖြစ်ပြီးသားတွေ ရှိပြီးသားပဲ။ အချိန်ကာလတစ်ခုထိ ရှိပြီးသွားပြီဆိုတော့ မှားတာတွေ၊ မှန်တာတွေလည်း နိုင်ငံတကာမှာ ကြုံပြီးနေပြီဆိုတော့ အကောင်းဘက်ကပြန်သွားရင် ကိုယ့်နိုင်ငံက နောက်ကျကျန်ခဲ့ပေမယ့် အမြန်သွားလို့ရသေးတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ အားလုံး တစ်ပြိုင်တည်းဖြစ်ရင် ပိုကောင်းပါမယ်။**

ပြန်မတက်နိုင်တာမျိုး ဖြစ်နိုင်တယ်။ အဲဒါကို ထိန်းဖို့လိုမယ်။ ဘဏ်တွေ၊ ဗဟိုဘဏ်တွေ၊ အစိုးရတွေက ဒါကိုတော့ ထိန်းသိမ်းရမယ်။ အတိုးနှုန်းကိုဖွင့်လိုက်တဲ့အချိန်မှာ ငွေကြေးဖောင်းပွမှုဟာ တက်လာမယ်။ အဲဒီအချိန်ကို တောင့်ခံနိုင်ဖို့လိုမယ်။ တောင့်ခံနိုင်ဖို့အတွက်က ဗဟိုဘဏ်ရဲ့ငွေကြေးမူဝါဒတွေအပြင် အစိုးရရဲ့ ဘဏ္ဍာရေးခွန်အား အဲဒါအားလုံးက ဝင်ထိန်းပေးနိုင်ဖို့လိုမယ်။ Inflation ဆိုတာကလည်း တစ်စိတ်တစ်ပိုင်းအရ Supply နဲ့ Demand ပေါ်မှာ မူတည်တာပေါ့။ ဥပမာ–ခါတ်ဆီဈေးတက်တာ။ ဒါပေမဲ့ ခါတ်ဆီတွေ ဝင်လာတဲ့အခါကျတော့ ခါတ်ဆီဈေးတွေထိုးကျရော။ လွယ်လွယ်ပြောရင် ပေါ့နော်၊ အားလုံးကို အဲဒီလိုကုလို့မရပေမယ့် ဒီကိစ္စကို ဒါနဲ့ရှင်း၊ ဒါကို ဒါနဲ့ရှင်းမယ်ဆိုရင် စောစောက Transition ဆိုတာ လွတ်သွားနိုင်တယ်။ Interest Rate မြင့်တဲ့ဟာက ပြဿနာမရှိပါဘူး။ အမေရိကန်လိုနိုင်ငံမှာကျတော့ အတိုးနှုန်းကို ဗဟိုဘဏ်က သတ်

www.foreverspace.com.mm

မှတ်ပေးတယ်။ ဘဏ်တွေက ငွေတိုက်စာချုပ်ကို ထုတ်ရောင်းတယ်၊ ဝယ်တယ်ဆိုတာနဲ့ Money Supply ကို ထိန်းပေးတယ်။ Money Supply ကို ဝင်ထိန်းပေးရင်းနဲ့ အတိုးနှုန်းကိုပါ ထိန်းသွားတယ်။ အားလုံးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာ။

**L.C ။ ။ မြန်မာနိုင်ငံမှာ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်နိုင်ဖို့အတွက် ဘယ်လိုအခြေခံပြောင်းလဲမှုတွေကို လုပ်သင့်ပါသလဲ။**

**Dr. T.H** ။ ။ တကယ်တမ်းတော့ နိုင်ငံခြားဘဏ်တွေဝင်လာတဲ့ဟာကို အကြောင်းအမျိုးမျိုးကြောင့် စိတ်ပူတာရှိကြတယ်။ တချို့ကိစ္စတွေကျတော့ လုပ်ကြည့်မှသိတာမျိုးတွေရှိတယ်။ ဘာပဲဖြစ်ဖြစ် သင့်တင့်လျောက်ပတ်တဲ့မူဝါဒတွေပေါ့။ နိုင်ငံတော်အတွက်လည်း စိတ်မပူရဘူး။ နိုင်ငံခြားဘဏ်တွေအတွက်လည်း လုပ်သာကိုင်သာ



ရှိမယ့် မူဝါဒတွေထုတ်ပြီး ဖွင့်ပေးရမယ်။ နိုင်ငံခြားဘဏ်တွေဝင်လာတာဟာ ဘယ်တော့မဆို အကောင်းဘက်ကိုသွားတယ်။ အထူးသဖြင့် အဲဒီနိုင်ငံခြားဘဏ်တွေဝင်လာလို့ တိုင်းပြည်ရဲ့စီးပွားရေးတစ်ခုကို တိုက်ရိုက် Impact တစ်ခုအနေနဲ့ တိုးတက်သွားစေတာထက်စာရင် Spill Over Effect က ပိုများတယ်လို့ပြောတယ်။ ဆိုလိုတာက နိုင်ငံခြားဘဏ်ဝင်လာရင် သူတို့ရဲ့နည်းပညာ၊ ကျွမ်းကျင်မှုတွေကို ပြည်တွင်းဘဏ်တွေက လိုက်ပြိုင်ရတယ်။ အဲဒီအခါမှာ Impact တစ်ခုအနေနဲ့ တိုးတက်ဖို့ဆိုတာထက် Spill Over Effect က များမယ်။ ဒါပေမဲ့ အနှစ်ချုပ်ပြောရင် နိုင်ငံခြားဘဏ်တွေ ဝင်လာတာဟာ ကောင်းတယ်။ ဆိုးသွားတာမရှိဘူး။ ကောင်းသွားတယ်ဆိုတာ တိုင်းပြည်အတွင်းကဘဏ်တွေ ကြိုးစားမှုပေါ်မူတည်တယ်။ သူတို့က နိုင်ငံခြားဘဏ်တွေနဲ့လိုက်ပြီးပြိုင်ရတဲ့အခါ တိုင်းပြည်အတွက် ကောင်းတာဖြစ်လာတာပေါ့။ မူဝါဒတွေတော့ ချပေးရမယ်။

**L.C ။ ။ အခု ပုဂ္ဂလိကဘဏ်ကြီးလေးခု ပေါ်လာမယ့်အပေါ် ဘယ်လိုမြင်ပါသလဲ။**

**Dr.T.H** ။ ။ ကျွန်တော့်အနေနဲ့ကတော့ ဝမ်းသာတယ်။ ကြိုဆိုတယ်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၀၈ ခုနှစ်လောက်က အမေရိကန်မှာ ဘဏ်ပေါင်း ၈၄၀၀ ကျော်ရှိတယ်။ ဘဏ်နဲ့ Saving Institution တွေ စုစုပေါင်းပေါ့။ တရုတ်ပြည်မှာဆိုရင် စုစုပေါင်း ဘဏ်အကြီးဆုံးက လေးခုနဲ့ အသေးက ၁၄၀ ကျော်လောက်ရှိတယ်။ ဂျပန်ကျတော့ ၁၂၉ ခုလောက်ရှိတယ်။ မြန်မာမှာကျတော့ ဘယ်လောက်မှမရှိဘူး။ ဘဏ်အရေအတွက်များတာထက် ဘဏ်တွေရဲ့ဝန်ဆောင်မှုတွေ၊ လုပ်နိုင်စွမ်းတွေ၊ အရည်အသွေးတွေ ကောင်းနေဖို့ကလည်း အရေးကြီးတယ်။ ဘဏ်လေးခုတိုးတယ်ဆိုတာက ကြိုဆိုတယ်။ ဘဏ်တွေများလာရင် ပိုပြိုင်လာမယ်။ သူတို့အချင်းချင်းပြိုင်ကြတဲ့အခါ ပြည်သူတွေအတွက် ကောင်းလာမယ်ပေါ့။ ဘယ်သူ့ဘဏ်က ငွေလွှဲတာပိုမြန်မလဲပေါ့။ ကိုယ့်ဘဏ်ထဲကို ခြေချလိုက်တာနဲ့ ၁၀ မိနစ်အတွင်းမှာ ပိုက်ဆံထုတ်ပြီးသားဖြစ်ရမယ်။ နောက်တစ်ခုက ခုနစ်မိနစ်အတွင်း ထုတ်ပြီးသားဖြစ်ရမယ်။ ဘဏ်တိုးတာကောင်းပါတယ်။ ဖြစ်စေချင်တာ ကြာပါပြီ။ ဘယ်သူရရပါ။

**L.C ။ ။ နည်းပညာနဲ့ပတ်သက်ပြီးတော့ရော။ အခု ဘဏ်တွေဖွံ့ဖြိုးလာပြီးမှ Online Banking လို၊ E-commerce တို့လို နောက်တစ်ဆင့်တက်သင့်လား။ အတူတူ အစတည်းကလုပ်သွားသင့်လား။**

**Dr.T.H** ။ ။ တကယ်တမ်းတော့ အခုခေတ်ကြီးမှာ တစ်ခုကနေတစ်ခုကို ပြောင်းတာဟာ မကြာတော့ဘူး။ သူများတွေအရှေ့ကလုပ်သွားတာတွေ အများကြီးရှိပြီးနေပြီဆိုတော့ တချို့ကိစ္စတွေက စမ်းတဝါးဝါးတွေမဟုတ်တော့ဘူး။ e-Banking ဆိုတာကလည်း တစ်ခုလုံးဖြစ်ပြီးသားတွေ ရှိပြီးသားပဲ။ အချိန်ကာလတစ်ခုထိရှိပြီးသွားပြီဆိုတော့ မှားတာတွေ၊ မှန်တာတွေလည်း နိုင်ငံတကာမှာကြုံပြီးနေပြီဆိုတော့ အကောင်းဘက်က ပြန်သွားရင် ကိုယ့်နိုင်ငံကနောက်ကျကျန်ခဲ့ပေမယ့် အမြန်သွားလို့ရသေးတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ အားလုံးတစ်ပြိုင်တည်းဖြစ်ရင်ပိုကောင်းပါမယ်။ Online Banking တွေရဲ့ အားသာချက်က ငွေစက္ကူတွေအတိုင်းကိုင်တွယ်သုံးစွဲတာတွေလျှော့ပြီး ငွေစက္ကူတွေနာပြီး Print လုပ်ရတဲ့ကုန်ကျစရိတ်တွေ မလိုလားအပ်တဲ့ ကုန်ကျစရိတ်တွေ လျှော့ချနိုင်တယ်။

www.foreverspace.com.mm



## ကိုယ်ရေးအကျဉ်း

| | |
|---|---|
| အမည် | – ဦးသောင်းဟန် |
| မိဘ | – ဦးချစ်ဖေ – ဒေါ်အုန်းတင် |
| မွေးသက္ကရာဇ် | – ၁၉၆၃ ခုနှစ် |
| မွေးဇာတိ | – မိုးကုတ်မြို့ |
| ပညာအရည်အချင်း | – 1987 M.B.,B.S<br>- 2002 Diploma in Business Law, Yangon University<br>- 2005 E.M.B.A, Yangon Institute of Economic<br>- 2008 M.B.A Purdue University<br>- 2009 Ph.D (Doctoral Students), Indiana Institute of Technology<br>- 2010 Ph.D (Doctoral Students), University of Texas (UTEP) |
| လုပ်ငန်းအတွေ့အကြုံ | – ၁၉၉၁–၂၀၀၇–Han Linn Company Limited တွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူခဲ့။<br>– ၁၉၉၈–၂၀၀၁–Myanmar Tokiwa Corporation တွင် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာအဖြစ် ထမ်းဆောင်ခဲ့။<br>– ၁၉၉၉–၂၀၀၀–Forest Joint Venture Corporation တွင် ဒါရိုက်တာအဖြစ်ဆောင်ရွက်ခဲ့။<br>– Tokiwa Corporation (Japan) တွင် အကြံပေးအဖြစ် ဆောင်ရွက်ခဲ့။<br>– ၂၀၀၀–၂၀၀၇–မြန်မာနိုင်ငံ အမျိုးသားကရာတေးအဖွဲ့ချုပ် (Myanmar National Koratedo Federation) တွင် အမှုဆောင်အရာရှိအဖြစ်ဆောင်ရွက်ခဲ့။<br>– ၂၀၀၆ – Myanmar Capacity Building Center (MCBC) ကို စတင်တည်ထောင်သူအဖွဲ့ဝင်အနေဖြင့်ဆောင်ရွက်ဆဲဖြစ်။<br>– ၂၀၀၈–၂၀၀၉–Purdue University Calumet တွင် ဧည့်ကထိကအဖြစ် ဆောင်ရွက်ခဲ့။ |

**L.C ။ ။ ဆရာ့အနေနဲ့ မြန်မာနိုင်ငံက ဘဏ်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဘာများဖြည့်စွက်ပြောချင်ပါသေးလဲ။**

**Dr.T.H** ။ ။ မြန်မာနိုင်ငံမှာ တကယ်တမ်းကျတော့ ဘဏ်နဲ့ ပတ်သက်ပြီး လက်တွေ့မှာတော့ ကျွမ်းကျင်ပေမယ့် စာတွေ့မှာ ဘာသာရပ်တစ်ခုအနေနဲ့တော့ အားနည်းနေသေးတယ်။ Bachelor တို့၊ Master တို့၊ Ph.D လိုဟာတွေကတော့ အလှမ်းဝေးသွားတာပေ့ါ။ ဘာကြောင့်မှန်းမသိဘူး။ အဲဒါက Popular မဖြစ်ဘူး။ ကျွန်တော်ပြောချင်တာက ဘဏ်နဲ့ပတ်သက်တဲ့ Training ပေးရမယ်။ စာတွေ့ရော၊ လက်တွေ့ရော၊ သီအိုရီပိုင်းရော၊ နိုင်ငံတကာဘဏ်လုပ်ငန်းအကြောင်းတွေ ဘာပဲဖြစ်ဖြစ် အရှေ့မှာ အနေနဲ့ အမြန်ကြုံလာတော့မှာ။ နောက်ပြီး Financial Industries Management တွေပေ့ါ။ မြန်မာနိုင်ငံမှာတော့ ဘဏ်တွေပဲရှိသေးတယ်။ ဒါ့အပြင် Financial Industries Management ကိုလည်း ချဲ့လေ့လာပြီးတော့ ဘယ်လိုပဲဖြစ်ဖြစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်သွားတဲ့ နိုင်ငံတိုင်းမှာ Stock Market ဆိုတာ ရှိပြီ။

မြန်မာနိုင်ငံမှာလည်း Stock Market နဲ့ ပတ်သက်တာတွေကို မြင်တတ်ဖို့၊ ပြင်ထားဖို့ဆိုတာက Before we make the production, we make the people ပစ္စည်းကို အရင်မထုတ်ဘဲ လူကို အရင်ထုတ်ရမယ်။ ဘဏ်တွေပေါ်ရင် ဒီဘဏ်မှာလုပ်ဖို့ လူလိုတယ်။ Stock Market တွေပေါ်လာရင် Stock Market မှာလုပ်နိုင်တဲ့လူတွေ လိုလာမယ်။ နည်းပညာက ဝယ်လိုက်ရင် ကိုယ်ပိုင်မယ်။ လူသားအရင်းအမြစ်က ဝယ်လို့မရဘူး။ အဲဒီအချိန်ကျမှ နိုင်ငံခြားကပညာရှင်တွေခေါ်ရမယ်ဆိုရင် အဲဒါကတော့ မသင့်တော်ဘူး။ အခုချိန်တည်းက ကြိုပြင်ထားသင့်တယ်။ နည်းပညာက ချက်ချင်းရနိုင်တယ်။ Human Resources က မရနိုင်ဘူး။ နောင် လေး၊ ငါးနှစ်မှာ စတော့ဈေးကွက်ပေါ်လာရင် အခုချိန်ကတည်းက လေ့ကျင့်ပြင်ဆင်ထားမှ မျိုးဆက်သစ်က အဲဒီအချိန်မှာ အသင့်ဖြစ်နေမှာ။ အဲဒီအချိန်အထိမစောင့်ဘဲနဲ့ အခုချိန်တည်းက မွေးထုတ်သွားစေချင်တယ်။

**ကျော်ဇေယျာထွန်း**

www.foreverspace.com.mm


ဤကဏ္ဍတွင် . . . . .

၆၂ အချိန်ကောင်းလား
၆၆ ပိုမိုဖွံ့ဖြိုးရန်ကြိုးပမ်းသင့်သည့် ဘုန်းတော်ကြီးသင်ပညာရေး
၇၄ ရန်ကုန် ကုန်စည်ဈေးကွက်

ယခုနှစ်ပိုင်းတွင် ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း စီးပွားရေး၊ နိုင်ငံရေးအခင်းအကျင်းများ ပြောင်းလဲလာမည်ဟု မျှော်လင့်ရသော မြန်မာနိုင်ငံနှင့် ကုန်သွယ်ရန်၊ နိုင်ငံတွင်း လာရောက်ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအဖွဲ့များ ခပ်စိတ်စိတ်ဝင်ရောက်လာသည်ကို တွေ့ရသည်။ ပထဝီရေးရာအရ၊ ဈေးကွက်သဘောအရ မဟာဗျူဟာကျသော်လည်း ရင်းနှီးမြှုပ်နှံသူများ မစွန့်စားရဲသောနိုင်ငံ၊ စီးပွားရေးပိတ်ဆို့မှုများကြောင့် ငွေပေးငွေချေကိစ္စရပ်များတွင် စိန်ခေါ်မှုများရှိသောနိုင်ငံ၊ ပျော့ပျောင်းသောငွေကြေးနှင့် စီးပွားရေးမူဝါဒ၊ အခြေခံအဆောက်အဦနှင့်ပတ်သက်၍ အမြဲတစေမေးခွန်းထုတ်နေရသောနိုင်ငံ။ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးလုပ်ကိုင်ရန် အချို့မှာ 'ဝင်' လာပြီဖြစ်သော်လည်း အချို့မှာမူ 'ချိန်ဆ' နေသေးသည်။ မေးခွန်းကပေါ်လာသည်။ ယခုအချိန်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် 'အချိန်ကောင်းလော'။

# အချိန်ကောင်းလား

ခွန်းသု



"စောတဲ့ငှက်က တီကောင်မိမှာပဲ" ဟု ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ အလုံးအရင်းနှင့် ရင်းနှီးမြှုပ်နှံရန် ကြိုးစားလာသော ဗီယက်နမ်နိုင်ငံနှင့်ပတ်သက်၍ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ရုံးအကြီးအကဲ မစ္စတာလောင်က မှတ်ချက်ပြုပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နိုင်ငံတကာဆက်ဆံရေးဌာန၏ စာရင်းဇယားများအရ ၂၀၁၀ ပြည့်နှစ်အတွင်း ဇူလိုင်လအထိ နိုင်ငံခြားမှကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဖွဲ့များ ဆက်တိုက်လာရောက်ခဲ့ရာ စုစုပေါင်း ၁၄ ဖွဲ့ထက်မနည်း လာရောက်ခဲ့သည်ကို တွေ့ရသည်။

"၂၀၁၀ မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး အခင်းအကျင်းပြောင်းဖို့ရှိတယ်မဟုတ်လား။ ဒါကြောင့် ဒါကိုအခွင့်

www.foreverspace.com.mm



ပေါင်းယူပြီး နောက်မကျချင်လို့ လာကြတာပါ။ အခုနောက်ပိုင်း နိုင်ငံစုံကလာကြတာကို တွေ့ရတယ်” ဟု UMFCCI အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

လာရောက်သော အဖွဲ့များတွင် ဗီယက်နမ်မှာ အများဆုံးအဖြစ် လေးကြိမ်လာရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ စီးပွားရေးအကြောင်းကိစ္စဖြင့် တရားဝင်လာရောက်ဖူးခြင်းမရှိသော ဖိလစ်ပိုင်နိုင်ငံသည်လည်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအတွက် လာရောက်ခဲ့သည်ကို တွေ့ရသည်။

ယခင်နှစ်များက ထိုကဲ့သို့ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဖွဲ့များ လာရောက်မှုများပြားလာသော်လည်း ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၆၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အစိုးရစာရင်းဇယားများအရ သိရသည်။

ထိုကဲ့သို့ ကျဆင်းလာရခြင်းမှာ စီးပွားရေးကျကပ်ဂယက်၊ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံတွင် ပြီးခဲ့သောနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်းနှင့် ဥရောပနှင့် အမေရိကတို့၏စီးပွားရေးပိတ်ဆို့မှုများကြောင့် ဖြစ်ကြောင်း နိုင်ငံတကာသတင်းမီဒီယာများက ရေးသားကြသည်။

“နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက နိုင်ငံတိုင်းမှာ အထိုက်အလျောက် ကျတာရှိတယ်။ စီးပွားရေးကျဆင်းမှုက ပြန်နာလန်ထတဲ့ အဆင့်ပဲရှိသေးတာကိုး။ ကမ္ဘာနဲ့အဝန်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံပဲ ကွက်ဖြစ်တယ်လို့ ပြောလို့မရဘူး” ဟု ဒေါက်တာမောင်မောင်လေးက ပြောဆိုသည်။

ယမန်နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ် ခုနစ်ခုရှိခဲ့ရာ ယင်းတို့အနက် လေးခုမှာ မလေးရှားနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့က ရင်းနှီးလုပ်ကိုင်သော ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများဖြစ်သည်။ ယင်းလုပ်ငန်းများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၆ သန်းရှိပြီး ထိုနှစ် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၈၈ ရာခိုင်နှုန်းရှိကြောင်း အစိုးရစာရင်းဇယားများအရ သိရသည်။

အခြားလုပ်ငန်းများမှာ ထိုင်းနိုင်ငံက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ တရုတ်နိုင်ငံက သတ္တုတူးဖော်ခြင်းလုပ်ငန်းနှင့် ဟောင်ကောင်က ကုန်ထုတ်လုပ်ငန်းတို့တွင် ဖြစ်သည်။

လတ်တလောအနေအထားတွင် ဈေးကွက်စီးပွားရေးပုံစံနှင့်ကွာခြားသော မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် စီးပွားရေးလုပ်ငန်းရှင်များအတွက် အခက်အခဲများ၊ မမှန်းဆနိုင်မှုများ ရှိနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလာရောက်လုပ်ကိုင်ရာ၌ အဓိကစိန်ခေါ်မှုများမှာ အခွန်စနစ်၊ ဘဏ်စနစ်နှင့် ယဉ်ကျေးမှုကွာခြားခြင်းတို့ဖြစ်ကြောင်း၊ ပြီးခဲ့သောလပိုင်းက မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဈေးကွက်သစ်ရှာဖွေရန် ရောက်ရှိလာသောတရုတ် (တိုင်ပေ) မှ စတီးလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

“လက်ရှိမှာ အကြီးမားဆုံးအခက်အခဲကတော့ ငွေပေးချေမှုနဲ့ ဘဏ်စနစ်တည်ဆောက်ပုံတွေပါပဲ” ဟု မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးလုပ်ကိုင်ရန် ခက်ခဲမှုကို မစ္စတာလောင်က ရှင်းပြသည်။

မစ္စတာလောင် ထပ်မံပြောဆိုသော စိန်ခေါ်မှုများမှာ ငွေကြေးလွှဲပြောင်းရာတွင် အမေရိကဘဏ်များ၏ စီးပွားရေးပိတ်ဆို့ခြင်းခံရနိုင်မှု၊ တရားဝင်ငွေကြေးပေါက်ဈေးနှင့် ဈေးကွက်ပေါက်ဈေး အလွန်အမင်းကွာခြားမှု၊ ပြည်တွင်းဘဏ်စနစ်ဖွံ့ဖြိုးရန်လိုအပ်နေမှု၊ နှေးကွေးသော အင်တာနက်ကွန်နက်ရှင်နှင့် ဆက်သွယ်ရေး မိုဘိုင်းလ်ဖုန်းများ စသောဆက်သွယ်မှုနှင့် နည်းပညာပိုင်းလိုအပ်ချက်တို့ ဖြစ်သည်။

“အခုအနေအထားက ဗီယက်နမ်တွေ ပြီးခဲ့တဲ့အနှစ် ၂၀ က ကြုံခဲ့တဲ့အခြေအနေမျိုးဖြစ်နေတယ်” ဟု မစ္စတာလောင်က မှတ်ချက်ပြု ပြောဆိုသည်။

ယင်းအကြောင်းများကြောင့်ပင် ဗီယက်နမ်လုပ်ငန်းရှင်များသည် မြန်မာ့စီးပွားရေးအခင်းအကျင်းနှင့် ‘မစိမ်း’ ဟု ၎င်းက သုံးသပ်သည်။

ဗီယက်နမ်လုပ်ငန်းရှင်များမှာ ယခုနှစ်ပိုင်းတွင် မြန်မာဈေးကွက်ကို အကြီးအကျယ်ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးပမ်းလာသည်။

ပြည်တွင်းဈေးကွက်၏ ၁၀ ရာခိုင်နှုန်းသာ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ပြီး အများစုမှာ သွင်းကုန်ကိုမှီခိုနေကြောင်း၊ ၅၆ သန်းသော မြန်မာလူဦးရေမှာ ဗီယက်နမ်ထုတ်ကုန်များအတွက် ဈေးကွက်ကြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း ဗီယက်နမ်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။

“တိတိကျကျပြောဖို့ခက်နေသေးပေမယ့် ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံဖို့ရှိတယ်ဆိုတာကိုတော့ ပြောနိုင်ပါတယ်” ဟု မစ္စတာလောင်က ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေပြီး အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံစာရင်းဝင် ထိုင်းနိုင်ငံကလည်း နည်းလမ်းများရှာဖွေနေသည်။

ထိုင်းသတင်းတစ်ပုဒ်ကမူ ဗီယက်နမ်လမ်းစဉ်ကိုလိုက်သည်ဟု ဆိုထားသည်။ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များလာရောက်မှုကလည်း ဗီယက်နမ်များကို မမီသော်ငြား ခြေလှမ်းစိတ်သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ချူလာလောင်ကွန်းတက္ကသိုလ်၊ Institute of Asian Studies မှ တွဲဖက်ဒါရိုက်တာ Mrs. Pornpimon Trichot ကမူ ထိုင်းလုပ်ငန်းရှင်များ မြန်မာဈေးကွက်အကြောင်းသိရှိရန်မှာ လတ်တလောအနေအထားတွင် အရေးကြီးဆုံးကိစ္စရပ်ဖြစ်ကြောင်း ယူဆသည်။

“ဒီကိုမရောက်ခင် ကြားနေရတဲ့သတင်းတွေနဲ့ ရောက်ပြီးတာနဲ့ ကွာနေတာကိုတွေ့ရတယ်” ဟု ထိုင်းမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

မစ္စတာလောင်ကဲ့သို့သော ဗီယက်နမ်လုပ်ငန်းရှင်များ အပါအဝင် ထိုင်းနိုင်ငံမှ

www.foreverspace.com.mm

လုပ်ငန်းရှင်များကလည်း ထိုကဲ့သို့သော အနေအထားများမှ ဖြေလျှော့လာမည့်အနေအထားများကို စောင့်မျှော်လျက်ရှိကြောင်း ယင်းတို့ကိုတွေ့ဆုံမေးမြန်းမှုများအရ သိရသည်။


"လူတိုင်းကတော့ အပြောင်းအလဲကို မျှော်မှန်းကြတာပဲ။ ဒါပေမဲ့ ဒီလိုမျိုးပြောင်းမှ ကောင်းမယ်၊ အောင်မြင်မယ်လို့ လေ့နံ့ဓားထစ်တော့ ပြောလို့မရပါဘူး" ဟု ဒေါက်တာ မောင်မောင်လေးက မှတ်ချက်ပြု ပြောကြားသည်။

ပြီးခဲ့သော ဇွန်လအတွင်းက မြန်မာနိုင်ငံနေရာအနှံ့အပြားသို့ လာရောက်၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အနေအထားများကို လာရောက်လေ့လာသွားခဲ့သော ထိုင်းနိုင်ငံမှ မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ကူးရှိသော်လည်း တိတိကျကျပြောဆိုရန် ခက်ခဲ

**ပြည်တွင်းဈေးကွက်၏ ၁၀ ရာခိုင်နှုန်းသာ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ပြီး အများစုမှာ သွင်းကုန်ကိုမှီခိုနေကြောင်း၊ ၅၆ သန်းသော မြန်မာလူဦးရေမှာ ဗီယက်နမ်ထုတ်ကုန်များအတွက် ဈေးကွက်ကြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း ဗီယက်နမ်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။**

ကြောင်း Living Color သို့ ပြောဆိုသည်။

"ရွေးကောက်ပွဲပြီးရင်တော့ အနေအထားပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်" ဟု ထိုလုပ်ငန်းရှင်က ပြောဆိုသည်။



စီးပွားရေးပညာရှင်အချို့၏ အဆိုအရ လုပ်ငန်းရှင်များမှာ မခန့်မှန်းနိုင်သော အနေအထား (Unpredictability) တွင် ရင်းနှီးမြှုပ်နှံမှုမပြုလို။

ကျွမ်းကျင်သူများ၏ အဆိုကို ကိုးကား၍ ယခုအချိန်သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် 'အချိန်ကောင်း' ဟု ဗီယက်နမ်ကလာသောသတင်းများတွင် ဖော်ပြထားသည်။

အထက်ပါအချက်ကို ဒေါက်တာ မောင်မောင်လေးကလည်း သဘောတူသည်။

"တကယ်လို့ နိုင်ငံရေးအခင်းအကျင်းနဲ့ စီးပွားရေးအခင်းအကျင်း ပြောင်းလဲလာမယ်ဆိုရင် သူတို့ (ဗီယက်နမ်) မျှော်မှန်းတာက အနောက်နိုင်ငံက ကုမ္ပဏီကြီးတွေ လာမယ်။ ဒါဆိုရင် သူတို့မယှဉ်နိုင်ဘူး။ ဒါကြောင့် လက်ဦးမှုယူထားတယ်။ သူတို့က လျင်ပါတယ်" ဟု ၎င်းက သုံးသပ်သည်။

မစ္စတာလောင်ကမူ အချိန်ကောင်းဟုလည်းမဆို၊ အချိန်ကောင်းမဟုတ်ဟုလည်း မပြောဘဲ "ကျွန်တော့်အတွက်တော့ သာမန်အနေအထားပါပဲ" ဟု အတန်ငယ်စဉ်းစားပြီး သုံးသပ်သည်။

"တစ်စုံတစ်ခုက သဘာဝအတိုင်းဖြစ်တော့မယ်ဆိုရင် ဒါကပုံမှန်ပါပဲ" ဟု မြန်မာရွေးကောက်ပွဲက ကောင်းခြင်းများကို သယ်ဆောင်လာမည်ဟု ယုံကြည်သူ ၎င်းက ပြောဆိုသည်။

လက်ရှိအနေအထားတွင် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် အချိန်ကောင်းဟုတ် မဟုတ်ဟူသော မေးခွန်းကို Mrs. Pornpimon Trichot ကမူ အောက်ပါအတိုင်း အတန်ငယ်ရယ်မောကာ ဖြေဆိုလေသည်။

"ဘာကိုစောင့်နေလဲဆိုတာ ရှင်သိပါတယ်။ ကျွန်မတို့ ရွေးကောက်ပွဲကို စောင့်နေတာပါ"

**ခွန်းသု**

www.foreverspace.com.mm



# ပိုမိုဖွံ့ဖြိုးရန်ကြိုးပမ်းသင့်သည့် ဘုန်းတော်ကြီးသင်ပညာရေး

**ဆုနှင်းဝေ**

**State ဟုခေါ်သည့် နိုင်ငံတော်၏အနာဂတ်လုပရေးအတွက် ကြိုးပမ်းလျှောက်လှမ်းရာတွင် အဘက်ဘက်မှ ပံ့ပိုးနိုင်မှုအားကောင်းမှသာလျှင် ‘လျှောက်လမ်း’လှမည်ဖြစ်ပါသည်။ ထိုပံ့ပိုးမှုထဲတွင် ပညာတတ်များမွေးထုတ်ရန်ဟူသည်မှာလည်း အရေးကြီးသည့်လိုအပ်ချက်ပင်ဖြစ်ပါသည်။ လူလတ်တန်းစားအားမကောင်းသည့် မြန်မာနိုင်ငံတွင် အများစုဖြစ်သော ဝင်ငွေနည်းလူတန်းစားတို့အတွက် ပညာရေးခရီးလမ်းမှာ ဘုန်းတော်ကြီးသင်ပညာရေးအသိုင်းအဝိုင်း၏ လက်တွဲမှုဖြင့် လျှောက်လှမ်းရမည်ဖြစ်ရာ ယင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ကဏ္ဍပိုမို၍ စနစ်တကျဖွံ့ဖြိုးရန် ကြိုးပမ်းရမည်ဖြစ်သည်။**

## ဘုန်းတော်ကြီးကျောင်းနိဒါန်း

မြန်မာနိုင်ငံသည် သာသနာရောင်ဝါထွန်းပြောင်သောနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့် အညီ ထေရဝါဒဗုဒ္ဓဘာသာသာသနာ ပြန့်ပွားစေရန် ကြိုးကုတ်အားထုတ်ကြသော သာသနာ့အာဇာနည်ဟု တင်စားကြသည့် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးနေထိုင်လျက်ရှိသည်။ ကိုလိုနီနယ်ချဲ့တိုင်းတစ်ပါးလက်အောက်မကျရောက်ခင်ကတည်း

www.foreverspace.com.mm



ကာမြန်မာနိုင်ငံတွင်ရှိသည့် ဘုန်းတော်ကြီးကျောင်းများ၌ လောကီနှင့် လောကုတ္တရာစာပေသင်ကြားမှုများ ဆောင်ရွက်ခဲ့ကြသည့်သာဓကများကို သမိုင်းတွင် တွေ့ရှိနိုင်ရာ ရှေးယခင်အချိန်အခါက ဘုန်းတော်ကြီးကျောင်းများ၏ပညာရေးကို ကျေးလက်နေပြည်သူလူထုမှီခိုသည့်နည်းတူ သမိုင်းမှတ်ကျောက်တင်ခံရသည့် ထင်ရှားကျော်ကြားပုဂ္ဂိုလ်အများစုသည်လည်း အားထားခဲ့ကြသည်ကို တွေ့နိုင်ပါသည်။

ယင်းပညာရေးစနစ်သည် တော်လှန်ရေးအစိုးရလက်ထက်က အကြောင်းအမျိုးမျိုးကြောင့် တားမြစ်ပိတ်ပင်ခြင်းခံခဲ့ရသော်လည်း ယနေ့အချိန်အခါ၌ အချို့လူငယ်လူရွယ်များ၏ သွင်ပြင်သဏ္ဌာန်တွင် ဗုဒ္ဓယဉ်ကျေးမှုနှင့် ဆန့်ကျင်သောစရိုက်ဆိုးများ လွှမ်းမိုးကိန်းအောင်းလာသည်ဟု သာသနာရေးဝန်ကြီးဌာနက ယူဆပြီး ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ၁၉၉၂ ခုနှစ်တွင် အစိုးရအသိအမှတ်ပြု ကိုယ့်အားကိုယ့်ကိုး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် လက်ခံခဲ့ကြသည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် ဘုန်းတော်ကြီးသင်ပညာရေးနှင့်ပတ်သက်သည့် ရှင်းလင်းပွဲကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ယင်းရှင်းလင်းပွဲ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇအဂ္ဂမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတက "ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ယနေ့ကြုံတွေ့နေရတဲ့ မြန်မာ့ရိုးရာကွယ်ပျောက်သွားမယ့်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်ကြပါ"ဟု ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ တိုက်တွန်းနှိုးဆော်ခဲ့သည်ကို သာသနာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရသည်။



## ယနေ့ခေတ်၏ဘုန်းတော်ကြီးသင်ပညာရေး

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဖွင့်လှစ်နိုင်ရန် ညှိနှိုင်းဆွေးနွေးပြီးနောက် ၁၉၉၃–၉၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရသည့် အစိုးရအသိအမှတ်ပြု ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းမှုဖြင့် ၂၀၀၈–၀၉ ပညာသင်နှစ်အတွင်း ရန်ကုန်တိုင်း၌ပင် ဘုန်းတော်ကြီးသင်နှင့် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်း ၁၆၅ ကျောင်းရှိလာခဲ့ပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၃၆၂၁၅ ဦးရှိသည်ကို ဘုန်းတော်ကြီးသင်ပညာရေး၏ နှစ်ပတ်လည်အစည်းအဝေးတွင် ထုတ်ပြန်သောကြေညာချက်အရ သိရသည်။ (ဇယား)

ထိုထုတ်ပြန်ချက်ကို ကြည့်ခြင်းအားဖြင့် ယနေ့ခေတ်၌ပင် ဘုန်းတော်ကြီးသင်ပညာရေးကို အမှီပြုနေသူတို့ မနည်းလှကြောင်း သိရှိနိုင်ပါသည်။

မရမ်းကုန်းမြို့နယ် ရေကူးဘူတာရုံလမ်း ကမ္ဘာအေးဘုရားအနီး ပညာသိပ္ပံကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်



www.foreverspace.com.mm



## ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများစာရင်း

၂၀၀၈ – ၂၀၀၉ ပညာသင်နှစ်

| စဉ် | မြို့နယ် | ကျောင်းပေါင်း | | | စုစုပေါင်း | ကျောင်းသား | | | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | မူလတန်း | မူလွန်တန်း | အလယ်တန်း | | သာမဏေ | သီလရှင် | ကျား | မ | | |
| ၁ | သဃ်န်းကျွန်း | ၄ | ၁ | – | ၅ | ၃ | ၁၁ | ၃၄၅ | ၂၄၅ | ၆၀၄ | အရှေ့ပိုင်းခရိုင် |
| ၂ | ရန်ကင်း | ၁ | – | – | ၁ | – | – | ၆၇ | ၆၇ | ၁၃၄ | ။ |
| ၃ | တောင်ဥက္ကလာပ | ၃ | – | ၁ | ၄ | ၁၀၁ | ၅ | ၁၇၈ | ၈၂ | ၃၆၆ | ။ |
| ၄ | မြောက်ဥက္ကလာပ | ၅ | ၁ | ၁ | ၇ | ၅၀၈ | ၈၀ | ၉၉၅ | ၇၆၀ | ၂၃၄၃ | ။ |
| ၅ | သာကေတ | ၆ | – | ၂ | ၈ | ၆၀၄ | ၄၂ | ၈၂၅ | ၆၇၆ | ၂၁၄၇ | ။ |
| ၆ | ဒေါပုံ | ၁ | – | – | ၁ | – | – | ၁၃ | ၇ | ၂၀ | ။ |
| ၇ | တာမွေ | ၁ | – | – | ၁ | ၁၈ | – | ၅၇ | ၅၁ | ၁၂၆ | ။ |
| ၈ | ဗိုလ်တထောင် | ၁ | – | – | ၁ | ၄၀ | – | – | – | ၄၀ | |
| ၉ | ဒဂုံမြို့သစ်(တောင်) | ၇ | ၂ | – | ၉ | ၅၈ | ၃၇ | ၁၂၉၆ | ၁၂၂၀ | ၂၆၁၁ | |
| ၁၀ | ဒဂုံမြို့သစ်(မြောက်) | ၁ | – | – | ၁ | – | – | ၈၆ | ၉၀ | ၁၇၆ | ။ |
| ၁၁ | ဒဂုံမြို့သစ်(အရှေ့) | ၇ | ၁ | – | ၈ | ၈၅ | ၁၈ | ၅၉၀ | ၄၇၇ | ၁၁၇၀ | ။ |
| ၁၂ | ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ၂ | ၂ | – | ၄ | ၂၇ | ၃ | ၅၉၉ | ၅၅၅ | ၁၁၈၄ | ။ |
| ၁၃ | မင်္ဂလာတောင်ညွန့် | ၁ | – | – | ၁ | ၈ | – | ၂၆ | ၁၈ | ၅၂ | ။ |
| ၁၄ | လသာ | ၁ | – | – | ၁ | ၅ | – | ၁၆ | ၂ | ၂၃ | အနောက်ပိုင်းခရိုင် |
| ၁၅ | ကြည့်မြင်တိုင် | ၂ | – | – | ၂ | ၇ | – | ၃၉၆ | ၃၈၀ | ၇၈၃ | ။ |
| ၁၆ | စမ်းချောင်း | ၁ | – | – | ၁ | ၅၆ | – | ၄၁ | ၁ | ၉၈ | ။ |
| ၁၇ | လှိုင် | ၄ | – | – | ၄ | ၁၇၇ | ၂ | ၁၅၁ | ၃၃ | ၃၆၃ | ။ |
| ၁၈ | ကမာရွတ် | ၃ | – | – | ၃ | ၃၆ | – | ၁၂၁ | ၇၅ | ၂၃၂ | ။ |
| ၁၉ | မရမ်းကုန်း | ၄ | ၂ | ၁ | ၇ | ၇၄၀ | ၁၆၅ | ၇၃၆ | ၆၁၁ | ၂၂၅၂ | ။ |
| ၂၀ | ဒဂုံ | ၁ | – | – | ၁ | – | – | ၆၃ | ၅၃ | ၁၁၆ | ။ |
| ၂၁ | ဗဟန်း | ၂ | – | – | ၂ | ၉၁ | ၄၁ | ၅၂ | ၂၄ | ၂၀၈ | ။ |
| ၂၂ | ဆိပ်ကမ်း | ၁ | – | – | ၁ | ၄၅ | – | – | – | ၄၅ | ။ |
| ၂၃ | သန်လျင် | ၆ | ၂ | – | ၈ | ၉၅ | ၁၇၄ | ၁၃၉၄ | ၁၂၈၅ | ၂၉၄၈ | တောင်ပိုင်းခရိုင် |
| ၂၄ | ကျောက်တန်း | ၄ | – | – | ၄ | ၅ | ၃၃ | ၁၅၁ | ၁၂၈ | ၃၁၇ | ။ |
| ၂၅ | သုံးခွ | ၃ | ၁ | – | ၄ | ၂၇ | – | ၃၄၅ | ၂၉၉ | ၆၇၁ | ။ |
| ၂၆ | ခရမ်း | ၈ | ၁ | – | ၉ | ၉၅ | – | ၅၆၀ | ၄၄၀ | ၁၀၉၅ | ။ |
| ၂၇ | တွံတေး | ၁ | – | – | ၁ | ၁၆ | – | ၄၃ | ၃၁ | ၉၀ | ။ |
| ၂၈ | ကော့မှူး | ၃ | ၂ | ၁ | ၆ | ၁၀၇ | – | ၉၀၆ | ၇၅၅ | ၁၇၆၈ | ။ |
| ၂၉ | ကွမ်းခြံကုန်း | ၂ | ၁ | – | ၃ | ၁၄ | ၂ | ၁၂၂ | ၄၆ | ၁၈၄ | ။ |
| ၃၀ | ဒလ | ၃ | – | – | ၃ | ၁၇ | – | ၁၆၉ | ၁၁၄ | ၃၀၀ | ။ |
| ၃၁ | အင်းစိန် | ၄ | ၁ | – | ၅ | ၄၈ | – | ၃၁၅ | ၃၁၃ | ၆၇၆ | မြောက်ပိုင်းခရိုင် |
| ၃၂ | မင်္ဂလာဒုံ | ၈ | ၄ | ၁ | ၁၃ | ၂၃၆ | ၃၄၃ | ၁၂၂၆ | ၁၂၉၈ | ၃၁၀၃ | ။ |
| ၃၃ | မှော်ဘီ | ၁ | – | ၁ | ၂ | ၃၁ | – | ၃၆၄ | ၃၄၉ | ၇၄၄ | ။ |
| ၃၄ | လှည်းကူး | ၁၀ | ၁ | – | ၁၁ | ၄၂ | ၁ | ၉၀၂ | ၈၀၅ | ၁၇၅၀ | ။ |
| ၃၅ | တိုက်ကြီး | ၃ | ၁ | – | ၄ | ၁၉ | ၅ | ၃၁၂ | ၂၆၅ | ၆၀၁ | ။ |
| ၃၆ | ထန်းတပင် | ၂ | – | – | ၂ | ၁၇ | – | ၁၂၄ | ၆၈ | ၂၀၉ | ။ |
| ၃၇ | ရွှေပြည်သာ | ၅ | ၁ | ၁ | ၇ | ၉၄ | ၅၆ | ၁၉၅၉ | ၁၉၁၆ | ၄၀၂၅ | ။ |
| ၃၈ | လှိုင်သာယာ | ၈ | ၂ | – | ၁၀ | ၁၀၄ | ၂၁ | ၁၃၁၆ | ၁၂၀၀ | ၂၆၄၁ | ။ |
| | **စုစုပေါင်း** | **၁၃၀** | **၂၆** | **၉** | **၁၆၅** | **၃၅၇၆** | **၁၀၃၉** | **၁၆၈၆၁** | **၁၄၇၃၉** | **၃၆၂၁၅** | |

Source : သာသနာရေးဝန်ကြီးဌာန

www.foreverspace.com.mm



ဘဒ္ဒန္တပညာသာမိက "ဘုန်းဘုန်းတို့ကျောင်းက ၁၉၅၇ ကစပြီး မူလတန်းအဖြစ်နဲ့စာသင်တယ်။ အဲ ၂၀၀၅ ရောက်တော့ မူလတန်းလွန်ရောက်အောင် ရုန်းကန်ခဲ့တယ်။ ကိုယ်ထူကိုယ်ထ၊ ကိုယ့်ကျောင်းကိုယ်ဆောက်ပဲ။ အစိုးရက အသိအမှတ်ပြုရုံပြုထားတာလေ။ ဘုန်းဘုန်းကတော့ ဆက်ကြိုးစားဦးမှာ။ နှစ်ထပ်စာသင်ဆောင် တစ်ဆောင်တော့ NGO တစ်ခုက လာလှူထားလို့ တော်သေးတယ်။ နို့မို့ရင် ကလေးတွေအတွက် နေရာအခက်အခဲရှိမှာ။ ကျောင်းသုံးပစ္စည်းတွေကို အလှူရှင်ရှိရင်တော့ ရတယ်။ မရှိရင် ကိုယ့်ဟာကိုယ်ပဲ စိုက်ထုတ်ရတာပေါ့။ ဘုန်းတော်ကြီးကျောင်းတွေ အကုန်လုံးက ကိုယ်ထူကိုယ်ထတွေချည်းပဲ။ NGO အထောက်အပံ့တို့ဆိုတာလည်း နည်းပါတယ်။ ဒီပညာရေးက လုံးဝအခမဲ့ပညာရေးဆိုတာကို သိစေချင်တယ်" ဟု မိန့်ကြားသည်။

ယနေ့ခေတ်ဘုန်းတော်ကြီးကျောင်းပညာရေးသည် လိုအပ်ချက်များ၊ ကြိုးစားရုန်းကန်မှုများဖြင့် လျှောက်လှမ်းနေရသည်ကို သတိပြုဖွယ်ပင် ဖြစ်သည်။

နှစ်ပေါင်းများစွာ ဖွင့်လှစ်လာသည့် ဘုန်းတော်ကြီးကျောင်းများကို တစ်နှစ်တာကုန်ဆုံးချိန်တွင် လူမှုဝန်ထမ်းဦးစီးဌာနက ကျပ်တစ်သိန်းထောက်ပံ့သော်လည်း လုံလောက်မှုမရှိသေးသဖြင့် ကျန်ရှိနေသေးသောကျောင်းများကိုလည်း ထောက်ပံ့ရန် လိုအပ်နေသေးသည်ကို တွေ့ရသည်။

## ဘုန်းတော်ကြီးကျောင်းပညာရေးအမှီပြုလူတန်းစား

ဘုန်းတော်ကြီးသင်ပညာရေးတွင် ပညာသင်ကြားသည့်စာသင်သားများမှာ ဆင်းရဲနွမ်းပါး၍ ကျောင်းလခမတတ်နိုင်သူများ၊ မိဘမဲ့ကလေးငယ်များ၊ မိမစုံ ဖမစုံ ကလေးငယ်များနှင့် အလွန်အမင်း ဆင်းရဲနွမ်းပါးသူများပင်ဖြစ်သည်။ ထိုလူတန်းစားများသည် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ၊ အလွန်အမင်း ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံတွင်ဖြစ်စေ အနည်းနှင့်အများရှိနေကြပါသည်။ ဘုန်းတော်ကြီးကျောင်းများတွင် မိဘမဲ့ (ကျောင်းအိပ်ကျောင်းစား) ကလေးများ၏ စားဝတ်နေရေးနှင့် ပညာသင်ကြားရေးတို့ကို ဘုန်းတော်ကြီးကျောင်းများက တာဝန်ယူလျက်ရှိသည်။

မကွေးတိုင်းအတွင်းရှိ လူငယ်များဖြင့်ဖွဲ့စည်းထားသော NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Social Care Volunteer Group (SCVG) တွင် စီမံချက်အရာရှိရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည့် ဦးခန့်သီဟက "မကွေးမှာ အမျိုးသမီးသီးသန့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ခုရှိတယ်။ သီလရှင်သင်စာသင်တိုက်တစ်ခုမှာပေါ့။ မူလတန်းပါပဲ။ ဒါပေမဲ့ လာတက်တဲ့ကလေးတွေ၊ ကျောင်းသူတွေက




www.foreverspace.com.mm

ဆင်းရဲနွမ်းပါးလွန်းတဲ့သူတွေ၊ တချို့ ကျောင်းအိပ်ကျောင်းစားတွေက မိဘမဲ့ ကလေးငယ်တွေ။ မကွေးတိုင်း၊ မကွေးမြို့နယ် ဝါးတောချောင်းကျေးရွာမှာရှိတဲ့ အနန္တဂုဏ်ရည် သီလရှင်စာသင်တိုက်ပါ။ လူသူသိပ်မသိ တော့ ကျောင်းသုံးကိရိယာကို အနိုင်နိုင် ကြိုးပမ်းနေရတယ်။ ကျွန်တော်တို့အပြင် တခြား NGO တွေနဲ့ အလှူရှင်တွေရဲ့ အထောက် အပံ့ကိုရရင် တော်တော်အဆင်ပြေသွားနိုင် မယ်ထင်တယ်” ဟု ၎င်း၏ မြင်တွေ့ခဲ့ရမှု အပေါ်မူတည်၍ မှတ်ချက်ပြုသည်။

မြန်မာနိုင်ငံသာမက အခြားနိုင်ငံများ တွင်ပါ ပရဟိတလုပ်ငန်းများကို အားကြိုး မာန်တက်လုပ်ဆောင်နေကြသည့် အဖွဲ့ အစည်းပေါင်းများစွာ ရှိပါသည်။ မြန်မာ နိုင်ငံတွင်လည်း အခြားအိမ်နီးချင်းနိုင်ငံများ မှ အဖွဲ့အစည်းများက ပရဟိတလုပ်ငန်း များကို လာရောက်ဆောင်ရွက်ကြပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၎င်းတို့သိသည့် နေရာများသည် အကျိုးတရားကောင်းများ ဖြစ်ထွန်းရရှိသကဲ့သို့ မသိရှိသောနေရာများ သည် ထိုအကျိုးတရားကောင်းများနှင့် လွဲချော်ရတတ်ပါသည်။ ထိုလွဲချော်မှုတွင် ပါဝင်သည့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများမှာ ဒုနှင့်ဒေးပင် ဖြစ်ပါသည်။ ထိုကဲ့သို့သော အကြောင်းတရားများကြောင့် နိုင်ငံတကာမှ NGO အဖွဲ့အစည်းများအနေ ဖြင့် မထင်မှတ်သည့်နေရာများတွင် တည်ရှိ နေသောကျောင်းများကိုမူ သိရှိမှုနည်း၍ အကူအညီရလေ့မရှိသည်ကို တွေ့နိုင်သည်။

“ဘုန်းတော်ကြီးကျောင်းတွေက ကိုယ့်အားကိုယ်ကိုး၊ မဟုတ်ရင် အလှူရှင် အားကိုး၊ ဒီလိုနဲ့ ကလေးတွေရဲ့ပညာရေး ကို ဆက်နေရတာ။ ဒီကျောင်းမှာ စေတနာ့ ဝန်ထမ်း ဆရာမလေးယောက်အပါအဝင် ဆိုရင် အားလုံးစုစုပေါင်း ဆရာမ ၁၄ ယောက်ရှိတယ်။ ကျောင်းသား၊ ကျောင်းသူ နဲ့ ကိုရင်တွေ အပါအဝင်ဆိုရင် စုစုပေါင်း စာသင်သား ၄၂၀ ရှိတယ်။ ဆရာမတွေကို ရှိုင်းဟုတ်ကုမ္ပဏီက တစ်ယောက်ကို နှစ်သောင်းထောက်ပံ့ပေးတယ်။ သတ္တမတန်း အထိ ကျောင်းမှာစာသင်ပေးပြီးရင် နောက် ထပ် အဋ္ဌမတန်းကနေ ဒသမတန်းအထိကို အထက်တန်းကျောင်းနဲ့ တွဲထားတာပေါ့ နော်။ ကျောင်းကနေ ထူးချွန်တဲ့ကလေးတွေ ကို ကျူရှင်လခကအစပေါ့။ ဒသမတန်း ရောက်တဲ့ကလေးတွေအတွက် ပံ့ပိုးပေးတယ်။ ဆရာမကိုယ်တိုင်လည်း ဒီကျောင်းထွက် တစ်ယောက်ပါ။ မြန်မာစာနဲ့ ဘွဲ့ရပြီး ဒီကျောင်းမှာ ဆရာမလုပ်ရတာ ကုသိုလ်လည်း ရ၊ ဝမ်းလည်းဝ။ ပြီးတော့ ကျောင်းရဲ့ ကျေးဇူးကိုလည်းဆပ်ရာရောက်တာပေါ့နော်။ ကျောင်းမှာတက်တဲ့ကလေးတွေထဲမှာ HIV Positive လေးတွေလည်း ပါတယ်။ သူတို့ လေးတွေအတွက်ကျတော့ ကိုယ်ရောစိတ် ရော ကျန်းမာပြီး ပျော်ပျော်ရွှင်ရွှင်ပညာသင် နိုင်အောင် ကူညီပေးရတယ်” ဟု မရမ်းကုန်း မြို့နယ် ကမ္ဘာအေးဘုရားအနီးရှိ ပညာသိပ္ပံ ဘုန်းတော်ကြီးသင်ကျောင်းတွင် ဆရာမ အဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ဒေါ်နီနီထွန်းက ၎င်းကိုယ်တိုင် ယင်းပညာ ရေး၏ သင်ကြားခံ ပုဂ္ဂိုလ်အဖြစ်ရော သင်ပေးနိုင်သူ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်ပါ ရပ်တည်လုပ်ရှားခဲ့ရပုံကို စိတ်ပါလက်ပါ ပြောပြပါသည်။

ထိုကျောင်းတွင် သတ္တမတန်း၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသူ လေးတစ်ဦးကလည်း “သမီးတို့တွေကို ဘုန်းဘုန်းကရော၊ ဆရာမတို့ကပါ သေချာ ပညာသင်ပေးတယ်။ ဘုရားစာတွေရော၊ ကျောင်းစာတွေပါ သင်ပေးတယ်။ သမီးရဲ့ အမေက ဆုံးသွားပါပြီ။ အဖေကတော့ ပန်းရန်လုပ်ပါတယ်။ ကျောင်းဝတ်စုံတောင် သုံးစုံအပြင် အပိုမရှိလို့ ရှိတဲ့အဝတ်နဲ့ ကျောင်းလာတက်ရပေမယ့် ဒီကျောင်းမှာ တက်ရတာ ပျော်ပါတယ်။ စာအုပ်တွေ၊ ဘောလ်ပင်တွေကအစ ဖတ်စာအုပ်တွေ အထိ ဘုန်းဘုန်းတို့က ပေးထားပါတယ်။ ကိုယ့်လိုမျိုး မပြည့်စုံတဲ့သူတွေ အများကြီးနဲ့ အတူ စာသင်ရလို့ အားငယ်စိတ်တော့ မဖြစ်မိ ပါဘူး။ သမီးကြီးလာရင် ကျောင်းဆရာမ ဖြစ်အောင် ကြိုးစားမှာပါ” ဟု အရောင်လွင့် နေပြီဖြစ်သော ကျောင်းဝတ်စုံကို ဝတ်ထား သည့် ကျောင်းသူလေးတစ်ဦးက စိတ်အား ထက်သန်သော မျက်ဝန်းတောက်တောက် လေးများဖြင့် ပြောဆိုသည်။



ဂျပန်နိုင်ငံတွင် ပရဟိတလုပ်ငန်းများ လုပ်ဆောင်နေသော ခနအင်အားတောင့်သူ များဖြင့် ဖွဲ့စည်းထားသည့် South East Asia Exchange Association (SAEA)

www.foreverspace.com.mm

တွင် အလုပ်လုပ်ခဲ့ဖူးပြီး ယခု Scholarship Resource Center တွင် မန်နေဂျာရာထူးထမ်းဆောင်နေသူ ဒေါ်နှင်းပန်းထွန်းက “ဘုန်းတော်ကြီးသင်ပညာရေးက တကယ်ကို အခြေခံကျကျ သင်ကြားပေးပြီး လုံးဝအခမဲ့ပညာရေးတစ်ခုပါပဲ။ ဒါပေမဲ့ Supporting ကောင်းရင် ဒီကလေးတွေအတွက် တော်တော်ကို ကောင်းမှာပါ။ SAEA မှာ အလုပ်လုပ်တုန်းကကျတော့ သူတို့က အဆောက်အအုံတွေပဲလှူတာလေ။ အဲ့တော့ မြန်မာနိုင်ငံမှာ လှူလို့ရနိုင်မယ့်နေရာကို ရှာခိုင်းတော့ ကမ္ဘာအေးဘုရားနားက ပညာသိပ္ပံကျောင်းကို ရှာတွေ့တယ်။ အဲဒီတုန်းက သူတို့ပြောတဲ့အချက်တွေက တကယ်ကိုလိုအပ်တဲ့ကျောင်းလည်း ဖြစ်ရမယ်။ ကျောင်းသားဦးရေကလည်း ၂၀၀ နဲ့ အထက်ရှိရမယ်။ အဲဒီအချက်တွေနဲ့ကိုက်ညီတဲ့နေရာကို လှူမယ်ဆိုတော့ ရန်ကုန်မှာ ရှာကြည့်လိုက်တော့ ဘုန်းဘုန်းတို့ကျောင်းကို တွေ့တယ်။ အားလုံးလည်းကိုက်ညီတော့ ကျောင်းဆောက်မယ့်အစီအစဉ် အထမြောက်သွားတယ်။ သိန်း ၇၀၀ ကျပ်လောက်ကုန်ကျမယ့် နှစ်ထပ်စာသင်ဆောင် ဆောက်ဖြစ်သွားတယ်။ ဒီပညာရေးက တကယ်လိုအပ်တဲ့သူတွေအတွက် မရှိမဖြစ်လိုအပ်တယ်။ ပြီးတော့ အထက်တန်းအထိ တိုးမြှင့်သင့်တယ်” ဟု ၎င်း၏အမြင်နှင့် ဆောင်ရွက်ချက်များကို ရှင်းပြသည်။

## ယနေ့ခေတ်ပညာရေး

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အဘက်ဘက်တွင် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းအားထုတ်ရာ Human Resources Development ဟူသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုမှာလည်း အရေးကြီးသောအခန်းကဏ္ဍမှရှိနေသည်။ HR တိုးတက်လာစေရန်မှာ ပညာတတ်လူတန်းစားများ မွေးထုတ်ပေးရေးပင်ဖြစ်ပါသည်။ အရေအတွက်များသော ပညာတတ်လူ့အဖွဲ့အစည်းထက် အရည်အချင်းရှိသော ပညာတတ်လူ့အဖွဲ့အစည်းဖြစ်လာရေးမှာ အဓိကလိုအပ်ချက်ကြီးတစ်ခုပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အထက်တန်းပညာရေးအား သင်ကြားနေသော ဘုန်းတော်ကြီးကျောင်းများ၏အရေအတွက်မှာ လက်ချိုး၍ ရေတွက်နိုင်ပါသည်။ အောင်မြင်သည့် အထက်တန်းကျောင်းတစ်ကျောင်းဖြစ်သော မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်တွင် ဖွင့်လှစ်ထားသည့် ဖောင်တော်ဦးဘုန်းတော်ကြီးကျောင်း၌ သင်တန်းဆရာအဖြစ် ဆောင်ရွက်ဖူးသော (APEF) အဖွဲ့အစည်းမှ ဆရာကိုသန်းထက်စိုးက “ဘုန်းတော်ကြီးသင်ပညာရေးဟာ အခြေခံကစပြီး ပညာသင်စရိတ်မတတ်နိုင်တဲ့သူတွေကို အခမဲ့ပညာသင်နိုင်အောင် ကူညီထားတာမို့ မတတ်နိုင်တဲ့ကလေးတွေရဲ့ ပညာရေးအတွက်ကောင်းပါတယ်” ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

မြန်မာနိုင်ငံတွင်ရှိသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ မူလတန်းကျောင်းများ များပြား၍ အလယ်



www.foreverspace.com.mm

တန်းနှင့် အထက်တန်းအဆင့်သို့ ရောက်ရှိလာသည့်ကျောင်းများမှာ နည်းပါးလွန်းလှပါသည်။ စင်စစ်အားဖြင့် ယင်းပညာရေးအပေါ် မှီခိုနေရသည့် လူတန်းစားတစ်ရပ်သည် ယနေ့အထိ တည်ရှိနေသေးပေရာ အထက်တန်းကျောင်းအဆင့်သို့ ရောက်ရှိရန် လွန်စွာလိုအပ်ပါသည်။

"ပြည်နယ်နဲ့တိုင်းတစ်ခုစီမှာ အထက်တန်းကျောင်းတစ်ကျောင်းတော့ရှိသင့်တယ်။ ဒါမှလည်း ကလေးတွေအတွက် အဆင်ပြေနိုင်မယ်"ဟု ဆရာတော်ဘဒ္ဒန္တပညာသာမိက မိန့်ကြား၍ မှတ်ချက်ပြုသည်။

အဆိုပါပညာရေးကို အားထုတ်ကြိုးပမ်းနေသော ဘုန်းတော်ကြီးများ၏ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ "ဘာသာရေးနယ်ပယ်ကရပ်တည်နေတဲ့ပုဂ္ဂိုလ်တွေက အခုလိုလူမှုရေးမှာ တက်တက်ကြွကြွလုပ်နေတာကိုမြင်ရတော့ တအားအံ့အားသင့်တယ်။ ပိုပြီးတော့လည်း လေးစားတယ်။ State Sector က လုပ်ရမယ့်အလုပ်ကို သူတို့တတ်နိုင်တဲ့ဘက်က ဝင်ထမ်းပေးတာဆိုတော့ တကယ့်ကိုပဲ လူတန်းစားတစ်ရပ်အတွက် မှီခိုအားထားရာ တစ်နေရာရှိတာပေါ့"ဟု Training of Teaching (TOT) ကို တနင်္သာရီတိုင်း ထားဝယ်မြို့နှင့် အနီးတစ်ဝိုက်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမများကို မွမ်းမံသင်တန်းပေးခဲ့သည့် Myanmar Egress Capacity Development Center ၏အင်္ဂလိပ်စာဌာနမှ ဆရာမ ဒေါ်လှလှဝင်းက ၎င်း၏အမြင်၊ အတွေ့အကြုံတို့နှင့် ဆက်စပ်ပြီး မှတ်ချက်ပြုသည်။

## ယနေ့လုပ်ဆောင်သင့်သည်များ

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် လိုအပ်ချက်အရ ဆင်းရဲမှုကို တိုက်ဖျက်ရေးလုပ်ငန်းများရှိနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း လူလတ်တန်းစားအားကောင်းရန်လိုအပ်ချက်ကြီးစွာရှိနေရာ လုပ်ဆောင်သင့်သည်များ မြောက်မြားစွာရှိနေပါသည်။

ပညာရေးကဏ္ဍ၌ အရည်အသွေးမီပညာတတ်များ မွေးထုတ်ပေးနိုင်ရန် အရေးကြီးသကဲ့သို့ လူတိုင်းပညာသင်ခွင့်ရရှိရေးသည်လည်း သတိမပြုတ်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ရာ ပညာသင်ကြားရေး၌ အခက်အခဲရှိသူများအတွက် အရေးကြီးသောအမှီပြုရာ အစိုးရအသိအမှတ်ပြု ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည်လည်း ထောက်ပံ့မှုအားကောင်းရန်မှာ များစွာလိုအပ်နေပါသေးသည်။ မည်သည့်ကျောင်းတွင် သင်ကြားသည်ဖြစ်စေ အရေးကြီးသည်မှာ ရပ်တည်ချက်မှန်ကန်ဖို့ပင်ဖြစ်ပါသည်။ တောင်းရမ်းစားသောက်နေသည့်ကလေးများကို ယနေ့အထိ လမ်းပေါ်တွင် မြင်တွေ့နေရဆဲဖြစ်သည်။ ထိုကဲ့သို့သောကလေးများအတွက် နေရေး၊ စားရေး၊ အိပ်ရန်နေရာများအပြင် ပညာပါသင်ပေးနိုင်သည့် ဘုန်းတော်ကြီးကျောင်းများကို မူလတန်းမှတစ်ဆင့်တက်၍ အလယ်တန်းနှင့် အထက်တန်းအထိ သင်ကြားပေးနိုင်သည့်ကျောင်းများအဖြစ်သို့ တိုးမြှင့်နိုင်ပါက ရလာမည့်ကောင်းကျိုးများကို သုံးသပ်မျှော်မှန်းသင့်လှပါသည်။

အနယ်နယ်အရပ်ရပ်ရှိ ဆင်းရဲ၊ ချမ်းသာမရွေး ကလေးတိုင်း တက္ကသိုလ်ဝင်တန်းအထိ စာသင်နိုင်မည်ဆိုပါက နိုင်ငံ၏ လူလတ်တန်းစားအားကောင်းရေးတွင် ခြေလှမ်းအစဖြစ်သွားနိုင်ရာ ဘုန်းတော်ကြီးကျောင်းပညာရေးကို ကိုယ်ရောစိတ်ပါအားပေးလုပ်ဆောင်သင့်လှပါသည်။ ယင်းကဏ္ဍအတွက် ယနေ့ခေတ်တွင် အပြည်ပြည်ဆိုင်ရာမှ NGO များနှင့် ပြည်တွင်းလူငယ် NGO အဖွဲ့အစည်းများကလည်း တတ်စွမ်းသလောက် ကူညီပံ့ပိုးနေကြသည်ကို တွေ့ရပါသည်။ သို့သော် ဘုန်းတော်ကြီးသင်ပညာရေးဖွံ့ဖြိုးရန်မှာ လိုအပ်ချက်များစွာရှိနေသေးရာ လူ့အဖွဲ့အစည်းတစ်ခုလုံးက ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ပိုမိုဖွံ့ဖြိုးနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဖြူသည်၊ မည်းသည် သဘောမထား၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ တစ်တပ်တစ်အား ပါဝင်ကူညီကြပါလျှင် ပညာတတ်လူ့ဘောင်တွင် အရေအတွက်ရော အရည်အချင်းပါ ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များ တိုးပွားလာမည်မှာ သေချာလှပါသည်။

**ဆုနှင်းဝေ**

■



www.foreverspace.com.mm

## ဘုရင့်နောင်ကုန်စည်စျေးကွက်

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် သီးနှံမျိုးစုံရောင်းဝယ်ဖောက်ကားရာ အဓိက လက်ကားစျေးကွက်ကြီးဖြစ်သည့် ဘုရင့်နောင် စျေးပွဲရုံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံမျိုးစုံအထွက်လျော့ပြီး စျေးမြင့်မည်ဟု ကုန်သည်အများစု မျှော်လင့်ထားကြသော်လည်း စားသုံးသူများ၏ လက်လီဝယ်လိုအားကျဆင်းနေမှုကြောင့် စားဖိုဆောင်သီးနှံများ စျေးကျဆင်းနေကြောင်း၊ ပြည်တွင်းဝယ်လိုအားကျဆင်းနေချိန် နယ်စပ်သို့ အထွက်မရှိသဖြင့် စျေးများမြင့်တက်ရန် မဖြစ်နိုင်ကြောင်း လက်ကားပွဲရုံလုပ်ကိုင်သူများက ဆိုသည်။

ပြည်ပပို့ကုန်ပဲမျိုးစုံစျေးကွက်တွင် လက်တွေ့အရောင်းအဝယ်ဖြစ်မှုနည်းပါးနေသော်လည်း စျေးကစားသူများကြောင့် ခေါ်စျေးများလှုပ်နေပြီး ဆန်စျေးမှာ အရောင်းအဝယ်အေးသော်လည်း စျေးမာနေကာ စားသုံးဆီစျေးနှုန်းများမှာ ပြီးခဲ့သည့်လကထက် မြင့်တက်လာသည်ကို တွေ့မြင်ရသည်။

ဘုရင့်နောင်ပွဲရုံရှိ လူစည်ကားခဲ့သော လမ်းများသည် မိုးဖွဲဖွဲအောက်တွင် ခြောက်ကပ်ကပ်ဖြစ်နေပြီး အထူးသဖြင့် ဆန်ပွဲရုံသည် မိုးရာသီတွင် တွေ့မြင်နေကျမြင်ကွင်းဖြစ်သော ဆန်များပုံ၍ အိတ်သွပ်ခြင်း၊ လေမှုတ်သည့်မြင်ကွင်းများ မမြင်တွေ့ရတော့ပေ။

ဆန်ပွဲရုံအများစုသည် ဆန်ရောင်းဝယ်ရေးထက် မရမ်းကုန်းမြို့နယ် ဆန်စပါးလုပ်ငန်းရှင်အသင်းရွေးချယ်ပွဲသို့သာ အာရုံစိုက်နေပြီး မည်သူမည်ဝါရွေးချယ်ခံရမည်ကို အထူးစောင့်ကြည့်လျက်ရှိသည်ကိုလည်း စိတ်ဝင်စားဖွယ်မြင်ကွင်းတစ်ခုအဖြစ် တွေ့မြင်ရသည်။

### ခေါ်စျေးကစား

ရှုလိုင်လအတွင်း လက်တွေ့ပဲအရောင်းအဝယ်မဖြစ်သည့်ရက် များစွာရှိခဲ့သော်လည်း စျေးခေါ်ကစားသူများကြောင့်

# ရန်ကုန် ကုန်စည်စျေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်



www.foreverspace.com.mm

ဈေးနှုန်းမှာမူ ပြောင်းလဲမှုရှိခဲ့ကြောင်း၊ လဆန်းပိုင်းနှင့် လကုန်ပိုင်းနှိုင်းယှဉ်လျှင် ပဲဈေးများကျလာကြောင်း ကုန်စည်ဒိုင် အခြေစိုက် ပဲရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

နှစ်စဉ်မိုးရာသီတွင် ဈေးမြောက်လေ့ရှိသော ပဲမျိုးစုံဈေးကွက်ဈေးနှုန်းများ တဖြည်းဖြည်းကျဆင်းလာပြီး ပဲပေါ်ဦး ပေါ်ဖျားမတ်လ ဈေးနှုန်းနီးပါး ပြန်ရောက်ရှိလာခြင်းပင်ဖြစ်သည်။

ပဲမျိုးစုံအရောင်းအဝယ်လုပ်သည့် ပဲကုန်သည်ကြီးများ ပုံမှန်လာရောက်ကြသော်လည်း ဈေးနိမ့်နေသဖြင့် မတ်ပဲဈေးကိုသာ နားစွင့်ပြီး ပြန်သွားသူများသည်ဟု ပဲကုန်သည်တစ်ဦးက ဆိုသည်။

ပဲတီစိမ်းအသစ်များပေါ်နေသော်လည်း ရန်ကုန်ဈေးထက် နယ်ဈေးက မြင့်နေသဖြင့် အရောင်းအဝယ်အေးကြောင်း၊ ပဲအသစ်များသည် အစိုဓာတ်များနေသေးကြောင်း၊ ရန်ကုန်ပဲမျိုးစုံဈေးကျသော်လည်း နယ်ဈေးမကျကြောင်း၊ ပြည်ပတင်ပို့မည့်သူများထံတွင် ပဲများရှိနေကြောင်း လုပ်သက်ရင့် ပဲရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ဩဂုတ်လပထမပတ်တွင် ဇူလိုင်လကဈေးနှုန်းထက် ကျဆင်းနေပြီး မတ်ပဲ RC တစ်တန် ၇၉၅,၀၀၀ ကျပ်၊ SQRC တစ်တန် ၉၀၀,၀၀၀ ကျပ်၊ ပဲစင်းငုံနီတစ်တန်

**ဆန်ပွဲရုံအများစုသည် ဆန်ရောင်းဝယ်ရေးထက် မရမ်းကုန်းမြို့နယ် ဆန်စပါးလုပ်ငန်းရှင်အသင်းရွေးချယ်ပွဲသို့သာ အာရုံစိုက်နေပြီး မည်သူမည်ဝါ ရွေးချယ်ခံရမည်ကို အထူးစောင့်ကြည့်လျက်ရှိသည်ကိုလည်း စိတ်ဝင်စားဖွယ် မြင်ကွင်းတစ်ခုအဖြစ် တွေ့မြင်ရသည်။**



၉၇၃,၀၀၀ ကျပ်၊ ပဲတီစိမ်းရွှေဝါတစ်အိတ် ၁၂၅,၀၀၀ ကျပ်ခန့်ရှိကြောင်း ကုန်စည်ဒိုင် အရောင်းအဝယ်စာရင်းများအရ သိရသည်။

FOB သဘော်တင်ဈေးမှာ မတ်ပဲ FAQ တစ်တန် အမေရိကန်ဒေါ်လာ ၉၁၀၊ ၉၂၀၊ SQ တစ်တန် ၁၀၁၀၊ ၁၀၂၀၊ ပဲတီစိမ်း အညာ တစ်တန် ၁၁၈၀၊ ၁၂၀၀၊ ပခုက္ကူ တစ်တန် ၁၂၈၀၊ ၁၃၀၀၊ ရွှေဝါ တစ်တန် ၁၄၀၀၊ ၁၄၂၀ ခန့်၊ ပဲစင်းငုံနီ တစ်တန် ၈၂၀၊ ၈၃၀ ဒေါ်လာရှိကြောင်း ပဲဈေးကွက်အတွင်းမှ သိရှိရသည်။

## ဆန်ကြမ်းဈေးမြင့်

ဆန်ချောဈေးနှုန်းများအပြောင်းအလဲမရှိငြိမ်သက်နေသော်လည်း ဆန်ကြမ်းဈေးမှာမူမြင့်လာနေကြောင်း၊ ရွှေဘိုမှ ဆန်ကြမ်းများ အဝင်နည်းသွားပြီး မြောင်းမြမှဆန်လည်း ပုံမှန်ဝင်ရမည့်အစား လပွတ္တာဘက်သို့ ရောင်းချမှုများသဖြင့် ဆန်ကြမ်းဈေးမြင့်လာကြောင်း ဘုရင့်နောင်ပွဲရုံပိတောက်လမ်းရှိ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

မိုးနောက်ကျသဖြင့် စိုက်ချိန်ကာလနောက်ကျပြီး နှစ်စဉ်စပါးအထွက်စောသည့် ခရမ်းသုံးခွကပါ ဆန်ပြန်ဝယ်နေသဖြင့် ဆန်ကြမ်းဈေးမြင့်နေကြောင်း၊ ရွှေဘိုမှ ဆန်များဝင်လာချိန်တွင် ဆန်ဈေး တစ်အိတ် ၁၅၀၀ ခန့်ကျခဲ့သော်လည်း ရွှေဘိုမှ ဆန်ဆက်မဝင်သဖြင့် ဆန်ကြမ်းများ ဈေးပြန်မြင့်လာကြောင်း အသောကလမ်းရှိ ဆန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ပေါ်ဆန်းဈေးမှာလည်း ယခုဈေးနှုန်းထက် ထပ်မံကျဆင်းရန်မရှိကြောင်း၊ စပါးလက်ကျန်နည်းပြီး စပါးဈေး ကျပ်ခုနစ်သိန်းကျော်နေသဖြင့် ဈေးချဝယ်သည့်အခါ ရောင်းသူများ ပျောက်သွားကြောင်း အိမ်အရောက်ပို့ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆန်ကြမ်း တစ်အိတ် ၁၇၅၀၀၊ ၁၈၀၀၀ ကျပ်ခန့်၊ ရွှေဘိုပေါ်ဆန်း တစ်အိတ် ၃၀၀၀၀ ကျပ်၊ မြောင်းမြပေါ်ဆန်း တစ်အိတ် ၂၇၅၀၀၊ ၂၈၀၀၀ ကျပ်၊ ပေါ်ကွဲခွန်နီ ၂၁၅၀၀၊ ၂၁၈၀၀ ကျပ်ခန့်ရှိပြီး စပါးအကြမ်းတင်း ၁၀၀ လျှင် ၄၅၀၀၀၀၊ ၄၆၀၀၀၀၊ ၄၇၀၀၀၀ ကျပ်ခန့်ရှိကြောင်း ဘုရင့်နောင်ဆန်ဈေးကွက်အတွင်းမှ သိရှိရသည်။

## စားဆီဈေးမြင့်

စားသုံးဆီဈေးကွက်တွင် ပဲဆီနှင့် စားအုန်းဆီ နှစ်မျိုးစလုံး ဈေးမြင့်လျက်ရှိသည်။

ဆီကြိတ်ကုန်ကြမ်းမြေပဲဆန်တစ်ပိဿာ

www.foreverspace.com.mm



ကျပ် ၂၀၀၀ ကျော်နေသဖြင့် ပဲဆီပီပါဈေး တစ်ပိဿာ ၄၁၀၀ မှ ၄၂၀၀ ကျပ်၊ ပုံးဈေး ၄၂၀၀ မှ ၄၃၀၀ ကျပ်ခန့် အရောင်းအဝယ်ဖြစ်နေပြီး မိုးမြေပဲဆန်အသစ်များ အောက်တိုဘာလတွင် ပေါ်ထွက်ရန်ရှိသော်လည်း ဆောင်း မြေပဲစိုက်ရန် မျိုးအဖြစ် ပြန်လည်အသုံးပြုလေ့ရှိကြသဖြင့် ဆီကြိတ်ကုန်ကြမ်း ဆက်လက်ဈေးမြင့်နေနိုင်ကြောင်း၊ ဆောင်းမြေပဲပေါ်သည့် မတ်လမှသာ မြေပဲဆန်ပေါပေါများများရရှိနိုင်သဖြင့် မတ်လအထိ ပဲဈေးကျဆင်းရန် မဖြစ်နိုင်ကြောင်း ဆီလက်ကားကုန်သည်ကြီးတစ်ဦးက ဆိုသည်။

အခြေခံလူတန်းစားများစားသုံးမှုများသည့် စားအုန်းဆီဈေးကွက်တွင် ဆီကိုယ်စားလှယ်များ၏ ဘဏ်သွင်းဈေးသည် တစ်ပိဿာ ၁၆၄၀ ကျပ် အပြောင်းအလဲမရှိငြိမ်သက်သော်လည်း ဆီသင်္ဘောအဝင်နောက်ကျသည့်သတင်းနှင့် နယ်စပ်ပုံးဆီအဝင်မရှိခြင်းတို့ကြောင့် ပြင်ပစားအုန်းဆီဈေးနှုန်းသည် တစ်ပိဿာ ၁၉၈၀ ကျပ်ဝန်းကျင်မှ ဩဂုတ်လဆန်းတွင် တစ်ပိဿာ ၂၀၁၅၊ ၂၀၂၀ ကျပ်အထိ ပြောင်းလဲလာခဲ့သည်။



စားအုန်းဆီ FOB ဈေးမြင့်လာပြီး ဩဂုတ်လပထမပတ်တွင် တစ်တန်ကို ၈၅၅ ဒေါ်လာ၊ CIF တစ်တန် ၈၈၀ ဒေါ်လာ ခန့် ရှိသည်။

## ဈေးချရင်းဈေးကျ

စားဖိုဆောင်သီးနှံဈေးကွက်တွင် ကြက်သွန်ဖြူတစ်မျိုးသာ ဈေးတက်နေပြီး ကျန်သည့်ကြက်သွန်နီ၊ ငရုတ်သီးခြောက်၊ အာလူးတို့မှာ ဈေးနှုန်းများ ကျဆင်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်သဖြင့် စားဖိုဆောင်သီးနှံအများစု အထွက်လျော့ကျခဲ့၍ ဈေးကောင်းရမည်ဟု တောင်သူများ၊ ကုန်သည်များ မျှော်လင့်ထားသော်လည်း လက်လီဝယ်လိုအားကျဆင်းမှုကြောင့် မျှော်မှန်းသလောက် ဈေးကောင်းမရကြောင်း၊ နယ်စပ်ကုန်သွယ်ရေးမှ ဝယ်လက်များလည်း ပျောက်သွားသဖြင့် စားဖိုဆောင်သီးနှံများ အရောင်းအဝယ်အေးကာ ဈေးချရောင်းရင်း ဈေးကျလာကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## အာလူးအထားမခံ

ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးနှင့် အောင်ပန်းအာလူးပေါ်ချိန် ပြတ်ချိန်စပ်ကူးမပ်ကူးကာလတွင် မိုးခေါင်ချိန်နှင့်တိုက်ဆိုင်ပြီး အာလူးအထွက်လျော့ကြောင်း၊ အကျိုးဆက်အနေဖြင့် အာလူးဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့ပြီး ကျောက်မဲမှတစ်ဆင့် တရုတ်အာလူးများဝင်လာကြောင်း၊ အာလူးဈေးမှာ တစ်ပိဿာ ၁၄၀၀၊ ၁၅၀၀ ကျပ်အထိဖြစ်ခဲ့ကြောင်း ရေတမာလမ်းရှိ

www.foreverspace.com.mm



အာလူး လက်ကားကုန်သည်ကြီးတစ်ဦးက ပြော ကြားသည်။

ယခုရက်ပိုင်း မြေနီအာလူးဝင်လာပြီး အစိုဓာတ်များသဖြင့် အထားမခံကြောင်း၊ အချိန် ၄၀ ဝင် အာလူးတစ်အိတ်လျှင် တစ်ရက် နှစ်ပိဿာနှုန်းဖြင့် ပုပ်နေ၍ အလျင်အမြန် ရောင်းချရသောကြောင့် စံချိန်တင် အာလူး ဈေးများပြန်လည်ကျဆင်းလာပြီး အမြင့် တစ်ပိဿာ ၇၀၀ ကျပ်၊ အနိမ့် တစ်ပိဿာ ၃၀၀ကျပ်သာရှိကြောင်း အောင်သပြေလမ်း ရှိ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## နေ့တိုင်း ကားမဝင်

စားဖိုဆောင်သီးနှံဈေးကွက်သို့ ကြက်သွန်ဖြူကားများ နေ့စဉ်ပုံမှန်မဝင်တော့ကြောင်း၊ နယ်တွင်ပစ္စည်းလက်ကျန်နည်းနေပြီး ကားဝင်လာလျှင် အိတ် ၃၀၀၊ ၄၀၀ ခန့်သာပါကြောင်း၊ ကားအဝင်နည်းသဖြင့် ကြက်သွန်ဖြူဈေးမြင့်နေပြီး ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၂၂၀၀၊ ၂၅၀၀ ကျပ် ကြူကုတ်တစ်ပိဿာ ၃၄၀၀၊ ၃၅၀၀ ကျပ်ခန့်ရှိပြီး ဈေးဆက်မြင့်တက်လာသည်ဟု ဘုရင့်နောင်ပွဲရုံ ငုဝါလမ်း ကြက်သွန်ဖြူရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



## ကြက်သွန်နယ်စပ်မသွက်

ပြည်ပဝယ်လက်လမ်းကြောင်းများ အခြေအနေကြောင့် ပြည်တွင်းတွင် စုပုံနေသော ကြက်သွန်နီများ ဘုရင့်နောင်ပွဲရုံများသို့ အဝင်များနေသည်ကို တွေ့ရသည်။ တစ်ရက်လျှင် ပျမ်းမျှ ကားအစီး ၂၀ ခန့်ဝင်ပြီး ကားတစ်စီး ပိဿာ ၁၀,၀၀၀ ခန့်ပါကြောင်း၊ ကြက်သွန်အဝင်များနေချိန်တွင် နယ်စပ်ကုန်သွယ်ရေးတွင် သွားရောက်ရောင်းချသူများအဝယ်ရှိသဖြင့် ကြက်သွန်နီဈေးများ ကျပြီးရင်းကျနေကြောင်း အောင်သပြေလမ်းရှိ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်တွင် ကြက်သွန်နီအမြင့်တစ်ပိဿာ ၂၀၀ ကျပ်၊ အနိမ့်တစ်ပိဿာ ၁၂၀ ကျပ်ခန့်ရှိပြီး ရန်ကုန်အရောက်ကားခမှာ တစ်ပိဿာ ၅၀၊ ၆၀ ကျပ်ခန့်ရှိနိုင်ပြီး နယ်ရှိ



www.foreverspace.com.mm

တောင်သူတစ်ပိုင်း ကုန်သည်တစ်ပိုင်း ကြက်သွန်နီကုန်သည်များ အရှုံးပေါ်ကြောင်း ဝယ်ရောင်းအကျိုးဆောင်တစ်ဦးက ပြောကြားသည်။

နယ်တွင် ကြက်သွန်နီလက်ကျန်များနေပြီး အောက်တိုဘာလကုန်လျှင် နှင်းငွေ့ကြောင့် ကြက်သွန်များ အညှောင့်ထွက်လာလျှင် ကြက်သွန်များ လှည့်မကြည့်ချင်လောက်အောက် ဈေးကျသွားနိုင်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

## ငရုတ်လှောင်လက်ရှုံး

မိုးခေါင်သည့် ရာသီဥတုကြောင့် ငရုတ်သီးအထွက်နည်းပြီး ဈေးကောင်းရမည်ဟူသောတွက်ကိန်းနှင့် လှောင်ထားသူများ အဝယ်မရှိသဖြင့် ဈေးချရောင်းရင်း အရှုံးပေါ်နေသည်ဟု ဈေးကွက်သတင်းများအရ သိရသည်။

ကျောက်ဆည်နှင့် မိုးထောင်မှ ငရုတ်အသစ်များပေါ်လာချိန်တွင် ငွေလိုသဖြင့် ထုတ်ရောင်းသူများပြီး ဈေးကျလာကြောင်း၊ လက်ရှိ ငရုတ်ရှည် တစ်ပိဿာ ၁၇၀၀၊ ၁၉၀၀ ကျပ်၊ စိမ်းစားအပု ၃၅၀၀၊ ၃၈၀၀၊ ၄၀၀၀ ကျပ် ၊ စက ၂၀၀၀ ကျပ်ခန့်ပေါက်ဈေးရှိပြီး စိမ်းစားငရုတ်များပေါ်လာလျှင် ဈေးကျရန်ရှိကြောင်း စားဖိုဆောင်သီးနှံဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## ညောင်ပင်လေးပလာဇာဈေးကွက်

မိုးရက်ဆက်ရွာနေသည့်အပြင် ကုန်စည်ရှားပါးပြီး ဈေးမြင့်နေခြင်းကြောင့် ဈေးဝယ်သူ ကျဲပါးနေသည်။ ညောင်ပင်လေးပလာဇာဈေးကွက်တစ်ခုလုံး အရောင်းအဝယ်ဖြစ်ထွန်းလေ့ရှိသည်ဟု ပုံမှန်သတ်မှတ်လေ့ရှိသော ရက်အချို့တွင်ပင် ဝယ်သူကျမည့်ရက်ကို မှန်းမရတော့ကြောင်း ဩဂုတ်လပထမပတ်အတွင်း အဆိုပါဈေးကြီးအတွင်းရှိ လက်လီလက်ကားဆိုင်ရှင်များက တညီတညွတ်တည်း ဖွင့်ဟကြသည်။

နယ်စပ်အဝင်လိုင်းများအပေါ် အခြေပြုထားသည့် အဆိုပါဈေးကြီးအတွင်းရှိ အပေါ့စားနှင့် အခြားစားသုံးကုန်စည်အချို့မှာ လနှင့်ချီ၍ ပစ္စည်းပြတ်နေကြောင်း အပေါ့စားကုန်စည်ရောင်းချသူတို့က ဆိုသည်။

"ဟိုမှာကြည့်စမ်းပါဦး" ထုပ်ပိုးထားသော ညိုညစ်ညစ်အိတ်ခွံများ စုထားရာဆီသို့ညွှန်ရင်း "တောလမ်းဘက်က သယ်လာတယ်ထင်တာပဲ" ဟု ဟင်းချိုမှုန့်အိတ်အချို့၏ သယ်ယူရာလမ်းကို စဉ်းစား၍ လူသုံးကုန်ပစ္စည်းရောင်းချသူတစ်ဦးက ခပ်ဆဆပြောသည်။



## ၁၀၀၀ က ၃၀၀၊ ၃၀၀ က ၂၀ ဝင်တဲ့ အချိုရည်

"ပစ္စည်းအဝင်ဆိုရင်တော့ မဝင်ဘူးဘဲ ပြောရမယ်။ ဒါတွေက ဘယ်ကရှိလို့ ဘယ်လိုရောက်လာသလဲမသိဘူး" ဟု ဆိုင်တွင်းရှိနေသည့် ၁၅ ကတ်ထက်မပိုသည့် ပြည်ပထုတ်အချိုရည်တို့ကို ညွှန်ပြကာ လတ်တလော အချိုရည်ပစ္စည်းများ၏ ဈေးကွက်တွင်းရောက်ရှိမှု အနေအထားကို ပြောပြသည်။

ပြည်တွင်း၊ ပြည်ပထုတ်အချိုရည်များ ရောင်းချမှုသက်တမ်း ၁၀ နှစ်ကျော် အတွေ့အကြုံရှိ လုပ်ငန်းရှင်တစ်ဦးက အထက်ပါအခြေအနေကို ရှင်းပြခြင်းဖြစ်သည်။

အချိုရည်ဈေးကွက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝင်ရောက်သည့် အချိုရည်ဆိုသည်မှာ လက်ချိုးရေ၍ရသည် အထိနည်းပါးကြောင်း၊ ညောင်ပင်လေးပလာဇာဈေးကွက်၌ ဆန်ပြုတ်၊ ငါးသေတ္တာမှသည် စားကုန်၊ သောက်ကုန် အားလုံးနီးပါးမှာ ထိုင်းနိုင်ငံထုတ်ပစ္စည်းအပေါ် အားပြုထားကြောင်း ယင်းဈေးကြီးအတွင်း မျက်မြင်အနေအထားနှင့်ရောင်းချသူတို့၏ ပြောကြားချက်များအရ သိရှိရသည်။

www.foreverspace.com.mm



လတ်တလောတွင် တစ်ကြိမ်ပစ္စည်းဝင်လျှင် ကတ် ၂၀ ခန့်သာရောက်ရှိလာတတ်ကြောင်း၊ ယခင်ကမူ ပစ္စည်းတစ်ခါဝင်လျှင် ကတ် ၁၀၀၀ ခန့်ရှိပြီး နောက်တွင် ကတ် ၃၀၀ မှ ယခုအခါ ယင်းအနေအထားသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ ခေါက်ရေအားဖြင့်မူ တစ်ပတ်လျှင် ကားဆင်းရက်၊ တက်ရက်များအတိုင်းဖြစ်ပြီး လမ်းကြောင်းပွင့်လင်းမှုအပေါ်မူတည်၍ ဝင်တတ်လေ့ရှိကြောင်း အဆိုပါဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယင်းသို့ နယ်စပ်အဝင် သီးသန့်လိုင်းဟုဆိုရလောက်သည်အထိ ယင်းလမ်းကြောင်းကို အားပြုထားသည့် ဈေးကွက်တွင် စင်ကာပူမှ အခွန်စည်းကြပ်မှုဖြင့် တရားဝင်တင်သွင်းသည့် အချိုရည်တို့မှာလည်း လတ်တလော ဝင်ရောက်မှုကြန့်ကြာနေပြီး ဈေးကွက်အတွင်း ပစ္စည်းမလုံလောက်ကြောင်းနှင့် ကုမ္ပဏီများဖြင့် တရားဝင်တင်သွင်းလျက်ရှိသည့် စားကုန်၊ လူသုံးကုန်အချို့တို့ပါ ပစ္စည်းအဝင်ကျဲပါးပြီး ဈေးကွက်အတွင်း ပစ္စည်းနည်းနေကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားသူတို့ထံမှ စုံစမ်းသိရှိရသည်။

ဈေးနှုန်းမြင့်မားနေခြင်းကြောင့် စားသုံးမှုပိုင်းမှာလည်း ကျဆင်းသွားခဲ့ကြောင်း၊ ရောင်းချသည့်အပိုင်းတွင် "ဈေးမငြိမ်လို့ လက်လီဈေးကွက်က ထိန်းလို့မရဘူး၊ မရင်းနှီးတဲ့လူက ယုံကြည်မှုနည်းတော့ ထိန်းမရဘူး။ ဟိုမေး၊ ဒီမေးလိုက် မေးပြီး ထွက်ပြေးနေတော့ ကိုယ့်ဖောက်သည်နဲ့ကိုယ်ပဲ ရောင်းနေရတယ်" ဟု ညောင်ပင်လေးပလာဇာမှ စားသောက်ကုန်နှင့် ဆက်စပ်ပစ္စည်းများတွဲဖက်ရောင်းချသူတစ်ဦးက ၎င်း၏လက်ရှိအနေအထားကို ပြောပြသည်။

ပြည်တွင်းထုတ်အချိုရည်ဘက်တွင်မူ Brand ပေါ်မူတည်သည့် အချိုရည်သောက်သုံးသူ အလွှာအမျိုးမျိုးရှိနေခြင်း၊ ဥပမာ–မိတယ်နှင့် စားသောက်ဆိုင်များတွင်ထား၍ရောင်းချသည့်အချိုရည်နှင့် ယင်းတို့ကိုသာ သောက်သုံးသူအလွှာဟူ၍ သီးခြားရှိနေသည့်အတွက် ပြည်ပထုတ်အချိုရည်ပစ္စည်း ရှားပါးနေသော်လည်း ပြည်တွင်းထုတ်အချိုရည်ဈေးကွက်ကို သိသာစွာ ရိုက်ခတ်မှုမရှိပေ။

သို့ရာတွင် သကြားဈေးများ စံချိန်တင်မြင့်မားနေခြင်းကြောင့် သကြားများအများဆုံးသုံး ထုတ်လုပ်သည့် အချိုရည်အချို့ ၁၀၀ ကျပ်မှ ၁၅၀ ကျပ်အထိ ဟသွားမြင့်တက်သွားသည်ကို တွေ့ရသည်။

## ငါးသေတ္တာ၊ အသားဘူး

ထိုင်းနိုင်ငံမှဝင်ရောက်သည့် ငါးသေတ္တာဘူးများမှာ ဈေးကွက်အတွင်း ပစ္စည်းပြတ်နေပြီး လက်ကျန်ရှိနေသေးသည့် အမျိုးအစားအချို့မှာလည်း ပစ္စည်းအမျိုးအစားပေါ်မူတည်၍ တစ်ဘူးလျှင် ၂၀၀ ကျပ်ကျော်မှ ၃၀၀ ကျပ်အထိ ဈေးကွာဟမှုရှိနေသည်။

## သွင်းအားစုမျှော်သကြား

ယခုနှစ်၏ သုံးချိုးနှစ်ချိုးလများအတွင်း သကြားဈေးမြင့်တက်လာမှုသည် ၂၀၀၆ ခုနှစ်၏ စံချိန်တင်မြင့်တက်မှုပမာဏကိုကျော်ကာ တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ကျော်သည်အထိ ရောက်ရှိသွားခဲ့သည်။

တစ်ဖက်မှ ယင်းသို့ဈေးမြင့်တက်လာမှုနှင့်အတူ အခြားတစ်ဖက်တွင်လည်း "ဈေးမြင့်လို့ ရောင်းအားက တအားပါးသွားတယ်"ဟု ဘုရင့်နောင်ပွဲရုံအတွင်းရှိ သကြားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

သို့သော် "တအားမြင့်သွားရင်တော့ ဆင်းမှာပဲ" ဟူသော ၎င်း၏မှတ်ချက်နှင့်အတူ ဩဂုတ်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် ကျပ် ၂၀ ခန့် ကျဆင်းလာခဲ့ပြီး ထိပ်စမှာ ၁၆၉၀ ကျပ်မှ ၁၇၀၀ ကျပ်၊ အလတ်စမှာ ၁၆၅၀ ကျပ်ခန့်တွင် ရှိနေသည်။

ထို့နောက် ယင်းနေ့ညနေပိုင်းခန့်အရောက်၌ ၅၀ ကျပ်ခန့်အထိ ဈေးထပ်မံပြုတ်ကျသွားကြောင်း အဆိုပါဈေးကွက်အတွင်းရှိ သကြားပွဲရုံလုပ်ငန်းရှင်တစ်ဦးထံမှ ထပ်မံသိရှိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ သကြားများ ဝင်ရောက်လာ၍ ကျဆင်းသွားခြင်းဖြစ်ကြောင်း၊ အဆိုပါတရုတ်သကြားများသည် မန္တလေးဘက်သို့ တရိပ်ရိပ်ဖြင့်ဝင်ရောက်နေသည်မှာ နှစ်ပတ်ကျော်သုံးပတ်ခန့်ရှိနေပြီးမှ ရန်ကုန်သို့ ဝင်ရောက်လာသည့်အတွက် ဈေးကွက်အတွင်း သကြားတို့ လှိုင်၍ ဈေးပြုတ်ကျခြင်းဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။

ထို့ကြောင့် တရုတ်နှင့် ထိုင်းတို့ဘက်မှ သကြားများ လှိုင်လှိုင်ဝင်ရောက်စေလို



www.foreverspace.com.mm





ကြောင်းနှင့် တရားဝင် တင်သွင်းခွင့်ပြု မည်ဆိုပါက ပြည်တွင်းသကြားဈေးများ ဆက်တိုက်ကျဆင်းသွားနိုင်မည်ဖြစ်ကြောင်း လည်း ကုန်သည်အချို့က အကြံပြု ပြောကြားသည်။

ပြည်တွင်း၌ သကြားအသုံးပြု၍ အစားအသောက်များ ထုတ်လုပ်သည့် ဝယ် လက်ကြီးများမှာ သကြားဈေး ၁၂၀၀ ကျပ် ခန့်ကတည်းကပင် ကြိုတင်ဝယ်ယူထားပြီး ဖြစ်ကြသည့်အတွက် သကြားဈေးကြီးမြင့် မှုဒဏ်ကို များစွာခံစားရခြင်းမရှိနိုင်ဘဲ အလတ်စားနှင့် အသေးစား၊ နေ့ချင်းဝယ် သမားများမှာ သကြားဈေးဂယက်၏ သက် ရောက်မှုကို ထိရောက်စွာခံစားရကြောင်း လည်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရ သည်။

## ထပ်ဆင်းတဲ့ရွှေဝါ

ဆပ်ပြာတောင့်ဈေးကွက်တွင် ရွှေဝါ ဆပ်ပြာတောင့်မှာ ပြီးခဲ့သည့်လကထက် ၃၀၀ ကျပ် ထပ်မံလျော့နည်းခဲ့ပြီး ၁၅,၅၀၀ ကျပ်သို့ ကျဆင်းသွားခဲ့သည်။

ယခုလများမှာ ဆပ်ပြာအရောင်း သွက်ရာသီမဟုတ်ခြင်းကြောင့် ပုံမှန်ရောင်း အားသာရှိနေပြီး အခြားပုဂ္ဂလိကထုတ် ဆပ်ပြာတောင့်များအနေဖြင့်မူ ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ ရွှေဝါတစ်မျိုးတည်းသာ ပြောင်းသွားခြင်းဖြစ်သည်။

ဆပ်ပြာတောင့်ဈေးကွက် ဝယ်လို အားကို အချိုးချကြည့်လျှင် နယ်ဝယ်လို အားမှာ ၇၀ ရာခိုင်နှုန်းရှိ၍ ရန်ကုန်ဝယ် လိုအားမှာမူ ၃၀ ရာခိုင်နှုန်းတွင်သာ ရှိနေ ကြောင်းနှင့် နယ်ဒေသများတွင်လည်း ဧရာ ဝတီ၊ ရခိုင်၊ မြစ်ကြီးနားဒေသများမှ အဝယ် ရှိကြောင်း ဆပ်ပြာရောင်းဝယ်ဖောက်ကား မှုလုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းရှင် ကြီးများထံမှ သိရှိရသည်။

## ဘူးနီ၊ ဘူးပြာ

ယခုနှစ်မိုးရာသီမှာမူ ခြင်ပေါက်ပွား မှုနှုန်း ယခင်ကထက် ပိုများသည်ဟု ယူဆ ရပြီး ခြင်တွေ့ရှိရမှုလည်း ပိုများပြားလာခဲ့ သည်ကို ခြင်ဆေးရောင်းချရမှုနှင့် ရပ်ကွက် အတွင်းနေထိုင်သူတို့ထံမှ သိရှိရသည်။

တစ်ဖက်တွင်လည်း အဆိုပါခြင် ဆေးခွေအများစုမှာ ခြင်မနှိမ်နင်းနိုင် မတိုး တော့သည့်အတွက် ဈေးကွက်အတွင်း ခြင် နှိမ်နင်းရာတွင် ထိရောက်သော ကျင်းထုံ အမည်ရှိ တရုတ်စာတန်းထိုး နံ့သာဖြူ ခြင် ဆေးခွေဘူးများ ငါးခွေတစ်ဘူးလျှင် ကျပ် ၅၀၀ မှ ၆၀၀ ကျပ်ခန့်ရောက်သည်အထိ ဈေးမြင့်သွားခဲ့ပြီး ဈေးကွက်တွင်း အရောင်း သွက်စာရင်း ဝင်သွားခဲ့သည်။

တရုတ်စာတန်းများဖြင့် ရေးသား ထားပြီး ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၈ ဟု ဖော်ပြထားသည့် အဆိုပါခြင်ဆေးခွေများ ကို ကျန်းမာရေးဝန်ထမ်းများ၏ ပြောကြား ချက်အရ သုံးစွဲရန်မသင့်ဟု သတင်းများ ထွက်ပေါ်လာအပြီးတွင် အနည်းငယ် ငြိမ်သက်သွားခဲ့သည်။ သို့ရာတွင် ကျင်းထုံ အပြင်ဘူးအပြာရောင်ပေါ်တွင် တရုတ် စာတန်းထိုး (ကျင်းထုံနှင့်ဆင်တူ) ဘူးတစ် မျိုးလည်း ဈေးကွက်အတွင်း ထပ်မံဝင် ရောက်လာခဲ့ပြီး အဆိုပါခြင်ဆေးမှာလည်း သုံးစွဲရန်မသင့်ကြောင်း သတင်းများ ထွက် ပေါ်ခဲ့သည့်အတွက် အရောင်းတန့်သွားခဲ့ ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

လတ်တလောတွင် ဈေးကွက် အတွင်း လက်ကျန်သမားများသာ ရောင်းချမှု ရှိတော့ကြောင်း "လူကို အန္တရာယ်ရှိတယ်လို့ ကြားတယ်။ 7 day ဂျာနယ်မှာလည်း တိတိ ကျကျပါလာလို့ ရှိတာပဲ ရောင်းတော့တာ။ ဈေးကွက်ထဲတော့ ထပ်မသွင်းကြတော့ဘူး" ဟု ညောင်ပင်လေးပလာဇာအတွင်း လက် ကားရောင်းချသည့်ဆိုင်တစ်ဆိုင်က ရှင်း ပြသည်။

## ဈေးကွက်လှိုင်းတို့ ညင်သာရေး

မြန်မာတောင်သူများသည် ဈေးကွက် လိုအပ်ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင် ခြင်းမရှိသေးကြောင်း၊ ဈေးကောင်းရသည့် သီးနှံကို နောက်နှစ်တွင်လည်း ဈေးကောင်း ရလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် စုပြုံစိုက်ပျိုး ကြပြီး ဈေးကွက်လိုအပ်ချက်ထက်ပိုလျှံ အောင် ထုတ်လုပ်မိသည့်အခါ ဈေးနှုန်းထိုးကျ ပြီး အရှုံးပေါ်ရသည့်ပြဿနာကို ယခု ကြက်သွန်နီတွင် တွေ့မြင်ရကြောင်း၊ တောင်သူ များ သတင်းအချက်အလက်ရရှိမှုအားနည်း နေသည့်သဘောဖြစ်ကြောင်း စီးပွားရေး ပညာရှင်တစ်ဦးက ပြောကြားသည်။

လွန်ခဲ့သည့်သုံးနှစ်ခန့် (နာဂစ်မုန် တိုင်းမတိုက်ခတ်ခင်ကတည်းကမှစတင်၍ စားဖိုဆောင်သီးနှံများ လက်လီဝယ်လိုအား သည်ကျဆင်းနေပြီး နယ်စပ်ကုန်သွယ်ရေး မှ တင်ပို့မှုရှိလိုက်၊ မရှိလိုက်ဖြစ်နေသဖြင့်

www.foreverspace.com.mm

သီးနှံများ ဈေးကောင်းမရ၍ ထုတ်လုပ်မှု ကျဆင်းလာကြောင်း၊ ရာသီဥတုကလည်း ပုံမှန်မဟုတ်သဖြင့် အာလူးကဲ့သို့သီးနှံများ စံချိန်တင်ဈေးနှုန်းမြင့်နေချိန် ကြက်သွန်နီ ပုပ်ပြီး မြစ်ထဲသွန်ရမည့်အနေအထားဖြစ်နေ၍ ခိုင်မာသော နယ်စပ်ကုန်သွယ်ဈေးကွက်၊ ပြည်ပဈေးကွက်တည်ဆောက်ထားသင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

သို့သော် အခြားတစ်ဖက်တွင်လည်း တောင်သူကို အပြစ်ဖို့ပြော၍ မရဟုဆိုသူများလည်းရှိသည်။ ဈေးကွက်သတင်းအချက်အလက်အကန့်အသတ်နှင့်သာရနေခြင်း၊ မူဝါဒကို ကြိုတင်သိမြင်ထားသူများ ဈေးကစားခြင်း၊ လက်ဝါးကြီးအုပ်လိုသူတို့ မရောင်းခင်အချိန်တွင် ဈေးမြင့်စေပြီး ၎င်းတို့ ရောင်းကုန်သည့်အခါ ဈေးကျသွားစေသည့် မူဝါဒများ၊ နယ်စပ်ထွက်ပေါက်အဖွင့်အပိတ်အခြေအနေများကလည်း လက်ရှိ ကြက်သွန်နီဈေးကွက်ကို လှိုင်းထစေသည်ဟု ဈေးကွက်လေ့လာစောင့်ကြည့်သူတို့က သုံးသပ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးနိုင်အားထက် အစဉ်အမြဲပိုလျှံစွာ ထွက်လေ့ရှိသော မီးဖိုချောင်သီးနှံများအနက် ကြက်သွန်နီမှာ အထင်ရှားဆုံးဖြစ်သည်။ ဝယ်လက်အများအပြား ပုံမှန်ရှိနေသည့်အတွက် လက်ဝါးကြီးအုပ် အမြတ်ရှာလိုသူတို့ မကြာခဏ ဈေးကစား အမြတ်ရှာလေ့ရှိသော အသီးအနှံလည်းဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်ဟုအမည်ခေါ်ကာ တံခါးဖွင့်စီးပွားရေး စတင်ချိန်မှစကာ တောင်သူလယ်သမားများ ပင်ပန်းသလောက် အကျိုးဖြစ်ထွန်းခဲ့သလို မကြာခဏပြောင်းတတ်သော အခြေ





အနေအချို့ကြောင့် နစ်နာမှုများလည်း မကြာခဏကြုံခဲ့ကြရသည်။ တစ်နည်းအားဖြင့် ဈေးကွက်လှိုင်းထမှု၏ အဆိုးအကောင်းသဘောကို ရရှိခံစားခဲ့ကြသည်။ ဈေးကွက်တို့၏သဘောမှာ လှိုင်းထသကဲ့သို့ ရှိတတ်သည်။ ဈေးကွက်စီးပွားရေးစနစ်အတွင်းရှိ ထုတ်လုပ်နိုင်အား၊ ရောင်းလိုအားနှင့် စားသုံးနိုင်အား၊ ဝယ်လိုအားတို့အပေါ် မူတည်ကာ ဈေးကွက်တို့ လှိုင်းထတတ်သည်။ သို့သော် ပီပြင်သော ဈေးကွက်စီးပွားရေးစနစ်တို့တွင် ဈေးကွက်အတွင်းရှိ လူတိုင်း ချမှတ်ထားသော ဥပဒေစည်းကမ်း၊ မူဘောင်များအတွင်း တစ်ပြေးညီလိုက်နာကြရပြီး မူဝါဒရေးရာသတင်းအချက်အလက်များကိုလည်း တညီတညာတည်း သိရှိခွင့်ရကြသည်။ ထို့အတွက် ဈေးကွက်လှိုင်းတို့ ညင်သာသည်။ လှိုင်းထိပ်နှင့် လှိုင်းအောက် အကွာအဝေး မများလှ။ ထိုအခြေအနေနှင့် ဆန့်ကျင်ဘက်ရှိသော ဈေးကွက်တို့တွင်မူ ဈေးကွက်လှိုင်းတို့ လိုသည်ထက်ပို၍ မြင့်မားတတ်သည်။ ထိုအခါ ဈေးကွက်အတွင်းရှိသူအားလုံး လှိုင်းဒဏ်ခံရသည်။ မကြာခဏ လှိုင်းဒဏ်ခံနေရလျှင်မူ ထိုဈေးကွက်အပေါ် ယုံကြည်မှု လျော့ပါးသွားနိုင်သည်။ ထိုမှတစ်ဆင့် ချိတ်ဆက်နေသော အခြားကဏ္ဍများအပေါ်တွင်လည်း ယုံကြည်မှု လျော့ကျသွားနိုင်သည်။ သို့ဆိုလျှင် နိုင်ငံ့စီးပွားကဏ္ဍတစ်ခုလုံး အနုတ်လက္ခဏာသဘော ဆောင်သွားတတ်သည်။

ထိုသို့မဖြစ်စေရန်မှာ တည်ငြိမ်ခိုင်မာသော ဈေးကွက်မူဝါဒနှင့် တစ်ပြေးညီလိုက်နာရမည့်စည်းကမ်းဥပဒေများအတိုင်း ကျောသားရင်သားမခွဲခြားဘဲ စည်းကြပ်ထိန်းမတ်ရေးပင်ဖြစ်ပြီး သို့မှသာ ဈေးကွက်ယုံကြည်မှု ပြန်လည်ရရှိနိုင်ကြောင်း အစဉ်တစိုက်ဈေးကွက်လေ့လာစောင့်ကြည့်သူများက အကြံပြုသုံးသပ်ကြသည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၂၉-၆-၂၀၁၀*** မြို ခေါ် ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ (မ-ခ-မ- ည-ဖ) Mro or Khami National Solidarity Organization (M.K.N.S.O) ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

**၅-၇-၂၀၁၀*** တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

**၁၁-၇-၂၀၁၀*** ဒေါက်တာဦးမျိုးမြင့် (အရိုးရောဂါအဖွဲ့၊ နာယက)၊ အရိုးအထူးကုဆရာဝန်ဆေးရုံအုပ်ကြီး (ငြိမ်း)၊ အရိုးအထူးကုဆေးရုံကြီး၊ အသက် ၇၄ နှစ် ကွယ်လွန်။

**၁၂-၇-၂၀၁၀*** ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန Biosafety Level - 3 Laboratory ဓာတ်ခွဲခန်းကို ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့၊ တီဘီရောဂါဆေးရုံဝင်းအတွင်းရှိ အမျိုးသားမိုင်ကိုဗက်တီးရီးယားဓာတ်ခွဲဌာနတွင် ဖွင့်လှစ်။

* ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အား စာရင်းတင်ပြ။

**၁၄-၇-၂၀၁၀*** ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ထန်းတပင်ကျေးရွာနှင့် သမင်ခြံကျေးရွာတို့၌ ဇူလိုင်လ ၈ ရက်နေ့ ညနေ ၆ နာရီခွဲခန့်က လေဆင်နှာမောင်းတိုက်ခတ်ခဲ့သဖြင့် ထန်းတပင်ကျေးရွာတောင်ဘက်တစ်မိုင်ခန့်ရှိ လယ်တဲငါးလုံးနှင့် သမင်ခြံကျေးရွာ၌ အိမ်အလုံး ၃၀ ခန့်ပြိုလဲခဲ့ကြောင်း၊ အိမ်အလုံး ၄၀ ခန့်နှင့် ဘုန်းကြီးကျောင်းအမိုးများလန်သွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

**၁၅-၇-၂၀၁၀*** ပဲခူးတိုင်း ရွှေကျင်မြို့နယ်တွင် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိ၍ လူတစ်ဦးခြေထောက်ပြတ်ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင်ဖော်ပြ။

* စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ကံပြားကျေးရွာတွင် ဇူလိုင်လ ၁၂ ရက်နေ့ ည ၁၁ နာရီ ၄၅ မိနစ်ခန့်က မီးဖိုမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်း၍ နေအိမ် ၂၁ လုံး မီးလောင်ဆုံးရှုံးကာ စုစုပေါင်း ၈၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ကချင်ပြည်နယ်၌ ဇွန်လအတွင်း တရားမဝင်သစ်ထုတ်လုပ်မှုမှ ကျွန်းသစ် ၉၄ ဒသမ ၇၃၆ တန်၊ ကျွန်းခွဲသား ၁၆၄ ဒသမ ၂၂၆ တန်၊ သစ်မာအုပ်စု (၁) သစ်လုံး၊ ၃၃ ဒသမ ၁၈၄ တန်၊ သစ်မာအုပ်စု (၁) ခွဲသား ၃ ဒသမ ၄၃၄ တန်၊ အခြား (သစ်လုံး) ၁၈၁ ဒသမ ၆၉၃ တန်၊ အခြားသား (ခွဲသား) ၈ ဒသမ ၉၂၆ တန်၊ စုစုပေါင်း ၄၈၆ ဒသမ ၁၉၉ တန် သိမ်းဆည်းမိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ဧရာဝတီမြစ်ရေတိုးလာပြီး မြစ်ကမ်းပါးပြိုကျသဖြင့် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ဘိုလှကုန်းကျေးရွာအုပ်စု ညောင်ပင်သာယာအရှေ့ကျေးရွာရှိ စိုးရိမ်ရသော နေအိမ် ၃၂ လုံးမှ အမျိုးသား ၇၆ ဦး၊ အမျိုးသမီး ၈၆ ဦး၊ စုစုပေါင်း ၁၆၂ ဦးတို့ ပြောင်းရွှေ့ခဲ့ရကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* 'ဝ'အမျိုးသားစည်းလုံးညီညွတ်ရေးပါတီနှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

* ကဗျာဆရာနှင့် ဆရာရေးဆရာကြီး နန်းညွှန့်ဆွေ၊ အသက် (၈၇)နှစ်ကွယ်လွန်။

**၁၆-၇-၂၀၁၀*** မွန်းလွဲ ၁ နာရီ ၅၄ မိနစ် ၃၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်တိုင်းထွာရေးစခန်းမှ အနောက်ဘက် ၂၅ မိုင်ခန့်ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား။

www.foreverspace.com.mm



* ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၂/၂၀၁၀) ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ (ပြည်) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု။

* မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစု ပါတီက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

**၁၈-၇-၂၀၁၀** * ဦးအောင်ကျော်မိုး (ခ) ဦးဘုန်းခိုင်သန့် (ခ) စာရေးဆရာလွန်းအိမ်၊ အသက် ၄၃ နှစ် ကွယ်လွန်။

* ဆဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသကို ရွေးချယ်တင်မြှောက်။

* နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ အကျိုးတော်ဆောင်ဆရာတော်အဖြစ် ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိကို ရွေးချယ်တင်မြှောက်။

* ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၊ ဂျီဂျူးမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ။

**၂၀-၇-၂၀၁၀*** လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

**၂၁-၇-၂၀၁၀*** မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ မိုင်းမော်ကျေးရွာရှိ ပင်လယ်မြို့ဟောင်း တူးဖော်သုတေသနလုပ်ငန်းများကို ဇွန်လ ၆ ရက်မှ ဇူလိုင်လ ၁၂ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ ရှေးဟောင်းအဆောက်အအုံတွေ့ရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင်ဖော်ပြ။

* ဘဒ္ဒန္တမာလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ – အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ တိုက်အုပ်ဆရာတော် ယောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း၊ သိက္ခာတော် ၆၅ ဝါ၊ သက်တော် (၈၅) နှစ် ပျံလွန်တော်မူ။

* အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်၊ မြေထည်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming De. Zhong Trading တို့ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) အကြီးစားမွမ်းမံပြုပြင်ပြင်ဆင်ရေးအတွက် အဆိုပါဝန်ကြီးဌာနတွင် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုး။

**၂၂-၇-၂၀၁၀*** ဘဒ္ဒန္တဝိသုတ (ဆဋ္ဌသင်္ဂါယနာတင်ပါဠိတော်မြန်မာပြန်အဖွဲ့၊ ဩဘာနသောဓေယျ အဂ္ဂမဟာပဏ္ဍိတ) ခေမာသီဝံကျောင်းတိုက် ပဓာနနာယကဆရာတော်၊ သိက္ခာတော် ၇၄ ဝါ၊ သက်တော် (၉၄) နှစ် ပျံလွန်တော်မူ။

**၂၃-၇-၂၀၁၀*** ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်၊ ကွင်းဆိပ်ကျေးရွာနေသူတစ်ဦး ဇူလိုင်လ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းဝတ်ပြတ်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ YPIC International Energy Cooperation & Development Co., Ltd. နှင့် International Group of Enterpreneurs Company Limited တို့ နော်ချမ်းခ ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီမှုစာချွန်လွှာများကို အထက်ပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ဇူလိုင်လ ၁၉ ရက်မှ ၂၃ ရက်နေ့အထိ ကျင်းပသည့် (၄၃) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းပြန်လည်ရောက်ရှိ။

**၂၄-၇-၂၀၁၀*** အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) ကို ရန်ကုန်မြို့တော်၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဇူလိုင်လ ၂၇ ရက်နေ့အထိ ကျင်းပ။

www.foreverspace.com.mm

* ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ် (၃၁၄/၃၁၅) တွင် ပါတီရုံးချုပ်တည်ရှိသော စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) Unity and Democracy Party of Kachin State (UDPKS) က အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လာရောက် နိုင်ငံပိုင်သတင်းမီဒီယာများ၌ ကြေညာ။

* မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီခြောက်ခုဖြစ်သော United National Oil (Gas Pte.) Ltd. (UNOG), Central China Power Grid International Economic & Trade Co., Ltd. (CCPG), Bawa Trading Pte., Ltd. and Barons Machinery Engineering Pte., Ltd. (BME), Gunkul Engineering Public Co., Ltd. International Integrated Business Co., Ltd. တို့ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် စာချုပ်ချုပ်ဆို။

* ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဇူလိုင်လ ၂၁ ရက်မှ ၂၃ ရက်နေ့အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် ASEAN ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ လေးကြိမ်မြောက် ASEAN + 3 ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် သုံးကြိမ်မြောက် ASEAN + China ကျန်းမာရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ။

**၂၅-၇-၂၀၁၀*** ညနေ ၃ နာရီ ၂၉ မိနစ် ၂၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက်မိုင် ၁၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၃၀ ခန့်အကွာ) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ထွက်ခွာ။ ဇူလိုင်လ ၂၉ ရက်တွင် ပြန်လည်ရောက်ရှိ။

**၂၆-၇-၂၀၁၀*** ဇူလိုင်လ ၂၁ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်း–မိုးနဲ–နမ့်စန်ကားလမ်း ကျိုင်းတောင်းမြို့နှင့် လွယ်အိုင်ရွာကြားရှိ သစ်သားတံတားသုံးစင်းကို မီးရှို့ဖျက်ဆီးကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများ၌ ဖော်ပြ။

* ပဲခူးရိုးမအတွင်းမှ တောဆင်ရိုင်းလေးကောင်သည် လက်ပံတန်း၊ သာယာဝတီ၊ မင်းလှ၊ ဇလွန်နှင့် ဟင်္သာတမြို့နယ်တို့အတွင်း ဖြတ်သန်းဝင်ရောက်ခဲ့ပြီး လူများကို အန္တရာယ်ပြုခြင်း၊ စိုက်ခင်းများကို ဖျက်ဆီးခြင်းမပြုဘဲ အေးချမ်းစွာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင်ဖော်ပြ။

**၂၇-၇-၂၀၁၀*** ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး သဘောတူစာချုပ်ကိုလည်းကောင်း၊ ပြည်တွင်းအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သာရေးရန်ပုံငွေအဖွဲ့များ၊ ပညာရေးနှင့် သက်မွေးပညာအဖွဲ့အစည်းများမှတစ်ဆင့် အသေးစားဖွံ့ဖြိုးမှုစီမံချက်များ အကောင်အထည်ဖော်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ သတင်းနှင့် ပြန်ကြားရေးပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကိုလည်းကောင်း၊ ပုဂံအာနန္ဒာဘုရားပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ Hyderabad House တွင် လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆို။

* မြန်မာ–အိန္ဒိယ နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်။

* မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးစီမံကိန်းအတွက် အိန္ဒိယအစိုးရ၏ ချေးငွေသဘောတူညီချက်ကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လက်မှတ်ရေးထိုး။

* ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

**၂၈-၇-၂၀၁၀** * ဒီမိုကရက်တစ်ပါတီ (မြန်မာ)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

**၂၉-၇-၂၀၁၀*** ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ ဇူလိုင်လ ၂၁ ရက်နေ့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတား

www.foreverspace.com.mm



ပျက်စီးမှုနှင့် လမ်းပိတ်ဆို့မှုဖြစ်ပွားကြောင်း၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၊ ဆဒုံးမြို့၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကမ်းပါးယံ မြေပြိုကျကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း၊ ဧရာဝတီတိုင်း၊ အမာမြို့နယ်၌ ဇူလိုင်လ ၂၅ ရက်နေ့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပြိုလဲပျက်စီးမှုနှင့် အမိုးလန်ပျက်စီးမှုများဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး ခုနစ်ဦးထိခိုက်ဒဏ်ရာရကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

**၃၀-၇-၂၀၁၀**✳ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့ရှိ အာရှ-ပစိဖိတ် ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန၏ ဖိတ်ကြားချက်အရ ဇူလိုင်လ ၂၆ ရက်မှ ၂၉ ရက်နေ့အထိကျင်းပသည့် ကော်ပိုရိတ်ငွေချေးစာချုပ်ဈေးကွက်များဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ။

**၁-၈-၂၀၁၀**✳ ဇူလိုင် ၂၉ ရက်နေ့တွင် ရောက်ရှိလာသော ကိုရီးယားပြည်သူ့ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပတ်ယွီချွမ်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ။

**၂-၈-၂၀၁၀**✳ ဦးတင်စိန် (မြန်မာ့လက်ရွေးစင်နှင့် အကောက်ခွန်ဘောလုံးသမားဟောင်း) အသက် ၆၉ နှစ် ကွယ်လွန်။

✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၃/၂၀၁၀) ဖြင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) Unity and Democracy Party of Kachin State (UDPKS) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာ။

**၄-၈-၂၀၁၀**✳ ပဲခူးတိုင်း၊ သံတောင်မြို့နယ်တွင် ဇူလိုင် ၃၀ ရက်နေ့၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး တစ်ဦးသေဆုံးကြောင်း၊ ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဇူလိုင် ၃၁ ရက်နေ့အထိ နိုင်ငံတစ်ဝန်း မိုင်းနင်းမှုကြောင့် အမျိုးသား ခြောက်ဦး၊ အမျိုးသမီးနှစ်ဦး၊ စုစုပေါင်း ရှစ်ဦးသေဆုံးပြီး အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ငါးဦး၊ စုစုပေါင်း ၄၄ ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

✳ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ National Democratic Party for Development က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အား စာရင်းတင်ပြ။

**၅-၈-၂၀၁၀**✳ မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများဖြစ်ကြောင်းနှင့် အရည်အသွေးအာမခံချက်မရှိ ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်သော ဆေးဝါးခြောက်မျိုးကို နိုင်ငံပိုင်သတင်းမီဒီယာတွင် ဖော်ပြ။

✳ ပြည်ထောင်စုဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းက ၂၀၁၀ ရွေးကောက်ပွဲ နိုင်ငံရေးအခင်းအကျင်းတွင် ဆက်လက်ပါဝင်တော့မည်မဟုတ်သဖြင့် ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ကြောင်းပြောကြား။

**၆-၈-၂၀၁၀** ✳ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်နှင့် ခေတ်သစ်ပြည်သူ့ပါတီတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

**၁၀-၈-၂၀၁၀** ✳ ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်အတွင်း ဇွန်လ ၂၆ ရက်နေ့တွင်ရရှိခဲ့သော ဘဒ္ဒဝတီအမည်ရှိ ဆင်ဖြူတော်ရတနာ နေပြည်တော်သို့ ဩဂုတ်လ ၉ ရက်နေ့တွင် ရောက်ရှိလာကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)

အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊

ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၈၂ | ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာ

## ကမ္ဘာ့အကောင်းဆုံး ဒစ်ဂျစ်တယ်စာကြည့်တိုက်တွေ



ဒစ်ဂျစ်တယ်စာကြည့်တိုက်တွေဆိုတာ မဂ္ဂဇင်းတွေ၊ သတင်းစာတွေ၊ စာအုပ်တွေ၊ ကိုးကားဖို့ စာအုပ်တွေကို အီလက်ထရွန်နစ်နည်းနဲ့ စုစည်းထားတဲ့ စာကြည့်တိုက်တွေပါ။ အဲဒီဒစ်ဂျစ်တယ်စာကြည့်တိုက်တွေကို အင်တာနက်ကနေ လျှောက်သွားပြီး ဖတ်ကြည့်၊ ကိုယ်ကြိုက်တာတွေ့ရင် အပိုင်သိမ်းထားတတ်တာ စာကြမ်းပိုးတွေ တစ်နေ့တစ်နေ့လုပ်နေတဲ့အလုပ်ပါ။ ဒါကြောင့် အဲလိုလူတွေအတွက် ကမ္ဘာ့အကောင်းဆုံးဒစ်ဂျစ်တယ်စာကြည့်တိုက်တွေကို ဖော်ပြလိုက်ပါတယ်။ အခုဖော်ပြပေးထားတဲ့အထဲက တချို့စာကြည့်တိုက်တွေက စာအုပ်တွေကို E-book အဖြစ် ဆွဲချခွင့်ပေးပြီး တချို့ကတော့ မပေးပါဘူး။ ဒါကြောင့် စာကြည့်တိုက်တစ်ခုမှာ စာအုပ်စာရင်းတွေ့ရပြီး E-book အဖြစ်မရရင် စိတ်မလျှော့ဘဲ၊ အင်တာနက်မှာ တိုက်ရိုက်ဖတ်ခွင့်ပေးတဲ့ တခြားစာကြည့်တိုက်နဲ့ ကော်ပီကူးယူခွင့်ပေးတဲ့စာကြည့်တိုက်တွေဆီ ထပ်သွားပြီး ရှာဖို့အကြံပေးပါရစေ။ အခု စာကြည့်တိုက်တစ်ခုချင်းစီမှာ စာအုပ်တွေ၊ အသံစာအုပ်တွေ၊ CD ၊ DVD တွေ၊ ဓာတ်ပုံတွေ၊ ရုပ်ရှင်တွေ၊ သီချင်းတွေ သန်းပေါင်းများစွာရှိလို့ တစ်သက်တာလုံးအတွက် အမြဲတမ်းအသုံးဝင်နေမယ့်နေရာဖြစ်ကြောင်း ထပ်ညွှန်းပါရစေ။

### တက္ကသိုလ်များမှ ဒစ်ဂျစ်တယ်စာကြည့်တိုက်များ

1. Online Books
2. The Perseus Digital Library
3. Columbia University Libraries
4. Yale University Library
5. Brigham Young University Digital Collection

### နိုင်ငံတကာ ဒစ်ဂျစ်တယ်စာကြည့်တိုက်များ

1. International Children's Digital Library
2. The European Library
3. National Library of Australia

### အကြောင်းအရာမျိုးစုံအတွက် ဒစ်ဂျစ်တယ်စာကြည့်တိုက်များ

1. Universal Digital Library
2. Project Gutenberg
3. Bartleby
4. ibiblio
5. Google Books
6. Live Search Books
7. World Digital Library
8. ERIC
9. Bibliovault
10. Internet Public Library

■

www.foreverspace.com.mm

## Satellite M 500

အလျင်အမြန်တိုးတက်လာနေတဲ့ အိုင်တီခေတ်ကြီးထဲမှာ ကွန်ပျူတာနဲ့ဆက်စပ်ပစ္စည်းတွေကလည်း တစ်နေ့ထက်တစ်နေ့ ဈေးကွက်အတွင်း စုံလင်စွာ ဝင်ရောက်လာနေပါတယ်။ ဒီတစ်ခါတော့ ရိုးရှင်းစွာလုပဆွဲဆောင်မှုရှိစေဖို့ Notebook မျက်နှာပြင်ကို Glass Mask နဲ့ စနစ်တကျပြုလုပ်ထားပြီး တစ်ပြေးညီလှပတဲ့ Flash Screen အမျိုးအစား ကွန်ပျူတာတစ်လုံးနဲ့ မိတ်ဆက်ပေးမယ်နော်။

ဒါကတော့ Toshiba Satellite M 500 ပါ။ ကွန်ပျူတာ တစ်လုံးဝယ်တော့မယ်ဆိုရင် အရေးအကြီးဆုံးဖြစ်တဲ့ Processor မှာ Intel @ Corie3 Processor 330M ပါရှိပါတယ်။ Mobile Intel@ HM55 Extreme Graphic ကို Graphic Card အဖြစ်သုံးထားပြီး Data တွေ သိုလှောင်နိုင်ဖို့ 320 GB (SATA) ပါရှိပါတယ်။ စက်ကို လျင်လျင်မြန်မြန်အသုံးပြုနိုင်ဖို့ 2 GB DDR3 ထည့်သွင်းပေးထားပြီး Multimedia အတွက် DVD Super Multi Double Layer Drive ကို အသုံးပြုထားပါတယ်။ Bluetooth, Intel@Wifi Link 5100AGN နဲ့ 10/100 Mbps Ethernet LAN EDR တို့ကိုလည်း ကွန်ရက်ချိတ်ဆက်ပေးထားတာ တွေ့ရပါတယ်။

Satellite M 500 ဟာ တစ်ပြေးညီလှပတဲ့ Flash LCD Screen အပြင် Hybrid SSD/HDD System လို့ခေါ်တဲ့ Solid State Drive နဲ့ Hard Disk Drive နှစ်မျိုးစလုံးကိုပါ တပ်ဆင်ထားတာ တွေ့ရပါတယ်။ HDMI port ပါတဲ့ REGZA-TV တွေနဲ့လည်း တွဲဖက်အသုံးပြုနိုင်အောင် REGZA-Link? Harman Kardon@ Speakers စတဲ့ အဆင့်မြင့်စွမ်းဆောင်ရည်တွေ ပါဝင်တာကြောင့် ဝယ်ယူအသုံးပြုသူတွေ နှစ်ခြိုက်သဘောကျစေမှာပါ။ ခေတ်မီဆန်းသစ်တီထွင်ထားတဲ့ Hybrid SSD (Solid State Drive)/ HDD System ကြောင့် သိုလှောင်နိုင်မှုကို အကောင်းဆုံးပြုလုပ်နိုင်မှာဖြစ်ပြီး Hard Disk အတွင်းသိုလှောင်ထားတဲ့ ကိုယ်ပိုင်အချက်အလက်တွေကို ကာကွယ်ပေးမယ့် 3D Motion Sensor စနစ် ပါရှိပါတယ်။ 3D Motion Sensor ဟာ မတော်တဆလွတ်ကျသွားခြင်း၊ ပြင်းထန်စွာထိခိုက်တုန်လှုပ်မှုဖြစ်ခြင်းတွေကြောင့် Hard Disk ကို အကျိုးသက်ရောက်မှုလုံးဝမရှိစေဖို့ Drive Head ကို ပြင်ဆင်ထားပါတယ်။

Finger Print System လည်းပါဝင်တာကြောင့် သယ်ဆောင်ရလွယ်ကူပြီး သေသပ်တဲ့ပုံစံ၊ Multifunction မျိုးစုံတွေအပြင် အကြမ်းခံနိုင်တာကို ပိုမိုနှစ်သက်တဲ့သူတွေအတွက် Satellite Device တွေထဲကမှ Satellite M500 ကို စိတ်ဝင်စားရင်တော့ Lucky Bird Trading Co., Ltd. ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၃၉၉၀၁၁ မှာ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ■




## မြန်မာ့ဈေးဝယ် Website

အွန်လိုင်းကတစ်ဆင့် ဈေးဝယ်နိုင်ပြီး အိမ်အရောက်ဝန်ဆောင်မှုပေးနေတဲ့ ဝန်ဆောင်မှုပါ။ www.onlinemyanmar- shopp-ing.com မှာ ဝင်ရောက်ဝယ်ယူနိုင်ပါတယ်။

ဝယ်ယူတဲ့ပစ္စည်း မကြိုက်ခဲ့ရင်၊ သဘောမကျခဲ့ရင် ပြန်လဲလှယ်နိုင်တယ်လို့ သိရပါတယ်။ ရန်ကုန်မြို့အတွင်းသာ ဝန်ဆောင်မှုပေးခြင်းပါ။ ဝန်ဆောင်ခ (သို့) ပို့ဆောင်ခ ကျပ် ၃၀၀၀ လို့ ဆိုပါတယ်။ အွန်လိုင်းအသုံးပြုသူအချင်းချင်း ချိတ်ဆက်ရောင်းဝယ်နိုင်မယ့် Free offer Service ကိုလည်း ထည့်သွင်းပေးထားပြီး မှတ်ပုံတင်ထားသူတွေ အသုံးပြုနိုင်မှာပါ။

## နေရာပြောင်း၊ လိပ်စာသစ်

❑ **THIDA M & E GROUP**

အမှတ်-၁၇၊ မဉ္ဇူလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း/ဖက်စ် - ၆၆၀၈၅၇

E-mail : tmeg@myanmar.com.mm

www.foreverspace.com.mm



# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **ပီရာဝေ့ဆေးရုံ (ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့)**
  **မြန်မာပြည်ကိုယ်စားလှယ်ရုံးချုပ်**
  အမှတ်–၈၊ အခန်း –၅၀၆ ၊၅ လွှာ၊ ပန်းခြံတာဝါ၊
  ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၀၆၀၀၊ ၀၉၅၀၁၈၇၇၇
- **ငွေတိုး Mobile Service (Authorize & Service Center)**
  အမှတ်–၁၂၅၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Chindwin Engineering School**
  ပထမထပ်၊ တိုးချဲ့ဆောင်၊ သမ္မတဟိုတယ်၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၄၃၆၄၁ လိုင်းခွဲ–၂၈၀၂၊ ၇၃၀၆၈၃၇၆ ဖက်စ်–၀၂–၇၄၁၇၉
  E-mail : info@chindwin.com
  www.chindwin.com
- **Big Computer**
  အမှတ်–၁၄၂၊ ၄၇ လမ်း (အပေါ်)၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
- **Love Wedding Dress & Accessories**
  အမှတ်–၁၄၅၊ မြေညီထပ်၊ ၄၇ လမ်း (အပေါ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
- **Mobile Collection**
  အမှတ်–၁၄၇၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
  ရန်ကုန်။
- **သုခိတာဆေးဆိုင်**
  အမှတ်–၁၂၉၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
  ရန်ကုန်။

## Onlin က Listening Practice

http://www.dailyest.com ကိုဝင်ပါ။ လူမှုဝန်းကျင်မှာ၊ ကျောင်းမှာ၊ အိမ်မှာ၊ အားလပ်ချိန်မှာ၊ အလုပ်မှာ အစရှိတဲ့ ကဏ္ဍအမျိုးမျိုးအောက်က ခေါင်းစဉ်ခွဲတွေ၊ ခေါင်းစဉ်ခွဲတွေအတိုင်း လေ့ကျင့်ဖို့ တွေ့ရပါလိမ့်မယ်။ လေ့ကျင့်ဖို့ အသံဖိုင်နဲ့ စာသားတွေ တွဲဖက်ပေးထားပါတယ်။

ဒါတွေလေ့ကျင့်ပြီးလို့ ကိုယ်ရဲ့ Listening ကိုစစ်ချင်ရင် www.esl-lab.com ကို ဝင်စစ်လို့လည်းရပါတယ်။ အဲဒီမှာ Easy, Medium နဲ့ Difficult ဆိုပြီး ခေါင်းစဉ်ခွဲတွေအောက်မှာ အကြောင်းအရာစုံကိုနားထောင်ပြီး မေးခွန်းတွေဖြေကြည့်ရင် ကိုယ်ရဲ့ Score ကို သိရမှာပါ။

ဒါပေမဲ့ ပေးထားတာတွေက တစ်နေရာတည်းမဟုတ်ပါဘူး။ အဲဒီပုံစံအတိုင်းကိုပဲ General, Basic, Academic Pourpose စသဖြင့် ခွဲပြီးစီစဉ်ပေးထားပါသေးတယ်။



www.foreverspace.com.mm

## မိုဘိုင်းလ်ဖုန်းတွေကို ဝန်ဆောင်မှုပေးတဲ့နေရာ

WCDMA , CDMA 450, GSM, ဆယ်လူလာ၊ ကျပ်ငါးသိန်းတန် CDMA 800, ကတ်ဖုန်း စတာတွေကို အသုံးပြုသူများပြားလာတာတွေ့လာရတယ်။ အဲလိုဘယ်အမျိုးအစားအတွက်ပဲဖြစ်ဖြစ် အဆင်ပြေပြေအသုံးပြုနိုင်တဲ့၊ ဒီဇိုင်းလှပတဲ့၊ Function စုံလင်တဲ့ နာမည်ကျော်တံဆိပ်တွေရော၊ နယ်စပ်ကနေတင်သွင်းလာတဲ့ သိပ်နာမည်မရှိလှတဲ့ အမှတ်တံဆိပ်တွေပါ မိုဘိုင်းလ်ဟန်းဆက် ဈေးကွက်ထဲဝင်ရောက်လာတာမို့ ကိုယ်တတ်နိုင်တဲ့ငွေကြေးနဲ့ မိုဘိုင်းလ်ဟန်းဆက်တွေကို စိတ်ကြိုက်ဝယ်ယူအသုံးပြုလာနိုင်လို့ ဟန်းဆက်တွေဝယ်သာဝယ်တယ်၊ အဲဒီဟန်းဆက်ကို ဘယ်လိုအသုံးဝင်အောင် အသုံးပြုနိုင်တယ်ဆိုတာမျိုး အသေအချာမသိသေးတဲ့သူတွေ ရှိပါသေးတယ်။

ဒါကြောင့် မိုဘိုင်းလ်ဖုန်းနဲ့ပတ်သက်လို့ ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းတစ်ခုရှိတယ်ဆိုတာ ပြောပြချင်ပါတယ်။ ဒီလုပ်ငန်းမှာ ဟန်းဆက်တွေကို Check up & Care လုပ်ပေးခြင်း၊ Network Lock နဲ့ Sim Lock တွေကို လုပ်ပေးခြင်း၊ Smart Phone တွေကို Application Software တွေသွင်းပေးခြင်း၊ ဟန်းဆက်တွေရဲ့ Main Firmware များ ပြန်ရေးပေးခြင်း၊ MP3, MP4 အတွက် Download နဲ့ Upload တွေပြုလုပ်ပေးခြင်း၊ Ringtones တွေနဲ့ Wallpaper တွေ Download နဲ့ Upload လုပ်ပေးခြင်း စတဲ့ ဝန်ဆောင်မှုတွေ ရရှိနိုင်ပါတယ်တဲ့။

ကျသင့်မယ့်ဝန်ဆောင်ခနဲ့ ကြာချိန်တွေကို စုံစမ်းမယ်ဆိုရင်တော့ အမှတ်– ၁၂၅၊ ပန်းဆိုးတန်းလမ်းက ငွေတိုး Mobile Service Center ကို သွားကြည့်လိုက်ပါနော်။

## စားသောက်ဆိုင်သစ်

- **ခင်ပြုံးရီလက်ညှစ်ရှိုင်မုန့်တီနှင့် မင်းလမ်း**

  အမှတ်–၁၁၆၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်း၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။

- **Chocolate Cafe**

  အမှတ်–၁၂၉၊ မြေညီထပ်၊ သိမ်ဖြူလမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

## ရုပ်သံဖန်တီးမှုသင်တန်း

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက စီစဉ်တဲ့သင်တန်း ဖြစ်ပါတယ်။ အနုပညာနဲ့နည်းပညာ ရောစပ်ထားတဲ့ သင်ကြားမှုပုံစံသစ်လို့ ဆိုပါတယ်။ သင်တန်းဆရာကတော့ People Media (Inforithm-Maze) က Art Director ဖြစ်ပါတယ်။ သင်တန်းမှာ ပညာရှင်တွေဖြစ်တဲ့ စာရေးဆရာချစ်ဦးညို၊ ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ဒါရိုက်တာဇော်ဆက်၊ တေးရေးနောင်နောင် (S.F) က သူတို့အတွေ့အကြုံတွေကို Sharing လုပ်မှာ ဖြစ်ပါတယ်။

သင်တန်းစုံစမ်းရန် – MCPA ရုံးခန်း အဆောင် (၄)၊ အခန်း (၄)၊ Myanmar Info-Tech၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၁–၆၅၂၂၇၆



www.foreverspace.com.mm

# Family Box ဝယ်ယူသက်တမ်းတိုးနိုင်မယ့်နေရာတွေ

အရင်က မြန်မာနိုင်ငံမှာ ဖျော်ဖြေရေးရုပ်သံလိုင်းနှစ်လိုင်းပဲ ရှိနေရာကနေ အခုအခါဖျော်ဖြေရေးရုပ်သံလိုင်းတွေ အတော်များများပေါ်ပေါက်လာတာ တွေ့ရတယ်။ ရုပ်သံကြည့်ရှုသူအရေအတွက်တိုးအောင် ဆွဲဆောင်အားကောင်းကောင်းနဲ့ အစီအစဉ်သစ်တွေ၊ ရုပ်သံဇာတ်လမ်းတွဲတွေ၊ ချိုသာတဲ့နှုန်းထားတွေနဲ့အပြိုင် လုပ်ဆောင်လာကြတယ်။ အိမ်မှာအနေများတဲ့ အိမ်ရှင်မတွေ၊ သက်ကြီးရွယ်အိုတွေ၊ ငယ်ရွယ်သူတွေ စတဲ့ အရွယ်စုံအချိန်မရွေးဖမ်းယူကြည့်ရှုနိုင်တဲ့ 5 Cartoons၊ 5 Movies၊ 5 MoviesII၊ 5 Series၊ 5 SeriesII၊ Multi Max၊ Star Sports၊ ESPN စတဲ့ Family Entertainment Group ကနေ စီစဉ်ထုတ်လွှင့်တဲ့ ရုပ်သံလိုင်းတွေအတွက် Family Box ဝယ်ယူလိုရင်ပဲဖြစ်ဖြစ်၊ သက်တမ်းတိုးရင်ပဲဖြစ်ဖြစ် ဆောင်ရွက်နိုင်မယ့်ဆိုင်တွေရယ်၊ ရုံးချုပ်လိပ်စာရယ်နဲ့ ပျက်သွားတာပဲဖြစ်ဖြစ် စက်တစ်ခုခုချို့ယွင်းသွားလို့ ပြင်ဖို့လိုအပ်တဲ့အခါ သွားနိုင်အောင် Service Centre ကိုပါ အောက်မှာဖော်ပြပေးလိုက်ပါတယ်။

- **ရန်ကုန်ရုံးချုပ်**
  အမှတ်-၃၄-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၄၀၀၈၇၈
- **Service Centre**
  အမှတ်-၁၃၈/စီ၊ တက္ကသိုလ်ရိပ်သာလမ်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **ပန်းဘဲတန်းမြို့နယ်**
  Super One (ရွှေဘုံသာ)၊
  Soe & Associates Electronic၊ ဖုန်း-၃၈၆၅၈၅
- **ပုဇွန်တောင်မြို့နယ်**
  Asia Light (ချမ်းသာပလာဇာ)၊
  ABC Mart 4 (ရေကျော်လမ်းမကြီး)၊
  Myanmar Platinum Electronic၊ ဖုန်း-၇၂၂၉၄၉
  East Point Shopping Centre
- **လသာမြို့နယ်**
  ဦးရွှေလင်း+ဒေါ်ကျင်ကျင် Electronic Mart၊
  စိန်ဂေဟာ (China Town)၊
  Soe San Electronic ဖုန်း-၂၄၅၁၃၂၊
  Orange Supermarket (China Town)
- **ဒဂုံမြို့နယ်**
  Asia Light (လပြည့်ဝန်းပလာဇာ)၊
  စိန်ဂေဟာ (Super Centre)
- **စမ်းချောင်းမြို့နယ်**
  ABC Mart 2 (ဗဟိုလမ်း)၊
  ABC Mart 6 (အရှေ့ကုန်းလမ်း)၊
  Star Mart (ဒဂုံစင်တာ၊ မြေနီကုန်း)၊
  City Mart (မြေနီကုန်း)၊
- **မင်္ဂလာတောင်ညွန့်မြို့နယ်**
  Asia Light (မင်္ဂလာဈေး)၊
  Cash 'N' Carry (ရွှေမြယာအိမ်ရာ)၊
  Mandalay Electronic၊ ဖုန်း-၂၅၁၅၀၇
- **တာမွေမြို့နယ်**
  ABC Mart 1 (ကျားကွက်သစ်လမ်း)၊
  ABC Mart 3 (သြဘာလမ်း)၊
  ABC Mart 5 (ကျားကွက်သစ်လမ်း)၊
  United Living Mall (အလုပ်သမားဆေးရုံရှေ့)၊
  Tarmwe Electronic (ရွှေဗဟိုအထူးကုဆေးခန်းအနီး)၊
  Super One (ကျိုက္ကဆံ)၊
  Orange Supermarket
- **သာကေတမြို့နယ်**
  ဆန်းသစ်ကျော် လျှပ်စစ်စတိုး
  (ရုပ်ရှင်ရုံအနီး) ဖုန်း-၇၁၀၃၄၇၊
  Capital Hyper Mart
- **အင်းစိန်မြို့နယ်**
  Sandar Win Electronics
  ဖုန်း-၆၄၅၆၃၄ (ဖော့ကန်)
- **မြောက်ဥက္ကလာပမြို့နယ်**
  Star Electronic (ဈ) ဈေးအနီး၊
  Orange Supermarket
- **လှိုင်သာယာမြို့နယ်**
  Diamond City Hyper Mart၊
  Victoria (နဝဒေး)၊
  ကိုညီညီ အီလက်ထရွန်နစ်စင်တာ
  (ဝဇီရာရုပ်ရှင်ရုံအနီး)၊
  E - 48 စာပေ (FMI City အိမ်ရာ)
- **ကမာရွတ်မြို့နယ်**
  Victoria (ရေကြောင်းသိပ္ပံရှေ့)
  MRTV - 4 Show Room
  ဝင်းစတားလျှပ်စစ်စတိုး၊ ဖုန်း-၅၁၂၄၄၂
  DoCoMo (Hledan)၊ ဖုန်း-၅၀၄၂၀၁
  စိန်ဂေဟာ (လှည်းတန်း)
  Blazon Department Store
- **ဒဂုံမြို့သစ် (မြောက်ပိုင်း)**
  Nan Htike Electronic,

www.foreverspace.com.mm



ဖုန်း–၅၈၄၂၄၂
Myint Myat Thu Electronic
ဖုန်း–၅၈၃၀၂၉

❑ **မင်္ဂလာဒုံမြို့နယ်**
ပတ္တမြားလျှပ်စစ် (မင်္ဂလာဒုံဈေး)

❑ **မရမ်းကုန်းမြို့နယ်**
ကိုမောင်သန်း လျှပ်စစ်/ကုန်မာစတိုး ၊ ဖုန်း–၆၆၇၅၃၁
Min Min Store (ရှစ်မိုင်လမ်းဆုံအနီး)၊
North Point Shopping Centre

❑ **အလုံမြို့နယ်**
GQ Store, ဖုန်း ၂၂၁၄၉၉
Hla Myint Zu Electronic ၊ ဖုန်း–၂၁၄၂၀၄

❑ **ကြည့်မြင်တိုင်မြို့နယ်**
Dream Land Mart
ဖုန်း–၅၃၈၇၈၄ (လိုင်းခွဲ – ၁၀၀၁၊ ၁၀၀၂)
Orange Supermarket (ရဲတံခွန်တာဝါ)

❑ **လှိုင်မြို့နယ်**
Super Win Electronic ၊ ဖုန်း–၇၁၀၁၉၄
Aung Electronic
ဖုန်း–၅၀၁၄၆၆ (လိုင်းခွဲ–၁၈၅၊ ၀၉–၅၁၈၄၂၁၅)
စိန်ဂေဟာ (ပါရမီ)

❑ **ကျောက်တံတားမြို့နယ်**
Myint MO 2 Electronic ၊ ဖုန်း–၁၈၄၂၂၁
DoCoMo (Sulae) ၊ ဖုန်း–၂၅၁၈၇၈
စိန်ဂေဟာ (ဗိုလ်အောင်ကျော်)

❑ **ဗဟန်းမြို့နယ်**
Show Room (1)
Myanmar TV Electronic ၊ ဖုန်း–၀၉–၅၁၀၁၈၅၆

❑ **ဗိုလ်တထောင်မြို့နယ်**
Dynasty Electronic Mart ၊ ဖုန်း–၇၀၉၀၁၁

❑ **လမ်းမတော်မြို့နယ်**
Show Room (2)
သီဟရတနာစာပေတိုက်
ဖုန်း–၂၅၁၀၆၂

❑ **ဒဂုံမြို့သစ် (တောင်ပိုင်း)**
တော်ဝင်ထွန်း အီလက်ထရွန်နစ် ၊ ဖုန်း–၂၅၁၀၆၂

❑ **သဃ်န်းကျွန်းမြို့နယ်**
မုဒ့ဲဝင်းနိုင် အီလက်ထရွန်နစ် ၊ ဖုန်း–၇၃၀၂၂၆၉၅
မိုးထက်ကြယ် အီလက်ထရွန်နစ် ၊ ဖုန်း–၅၇၇၈၅၆
City Mart (Junction Za Wa Na)
Orange Supermarket

❑ **လှည်းကူးမြို့နယ်**
ဒို့ညီနောင်အီလက်ထရွန်နစ် ၊ ဖုန်း–၆၂၉၁၄၉




# Online ပေါ်က စိတ်ဝင်စားဖွယ် မေးခွန်းလွယ်လွယ်လေးတွေနဲ့ စိတ်အပန်းဖြေပါ

အင်တာနက်အသုံးပြုသူတွေအတွက် ရှင်မြူးဖွယ်မေးခွန်းလေးတွေ အပျင်းပြေဝင်ရောက်ဖြေဆိုကြည့်နိုင်မယ့် ရိုးရိုးရှင်းရှင်း ဖျော်ဖြေရေး Website လေးတစ်ခု ဖော်ပြလိုက်ပါတယ်။

Faveone လို့အမည်ရတဲ့ Website ဟာ သွားရောက်လည် ပတ်သူတိုင်း စိတ်ဝင်စားဖွယ်မေးခွန်းလွယ်လွယ်လေးတွေ အပျော် ပြေဖြေဆိုကြည့်နိုင်တဲ့ ဖျော်ဖြေရေး Site တစ်ခု ဖြစ်ပါတယ်။ Faveone ကမေးတဲ့မေးခွန်းလေးတွေဟာ ရွေးချယ် စရာနှစ်ခုသာ ပါဝင်တဲ့ This or That Quiz အမျိုးအစားမေးခွန်းလေးတွေဖြစ်ပြီး မေးခွန်းထုတ်ထားပုံတွေကတော့ ဖြေဆိုသူအဖို့ ပြုံးချင်စရာလေး တွေဖြစ်ပါတယ်။ Faveone မှာ မေးခွန်းတစ်ခုအတွက် ရွေးချယ် စရာ အဖြေနှစ်ခုကို ဆီလျော်ရာ (သို့) ဟာသရသပါတဲ့ပုံလေး တစ်ပုံနဲ့ ယှဉ်တွဲဖော်ပြထားပါတယ်။ မေးခွန်းအလိုက် ဖြေဆိုမယ့် အဖြေပုံလေးတစ်ခုပေါ်မှာ ကလစ်နှိပ်လိုက်ရုံပဲ ဖြစ်ပါတယ်။ မေး ခွန်းတစ်ခုကိုဖြေပြီးသွားရင် တခြားသူတွေဖြေဆိုထားတဲ့အခြေ အနေကိုလည်း ကြည့်လို့ရပါသေးတယ်။

ဒါ့အပြင် Faveone မှာ ရှင်မြူးဖွယ်မေးခွန်းလေးတွေ ကိုယ် တိုင်ပြန်ပြီးဖန်တီးနိုင်ဦးမှာပါ။ ပြီးတော့ ကြိုက်နှစ်သက်မိတဲ့မေးခွန်း တွေကိုလည်း Facebook, Twitter စတဲ့ လူမှုရေးကွန်ရက် Website တွေဆီ လွယ်လွယ်ကူကူဝေမျှနိုင်မှာ ဖြစ်ပါတယ်။

http://www.faveone.com မှာ ဝင်ရောက်ကြည့်ရှုနိုင် ပါတယ်။

❑ **မော်ဘီမြို့နယ်**
ဦးတင်အေး
ကုန်ပစ္စည်းဆိုင်၊
မော်ဘီဈေးရှေ့၊ မော်ဘီမြို့။

■

www.foreverspace.com.mm

# သီးသန့်ရထားတွဲ ငှားခနှုန်းထားများ

| စဉ် | ခရီးစဉ် | တွဲအမျိုးအစား | ရထားအမျိုးအစား | ကျပ် |
|---|---|---|---|---|
| ၁။ | ရန်ကုန်–မန္တလေး | ကိုရီးယား/မြစ်ငယ်တွဲသစ် | အထူးအမြန် | ၆၀၀,၀၀၀ |
| ၂။ | ရန်ကုန်–မန္တလေး | ကိုရီးယား/မြစ်ငယ်တွဲသစ် | အမြန် | ၂၅၅,၀၀၀ |
| ၃။ | ရန်ကုန်–မန္တလေး | ကိုရီးယား/မြစ်ငယ်တွဲသစ် | စာပို့ | ၂၀၈,၀၀၀ |
| ၄။ | ရန်ကုန်–မန္တလေး | မြစ်ငယ်ရိုးရိုးတွဲ | စာပို့ | ၁၃၉,၀၀၀ |
| ၅။ | ရန်ကုန်–မော်လမြိုင် | ကိုရီးယား/မြစ်ငယ်တွဲသစ် | အထူးအမြန် | ၁၈၈,၀၀၀ |
| ၆။ | ရန်ကုန်–မော်လမြိုင် | ကိုရီးယား/မြစ်ငယ်တွဲသစ် | အမြန် | ၁၂၀,၀၀၀ |
| ၇။ | ရန်ကုန်–နေပြည်တော်ပျဉ်းမနား | ကိုရီးယား/မြစ်ငယ်တွဲသစ် | အမြန် | ၁၄၉,၀၀၀ |
| ၈။ | ရန်ကုန်–နေပြည်တော်ပျဉ်းမနား | ကိုရီးယား/မြစ်ငယ်တွဲသစ် | စာပို့ | ၁၂၂,၀၀၀ |
| ၉။ | ရန်ကုန်–မော်လမြိုင် | ရိုးရိုးမြစ်ငယ်တွဲ | အမြန် | ၈၀,၀၀၀ |
| ၁၀။ | ရန်ကုန်–ပြည် | ကိုရီးယား/မြစ်ငယ်တွဲသစ် | အမြန် | ၁၀၂,၀၀၀ |
| ၁၁။ | ရန်ကုန်–ပြည် | ရိုးရိုးမြစ်ငယ်တွဲ | အမြန် | ၇၁,၀၀၀ |
| ၁၂။ | ရန်ကုန်–ရွှေညောင် | ရိုးရိုးမြစ်ငယ်တွဲ | စာပို့ | ၁၇၆,၀၀၀ |
| ၁၃။ | ရန်ကုန်–ရွှေညောင် | ကိုရီးယား/မြစ်ငယ်တွဲသစ် | စာပို့ | ၂၆၄,၀၀၀ |
| ၁၄။ | မန္တလေး–မြစ်ကြီးနား | ကိုရီးယား/မြစ်ငယ်တွဲသစ် | စာပို့ | ၁၈၅,၀၀၀ |
| ၁၅။ | မန္တလေး–မြစ်ကြီးနား | ကိုရီးယားမြစ်ငယ်တွဲ | စာပို့ | ၁၂၄,၀၀၀ |
| ၁၆။ | မန္တလေး–ပုဂံ | ရိုးရိုးမြစ်ငယ်တွဲ | အမြန် | ၅၃,၀၀၀ |
| ၁၇။ | မန္တလေး–ပုဂံ | ကိုရီးယား/မြစ်ငယ်တွဲသစ် | အမြန် | ၇၉,၀၀၀ |
| ၁၈။ | မန္တလေး–လားရှိုး | ကိုရီးယား/မြစ်ငယ်တွဲသစ် | စာပို့ | ၁၉၅,၀၀၀ |
| ၁၉။ | မန္တလေး–လားရှိုး | ရိုးရိုးမြစ်ငယ်တွဲ | စာပို့ | ၁၃၀,၀၀၀ |

အထက်ပါရထားတွဲများငှားရမ်းလိုလျှင်

– တွဲလွတ်ဆွဲခကို အသုံးပြုသည့် ခရီးစဉ်ကျသင့်နှုန်း ၁/၄ ကောက်ခံမည်။

– တွဲစောင့်ဆိုင်းခကို အသုံးပြုသည့်ခရီးစဉ်ကျသင့်နှုန်းပေါ်မူတည်၍ ကောက်ခံမည်။

– Air Con အသုံးပြုရင် ခရီးစဉ်တစ်ခုလျှင် ၁၀,၀၀၀ ကျပ်နှုန်းကောက်ခံပြီး ဓာတ်ဆီကို ငှားရမ်းအသုံးပြုသူများက ဖြည့်ဆည်းပေးရပါမည်။

– အထက်ပါနှုန်းထားများမှာ ရစ်ဦးအတွက်သာဖြစ်ပြီး ဒီထက်ပိုပါက ဖော်ပြပါနှုန်းကို တစ်ဦးပျမ်းမျှနှုန်းတွက်၍ ထပ်ဆောင်းကောက်ခံပါမည်။

– ဆီတီအီးတွဲတွင် အိပ်စင် ရှစ်ခု သာပါရှိသဖြင့် အများဆုံးအသုံးပြုနိုင်သည့် ဦးရေကို ၁၂ ဦးအထိသာ ခွင့်ပြုမည်ဖြစ်ပါကြောင်း မြန်မာ့မီးရထားက ထုတ်ပြန်ထားသည်။

# ယိုစုံကို အစုံရမယ့်နေရာသစ်

ချိုချိုချဉ်ချဉ်ကို မစားရမနေနိုင်အောင်ကြိုက်တဲ့သူတွေအတွက် ကိုယ်ကြိုက်တဲ့ယိုမျိုးစုံကို တစ်နေရာတည်းမှာ အစုံအလင်ဝယ်လို့ရမယ့်ဆိုင်သစ်လေးတစ်ခုကို ပြောချင်ပါတယ်။ ယိုစုံချည်းပဲ သီးသန့်ရောင်းတဲ့ဆိုင်ဆိုတာရှိပေမယ့် တွေ့ရခဲတတ်တာကြောင့် ဒီ Wao! ဆိုတဲ့ဆိုင်လေးကို ပြောပြတာပါ။ ဒီဆိုင်လေးမှာ သရက်ယို၊ မရမ်းယို၊ ချဉ်ပေါင်ဖူးယို စတဲ့ ယိုမျိုးစုံအပြင် သီဟိုဠ်စေ့ကောင်းကောင်းကိုပါ ရနိုင်ပါတယ်။ ဈေးနှုန်းလည်းအစားစားရှိပြီး ယိုအမျိုးပေါင်း စုံစုံလင်လင်ကို ဓာတုဗေဒဆိုးဆေးမပါဘူးလို့ ရောင်းချသူတွေက ဆိုပါတယ်။ ဒီဆိုင်လေးကိုစိတ်ဝင်စားရင် အမှတ်–၁၃၉၊ ၄၆ လမ်း၊ အပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့မှာ သွားရောက်ဝယ်ယူနိုင်ပါတယ်။ ■

www.foreverspace.com.mm




## သွားခံတွင်းနဲ့ဆိုင်တဲ့ ပစ္စည်းစုံ

သွား၊ ခံတွင်းနဲ့ဆိုင်တဲ့ ဆေးဝါး ကိရိယာတွေ တစ်စုတစ်စည်းရနိုင်တဲ့ ဆိုင်ကို ညွှန်းလိုပါတယ်။ သွားတိုက်တံ၊ လျှာတိုက်တံ၊ ခံတွင်းသန့်ဆေးရည်တို့ကို နေရာစုံမှာရနိုင်တဲ့ပစ္စည်းတွေကစလို့ သွားတိုက်တဲ့မော်ဘာဘရပ်ရှ်၊ သွားဖြူစေတဲ့ ကပ်ခွာ၊ သွားကွမ်းချေးချွတ်နိုင်တဲ့ဆေး၊ သွားအလှကပ်စိန် စတဲ့စတဲ့ ပစ္စည်းမျိုးစုံရနိုင်တာပါ။

တစ်လက်စတည်းပြောပြလိုတာက ဒီဆိုင်နဲ့တွဲဖွင့်ထားတာက သွားဓာတ်မှန်ရိုက်ခန်းပါပဲ။ နံနက် ၉ နာရီကနေ ည ၇ နာရီအထိ ပိတ်ရက်မရှိဖွင့်တဲ့ ဓာတ်မှန်ခန်းဖြစ်ပြီး ခက်ခဲတဲ့ရှုထောင့်ကနေ သွားဓာတ်မှန်ရိုက်ဖို့လိုသူတွေကို သွားဆရာဝန်တွေက ညွှန်းလေ့ရှိတာတွေ့ရပါတယ်။ သွားဓာတ်မှန်ရိုက်ပြီး ခဏတာစောင့်ဆိုင်းနေရချိန်မှာပဲဖြစ်ဖြစ် ဒီပစ္စည်းလေးတွေကို လေ့လာဝယ်ယူနိုင်တာပေါ့။

လိပ်စာ–

**Snow Dental X-ray Centre**
အမှတ်–၉၁/၉၃၊
အနော်ရထာလမ်းနှင့်
လမ်း (၂၀) ထောင့်၊
လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၀၀၃၉၄၈




## Website ထဲမှာ အင်္ဂလိပ်စာအစစ်ခံမယ်

အင်္ဂလိပ်စာလေ့လာနေကြသူတွေအတွက် အင်တာနက်အသုံးပြုပြီး အင်္ဂလိပ်စာစစ်ဆေးခံနိုင်တဲ့ Website လေး ညွှန်းပေးချင်ပါတယ်။ ဒီ Site နဲ့ဆက်စပ်လို့ Listening, Vocabulary စတာတွေလေ့လာ လေ့ကျင့်လေ့လာနိုင်တဲ့ CD အမျိုးအစားတွေလည်း အလွယ်တကူဝယ်ယူရရှိနိုင်တာရယ်၊ မြန်နှုန်းအခြေအနေရယ်တို့ကြောင့် ကိုယ့်အင်္ဂလိပ်စာအခြေအနေကို လေ့ကျင့်နေရင်း မကြာခဏစစ်ကြည့်နေချင်သူတွေ၊ ပွဲမဝင်ခင် အပြင်ကကျောင်းပဆိုသလို ကိုယ်ဖြေဖို့ရည်ရွယ်ထားတဲ့ IELTS, TOEFL တို့လို အင်္ဂလိပ်စာအရည်အချင်းစစ်စာမေးပွဲတွေမဖြေခင် ကိုယ့်အင်္ဂလိပ်စာ level ကို အကြမ်းဖျင်းသိနေလိုသူတွေအတွက် အဆင်ပြေမယ့် English Level Test စတဲ့ Site ကို ပြောပါရစေ။

http://www. examenglish.com/leveltest/index.php ကိုဝင်ပါ။ ပေးထားတဲ့မေးခွန်းတွေကို တစ်ခုပြီးတစ်ခုဖြေသွားပြီးတဲ့အခါ မိမိရတဲ့ Level ကို ပြောပါလိမ့်မယ်။ ပြီးရင် ဒီအဆင့်က IELTS, Band Score ဘယ်လောက်နဲ့ ညီတယ်၊ TOEFL ရမှတ်ဘယ်လောက်နဲ့ညီတယ်ဆိုတာမျိုး နှိုင်းယှဉ်ပြောပြပါလိမ့်မယ်။ ကိုယ်ရတဲ့ Level အပြင် တခြား Level တွေကိုလည်း လေ့လာနိုင်အောင် ဇယားနဲ့ နှိုင်းယှဉ်ပြပေးထားတာ တွေ့ရပါမယ်။ ဒီ Site ထဲမှာ Vocabulary လည်း စစ်နိုင်ပါတယ်။ ဖြေနေစဉ်မှာ Test Status အခြေအနေကို တောက်လျှောက် ပြသွားပါတယ်။ ပြီးရင် မှားခဲ့တဲ့စာလုံးကို ရှင်းပြထားတာကို ပြန်ကြည့်လေ့လာနိုင်ပါတယ်။

## သားသား၊ မီးမီးတို့အတွက် သတင်းကောင်း

တချို့ Shopping Centre တွေမှာ နေရာလေးတစ်ခုကို ဖန်တီးပေးထားပါတယ်။ အဲဒါကတော့ ကလေးကစားကွင်းလေးပါ။ ဈေးဝယ်ထွက်တတ်တဲ့ အိမ်ရှင်မတွေနဲ့အတူပါလာတဲ့ကလေးတွေကို ဆွဲဆောင်နိုင်တဲ့ ပျော်ရွှင်ဖွယ်ရာနေရာလေး တစ်ခုက သူတို့အတွက်ဖန်တီးပေးထားတဲ့ ကစားကွင်းလေးပါ။ အခုလည်း ဒီလိုနေရာလေးတစ်ခုကို China Town Shopping Centre မှာ ဖန်တီးဖို့အတွက် ပြင်ဆင်နေကြပါပြီ။ ဩဂုတ်လအတွင်းမှာပြီးစီးမယ်ဆိုတဲ့သတင်းကောင်းလေးကို သားသား၊ မီးမီးတို့အတွက် ပြောပြလိုက်ပါတယ်။ ■

www.foreverspace.com.mm



# စာရေးကိရိယာအစုံရှိတဲ့ ဆိုင်ကလေး

ကျောင်းသုံး၊ ရုံးသုံး စာရေးကိရိယာကို နှစ်သက်သူတွေနဲ့ ဒီဇိုင်းဆန်းဆန်းလေးတွေစုဆောင်းတတ်သူတွေအတွက် စာရေးကိရိယာအစုံအလင်ရောင်းချတဲ့ဆိုင်လေးကို ပြောပြမယ်။ အဲဒါကတော့ လသာမြို့နယ်မှာရှိတဲ့ China Town Shopping Centre ရဲ့အပေါ်ထပ်မှာဖွင့်ထားတဲ့ POPULAR ဆိုတဲ့ Stationary အရောင်းဆိုင်လေးပဲဖြစ်တယ်။ ဆိုင်ရဲ့အကျယ်အဝန်းနဲ့ ပြင်ဆင်ထားမှုက သန့်ရှင်းသပ်ရပ်တဲ့အပြင် Stationary ပစ္စည်းအစုံကို အနည်းဆုံးရောင်းဈေး တစ်ထောင်ကျပ်ဝန်းကျင်ကနေ သောင်းဂဏန်းအထိရှိလို့ ဈေးနှုန်းစုံလင်တယ်လို့ ပြောလို့ရပါတယ်။

ဒါ့အပြင် ဗဟုသုတစုံစာအုပ်တွေကိုပါ ရောင်းချတာကြောင့် စာအုပ်ကြိုက်သူတွေအတွက်ပါ အဆင်ပြေနိုင်မှာပါ။ ရုံးသုံးအီလက်ထရွန်နစ်ပစ္စည်းတွေကိုလည်း ဈေးနှုန်းစုံစုံလင်လင်နဲ့တွေ့ရတာကြောင့် ကျောင်းသုံး၊ ရုံးသုံးကို တစ်နေရာတည်းရမှာဖြစ်လို့ ညွှန်ပေးတာပါ။ China Town Shopping Centre နဲ့ မြေနီကုန်းက City Mart မှာ ဖွင့်ထားလို့ စိတ်ဝင်စားတဲ့သူတွေအနေနဲ့ သွားရောက်လေ့လာလို့ရပါတယ်။

# Shoe Gallary ရဲ့ ဆိုင်သစ်

နာမည်ရပြီးသား ဖိနပ်ဆိုင်တစ်ခုဖြစ်တဲ့ Shoe Gallary ဆိုင်ခွဲသစ်တစ်ခုကို မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်က Junction 8 Shopping Centre မှာ ထပ်ပြီးတော့ဖွင့်လိုက်တာ ဇူလိုင်လ ၂၅ ရက်နေ့မှာပါ။ ဇူလိုင်လကုန်အထိ Shoe Gallery ရဲ့ပစ္စည်းတွေကို ၁၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းနဲ့ ရောင်းချနေတာကြောင့် စိတ်ဝင်စားသူတွေကို ပြောပြလိုက်ပါတယ်။

အဲဒီမှာ ဒီဇိုင်းဆန်းဆန်းလေးနဲ့ အောက်ခံ Soul ကောင်းတဲ့ဖိနပ်တွေကို ကိုယ့်ခြေထောက်နဲ့တော်အောင် အရွယ်အစား၊ အရောင်အသွေးစုံ ရောင်းချပေးနေတယ်လို့ဆိုတာကြောင့် ကိုယ့်ခြေထောက်နဲ့မတော်မှာ စိတ်မပူရတော့ပါဘူး။ ဖိနပ်နှစ်သက်ပြီး စုဆောင်းတတ်တဲ့သူတွေက Junction 8 Shopping Centre မှာ သွားရောက်လေ့လာလို့ ရပါတယ်။

# ဂျပန်ခေါက်ဆွဲကောင်းကောင်းရတဲ့ A JI SHA

နေရာတော်တော်များများမှာ နိုင်ငံရပ်ခြားရဲ့ ရိုးရာအစားအစာ တော်တော်များများကို ရောင်းချတဲ့ဆိုင်လေးတွေ ဖွင့်လှစ်လာကြပါတယ်။ အထူးသဖြင့် တရုတ်၊ ကိုရီးယား၊ အိန္ဒိယ၊ ဂျပန်ရိုးရာ စားသောက်ဆိုင်လေးတွေပါ။ အခုလည်း ဂျပန်ရိုးရာအစားအစာကောင်းကောင်းရနိုင်မယ့် A JI SHA (Japan Noodle) ဂျပန်ခေါက်ဆွဲဆိုင်ဆိုတဲ့ ဆိုင်သစ်လေးကို ထပ်မံတွေ့ရပြန်ပါတယ်။

ဒီဆိုင်လေးက လူစည်ကားတဲ့နေရာမှာဖွင့်ထားတာပါ။ ဈေးနှုန်းသင့်တင့်ပြီး ဂျပန်ရိုးရာခေါက်ဆွဲကို သက်သတ်လွတ်ကနေစပြီး ကိုယ်နှစ်သက်ရာအသားနဲ့ စားသောက်နိုင်ပါတယ်။ ဂျပန်စာကြိုက်တဲ့သူတွေအတွက် အထူးအဆင်ပြေမှာပါ။ ခမ်းနားကြီးကျယ်တဲ့ဆိုင်ကြီးမဟုတ်တဲ့အတွက် သက်သောင့်သက်သာနေရာလေးမှာ စားသုံးလိုသူတွေအတွက် အဆင်ပြေပါလိမ့်မယ်။ အမှတ်–၆၇၅၊ မြေညီထပ်၊ လသာမြို့နယ်မှာ ဖွင့်ထားနိုင်ပါတယ်။ ■

# Riso ကူးချင်ရင်

ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်း Copy ဆွဲချင်သူတွေအတွက်ပါ။ မိတ္တူထက် ဈေးနှုန်းပိုမိုသက်သာပြီး မိတ္တူထက်အရည်အသွေးပိုမြင့်တဲ့ Riso မိတ္တူပါ။ သာမန် A4 တစ်မျက်နှာ (ကျော ကပ်) ကို ၈ ကျပ်ယူရင် Riso မိတ္တူက ၆ ကျပ်၊ ၆ ကျပ်ခွဲသာ ကျမှာပါ။ စိန်ရတနာမှာကူးရင် Discount ရမယ့်အပြင် အိမ်အရောက်ပို့ဆောင်ပေးမယ်လို့ သိရပါတယ်။ ဖုန်းဆက်ပြီး ကူးနိုင်ပါတယ်။

**စိန်ရတနာ (Riso၊ မိတ္တူ၊ ကွန်ပျူတာ)**
အမှတ်–၇၆၊ ၃၂ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၃၈၈၁၁၅၊ ၀၉–၅၁၀၂၇၅၀

# ကိတ်မုန့်လှလှလေးတွေ ဖုတ်တတ်ချင်လား

ဆိုင်အပြင်အဆင် ဒီဇိုင်းမိုက်မိုက်လေးတွေနဲ့ ကော်ဖီဆိုင်လေးတွေဖွင့်လှစ်လာတာ အတွေ့ရများလာပါတယ်။ အဲလိုဆိုင်လေးတွေမှာ ကော်ဖီနဲ့ပဲဖြစ်ဖြစ်၊ အအေးနဲ့ပဲဖြစ်ဖြစ် တွဲဖက်ပြီးစားနိုင်တဲ့ စားချင်စဖွယ် ကိတ်မုန့်လှလှလေးတွေ ရောင်းချပေးတတ်တာကိုလည်း တွေ့ရတတ်တယ်။ အဲဒီလို သူများဖုတ်ထားတဲ့ ကိတ်မုန့်မျိုး ကိုယ်ကိုယ်တိုင်ဖုတ်တတ်ချင်တဲ့လူတွေ ဒါမှမဟုတ် ကော်ဖီဆိုင်ပဲဖြစ်ဖြစ်၊ ကိတ်မုန့်အရောင်းဆိုင်ပဲဖြစ်ဖြစ် ကိုယ်ပိုင် ဆိုင်ဖွင့်လှစ်လိုသူတွေအတွက်ပါအသုံးဝင်မယ့် မုန့်မျိုးစုံ ဖုတ်နည်းသင်တန်းကျောင်းတစ်ခုကို လမ်းညွှန်ချင်ပါတယ်။ ကျွမ်းကျင်ပညာရှင်တွေ ကိုယ်တိုင် သင်ကြားပေးတာမို့ တက်ရောက်ဖို့ စိတ်ဝင်စားရင်တော့ သင်တန်းကြေး၊ သင်တန်းကာလ စတာတွေ အရင်စုံစမ်းထားဖို့တော့ လိုအပ်ပါလိမ့်မယ်။

**Myanmar Baking Training Centre**
အမှတ်–၁၆၆၊ လေးထောင့်ကန်လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၁–၅၆၅၆၄၉၊ ၅၇၃၈၅၂ ■

www.foreverspace.com.mm



# ၂၀၁၀ ပြည့်နှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ထွက်ရှိသည့်စာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ကျောပိုးအိတ်လေးကို ချီကာလွယ်<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၈၁၀၇၁၀ | တင့်ဆွေ (ဖျာပုံ) | ၁၀၀၀ | ၄၅၀၀ | ပန်းမျိုးတစ်ရာ | ၂၀၁၀၊ ဩဂုတ် (ဒု–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၂။ | မယ့်တစ်ကိုယ်နှင့် အခြားမဂ္ဂဇင်း ဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၆၅၇၀၆၁၀ | မြသန်းတင့် | ၅၀၀ | ၂၀၀၀ | Synergy Publication | ၂၀၁၀၊ ဩဂုတ် (ပ–ကြိမ်) | ဝတ္ထုတိုများ |
| ၃။ | ရေဆန်လမ်း<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၈၉၀၄၁၀ | နိုင်ဝင်းဆွေ | ၅၀၀ | ၃၀၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဇူလိုင်လ (တ–ကြိမ်) | ဝတ္ထု |
| ၄။ | နိုင်ငံရေး၊ နိုင်ငံ့အရေးနှင့် သန်း၅၀ ကို အနိုင်ပေးပါ။<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၅၄၀၅၁၀ | အောင်ထွန်း | ၅၀၀ | ၂၅၀၀ | ပညာဦးသျှောင် | ၂၀၁၀၊ ဇွန် (ပ–ကြိမ်) | ဆောင်းပါးများ |
| ၅။ | မစ္စစ္စပီခရီးသည်<br>စာမူခွင့်ပြုချက်အမှတ်–၇၁၃၀၇၁၀ | ကျော်ဝင်း | ၅၀၀ | ၃၀၀၀ | ဂန္ဓါမြိုင် | ၂၀၁၀၊ ဇူလိုင် (ပ–ကြိမ်) | ခရီးသွား မှတ်တမ်း |
| ၆။ | ပါမောက္ခအုန်းကျော်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၂၈၆၀၃၁၀ | ဇန်းမော် တင်အောင် | ၁၀၀၀ | ၁၆၀၀ | ပြုံး | ၂၀၁၀၊ ဩဂုတ် (တ–ကြိမ်) | ဝတ္ထု |
| ၇။ | Internet အသုံးပြုနည်းနှင့် ကိုယ်ပိုင် Website တည်ဆောက်နည်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၃၁၀၆၁၀ | Aung Lin (B.E, Electronics) | ၅၀၀ | ၃၀၀၀ | သင်း | ၂၀၁၀၊ ဇူလိုင် (ပ–ကြိမ်) | နည်းပညာ |
| ၈။ | ရနောင်မောင်မောင်တုတ်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၄၅၈၀၅၁၀ | မောင်ဖေငယ် | ၁၀၀၀ | ၂၅၀၀ | မျိုးမြန်မာစာပေ | ၂၀၁၀၊ ဩဂုတ် (ပ–ကြိမ်) | သမိုင်းနောက်ခံ ဝတ္ထု |
| ၉။ | ရန့်သစ် လက်ရွေးစင်ဆောင်းပါး<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၀၄၉၀၅၁၀ | စာရေးဆရာစုံ | ၁၀၀၀ | ၂၅၀၀ | ခေတ်ပြတိုက် | ၂၀၁၀၊ ဇူလိုင် (ပ–ကြိမ်) | ဆောင်းပါးပေါင်း ချုပ် |
| ၁၀။ | အလင်းသစ်ရွေးသီရာ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၅၇၆၀၅၁၀ | စာရေးဆရာစုံ | ၁၀၀၀ | ၂၅၀၀ | အလင်းသစ် | ၂၀၁၀၊ ဇူလိုင် (ပ–ကြိမ်) | ဝတ္ထုတိုစုစည်းမှု |
| ၁၁။ | အနီရောင်ကြက်ခြေခတ်တွေနှင့်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၆၃၀၁၀၀၈ | မနော်ဟရီ | ၁၀၀၀ | ၁၀၀၀ | ကြောင်နှစ်ကောင် စာပေ | ၂၀၁၀၊ ဇူလိုင် (ပ–ကြိမ်) | ဝတ္ထု |
| ၁၂။ | မောင်ချောနွယ်လေ့လာချက်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၃၄၀၅၁၀ | မင်းခက်ရဲ | ၅၀၀ | ၁၅၀၀ | တတိယမြစ်ကျဉ်း | ၂၀၁၀၊ ဇူလိုင် (ပ–ကြိမ်) | ကဗျာလေ့လာနည်း |

www.foreverspace.com.mm

| | | | | | | |
|---|---|---|---|---|---|---|
| ၁၃။ သာဓု၏စာစု – ၁<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၀၉၇၀၁၁၀ | သာဓု | ၅၀၀ | ၅၀၀၀ | ရွှေနုလုံးသား စာအုပ်တိုက် | ၂၀၁၀၊ ဩဂုတ် (ပ–ကြိမ်) | ဝတ္ထုတို |
| ၁၄။ လက်ရွေးစင်မဂ္ဂဇင်းဝတ္ထုရှည်များ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၆၉၉၁၁၀၉ | မိချမ်းဝေ | ၅၀၀ | ၂၂၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဇွန် (ပ–ကြိမ်) | ဝတ္ထုရှည် ပေါင်းချုပ် |
| ၁၅။ မပံရင်ခါး<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၅၈၈၀၅၁၀ | ထွန်းစန်း | ၅၀၀ | ၁၀၀၀ | အလင်းတံခါး | ၂၀၁၀၊ ဇူလိုင် (ပ–ကြိမ်) | မော်ဒန်ဝတ္ထုတို |
| ၁၆။ စာရေးသူစိတ်ကြိုက်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၉၂၀၃၁၀ | စာရေးဆရာစုံ | ၅၀၀ | ၁၀၀၀ | နေရီရီ | ၂၀၁၀၊ ဩဂုတ် (ပ–ကြိမ်) | စာပဒေသာ |
| ၁၇။ ပို့ဖော်ဝင်ချိန်စိတ်ပညာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၅၃၁၀၀၉ | ဒေါက်တာ ကျော်စိန် | ၁၀၀၀ | ၁၀၀၀ | ရာပြည့်စာအုပ်တိုက် | ၂၀၁၀၊ ဩဂုတ် (ပ–ကြိမ်) | ဆေးပညာပေး |
| ၁၈။ ကြံ့ရဆုံရက္ခန်တော်နှစ်ဘဝ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၄၀၀၄၁၀ | ပါမောက္ခသိန်း | ၁၀၀၀ | ၂၃၀၀ | Myanmar Book Centre | ၂၀၁၀၊ ဩဂုတ် (ပ–ကြိမ်) | Memories |
| ၁၉။ နေဝင်အိပ်တန်းတက်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၇၂၄၀၆၁၀ | လက်ာရည်ကျော် | ၅၀၀ | ၁၅၀၀ | နန်းဒေဝီ | ၂၀၁၀၊ ဇူလိုင် (ပ–ကြိမ်) | ဝတ္ထု |
| ၂၀။ နံနက်စာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၃၉၀၆၁၀ | သုမောင် | ၅၀၀ | ၁၅၀၀ | ဇွန်ပွင့် | ၂၀၁၀၊ ဩဂုတ် (၃–ကြိမ်) | ဆောင်းပါးများ |
| ၂၁။ $A^+$ စံပြမေးခွန်း၊ အဖြေများနှင့် ရှင်းလင်းချက်များ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၂၂၀၂၁၀ | အယ်ဒီတာအဖွဲ့ (Personal Computer Magazine) | ၁၀၀၀ | ၄၀၀၀ | (Personal Computer Magazine) | ၂၀၁၀၊ ဇူလိုင် (ပ–ကြိမ်) | ကွန်ပျူတာ |

## iPhone ပြုပြင်တဲ့ဆိုင်

ဘယ်နိုင်ငံကလာတဲ့ Phone မဆို Activate ပြုလုပ်နိုင်ပါတယ်။ iPhone Unlock နဲ့ Jailbreak အခမဲ့ ပြုလုပ်ပေးတယ်လို့ ဆိုပါတယ်။ အဆင့်မြင့် Hand-set တွေကို အထူးပြုပြင်ပေးခြင်း၊ ဆော့ဖ်ဝဲလ်ဆိုင်ရာ ပျက်စီးမှုတွေ၊ Lock ကျခြင်းနဲ့ တခြား အဆင့်မြင့်ပြင်ဆင်မှုတွေကို အာမခံနဲ့ပြင်ဆင်ပေးနေတယ်လို့ သိရပါတယ်။

ဆက်သွယ်ရန်–

**Mobile Fun Group**

အမှတ်–၁၉၀၊ ၁၉၆၊ လမ်း ၅၀ (အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၀၁–၂၉၇၅၅၀

## မိလ္လာကျင်း သန့်ရှင်းအောင်

နေအိမ်အဆောက်အအုံတွေမှာ မိလ္လာကန်ပြည့်လျှံနေလို့ စိတ်မသက်မသာဖြစ်နေရသူတွေအတွက် ဝမ်းသာစရာပါ။ ဇီဝနည်းနဲ့ဖော်စပ်ထုတ်လုပ်ထားတဲ့ဆေးမှုန့်ကို အိမ်သာမိလ္လာကျင်း/ကန်ထဲ ထည့်လိုက်တာနဲ့ ရေဆိုးရေညစ်တွေ ကြည်လင်သန့်စင်သွားပြီး အနံ့ဆိုးကလည်း ကင်းဝေးသွားမယ်လို့ဆိုပါတယ်။ ရေဆိုးရေညစ်တွေကို အငွေ့ပျံ့ပြီး ခန်းခြောက်သွားစေမှာမို့ မိလ္လာကားခေါ်ရတဲ့ဒုက္ခ၊ မိလ္လာကားဝင်လို့မရတဲ့ဒုက္ခ၊ မိလ္လာကျင်းနဲ့ ဝါးခွေတွေနေရာသစ်ကိုတူးရွှေ့ရတဲ့ ဒုက္ခတွေကနေ ကင်းဝေးသွားမှာပါ။ ဆေးမှုန့်တစ်ကီလိုတစ်ထုပ်ကို ၃၅၀၀ ကျပ်သာကျသင့်ပြီး ခြောက်လတစ်ကြိမ်အသုံးပြုနိုင်တယ်လို့ သိရပါတယ်။ အင်းစိန်မြို့နယ်အတွင်း ငါးထုပ်နဲ့အထက်ဖုန်းဆက်ပြီးမှာယူရင် အိမ်တိုင်ရာရောက်ပို့ပေးမယ်လို့ ဆိုပါတယ်။

လိပ်စာ –

ဦးဗေလု၊ အမှတ် ၂၄၅ (ဘီ)၊ နံ့သာမြိုင်လမ်း၊

နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၆၄၁၉၅၈

www.foreverspace.com.mm



# New Books

**'တ အုပ်စာပေလူ့မိတ်ဆွေ' ဆိုတဲ့ ဆိုရိုးစကားအတိုင်း စာများများဖတ်လေ ကိုယ့်အတွက် အတွေ့အကြုံဗဟုသုတရလေမို့ စာဖတ်တဲ့အလေ့အထဟာ ကောင်းတဲ့အလေ့အထတစ်ခုလို့ဆိုရမှာပါ။ အဲဒါကြောင့် စာအုပ်ဖတ်ရတာကြိုက်နှစ်သက်တဲ့ စာချစ်သူတွေအတွက် နှစ်ခြိုက်ရာအကြောင်းအရာလေးတွေပါဝင်မယ့် စာအုပ်တွေကို ရွေးချယ်ဝယ်ယူလို့ရအောင် အသစ်ထွက်ရှိသမျှထဲက လက်လှမ်းမီရာစာအုပ်တချို့ကို ကောက်နုတ်ဖော်ပြပေးထားတာပါ။**




## တစ်ပတ်စာစကား

**လူထုစိန်ဝင်း**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၁၀၄၇၀၉၀၉**

**ထုတ်ဝေတိုက် – အခွင့်အလမ်း**

**တန်ဖိုး – ၂၅၀၀ ကျပ်**

လူထုစိန်ဝင်း ရေးသားပြုစုထားတဲ့ Talks of the week တစ်ပတ်စာစကားဆိုတဲ့စာအုပ် အခွင့်အလမ်းကနေ ထွက်ရှိလာပါတယ်။ Idioms, Slangs & Jargons တွေကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်တွေနဲ့ ဖော်ပြပေးထားတယ်။ ကိုလူလု ကလောင်အမည်နဲ့ အခွင့်အလမ်းဂျာနယ်မှာ အပတ်စဉ်ဖော်ပြခဲ့တဲ့ ဆောင်းပါးတွေကို တစ်စုတစ်စည်းတည်းထုတ်ဝေလိုက်တာမို့ အင်္ဂလိပ်စာဘာသာစကားလေ့လာနေသူတွေ အသုံးတည့်နိုင်ပါလိမ့်မယ်။ 'ဘာသာစကားတိုင်းမှာ အများသုံး အရပ်သုံးစကား အီဒီယမ်တွေ၊ ဗန်းစကားတွေနဲ့သက်ဆိုင်တဲ့ နယ်ပယ်အတွင်းကသာ နားလည်နိုင်တဲ့ ဗန်းစကားတစ်မျိုးဖြစ်တဲ့ 'စကားလိမ်၊ စကားဝှက်' (Jargon) တွေ ရှိကြပါတယ်။ ဒါတွေကို ရင်းနှီးကျွမ်းဝင်နေမှ ဘာသာစကားတစ်ခုကို လုံးစေ့ပတ်စေ့ နားလည်နိုင်မှာဖြစ်ပါတယ်လို့ စာရေးသူက ဆိုထားတယ်။ ဒီစာအုပ်မှာပါတဲ့ စာပိုဒ်တွေက တိုင်းမ်၊ နယူးစ်ဝိခ်မဂ္ဂဇင်းတွေက ထုတ်နုတ်ဖော်ပြထားပြီး ထူးခြားတဲ့စကားလုံးကို စာလုံးမည်းနဲ့ ရိုက်နှိပ်ပေးထားပြီး စာပိုဒ်တစ်ခုလုံး ဘာသာပြန်ပေးထားတဲ့အပြင် ဒီစာလုံးတွေရဲ့ Glossary ကိုလည်း ဖော်ပြထားတယ်။ ဘယ်လိုအကြောင်းအရာတွေဆိုပြီး သီးသန့်ခွဲဖော်ပြပေးထားတဲ့ မာတိကာတော့မပါဝင်ပါဘူး။ တချို့ဆောင်းပါးတွေရဲ့ထိပ်မှာတော့ ဘယ်ကယူပြီး စုစည်းဖော်ပြပေးတယ်ဆိုတာ ရေးပေးထားပါတယ်။




## လမင်းရင်ကွဲ

**AD လင်း**

**စာမူခွင့်ပြုချက်အမှတ်– ၅၀၀၂၂၆၀၃၁၀**

**ထုတ်ဝေတိုက် – WINDOW PUBLISHING HOUSE**

**တန်ဖိုး – ၁၅၀၀ ကျပ်**

ကလောင်နာမည်ဆန်းဆန်းနဲ့ ထွက်ရှိလာတဲ့ လုံးချင်းဝတ္ထုပါ။ ပထမဦးဆုံး ထွက်ရှိလာတာဖြစ်ပြီး 'လမင်းရင်ကွဲ' လို့ အမည်ပေးထားတယ်။ "တကယ်လည်း လိုင်းကားအိုကြီးက သူ့တာဝန် သူ့သက်တမ်းကျော်တဲ့အထိ ထမ်းနေတာပါ။ လူတွေရဲ့စေခိုင်းမှုအောက်က ဘတစ်ပြန်ကျားတစ်ပြန်စက်တွေ၊ အဖိုးအခတွေထဲမှာ ပညတ်သဘောတွေ ဘယ်နှရာခိုင်နှုန်း ပါဝင်နေပါသလဲ" ဆိုတဲ့ အရေးအသားတွေက ဒီလမင်းရင်ကွဲဆိုတဲ့ဝတ္ထုထဲကနေ ကောက်နုတ်ပြထားတာ။

ဘတ်စ်ကားခနဲ့ပတ်သက်လို့ ဒီထဲက ဇာတ်ကောင် ကောင်လေးက "မတ်တတ်ရပ်နေရုံနဲ့ မိုင်ချီပြီး ရွှေ့တဲ့ခရီးမို့ တစ်ရာဆိုလည်း တန်ပါတယ်။ နှစ်ရာဆိုလည်း တန်ပါတယ်" တဲ့။ စာပေကို လေ့လာလိုသူ၊ ခေတ်ကို မျက်ခြည်မပြတ်လိုသူတွေအနေနဲ့ ခုခေတ်စာပေလောကထဲမှာ ဘယ်လိုပုံစံ၊ ဘယ်လိုအရေးအသားတွေ ရေးနေကြတယ်၊ ဘယ်လိုစာပေအမျိုးအစားတွေက အောင်မြင်နေတယ်ဆိုတာ သိရဖို့ လေ့လာကြည့်နိုင်အောင်ပါ။

www.foreverspace.com.mm




## နက္ခတ်နဲ့ပွင့်တဲ့ပန်း

**လင်းမြတ်ဝေမွန်**

**စာမူခွင့်ပြုချက်အမှတ်– ၅၀၀၁၁၃၀၁၁၀**
**ထုတ်ဝေတိုက် – မင်းညို**
**တန်ဖိုး – ၁၅၀၀ ကျပ်**

စာရေးသူအဆိုအရ စာအုပ်ငါးအုပ်ထွက်ရှိပြီးဖြစ်တယ်လို့ဆိုတဲ့ လင်းမြတ်ဝေမွန်ရဲ့ နက္ခတ်နဲ့ပွင့်တဲ့ပန်းဆိုတဲ့ဝတ္ထုပါ။ စာအုပ်ရဲ့ရှေ့ဆုံးစာမျက်နှာမှာ 'ကိုယ့်အကြောင်းကိုယ်ရေးသည်' လို့ ဆိုထားတဲ့ စာရေးသူရဲ့ကောက်ကြောင်းကို အကျဉ်းမျှဖော်ပြထားပါတယ်။ အသက် နှစ်ဆယ့်လေးနှစ်အရွယ် လူငယ်တစ်ဦးက ရေးထားတဲ့ စာမို့ လူငယ်တွေရဲ့ အလေ့အထတွေ၊ စကားပြောပုံဆိုပုံတွေကို သဘာဝကျကျ လေ့လာနိုင်ပါလိမ့်မယ်။

"သူတောင်းစားတိုင်းတောင် လက်မဖြန့်ပါဘူးဟာ။ ဘာမှမတတ်ရင် ဆိုက္ကားနင်း၊ ပန်းရန်လုပ်ပေါ့။ ထမင်းတစ်လုတ်စားဖို့အတွက် သူများမျက်ရည်တွေကို ဟင်းအဖြစ်စီမံနေကြရတာလဲ မသိဘူး" စတဲ့စကားတွေ ပြောဆိုသူဟာ ဒီဇာတ်လမ်းထဲက ဇာတ်ကောင် မိန်းကလေးပါ။ ခိုးတတ်တဲ့သူကို ထူးထူးခြားခြားမုန်းတတ်တဲ့ ကောင်မလေးနဲ့ ဘောလ်ပင်လုလုလေး တွေခိုးတဲ့ အကျင့်စရိုက်ရှိသူ ကောင်လေးတို့အကြောင်း ရေးဖွဲ့ထားတာပါ။




## A+ စံပြမေးခွန်း၊ အဖြေများနှင့် ရှင်းလင်းချက်များ

**အယ်ဒီတာအဖွဲ့**
**(Personal Computer Magazine)**

**စာမူခွင့်ပြုချက်အမှတ် – ၄၀၀၂၂၂၀၂၁၀**
**ထုတ်ဝေတိုက် –** Personal Computer Magazine
**တန်ဖိုး – ၄၀၀၀ ကျပ်**

အခုလို ICT ခေတ်မှာ ကွန်ပျူတာနဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်မယ့်သူတိုင်းနဲ့ ကွန်ပျူတာကို အမြဲတမ်းအသုံးပြုနေကြသူတိုင်းဟာ ကွန်ပျူတာအသုံးချ Software တွေကိုသာမက ကွန်ပျူတာစက်ပစ္စည်း Hardware အစိတ်အပိုင်း အခြေခံကိုပါ တတ်ကျွမ်းနားလည်ထားမှ တော်ကာကျမှာပါ။ ကွန်ပျူတာ Hardware ပြုပြင်ထိန်းသိမ်းရာမှာ ရေပန်းစားနေတဲ့ နိုင်ငံတကာ အသိအမှတ်ပြု A+ စာမေးပွဲကို ဖြေဆိုမယ့်သူများနဲ့ ကွန်ပျူတာကို ကိုယ်တိုင်ပြုပြင်ထိန်းသိမ်းလိုသူများအတွက် ရည်ရွယ်ထုတ်ဝေလိုက်တဲ့စာအုပ်ပဲ ဖြစ်ပါတယ်။

ကွန်ပျူတာပြင်ဆင်သူပညာရှင် အမည်ခံယူလိုသူများဟာ A+ စာမေးပွဲ လက်မှတ်ကို ရယူထားသင့်ပါတယ်။ A+ လက်မှတ်များကို ဗြိတိန်အခြေစိုက် Com TIA အဖွဲ့က စစ်ဆေးထုတ်ပေးတာဖြစ်ပြီး အဲဒီစာမေးပွဲအောင်မြင်ဖို့အတွက် စာမေးပွဲ အဆင့်နှစ်ဆင့်ကို ဖြေဆိုအောင်မြင်ရမှာ ဖြစ်ပါတယ်။ ပထမအဆင့်က A Essential ဖြစ်ပြီး နောက်တစ်ဆင့်မှာ စာမေးပွဲ သုံးခုရှိတဲ့အထဲက နှစ်သက်ရာတစ်ခုကို ရွေးချယ်ဖြေဆိုရမှာပါ။ အဆင့်နှစ်ခုလုံးအောင်မြင်မှသာ A+ ပညာရှင်တစ်ဦးအဖြစ် သတ်မှတ်ပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးပါတယ်။




စာအုပ်မှာ A+ စာမေးပွဲဝင်ရောက်ဖြေဆိုမယ့်သူများအတွက် လိုအပ်ချက်များ၊ A+ စာမေးပွဲအကြောင်း၊ ကွန်ပျူတာဖြုတ်ပုံ ထပ်ပုံ၊ Hardware စက်ပစ္စည်းအစိတ်အပိုင်းများခွဲခြားခြင်း၊ ကွန်ပျူတာ Operating System အကြောင်း၊ တခြား Hardware ပြုပြင်ထိန်းသိမ်းခြင်းနဲ့ Networking ဆိုင်ရာစာမေးပွဲများအကြောင်းနဲ့ A+ စာမေးပွဲစံပြမေးခွန်း၊ အဖြေများနဲ့ ရှင်းလင်းချက်များကို သရုပ်ဖော်ပုံများနဲ့ သပ်ရပ်ရှင်းလင်းစွာ စုစည်းဖော်ပြပေးထားပါတယ်။ A+ စာမေးပွဲဖြေဆိုမယ့်သူများသာမက ကွန်ပျူတာကို ကိုယ်တိုင်ပြုပြင်ထိန်းသိမ်းလိုသူများအတွက် လက်ကိုင်ထားသင့်တဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။

## သင့်ရဲ့ကျော်ကြားဆုံးက ဘယ်သူလဲနှင့် အခြားဆောင်းပါးများ


**ဆလိုင်းအောင်မင်းလှိုင်**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၃၇၂၀၄၁၀**
**ထုတ်ဝေတိုက် – အခွင့်အလမ်း**
**တန်ဖိုး – ၂၀၀၀ ကျပ်**

အခွင့်အလမ်းဂျာနယ်မှာ The Road to Success အခန်းကဏ္ဍနဲ့ အပတ်စဉ်ရေးသားခဲ့တဲ့ ဆောင်းပါးတွေကို စုစည်းထုတ်ဝေလိုက်တာပါ။ ဒီဆောင်းပါးတွေဟာ The Straits Times သတင်းစာပါ စီမံခန့်ခွဲ

www.foreverspace.com.mm





မှုဆိုင်ရာဆောင်းပါးတွေ မိုငြမ်းကိုးကားပြီး ဘာသာပြန်ဆိုရေးထားတာဖြစ်တယ်လို့ စာရေးသူက ဆိုထားပါတယ်။ စီမံခန့်ခွဲသူတစ်ဦးအနေနဲ့ အဖွဲ့အစည်း ဘယ်လိုစီမံခန့်ခွဲရမယ်။ ဝန်ထမ်းတွေအနေနဲ့ အဖွဲ့အစည်းထဲမှာ ဘယ်လိုပါဝင်လုပ်ဆောင်ရမယ်ဆိုတာတွေကို အကြံပြုလမ်းညွှန်ထားတာဖြစ်တယ်လို့ အမှာစာမှာ ဖော်ပြထားပါတယ်။ ဒီစာအုပ်မှာ ဖော်ပြထားတဲ့ ကာတွန်းမြေဇာရဲ့ အတွင်းသရုပ်ဖော်လေးတွေက ထိထိမိမိနဲ့ ဆွဲဆောင်နိုင်တာတွေ့တယ်။ အလုပ်ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ ယဉ်ကျေးသိမ်မွေ့စွာထွက်ခွာပါ။ လုပ်ငန်းခွင်အတွင်း ရှောင်ရန်အမှားခုနစ်ချက်တွေကလည်း လက်တွေ့အလုပ်လုပ်နေသူတွေအတွက် အထူးအသုံးတည့်နိုင်တဲ့ ဆောင်းပါးတွေဖြစ်တာ တွေ့ရပါတယ်။

"...ကိုယ်ဖြတ်သန်းကျော်ဖြတ်လာခဲ့တဲ့တံတားတွေကို မီးရှို့ခဲ့တာဟာ သင့်ရဲ့ အနာဂတ်လမ်းကြောင်းကို ဖျက်ဆီးတာပဲဖြစ်ပါတယ်။ ဒါကြောင့် သင့်ကုမ္ပဏီကို ကျောခိုင်းဖို့ ဆုံးဖြတ်တဲ့အခါမှာ သင့်ရဲ့ တံတားတွေကို မီးမရှို့ခဲ့ပါနဲ့လို့ သတိပေးချင်ပါတယ်..." ဆိုတဲ့ 'ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်ထွက်ခွာပါ' ဆောင်းပါးခေါင်းစဉ်အောက်မှာ ဖော်ပြထားတဲ့စာသားတွေဟာ အလုပ်ထွက်တော့မယ်လို့ စဉ်းစားထားသူတွေကို သတိပေးနေတဲ့ တန်ဖိုးကြီးအကြံဉာဏ်တစ်ခုပါ။ ဘယ်လိုပဲဖြစ်ဖြစ် အလုပ်ခွင်နဲ့မကင်းသူတိုင်း တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကို ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတဲ့အကြံပြုချက်တွေမို့ ဖတ်ရှုကြည့်သင့်တဲ့ စာအုပ်တစ်ခုပါ။ ဆောင်းပါးပုဒ်ရေ ၂၀ ပါဝင်ပြီး စာမျက်နှာ ၁၁၈ မျက်နှာရှိပါတယ်။

## သေနည်းသင်တန်း




**မုဒုံဓမ္မဒူတဆရာတော်အရှင်ကောသလ္လ**

**စာမူခွင့်ပြုချက်အမှတ် – သာသနာရေး ဦးစီး၌ာန**

**မှတ်ပုံတင်အမှတ် –(၀၃၈၄၃/၀၂–၄၀၅)**

**ထုတ်ဝေတိုက် – နှင်းစာပေရတနာ**

**တန်ဖိုး – ၁၅၀ ကျပ်**

မွန်ပြည်နယ် မုဒုံမြို့ ကန်သာယာဓမ္မဒူတကျောင်းတိုက်က ဆရာတော်အရှင်ကောသလ္လ ပြုစုထားတဲ့ 'သေနည်းသင်တန်း' ဆိုတဲ့ စာအုပ်ငယ်လေးပါ။ သေနည်းသင်တန်းဆိုတဲ့အတိုင်း သေခြင်းတရားနဲ့ပတ်သက်ပြီး နှလုံးသွင်းဆင်ခြင်စရာ၊ အောက်မေ့ဆင်ခြင်စရာ လင်္ကာလေးတွေ၊ ဆောင်ပုဒ်လေးတွေကို ဖော်ပြပေးထားတယ်။ 'သေခြင်းကို ကြောက်ရွံ့နေလို့ပြီးသွားတာမှမဟုတ်ဘဲ ရှောင်ပုန်းနေလို့လည်းမရတဲ့အတူတူ ရဲရဲရင်ဆိုင်ဖို့ပဲ လိုပါတယ်။ သေခြင်းကို အမှန်အတိုင်း အဖန်ဖန်အထပ်ထပ်ဆင်ခြင်နေဖို့ လိုပါတယ်။ အဲဒီလိုသေခြင်းကို အဖန်အဖန် အထပ်ထပ်နှလုံးသွင်းနေခြင်းဟာ ကိုယ့်ကိုယ်ကိုယ် သေရဲဖို့ သတ္တိမွေးနေတာလို့မှတ်ပါ' လို့ ဒီစာအုပ်မှာ ရေးသားထားပါတယ်။ သေခြင်းတရားဆိုတာ အရွယ်မရွေးဘဲ ရင်ဆိုင်ရတတ်တာမို့ သေရဲအောင်၊ သေနိုင်အောင် ကြိုတင်ပြင်ဆင်ထားကြဖို့ လိုတယ်လို့လည်း ဆိုထားတယ်။ ဒီစာအုပ်ငယ်လေးရဲ့ နောက်ဆုံးပိုင်းမှာ သေခြင်းတရားကို အမှန်အတိုင်းမြင်ဆင်ခြင်နေရင် ရရှိမယ့်အကျိုးထူးရှစ်ခုကိုလည်း ဖော်ပြပေးထားပါသေးတယ်။ သူများတွေ သေဆုံးနေကြတာတွေကို မြင်နေ၊ ကြားနေရပေမယ့် ကိုယ်တိုင်သေခြင်းကို တွေ့ကြုံရမယ်ဆိုတာ မေ့လျော့နေသူတွေကိုလည်း ဆင်ခြင်စရာ ခပ်များများပေးနိုင်မယ့်စာအုပ်ဖြစ်တာ တွေ့ရတယ်။ ဓမ္မဒါနပြုဖြန့်ဝေပေးလိုသူတွေအတွက်လည်း သင့်တော်နိုင်မယ့် စာအုပ်လေးတစ်အုပ်ပါ။ 'ငါသည် သေခြင်းတရားကို မလွန်ဆန်နိုင်၊ ဧကန်မုချသေရမည်'...။

## ယောင်တောင်တောင် တစ်ရာ့ကိုးဇင်၏ ကြောင်တောင်တောင် ဖွင့်ဟဝန်ခံချက်များ

**ခင်မြဇင်**

**စာမူခွင့်ပြုချက်အမှတ် – ၅၀၀၁၅၂၀၂၁၀**

**ထုတ်ဝေတိုက် – WISDOM HOUSE**

**တန်ဖိုး – ၁၂၀၀**

ကလျာမဂ္ဂဇင်း၊ မဟေသီမဂ္ဂဇင်း၊ ရယ်စရာမဂ္ဂဇင်း စတဲ့မဂ္ဂဇင်းတွေနဲ့ ဂျာနယ်တချို့မှာ ဖော်ပြခဲ့တဲ့ ဆောင်းပါးတွေ၊

www.foreverspace.com.mm




ဝတ္ထုတိုတွေကို စုစည်းထားတဲ့စာအုပ်ပါ။ စာရေးဆရာ မင်းလူရဲ့ အမှာစာမှာတော့ "သူ၏သရော်စာများသည် အာဃာတကင်းစင်သည်။ အထူးသဖြင့် သူ့ဘဝကို သူပြန်ပြီးသရော်တာမျိုးသာ များသည်။ တကယ်တော့ သူ့ဘဝဆိုတာကလည်း တခြားလူအများစုရဲ့ဘဝနဲ့ ဘာထူးလို့လဲ။ ဒါကြောင့်လည်း သူ့သရော်စာတွေက ယေဘုယျဆန်နေခြင်းဖြစ်လိမ့်မည်" လို့ ထည့်သွင်းရေးသားမှတ်ချက်ပြုထားပါတယ်။ ဒီစာသားတွေကိုပဲ စာအုပ်နောက်ကျောဖုံးမှာ ဖော်ပြထားတယ်။ စာအုပ်ရဲ့ရှေ့ဆုံးမှာပါဝင်တဲ့ 'တစ်ရာ့ကိုးဇင်၏ ကြိုတင်ဖြောင့်ချက်'၊ မျောက်လူမှ ခင်မျောက်ဇင်သို့ (မင်းလူ၏အမှာစာ) တို့ကို စဖတ်ကတည်းကိုက ပြုံးချင့်စဖွယ် စတင်ခံစားရပါလိမ့်မယ်။ "ထိုဝတ္ထုမှာ အနုပညာလောကအတွင်း မျက်ရည်ယိုဖုံးတစ်လုံးပမာ ပေါက်ကွဲသွားခဲ့ပြီး ငါ့များစောင်းရေးသလားထင်သူတချို့ ရှိခဲ့ကြောင်း သိရရာ . . ." လို့ စာရေးသူဆိုထားတဲ့ 'အင်စတော်လေးရှင်းအတ်နဲ့ ကျွန်မရဲ့ အိမ်ဦးနတ်' ဝတ္ထုတိုလည်း ဒီစာအုပ်မှာ ပါဝင်ပါတယ်။ ဒီဝတ္ထုတိုအပြင် ဂန္ထဝင်ပိန်ဆေး၊ ပါဖောင်းမင့်လာလာပြသော ဘဝဟောင်းကမိတ်ဆွေများ၊ ရန်မဖြစ်ကြေး၊ အိမ်ဦးနတ် အက်ထ်ဟော့စကွဲယားမေးလ်ဒေါ့ကွန်း စတဲ့ ခေါင်းစဉ်ပေါင်း ၁၆ ခု ပါဝင်ပါတယ်။ ဒီစာအုပ်ရဲ့ သဘောကျဖွယ်မျက်နှာဖုံးနဲ့ အတွင်းပန်းချီသရုပ်ဖော်ပုံတွေကို ဖေသစ်တည်က ရေးဆွဲပေးထားပါတယ်။

---

## ရုံးသုံးကွန်ပျူတာပညာရပ်များ လက်တွေ့စုစည်းမှု

**သူ ရအောင် (B.C.Sc)**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၆၃၄၀၆၁၀**

**ထုတ်ဝေတိုက် – သင်းစာပေ**

**တန်ဖိုး – ၃၀၀၀**

Hey Day ကွန်ပျူတာ သင်တန်းကျောင်းကနေဖြန့်ချိတဲ့ ရုံးသုံးကွန်ပျူတာပညာရပ်များ လက်တွေ့စုစည်းမှု Office 2007 စာအုပ်ပါ။ Microsoft Office 2007 ကို ဘယ်လိုအသုံးပြုရမယ်ကစလို့ ရုံးလုပ်ငန်းတော်တော်များများမှာ မဖြစ်မနေ သုံးကြတဲ့ MicrosoftExcel 2007 ကို အသုံးပြုတာမျိုး၊ Microsoft Office Word 2007 ကို အသုံးပြုတာမျိုး၊ Microsoft Power Point 2007 ကို အသုံးပြုတာမျိုးတွေ အသေးစိတ် ညွှန်ကြားချက်တွေ၊ ရုပ်ပုံတွေနဲ့ ဖော်ပြပေးထားတယ်။ ကွန်ပျူတာသင်တန်းကို အချိန်ပေးမတက်လိုသူ၊ မသိတာတစ်ခုကို သူများမေးဖို့ နှုတ်မရဲသူတွေအတွက် စာအုပ်ကို အသေအချာဖတ်ရှုရင်း လက်တွေ့လုပ်ဆောင်ကြည့်နိုင်တဲ့စာအုပ်ပါ။ အရေးကြီးကဏ္ဍရပ်တွေသာမကဘဲ အသေးစိတ် အခက်ကြုံလေ့ရှိတဲ့




'ဒ' 'ခ' ပြဿနာ ဖြေရှင်းတာ၊ မြန်မာစာလုံးသုံးတာ၊ စာမျက်နှာနံပါတ်တပ်တာ၊ ရေစာလုပ်တာ၊ ရုပ်ပုံတွေထည့်တာ၊ Table ရေးဆွဲတာ၊ ဇယားတွေကို လျှို့ဝှက်နံပါတ်နဲ့ ထားတာ စသလို အသေးစိတ်တွေ ပါဝင်ပါတယ်။ Microsoft Power Point 2007 အသုံးပြုခြင်းမှာဆိုရင် စာလုံးများရေးသားခြင်း၊ စာလုံးများဒီဇိုင်းဖော်ခြင်း၊ ပုံများထည့်သွင်းခြင်း၊ စာရွက်အသစ်ဖန်တီးခြင်း၊ စာလုံးများ၊ ပုံများ၊ လှုပ်ရှားမှုများ ထည့်သွင်းခြင်း စတဲ့ ခေါင်းစဉ်ခွဲတွေ ပါဝင်တယ်။ ဒါ့အပြင် Microsoft Office 2007 မှာပါဝင်တဲ့ Tool တွေရဲ့အကြောင်းကိုလည်း အကျဉ်းချုပ် ဖော်ပြပေးထားတယ်။ Microsoft Office Word 2007 အသုံးပြုခြင်း၊ Insert Menu တွင်ပါဝင်သော Tool များ အသုံးပြုပုံ၊ Office Button တွင်ပါဝင်သောလုပ်ဆောင်ချက်များ စတဲ့ ခေါင်းစဉ်ခွဲပေါင်း ၃၇ ခု ပါဝင်ပါတယ်။

**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite) ၊**
**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း၊**
**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့။**
**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂**

www.foreverspace.com.mm



# စာအုပ်လမ်းညွှန်


Editor's Choice

## နိုင်ငံရေးယဉ်ကျေးမှု

**ဒဂုန်တာရာ**

'ရန်သူမရှိ၊ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိ။'ဆိုတဲ့ ဆောင်ပုဒ်ကို ကိုယ်တိုင်တီထွင် လက်ကိုင်ပြု လက်တွေ့ကျင့်သုံးနေသူ စာရေးဆရာ၊ ကဗျာဆရာ၊ ငြိမ်းချမ်းရေးသမားကြီး ဒဂုန်တာရာ ရေးခဲ့ပြီးသမျှဆောင်းပါးတွေထဲက နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးအကြောင်း သီးသန့်စုစည်းထုတ်နုတ်ပြီး စာအုပ်အဖြစ် ထုတ်ဝေထားတာဖြစ်ပါတယ်။ ဒဂုန်တာရာနာမည်နဲ့ရေးခဲ့တဲ့ ငြိမ်းချမ်းရေးဆောင်းပါး ၁၂ပုဒ်၊ မောင်လင်းထက် ကလောင်အမည်နဲ့ ရေးခဲ့တဲ့ နိုင်ငံတကာရေးရာအခြေပြု နိုင်ငံရေးဆောင်းပါး ၇ ပုဒ် စုစုပေါင်း ဆောင်းပါး ၁၉ ပုဒ်ပါဝင်ပါတယ်။

ဒဂုန်တာရာကို ငြိမ်းချမ်းရေးသမားကြီးလို့ သညာပြုကြတာကလည်း သူ့ဘဝတစ်လျှောက်လုံး ငြိမ်းချမ်းရေးကိုပဲ ခံယူကျင့်သုံးရပ်တည်ရေးသား၊ ပြောဆိုလာခဲ့တဲ့အတွက် ဖြစ်ပါတယ်။ သူရေးသမျှ'စာ'နဲ့ 'ကဗျာ'အားလုံးလိုလိုမှာလည်း ငြိမ်းချမ်းရေးကိုပဲ အဓိကဖောင်းပေးပြီး စိုက်လိုက်မတ်တတ်ရေးသားခဲ့သူ ဖြစ်ပါတယ်။ နှစ်၃၀ကာလ စာပေလောကထဲဝင်ချိန်ကနေပြီးခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုကျော်လောက်အထိ သူ့ရပ်တည်ချက် အတွေးအခေါ်နဲ့ပတ်သက်ပြီး ဝေဖန်တိုက်ခိုက်မှုအမျိုးမျိုးကိုလည်း မတုန်မလှုပ် ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့တဲ့အပြင် ဘယ်ဝေဖန်ထိုးနှက်ချက်ကိုမှ တုံ့ပြန်ခဲ့သူမဟုတ်ပါ။ သူ့လက်သုံးဆောင်ပုဒ်အတိုင်း တစ်သဝေမတိမ်း ကျင့်သုံးလိုက်နာခဲ့တဲ့ ပုဂ္ဂိုလ်ကြီးလည်းဖြစ်ပါတယ်။




အခုမျက်မှောက်ပြုနေတဲ့ ကာလမှာရော ကုန်ခဲ့တဲ့အတိတ်ကာလတစ်လျှောက်လုံးမှာရော မြန်မာ့အရေးအရာမှန်သမျှ လိပ်ခဲတည်းလည်းဖြစ်ခဲ့တာဟာ တကယ်တော့ ဒဂုန်တာရာပြောတဲ့ ငြိမ်းချမ်းရေးကို လက်တွေ့တကယ်မကျင့်သုံးနိုင်ခဲ့ကြလို့ပါ။ သည်နေရာမှာ 'ဒဂုန်တာရာပြောတဲ့ငြိမ်းချမ်းရေး' လို့ အထူးပြုရတာက ပြောတဲ့သူကိုယ်တိုင် လက်တွေ့ကျင့်သုံးနိုင်သူဖြစ်နေလို့ပါ။ ဘာလို့လဲဆိုတော့ ဒီကနေ့လို 'အများယောင်လို့ ယောင်ရပါတယ် အမောင်တောင်မှန်းမြောက်မှန်းမသိ'ကာလမျိုးမှာ အများစုလည်း သူ့လိုပဲ ပြောကြ၊ ရေးကြပေမယ့် ကိုယ်တိုင်လက်တွေ့ မကျင့်သုံးနိုင်ကြတာက များတာမို့ လူကြားကောင်းအောင်ပြောတဲ့ ငြိမ်းချမ်းရေးမဟုတ်ဖူးလို့ ဆိုချင်တာဖြစ်ပါတယ်။

တကယ်တော့ ဒီမိုကရေစီ၊ ရိုးသားမှု၊ တရားမျှတမှု၊ ဘက်မလိုက်ခြင်း၊ ပြည်သူလူထုကိုယ်စား၊ ပြည်သူလူထုကြီးအတွက်၊ ပြည်သူ့ကိုယ်စားလှယ်လောင်းဆိုသည်မှာ၊ လူ့အခွင့်အရေး စတဲ့စတဲ့ ဒီကနေ့ လူပြောသူပြောများနေတဲ့ ဝေါဟာရတွေ၊ စကားလုံးတွေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဟာ ခံစားချက် တစ်လှေကြီးရှိနေတဲ့ လူ့အဖွဲ့အစည်းတစ်ခုမှာ တံတွေးတဖောင်ဖောင်၊ အာပေါင်အာရင်းသန်သန်နဲ့ အင်မတန် ပြောလို့ဆိုလို့ ရေးလို့သားလို့ကောင်းတဲ့အပြင် လက်ခုပ်သံ၊ ထောက်ခံသံတွေ တနင့်တပိုးရနိုင်တဲ့ အကြောင်းအရာတွေ ဖြစ်နေပါတယ်။ ကိုယ်ပြောတဲ့ဆိုတဲ့အတိုင်း ကိုယ်တိုင်ရော၊ ကိုယ့်အဖွဲ့အစည်းရော တကယ်လက်တွေ့ကျင့်သုံးနိုင်ကြရဲ့လားလို့ မေးခွန်းထုတ်ကြည့်ရင်တော့ ရဲရဲရင့်ရင့် ရင်ကော့ပြီး မလိမ်မညာတမ်း ဖြေနိုင်တဲ့သူနည်းပါလိမ့်မယ်။ ဒီမိုကရေစီလိုချင်ရချင်ပါတယ်လို့ အဆီးအတားမရှိ၊ ဆင်ဆာမရှိ၊ တည်းဖြတ်မယ့်သူမရှိ၊ အအုပ်အထိန်းမရှိ ထင်သလို အသံကျယ်ကျယ်ပြောနေတဲ့သူတွေတောင် ဒီမိုကရေစီရဲ့ အခြေခံသဘောသဘာဝကို ကိုယ်တိုင်ကျင့်သုံးနိုင်ရဲ့လားလို့ မေးခွန်းထုတ်စရာရှိနေပါတယ်။ လွယ်လွယ်ပြောရရင် မတူတာတွေ လက်ခံနားလည်ပေးတဲ့ agree to disagree ဆိုတဲ့ ဒီမိုကရေစီအခြေခံကလေးကိုတောင် လက်တွေ့မကျင့်သုံးနိုင်တဲ့အပြင် ခေတ်ကုန်နေတဲ့ ရယ်ဒီကယ်ကွန်မြူနစ် အိုင်ဒီရော်လော်ဂျီ အဟောင်းတွေသုံးပြီး ပုဂ္ဂိုလ်ရေးထိုးနှက်မှု သက်သက် အပြောအဆိုအရေးအသားတွေက ဒီမိုကရေစီနဲ့ လားလားမှ မထိုက်လှပါဘူး။ ဒဂုန်တာရာကို ဒီကနေ့ ဘယ်သူကမဆို လေးစားကြည်ညိုတာ "ငါပြောသလို ငါကိုယ်တိုင်လည်း ကျင့်သုံးတယ်ကွ" လို့ ဆိုခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းလို ကိုယ်ယုံကြည်တာကို တစ်စိုက်မတ်မတ် ပြောခဲ့ဆိုခဲ့ ရေးသားခဲ့ပြီး ကိုယ်တိုင် လိုက်နာခဲ့လို့ ဖြစ်ပါတယ်။

ဒဂုန်တာရာရဲ့ နာမည်ကျော်အတွေးအယူ တချို့ကို လက်တွေ့လေ့လာ ကြည့်စေချင်ပါတယ်။

*...ရန်သူဆိုသော စကားလုံးကို စစ်ပွဲများတွင်သာသုံးသင့်သည်။ အရပ်သားချင်း*

www.foreverspace.com.mm

*လောကတွင် မသုံးသင့်ဟု ထင်ပေသည်။ မိမိက ရန်သူဟုသဘောမထား၊ သို့သော် မိမိကို ရန်လိုလျှင်ကတော့ မတတ်နိုင်။ ထို့ကြောင့် ကျွန်တော်က ရန်သူမရှိ၊ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိဟု တွေးမိခြင်းဖြစ်သည်။ အယူအဆ မည်ကဲ့သို့ပင် ကွဲပြားခြားနားစေကာမူ မတူစေကာမူ တစ်ဖက်နှင့် တစ်ဖက်၊ တစ်ယောက်နှင့်တစ်ယောက် နားလည်လျှင် ရန်ဖြစ်စရာအကြောင်းရှိမည် မထင် .... ('အမုန်းနှင့်အချစ်'၊ စာ–၃၃၊ ၃၄)*

*....ရန်သူမရှိလျှင် အမုန်းမရှိ၍မဟုတ်၊ အမုန်းမရှိ၍သာ ရန်သူမရှိခြင်းဖြစ်မည်။ ထိုအခါ အချစ်ပွားလာမည်။ ပူးပေါင်းဆောင်ရွက်ချင်လာမည်။ သင့်မြတ်ချင်လာမည်။ တစ်ခါက ဥရောပရှိအုပ်စုများ ယှဉ်ပြိုင်အားစုနေသောကာလသည် ကုန်လွန်စပြုနေပေပြီ။ ပူးပေါင်းဆောင်ရွက်မည်ဟူသော စိတ်ဓာတ်များ ကိန်းအောင်းစပြုလာရပေမည်။ ရန်သူမရှိလျှင် အမုန်းရှိတော့မည်မဟုတ်။ စစ်ရှိတော့မည်မဟုတ်။ ထိုအခါ အချစ်ဝင်လာမည်။ ပူးပေါင်းဆောင်ရွက်လာကြမည်။*


*ပူးပေါင်းဆောင်ရွက်ရေးသည် ကမ္ဘာ့လူသားတို့အတွက် တိုးတက်ရေးဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ရေးသည် တည်ဆောက်ရေးဖြစ်သည်။ ဖျက်ဆီးခြင်းမဟုတ်။ အနုပညာ၊ သိပ္ပံပညာတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ရင်း လူသားတို့၏ ယဉ်ကျေးမှုကြီးသည်လည်း အရှိန်လျှင်မြန်စွာဖြင့် အားကောင်းစွာ ထွန်းကားစည်ပင်လာရပေမည်။ ထိုအခါ ရန်သူမှမိတ်ဆွေသို့ ပြောင်းလဲသော နိုင်ငံရေးယဉ်ကျေးမှုဝါဒသည် ရှင်သန်လာရပေမည်။*

*နိုင်ငံရေးယဉ်ကျေးမှုဝါဒသည် ဗုဒ္ဓအလိုကျ မေတ္တာဝါဒဖြင့်သာလျှင် အချစ်ကမ္ဘာကြီးကို တည်ဆောက်နိုင်ပေလိမ့်မည်။ ('ရန်သူမှ မိတ်ဆွေသို့'၊ စာ–၄၅)*

ဒီကနေ့ ဘုံရည်မှန်းချက်ရှိနေပြီးသား မြန်မာ့လူ့ဘောင်မှာလည်း ဒဂုန်တာရာပြောတဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို ပြည်သူလူထုအတွက်လို့ စဉ်းစားပြီး တကယ်လက်တွေ့ကျင့်သုံးကြရင် မပြေလည်နိုင်စရာအကြောင်း မရှိပါဘူး။ ကိုယ်ကျိုးစီးပွားကာကွယ်ဖို့၊ အလွဲအတွဲ၊ မာန၊ သိက္ခာထိန်းဖို့ ရှုထောင့်က စဉ်းစားနေရင်တော့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ အလှမ်းဝေးနေဦးမှာပါ။

ထုတ်ဝေတိုက် – တိုးမြစ်
မျက်နှာဖုံးဒီဇိုင်း – အေဇ
ထုတ်ဝေသည့်နှစ် – ၂၀၁၀၊ ဇွန်
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၁၇၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၇၂၀၈၀၉

---




## မစ္စစ္စပီခရီးသည်

**ကျော်ဝင်း**

စာရေးသူ ၂၀၀၇ ခုနှစ် သြဂုတ်လကနေ နိုဝင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စု အိုင်အိုးဝါးတက္ကသိုလ်က စီစဉ်ကျင်းပတဲ့ International Writing Program (IWP) ကို တက်ရောက်ခွင့်ရစဉ် အိုင်အိုးဝါးရင်ခွင်မှာ သုံးလတာခိုလှုံရင်း သူကြုံတွေ့ရသမျှ ရသမှတ်တမ်းကို The Waves မှာ လစဉ်ထည့်သွင်းဖော်ပြခဲ့တဲ့ ခရီးသွားဆောင်းပါးတွေကို စုစည်းထုတ်ဝေထားတဲ့စာအုပ် ဖြစ်ပါတယ်။

စာအုပ်မှာ စုစုပေါင်း အပိုင်း သုံးပိုင်းခွဲထားပြီး ပထမပိုင်း Traveller's Tale ကဏ္ဍမှာတော့ စာရေးသူကိုယ်တိုင် WPI ကာလအတွင်း ကိုယ်တိုင်ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေအကြောင်း ဖြစ်ပါတယ်။ ဒုတိယပိုင်း Memoir မှာ သုံးလတာကာလအတွင်း သူကြုံဆုံ တွေ့ထိခဲ့တဲ့ မှတ်မှတ်ထင်ထင်အဖြစ်ဆုံး အဖြစ်အပျက်၊ လူပုဂ္ဂိုလ်တချို့အကြောင်း ဖြစ်ပါတယ်။ သူနဲ့အတူ သုံးလတာ အတူရှိခဲ့ကြတဲ့ တောင်အာဖရိက၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဗင်နီဇွဲလား၊ အစ္စရေး၊ ဆိုက်ပရပ်၊ ကျူးဘား၊ ဂရိနဲ့ ဆူဒန်နိုင်ငံတွေက စာရေးဆရာ၊ ကဗျာဆရာ၊ အက်ဆေးရေးဆရာ၊ ဇာတ်ညွှန်းနဲ့ ဒါရိုက်တာတို့ အိုင်အိုးဝါးတက္ကသိုလ်တွင် သုံးလတာနေထိုင်စဉ် အပတ်စဉ် စာကြည့်တိုက်ဆွေးနွေးပွဲမှာ ဖတ်ကြားကြတဲ့ စာတမ်းငယ်ကလေးတွေ ဘာသာပြန်ထားတဲ့စာစုတွေကို တတိယ L.C.P.L Panel ကဏ္ဍနဲ့ ဖော်ပြပေးထားတာပါ။

အိုင်အိုးဝါးမှာ နေထိုင်စဉ်ကာလအတွင်း စာရေးသူတွေ့သိခံစားခဲ့တဲ့ ပတ်ဝန်းကျင်၊ မိတ်ဆွေအပေါင်းအသင်းတွေ၊ ကမ္ဘာ့ကျော် တက္ကသိုလ်တစ်ခုရဲ့ စာပေနဲ့ပညာကို တန်ဖိုးထား အလေးပေးမှု၊ တွေ့ဆုံခဲ့တဲ့ နိုင်ငံစုံက စာရေးဆရာ၊ ကဗျာဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာတို့ရဲ့ အတွေးအမြင်တွေ၊ သူတို့တစ်တွေကနေတစ်ဆင့် သက်ဆိုင်ရာနိုင်ငံတွေရဲ့ ဖျတ်ခနဲမြင်ရတဲ့ နိုင်ငံရေးပုံရိပ်တွေ၊ ကမ္ဘာ့အကြီးဆုံး အရင်းရှင်နိုင်ငံကြီးမှာရှိတဲ့ ရှားရှားပါးပါး ကွန်မြူနစ်ပါတီနဲ့ ပါတီဝင် သက်ကြားအိုကြီးတစ်ယောက်နဲ့ စကားစမြည်၊ ကြုံတောင့်ကြုံခဲ 'မြန်မာနိုင်ငံအကြောင်း လေ့လာရေး နိုင်ငံတကာကွန်ဖရင့်' အတွေ့အကြုံ စသဖြင့် စသဖြင့် ခရီးသွားဆောင်းပါးတို့ထုံးစံဖြစ်ကြောင်း ကုန်စင်ရသဝတ္ထုတစ်ပုဒ်အသွင် မှတ်တမ်းတင်ထားတာဖြစ်ပါတယ်။

စိတ်ကူးယဉ်ဇာတ်လမ်းမဟုတ်ဘဲ လက်တွေ့ကြုံရ၊ ဆုံရတာတွေကို ခရီးသွားဆောင်းပါးအနေနဲ့ မှတ်တမ်းတင်ထားလင့်ကစား သူ့အရေးအသားက ရသဟန်အပြည့်။ ခေတ္တခဏမြည်းကြည့်ရုံ ဖတ်လို့မရ။ တစ်လက်စတည်း ဆက်ဖတ်ဖြစ်သွားဖို့ ဆွဲခေါ်သွားပါတယ်။ အခန်းတိုင်း အခန်းတိုင်း အကြောင်းအရာတိုင်းကို စိတ်မျက်စိမှာ

www.foreverspace.com.mm




ပေါ်လာအောင် သရုပ်ဖော်ပေးနိုင်တာက ထူးခြားပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးရဲ့ သွင်ပြင်လက္ခဏာကိုပြောပြော၊ ပတ်ဝန်းကျင်မှာ သူမြင်တွေ့ခံစားရတဲ့ တောတောင် ရေမြေ၊ လယ်ယာ တိုက်တာအိမ်ခြေနဲ့ တက်ရောက်ပါဝင်ခဲ့တဲ့ အခမ်းအနားမြင်ကွင်းတွေအကြောင်း ရေးရေး အားလုံးကို ရုပ်လုံးကြွ အသက်ဝင်လာအောင် အရေးအသားပိုင်နိုင်လှပါတယ်။

The Waves မှာ လစဉ် ထုံ့ပိုင်း ထုံ့ပိုင်း ဖော်ပြခဲ့စဉ်ကတည်းက ဆန့်တငင်ငင်နဲ့ ပုံမှန်ဖတ်လာခဲ့တဲ့ စာဖတ်ပရိသတ်အတွက်တောင် အခုလို တစ်စုတစ်စည်းတည်း စာအုပ်အဖြစ် ထွက်လာတော့ အစအဆုံးပြန်ဖတ်ဖြစ်ဖို့သေချာပါတယ်။ အထူးသဖြင့် အိုင်အိုးဝါးတက္ကသိုလ်မှာ စာရေးသူ အာဂန္တု ဆရာအဖြစ် ပို့ချစဉ်က အတွေ့အကြုံ၊ ကျောင်းသားတွေရဲ့မေးခွန်းနဲ့ စာရေးသူရဲ့အဖြေ၊ အမေရိကရောက် မြန်မာတွေနဲ့ ဆုံခဲ့ရတဲ့ 'မြန်မာနိုင်ငံအကြောင်းလေ့လာရေး နိုင်ငံတကာကွန်ဖရင့်' မှာ သူကြုံခဲ့ကြားခဲ့တာတွေအပေါ် သူတွေးခဲ့၊ ခံစားခဲ့၊ သုံးသပ်ခဲ့တာတွေက စာဖတ်သူတွေရဲ့ဟဒယကို သေချာပေါက် ဆွဲကိုင်နိုင်မယ့် အကြောင်းအရာတွေဖြစ်ပါတယ်။ အဲဒီအကြောင်း စာရေးသူတို့ထိထားတာကို ဖတ်ရတဲ့အခါ စာရေးသူ ဘာကို ပြောချင်နေတယ်၊ ဘယ်လိုခံစားနေရတယ်၊ မြန်မာပြည်ရဲ့ မျက်မှောက်အခြေအနေကို သူဘယ်လိုသုံးသပ်ရှုမြင်တယ်ဆိုတာ ခံစားနားလည်သွားစေပါတယ်။

ထူးထူးခြားခြား အမေရိကန် ကွန်မြူနစ်ကြီးတစ်ယောက်နဲ့ သူဆုံခဲ့ ပြောခဲ့ ဆွေးနွေးခဲ့တဲ့အကြောင်းကိုတော့ The Voice Weekly မှာ ဖော်ပြခဲ့ပြီးပါပြီ။ ကမ္ဘာပေါ်မှာ နေဝင်သွားပြီဖြစ်တဲ့ အိုင်ဒီအိုလိုဂျီတစ်ခုကို ဒီကနေ့အထိ ယုံကြည်လို့ ဖက်တွယ်ထားတာလား၊ အဲလိုယုံကြည်သယောင်ပြပြီး ဖက်တွယ်ထားတဲ့အုပ်စုက ဖယ်ကြဉ်ခံရမှာကြောက်လို့ ယောင်နန ဖက်တွယ်ထားတာလား မသိရတဲ့ သူတချို့၊ လူထုတိုက်ပွဲ ဆင်နွှဲကြလို့ ပုဆိုးခြုံထဲကအော်နေတဲ့သူတချို့၊ ကိုယ့်ကိုယ်ကိုယ် တရုတ်လုပ်အပေါစားဆေးနဲ့ အနီရောင်၊ ကြက်သွေးရောင်၊ ပန်းနုရောင်ခြယ်နေတဲ့သူ အချို့ ဖတ်ကြည့်ဖို့ ကောင်းတဲ့အကြောင်းအရာလည်း ဖြစ်ပါတယ်။

ကျော်ဝင်းရှေ့က သူ့လိုပဲ အမေရိကကို IWP အစီအစဉ်နဲ့ သွားထားတဲ့သူ တချို့ တချို့နဲ့မတူတဲ့ အရေးအသား၊ ရှုမြင်ပုံ၊ အတွေးအမြင်၊ လက်တွေ့ လုပ်ဆောင်ချက်တွေ၊ ရသစုံခံစားရစေတဲ့ အရေးအသားတွေ အပြင် ဦးနှောက်ကို ကျယ်ကျယ်ဖွင့်ကြည့်တဲ့သူတွေအတွက် အင်မတန်အဖိုးတန်တဲ့ အတွေးအမြင်၊ သင်ခန်းစာတွေရနိုင်တဲ့ ခရီးသွားဆောင်းပါးစာအုပ်တစ်အုပ် ဖြစ်ပါတယ်။ ကျော်ဝင်းပရိသတ်ကိုတော့ ထူးထွေ ညွှန်းနေစရာလိုမယ်မထင်ပါ။

ထုတ်ဝေတိုက် – ဂန့်ဂေါ်မြိုင်
ထုတ်ဝေသည့်နှစ် – ၂၀၁၀၊ ဇူလိုင်
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၅၀၀
တန်ဖိုး – ၂၅၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၁၃၀၇၁၀




## နှစ်(၅၀)ကျော် ကိုယ်တွေ့များ

**ဗိုလ်ထွန်းကြည်(မုံရွာ)**

**စာမူခွင့်ပြုချက်အမှတ်– ၃၁၀၁၇၀၀၃၁၀**

မြန်မာ့တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်ကြီး ရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့သူ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် စစ်တိုင်းမှူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကာလတွင် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဆင့် တာဝန်ထမ်းဆောင်ခဲ့သူ၊ အမေရိကန်ပြည်ထောင်စုတွင် အမြောက်လက်နက်ဆိုင်ရာ သင်တန်းတက်ရောက်ခဲ့သူ၊ စစ်တက္ကသိုလ်အပတ်စဉ်(၁)တွင် ပထမဦးဆုံးတက်ရောက်ခဲ့သူတစ်ဦးဖြစ်သောကြောင့် သူ့ဘဝမှတ်တမ်းမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံရေး အခြေအနေနှင့် ဆက်စပ်နေသည်။ အထူးသဖြင့် ယနေ့မျက်မှောက်နိုင်ငံရေးအပြောင်းအလဲကို ပုံဖော်ခဲ့ကြသူအနည်းငယ်တွင် တစ်ဦးအပါအဝင်ဖြစ်နေခြင်းက စာဖတ်သူများကို ဤစာအုပ်ဖတ်ဖြစ်သွားစေရန် ပိုမိုဆွဲဆောင်နေပေသည်။

လူတိုင်းတွင် ဘဝဇာတ်ကြောင်း ကိုယ်စီရှိကြသည်ချည်းသာ။ သို့သော် လူတိုင်း၏ ဘဝဇာတ်ကြောင်းတိုင်း မှတ်တမ်းတင်စာအုပ်ထုတ်လျှင် လူတိုင်းဖတ်ချင်မည်မဟုတ်။ ထို့အတူ လူတိုင်းသည်လည်း မိမိတို့ဘဝဇာတ်ကြောင်းကို နေ့စဉ်မှတ်တမ်းတင်မထားနိုင်ကြ။ နေ့စဉ်မှတ်တမ်း စနစ်တကျရေးသားလေ့ အကျင့်ရှိသူများသာ ဤသို့စာတစ်စောင်ပေတစ်ဖွဲ့ ထုတ်ဝေဖြန့်ချိနိုင်ကြသည်။ ဤတွင်လည်း နေ့စဉ်မှတ်တမ်းရေးသူတိုင်း၏ ဘဝအကြောင်းတို့ကို စာအုပ်အဖြစ်ထုတ်ဝေ၍မရပြန်။ အကြောင်းက လူအများစုမသိရှိနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် လူသိများထင်ရှားသူ၊ ထင်ပေါ်ကျော်ကြားသူ အနည်းငယ်လောက်၏ ဘဝဇာတ်ကြောင်းကိုသာ လူအများစု စိတ်ဝင်စားကြသည်။ ဤစာအုပ်ထုတ်ဝေသူလည်း ထိုအနည်းငယ်မျှသော လူသိများ ထင်ရှားသူအနည်းငယ်ထဲက တစ်ဦးဖြစ်နေသည်။ ပြည်သူ့တပ်မတော်သား တစ်နည်းအားဖြင့် ပြည်သူ့ဝန်ထမ်းတစ်ဦးအနေနှင့် မြန်မာနိုင်ငံနေရာဒေသအသီးသီး၊ ရာထူးနေရာဌာနအမျိုးမျိုးတွင် နိုင်ငံ့တာဝန်များထမ်းဆောင်ရင်း သူကြုံတွေ့ရင်ဆိုင်ခဲ့ရသည်များကို မှတ်တမ်းတင်ထားခြင်းဖြစ်ရာ ဖတ်ရှုသူများ

www.foreverspace.com.mm

အဖို့ အကျိုးများလှပေသည်။ အထူးသဖြင့် နိုင်ငံ့အကျိုး၊ နိုင်ငံသူနိုင်ငံသား၊ ပြည်သူလူထု အကျိုးကိုသာ အမြဲရှေးရှုကြရမည့် တပ်မတော်သားကောင်းဆိုသည်မှာ အဘယ်ကဲ့သို့ပုဂ္ဂိုလ်မျိုးဆိုသည်ကို ဤစာအုပ်က ကောင်းစွာရှင်းပြနေပေသည်။ ဤအချက်ကို ထင်ရှားစေသည်က မေမြို့(ထိုစဉ်ကအခေါ်အဝေါ်) စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၏ ကျောင်းဆင်းဗိုလ်လောင်းများအား ပြောကြားသော အမှာစကားဖြစ်သည်။ ထိုစဉ်က တပ်မတော် စစ်တက္ကသိုလ်၏ တပ်မတော်သားများအပေါ်ထားသည့် စေတနာ၊ တိုင်းပြည်နှင့်လူမျိုးအပေါ်ထားသည့် ကတိသစ္စာများကို လေးစားဂုဏ်ယူမိစေသည်။

နောက်တစ်ခု ထူးခြားသည်မှာ ဗိုလ်ထွန်းကြည်တို့ ကျောင်းဆင်းစ၊ ဗိုလ်ပေါက်စအရွယ်တွင် ကြုံကြိုက်ရသည့် ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲကာလဖြစ်သည်။ ထိုရွေးကောက်ပွဲအပေါ် တပ်မတော်ကထားရှိခဲ့သောသဘောထားနှင့် ရွေးကောက်ပွဲကာလအတွင်း တပ်မတော်သားများ ထမ်းဆောင်ခဲ့သောအခြေအနေကို တစ်စိတ်တစ်ပိုင်း လှစ်ဟဖော်ကျူးထားသည်။ တည်မြဲနှင့်သန့်ရှင်းဟူ၍ ဖ.ဆ.ပ.လ နှစ်ခြမ်းကွဲကာ တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင်အပုပ်ချ၍ ရွေးကောက်ပွဲအောင်နိုင်ရေး ကြိုးပမ်းခဲ့ကြခြင်း၊ တပ်မတော်တစ်ခုလုံးနှင့် တပ်မတော်သားအချို့၏ ခံယူချက်၊ ရပ်တည်ချက်တို့ကိုလည်း ထင်းလင်းစွာတွေ့မြင်ရသည်။ သို့သော် ထိုစဉ်က တပ်မတော်၏ သဘောထားရပ်တည်ချက်နှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ပေးထားသော အမိန့်နှင့် စစ်တိုင်းမှူး၊ နယ်မြေခံတပ်ရင်းမှူးများ အနီးကပ်ပေးသောအမိန့်တို့ ကွဲပြားနေခြင်းအပေါ် စာရေးသူ ဗိုလ်ထွန်းကြည်ကိုယ်တိုင်ပင် ဇဝေဇဝါဖြစ်ခဲ့သည်ကိုလည်း သူ့မှတ်တမ်းတွင်တွေ့ရသည်။

ဗိုလ်ထွန်းကြည်၏မှတ်တမ်းတွင် ရဲစွမ်းသတ္တိရှိသော၊ အသက်စွန့်ရဲသော၊ စည်းကမ်းရှိသော၊ ဖြောင့်မတ်မှန်ကန်သော စသည့် စွမ်းရည်များစွာနှင့် အတိပြီးသော တပ်မတော်သားတစ်ဦး အသွင်ဖြင့် တပ်မတော်အပေါ် ချီးပအမွှမ်းတင်ထားပြီး ထိုခေတ်က သူကြုံတွေ့ခဲ့သော နိုင်ငံရေးအခြေအနေအရ နိုင်ငံရေးသမားများကိုမူ ထိုအခြေအနေနှင့် ဆန့်ကျင်ဘက်အမြင်မျိုးဖြင့် သုံးသပ်ရှုမြင်ထားသည်။ အထူးသဖြင့် သန့်ရှင်းနှင့် တည်မြဲ ဖ.ဆ.ပ.လ နှစ်ဖွဲ့အနက် သန့်ရှင်းသည် တပ်မတော်အပေါ် အမြင်မကြည်လင်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားအချို့ တည်မြဲဘက်သို့ မသိမသာဘက်လိုက်ခဲ့ကြောင်း၊ သူကိုယ်တိုင်ပင်သန့်ရှင်း ဖ.ဆ.ပ.လကို အမြင်မကြည်လင်ကြောင်း အတိအလင်းဖော်ပြထားသည်။

ခြုံ၍ဆိုရလျှင် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများထုံးစံ မိမိကိုယ်ကိုယ် အမွှမ်းတင်ကြသည်များနှင့် မိမိနှင့် သဘောထားမတိုက်ဆိုင်သူများကို အမြင်တစ်မျိုးဖြင့် ရှုမြင်မှတ်တမ်းတင်ထားတတ်ကြခြင်း၊ မြန်မာ့သမိုင်းတွင် ဆယ်နှစ်တာကာလ မဆိုစလောက်ကာလကလေးသာ ပါလီမန်ဒီမိုကရေစီစနစ်ကို မိတ်ဆက်နိဒါန်းသဘောမျှသာကျင့်သုံးကာစ၊ ရင့်ကျက်ရန် အချိန်ယူရဦးမည့်ကာလတွင် ကြုံခဲ့၊ ဖြစ်ခဲ့သော အခြေအနေတို့အပေါ် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုအတွင်း ရှိနေခဲ့သူတစ်ဦး၏ အမြင်ဖြစ်နေခြင်း၊ တပ်မတော်အစိုးရလက်ထက်ကာလအတွင်းနှင့် ၂၀၁၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမတိုင်မီကာလအတွင်း တပ်မတော်အရာရှိဟောင်းတစ်ဦး ရေးသားထုတ်ဝေသော စာအုပ်ဖြစ်နေခြင်းတို့မှတစ်ပါး ပြည်သူကချစ်သော၊ ပြည်သူလူထုကို အမှန်တကယ်တန်ဖိုးထား လေးစားသော၊ ပြည်သူများအကြားကပေါက်ဖွားသော ပြည်သူ့တပ်မတော်သားစစ်စစ်ဖြစ်လိုသူများအတွက် အထူးလေ့လာ ဆင်ခြင်အတုယူဖွယ် မှတ်တမ်းစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Zojirushi<br>အပူအအေးထိန်းရေဘူး<br>(ထိုင်း) | PREMIUM MARKETING LTD.<br>အမှတ်–၃(စီ)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၄၁၂၅၆၊ ၅၄၁၉၁၆ | ဦးခင်မောင်ကြည်<br>(Executive Director) | PREMIUM MARKETING LTD.<br>အမှတ်–၉၊ ၂၆ လမ်း၊ ၇၈ × ၇၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၉–၆၅၀၂၀၇၂ |
| ၂။ | Infovir<br>အသည်းဆေး<br>(ဘင်္ဂလားဒေ့ရှ်) | ASIA WINNER INDUSTRIAL LTD.<br>အမှတ်–၁၃၊ ၄၉ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း – ၃၉၇၀၉၆၊ ၃၉၇၀၉၇၊ ၃၉၇၀၉၈၊ ၃၉၇၁၀၀၊ ဖက်စ်–၃၉၇၁၀၁<br>E-mail : awimedicine@yangon.net.mm | ဦးစံရွှေမောင်<br>(General Manager) | ASIA WINNER INDUSTRIAL LTD.<br>ဒုတိယထပ်၊ ၂၆ × ၂၇ လမ်းထောင့်၊ မန္တလေး။<br>ဖုန်း–၀၉–၅၁၄၂၈၃၃ |
| ၃။ | Seagate<br>Portable Hard Drive<br>(စင်ကာပူ) | MYANMAR TECHNOLOGYZONE CO., TLD.<br>အမှတ်–၁၂၅ (ဘီ)၊ ယုဇနစင်တာ မျက်စောင်းထိုး၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၄၂၅၆၉၊ ၇၂၃၀၀၉ | ဒေါ်ကြည်ကြည်စိုး<br>(Marketing Manager) | မရှိ |
| ၄။ | M.I.G<br>အမျိုးသားဝတ်<br>အတွင်းခံစွပ်ကျယ်များ<br>(ထိုင်း) | EVER GLORY TRADING<br>အမှတ်–၇၃၊ ပထမထပ်၊ ၁၄ လမ်း (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၀၉–၅၀၉၂၂၃၄၊ ၀၉–၈၇၄၁၄၄၈၊ ၂၂၄၅၄၆ | ဦးပြည့်ဖြိုးအောင်<br>(Managing Director) | မရှိ |
| ၅။ | Gomplan<br>ဖြည့်စွက်အာဟာရမှုန့်<br>(နယူးဇီလန်) | CONCORDIA MEDICAL SYSTEM<br>အမှတ်–၃၊ ၅ ထပ်၊ ရွှေဂုံပလာဇာ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၀၉–၅၀၈၃၃၂၆ | ဦးထွန်းအောင်သူ<br>(Consumer Team Leader) | CONCORDIA MEDICAL SYSTEM<br>အမှတ်–၅၊ မြေညီထပ်၊ SY တိုက်ခန်း၊ လမ်း ၃၀၊ ၇၇ × ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၃၆၄၇၈၊ ၀၉ – ၅၀၆၇၁၇၂ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။


www.foreverspace.com.mm

# ဈေးကွက်ရှာဖွေထူထောင်ခြင်းဆိုင်ရာ အနှစ်သာရများ

မျိုးခန့်စံ

**ဈေး ကွက်ရှာဖွေထူထောင်ခြင်းသည် စီးပွားရေးလုပ်ငန်းတိုင်း၏ နှလုံးသည်းပွတ်ဖြစ်ပြီး ဈေးကွက်ရရှိရန်၊ ပုံရိပ်ကောင်းရရှိရန်၊ ရောင်းအားတိုးထုတ်ရန်နှင့် စားသုံးသူများ၊ ဖောက်သည်များ၊ စိတ်ကျေနပ်ပျော်ရွှင်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရသော လုပ်ငန်းစဉ်များဖြစ်ကာ ယင်းတွင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ဈေးကွက်သုတေသနပြုလုပ်ခြင်း စသည်တို့ ပါဝင်ပြီး ဝယ်ယူစားသုံးသူတို့၏ လိုအင်ကို အသိအမှတ်ပြုလျက် ကျေနပ်စေရန်ဖြည့်ဆည်းဆောင်ရွက်ရသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အကျိုးအမြတ်ဖြစ်ထွန်းစေရန် ဆောင်ရွက်ရပါသည်။**

ဈေးကွက်တွင် ရောင်းသူဈေးကွက် (Seller's Market) နှင့် ဝယ်သူဈေးကွက် (Buyer's Market) ဟူ၍ နှစ်မျိုးရှိပေရာ ရောင်းသူဈေးကွက်၌ ဝယ်လိုအားသည် ရောင်းလိုအားထက် အမြဲမြင့်သည်။ ဝယ်သူဈေးကွက်၌ ဝယ်ယူစားသုံးသူတိုင်းသည် ကုန်ပစ္စည်းတိုင်းကို လွတ်လွတ်လပ်လပ် ရွေးချယ်ဝယ်ယူစရာများရှိလာ၍ ဝယ်သူက ၎င်း၏လိုအပ်ချက်၊ လိုလားချက်၊ အသုံးဝင်မှု၊ ဝန်ဆောင်မှု၊ ဈေးနှုန်း စသည်တို့အပေါ်မူတည်၍ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်သောဈေးကွက်မျိုးဖြစ်ရာ ဝယ်သူ



www.foreverspace.com.mm



၏လိုလားချက်ကို ဖြည့်ဆည်းရန် ထုတ်လုပ်သူက အာရုံထားရသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ယှဉ်ပြိုင်မှု မြင့်မားပြင်းထန်ရာ ထုတ်လုပ်သူများအနေဖြင့် ဝယ်သူစိတ်ကျေနပ်မှုရရှိစေရန် အစွမ်းကုန်ကြိုးစားရသည်။ မားကတ်တင်းကို ဆွေးနွေးရာ၌ Buyer's Market (Consumer Orient System) ကို ကျင့်သုံးကြရာ ဤစနစ်ကိုသာ ဆွေးနွေးတင်ပြလေ့ရှိကြသည်။ မားကတ်တင်း၏ အခြေခံယူဆချက်များ အဆင့်ဆင့်ပြောင်းလဲတိုးတက်ခဲ့ရာ ယခုအခါတွင် Delivery the Customer Value ကို လက်ခံကျင့်သုံးလာကြပြီဖြစ်သည်။ ဖောက်သည်တို့ကို အလေးအနက်ထား၍ တန်ဖိုး သို့မဟုတ် ထိုက်တန်မှုကို ဖော်ဆောင်အပ်နှင်းလာကြပြီ ဖြစ်ပါသည်။

မားကတ်တင်းဟုဆိုသည်နှင့် ဂုရုကြီး Philip Kotler ကိုပြေးမြင်တတ်ကြသည်။ ထိုသို့ဖြစ်ရအောင်လည်း ကျွမ်းကျင်နိုင်နင်းသူဖြစ်သည်။ James Altfeld ကောက်နုတ်တင်ပြသည့် 'ဈေးကွက်တစ်ခုကို မည်သို့ဖန်တီးမည်၊ အောင်မြင်အောင် မည်သို့ဆောင်ရွက်မည်၊ မည်ကဲ့သို့လွှမ်းမိုးအနိုင်ယူမည်ဆိုသည့် Philip Kotler ၏ မားကတ်တင်းအနှစ်သာရများ' ကို ထုတ်နုတ်တင်ပြသွားမည်ဖြစ်ပါသည်။

Philip Kotler ၏ ယူဆချက်အရ ကုမ္ပဏီများကို အမျိုးအစားခွဲခြားလျှင် အခြေခံအားဖြင့် သုံးမျိုးရှိသည်ဟုဆိုသည်။ 'အသစ်အသစ်များကို ဖြစ်ထွန်းအောင်မြင်စေသူ၊ စောင့်ကြည့်သူနှင့် အံ့သြငေးမောသူ' ဟူ၍ဖြစ်သည်။ အောင်မြင်သော ကုမ္ပဏီတို့သည် စိတ်ကူးကောင်းရှိကြပြီး အသစ်အဆန်းတို့ကို ဖန်တီးနိုင်စွမ်းရှိကာ ဈေးကွက်တွင် ဦးဆောင်အောင်မြင်လေ့ရှိကြသည်။ အချို့သောကုမ္ပဏီတို့သည် ဈေးကွက်တွင်ဖြစ်ပေါ်လာမည့် အသစ်အသစ်တို့ကို စောင့်ကြည့်အကဲခတ်ကြသူအမျိုးအစားဖြစ်ကြပြီး အချို့သောကုမ္ပဏီတို့သည် ထွက်ပေါ်လာသော အသစ်အဆန်းများကို အံ့သြငေးမောကြသည်။ တစ်နည်းအားဖြင့်ဆိုရသော်

**အောင်မြင်သောကုမ္ပဏီတို့သည် စိတ်ကူးကောင်းရှိကြပြီး အသစ်အဆန်းတို့ကို ဖန်တီးနိုင်စွမ်းရှိကာ ဈေးကွက်တွင် ဦးဆောင်အောင်မြင်လေ့ရှိကြသည်။ အချို့သောကုမ္ပဏီတို့သည် ဈေးကွက်တွင်ဖြစ်ပေါ်လာမည့် အသစ်အသစ်တို့ကို စောင့်ကြည့်အကဲခတ်ကြသူအမျိုးအစားဖြစ်ကြပြီး အချို့သောကုမ္ပဏီတို့သည် ထွက်ပေါ်လာသော အသစ်အဆန်းများကို အံ့သြငေးမောကြသည်။ တစ်နည်းအားဖြင့်ဆိုရသော် ကုမ္ပဏီနှစ်မျိုးနှစ်စားရှိသည်ဟုဆိုရမည်ဖြစ်ပြီး ပြောင်းလဲနိုင်သောကုမ္ပဏီနှင့် ပျောက်ကွယ်မည့်ကုမ္ပဏီဟူ၍ နှစ်မျိုးခွဲခြားနိုင်ပေသည်။**

ကုမ္ပဏီနှစ်မျိုးနှစ်စားရှိသည်ဟု ဆိုရမည်ဖြစ်ပြီး ပြောင်းလဲနိုင်သောကုမ္ပဏီနှင့် ပျောက်ကွယ်မည့်ကုမ္ပဏီဟူ၍ နှစ်မျိုးခွဲခြားနိုင်ပေသည်။ ယှဉ်ပြိုင်မှုမြင့်မားသော ဂလိုဘယ်ခေတ်တွင် ခေတ်နှင့်အညီအမီမလိုက်နိုင်သော၊ ပြုပြင်ပြောင်းလဲနိုင်မှုမရှိသော၊ ဆန်းသစ်တီထွင်နိုင်မှုမရှိသော၊ အံ့သြငေးမောနေသော ကုမ္ပဏီတို့ ရှင်သန်ရပ်တည်ရန် မဖြစ်နိုင်ပေ။

ဈေးကွက်ကိုဖန်တီးဦးဆောင်၍လွှမ်းမိုးနိုင်သော နည်းလမ်းကိုးသွယ်ရှိပေရာ ၎င်းတို့မှာ–

၁။ ပိုမိုကောင်းမွန်သော အရည်အသွေးဖြင့် ပြိုင်ဘက်များကို ကျော်ဖြတ်အနိုင်ယူခြင်း၊

၂။ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ကျော်ဖြတ်အနိုင်ယူခြင်း၊

၃။ ပိုမိုသက်သာသော ဈေးနှုန်းဖြင့် ကျော်ဖြတ်အနိုင်ယူခြင်း၊

၄။ မြင့်မားသော ဈေးကွက်ဝေစုဖြင့် ကျော်ဖြတ်အနိုင်ယူခြင်း၊

၅။ ပြုပြင်ပြောင်းလဲလွယ်ခြင်းနှင့် ဖောက်သည်ကိုအာရုံထားခြင်း၊

၆။ ကုန်စည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေခြင်း၊

၇။ ကုန်စည်ဆန်းသစ်တီထွင်ခြင်းဖြင့် ကျော်ဖြတ်အနိုင်ယူခြင်း၊

၈။ မြင့်မားတိုးတက်သော ဈေးကွက်ကို ဝင်ရောက်ခြင်းဖြင့် ကျော်ဖြတ်အနိုင်ယူခြင်း၊

၉။ ဖောက်သည်မျှော်လင့်မှုကို မြင့်မားပိုလျှံစေခြင်းဖြင့် ကျော်ဖြတ်အနိုင်ယူခြင်းတို့ ဖြစ်ပါသည်။ ဖော်ပြပါ နည်းလမ်းကိုးသွယ်ဖြင့် ဈေးကွက်ကို ဖန်တီးဦးဆောင်၍ လွှမ်းမိုးစေနိုင်ရာ လိုက်နာဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှု ရရှိစေနိုင်ပါသည်။

ဈေးကွက်တွင် ကိုယ်ပိုင်မဟာဗျူဟာမရှိသော ကုမ္ပဏီတို့သည် မိမိ၏ပြိုင်ဘက်များဆောင်ရွက်သကဲ့သို့ လိုက်လံတုပ၍ အနည်းငယ်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်လေ့ရှိသည်။ ကိုယ်ပိုင်မဟာဗျူဟာရှိသော ကုမ္ပဏီတို့သည် ပြိုင်ဘက်များထက် ထူးခြားအားသာသော ဗျူဟာများရှိကြသည်။ ထိုကုမ္ပဏီတို့သည် ကုန်စည်တစ်ခုချင်းအလိုက်၊ ဖောက်သည်တစ်ဦးချင်းစီအလိုက်၊ အစိတ်အပိုင်းတစ်ခုချင်းစီအလိုက်၊ Channel တစ်ခုချင်းစီအလိုက်၊ ဒေသအလိုက် အမြတ်အစွန်းရရှိမှု ကိန်းဂဏန်းများအတိအကျရရှိစေရန် စနစ်တကျစီမံခန့်ခွဲလေ့ရှိကြသည်။ ကုမ္ပဏီတို့သည် အကျိုးအမြတ်အရရှိဆုံးသော ဖောက်သည်များ၊ ကုန်စည်များနှင့် Channel တစ်ခုချင်းစီအပေါ်တွင် ပိုမိုအာရုံစူးစိုက်၍ ဆောင်ရွက်လာကြပြီ ဖြစ်ပါသည်။ ကုမ္ပဏီအများစုသည် ၎င်းတို့၏ ဖိဝ ရာခိုင်နှုန်းသော လုပ်ငန်းဆောင်တာများကို ပြင်ပတွင် ရင်းမြစ်ရှာ (Outsource)

www.foreverspace.com.mm

၍ လုပ်ကိုင်ဆောင်ရွက်လာပြီ ဖြစ်သည်။ ရေရှည်သမိုင်းကြောင်းပေါ်တွင် အားကိုးမှု မပြုတော့ဘဲ ရေရှည်အကျိုးအမြတ်ရရှိမှု အပေါ်တွင် အာရုံထား၍ ဆောင်ရွက်လာကြပြီဖြစ်သည်။

အရည်အသွေးဟူသည် ကုန်စည်များမရောင်းရ၍ ပြန်ဝင်လာခြင်းမဖြစ်မှုဘဲ ဖောက်သည်များ ထပ်ကာတလဲလဲဝင်ရောက်လာစေခြင်း ဖြစ်သည်။ ယှဉ်ပြိုင်မှုမြင့်မားသော ယနေ့ဈေးကွက်တွင် ပိုမိုကောင်းမွန်သောကုန်စည်နှင့် ဝန်ဆောင်မှုများဖြစ်မှသာ ဈေးကွက်တွင် မျက်နှာပန်းလှပေမည်။ ကုန်စည်၊ ဈေးနှုန်း၊ နေရာနှင့် အရောင်းမြှင့်တင်ရေးဟူသော 4P ဟုခေါ်သည့်ဈေးကွက် အရောအနှောလုပ်ငန်းများကို ဆောင်ရွက်ရ သည့် မားကတ်တင်း၏ အဓိကတာဝန်တစ်ရပ်မှာ အကျိုးအမြတ်ရရှိပြီး ကုမ္ပဏီတိုးတက်စေရေးဖြစ်သကဲ့သို့ တစ်ပြိုင်နက်တည်းမှာပင် ဖောက်သည်တို့၏လိုအင်ကိုဖြည့်ဆည်း၍ ထိုက်တန်မှုသို့မဟုတ် တန်ဖိုးကို အပ်နှင်းရခြင်းဖြစ်သည်။ ပစ်မှတ်ဈေးကွက်ကို လွှမ်းမိုးထိရောက်ရန် ဈေးကွက်သမားတို့သည် ဈေးကွက်အခွင့်အလမ်းများကို ရှာဖွေသိမြင်ရွေးချယ်တတ်သော၊ အသုံးချတတ်သော အရည်အချင်းပြည့်ဝရန် လိုအပ်သည်။ ဈေးကွက်အခွင့်အလမ်းများနှင့် ကိုက်ညီမည့် အောင်မြင်ထင်ရှားသော မဟာဗျူဟာများကို ချမှတ်ဖော်ဆောင်နိုင်ရန် လိုအပ်သည်။

မားကတ်တင်း၏ရည်ရွယ်ချက်သည် အရောင်းမဟုတ်။ ဈေးကွက် သို့မဟုတ် ဖောက်သည်လိုအပ်ချက်နှင့် အံဝင်ခွင်ကျမဖြစ်သည်များကို ရှာဖွေဖော်ထုတ်ရန်နှင့် ကျေနပ်သည့်အဖြေရလဒ်များရရှိစေရန်ဖြစ်သည်။ မားကတ်တင်းသည် အရောင်းနှင့် ထပ်တူကျမည်မဟုတ်။ မားကတ်တင်းလုပ်ငန်းစဉ်များသည် ကုန်ပစ္စည်းများ စတင်မထုတ်လုပ်မီကတည်းက တည်ရှိနေခြင်းကြောင့်ဖြစ်သည်။ မားကတ်တင်းမန်နေဂျာတို့သည် ဈေးကွက်၏လိုအပ်ချက်နှင့် ဖောက်သည်တို့၏ လိုအင်များကို သုံးသပ်အကဲဖြတ်ရန်၊ အကျိုးအမြတ်ရရှိနိုင်သော အခွင့်အလမ်းများဟုတ်၊ မဟုတ် ဆုံးဖြတ်ရန် တာဝန်ရှိကြသည်။ မိမိတို့ကုမ္ပဏီ ရပ်တည်နိုင်မှုနှင့် ရပ်တည်မှုအလားအလာကို ချင့်တွက်ရသည်။ ရောင်းချခြင်းလုပ်ငန်းစဉ်များသည် ကုန်ပစ္စည်းထုတ်လုပ်ပြီးနောက်မှ စတင်သော်လည်း မားကတ်တင်းလုပ်ငန်းစဉ်များသည် ကုန်စည်သက်တမ်းတစ်ခုလုံးကို ဖြတ်သန်းရပြီး ဖောက်သည်သစ်ရရှိရန်၊ ကုန်စည်၏အသွင်အပြင်နှင့် အနှစ်သာရများ ဖွံ့ဖြိုးတိုးတက်ရန် စသည်တို့ကို ဆောင်ရွက်ရပြီး ရောင်းအားများကို လေ့လာသုံးသပ်ခြင်း၊ ထပ်ခါတလဲလဲ အရောင်းဖြစ်စေရန် စီမံခြင်း၊ တီထွင်ဆန်းသစ်ခြင်းစသောလုပ်ငန်းများကို ဆောင်ရွက်ရသည်။

မားကတ်တင်းကိစ္စများကို မားကတ်တင်းဌာနတစ်ခုတည်းကသာ ဆောင်ရွက်ရန် တာဝန်ရှိသည်ဟူသော အယူအဆ



www.foreverspace.com.mm



သည် ကျန်ခဲ့ပြီ။ ဖောက်သည်များအပေါ် ကောင်းမွန်စွာဆက်ဆံမှသာ ကုမ္ပဏီအပေါ် စိတ်ဝင်စားမှုရှိပေမည်။ ဌာနတစ်ခုခုမှ ဖောက်သည်များအပေါ် ဆက်ဆံရေးညံ့ဖျင်းခဲ့ပါက ကုမ္ပဏီသာနစ်နာပေမည်။ ဖောက်သည်များအပေါ်တွင် အလေးအနက်ထား၍ မိမိတို့၏အလုပ်ရှင်သဖွယ် သဘောထားရပေမည်။ ကုမ္ပဏီသည် ဝန်ထမ်းများ၏အလုပ်အပေါ် အာမခံချက်မပေးနိုင်ပေ။ ဖောက်သည်များအားပေးမှ ကုမ္ပဏီအောင်မြင်မည်ဖြစ်ရာ ဖောက်သည်သည်သာ အလုပ်အာမခံချက်အပြည့်အဝပေးနိုင်သူဟုဆိုနိုင်ပေသည်။ ကုမ္ပဏီရှိ ဌာနတိုင်း၊ ဝန်ထမ်းတိုင်းက ဖောက်သည်ကိုဦးထိပ်ထားသူများဖြစ်စေရန် လေ့ကျင့်ပျိုးထောင်သင့်ပေသည်။

ထုတ်လုပ်ရေး၊ ဝယ်ယူဖြည့်တင်းရေး၊ သုတေသနနှင့်ဖွံ့ဖြိုးမှု၊ မားကတ်တင်းစသည့် ဌာနအသီးသီးသည် ဖောက်သည်တို့လိုအင်ကိုလေ့လာ၍ ဈေးကွက်အစိတ်အပိုင်းများ စနစ်တကျ သတ်မှတ်ကာ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိစေရန် ပူးပေါင်းဆောင်ရွက်ကြရသည်။ ကုန်စည်သစ်ဖြစ်ပေါ်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန် အစဉ်ကြံဆပြီး စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ရသည်။ ဖောက်သည်များကိုဦးတည်၍ အကြံအစည်နှင့် လက်တွေ့ကို တစ်ထပ်တည်းဖြစ်စေသည်။ အရောင်းဝန်ထမ်းများသည် ဖောက်သည်များနှင့် အမြဲထိတွေ့နေရသူများဖြစ်ပြီး ဖောက်သည်များ၏ သဘောကို နှောကျေအောင်သိကြသူများဖြစ်ကာ အကောင်းဆုံးသောအဖြေကို ပေးစွမ်းနိုင်ကြသည်။ မိမိတို့ဆောင်ရွက်နိုင်သော ကတိကိုသာပေး၍ ရေရှည်လက်တွဲနိုင်ရေးကို အလေးထားသည်။ ဖောက်သည်တို့၏ လိုအင်နှင့်စိတ်ကူးများကို ကုန်စည်သစ်ဖြစ်ထွန်းစေရန် သတင်းပြန်လည်ပေးပို့သည်။ ခေတ်သစ်အဖွဲ့အစည်းများတွင် CRM ခေါ် ဖောက်သည်ဆက်ဆံရေးစီမံမှုကို အလေးအနက်ထား၍ ဆောင်ရွက်လာကြပြီဖြစ်သည်။

**ထုတ်လုပ်ရေး၊ ဝယ်ယူဖြည့်တင်းရေး၊ သုတေသနနှင့်ဖွံ့ဖြိုးမှု၊ မားကတ်တင်း စသည့် ဌာနအသီးသီးသည် ဖောက်သည်တို့လိုအင်ကို လေ့လာ၍ ဈေးကွက်အစိတ်အပိုင်းများ စနစ်တကျ သတ်မှတ်ကာ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိစေရန် ပူးပေါင်းဆောင်ရွက်ကြရသည်။ ကုန်စည်သစ်ဖြစ်ပေါ်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန် အစဉ်ကြံဆပြီး စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ရသည်။ ဖောက်သည်များကို ဦးတည်၍ အကြံအစည်နှင့် လက်တွေ့ကို တစ်ထပ်တည်းဖြစ်စေသည်။**

ယှဉ်ပြိုင်နိုင်စွမ်းရှိရန်နှင့် သက်သာသောဈေးနှုန်းများဖြစ်စေရန် ခေတ်မီတိုးတက်သော နည်းပညာများကို အသုံးပြုရန်လိုအပ်သည်။ ကုန်စည်အရည်အသွေးကောင်းမွန်မှု၊ ပိုမိုသက်သာသော ဈေးနှုန်း၊ ဖောက်သည်ကို အလေးအနက်ထားမှု၊ ဝန်ဆောင်မှုကောင်းများဖြင့် ဈေးကွက်ဝေစုပိုမိုရရှိအောင်ဆောင်ရွက်သည်။ အဖွဲ့အစည်းအတွင်း ရည်မှန်းချက်ထားရှိခြင်း၊ တန်ဖိုးထားရှိခြင်း၊ စံချိန်စံညွှန်းများထားရှိခြင်းနှင့် အတူ လုပ်ငန်းခွင်ပတ်ဝန်းကျင်ကောင်းဖြစ်အောင် စီမံအားထုတ်လျက် ဂုဏ်သတင်းကောင်းမွှေးပျံ့စေနိုင်ပါသည်။ နာမည်ဂုဏ်သတင်းကောင်းနှင့် ဖောက်သည်တန်ဖိုးကို သတ်မှတ်ဖော်ဆောင်ပြီး မြင့်မားတိုးတက်သောဈေးကွက်ကို ဝင်ရောက်ဆောင်ရွက်နိုင်ပါသည်။ ကုန်စည်ဆန်းသစ်တီထွင်မှု၊ ကုန်စည်သစ်များစဉ် ဆက်မပြတ်ဖြစ်ထွန်းစေမှုများဖြင့် ဈေးကွက်တွင် အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်သည်။ သမားရိုးကျမှ ဖောက်ထွက်၍ တီထွင်ဆန်းသစ်ရန်လိုသည်။ ဈေးကွက်နောက်လိုက်နေရုံမျှနှင့် မလုံလောက်တော့။ ဈေးကွက်ကိုဖန်တီးနိုင်ရမည်။ ဈေးကွက်ကို လွှမ်းမိုးနိုင်ရမည်ဖြစ်သည်။

လိုအင်ဆန္ဒသည် ရပ်တန့်မနေ။ အာသာပြေမှုမရှိ။ တင်းတိမ်ရောင့်ရဲမှုမရှိ။ Event ခေါ်ဖြစ်ရပ်များ၊ Trend ခေါ် လားရာများသည် 'လိုအင်မှုအသစ်များ' ကိုဖြစ်စေသည်။ ဖောက်သည်များကို လိုအင်အသစ်များဖြစ်စေပြီး ဖောက်သည်တို့ကို ကျေနပ်စေရမည်။ ဖောက်သည်တို့စိတ်ချမ်းသာစေရမည်ဖြစ်သည်။ ယှဉ်ပြိုင်မှုမြင့်မားသော ယနေ့ခေတ်တွင် ဖောက်သည်တို့ လိုအင်ဆန္ဒကိုဖြည့်ဆည်းပေးရုံဖြင့် မလုံလောက်တော့ပေ။ ဂလိုဘယ်ဈေးကွက်တွင် လက်ရွေးစင်ဖောက်သည်များကို သာလွန်ကောင်းမွန်သောတန်ဖိုး သို့မဟုတ် ထိုက်တန်မှုကို ပေးအပ်နေရပြီဖြစ်သည်။ ဖောက်သည်တို့ မျှော်လင့်သည်ထက်ပိုမိုဆောင်ရွက်ပေးခြင်းဖြင့် တန်ဖိုး (Value) ကိုဖော်ဆောင်နိုင်ပေသည်။ ဖောက်သည်တို့မျှော်လင့်ချက်ကို ပိုမိုမြင့်မားစေပြီး ဖောက်သည်တို့မျှော်လင့်သည်ထက် သာလွန်သော ကုန်စည်များ၊ ဝန်ဆောင်မှုများဖြင့် ဈေးကွက်ကို လွှမ်းမိုးအနိုင်ယူနိုင်ပါကြောင်း ဈေးကွက်ရှာဖွေထူထောင်ခြင်းဆိုင်ရာ အနှစ်သာရများကို ရေးသားဖော်ပြအပ်ပါသည်။

**မှူးခန့်စံ**

**Ref: How to create, win and Dominate By Philip kotler (High Lighted Summary and key points determined by James Altfeld)**


www.foreverspace.com.mm



# O'share နှင့် Sakura Wet Towel များ

**မြန်မာနိုင်ငံ လူသုံးကုန်ပစ္စည်းဈေးကွက်အတွင်း ဂျပန်နည်းပညာကိုအသုံးပြု၍ မန္တလေးမြို့တော်တွင် အခြေစိုက်ထုတ်လုပ်ထားသော Wet Towel များ ဖြစ်သည်။**




- ☆ O & S ENTERPRISE က ၂၀၀၅ ခုနှစ်တွင် စတင်ထုတ်လုပ်ဖြန့်ချိ။
- ☆ လုပ်ငန်းအကြီးအကဲမှာ ဦးမောင်မောင်မြင့်ဖြစ်ပြီး ဝန်ထမ်းအင်အား ၆၀ ဦးခန့်ရှိ။
- ☆ ဂျပန်နည်းပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးပေါင်း၍ ဂျပန်နည်းပညာကိုအသုံးပြုထုတ်လုပ်။
- ☆ ကုန်ကြမ်းကို ဂျပန်နိုင်ငံမှတင်သွင်းရယူ၍ ကုန်ပစ္စည်းထုတ်လုပ်ရာတွင်အသုံးပြုသည့် စက်ပစ္စည်းမှာလည်း ဂျပန်စက်ပစ္စည်းများပင်ဖြစ်ဟုဆို။
- ☆ အယ်လ်ကိုဟော မပါဝင်၍ ကလေး၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီးမရွေး အသုံးပြုနိုင်ဟုဆို။
- ☆ O'share၊ Sakura စသည့် အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်လျက်ရှိပြီး တစ်ခုလျှင် ၄၅ ကျပ်နှုန်းခန့်ရှိ။
- ☆ တစ်ခုချင်း Wet Towel များအပြင် ရွက်ရေ ၁၀၀ ခန့်ပါဝင်သည့် Wet Tissue ဘူးများကိုလည်း ထုတ်လုပ်ဟုဆို။
- ☆ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် တာဝါအမျိုးအစားဖြစ်ပြီး လေကြောင်းလိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများပေါ်တွင် အသုံးပြုနိုင်ရန်လည်း ထုတ်လုပ်ပေးနေကြောင်းသိရ။
- ☆ တာဝါများ၊ တစ်ရှူးများအပြင် NARA အမှတ်တံဆိပ် လက်သန့်စင်ရေနှင့် ဝက်ခြံ၊ တင်းတိပ်ပျောက်ဆေးကရင်မ်များပါ ထုတ်လုပ်လျက်ရှိ။
- ☆ ဆက်လက်၍ ဂေါက်ကွင်းသုံး လျှော်ဖွပ်ပြီးပြန်လည်အသုံးပြု၍ရနိုင်သည့် Wet Towel များထုတ်လုပ်သွားရန် စီစဉ်နေကြောင်းသိရ။
- ☆ မန္တလေးမြို့မှဖြန့်ချိပေးလျက်ရှိပြီး ရန်ကုန်ဈေးကွက်အတွင်း Value Standard Co., Ltd. က ကိုယ်စားလှယ်ရယူဖြန့်ဖြူးဟုဆို။
- ☆ ရန်ကုန်မြို့တွင် City Mart ဆိုင်ခွဲများနှင့် ဆူပါမားကတ်များတွင် ဝယ်ယူနိုင်ကြောင်းသိရ။
- ☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

  ဦးမောင်မောင်မြင့်
  O & S Enterprise
  လမ်း ၃၀၊ ၇၇× ၇၈လမ်းကြား၊ မန္တလေး၊ ဖုန်း-၀၂-၆၅၇၂၁၊ ၇၁၀၉၅၊ ၀၉-၂၀၀၁၀၈၉၊ ၀၉-၅၁၀၆၃၃၈

www.foreverspace.com.mm



# Birthday Coffee Mix

**မြန်မာနိုင်ငံတွင် အဆင့်မီထုတ်လုပ်ထားသော အသင့်သောက် ကော်ဖီမစ်ဈေးကွက်အတွင်း အသစ်ထပ်မံဝင်ရောက်လာသည့် စားသောက်ကုန်တစ်မျိုး ဖြစ်သည်။**

☆ Super One Co., Ltd. က ၂၀၁၀ ပြည့်နှစ် ဇွန်လတွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ကုမ္ပဏီအကြီးအကဲ ဒေါ်စန်းစန်းရီဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်လေးဦး၊ ဝန်ထမ်းအင်အား ၈၀ ဦးကျော်ရှိ။

☆ ဘရာဇီးနိုင်ငံမှ ကော်ဖီမှုန့်၊ နယ်သာလန်နိုင်ငံမှ အဆီလွတ်နို့မှုန့်တို့ကို ကုန်ကြမ်းအဖြစ်အသုံးပြုထား။

☆ ဘရာဇီးနိုင်ငံမှ နည်းပညာရယူ၍ စင်ကာပူနှင့်မလေးရှားနိုင်ငံမှ နည်းပညာရှင်နှစ်ဦးက ကြီးကြပ်ကွပ်ကဲထုတ်လုပ်ဟုဆို။

☆ တစ်ရက်တာထုတ်လုပ်မှုအရေအတွက် ၃၀၀,၀၀၀ Sticks ရှိဟုဆို။

☆ Birthday Coffeemix (Original နှင့် Creamy )၊ Birthday Milk Tea ၊ Birthday Non-Dairy Creamer ဟူ၍ အမယ်လေးမျိုး ထုတ်လုပ်ထား။

☆ Birthday Coffee အပြင် Super One ကုမ္ပဏီမှ Super One Coffeemix, Super One Teamix, Super One brand sugar တို့ကိုလည်း ထုတ်လုပ်ထား။

☆ တစ်ထုပ်လျှင် ၅၀ ကျပ်ဖြင့် ဈေးနှုန်းတစ်ပြေးညီ ရောင်းချမည်ဟုဆို။

☆ ကုန်ပစ္စည်းအာမခံသက်တမ်း ၂ နှစ်ပေးထားပြီး ကုမ္ပဏီမှတိုက်ရိုက်ဖြန့်ချိကြောင်းသိရ။

☆ နီးစပ်ရာစတိုးဆိုင်၊ City Mart နှင့် ဆူပါမားကတ်များတွင် ဝယ်ယူနိုင်။






☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

Sales & Marketing Department
ဒေါ်မေထွေး၊ ဒေါ်ဇင်မာဝင်း၊ ဦးစိုးနိုင်၊ ဦးဇော်ဝင်းခိုင်
Super One Int'l Co., Ltd.
အခန်း D– ၁/၂/၃၊ မြေညီထပ်၊ ကမ်းနားလမ်း၊ လမ်းမတော်လမ်းထောင့်၊ ညောင်ပင်လေးပလာဇာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၀၄၀၉၊ ၀၉–၁၀၃၀၁၉၇၊ ၀၉–၈၆၁၇၉၀၅၊ ၂၀၂၈၅၆

www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၅-၇-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းနှင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့်လည်းကောင်း ယင်းနိုင်ငံတွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၆-၇-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်နှင့် တွေ့ဆုံဆွေးနွေး။

## ၈-၇-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ရှန်တုံးပြည်နယ်၊ ချင်းတောင်မြို့တော်ဝန် မစ္စတာရှကန်းနှင့် တွေ့ဆုံဆွေးနွေး။

## ၉-၇-၂၀၁၀

* ဂျာမနီသမ္မတနိုင်ငံ JBG Gauff Ingenieure မှ Managing Director, Mr. Kurt Birkenmeier ခေါင်းဆောင်သော အဖွဲ့ဝင်နှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၁၃-၇-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Cho Byung-jae သည် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီနှင့်လည်းကောင်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၄-၇-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး မစ္စတာအင့်ဂ်နာဆီယို၊ ဆာဂတ်ဇ်တမ်ပရာနိုသည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး ဒေါက်တာ ဗီလာဆွန်ဒါရာရာဂျမ်ရေရှာဒရီသည် လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရေရှာဒရီသည် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီနှင့်လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်နှင့်လည်းကောင်း၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီး ဦးဇော်မင်းနှင့် လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၅-၇-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွဒါရာရာဂျမ်ရေရှာဒရီသည် ပို့ဆောင်

www.foreverspace.com.mm



ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေနှင့် တွေ့ဆုံဆွေးနွေး။

### ၁၈-၇-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung-jae သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းနှင့် တွေ့ဆုံဆွေးနွေး။

### ၂၁-၇-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Machinery Import & Export Corporation ဥက္ကဋ္ဌ Mr. Sunjianrong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် တွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung-jae နှင့် ကိုရီးယားသမ္မတနိုင်ငံ BOOYOUNG CO., LTD. ဥက္ကဋ္ဌ Dr. Lee Joong Keun နှင့်အဖွဲ့သည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်နှင့် တွေ့ဆုံဆွေးနွေး။

* SINO Truck Limited မှ Mr. Yang Zheng Xu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းနှင့် တွေ့ဆုံဆွေးနွေး။

### ၂၇-၇-၂၀၁၀

* အိန္ဒိယသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ဟာမစ်အန်ဆာရီနှင့်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်နှင့်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Somanahalli Mallaiah Krishana နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

* အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားခဲ့ကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းနှင့် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှအပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ မစ္စတာရာဂျန်ဘာရ်တီမစ်တာလ်၊ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန တွဲဖက်အတွင်းဝန် မစ္စတာဆူမန်ကာချောင်ဒရီ၊ အသင်းချုပ် လက်ထောက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ မန်ဂျူးပရာကတ်ရှ်တို့နှင့် တွေ့ဆုံဆွေးနွေး။

* အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားခဲ့ကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ဝန်ကြီးဦးသောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာနိုင်ငံကုန်သည်လုပ်ငန်းရှင်များအဖွဲ့သည် အိန္ဒိယကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး။

* အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် အိန္ဒိယသမ္မတနိုင်ငံ Vibann Network Limited India မှ ဥက္ကဋ္ဌ Mr. Rajiv Mehrotra နှင့် ဒုတိယဥက္ကဋ္ဌ (Marketing) Mr. NK Mohapatra တို့နှင့်လည်းကောင်း၊ Telecommunication Consultants India Limited မှ ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာ Mr. Rakesh K Upadhyay နှင့် အထွေထွေမန်နေဂျာ Mr. Nirmal Kumat Jain တို့နှင့်လည်းကောင်း၊ Bhati Air Tel Limited မှ အမှုဆောင်အရာရှိချုပ် Mr. Sanjay Kapoor နှင့် ညွှန်ကြားရေးမှူး Mr. Narender Gupta တို့နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm

* အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားသည့် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းသည် အိန္ဒိယသမ္မတနိုင်ငံ Hindustan Machine Tools International အဖွဲ့နှင့်လည်းကောင်း၊ TA TA Motor Ltd. မှ တာဝန်ရှိသူများနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

### ၃၀-၇-၂၀၁၀

* ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E. Dr. Wannarat Channukul ဦးဆောင်သောအဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပတ်ယွီချွမ်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး။

### ၅-၈-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E Chu Cong Phung နှင့် ဗီယက်နမ်နိုင်ငံ Vietransinex ကုမ္ပဏီဥက္ကဋ္ဌ Mr. Nguyen Van Thanh ဦးဆောင်သော အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

### ၆-၈-၂၀၁၀

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brigadier General Md Shahiful Haque, PSC နှင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Vasiliy I. Savenkov နှင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံစစ်သံမှူး Colonel Muhammad Tariq Farid Khan နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**
**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**
**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**
**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂**

www.foreverspace.com.mm



# WHICE & WHY
# ဘယ်ပစ္စည်းဘာ့ကြောင့်

## ချည်သားအဝတ်သေတ္တာ

B-012 မော်ဒယ်လ်အမျိုးအစား ချည်သားအဝတ်သေတ္တာဖြစ်။ အလျား ၁၉ လက်မ၊ အနံ ၁၆ လက်မ၊ အမြင့်တစ်ပေအရွယ်ရှိပြီး အရွယ်အစားနှစ်မျိုးရှိ။ အလွယ်တကူခေါက်သိမ်း၍လည်းရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃,၈၀၀ ကျပ်ဖြစ်။






## Foldable Keyboard

ခေါက်လိပ်၍ရနိုင်သော ကွန်ပျူတာသုံး Keyboard ဖြစ်။ ရေဖြင့် သန့်စင်ဆေးကြော၍ရ။ USB နှင့် PS2 Post နှစ်မျိုးသုံးနိုင်။ ကာလာစုံဖြစ်။ ရော်ဘာဖြင့် ပြုလုပ်ထားခြင်းဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅,၃၀၀ ကျပ်ဖြစ်။

## JXD MP 4 Player

JXD အမျိုးအစား M 100 မော်ဒယ်လ်အမျိုးအစား MP 4 Player ဖြစ်။ ကင်မရာ၊ ဗီဒီယို၊ MP3 စသည်တို့အသုံးပြုနိုင်။ Speaker နှစ်ခုပါရှိ။ Memory 2 GB ဖြစ်။ B2-5C ဓာတ်ခဲဖြစ်ပြီး Rechargeable ဖြစ်။ SD Card ထပ်စိုက်၍ရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၉,၅၀၀ ကျပ်ဖြစ်။



www.foreverspace.com.mm

## MP 3 Player နေကာမျက်မှန်



MP 3 Player ဖြင့် အသုံးပြုနိုင်သော နေကာမျက်မှန်ဖြစ်။ Memory 2 GB ပါရှိ။ USB ကို သုံး၍ ကွန်ပျူတာဖြင့် ချိတ်ဆက်အသုံးပြုနိုင်။ Rechargeable ဖြစ်။ Ear Phone ပါရှိ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၉,၀၀၀ ကျပ်ဖြစ်။



## CCTV မီးခြစ်

CCTV Carmera အဖြစ် အသုံးပြုနိုင်သော မီးခြစ်ဖြစ်။ ၅၈× ၃၈× ၁၃ မီလီမီတာ အရွယ်အစားရှိ။ Memory 4 GB ပါရှိ။ ရုပ်ပုံများကို မိနစ် ၄၀ ကြာရိုက်ကူးနိုင်။ Rechargeable ဖြစ်ပြီး နှစ်နာရီကြာ အားသွင်းရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၅,၀၀၀ ကျပ်ဖြစ်။

## ZONOKI MP 3 Head Phones

ZONOKI အမှတ်တံဆိပ် Z-860 မော်ဒယ်လ်အမျိုးအစား MP 3 Head Phones ဖြစ်။ SD/ MMC Card စိုက်၍ အသုံးပြုနိုင်။ Rechargeable ဖြစ်။ MP 3 ဖြင့် သီချင်းများနားထောင်၍ရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၈,၅၀၀ ကျပ်ဖြစ်။






## SONY DVD Player

SONY အမှတ်တံဆိပ် Hi-Fi DVD Player ဖြစ်။ ကိုးလက်မ အရွယ် LCD Screen ပါရှိ။ SD Card, Memory Stick များဖြင့်လည်း အသုံးပြုနိုင်။ Speaker နှစ်ခုပါရှိ။ AC/DC အသုံးပြုနိုင်ပြီး Rechargeable ဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၉၄,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## Euro Cyber Video Camera

Euro Cyber အမှတ်တံဆိပ် DV70 မော်ဒယ်လ်အမျိုးအစား Video Camera ဖြစ်။ 11 Megapixel ရှိပြီး 200M 4X အထိချဲ့နိုင်။ Video နှင့် Camera နှစ်မျိုးစလုံး သုံးနိုင်။ နှစ်လက်မအရွယ် LCD Screen ပါရှိ။ Rechargeable ဖြစ်။ Memory Card စိုက်၍ အသုံးပြုရ။ စင်ကာပူနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၆၅,၀၀၀ ကျပ်ဖြစ်။





## SONY IC Recorder

SONY အမှတ်တံဆိပ် ICDPH720 မော်ဒယ်လ်အမျိုးအစား IC Recorder ဖြစ်။ Memory 2GB ဖြစ်ပြီး ၂၈၈ နာရီ အသံသွင်းနိုင်။ Speaker ပါရှိ။ AAA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရ။ စင်ကာပူနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၉၆,၀၀၀ ကျပ်ဖြစ်။



## SIAM SILK အမျိုးသမီးအင်္ကျီ

SIAM SILK အမှတ်တံဆိပ်အမျိုးသမီးအင်္ကျီဖြစ်။ ပိုးသားဖြင့်ပြုလုပ်ထားခြင်းဖြစ်။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၄၇,၀၀၀ ကျပ်ဖြစ်။



## KHIND Oven Toaster

KHIND အမှတ်တံဆိပ် OT2502 မော်ဒယ်လ်အမျိုးအစား Oven Toaster(မုန့်ဖုတ်စက်) ဖြစ်။ မုန့်ဖုတ်၊ ဟင်းနွှေး၊ အသားကင်၊ ကြက်ကောင်လိုက်ပေါင်းခြင်းများအတွက် အသုံးပြုနိုင်။ Timer ပါရှိပြီး Manul ဖြစ်လည်း အသုံးပြုနိုင်။ 1600 Watt ဖြစ်။ အာမခံ တစ်နှစ်ဖြစ်။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၄,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## Panasonic Presure Cooker



Panasonic အမှတ်တံဆိပ် PPC 1800 မော်ဒယ်အမျိုးအစား Presure Cooker ဖြစ်။ ထမင်းချက်၊ ဟင်းပေါင်း၊ ဆန်ပြုတ်ခြင်းများအတွက် အသုံးပြုနိုင်။ Timer ပါရှိ။ 900 Watt ဖြစ်။ အာမခံတစ်နှစ်ဖြစ်။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၃၀,၀၀၀ ကျပ်ဖြစ်။



## KHIND ခြင်ဖမ်းစက်

KHIND အမှတ်တံဆိပ် IK 210 မော်ဒယ်လ်အမျိုးအစား ခြင်ဖမ်းစက်ဖြစ်။ တစ်ပေမီးချောင်း နှစ်ချောင်းပါရှိ။ ၁၀ ပေပတ်လည်ရှိ ခြင်များကို ရှော့ခ်ရိုက်ဖမ်းဆီးပေးခြင်းဖြစ်။ အာမခံတစ်နှစ်ပေးထား။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၅၀,၀၀၀ ကျပ်ဖြစ်။

## Mistral Induction Cooker



Mistral အမှတ်တံဆိပ် MIC1800 မော်ဒယ်လ်အမျိုးအစားသံလိုက်မီးဖိုဖြစ်။ 800 Watt ဖြစ်။ သံဓာတ်ပါသော အိုးများဖြင့်သာ ချက်ပြုတ်နိုင်။ Timer ပါရှိ။ ဓာတ်လိုက်ခြင်း၊ အပူလောင်ခြင်းမရှိ။ အာမခံတစ်နှစ်ဖြစ်။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇၆,၀၀၀ ကျပ်ဖြစ်။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့် အချက်အလက်များကို Ever Fine၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၆-၈-၂၀၁၀)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈၇) | ၅၀ |
| Dagon Jeep | | (၈၄) | ၁၀၀ |
| Toyota Publica | 84 | (၁က) | ၉၅ |
| Sunny Pickup | 81 | (ခ) | ၆၅ |
| Nissan Sunny Supersaloon | 86 | (၃က) | ၁၈၅ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၀၀ |
| Suzuki Wagon R+(အနက် + ကြံရည်) | | ၁၇ | ၂၅၀ |
| Suzuki Wagon R- | | ၁၇ | ၁၃၀ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (၈၄) | ၁၉၀ |

| | | | |
|---|---|---|---|
| Toyota Corolla (90) | CE 96 | (၃က) | ၂၃၀ |
| Corolla 1C Van ဒီဇယ် | CE96 | (၉က) | ၂၈၀ |
| Toyota MarkII | 94 | (၉ခ)ဒီဇယ် | ၆၀၀ |
| Mitsubishi Pajero V46(လေလံ) | 96 | (၃၇)လေလံ | ၉၀၀ |
| Toyota Hilux Surf S/W(လေလံ) | 97 | (၃ခ) | ၁,၅၈၀ |
| Land Crusier | 2000 | (၉ခ)ဒီဇယ် | ၂,၀၀၀ |
| Parado | 97 | (၃၇)လေလံ | ၁,၅၅၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm

## တီဗီရောင်စုံ

(၂၅-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SONY | KLV 22Bx300 | 22" | ၂၉၉,၀၀၀ |
| SONY | KLV 26Bx300 | 26" | ၃၆၉,၀၀၀ |
| SONY | KLV 32Ex400 | 32" | ၅၉၉,၀၀၀ |
| SONY | KLV 40Bx400 | 40" | ၈၇၉,၀၀၀ |
| T-Home | SA2K8 | 21" | ၁၀၉,၀၀၀ |
| T-Home | TH3420 | 34" | ၂၉၉,၀၀၀ |
| LG | 42PJ250 (Plasma) | 42" | ၆၉၉,၀၀၀ |
| LG | 42LD460 (LCD) | 42" | ၇၇၅,၀၀၀ |
| LG | 42LD650 | 42" | ၁,၀၄၉,၀၀၀ |
| LG | 32LH20R | 32" | ၄၅၅,၀၀၀ |
| Sumsaung | 22.350 | | ၂၀၅,၀၀၀ |
| Tashiba | LZE 21-28 | | ၁၃၀,၀၀၀ |

## ရေခဲသေတ္တာ

(၂၅-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ်လ် | နှုန်း(ကျပ်) |
|---|---|---|
| LG | GN.V191SL (1 door) | ၁၉၅,၀၀၀ |
| LG | GN.V231SL (1 door) | ၂၁၅,၀၀၀ |
| LG | GN.V212RL (2 door) | ၂၈၅,၀၀၀ |
| Samsung | RA20F17 | ၁၈၅,၀၀၀ |
| LG | GN-V292RLC (2 door) | ၃၃၅,၀၀၀ |
| Panasonic | NR.BT222 | ၂၇၅,၀၀၀ |
| Panasonic | 222 (2 door) | ၃၀၀,၀၀၀ |
| Panasonic | 262 (2 door) | ၃၇၀,၀၀၀ |
| Panasonic | 302 (2 door) | ၄၄၀,၀၀၀ |
| Sonyo | SR 811 | ၄၉၉,၀၀၀ |

## DVD ပြစက်

(၂၅-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | DV-522 | ၄၅,၀၀၀ |
| LG | DV-556 | ၅၀,၀၀၀ |
| LG | DV-497H (HDMI) | ၈၉,၀၀၀ |
| Sukura | EVD/DVK 75 | ၃၅,၀၀၀ |
| Toshiba | DV380 | ၃၅,၀၀၀ |
| Daewoo | 1400S | ၄၉,၀၀၀ |

## လေအေးစက်

(၂၅-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ်လ် | နှုန်း(ကျပ်) |
|---|---|---|
| LG | HS.CO96QA3(1hp) | ၂၄၉,၀၀၀ |
| LG | Co964 SA3(1hp) | ၂၅၉,၀၀၀ |
| LG | HS-C 1264 SA4(1.5Hp) | ၃၂၅,၀၀၀ |
| | HS-C 126 B&M1(1.5) | ၃၆၉,၀၀၀ |

## အဝတ်လျှော်စက်

(၂၅-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG(Fully Auto) | WF-T6515(7kg) | ၁၉၉,၀၀၀ |
| LG(Fully Auto) | WF-T7017(7.5kg) | ၂၄၅,၀၀၀ |
| LG(Semi) | WP-900R (6.5kg) | ၁၈၉,၀၀၀ |
| LG(Semi) | WP-1460 (10.5kg) | ၂၄၉,၀၀၀ |
| Panasonic | 70B1 (7kg) | ၂၆၀,၀၀၀ |
| Panasonic | 90H1 (9kg) | ၄၇၀,၀၀၀ |
| Panasonic | 80B1 (8kg) | ၃၇၀,၀၀၀ |
| Panasonic | 12T1 (12kg) | ၆၉၅,၀၀၀ |
| Daewoo | DW900C | ၁၇၉,၀၀၀ |
| Daewoo | DWF200KR | ၃၂၀,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၅-၇-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၅,၉၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၇၅၀ |
| Junior Horlick (400g) | ၂,၉၅၀ |
| Milo (285g) ခဲထုပ် | ၂,၈၅၀ |
| Milo (400g) (ပုလင်း) | ၃,၀၀၀ |
| Ovaltine (400g) နီ | ၂,၉၀၀ |
| Ovaltine (200g) နီ | ၁,၃၅၀ |
| Ovaltine 400g (ဖြူ) | ၃,၃၅၀ |
| Ovaltine 200g (ဖြူ) | ၁,၆၅၀ |
| Ovaltine 400g (စက္ကူဘူးနီ) | ၂,၈၀၀ |

www.foreverspace.com.mm



## မုန့်ပုံးသံဘူး

(၂၅-၈-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၀၀၀ |
| Cream Crackers(Hup Seng) | ၅,၃၀၀ |
| (KHOAN GUAN) Top Choice | ၆,၀၀၀ |
| (HWA TA) Choice | ၄,၇၀၀ |
| Summer Biscuit Assorties | ၄,၇၀၀ |
| Lucky Love | ၄,၇၀၀ |

## ခေါက်ဆွဲခြောက်

(၂၅-၈-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၅၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ပုစွန်ချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၃၀၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၅၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၅၀ |
| MA MA ကြက်သားခေါက်ဆွဲ(စိမ်း) | ၃၀၀ |
| MA MA ကြက်ကင်ခေါက်ဆွဲ(နီ) | ၃၀၀ |

## သွားတိုက်ဆေး

(၂၅-၈-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/ ၇၅၀ |
| Best-T (125g) Gel | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၀၀ |
| Colgate (160g) Double Cool Stripe | ၁,၂၅၀ |
| Close-Up (New)(18 g) | ၁၅၀ |
| Close-Up (160g) ပြာ | ၁,၅၀၀ |
| Colgate Fresh Cool Mint 200g | ၁,၂၅၀ |
| Colgate Great Regular 200 g | ၁,၂၅၀ |
| Colgate Whitening 160g | ၂,၁၅၀ |
| Colgate gel (စိမ်း) 160g | ၁,၅၅၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၅-၈-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၅၀ |
| Imperial Leather (125g) | ၄၅၀ |
| Family Care 125g | ၄၀၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၄၅၀ |
| Spa | ၂၅၀ |
| E-Lan | ၂၅၀ |
| KAO | ၃၅၀ |
| Parrot | ၂၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၅၀ |

## ခေါင်းလျှော်ရည်

(၂၅-၈-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၃,၃၀၀ |
| Head and Shoulder 200g | ၁,၈၀၀ |
| Head and Shoulder 90ml | ၇၀၀ |
| Pantene 400g | ၃,၂၀၀ |
| Pantene 200g | ၁,၇၀၀ |
| Pantene 90ml | ၆၀၀ |
| Clinic Clear 380g | ၃,၈၀၀ |
| Palmolive 100ml | ၉၀၀ |
| Palmolive 200 ml | ၂,၀၀၀ |
| Rejoice 360ml | ၃,၁၀၀ |
| Rejoice 90ml | ၄၅၀ |

## ခြင်ဆေးခွေ

(၂၅-၈-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Rainger | ၃၅၀ |
| Raid | ၃၅၀ |
| Fuji | ၃၀၀ |
| FIGHTER | ၂၅၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၄၀၀ |
| Baby Care(ယိုးဒယား) | ၅၀၀ |

www.foreverspace.com.mm



# ကွန်ပျူတာ ဈေးနှုန်းများ

( ၂၄-၈-၂၀၁၀)

**❑ Lucky Bird P4 Home & Office PC 775**

- Intel Pentium 4-775 Dual Core 2.6 GHz
- Memory 1 GB DDR2 800
- MSI Motherboard
- 250 GB HDD SATA
- AOPEN PS2 Keyboard & Optical Mouse & PAD
- P4 ATX Tower Casing
- Speaker

Price 229 US$

**❑ Acer Aspire 4741-G Notebook**

- Intel Core i3 Processor (2.26 GHz/ 3MB L3 Cache)
- 2 G DDR 3 RAM
- 14" HD LED Back Light Display
- nVidia Geforce G310M (512 MB)
- 320 GB HDD SATA
- Acer Notify 802.11 b/g/n
- DVD RW (Double Layer)
- HDMI Bluetooth
- Free DOS

Price 599 US$

**❑ KMD Classic Model**

- Intel Pentium Dual Core 2.7 GHz, E 5400 (2MB L2 Cache, 800 MHz)
- Intel G31 Chipset Motherboard with PCIE + Sound + LAN
- 320 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 18.5" LCD Color Digital Monitor (Acer, Wide View)
- Prolink Combo Super Slim Keyboard, Optical Mouse and Pad
- P4 Casing (Medium Light)

Price 367,000 Ks

**❑ TOSHIBA Satellite L510 (PSLF8ML-002004) Notebook**

- Intel Dual Core 2 Duo T6570, 2.1 GHz Processor
- 14.0" WXGA HD 200 CSV Super Shine View screen
- Blacklight TFT Display, (Resolution 1, 366x768)
- 2 GB DDR3 SDRAM
- 250GB HDD [SATA]
- DVD-RW Super Multi Double Layer Drive
- Wireless LAN 802.11 b/g, Bluetooth,
- Intel Graphics Media Accelerator 4500 M
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Web Cam, Card Reader, Mouse, Headphone

Price 605 US$

**❑ Lucky Bird P4 Accelerator PC 775**

- Intel Pentium 4-775 Core i3 530 2.93 GHz 4MB/ 1366MHz (775 CPU)
- ASUS 512MB PCI Express Graphic
- 2GB DDR 2 RAM
- 500 GB HDD SATA
- ASUS/MSI GIGABYTE Core i3 Motherboard
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 444 US$

**❑ KMD Innovator Model**

- Intel Pentium Core i3 2.93 GHz E 7400 (4 MB L2 Cache)
- Intel H55 Express Chipset Motherboard (1156/ DDR2/ 1333) (with PICE, Sound + LAN)
- 2GB DDR3 RAM (PC 1333 MHz) Kingston

www.foreverspace.com.mm

- 320 GB HDD SATA
- 18.5" LCD Color Monitor LG/Acer (Wide View)
- Prolink Combo Super Slim Keyboard & Mouse (Myanmarsar)
- Optical Mouse Pad
- P4 Casing (Light High)

Price 493,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (Samsung) SATA | 25,500 Ks |
| 22 x DVD Writer (LG) SATA | 28,000 Ks |
| 24 x DVD Writer (Sony) SATA | 28,000 Ks |
| 24 x DVD Writer (ASUS) SATA | 31,000 Ks |
| 24 x DVD Writer (Samsung) SATA External | 54,000 Ks |
| Microlab M 223 Speakers with sub woofer | 25,000 Ks |
| Microlab M 900 Speakers with sub woofer | 37,000 Ks |
| Microlab M 666 Speakers with sub woofer | 31,000 Ks |
| Microlab M-200 Speakers with sub woofer | 28,000 Ks |

## ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 24,500 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 42,500 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 46,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) Notebook RAM | 53,000 Ks |

## ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 40,500 Ks |
| 320 GB (Seagate) SATA | 43,000 Ks |
| 500 GB (Seagate) SATA | 45,000 Ks |
| 750 GB (Seagate) SATA | 58,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 41,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 46,000 Ks |
| 320 GB (Seagate) Notebook SATA | 51,000 Ks |

## ❑ Monitor

| | |
|---|---|
| 18.5" LCD Color Monitor (Philips) | 133,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 140US$ |
| 20" LCD Color Monitor (Acer) | 138,000 Ks |
| 18.5" LCD Color Monitor (LG) Wide View | 126,000 Ks |
| 18.5" LCD Color Monitor (Acer)Wide View | 126,000 Ks |
| 18.5" LCD Color Monitor (Samsung) | 140,000 Ks |
| 32" LCD Monitor (Prolink) 3201TW with TV and Speakers | 420,000 Ks |

## ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 45 US$ |
| Canon PIXMA-iP6320 Printer (USB) | 47,000 Ks |
| Canon Laserjet 3050 Printer (USB) | 99,000 Ks |
| HP Laserjet 1215 Printer (USB) | 370,000 Ks |
| HP Desk Jet 2410 Printer | 58,000 Ks |
| HP Laserjet 1522N AIO Printer With Cable (3 in 1) | 435,000 Ks |
| EPSON Stylus T11 Printer With Cable | 52,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 198,000 Ks |
| Star Receipt Printer | 240,000 Ks |
| HP Laserjet M1212NF AIO Printer with cable (4in1) | 350,000 Ks |
| Fuji Xerox Colour Laser DPC 1110B | 420US$ |
| Fuji Xerox Multifunction WC PE 220 | 350US$ |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 59,500 Ks |
| HP 1010/ 1320/ 1300 Toner | 67,500 Ks |
| HP 2015/ 1522 Toner | 74,000 Ks |
| Canon 2900 Toner/Canon 3050 Toner | 54,500 Ks |
| Canon 1120 Toner | 54,500 Ks |
| HP 2055 Toner | 75,000 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| Canon Scanner Lide 100 | 57,000 Ks |

## ❑ UPS

| | |
|---|---|
| 650 VA (Power Tree/ Prolink) Basic | 41,000 Ks |
| 1250 VA (Power Tree/ Prolink) | 72,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 68,000 Ks |

## ❑ External Hard Disk

| | |
|---|---|
| External USB HDD 320 GB Verbatim | 62,000 Ks |
| External USB HDD 500 GB Verbatim | 78,000 Ks |
| External USB HDD 320 GB Toshiba | 72US$ |
| External USB HDD 500 GB Toshiba | 98 US$ |
| External USB HDD 1000 GB Toshiba | 189 US$ |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၁၂၄ အရှေ့တောင်အာရှတစ်နေရာ
၁၃၄ ဆေးခန်းကြီးများ ဆေးရုံဖြစ်ပြီ
၁၃၈ လယ်သမားဘဝက လမ်းခွဲလာသူ
၁၄၄ သူတို့ဆီက မူးယစ်ဆေးဝါး
၁၄၈ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၁၄)
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၆)




# အရှေ့တောင်အာရှ၏တစ်နေရာ

တင်အောင်ကျော်

**အရှေ့တောင်အာရှ၏တစ်နေရာသည် ထိုနေ့က ရက်ပိုင်းအတွင်း ကမ္ဘာနှင့်အဝန်း လူအများအာရုံစိုက်သည့်နေရာတစ်ခု ဖြစ်လာခဲ့သည်။ ထိုနေရာမှ အဖြစ်အပျက်လှုပ်ရှားမှုများကို လွန်ခဲ့သော ဇူလိုင်လတတိယပတ်အတွင်းက မြန်မာနိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံးမှ သန်းပေါင်းများစွာသော လူတို့သည် စောင့်ကြည့်နေခဲ့ကြသည်။ အချို့သည် ရုပ်သံ TV များမှ၊ အချို့သည် အင်တာနက်စာမျက်နှာပေါ်ရှိ သတင်းများမှ၊ အချို့သည် ဘာသာပေါင်းစုံဖြင့်ထုတ်ဝေသည့် နေ့စဉ်ထုတ်သတင်းစာ များမှတစ်ဆင့် . . .။**

ယခုနှစ်အတွင်း သမိုင်းဝင်ရွေး ကောက်ပွဲကျင်းပရန်ရှိသည့် မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားလှယ်များ၊ ချွန်းနန်းသဘော် နစ်မြုပ်မှုနှင့်ပတ်သက်၍ ကမ္ဘာ့မီဒီယာများ က အာရုံစိုက်နေသည့် မြောက်ကိုရီးယား၊ အာရှအပေါ် ချဉ်းကပ်မှုအသစ်နှင့်ဆက်ဆံ လာနေသော ဟီလာရီ ဦးဆောင်သည့် အမေရိကန်သံတမန်များ၊ တောင်တရုတ် ပင်လယ်အတွင်း အငြင်းပွားမှုဖြစ်ပေါ်စေ

www.foreverspace.com.mm



သူ တရုတ်ကိုယ်စားလှယ်အဖွဲ့တို့သည် ထို အချိန်က အရှေ့တောင်အာရှရှိ အဆောက် အအုံတစ်ခု၏ အမိုးအောက်တွင် ရောက်ရှိ စုဝေးနေကြသည်။

ထိုနေရာကား လွန်ခဲ့သော နှစ်ငါး ဆယ်က အမေရိကန်တို့၏ဗုံးဒဏ်ကို အလူးအလဲခံခဲ့ရသည့် ဗီယက်ကောင်းတို့၏မြေ ဟနွိုင်းမြို့၏တစ်နေရာတွင် ဖြစ်သည်။

ဟနွိုင်းမြို့လယ်မှ ရှည်လျားသော ရောင်စုံဆိုင်ကယ်စီးကြောင်းများ၏အလွန် တစ်ဖက်တစ်ချက်တွင် သစ်ပင်များ တန်းစီ စိုက်ပျိုးထားသော Pham Hung လမ်းမကြီးပေါ်ရှိ အမိုးခုံးအဆောက်အအုံကြီး၏ရှေ့တွင် အာဆီယံအပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ အလံများတလူလူလွင့်လျက်ရှိပြီး အဆောက်အအုံကြီးအဝင်ဝတွင် နိုင်ငံပေါင်းစုံမှကိုယ်စားလှယ်များ ခမ်းနားတောက်ပသော အနောက်တိုင်းဝတ်စုံများကိုဝတ်ဆင်လျက် တဖွဲဖွဲဝင်ရောက်လျက်ရှိကြသည်။


အဆောက်အအုံ၏ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ် လက်ဝဲလက်ယာရှိ အစည်းအဝေးခန်းမများတွင် ဇူလိုင် ၂၀ရက်နေ့မှစတင်၍ အာဆီယံနှင့်ဒေသတွင်း နိုင်ငံများ၏ဆွေးနွေးပွဲများ ကျင်းပလျက်ရှိပြီး အနောက်တိုင်းဝတ်စုံဝတ် သံတမန်များ ခန်းမအတွင်း ဝင်ရောက်ရာ စက်လှေကားမှ တစ်ဆင့်အစည်းအဝေးများကျင်းပနေစဉ်ကာလ အဆုံး ကမ္ဘာအနှံ့မီဒီယာပေါင်းစုံမှ သတင်းစာဆရာ ၈၀၀ ဦးကျော် ရောက်ရှိသတင်းယူလျက် ရှိကြသည်။

"အခြေအနေကို ဖန်တီးယူသော၊ တာဝန်သိသော၊ အပြုသဘောဆောင်သော အပြုအမူများဖြင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူသော ဗီယက်နမ်သည် အာဆီယံအဖွဲ့ကြီး ပိုမိုခိုင်မာလာစေရေး အတွက် တာဝန်ယူပါမည်"ဟု ဗီယက်နမ် ဝန်ကြီးချုပ် 'ငုယင်တန်ဒေါင်း'က ဖွင့်ပွဲနေ့ အခမ်းအနားတွင် ထည့်သွင်းပြောကြား သည်။



"ဒေသတွင်းနဲ့ ယနေ့ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးနဲ့လုံခြုံရေးဆိုင်ရာကိစ္စတွေအပါအဝင် လက်ရှိဖြစ်ပေါ်နေတဲ့ အကျပ်အတည်း စိန်ခေါ်မှုတွေကို ကမ္ဘာပေါင်းစုံပူးပေါင်းပြီး အရှိန်မြှင့်ဖို့ စီမံချက်တွေချမှတ်နိုင်ပါလိမ့်မယ်။ အပြုသဘောဆောင်ပြီး အကျိုးဖြစ်ထွန်းတဲ့ ဆွေးနွေးမှုတွေ ဒီဆွေးနွေးပွဲက ရရှိပါလိမ့်မယ်။ လျော်ကန်သင့်မြတ်တဲ့အဖြေတွေလည်း ထွက်ပေါ်လာပါလိမ့်မယ်"ဟု အာဆီယံဒေသတွင်းနီးနှောဖလှယ်ပွဲအခမ်းအနားတွင် ကွန်မြူနစ်ဝါဒ တစ်ပါတီစနစ်ကျင့်သုံးသည့် ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသည်။

အတိတ်ကခါးသီးသော ရန်သူတော်ဟောင်းကြီး အမေရိကန်ကို လက်ဆွဲနှုတ်ဆက်နိုင်သော ဗီယက်နမ်သည် ယခု အာဆီယံဒေသတွင်း ယခုအခမ်းအနားကိုသာမက



www.foreverspace.com.mm

ဗီယက်နမ်–အမေရိကန် နှစ်နိုင်ငံ သံတမန် ပြန်လည်ဆက်သွယ်မှု ၁၅ နှစ်ပြည့် အခမ်းအနားကိုပါ အဆိုပါရက်က ဟန္ွိုင်းတွင် ကျင်းပခဲ့သည်။

လွန်ခဲ့သောနှစ် ၅၀ က အမေရိကန် ဗုံးဒဏ်ဆိုးဆိုးရွားရွားခံခဲ့ရသော မြစ်နီပေါ်ရှိ ဗီယက်ကောင်းတို့မြေ ဟန္ွိုင်းသည် လာမည့် ၂၀၂၀ တွင် လူဦးရေသန်း ၂၀ ခန့်သို့ ရောက်ရှိလာမည်ဟု ခန့်မှန်းထားပြီး ယခုနှစ် အောက်တိုဘာလတွင် မြို့တည်သက်တမ်း နှစ် ၁၀၀၀ ပြည့်ကိုကျင်းပရန် စီစဉ်လျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသည်များဖြင့် ပြည့်နှက်နေသော၊ လက်ကိုင်ဖုန်းနံပါတ်တစ်ခုကို နေရာမရွေး လေးဒေါ်လာဖြင့်ဝယ်ယူ၍ ရနိုင်သော၊ ATM ငွေထုတ်စက်များ၊ ကိုကာကိုလာ၊ ဟွန်ဒါ၊ ဘီယာယဉ်ကျေးမှု၊ မီနီမိုက်ခရိ ဘောင်းဘီတိုဝတ် လုပျိုဖြူများ ပေါများသော ဟန္ွိုင်းသည် ယခုအခါ အာဆီယံဒေသတွင်း ကမ္ဘာသိအစည်းအဝေးကြီးများကို လက်ခံကျင်းပသည့် အခြေအနေထိ ၁၅ နှစ်အတွင်း ကြိုးစားခဲ့ပြီး ခါးသီးသောအတိတ်ကို မျက်ကွယ်ပြုနိုင်ခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလမှစတင်၍ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သော ဗီယက်နမ်သည် ၁၉၉၅ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်ဖြစ်လာခဲ့ကာ အာဆီယံအဖွဲ့ဝင်သစ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) နိုင်ငံများအနက် တစ်ဟုန်ထိုး စီးပွားရေးတိုးတက်ဖွံ့ဖြိုးနေသောနိုင်ငံလည်းဖြစ်သည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်မှ စတင်၍ ဗီယက်နမ်စီးပွားရေးသည် တစ်ရှိန်ထိုးပြောင်းလဲလာခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးပုံစံသစ်ကို အတုယူလုပ်ကိုင်နေသည်ဟုလည်း ပြောဆိုကြသည်။

ဟန္ွိုင်းမြို့ NCC အစည်းအဝေးခန်းမကြီး၏ ခမ်းနားကြီးကျယ်မှုကို ဖိလစ်ပိုင်နိုင်ငံ စီဘူးရှိ နိုင်ငံတကာအစည်းအဝေးများကျင်းပရာ ခန်းမကြီးထက် ကြီးကျယ်ခမ်းနားပါသည်ဟု အာဆီယံယခင်အဖွဲ့ဝင်ဟောင်း ဖိလစ်ပိုင်နိုင်ငံမှ ၎င်းတို့၏ ကိုယ်စားလှယ်တစ်ဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့ရာတွင် ယင်းအစည်းအဝေးခန်းမကြီးကို ဆောက်လုပ်ပေးခဲ့သူမှာ ဗီယက်နမ်မြေပေါ် နှစ်ပေါင်း ၁၀၀၀ ခန့် အုပ်စိုးခဲ့သည့် တရုတ်တို့ဖြစ်သည်ဟု ဟန္ွိုင်းမြို့ခံတစ်ဦးက ပြောကြားသည်။



## ဝိသေသနောက်ခံများ

ဗီယက်နမ်နိုင်ငံ ဟန္ွိုင်း၏ (၁၇) ကြိမ်မြောက်ကျင်းပသော အာဆီယံဒေသတွင်းနိုးနှောဖလှယ်ပွဲသည် ကွန်မြူနစ်နိုင်ငံက ပထမဆုံးအကြိမ်လက်ခံကျင်းပသော အစည်းအဝေးဖြစ်ပြီး အခြားသောဝိသေသများကလည်း အစည်းအဝေးကို ထူးခြားစေခဲ့သည်။

– ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မကြာမီက ရွေးကောက်တင်မြှောက်ခံရသော သမ္မတသစ် အကွီနိုလက်ထက် ၎င်းနိုင်ငံမှ သံတမန်များလာရောက်ခြင်း၊

– အင်ဒိုနီးရှားအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးသစ် မာတီ၏ ပထမဆုံးအကြိမ် တက်ရောက်ခြင်း၊

– အာဆီယံကို ချဉ်းကပ်မှုအသစ်ဖြင့် ဆက်ဆံနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီတက်ရောက်ခြင်း၊

– အာဆီယံအဖွဲ့သို့ ဝင်ရောက်ရန် ကြိုးပမ်းနေသူ အရှေ့တီမောနှင့် ပါပူဝါနယူးဂီနီ သမုဒ္ဒရာကျွန်းနိုင်ငံများက လာရောက်ခြင်း၊

– နျူကလီးယား၊ ရွေးကောက်ပွဲနှင့်ကမ္ဘာ့မီဒီယာများ စိတ်ဝင်တစားဖြစ်နေသည့် မြောက်ကိုရီးယားနှင့် မြန်မာတို့ တက်ရောက်ခြင်း စသည် ထူးခြားချက်တို့ဖြင့် ပြည့်နှက်နေခဲ့သည်။

အမေရိကန်သမ္မတအိုဘားမား လက်ထက် အာရှကိုချဉ်းကပ်မှုအသစ်ဖြင့် ဆက်ဆံလာနေသော အမေရိကသည် ဒုတိယအကြိမ်မြောက် အာဆီယံအစည်းအဝေးကို တက်ရောက်လာခြင်းဖြစ်ပြီး ၎င်းတို့သည် အာရှကိုထိန်းချုပ်လိုဟန်သဘောရှိသည်ဟု အင်ဒိုနီးရှားနိုင်ငံမှ အာရှရေးရာလေ့လာသူက ပြောဆိုသည်။ သို့ရာတွင် အမေရိကသည် အရှေ့တောင်အာရှတွင် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို သတိပြုမိလာခြင်းကြောင့်ဖြစ်ပြီး အရှေ့တောင်အာရှဒေသ၏ စီးပွားရေးအရ အရေးပါမှုကို သတိပြုစဉ်းစား

www.foreverspace.com.mm






လာ၍လည်းဖြစ်နိုင်သည်ဟု ကျွမ်းကျင်သူတို့က ပြောဆိုကြသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလများဖြစ်သော ၁၉၉၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်ကာလများတွင် ယခုအာရှတွင်းဒေသများနှင့် တရုတ်နိုင်ငံတို့၏ ထူးခြားသောစီးပွားရေးပုံစံများက စီးပွားရေးကျကပ်၌ အလျှန်အမြန် နာလန်ထလာမှုကလည်း အရှေ့တောင်အာရှဒေသသည် ထူးခြားသောပုံစံတစ်ခုရှိနေသည်ကို ဖွင့်ဆိုလိုက်ခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံမှ သတင်းစာဆရာအာဘန်က ပြောကြားသည်။

ကမ္ဘာ့စီးပွားရေး ၊ လူမှုရေး၊ နိုင်ငံရေးဇာတ်ခုံတွင် ယခုကဲ့သို့အရေးပါသောနေရာတွင်ရောက်ရှိနေသည့် အာဆီယံသည် လူဦးရေ ၅၈၃ ဒသမ ၅ သန်းနှင့် စတုရန်းကီလိုမီတာ ၄ ဒသမ ၄ သန်းကျယ်ဝန်းကာ ကမ္ဘာနှင့် နှစ်စဉ် ဒေါ်လာသန်း ၁ ဒသမ ၇ ထရီလီယံ အပြန်အလှန်ကုန်သွယ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အဆိုပါအရှေ့တောင်အာရှအသင်းတွင် စတုရန်းကီလိုမီတာ ခြောက်သိန်းကျော်ဖြင့် ဒုတိယအကျယ်ဝန်းဆုံးဖြစ်ပြီး အင်ဒိုနီးရှားသည် စတုရန်းကီလိုမီတာ တစ်သန်းကိုးသိန်းကျော်ဖြင့် ဧရိယာအကြီးဆုံးနိုင်ငံ ဖြစ်သည်။

လူဦးရေအများဆုံးနိုင်ငံ အင်ဒိုနီးရှားမှာ ၂၂၈ သန်း၊ ဒုတိယလူဦးရေအများဆုံးဖိလစ်ပိုင်နိုင်ငံမှာ သန်း ၉၀၊ ဗီယက်နမ်မှာ ၈၆ သန်းဖြင့် တတိယနေရာတွင်ရှိသည်။ (မြန်မာနိုင်ငံလူဦးရေမှာ ၅၉ ဒသမ ၁၃ သန်းဟု ထုတ်ပြန်ထားသည်။)

၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ တရားဝင်စာရင်းများအရ အာဆီယံနိုင်ငံများ၏ ပြည်တွင်းထုတ်ကုန်ပမာဏသည် အင်ဒိုနီးရှားမှာ ဒေါ်လာသန်း ငါးသိန်းကျော်ဖြင့် ပထမနေရာ၊ ထိုင်းက သန်း ၂ ဒသမ ၇ သိန်းကျော်၊ မလေးရှားက သန်း ၂ ဒသမ ၂ သိန်းကျော်ဖြင့် ရှိကြသည်။

အာဆီယံဒေသတွင်း ပြည်ပပို့ကုန်ပမာဏအများဆုံးနိုင်ငံမှာ ရေပင်မထွက်ရာသည့် စင်ကာပူနိုင်ငံဖြစ်ပြီး ၎င်းနောက်တွင် မလေးရှားနှင့် ထိုင်းတို့ရပ်တည်လျက်ရှိကြသည်။

၁၉၆၇ ခုနှစ်တွင် အဖွဲ့ဝင်ငါးနိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သော အာဆီယံသည် စစ်အေးခေတ်ကြောင့် ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပြီး ဒေသတွင်း ပဋိပက္ခများနှင့်စတင်ဖွဲ့စည်းသော ယင်းငါးနိုင်ငံမှာ ကွန်မြူနစ်ဝါဒ၏ ခြိမ်းခြောက်မှုကိုကာကွယ်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

နှစ်ပေါင်း ၄၃ နှစ်အကြာတွင်မူ အာဆီယံဥက္ကဋ္ဌကို ကွန်မြူနစ်နိုင်ငံကတာဝန်ယူလျက်ရှိပြီး ဒေသတွင်းဆွေးနွေးပွဲများကို ကျင်းပလျက်ရှိသည်မှာလည်း ထူးခြားမှုပင်ဖြစ်သည်။

www.foreverspace.com.mm




ဟန္ဒိုင်း NCC ခန်းမကြီး၏ဂိတ်ပေါက် အမှတ် (၂) အတွင်းမှ လမ်းလျှောက်ဝင်ရောက်လာသော် ငါးမိနစ်ခန့်အကြာတွင် ပင်မအဆောက်အအုံကြီးသို့ ရောက်ရှိသည်။ အဆောက်အအုံအဝင်ဝတွင် အပြာနောက်ခံပေါ် အနီရောင်အင်္ဂလိပ်စာလုံးများဖြင့် အာဆီယံရည်မှန်းချက် ၂၀၁၀၊ အလျား ပေ ၅၀ ခန့်ရှိသည့် ပိုစတာကြီးတစ်ခုကို အလှဆင်ထားပြီး အစည်းအဝေးခန်းကြီး၏ဆင်ဝင်သည် ပေ ၂၀၀ ကျော်ခန့်အကျယ် မှန်တံခါးများဖြင့်အပြည့် အလှဆင်ထားရာ အတွင်းရှိအဆောက်အအုံသုံးထပ်စလုံးကို ထိုးဖောက်မြင်နေရသည်။

မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ် အဆင့်ဆင့်သို့ရွေ့လျားစက်လှေကားများက ပို့ဆောင်ပေးနေပြီး တတိယထပ်အခန်းအမှတ် ၃၁၄ သည် မြန်နှုန်းမြင့် အင်တာနက်တပ်ဆင်ထားသည့် ကွန်ပျူတာ ရာကျော်ခန့် အသုံးပြုရာ မီဒီယာစင်တာတစ်ခု ရှိသည်။ ကမ္ဘာအနှံ့သို့ အာဆီယံဒေသတွင်း ဆွေးနွေးပွဲနှင့်ပတ်သက်၍ပေးပို့နေသော သတင်းဆောင်းပါး၊ ရုပ်သံများသည် ဤနေရာမှ မြစ်ဖျားခံလာခြင်း ဖြစ်သည်။

## ရာဇဝင်တွင်မည့် ဟန္ဒိုင်းဆွေးနွေးပွဲ

ဟန္ဒိုင်း၏ ဝသန္တဥတုဟုဆိုအပ်သော ဇူလိုင်လ ၁၉ ရက်နေ့သည် အာဆီယံဒေသတွင်း နီးနှောဖလှယ်ပွဲကျင်းပနေသော အမျိုးသားကွန်ဗင်းရှင်းစင်တာကြီးပေါ်သို့ ကျဆင်းနေသော အလင်းရောင်တို့က မိုးတိမ်တိုက်များကြောင့် အနည်းငယ်ဖျော့တော့လျက်ရှိသည်။ ခန်းမကြီး၏ မြေညီထပ်သည် မွန်းတည့် ၁၂ နာရီ ထမင်းစားချိန်များမှအပ လူစည်ကားခြင်းမရှိ။ ဒုတိယထပ်၏ညာဘက် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ နားနေသောအခန်းများရှေ့တွင် သတင်းထောက်အချို့သည် အင်တာဗျူးရန် စောင့်ဆိုင်းလျက်ရှိကြသည်။ အဆိုပါသတင်းသမားများအကြား ရေပန်းစားသူနှစ်ဦးမှာ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးသစ်မာတီနှင့် စင်ကာပူဝန်ကြီး ဂျော့စ်ရှိုတို့ ဖြစ်ကြသည်။ သူတို့သည် သတင်းထောက်များမေးသမျှကို ကျွမ်းကျင်ပါးနပ်စွာ ဖြေဆိုကြသည်။

"ဆရာ၊ ကျွန်တော်တို့ကို တစ်ခုလောက်မေးခွင့်ပြုပါ" ငယ်ရွယ်ပျိုမျစ်သော အာဆီယံသတင်းစာဆရာများသည် အစည်းအဝေးခန်းမမှအထွက် မိမိ၏ စာဖတ်ပရိသတ်အတွက် သတင်းဖြစ်စေဖွယ်ရှိသော မေးခွန်းတို့ကို ဤသို့အစချီ၍ အလုအယက်မေးမြန်းလေ့ရှိကြသည်။

အစည်းအဝေးကျင်းပရာ ခန်းမတစ်ဝိုက်များတွင် သတင်းသမားအချို့ဝင်ခွင့်မရ၊ ဓာတ်ပုံရိုက်ရန်ကိုပင် နေရာသတ်မှတ်ပေးထားခဲ့သည်။ အချို့က ရရှိသော

www.foreverspace.com.mm



သတင်းအချက်အလက်များကို မိုဘိုင်းလ်ဖုန်းများဖြင့် သတင်းတိုပေးပို့နေကြပြီး အချို့ကလည်း ကြီးမားသော ကင်မရာကြီးများဖြင့် ရိုက်ကူးလျက်ရှိကြသည်။

သို့ရာတွင် ယခု (၁၇) ကြိမ်မြောက် အာဆီယံဒေသတွင်း ဖိုရမ်တွင် သတင်းသမားများ စိတ်အဝင်စားဆုံးနှင့် တက်ရောက်လာသော ကိုယ်စားလှယ်များ ပြောဆိုဆွေးနွေးမှုအများဆုံး အကြောင်းအရာမှာ သုံးခုသာရှိသည်။ ထိုသုံးခုကား အခြားမဟုတ်။ မြန်မာနိုင်ငံရွေးကောက်ပွဲ၊ ကိုရီးယားချွန်းနန်းသင်္ဘောနစ်မြုပ်မှုပြဿနာနှင့် တောင်တရုတ်ပင်လယ်ရေပိုင်နက်အငြင်းပွားမှုကိစ္စတို့ပင် ဖြစ်သည်။

NCC အစည်းအဝေးခန်းမ၏ ဒုတိယထပ်အစည်းအဝေးခန်းမမှ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီ ထွက်လာချိန်ကို သတင်းထောက်အချို့တို့သည် နေ့စဉ်စောင့်ဆိုင်း၍ သတင်းယူလေ့ရှိသည်။ ကျွဲကော်ကိုင်းမျက်မှန်အနက်၊ သေသပ်ကျနသောအနောက်တိုင်းဝတ်စုံနှင့် ရှင်းလင်းပြတ်သားသော အင်္ဂလိပ်စကားပြောဟန်တို့ဖြင့် သူသည် သတင်းထောက်များ၏မေးမြန်းမှုကို စိတ်ရှည်လက်ရှည် ဖြေလေ့ရှိသည်။ အသက် ၄၅ နှစ်ဝန်းကျင်ခန့်သာရှိမည်ဖြစ်သော မာတီသည် ဝတ်စားဆင်ယင်မှုသာမက သူ၏တွေးခေါ်မြော်မြင်မှုများကပါ ခေတ်မီလျက်ရှိသည်။

သူသည် ယခုနှစ်အတွင်း အာဆီယံဒေသတွင်း ပထမဆုံးကြိမ် ရေကြောင်းသယ်ယူမှုဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပရန် အဆိုတင်သွင်းခဲ့ပြီး ARF ကလည်း အင်ဒိုနီးရှားနိုင်ငံ စုရာဘားရာမြို့တွင် ကျင်းပရန်သဘောတူခဲ့သည်။

မာတီက အာဆီယံဒေသတွင်း နိုင်ငံများအတွင်း ဖြတ်သန်း၍ နျူကလီးယားလက်နက်များကို ရေကြောင်းမှတစ်ဆင့် သယ်ယူပါက အသိပေးကြေညာရမည်ဟု မာတီဦးဆောင်သည့် အင်ဒိုနီးရှားကိုယ်စားလှယ်တို့၏အဆိုကို အာဆီယံဆွေးနွေးဘက်နိုင်ငံများထံသို့ အဆိုတင်သွင်းခဲ့သည်။ ဒေသတွင်းဖြစ်ပေါ်နေသည့် နျူကလီးယားလက်နက်မီးပွားကို မာတီက အာဆီယံနှင့် ချဉ်းကပ်ခဲ့သည်။

ယင်းအဆိုကို ရုရှားနှင့် တရုတ်တို့က ယေဘုယျသဘောတူသော်လည်း အမေရိကကိုယ်စားလှယ်တို့က ရုတ်တရက် သဘောမတူနိုင်သေးဘဲ စဉ်းစားခွင့်တောင်းခဲ့သည်ဟုလည်း မာတီက ရှင်းပြခဲ့သည်။

အစည်းအဝေးကျင်းပပြီး နှစ်ရက်အကြာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီသည် ဟန္နိုင်း၏ အစည်းအဝေးခန်းမသို့ ရောက်ရှိလာခဲ့သည်။ ထိုနေ့က ဇူလိုင်လ ၂၂ ရက်နေ့ဖြစ်ပြီး ၎င်းနှင့်အတူ နာမည်ကျော် CNN၊ နယူးယောက်တိုင်းမ်တို့မှ အမေရိကန်သတင်းစာဆရာအချို့တို့ပါ လိုက်ပါလာခဲ့သည်။



www.foreverspace.com.mm



မွန်းလွဲပိုင်း ဟီလာရီရောက်ရှိလာချိန် တွင် ယခင်က မြန်မာ၊ မြောက်ကိုရီးယား ကိစ္စများကိုသာ စိတ်ဝင်စားနေသော သတင်းသမားတို့၏အာရုံသည် ဟီလာရီ၏ နောက်သို့ အပြေးအလွှားလိုက်ပါသွားကြသည်။ စက်လှေကားဘေးတစ်ဖက်ရှိ အုတ်လှေကားထစ်များမှလိုက်ပါ၍ ဟီလာရီကို မေးမြန်းကြသည်။

အပြာရောင်လက်ရှည်အင်္ကျီနှင့် အနက်ရောင်ဘောင်းဘီဝတ်ဆင်ထားသော ဟီလာရီသည် သတ်မှတ်စည်းနောက်က သတင်းသမားတို့ကို လက်ဝှေ့ရမ်း၍ ပြုံးပြခဲ့ပြီး အစည်းအဝေးခန်းမတွင်းသို့ ဝင်ရောက်သွားခဲ့သည်။ မေးခွန်းများအားလုံးကို ဖြေကြားခဲ့ခြင်းမရှိပါ။ ဟီလာရီရောက်ရှိလာပြီး မိနစ်ပိုင်းတွင် သူမ၏ဓာတ်ပုံနှင့် သတင်းများသည် အင်တာနက်စာမျက်နှာပေါ်သို့ မိနစ်ပိုင်းအတွင်း ရောက်ရှိလာခဲ့ပြီး သတင်းသမားများ၏အာရုံသည် မြန်မာနိုင်ငံရွေးကောက်ပွဲနှင့် ကိုရီးယားသင်္ဘောနစ်မြုပ်မှုပြဿနာတို့မှ ခေတ္တဖယ်ခွာခဲ့ကြသည်။

## အမေရိကန်အာဆီယံချဉ်းကပ်မှုအသစ်

"အမေရိကန်ပြည်ထောင်စုက ဒီဒေသရဲ့အနာဂတ်နဲ့ပတ်သက်ပြီး အထူးကို လိုလိုလားလားနဲ့ အပြုသဘောဆောင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေသက ယဉ်ကျေးမှုနဲ့သမိုင်းကြောင်းပေါကြွယ်တဲ့ ဒေသဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုရှိနေတဲ့ဒေသဖြစ်ပါတယ်။ လူဦးရေ သန်း ၆၀၀ ကျော်ကိုယ်စားပြုတဲ့ဒေသဖြစ်သလို အမေရိကန်ပြည်ထောင်စုပြည်ပပို့ကုန်ဈေးကွက်မှာ အဆင့် ၆ ရှိတဲ့ ကုန်သွယ်ဖက်ဒေသကြီးလည်းဖြစ်ပါတယ်" ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီက ဟန္နိုင်းမြို့ ဇူလိုင်လ ၂၃ ရက်နေ့ နိုင်ငံတကာအစည်းအဝေးခန်းမကြီး အခန်းမှတ် ၃၀၉/အေတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

မကြာမီ နာရီပိုင်းကမှ ယင်းအစည်းအဝေးခန်းမ၏ကပ်လျက် ခန်းမတွင် EU အဖွဲ့ဝင်နိုင်ငံများက သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ၏ သတင်းစာရှင်းလင်းပွဲသည်သာ သတင်းသမားများ စိတ်ဝင်အစားဆုံးဖြစ်ခဲ့သည်။

ခန်းမကျဉ်း၍ လူရာဂဏန်းပမာဏကောင်းစွာမဆံ့သည့်အတွက် သတင်းသမားအချို့သည် မတ်တတ်ရပ်၍ သတင်းယူခဲ့ရပြီး မြန်မာနိုင်ငံကို နှစ်ကြိမ်တိုင်တိုင်လာရောက်ခဲ့သူ အရှေ့တောင်အာရှရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကတ်ကမ်းဘဲလ်သည် သတင်းထောက်များ ထိုင်နေသည့် ခုံတန်းများ၏လက်ယာဘက်တွင် မတ်တတ်ရပ်၍ပင် တက်ရောက်ခဲ့သည်။

"အမေရိကန်ရဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုဟာ အာဆီယံမှာ တရုတ်ပြည်ထက်သာတဲ့ဈေးကွက်ဖြစ်ပါတယ်" ဟု ဟီလာရီက ယင်းနေ့က အာဆီယံနှင့်ပတ်သက်၍ ချီးပခဲ့သည်။

သို့ရာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ သတင်းစာရှင်းလင်းပွဲတွင် ရှေ့ဆုံးတန်းအား အမေရိကန်မီဒီယာများကို သီးသန့်နေရာပေးထားခြင်းနှင့် မေးခွန်းသုံးခု မေးခွင့်ပြုသည့်အနက် အမေရိကန်သတင်းမီဒီယာနှစ်ခုနှင့် ဗီယက်နမ်မှတစ်ခုကို မေးမြန်းခွင့်ပြုခဲ့ခြင်းအပေါ် အာဆီယံဒေသတွင်းအပေါ် ခွဲခြားသောအမြင်ဟု သတင်းသမားများက ရှုမြင်ကြသည်။

အမှန်စင်စစ် အာဆီယံ အဓိကကုန်သွယ်မှုမှာ ဥရောပသမဂ္ဂနှင့်သာ အလေးပိုပြီး EU သည် ယနေ့ အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေခဲ့သည်။

သမ္မတဂျော့ဘွတ်ရှ်လက်ထက် အာဆီယံနှင့်ခပ်ကင်းကင်းနေခဲ့သော အမေရိကန်သည် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလက ထိုင်းနိုင်ငံ ဟွာဟင်းတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးကလင်တန် ပြန်လည်တက်ရောက်ခဲ့ပြီး ဒေသအပေါ် စိတ်ဝင်စားမှုကို ပြသခဲ့သည်။

"ခင်ဗျားရဲ့ခရီးစဉ်က အမေရိကန်အစိုးရရဲ့ အာဆီယံအပေါ် အလေးအနက်

www.foreverspace.com.mm



ထားမှုကိုဖော်ပြနေပြီး သံတမန်ကျင့်ထုံးအရ လိုက်လုပ်ဆောင်သင့်တဲ့ တာဝန်ပျက်ကွက်မှုတွေကို အဆုံးသတ်လိုက်တာပါပဲ” ဟု အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်က ဟီလာရီ၏ ပထမဆုံးခရီးစဉ်နှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုခဲ့သည်။

အမေရိကန်သည် အာဆီယံ၏ ဆွေးနွေးဖက်အဖြစ် ၁၉၇၇ ခုနှစ် မနီလာအစည်းအဝေးမှ တရားဝင်စတင်ခဲ့ပြီး ဥရောပသမဂ္ဂ၏ အလွတ်သဘောဆက်ဆံနေမှုနှင့် ငါးနှစ်ခန့် နောက်ကျခဲ့သည်။

ယခုအခါ EU အပါအဝင် အာဆီယံနှင့် ဆွေးနွေးဖက် ၁၀ နိုင်ငံအထိရှိလာပြီး အာဆီယံဒေသတွင်း လုံခြုံရေးဆိုင်ရာကိစ္စများကိုဆွေးနွေးသည့် အာဆီယံဒေသတွင်း ဆွေးနွေးပွဲကို နိုင်ငံပေါင်း ၂၇ နိုင်ငံ ပါဝင်၍ အာရှနှင့် အာရှပစိဖိတ်ဆိုင်ရာ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို ၁၉၉၄ ခုနှစ်မှစတင်၍ ဆွေးနွေးလာခဲ့သည်။ ဟန္ဓိုင်းတွင်ကျင်းပသည့် ဆွေးနွေးပွဲမှာ (၁၇) ကြိမ်မြောက်လည်းဖြစ်သည်။

အာဆီယံ၏ တရားဝင်ဆွေးနွေးဖက် ၁၀ နိုင်ငံမှာ (ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ရုရှားနှင့် အမေရိကန်) တို့ဖြစ်ကြပြီး လေ့လာသူများအဖြစ် မြောက်ကိုရီးယား၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ အရှေ့တီမော၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာတို့ကပါ တက်ရောက်လျက်ရှိကြသည်။

တရားဝင်ထုတ်ပြန်ညွှန်းဆိုထားသော အာဆီယံဒေသတွင်း ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ အာဆီယံဒေသတွင်းနှင့် မဟာမိတ်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၏ အမျိုးမျိုးသောကွဲပြားခြားနားမှုများကို ပူးပေါင်းဆောင်ရွက်၍ ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ခြင်းဖြင့် ဒေသ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မြှင့်တင်နိုင်ရန်ဖြစ်သည်ဟု ဆိုသည်။ အာဆီယံဒေသတွင်း ဆွေးနွေးပွဲ၏ မူဝါဒများချမှတ်ရာတွင် နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့က တာဝန်ခံပြီး နှစ်စဉ် ဇူလိုင်လ သို့မဟုတ် ဩဂုတ်လတွင် ကျင်းပလေ့ရှိသည်။

အာဆီယံကလည်း နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးဆိုသည့် အခြေခံမှုများဖြင့် ဆက်လက်ဖက်တွယ်ထားဆဲဖြစ်သည်ဟုလည်း လေ့လာသူတို့က ဆိုကြသည်။

သို့ရာတွင် ယခု ဟန္ဓိုင်းတွင် ကျင်းပသည့် အာဆီယံဒေသတွင်း ဆွေးနွေးပွဲ၌ အာဆီယံနိုင်ငံများက မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ အထူးစိတ်ဝင်စားကြောင်း ပထမဆုံးအကြိမ် ပြသခဲ့သည်။

## အရှေ့တီမော (သို့) အာဆီယံအဖွဲ့ဝင်နံပါတ် (၁၁)

မည်သို့ပင်ဆိုစေ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုပုံစံ၊ ဓလေ့ထုံးတမ်းတွင် ကွဲပြားသော အာဆီယံသို့ ဒေသတွင်းနိုင်ငံနှစ်နိုင်ငံ



www.foreverspace.com.mm

ကဲ့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် စိတ်ဝင်စားမှုရှိနေခဲ့သည်။ အဆိုပါနှစ်နိုင်ငံမှာ သမုဒ္ဒရာကျွန်းစုနိုင်ငံများဖြစ်သည့် အရှေ့တီမော (တီမောလက်စကစ်) နှင့် ပါပူဝါနယူးဂီနီကျွန်းနိုင်ငံတို့ ဖြစ်ကြသည်။

အဆိုပါနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံကြီးအချို့၏လွှမ်းမိုးမှုကို ကြောက်လန့်၍ အာဆီယံကို ခိုလှုံရာအဖြစ် ရွေးချယ်ကြခြင်းဖြစ်သည်ဟု အာဆီယံရေးရာကျွမ်းကျင်သူတို့က ပြောဆိုကြသည်။

"အရှေ့တီမောအနေနဲ့ ၂၀၁၂ မှာ အာဆီယံအဖွဲ့ဝင်ဖြစ်လာရေး ရည်မှန်းပြီး အဆင်သင့်ဖြစ်အောင် လုပ်နေပါတယ်" ဟု အရှေ့တီမော နိုင်ငံခြားရေးဝန်ကြီး ဇာကရီဒါကိုစတာက Living Color နှင့် ဟန္နိုင်းမြို့၌တွေ့ဆုံစဉ် အတည်ပြုပြောကြားခဲ့သည်။

အရှေ့တီမောအနေဖြင့် အဖွဲ့ဝင်ဖြစ်ရေးမှာ အာဆီယံအဖွဲ့ကြီး၏ အဖွဲ့ဝင်အားလုံးသဘောတူမှသာဖြစ်နိုင်ပြီး အဆိုပါနိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများ တည်ငြိမ်မှုရှိနေကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ကို လာမည့်နှစ်အတွင်း တရားဝင် ထပ်မံတောင်းဆိုမှုများ ပြုလုပ်သွားရန်ရှိသည်ဟုလည်း ၎င်းက ပြောဆိုခဲ့သည်။

အရှေ့တီမော အာဆီယံအဖွဲ့ဝင်ဖြစ်လာရေးမှာ အိပ်မက်၍ ရနိုင်သော်လည်း သြစတြေးလျနှင့် နီးကပ်စွာတည်ရှိသည့် ပါပူဝါနယူးဂီနီအနေဖြင့် အာဆီယံအဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းမှုမှာ နိုင်ငံတည်ရှိမှုအရကို အလှမ်းဝေးနေကြောင်းလည်း ဟန္နိုင်းအာဆီယံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ သံတမန်တစ်ဦးက Living Color သို့ ပြောဆိုခဲ့သည်။

သို့ရာတွင် လေ့လာသူအချို့ မျှော်လင့်ကြသလို အရှေ့တီမောကို အာဆီယံအဖွဲ့ဝင်အဖြစ် လက်ခံရေးကိစ္စကို ယခုဆွေးနွေးပွဲတွင် တစ်စုံတစ်ရာ ထည့်သွင်းမဆုံးဖြတ်ခဲ့ကြ။ ဇူလိုင်လ ၂၃ ရက်နေ့ ညနေ ၅ နာရီတွင်ထုတ်ပြန်သော အာဆီယံဒေသတွင်း ဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်များတွင် မြန်မာ၊ ကိုရီးယား သဘော်နှစ်မြုပ်မှုနှင့် တောင်တရုတ်ပင်လယ်အရေးတို့ကိုသာ ထည့်သွင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများအနေဖြင့် အပြုသဘောဆောင်ချဉ်းကပ်မှုကို ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ကြောင်းနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အာဆီယံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများတွင် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးအပြင် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများကို အားပေးထောက်ခံကြောင်း အာဆီယံဒေသတွင်းဆွေးနွေးပွဲမှ ဆုံးဖြတ်ခဲ့သည်။

## ဟန္နိုင်းမြို့၏တစ်နေရာ

ဇူလိုင်လ ၂၃ ရက်နေ့ အာဆီယံဒေသတွင်း ဆွေးနွေးပွဲအခမ်းအနား ပိတ်ပွဲကျင်းပပြီးချိန်တွင် တတိယထပ်မီဒီယာခန်းမ၌ ဂျာနယ်လစ်များ တဖြည်းဖြည်းပြန်လည်ထွက်ခွာသွားကြသည်။ ညနေ ၆ နာရီခွဲခန့်၌ မီဒီယာစင်တာရှေ့ အစည်းအဝေးနှင့်ပတ်သက်၍ သတင်းထုတ်ပြန်မှုများပြုလုပ်ခဲ့သော ၁၀၈ လက်မ TV ကြီးကို ခန်းမဝန်ထမ်းများက ပြန်လည်ထုပ်ပိုးသိမ်းဆည်းလိုက်သည်။

နေ့လယ်ခင်းလေတွင် တဖျပ်ဖျပ်တလူလူလွင့်ခဲ့ကြသော ခန်းမကြီးအရှေ့ရှိ အာဆီယံနှင့် ဒေသတွင်း ၂၇ နိုင်ငံတို့၏ အလံများသည် ညနေစောင်းတွင် တဖြည်းဖြည်း ငြိမ်သက်လာလျက်ရှိသည်။

ဟန္နိုင်းစံတော်ချိန် ၆ နာရီသာသာတွင် အစည်းအဝေးခန်းမကြီး၏ဂိတ်ပေါက် (၂) ရှေ့၌ ဟန္နိုင်းတက္ကစီဆိုသည့် စာတမ်းပါတက္ကစီများက အစည်းအဝေးတွင်းမှ ခြေလျင်ထွက်လာကြသူများ ငှားရမ်းနိုင်ရန် စောင့်ဆိုင်းလျက်ရှိကြသည်။ အာဆီယံအစည်းအဝေးအပြီး အရေးပါသောပုဂ္ဂိုလ်များ၏လမ်းကြောင်းတစ်လျှောက်ကို ဟန္နိုင်းရဲများက တာဝန်ယူ၍ ရှင်းလင်းပေးနေပြီး များပြားလှသော ရောင်စုံဆိုင်ကယ်စီးကြောင်းကြီးက လမ်းမများပေါ်တွင် စောင့်ဆိုင်းလျက်ရှိကြသည်။

ဟန္နိုင်းမှ တက္ကစီမောင်းသူအချို့ ဤယာဉ်ကြောပိတ်ဆို့မှုနှင့်ပတ်သက်၍ (အာဆီယံ) ဟု ပြန်၍ရှင်းပြပြီး တရိပ်ရိပ်တက်နေသော တက္ကစီမီတာကို အနည်းငယ်အားတုံ့အားနာဖြစ်နေပုံရသည်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် ကိုယ်စားလှယ်အချို့မှာ အစည်းအဝေးမှ နေ့စဉ်ပြန်နေကျလမ်းကြောင်းမှဖယ်ခွာ၍ လမ်းကြောင်းသစ်များဖြင့် တည်းခိုရာသို့ ပြန်ခဲ့ကြရသည်။ ဗီယက်နမ်အမျိုးသားခေါင်းဆောင် ဟိုချီမင်း၏ဂူဗိမာန်ကို ဟန္နိုင်း တက္ကစီဖြတ်အသွားတွင် ဗိမာန်ဘေးတစ်ဖက်တစ်ချက်တွင် အနီရောင်နောက်ခံပေါ် ဗီယက်နမ်ဘာသာ အဖြူရောင်စာလုံးများ 'ဆိုရှယ်လစ်စနစ်သည် ထာဝရဖြစ်သည်' ဟု အဓိပ္ပာယ်ရသော စာလုံးများကို တွေ့ရသည်။

လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို အခြေခံသည့် ကောင်းမွန်ပြည့်စုံသော အုပ်ချုပ်ပုံစနစ်များကို ဖော်ဆောင်ပါမည်ဟုသော အာဆီယံပဋိညာဉ်ကို ဗီယက်နမ်နိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်များ လက်မှတ်ရေးထိုးခဲ့သည်မှာ မကြာမီလပိုင်းတွင် ၂ နှစ်ပြည့်တော့မည် ဖြစ်သည်။

အာဆီယံဒေသတွင်း ဆွေးနွေးပွဲကြီးကို တစ်ပါတီစနစ် ကွန်မြူနစ်နိုင်ငံ၊ ဗီယက်နမ်က ပထမဆုံးအကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ဟန္နိုင်းမြို့ခံ သတင်းစာဆရာကင်ကမူ၊ ဗီယက်နမ်အပါအဝင် အာဆီယံနိုင်ငံများ၏ ထူးခြားစွာဖြစ်တည်နေမှုကို ရှင်းပြရင်း (Understanding is Better) "နားလည်မှုရှိတာ ပိုကောင်းတယ်" ဟု ဟိုချီမင်း ဂူဗိမာန်ဘေးမှစာသားများကို ပြုံး၍ ရှင်းပြနေခဲ့သည်။

ဟန္နိုင်းမြို့က NCC ခန်းမကြီးအပြင်ဘက်တွင် ထွန်းထားသည့် နီယွန်မီးများက ညအချိန်တွင် မီးရောင်များပိုမိုတောက်ပလာလျက်ရှိသည်။ သို့ရာတွင် သုံးရက်ကြာ ဒေသတွင်း ၂၇ နိုင်ငံကိုယ်စားလှယ်များ၏ ပြောဆိုဆွေးနွေးမှုများက ပွဲပြီးမီးသေ တိတ်ဆိတ်သွားခဲ့ပြန်သည်။

**တင်အောင်ကျော်**

www.foreverspace.com.mm

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ၁၃၆၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ ရက် (၂၀၀၇ ခုနှစ် ဧပြီလ ၅ ရက်) နေ့တွင် ပြဋ္ဌာန်းလိုက်သည်။ နိုင်ငံအတွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပုဂ္ဂိုလ်အသီးသီးက တစ်ပိုင်တစ်နိုင်ဆောင်ရွက်လာရာ ယနေ့ပုဂ္ဂလိကဆေးခန်းများ၊ ဆေးရုံလိုင်စင်လျှောက်ထားနိုင်ပြီဆိုသောအခါ ရန်ကုန်တစ်မြို့တည်းပင် ဆေးခန်းပေါင်းထောင်ကျော် ဖြစ်နေပေပြီ။**

ဤမျှဆေးကုခန်းများ အများအပြား ပေါ်ပေါက်လာရခြင်းမှာလည်း အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုမှာ တိုးတက်လာသောလူဦးရေနှင့် မမျှမတဖြစ်လာသောကြောင့် ဆရာဝန်များ၊ ဆရာဝန်မဟုတ်သူများက ကိုယ်ပိုင်ဆေးကုခန်းများ ထူထောင်၍ စီးပွားရေးတစ်ခုအနေနှင့် လုပ်ကိုင်လာကြခြင်း ဖြစ်ပါသည်။

ဆေးကုခန်းများသည် နာမကျန်းသူများအတွက် မရှိမဖြစ်၊ မသွားမဖြစ်သော နေရာတစ်ခုဖြစ်ရာ ဆေးကုခန်းထူထောင်သူတို့ အကျိုးအမြတ်ရမှုသည် ထင်သည်ထက် ပို၍ဖြစ်ထွန်းလာသည်ကို တွေ့ရပါသည်။ ပုဂ္ဂလိကဆေးခန်းများ စတင်ပေါ်ထွန်းစဉ်က ရန်ကုန်မြို့လယ်တွင် လက်ချိုးရေတွက်၍ ရနိုင်သော်လည်း ၁၀ စုနှစ်အတွင်း လက်ချိုးရေတွက်၍ မရနိုင်အောင် ပေါ်များလာခဲ့ပါသည်။

ဤသို့သောဆေးကုခန်းများ အရည်အသွေးကောင်းမွန်ပြည့်စုံသော ဆေးကုခန်းများရှိသလို၊ အကျိုးအမြတ်ရရှိရေးအတွက် ဖွင့်လှစ်ကြသော ဆေးကုခန်းများလည်း ပါဝင်လာပါသည်။ ပုထုဇဉ်၏ လောဘတရားသည် တစ်ခါတစ်ရံ အတ္တတစ်ခုတည်းကြည့်၍ လူနာတစ်ဦးကို ထိုးပေးရမည့်ဆေးကို လူနာနှစ်ဦး သို့မဟုတ် သုံးဦးကို ခွဲဝေထိုးပေးသောအခါများ (ကိုယ်တွေ့) ရှိလာပါသည်။ လူနာများက မသိပါ။ ဈေးသက်သက်သာသာနှင့်ထိုးပေးပြီး အပြောချိုသော ဆရာဝန်ကြောင့် ထိုဆေးခန်းသည် လူနာ

# ဆေးခန်းကြီးများ ဆေးရုံဖြစ်ပြီ

မောင်မောင်တင်



www.foreverspace.com.mm

များဘန်းစီ၍ စောင့်ဆိုင်းကုသခံရသော ဆေးခန်းဖြစ်လာပါသည်။ သို့သော် ရောဂါပျောက်ကင်းမှုသည် ကျေနပ်မှုမရှိပါ။

ဆေးကုခန်းများ အပြိုင်အဆိုင် ဘေးချင်းယှဉ်၍ ဖွင့်လှစ်ကုသလာသောအခါ လူနာတို့မျက်စိလည်ရတော့သည်။ ဒီဆေးခန်းတွင် ကုသ၍မပျောက် ဟိုဆေးခန်းကိုရောက်၊ ဟိုဆေးခန်းတွင် ကုသ၍မပျောက် အစိုးရဆေးရုံများရောက်နှင့် အများပြည်သူ၏ကျန်းမာရေးအဆင့်သည် ကြာလေလျော့နည်းလာလေဖြစ်လာရာ စေတနာသဒ္ဓါတရားရှိ၍ တတ်သိနားလည်သောပုဂ္ဂိုလ်အချို့က အများတကာထက်သာသော ဆေးကုခန်းကြီးများ (အထူးကုဆေးခန်းများ) ကို ထူထောင်လိုက်သောအခါ ယခင်ကထက်တော့ သာလွန်တိုးတက်လာသည်ဟု သိရပါသည်။ သို့သော် ထိုပုဂ္ဂိုလ်များလည်း ပုထုဇဉ်လူသားများဖြစ်ရာ တိုးတက်လာသော အကျိုးအမြတ်များပေါ်တွင် ယစ်မူးလာသောအခါ အရည်အသွေးနှင့် ရောဂါပျောက်ကင်းရေးတို့သည် အားနည်းလျက်ပင် ရှိနေပါသည်။ ဤသို့သော ဆေးကုသရေးဆိုင်ရာအားနည်းချက်များသည် တတ်သိနားလည်သောပြည်သူလူထုကြားသို့ ပေါက်ကြားလာရာ နိုင်ငံကျန်းမာရေးကြီးကြပ်သူများထံသို့ ပေါက်ရောက်လာပါတော့သည်။

၂၀၀၁ ခုနှစ်များအတွင်း ပုဂ္ဂလိကဆေးကုခန်းများနှင့်ပတ်သက်သော ညွှန်ကြားချက်များသည် ဆက်တိုက်ထွက်ပေါ်လာခဲ့ပါသည်။ ပုဂ္ဂလိကဆေးကုခန်းများနှင့်ပတ်သက်လိုက်နာရမည့် စည်းကမ်းများ၊ ပုဂ္ဂလိကဆေးကုခန်းများ၏ အနေအထား၊ အကျယ်အဝန်း၊ ပုဂ္ဂလိကဆေးခန်းများနှင့်ပတ်သက်သော ရှိရမည့် ကျွမ်းကျင်မှုဆိုင်ရာပညာရှင်များ စသည်ဖြင့် ပြည့်စုံလုံလောက်သော ညွှန်ကြားချက်များ ထုတ်ပြန်ပေးလိုက်ပြီး ပုဂ္ဂလိကဆေးကုခန်းများကို လိုင်စင်များထုတ်ပေးခဲ့ပါသည်။ ပုဂ္ဂလိကဆေးကုခန်းများကို လိုင်စင်ထုတ်ပေးလိုက်သော်လည်း အလုံးစုံပြီးမြောက်သွားသည်တော့မဟုတ်ပါ။ ပုဂ္ဂလိကဆေးခန်းအချို့သည် အပြင်လူနာများသာ ကုသပေးနေသလို အချို့ပုဂ္ဂလိကဆေးခန်းများသည် အပြင်လူနာနှင့် အတွင်းလူနာများကိုပါ ကုသမှုပေးနေကြပါသည်။ ဤတွင် အတွင်းလူနာကုသနိုင်သော စည်းကမ်းချက်များ ထပ်မံညွှန်ကြားလာပြီး အစိုးရအသိအမှတ်ပြု အတွင်းလူနာကုသနိုင်သောဆေးကုခန်းများ ပေါ်ပေါက်လာပါသည်။ သို့သော် အတွင်းလူနာကုသနိုင်သော်လည်း 'ဆေးရုံ' ဟူသောအသုံးအနှုန်းကိုတော့ ခွင့်ပြုခဲ့ခြင်း မရှိခဲ့ပါ။

၂၀၀၇ခုနှစ်အတွင်း ပုဂ္ဂလိကဆေးကုခန်းများ ဆေးရုံလျှောက်ထားနိုင်ပြီဆိုသော အကြောင်းကြားစာရရှိလာသောအခါ ပုဂ္ဂလိကဆေးခန်းပိုင်ရှင်များ ဆေးရုံလျှောက်ထားရန် ပြင်ဆင်ကြတော့သည်။ ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်မေးမြန်းစုံစမ်းရသည်။ ဤသို့သွားရောက်စုံစမ်းတော့မှ ပုဂ္ဂလိကဆေးရုံတစ်ရုံဖြစ်ဖို့ရာ မလွယ်ကူသော အချက်အလက်များ ပိုသိရတော့သည်။

အစိုးရကထုတ်ပြန်ထားသော ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာဥပဒေသည် ကျယ်ဝန်းပြည့်စုံလှသည်။ ပုဂ္ဂလိကသားဖွားခန်း၊ ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း၊ ပုဂ္ဂလိကသူနာပြုစုရေးဂေဟာ စသည်ဖြင့် စုံလင်လှပါသည်။ ဤတွင် မိမိတို့ဘယ်လုပ်ငန်းတွင် အကျုံးဝင်သည်ကို မဝေခွဲနိုင်ဖြစ်ရတော့သည်။

ပုဂ္ဂလိကဆေးရုံလျှောက်ထားသူများသည် ဆေးရုံ၏အင်္ဂါရပ် ၂၁ ချက် ပြည့်စုံမှသာ လျှောက်ထားခွင့်ရှိပါသည်။ အင်္ဂါရပ် ၂၁ ချက်သည် မရှိလျှင်မဖြစ်သော အင်္ဂါရပ်များဖြစ်ပါသည်။ ဖော်ပြထားသောအချက်အားလုံးသည် နာမကျန်းသူ နိုင်ငံသူ၊ နိုင်ငံသားများအတွက် ဘေးဥပဒ်ကင်း၍ ဆေးကုသမှုခံယူနိုင်သော နေရာများရှိရေးကို ဦးစားပေးဖော်ပြထားပါသည်။ ညွှန်ကြားချက်ပါ ဆေးရုံအင်္ဂါရပ်များကို ဖတ်ကြည့်သောအခါ လွယ်သည်ဟုလို့ ထင်ရသော်လည်း တကယ်အသေးစိတ်စစ်ဆေးသောအခါ ကွဲလွဲမှုများကို တွေ့လာရပါသည်။ အထူးသဖြင့် ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ အညစ်အကြေးစွန့်ပစ်ရေးတို့တွင် သတ်မှတ်ထားသော စံနှင့်အညီဆောင်ရွက်နိုင်သောဆေးရုံများ နည်းပါးလှသည်။ ပုဂ္ဂလိကဆေးရုံအုပ်ချုပ်သူများသည် မိမိစီမံခန့်ခွဲထားသောစံသည် ကောင်းလှသည်ဟုထင်သော်လည်း တကယ်တတ်သိနားလည်သော ဆရာဝန်ကြီးများ လာရောက်စစ်ဆေးသည့်အခါ လွဲချော်မနေသော်လည်း ကျေနပ်လောက်အောင် မတွေ့ရှိရဖြစ်နေပါတော့သည်။ ဤအချက်တွင်ဖြစ်သလားဆိုတော့ မဟုတ်ပါ။ အခြားအချက် (အင်္ဂါရပ်) များတွင်လည်း လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပါသည်။

ဝန်ကြီးဌာနမှ တာဝန်ရှိသူပုဂ္ဂိုလ်များ လာရောက်စစ်ဆေး၍ ညွှန်ကြားချက်နှင့် မညီသော ဆေးကုခန်းများကို ပြုပြင်စေပြီး ညွှန်ကြားချက်နှင့်ညီသော ဆေးခန်းများကို ယာယီလိုင်စင်ထုတ်ယူခွင့်ပြုလိုက်ပါသည်။ ရန်ကုန်တိုင်းအတွင်း ဆေးရုံလျှောက်ထားသော ဆေးကုခန်း ၅၂ ခုတွင် ဆေးကုခန်း ၂၉ ခုကို ယာယီလိုင်စင်ထုတ်ယူခွင့်ပြု၍ ၂၃ ခန်းကို ယာယီလိုင်စင်ထုတ်ယူခွင့်မပြုခဲ့ပါ။ ဤသို့ယာယီလိုင်စင်ထုတ်ပေးခြင်း မပြုသေးသော ဆေးခန်းများမှာ အစိုးရမှထုတ်ပြန်ထားသော ဆေးရုံအင်္ဂါရပ်များတွင် မပြည့်စုံမှု (သို့မဟုတ်) ပြည့်စုံသော်လည်း သတ်မှတ်ထားသည့် စံမကိုက်ညီ၍ဟု သိရပါသည်။ ပုဂ္ဂလိက ဆေးကုခန်းပိုင်ရှင်များဘက်တွင် ဆေးရုံလိုင်စင်မရ၍ စိတ်မကောင်းဖြစ်နေရသူများရှိသည်ဟု ကြားသိရပါသည်။ ကျွန်တော့်မိတ်ဆွေတစ်ဦးပြောပြသော စကားစုကို ဖော်ပြလိုပါသည်။ "ကျွန်တော် ဆေးကုခန်းဖွင့်ထားတာ အနှစ် ၂၀ ကျော်ခဲ့ပါပြီ။ ဆေးရုံနှင့်တူတဲ့အဆောက်အအုံလည်း ဆောက်ထားပြီးပြီ။ ဒါပေမဲ့ ချို့ယွင်းချက်များရှိနေတယ်ပြောပြီး ဆေးရုံလိုင်စင်မရပါဘူးဗျာ" ဟုဆိုပါသည်။ ကျွန်တော် ဆေးရုံကြီးကြပ်စစ်ဆေးသူများနှင့်စကားပြောဖြစ်တော့ ကြီးကြပ်စစ်ဆေးသူများက "ဆေးကုခန်းတွေကိုစစ်ဆေးတော့ တချို့ဆေးကုခန်းတွေက အဆောက်အအုံတွေ ကောင်းပါတယ်။ ဒါပေမဲ့ ဆေးရုံတွင်းမှာရှိတဲ့ ခွဲစိတ်ခန်း၊ မွေး

www.foreverspace.com.mm

ဖွားခန်း၊ အညစ်အကြေးစွန့်ပစ်မှုတွေ သတ်မှတ်ထားတဲ့စံနဲ့ မကိုက်ညီဘူး။ ဆေးရုံအုပ်ချုပ်မှုစနစ်၊ ကျွမ်းကျင်တဲ့ပညာရှင် (ဆရာဝန်) များ မပြည့်စုံသေးဘူး။ ခွဲစိတ်ခန်း၊ မွေးဖွားခန်းသုံးစက်ကိရိယာများ မပြည့်စုံသေးဘူး။ အဲဒီလို အားနည်းချက်တွေရှိနေတော့ လောလောဆယ် ဆေးကုခန်းကို ဆေးရုံသတ်မှတ်ပေးဖို့ခက်တယ်။ နောင်ပြုပြင်သွားတဲ့အခါတော့ ပြန်တင်ပြပေါ့။ လူကြီးတွေက ပြန်စစ်ဆေးပြီး စံညီရင် ဆေးရုံဖြစ်လာမှာပေါ့"

ဉာဏ်ပုဂ္ဂိုလ်နှစ်ဦး၏ ပြောကြားချက်များသည် သူ့အမြင်၊ သူ့ဆန္ဒသည် မှန်လှပါသည်။ ဆေးကုခန်းပိုင်ရှင်ကလည်း သူများတကာ ဆေးရုံလိုင်စင်ရတော့ သူလည်း လိုင်စင်လိုချင်မှာမလွဲပါ။ ဆေးကုခန်းစစ်ဆေးရေးအဖွဲ့ဘက်ကလည်း ဆေးရုံ၏ စံချိန်စံညွှန်းမကိုက်ညီဘဲ ဆေးရုံအဖြစ် သတ်မှတ်ပေးဖို့ရာ ခက်ခဲမည်မှာမလွဲပါ။ မည်သို့ပင်ဖြစ်စေ ဆေးရုံအဖြစ် အသိအမှတ်ပြုမခံရသေးသော ဆေးခန်းများကလည်း ဆေးရုံဖြစ်လာရေးကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေးပြုပြင်သွားဖို့ လိုမည်ဖြစ်ပါသည်။ ဆေးရုံအင်္ဂါရပ်မပြည့်စုံသေးသော ဆေးကုခန်းများအတွက်လည်း အားငယ်စရာလိုမည်မဟုတ်ပါ။ ၁၉၉၈ ခုနှစ်တွင်ထုတ်ပြန်ထားသော 'ကိုယ်ပိုင်ဆေးကုဂေဟာနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ' စာအုပ်တွင် ကိုယ်ပိုင်ဆေးကုဂေဟာအမျိုးအစားအားလုံးနှင့် အကျုံးဝင်သော သတ်မှတ်ချက်များကို အသေးစိတ်ဖော်ပြထားပြီးဖြစ်ပါသည်။ ထိုညွှန်ကြားချက်များကို လေ့လာပြီး မိမိဆေးကုခန်းသည် အပြင်လူနာကိုသာ ကုသမှာလား၊ အတွင်းလူနာထား၍ ကုသမှာလား ဆုံးဖြတ်၍ ပြုပြင်ဆောင်ရွက်သွားရမှာဖြစ်ပါသည်။ ညွှန်ကြားချက်နှင့်အညီ ပြုပြင်ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနသို့တင်ပြ၍ ဆေးရုံလိုင်စင်ရရေးကို ဆောင်ရွက်သွားခြင်းဖြင့် ဆေးခန်းပိုင်ရှင်နှင့် ဆေးခန်းစစ်ဆေးရေးအဖွဲ့တို့ကြားတွင် အခက်အခဲမရှိ စိတ်ချမ်းသာစွာဖြင့် လိုရာဆန္ဒပြည့်ဝသွားမည်မှာမလွဲပါ။

ဆေးကုခန်းများ ဆေးရုံဖြစ်သွားကြသောအခါ ဘာတွေလုပ်ကြမည်နည်း။ ဆေးကုခန်းများအားလုံးတို့သည် ဆေးကုသရေးအတွေ့အကြုံရပြီးသူများသာဖြစ်ပါသည်။ ဆေးရုံဖြစ်လာသောအခါ အထူးပြောင်းလဲလုပ်ကိုင်ရမည့်အချက်များမရှိသော်လည်း တာဝန်ယူမှုအပိုင်းသည် တိုးမြင့်လာပါသည်။ ဆေးခန်းတစ်ခန်းတွင် လူနာတစ်ဦးကို မိမိတာဝန်ယူကုသနိုင်သလောက်သာကုသကြပြီး မကုသနိုင်သော လူနာကို အစိုးရဆေးရုံကြီးများသို့လွှဲ၍ ကုသပေးသောစနစ်ကို သုံးခဲ့ကြသည်ကို



www.foreverspace.com.mm

တွေ့ရပါသည်။ ယခုတော့ ဆေးရုံများဖြစ်လာပြီဖြစ်၍ လူနာတစ်ဦး မိမိဆေးရုံသို့ ရောက်ရှိလာချိန်မှ ရောဂါပျောက်ကင်း၍ ဆေးရုံမှဆင်းသွားသည်အထိ တာဝန်ယူကုသပေးရပါတော့မည်။

ဤအခြေအနေမျိုး ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆေးရုံတစ်ရုံ၏ ကုသရေးဆိုင်ရာစက်များ၊ ရောဂါရှာဖွေရေးဆိုင်ရာစက်များ၊ အသက်ကယ်ရေးဆိုင်ရာစက်ပစ္စည်းများ ပြည့်စုံလုံလောက်ဖို့လိုလာမည်ဖြစ်ပါသည်။ ဤလိုအပ်ချက်များကို ဆေးရုံပိုင်ရှင်၊ ဆေးရုံအုပ်ချုပ်သူတို့ မျက်ခြည်မပြတ်ကြည့်ရှုဖြည့်တင်းသွားဖို့ လိုအပ်ပါသည်။ ဆေးရုံတစ်ရုံတွင် ရှိရမည့်အင်္ဂါရပ်ကို အသေးစိတ်လေ့လာကြည့်သောအခါ လူနာတစ်ဦး အသက်ရှင်ကျန်းမာရေးတွင် လိုအပ်သော စက်ပစ္စည်းကိရိယာများ၊ ဆေးဝါးများသည် များပြားလှပါသည်။ သို့ဖြစ်၍ ဆေးရုံအမည် ဆိုင်းဘုတ်တင်ခွင့်ရ၍ ဝမ်းသာပီတိဖြင့် မေ့လျော့မနေဘဲ လူနာများ၏ အသက်ရှင်ကျန်းမာရေးကိုလည်း အစဉ်သတိထားနေဖို့ လိုအပ်လှပါသည်။

ဆေးရုံတစ်ရုံတွင် လူနာများကုသရေးအတွက် ပစ္စည်းများ၊ ဆေးဝါးများပြည့်စုံရုံဖြင့် မပြီးသေးပါ။ ကုသပေးမည့်ဆရာဝန်၊ လူနာပြုစုပေးမည့်ဆရာမ၊ ဝန်ဆောင်မှုပေးမည့် ဆေးရုံဝန်ထမ်းများလည်း အရေးကြီးသောအခန်းကဏ္ဍက ပါဝင်ပါသည်။ ဆေးကုသပေးမည့်ဆရာဝန်များသည် နေ့/ညတာဝန်များကို အချိန်ပြည့် ထမ်းဆောင်နိုင်ပြီး စေတနာပြည့်ဝဖို့ လိုအပ်ပါသည်။ ထိုနည်းလည်းကောင်းပင် သူနာပြုဆရာမများလည်း ကျွမ်းကျင်၊ စိတ်ရှည်၊ စေတနာပြည့်ဝဖို့ လိုအပ်ပါသည်။ ဆေးရုံ၊ ဆေးခန်းသို့ ရောက်ရှိလာသော လူနာအား၊ ပထမဆုံး ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများကလည်း မိမိဆေးရုံအကြောင်း ပြည့်စုံစွာသိရှိ၍ ကျွမ်းကျင်စိတ်ရှည်စွာ၊ ဧည့်ဝတ်ကျေပွန်စွာ ခရီးဦးကြိုပြု၍ ဆရာဝန်၊ ဆရာမများထံ အပ်နှံပေးဖို့လိုပြန်ပါသည်။

လူနာဆိုသည်မှာ ခန္ဓာကိုယ်၏ ဝေဒနာကို ခံစားနေရ၍ ပျော်ရွှင်ချမ်းမြေ့မှုကို မရသောပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များကို ချိုချိုသာသာ ပြုံးပြုံးရွှင်ရွှင် ဆက်ဆံဖို့ အရေးကြီးလှပါသည်။ ခရီးဦးကြိုပြုသည့်နေရာတွင် လူနာ၏စိတ်ကို အနှောင့်အယှက်ဖြစ်စေပါက လူနာသည် ကိုယ်ခန္ဓာ နာရုံမက စိတ်ကိုပါနာစေပြီး ရောဂါခံစားမှု ပိုမိုခံစားရပါတော့သည်။ ခရီးဦးကြိုပြုသည့် ဝန်ထမ်းသူနာပြုများ ပြုံးရွှင်ချိုသာသော ဆက်ဆံမှုကိုရရှိပါက ခံစားနေရသောရောဂါသည် သက်သာသွားသည်ဟုခံစားရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ဆေးရုံများတွင် ဆေးရုံကြီးသည်ဖြစ်စေ၊ ဆေးရုံသေးသည်ဖြစ်စေ လူနာများ၏ စိတ်ချမ်းသာမှုသည် အရေးကြီးလှပါသည်။ သို့ဖြစ်၍ လူနာများ၏ရောဂါပျောက်ကင်းချမ်းသာမှုနှင့် စိတ်ချမ်းသာမှုတို့အပြင် ငွေကြေးကုန်ကျမှုသက်သာရေးတို့ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါသည်။

ကျွန်တော်ရေးသားနေသော ဆေးရုံ ဆေးပေးခန်းနှင့် ပတ်သက်သောအကြောင်းအရာများသည် ကျွန်တော့်စိတ်ကူးစိတ်သန်း ထင်မြင်ယူဆချက်များဖြစ်ပါသည်။ ထို့ထက်ပို၍ ရေးသားဖော်ပြလိုသော ဆန္ဒလည်းရှိပါသည်။ သို့သော်လည်း မအားလပ်သည့်ကြားမှ လက်တလောဆောင်ရွက်နေသော ဆေးကုခန်းမှ ဆေးရုံဖြစ်မြောက်ရေးတွင် ဆေးရုံမဖြစ်ရ၍ စိတ်မကောင်းဖြစ်သူများ ဆက်လက်ဆောင်ရွက်ရမည့် အကြောင်းအရာများ ဖော်ပြချင်သလို ဆေးရုံအဖြစ် အသိအမှတ်ပြုခံရ၍ ဝမ်းသာမေ့လျော့ပြီး စံတွေကျမသွားဖို့ကိုလည်း အကြံပြုရေးသားလိုခြင်းသာဖြစ်ပါသည်။ တတ်လှပြီ၊ တော်လှပြီဟုယူဆ၍ ရေးသားဖော်ပြခြင်း မဟုတ်ပါ။ ဤထက်ကောင်းသော၊ ဤထက်ပြည့်စုံသော စံနမူနာယူသင့်သော ဆောင်းပါးများရေးနိုင်သူတို့က ရေးသား၍ အများပြည်သူအကျိုးကို ထမ်းပိုးပေးရန်လည်း အကြံပြုရပါသည်။ နောက်ဆုံးအနေနှင့် ဆေးရုံ၊ ဆေးပေးခန်းများ သတိပြုစရာများကို ကြားဖူး၊ မှတ်ဖူး၍ ဖော်ပြလိုက်ရပါသည်။

ဆေးရုံများတွင် လူနာများ၏ လုံခြုံမှု 'Patient Safety' (လူနာများ၏လုံခြုံမှု) သည် အထူးအရေးကြီးကြောင်း သတိပြုရမည်။ လုံခြုံမှုဆိုသည် လူနာကို လုံခြုံသောအခန်းတွင် ဂရုတစိုက်ထားရုံနှင့်မပြီးပါ။ လူနာရောဂါပျောက်ကင်းရုံသာမက လူနာများ မိမိဆေးရုံမှ ရောဂါကူးစက်မခံရလေအောင် ဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါသည်။ သို့ဖြစ်၍ 'Clean Care is Safer Care' ဟု ဆိုထားပါသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးစတိုင်းပြည်များတွင် ကူးစက်ခံရ၍ ကျန်းမာရေးထိခိုက်သောလူဦးရေသည် သန်းနှင့်ချီ၍ ရှိနေသည်ဟု မှတ်သားဖူးပါသည်။ သို့ဖြစ်၍ မိမိဆေးရုံမှ ကုသပေးသော ရောဂါပျောက်ကင်းပြီး မိမိဆေးရုံမှ ကူးစက်ရောဂါတစ်ခုပါမသွားအောင် အထူးစောင့်ရှောက်ဖို့ လိုအပ်ပါသည်။

နောက်တစ်ခုကတော့ လူနာများ 'ကျေနပ်မှု' 'Patient Satisfaction' သည်လည်း အရေးကြီးလှပါသည်။ မိမိက ငွေလို၍ ဆေးကုသပေးသည်။ လူနာက ရောဂါပျောက်လို၍ ငွေပေးသည်။ မိမိစီးပွားကိုဖြည့်ပေးသောငွေပေးသူ (လူနာ) ၏ ကျေနပ်မှုရအောင် အထူးဂရုစိုက်ပေးရမည်။ ရောဂါလည်းပျောက်၊ စိတ်လည်းချမ်းသာပါက ငွေပေးရသည်ကို ပေးရသည်ဟုမထင်မှတ်ဘဲ အသက်ကယ်လိုက်သောဆရာဝန်၊ ဆရာမများ အသက်ကယ်နိုင်အောင် ဖွင့်လှစ်ကုသပေးသော ဆေးရုံ၊ ဆေးခန်းများဟု သဘောပေါက်နားလည်သွားကြမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဆေးကုခန်းများ ဆေးရုံဖြစ်သွားသောအခါ ပိုမိုပြည့်စုံ၍ ပိုမိုတိုးတက်သောဆေးကုသဝန်ဆောင်မှုများ ပေးနိုင်လာပြီး လူနာများရောဂါ ပျောက်ကင်းချမ်းသာ၍ စိတ်ရွှင်လန်းချမ်းမြေ့စွာ ဆေးရုံမှဆင်းသွားနိုင်အောင် ကြိုးစားဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုက်ရပါသည်။

**မောင်မောင်တင်**

www.foreverspace.com.mm

# လယ်သမားဘဝက လမ်းခွဲလာသူ

မောင်တင်မြင့်

**ကျွန်တော် ရွာပြန်သွားသော် ပထမဆုံးသတိရသောပုဂ္ဂိုလ်မှာ ဖိုးရွှေဖြစ်ပါသည်။ ဖိုးရွှေသည် ကျွန်တော်နှင့် ဆွေမျိုးတော်သော်လည်း ကျွန်တော်ငယ်စဉ်ကတည်းက ရွာမှထွက်လာခဲ့၍ နီးနီးကပ်ကပ်မနေရ၊ မတွေ့ရတာ နှစ်ပေါင်း ၃၀ ကျော်သွားပါပြီ။ ယခုတော့ အဖော်ကိစ္စတွေနှင့် ရွာသို့မကြာခဏရောက်နေရာ ဖိုးရွှေနှင့် တွေ့ဖို့ရာကြုံကြိုက်လာပါသည်။**

ကျွန်တော်ရွာကိုရောက်ပြီး မကြာမီတွင် ကျွန်တော့်အစ်ကိုကြီး (ယောက်ဖ) က "မောင်တင်မြင့် ထန်းရည်သောက်မလား၊ လောက်လဲ" ဟု အစ်ကိုကြီးက မေးတော့မှ ဖိုးရွှေမှန်း သိရတော့သည်။ ဖိုးရွှေက "အစ်ကိုလေးတင်မြင့် သောက်ဖို့ဆိုရင် ပိုက်ဆံမယူဘူး။ အစ်ကိုလေးကို အလကားတိုက်မယ်"ဟု ပြောပါသည်။ "ဘယ်ဖြစ်မလဲ ဖိုးရွှေရ။ မင်းနှစ်ပုလင်းဖိုး လျော့သွားဦးဒီမှာ ထန်းရည်သိပ်ကောင်းတယ်" ပြောပါသည်။ အစ်ကိုကြီးစကားကြောင့် ကျွန်တော် ထန်းရည်သောက်ချင်စိတ်ပေါ်လာပြီး "ဘယ်မှာလဲ၊ သောက်ရအောင်" ဟု ပြန်ပြောလိုက်ပါသည်။ အစ်ကိုကြီးသည် လူငယ်တစ်ယောက်ကို ဖိုးရွှေထံ ထန်းရည်နှစ်ပုလင်းယူခိုင်းလိုက်ပါသည်။ လူငယ်ပြန်လာသောအခါ လူငယ်နောက်မှ ဗိုက်ရွှဲရွှဲ အသားမည်းမည်း၊ သွားကျဲကျဲနှင့် ပြုံးလျက်ပါလာသောလူတစ်ယောက်ကို တွေ့လိုက်ရပါသည်။ "ဟော့ကောင်ကြီး မင်းပါပါလာတာကိုးကွ။ မင်းထန်းရည် ဘယ်



www.foreverspace.com.mm



မယ်၊ ပိုက်ဆံယူပါ" ထပ်ပြောတော့ ဖိုးရွှေက "မယူဘူး၊ အစ်ကိုလေးတင်မြင့်မို့ ကျွန်တော်တိုက်ချင်တာ။ ခုလည်း အစ်ကိုလေးကိုတွေ့ချင်လို့လိုက်လာတာ" ဟု ပြောပါသည်။ ကျွန်တော်လည်း ဖိုးရွှေကိုထိုင်ခိုင်းပြီး ထန်းရည်ကို အစ်ကိုကြီးနှင့်သောက်နေပါသည်။

"ဟေ့ဖိုးရွှေ မင်းထန်းတက်နေတာ ဘယ်လောက်ကြာပြီလဲ" မေးမိပါသည်။ "အစ်ကိုလေးရေ နှစ်တော့မမေးနဲ့တော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ လောက်ကတည်းက အလုပ်မယ်မယ်ရရမရှိတော့ ထန်းတက်တယ်အစ်ကိုလေး။ ဒါလေးနဲ့ပဲ မိသားစုစားနေတာ"။ "ဖိုးရွှေပြောသောစကားအရ ထန်းသမားဘဝနှင့် အသက်မွေးနေသော ဖိုးရွှေ၊ ကျွန်တော်နှင့် အဆက်အသွယ်ပြတ်နေသောဖိုးရွှေ၊ ငယ်စဉ်ဘဝ ဘုန်းကြီးကျောင်းတွင် ကျွန်တော်နှင့်အတူ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့သော ဖိုးရွှေ၊ ကျွန်တော် မြို့ကျောင်းရောက်၊ မြို့ကျောင်းမှ ရန်ကုန်ရောက်၊ ကျောင်းပြီးတော့ ဘဝခရီးရှန်းကန်နေရ၍ ရွာက သူငယ်ချင်းဘုန်းကြီးကျောင်းသားတွေနှင့် အဆက်အသွယ် ပြတ်သွားပါသည်။ ယနေ့ ဖိုးရွှေနှင့်ပြန်တွေ့တော့ ကျွန်တော်က အသက် ၆၅၊ ဖိုးရွှေက အသက် ၆၀ နှစ်၊ နှစ်ပေါင်း ၃၀ ကျော်မတွေ့ရ၍ လူပုံပန်းသဏ္ဌာန်တွေပြောင်းပြီး လမ်းတွေ့ရင် မမှတ်မိနိုင်။ ယခု ဖိုးရွှေကို တွေ့ရတာ ငယ်စဉ်က ပိန်ပိန်ပါးပါးသည် ယခုတော့ အသားကမည်း၊ ဖိုက်ကပ္ပွဲ၊ အင်္ကျီမပါ၊ ဗလာကိုယ်ထည်နှင့် ကြည့်ရတာ အရုပ်ဆိုးလှပါသည်။ ခါးဝတ်ပုဆိုးသည် ရှေ့နောက်လှည့်ဝတ်ရန် ခက်လှသည်။ အပေါက်တွေ၊ အပြဲတွေပြည့်နေ၍ လုံခြုံအောင်ထိန်းထိန်းသိမ်းသိမ်း ဝတ်ထားပုံရပါသည်။ သို့သော် ဖိုးရွှေရယ်လိုက်သောအခါ ငယ်ရုပ်ပေါ်လာပြီး ကျွန်တော် ချက်ချင်းမှတ်မိသွားပါသည်။

ဖိုးရွှေပေးသော ထန်းရည်သည် ကောင်းလှပါသည်။ ယခုသောက်သော ထန်းရည်မျိုး တစ်ကြိမ်တစ်ခါမျှ မသောက်ရပါ။ ရန်ကုန်တွင် ထန်းရည်သောက်ချင်၍ သန်လျင်၊ လှည်းကူး၊ လှော်ကား စသောနေရာများသို့ တစ်ခါတစ်ရံရောက်ခဲ့သည်။ ထိုနေရာများမှ ထန်းရည်တို့သည် ယခုထန်းရည်လောက် မကောင်းဟုထင်ပါသည်။ ရန်ကုန်မြို့ပတ်ဝန်းကျင်မှ ထန်းရည်များသည် အစစ်မဟုတ်ဟုပြောသူကပြောထား၍ သောက်သည့်အခါ စိတ်ကအစစ်မှမဟုတ်တာဟုစွဲပြီး ထန်းရည်မကောင်းဟုပြောမိသည်လည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ ဖိုးရွှေထန်းရည်ကတော့ ကောင်းတာအမှန်ပင်။

ဖိုးရွှေသည် ထန်းတက်သမား ဖြစ်နေတာ နှစ်ပေါင်း ၃၀ ခန့်ကြာပြီဖြစ်သော်လည်း ဖိုးရွှေထန်းရည်ကို ဤတစ်ကြိမ် ပထမဆုံးသောက်ရခြင်းဖြစ်၍ "ဖိုးရွှေ ခါတိုင်းငါလာတုန်းက မင်းထန်းရည် ငါမသောက်ရဘူး။ မင်း ငါလာတာမသိဘူးလား" မေးတော့ ဖိုးရွှေက "သိတာပေါ့ အစ်ကိုလေးရာ၊ အစ်ကိုလေးကို နှုတ်မဆက်ရဲလို့ပါ။ ပြီးတော့ အစ်ကိုလေး ကျွန်တော့်ကို မခေါ်မပြောလုပ်နေမှာ ကျွန်တော်ကြောက်လို့ပါ" ဖိုးရွှေက သူ့ရင်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်ပါသည်။ ဖိုးရွှေပြောစကားကြောင့် ကျွန်တော့်ရင်ထဲ နာကျင်သလိုခံစားရပါသည်။ ကျွန်တော် မိဘဆွေမျိုးတွေနှင့်ခွဲပြီး အဖေက ပညာသင်ရန် မြို့ကိုပို့သည်။ မြို့မှ ရန်ကုန်သို့ ဆက်၍သွားရသည်။ ယခု ရွာကိုပြန်ရောက်သောအချိန်သည် ကျောင်းစနေသည်မှတွက်လျှင် နှစ်ပေါင်း ၄၀ ကျော်ခဲ့ပါပြီ။ နှစ်ပေါင်း ၄၀ အတွင်း ပြောင်းလဲသွားသော ကျွန်တော့်ရွာ၊ ကျွန်တော့်သူငယ်ချင်းများ၏ဘဝတို့သည် မမှတ်မိနိုင်လောက်အောင်ပင်။

"ဖိုးရွှေ မင်းအကြောင်းလေး ပြောပြပါဦး"။ "ဘာကိုလဲ အစ်ကိုလေး"။ "မင်းနဲ့ ငါ ဘုန်းကြီးကျောင်းမှာနေတယ်။ ငါ စတုတ္ထတန်းအောင်တော့ မြို့ကျောင်းသွားရတယ်။ မြို့ကျောင်းကနေ ရန်ကုန်ရောက်သွားတယ်။ ပြီးတော့ ရန်ကုန်မှာ အလုပ်လုပ်တယ်။ ရွာကို တစ်နှစ်တစ်ခေါက်ပဲ ရောက်တော့တယ်။ ရွာရောက်တော့ မင်းနဲ့ မတွေ့ရဘူး။ ငါကလည်း အဖေနဲ့ အမေကိုတွေ့ပြီး တစ်ရက်၊ နှစ်ရက်ကြာရင် ရန်ကုန်ပြန်တယ်။ အဲဒီအချိန်တွေမှာ မင်း ဘာတွေလုပ်နေလဲ" ကျွန်တော်က ကျွန်တော်သိချင်တာတွေ စီကာပတ်ကုံး မေးလိုက်ပါသည်။

ဖိုးရွှေက "ဘုန်းကြီးကျောင်းကထွက်တော့ သူများအိမ်မှာ နွားကျောင်းရတယ်။ ဒါပေမဲ့ နွားကျောင်းတော့ ကျွန်တော်က ငယ်သေးတယ်၊ နွားတွေကိုမနိုင်ဘူး။ ဒါကြောင့် ဘုန်းကြီးကျောင်းမှာ ပြန်ပြီးစာသင်နေတယ်။ ဘုန်းကြီးကို ဆွမ်းခံပေးတယ်။ ရွာတွင်းမှာလှည့်ပြီး ဆွမ်းခံရတာ ကျွန်တော်ပျော်တယ်။ ဘုန်းကြီးကျောင်းမှာ ဟင်းကောင်းကောင်းစားရတယ်ဗျ" ဟု ဖိုးရွှေက အမှန်အတိုင်းပင်ပြောပြပါသည်။ "ဒါဖြင့် ဘယ်လောက်ကြာကြာ ဘုန်းကြီးကျောင်းမှာနေသေးလဲ" မေးတော့ "သုံးနှစ်လောက်ကြာပါတယ်။ နောက်တော့ အဖေကခေါ်ပြီး သူနဲ့အတူ လယ်ထဲလိုက်ကူပေးရတယ်။ အဖေက စာရင်းငှားလုပ်တယ်။ ကျွန်တော်က အဖေ့ကိုကူလုပ်ပေးတယ်။ နွားကျောင်းတယ်။ ကျွန်တော်ကြီးလာတော့ ဘကြီးတို့အမေကြီးအိမ်မှာ လယ်လုပ်တယ်။ ကျွန်တော်တို့ရွာကလည်း လယ်တစ်မျိုးပဲလုပ်စရာရှိတော့ လယ်ထွန်၊ ပျိုးနုတ်၊ ကောက်စိုက်၊ ကောက်ရိတ်၊ စပါးသိမ်း၊ တလင်းနယ်ပေါ့ အစ်ကိုလေးရာ၊ နွေပိုင်းကျတော့ ဘာအလုပ်မှမရှိဘူး။ နားနေကြတာပေါ့၊ ခုခေတ်ကျတော့ စပါးပြီးတော့ ပဲစိုက်တယ်။ ပဲပြီးတော့ နွေစပါး၊ နွေစပါးပြီးတော့ မိုးစပါး၊ လယ်ကွင်းတွေမှာ စိုက်ပင်လစ်လပ်တဲ့အချိန်မရှိဘူး။ ပင်လည်း ပင်ပန်းတယ်။ ပိုက်ဆံလည်းရတယ်။ ဒါပေမဲ့ ကျွန်တော်တို့က လယ်မရှိတော့ သူများအိမ်ကအလုပ်တွေမှာ အငှားသွားလုပ်ရတာပေါ့။ ခုတော့ အသက်ကြီးတော့ မလုပ်နိုင်တော့ဘူး။ မိန်းမနဲ့ကလေးတွေက အငှားလုပ်၊ ကျွန်တော်က ထန်းတက်ပေါ့ အစ်ကိုလေးရာ"။ ဖိုးရွှေသည်

www.foreverspace.com.mm

သူ့ဘဝကျင်လည်ပုံကို မရပ်မနားပြောပြလိုက်ပါသည်။


“အေးပါကွာ ကျန်းကျန်းမာမာရှိနေတာပဲ ဝမ်းသာရပါတယ်။ မင်းလယ်ထဲဆင်းလုပ်ခဲ့ရတာတွေ ငါလည်းလုပ်ဖူးတယ်။ ဒါပေမဲ့ ကြာကြာတော့မလုပ်ရဘူး။ လူငှားမရတဲ့အချိန်လောက်ပဲ ငါကလုပ်ရတာ”။ ကျွန်တော်နှင့် ဖိုးရွှေ စကားစပြတ်သွားချိန်၊ အစ်ကိုကြီးကသတိပေး၍ ဖိုးရွှေဖို့ပေးရန် အဝတ်အစားများကို သတိရပါသည်။ ဖိုးရွှေအတွက် အင်္ကျီပေးမည်ဟု ကျွန်တော်က ပြောထားခြင်းဖြစ်ပါသည်။

အင်္ကျီမပါဘဲလည်းနေသည်။ အင်္ကျီပါရင်လည်း လက်တိုအင်္ကျီနွမ်းနွမ်း ကြယ်သီးတပ်ချင်မှတပ်သည်။ ရွာထဲတွင် သူ့ရှိတာနှင့်နေတတ်အောင် နေထိုင်သူဖြစ်သည်။

ကျွန်တော် ရန်ကုန်ရောက်ပြီးနောက် ရွာမှဆွေမျိုးများလာတော့ ဖိုးရွှေအကြောင်းကိုကြားရသည်။ ဖိုးရွှေက အစ်ကိုလေးပေးသွားတဲ့ အင်္ကျီအကြောင်း လူတကာကိုပြပြီးကြွားနေသည်။ “အစ်ကိုလေးကို တွေ့တုန်းက မခေါ်ဝံ့ဘူး။ ခုတော့ အစ်ကိုလေးကစခေါ်ပြီး စကားပြောတော့ ဝမ်းသာလိုက်တာ။ နောက်တစ်ခါ အစ်ကိုလေးလာရင်ထန်းရည်ကောင်းကောင်းချန်ထားရမယ်။

များကို ပေးပါသည်။ ကျွန်တော်ပေးသောအခါ ဖိုးရွှေက အားနာသည်။ လက်ခံယူရန်မဝံ့မရဲဖြစ်နေသည်။ “ဖိုးရွှေ ယူပါကွာ ရန်ကုန်ကတည်းက မင်းအတွက်ဆိုပြီး ယူလာတာ” ဤသို့ပြောလျှင် သွားပေါ်အောင်အားရပါးရပြုံးပြီး “ကျေးဇူးတင်တယ်ဗျာ၊ ကျွန်တော်က ဒီလိုအဝတ်မျိုးတွေ မဝတ်ရဘူး” ဟု ရိုးရိုးသားသား ပြောချလိုက်ပါသည်။ ကျွန်တော် ဖိုးရွှေကိုကြည့်ပြီး သနားကြင်နာသောစိတ်များ ပေါ်ပေါက်လာပါသည်။ ကျွန်တော့်အစ်ကိုကြီးနှင့် မမကို ဖိုးရွှေနှင့်ပတ်သက်သော ထူးခြားသည့်ကိစ္စများ၊ လိုအပ်ချက်များရှိရင် ကျွန်တော့်ကိုအကြောင်းကြားပါ။ ကူညီပေးပါဟု ပြောထားရပါသည်။

ဖိုးရွှေကို ဦးဖိုးဆစ်၊ ဒေါ်အေးခင်တို့



ကျွန်တော်ရွာမှမပြန်ခင် ဖိုးရွှေကို အင်္ကျီတစ်ထည်ပေးလိုက်သည်။ အင်္ကျီက Polo စပို့ရှပ် ဖြစ်ပါသည်။ ဖိုးရွှေက အင်္ကျီကိုသေသေချာချာကြည့်သည်။ “ကောင်းလိုက်တဲ့အင်္ကျီ ဈေးအများကြီး ပေးရမှာပဲနော်” တဲ့။ ဟုတ်ပါသည်။ ကျွန်တော် တစ်ကြိမ် ဝတ်ထားသော်လည်း အင်္ကျီက အသစ်အတိုင်း ဖြစ်နေပါသည်။ ဖိုးရွှေက ဒီအင်္ကျီမျိုးမမြင်ဖူးပါ။ “ဒီအင်္ကျီကို ပွဲတွေရှိတဲ့အခါမှ ဝတ်မယ်၊ ခုလိုထန်းတက်နေတုန်းတော့ အင်္ကျီမရှိလည်း ကိစ္စမရှိဘူး။ ခါတိုင်းလည်း ဒီလိုပဲနေတာ” ဟု ပြောပါသည်။ ဖိုးရွှေပြောတာမှန်ပါသည်။ ဖိုးရွှေက

အစ်ကိုလေးက ကျွန်တော့်ထန်းရည်ကို သိပ်ကြိုက်တာ” ဟု ကျွန်တော့်ညီအစ်ကိုမောင်နှမများကို ပြောနေသည်ဟုကြားရပါသည်။

ကျွန်တော် ဖိုးရွှေကို သတိရနေပါသည်။ ယခုအခါ ဖိုးရွှေသည် အသက် ၆၀ ကျော်လာပြီဖြစ်ပါသည်။ သို့သော် ထန်းပင်တက်တုန်းဖြစ်ပါသည်။ ကျွန်တော်က အဖေ့ဆန္ဒဖြင့် ရွာသို့ တစ်နှစ်နှစ်ခေါက်သုံးခေါက်ရောက်ပါသည်။ ရွာရောက်တိုင်း ကျွန်တော်က ဖိုးရွှေကိုမေးပါသည်။ ဖိုးရွှေက ထန်းရည်ပုလင်းများဆွဲ၍ ကျွန်တော့်ထံရောက်လာပါသည်။ ကျွန်တော်က ဖိုးရွှေအတွက် ယူလာသောပုဆိုး၊ အင်္ကျီ

က ၁၃၀၅ ခုနှစ် ပြာသိုလဆန်း ၆ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ငယ်စဉ်ဘဝ အလုပ်အကိုင်လုပ်နိုင်သည့်အချိန်တွင် ဆွေမျိုးများအိမ်တွင် အငှားဘဝဖြင့် အလုပ်လုပ်ကိုင်နေပါသည်။ အရွယ်ရောက်လာသောအခါ မအုန်းကြည်နှင့် အိမ်ထောင်ကျပြီးသားနှစ်ယောက်၊ သမီးသုံးယောက် မွေးဖွားခဲ့ပါသည်။ ဖိုးရွှေက အိမ်ထောင်ဦးစီးပီပီ ရွာတွင်းမှ ဆွေမျိုးများအိမ်ရှိ ထန်းပင်များကိုတက်၍ ထန်းရည်ခံရောင်းချရသောအလုပ်ကို လုပ်ကိုင်နေပါသည်။ ဖိုးရွှေ၏ထန်းရည်ကို တစ်ရွာလုံးက ကြိုက်နှစ်သက်ကြသည်။ ဖိုးရွှေသည် သူ့ထန်းရည်

ကို ဘာပစ္စည်းနှင့်မှ မရောနှောဘဲ ထန်းရည်စစ်သန့်သန့်ကိုသာ ရောင်းချနေ၍လည်း ဖိုးရွှေထန်းရည်ရောင်းမလောက် ဖြစ်နေပါသည်။ ကျွန်တော် ရွာကိုပြန်လာမည်သိလျှင် သူကိုယ်တိုင် ထန်းရည်လာပေးသည်။ ကျွန်တော်လာမည်ကိုမသိလျှင် ကျွန်တော့် အစ်ကိုကြီး (ယောက်ဖ) က ဖိုးရွှေထံ ထန်းရည်မှာ၍ ကျွန်တော်လာမည်ကို ဖိုးရွှေသိသွားသည်။ ကျွန်တော် ရွာရောက်ပြီး မကြာမီအတွင်း ဖိုးရွှေ ကျွန်တော့်ထံရောက်လာသည်။ ဖိုးရွှေရောက်လာလျှင် စကားတစ်ခွန်းမှမပြော၊ နှုတ်မဆက်ဘဲ သွားပေါ်အောင် ပြုံးနေသည်ကို မြင်ရပါသည်။ ကျွန်တော်ကသာ သူ့ကျန်းမာရေးနှင့် အလုပ်အကိုင်အကြောင်းများမေးရပါသည်။ ကျွန်တော်က “မင်း ဒီအသက်အရွယ်နဲ့ ထန်းတက်ရတာ အဆင်ပြေရဲ့လား” မေးသောအခါ “အဆင်ပြေတယ်တော့မဟုတ်ပါဘူး။ တခြားအလုပ်မရှိတော့ ထန်းတက်တယ်။ မီးဖိုချောင်သုံးဖို့တော့ရတာပေါ့ အစ်ကိုလေး”။ “အသက်အရွယ်နဲ့ဆိုတော့ အခက်အခဲမတွေ့ဘူးလား။ သတိထားပြီး မြဲမြဲစွဲစွဲကိုင်တွယ်ပြီးတက်ပေါ့ကွာ” ဟု ကျွန်တော်က သတိပေးစကားပြောကြားလိုက်ရပါသည်။

ကျွန်တော် ရွာမှပြန်ခဲ့ပြီးနောက်တော်တော်နှင့် ရွာကိုမရောက်တော့ပါ။ ကဆုန်လပြည့်နေ့တစ်နေ့ ကျွန်တော်ရွာသို့ရောက်သွားပြန်သည်။ ရွာမှ အသက် ၈၀ ကျော် အဘိုးအဘွားများကို ကန်တော့ရန်ဖြစ်ပါသည်။ အဖေ့ဆန္ဒနှင့် ရွာရှိအသက် ၈၀ ကျော် အဘိုးအဘွားများကို နှစ်စဉ်ကန်တော့ခဲ့ရာ ယခုစတုတ္ထအကြိမ်မြောက်ဖြစ်ပါသည်။ ရွာရောက်သည်နှင့် ညီအစ်ကိုမောင်နှမများ၊ ဘထွေးဘကြီးများ၊ အဒေါ်များနှင့် စကားလက်ဆုံကျနေပါသည်။ ဖိုးရွှေပေါ်လာသည်။ မျက်နှာက ပြုံးနေပါသည်။ ဖိုးရွှေကို သေချာကြည့်လိုက်သောအခါ ဖိုးရွှေခါးစောင်းနေသည်ကို တွေ့ရပါသည်။ “ဟေ့ ဖိုးရွှေလာစမ်းပါဦး၊ မင်းကြည့်ရတာ ခါးစောင်းနေသလိုပဲ”။ “ဟုတ်တယ် အစ်ကိုလေး ထန်းပင်ပေါ်ကပြုတ်ကျတာ”။ “အမယ်လေးကွာ ဖြစ်မှဖြစ်ရလေတယ်” ဟု ပြောရာ “ဟုတ်ပါတယ် အစ်ကိုလေး။ သတိတော့ထားတာပဲ။ ဒါပေမဲ့ သတိထားတဲ့ကြားထဲက ပြုတ်ကျချင်တော့လည်း ဘယ်လိုဖြစ်လို့ ပြုတ်ကျသွားလဲမသိပါဘူး အစ်ကိုလေးရာ ဘေးကလူတွေ တွေ့သွားလို့လာပြီး သယ်ယူသွားတာ။ မကျိုးမပဲ့လို့တော်သေးရဲ့”။ “ခုထန်းပင်မတက်နိုင်တော့ဘူးပေါ့” ဟု မေးလိုက်ရာ “ခု ထန်းပင်ပြန်တက်နေတယ် အစ်ကိုလေး။ လိမ့်ကျပြီး နှစ်ပတ်ကျော်လောက် နားလိုက်ရတယ်။ သက်သာသွားတော့ ထန်းပြန်တက်တာပဲ။ အလုပ်က ဒါပဲရှိတယ်လေ” ဖိုးရွှေပြောသောစကားများကြားရတာ စိတ်မကောင်းစရာတွေ အပြည့်ပါနေသည်။ ဇနီးက မီးဖိုချောင်အလုပ်၊ သား၊ သမီးအကြီးများက ရွာတွင်းရှိ အလုပ်များ ရှာလုပ်ပြီး မိသားစုစားရေး၊ နေရေး၊ ဝတ်ရေးများကို စုပေါင်းရှာဖွေစားသောက်နေကြခြင်း ဖြစ်ပါသည်။

ကျွန်တော်ဖိုးရွှေကိုကြည့်ပြီး စဉ်းစားနေရင်းက “ဖိုးရွှေ မင်း အသက်ဘယ်လောက်ရှိပြီလဲ” ဟုမေးမိပါသည်။ ဖိုးရွှေက “ကျွန်တော် အစ်ကိုလေးထက် ငါးနှစ်ငယ်တယ်။ ကျွန်တော် အသက် ၆၇ နှစ်ပါ” ဟု ပြောသောအခါ အသက် ၆၇ နှစ်အရွယ် ရွာတွင်းရှိထန်းပင်တကာတက်၍ ထန်းရည်ခံရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုနေမှုကို အံ့သြမိပါသည်။ ကျွန်တော့်အတွေးများဖြစ်၍ “ဖိုးရွှေပြန်တော့ကွာ မနက်ဖြန်လာခဲ့ဦး စကားပြောရအောင်” ဟု ပြောရာ ဖိုးရွှေ က “မနက်ထန်းတတ်ပြီးရင် လာခဲ့မယ်။ အစ်ကိုလေးအတွက် ထန်းရည်ယူလာမယ်။ ဒီနေ့တောင် အစ်ကိုလေးလာတာမသိလို့ ချန်မထားရဘူး” ဟု ပြောပြီး ကျွန်တော့်အိမ်မှထွက်သွားပါသည်။

ကျွန်တော် ဖိုးရွှေအကြောင်းစဉ်းစားရင်းကျန်ခဲ့ပါသည်။ ငယ်စဉ်ဘဝ ဘုန်းကြီးကျောင်းသား၊ ဉာဏ်ထိုင်းသူကျောင်းသားတစ်ယောက်။ ကျွန်တော်တို့ တစ်နေ့စာတစ်ပိုဒ်အလွတ်ရ၍ ရွှေ့စာတစ်ပိုဒ်တက်သော်လည်း ဖိုးရွှေမတက်နိုင်သေးပါ။ ကျွန်တော် လောကနီတိပါဠိနှင့်အနက်အော်ကျက်နေသောအခါ ဖိုးရွှေက မင်္ဂလသုတ်မှ “ဘောဒေဝ ပုတ္တာအိုနတ်သား” ကို ကျက်နေတုန်းပင်။ ဖိုးရွှေသည် ငယ်စဉ်ကပင်သဘောကောင်းသည်းခံတတ်သူဖြစ်ပါသည်။ ဘုန်းကြီးကျောင်းသားချင်း ရန်မဖြစ်၊ သူကစ၍ ရန်ဖြစ်သည်ကိုလည်း မကြားရ။ ဖိုးရွှေစိတ်မဆိုးတတ်၊ သည်းခံတတ်မှန်းသိ၍ ကျောင်းသားကြီးများကစလျှင် ဖိုးရွှေမကြိုက်။ စ,ပါများလျှင် ဖိုးရွှေက “မလုပ်နဲ့ဗျာ ကျွန်တော်မကြိုက်ဘူး” ဟု ပြန်ပြောပါသည်။ ဒီထက်လွန်လာရင် မျက်ရည်ကျ၍ တစ်နေရာသို့ ထွက်သွားပါသည်။ ကျွန်တော်သည် ဤမြင်ကွင်းကို အလွန်မုန်းပါသည်။ ကြီးသူက ငယ်သူကို အနိုင်ကျင့်သည်ဟု ထင်ပါသည်။ သို့ဖြစ်၍ ကျွန်တော်က ဖိုးရွှေဘက်က ဝင်ပါလေ့ရှိပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် ကြီးကျယ်သောပြဿနာ မဟုတ်သော်လည်း ကျောင်းသားကြီးများက ကျောင်းသားငယ်များကိုလည်းကောင်း၊ ကိုရင်ကြီးများက ကိုရင်ငယ်များကိုလည်းကောင်း ဤလိုလုပ်တတ်သည်ကို မကြာခဏတွေ့ရပါသည်။

တစ်နေ့သောအခါတွင် ကျောင်းသားကြီးတစ်ဦးက ကျွန်တော့်အနီးရှိ ကျောင်းသားကို “ဟေ့ကောင် တင်မြင့် နားရွက်ကို တံတွေးဆွတ်ဝံ့သလား” မေးပါသည်။ ကျောင်းသားက ဘာမှပြန်မပြောပါ။ ကျောင်းသားကြီးက “ဘယ်သူ တင်မြင့် နားရွက်ကို တံတွေးဆွတ်ဝံ့သလဲ၊ သတ္တိရှိရင်ထွက်ဟေ့” လို့ အော်ပြောသောအခါ ကျွန်တော် ဒေါသထွက်ပါသည်။ “ဟေ့–လူကြီး ကျွန်တော်ကောင်းကောင်းနေနေတာ၊ ရန်တိုက်မပေးနဲ့”။ “ပေးတော့ဘာဖြစ်လဲ၊ မင်းကငကြောက်ပဲ” ထပ်၍ ပြောပါသည်။ ကျွန်တော်က သည်းမခံနိုင်ဘဲ ဒေါသထွက်၍ ဒီလူကြီးကို ပါးရိုက်လိုက်ပါသည်။ လူကြီးက ဒေါသထွက်ပြီး ကျွန်တော့်ကို ဇက်ပိုးသုံးချက်ရိုက်လိုက်ပါသည်။ ကျွန်တော်ရှေ့သို့ငိုက်စိုက်ကျသွား



www.foreverspace.com.mm

www.foreverspace.com.mm

ပါသည်။ ကျွန်တော်ငိုပြီး ဘထွေး (အဖေ့ညီ) ကို သွားတိုင်ပါသည်။ ဘထွေးက ကျွန်တော့်ကိုရိုက်သူကို လက်သီးနှင့်အချက်ပေါင်းများစွာထိုးလိုက်၍ ရန်ဖြစ်ကြပြီး ဆရာတော်ထံ ရောက်သွားပါသည်။ ဆရာတော်က စုံစမ်းမေးမြန်းပြီး ကျောင်းတိုင်ကိုဖက်ခိုင်း၍ ကြိမ်နှင့်ရိုက်ပါသည်။ ကျွန်တော့်ကို နှစ်ချက်၊ လူကြီးကိုငါးချက်၊ ကျွန်တော့်ဘထွေးကို ၁၀ ချက်ရိုက်ပါသည်။ ရိုက်ချက်ပြင်းလွန်း၍ သွေးချည်ဥသည်အထိခံစားရပါသည်။

ဤအဖြစ်အပျက်တွေကိုမြင်ရသောဖိုးရွှေက သူ့ရင်တွင်းခံစားရသော ခံစားချက်ကို ထုတ်ပြောပါသည်။ "ဒါကြောင့်ကျွန်တော်က ရန်မဖြစ်တာ။ ရန်ဖြစ်တော့အစ်ကိုလေးတို့ခံရသလိုခံရမှာ။ ဘုန်းကြီးကလည်း လက်သံပြောင်တယ်ဗျ" တဲ့။ ကျွန်တော်တို့အရိုက်ခံရသည့်ဒဏ်ရာများပြင်းထန်၍ ရွာတွင်းမှမိဘများလိုက်လာပြီး ဘုန်းတော်ကြီးကို လျှောက်ထားစကားပြောလိုသော်လည်း ဘုန်းကြီးက "ဒီကိစ္စနှင့်ဆိုလျှင် ကျောင်းပေါ်မတက်နဲ့" ဟု အမိန့်ရှိ၍ မိဘများပြန်သွားရပါသည်။

နောက်တစ်နေ့နံနက် ၈ နာရီတွင် ကျွန်တော်ရန်ကုန်ပြန်ရင်ပြင်ဆင်ပြီး ဖြစ်နေပါသည်။ နံနက်စောစောကတည်းက ထမင်းကြမ်းနှင့်ဘူးသီးကြော်စားကြပါသည်။ ကျွန်တော်အဆင်သင့်ဖြစ်၍ အိမ်ပေါ်မှဆင်းစဉ် ဖိုးရွှေရောက်လာပါသည်။ "အစ်ကိုလေးပြန်တော့မယ်ဆို အမီလာတာဗျ။ ဒီမှာ ထန်းရေသောက်သွားဦး" ပြောပြောဆိုဆို သူ့လက်ထဲမှ ထန်းရည်နှစ်ပုလင်းချပေးပါသည်။ "ဖိုးရွှေ မသောက်တော့ဘူး၊ ငါ ထမင်းစားထားပြီးပြီ။ နောက်လာမှ သောက်တော့မယ်" ဟုပြောသော်လည်း ဖိုးရွှေသည် ထန်းရည်နှစ်ပုလင်းကို ရေသန့်ဘူးခွံတွင်းထည့်၍ ရန်ကုန်ရောက်ရင် သောက်ဖို့ဆိုပြီး ထည့်ပေးပြန်ပါသည်။ ကျွန်တော် ဖိုးရွှေကိုနှုတ်ဆက်၍ ရန်ကုန်သို့ပြန်ခဲ့ပါသည်။

ကျွန်တော်အလုပ်တွေများနေ၍ ရွာကိုမရောက်တာကြာသွားပါသည်။ အစ်ကို၊ အစ်မနှင့် ညီ၊ ညီမများက မကြာခဏဖုန်းဆက်ပါသည်။ ညီငယ်တွင်လက်ကိုင်ဖုန်းရှိ၍ မကြာခဏဖုန်းဆက်သည်။ ဖုန်းဆက်သည့်အခါ "အစ်ကို နေကောင်းလား၊ အထွေအထူးမရှိပါဘူး။ အစ်ကို့ကျန်းမာရေးသိချင်လို့။ ဒီကညီအစ်ကိုမောင်နှမတွေအားလုံးနေကောင်းပါတယ်" ဖုန်းဆက်တိုင်း ဒီစကားစုကိုသာကြားရပါသည်။ ကျွန်တော့်ညီအစ်ကိုမောင်နှမများက ကျွန်တော့်ကျန်းမာရေးကို အထူးဂရုစိုက်နေကြပါသည်။ ကျွန်တော့်တွင် နှလုံးသွေးကြောကျဉ်း၍ ပိုက် (Stent) ထည့်ထားရသည်။ သည်းခြေထုတ်ထားသည်။ အူကျသည်ကိုခွဲထားသည်။ ပြင်းထန်သောအစာအိမ်ရောဂါရှိနေသည်။ အစာအိမ်ရောဂါကြောင့် ကိုယ်အလေးချိန် ၁၅ ပေါင်လျော့နေ၍ လူကပိန်နေသည်။ ဤအကြောင်းကို သိနေသော ညီအစ်ကိုမောင်နှမများက စိုးရိမ်နေကြပါသည်။ ကျွန်တော်ကတော့ အလုပ်လုပ်လျက်နှင့် ကျန်းမာရေးကိုဂရုစိုက်နေရပါသည်။

ကျွန်တော့်ညီငယ်ဖုန်းဆက်တိုင်း ကျွန်တော်က ဖိုးရွှေအကြောင်းကို မေးသည်။ ဖိုးရွှေကတော့ ပုံမှန်အတိုင်း ကျန်းမာစွာဖြင့် ထန်းတက်လျက်ရှိကြောင်း ကြားရပါသည်။ တစ်နေ့တော့ ညီငယ်က ဖုန်းဆက်ပြန်သည်။ ရွာတွင် ကျွန်တော်ဆောက်လုပ်ပေးထားသော ဘောလုံးကွင်းတွင် ဘောလုံးပြိုင်ပွဲ လုပ်မည်။ အသင်း ၁၄ သင်းပါဝင်ယှဉ်ပြိုင်မည်။ ဖွင့်ပွဲကို အစ်ကိုလာနိုင်အောင်လာခဲ့ပါ ပြောပါသည်။ ဘောလုံးပွဲဖွင့်မည့်နေ့ ကျွန်တော်ရွာရောက်သွားသည်။ ရွာက ညီအစ်ကိုမောင်နှမများ ကြိုနေကြသည်။ ညီအစ်ကိုမောင်နှမများနှင့် တွေ့ဆုံစကားပြောနေစဉ် ကျွန်တော်တစ်စုံတစ်ယောက်ကိုသတိရပြီး မျှော်နေသူမှာ ဖိုးရွှေပင်ဖြစ်ပါသည်။ မျှော်နေတုန်း ဖိုးရွှေပေါ်လာပါသည်။ စွပ်ကျယ်အင်္ကျီလက်ပြတ်၊ ပုဆိုးနီညိုကွက်နှင့်။ ကျွန်တော်က "ဟေ့ ဖိုးရွှေ ခုပဲ မင်းကိုမျှော်နေတာ နေကောင်းလား" မေးတော့ နေတော့ကောင်းပါတယ်၊ ဒါပေမဲ့ အရင်လောက်တော့ မမြန်တော့ဘူး၊ အသက်ကလည်းမငယ်တော့ဘူး အစ်ကိုလေးရ" ဒီလို ဖိုးရွှေပြောလိုက်တော့မှ "မင်းအသက်ခုဘယ်လောက်လဲ" မေးမိပါသည်။ အစ်ကိုလေးကလည်း အစ်ကိုလေးနဲ့ငါးနှစ်ပဲကွာတာ ၆၇ နှစ်ပေါ့ဗျ"။ ဖိုးရွှေအသက် ၆၇ နှစ်၊ ဆံဖြူသွားမကျိုး၊ လှုပ်ရှားသွားလာတုန်း၊ ထန်းပင်တက်တုန်း၊ လူမှုရေးလှုပ်ရှားမှုအားလုံးတွင် သူပါနေတုန်းပင်။ ကျွန်တော်က "ဖိုးရွှေ ဒီနေ့ကော ထန်းရည်မရတော့ဘူးလား" ကျွန်တော်က နောက်၍မေးလိုက်ပါသည်။ ဖိုးရွှေက "မိုးတွင်းရောက်နေပြီ အစ်ကိုလေးရ၊ ထန်းပင်က မထွက်တော့ဘူး။ "ဆောင်းရောက်မှ ထန်းပင်ပြန်တက်ရမှာ၊ အဲဒီတော့ လာခဲ့ဦး" ဖိုးရွှေက ထန်းရည်မတိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်နေသလို ထင်ရပါသည်။

ကျွန်တော်အဖေ့အိမ်အပေါ်ထပ်တက်၍ ဖိုးရွှေအတွက် ပုဆိုး၊ အင်္ကျီ၊ စွပ်ကျယ်များယူ၍ "မင်းအတွက်ယူလာတာ" ပြော၍ပေးလိုက်သောအခါ ဖိုးရွှေက "အစ်ကိုလေးက ခဏခဏပေးနေတာ၊ အရင်တစ်ခါပေးခဲ့တဲ့ပုဆိုး၊ အင်္ကျီတွေတောင်မကုန်သေးဘူး" ဖိုးရွှေက ရိုးသားပွင့်လင်းစွာ ပြောလိုက် ပါသည်။ စကားပြောပြီး၍ ဖိုးရွှေပြန်သွားသောအခါ ဖိုးရွှေ၊ ဘုန်းကြီးကျောင်းသား၊ လယ်သမား၊ အခုတော့ ထန်းသမားဘဝဖြင့် ဘဝကိုရုန်းကန်လာခဲ့တာ အသက် ၆၇ နှစ်။ ဘယ်တော့ ထန်းသမားဘဝကို စွန့်လွှတ်မှာလဲ တွေးတောရင်း ဖိုးရွှေထွက်ခွာသွားသောလမ်းကို ကျွန်တော်ကြည့်၍ငေးနေမိပါသည်။

ဤဆောင်းပါးဖြင့် ကျွန်တော့်သူငယ်ချင်းဖိုးရွှေဘဝကို ရေးသားဖော်ပြလိုက်ရပါသည်။

**မောင်တင်မြင့်**

**၂၉၉၁ ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကနေ မကာအိုသို့မထွက်ခွာမီ ဘန်ကောက်အိမ်ရှင် ကိုခင်မောင်စိုးက ကျွန်တော့်ကို မှာလိုက်သည်။ "မကာအိုမှာ ဒီအိမ်မှာပဲတည်းသွားတဲ့ မောင်မောင်လေးဆိုတာ ရှိတယ်ဦးဝမ်း။ ကျွန်တော် ရေးပေးလိုက်တဲ့စာကို စာတိုက်ကနေထည့်လိုက်ပါ။ အဲဒီစာထဲမှာ ဦးဝမ်းကို သူနဲ့မိတ်ဆက်ပေးထားပါတယ်" ကျွန်တော်ကလည်း သူပြောသည့်အတိုင်း စာတိုက်ကနေ စာထည့်လိုက်သည်။ သို့သော် မကာအိုရောက်ခါစတွင် ကျွန်တော့်လိပ်စာက အတည်တကျမရှိပါ။ သို့နှင့် မောင်မောင်လေးက ကျွန်တော့်ကိုလာမတွေ့ခဲ့ပါ။ တွေ့မည့်တွေ့တော့ ဦးစိုးငွေ၏အလုပ်ထဲမှာ သွားတွေ့သည်။ သည်တော့ သူက စာရကြောင်းပြော၏။**


ကျွန်တော်က သူ့ကိုစတင်တွေ့ဆုံသောအချိန်မှာပဲ မောင်မောင်လေးက စကားပြောလျှင် လက်တခါခါဖြစ်လို့နေပါပြီ။ ခေါင်းတယမ်းယမ်းဖြစ်လို့နေပါပြီ။ ငါးစားထားသောကြောင့်ပါ။ ရေထဲကငါးကို သူစားသည်မဟုတ်ပါ။ ပုလင်းထဲက ငါးကို စားခြင်းပါ။ ကော်မက်သာဇင်ခေါ် ချောင်းဆိုးပျောက်ဆေး အသောက်လွန်သော် ဤသို့ဖြစ်သည်။ မောင်မောင်လေးတို့လိုလူငယ်တွေက ချောင်းဆိုးပျောက်အောင်သောက်ခြင်းမဟုတ်ပါ။ ယစ်မူးလို၍ ဤဆေးကိုသောက်ခြင်းပါ။ သူတို့လောကတွင်တော့ ငါးစားသည်ဟု ခေါ်လေသည်။

မူးယစ်ဆေးဝါး၊ လူငယ်နှင့်မူးယစ်ဆေးဝါး။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အပြင်ဘက်သစ်စက်တွင် သစ်ထမ်းခဲ့စဉ်ကတည်းက တွေ့ခဲ့ဖူး၏။ တစ်ဆောင်ထဲနေ မလေးတရုတ်လူငယ်က နံပါတ်ဖိုးချသည်တဲ့။ မြန်မာတရုတ်လူငယ် ကြည်လွင်က ပြောသည်။ ကြည်လွင်နှင့်က တွဲဖက်ဖြစ်သည်။ သူဆေးချတာက အရေးမကြီး၊ ရဲက သူ့နောက်လိုက်ရင်းဖြင့် ကျွန်တော်တို့ကို မိသွားရင်အခက်။ ကျွန်တော်တို့ကတော့ မူးယစ်ဆေးဝါးသမားတွေမဟုတ်ပါ။ သူတစ်ပါးနိုင်ငံတွင် ဗီဇာရက်လွန် ခိုးနေသူတွေ (Over Stay) မို့ ဖြစ်သည်။ မကြာမီဝယ် သစ်စက်အနီးက ဆူဂိုင်းဘလူး (Sugai Blue) ဆိုသောမြို့လေးတွင် ယင်းဒေသခံ မူးယစ်ဆေးသုံးစွဲသူ တရုတ်လူငယ်ကို ရဲကဖမ်းမိသွားသည်ဟု သိရလေသည်။

မလေးတွင် ၁၀ လတာ ခိုးနေခဲ့ပြီး နိုတာဘာရူးဆိုသော နယ်စွန်နယ်ဖျားကနေ ထိုင်းသို့ပြန်ဝင်လာခဲ့သည်။ သည်တော့မှ မြန်မာအမျိုးသား Original မူးယစ်ဆေးဝါးသမားကို တွေ့ဖူးတော့သည်။ မလေးမသွားခင် ဒီဆူခွန်ဗစ် ၁၀၁– ဆွိုင်ပါဝှစ်အိမ်မှာ နှစ်လခွဲသောင်တင်ခဲ့စဉ်က ဒီလို မူးယစ်ဆေးဝါးသမားတွေ မတွေ့ဖူးခဲ့ပါ။ ယခုတစ်ခေါက်မှတွေ့ရခြင်းပါ။ နေ့ခင်းထမင်းစားပြီး အပေါ်ထပ်ဘုရားခန်းတွင်

# သူတို့ဆီက မူးယစ်ဆေးဝါး

ကိုဝမ်း







www.foreverspace.com.mm

www.foreverspace.com.mm

သတင်းစာဖတ်နေခိုက် အောက်ထပ်က ကြမ်းပြင်ကို တဖုန်းဖုန်းရိုက်သံကြားရ၍ ဆင်းကြည့်မိသည်။ ရန်ကုန်ကလာသော လူငယ်တစ်ဦး၊ ကြမ်းပြင်မှာမှောက်၍ လက်နှစ်ဖက်က တဖုန်းဖုန်းကြမ်းကို ရိုက်နေခြင်းပါ။ အနီးကလူငယ်တစ်ဦးကို တိုးတိုးတိတ်တိတ်မေးကြည့်သော် ဆေးမရ၍ 'ယင်းထ'နေခြင်းပါတဲ့။ သူ့ကို ရန်ကုန်တွင် မိဘ၊ ညီအစ်ကိုမောင်နှမတွေက မည်သို့မျှ ဆိုဆုံးမမရတော့သဖြင့် နိုင်ငံခြားမှာပင် သေသေ၊ ဖြစ်လိုရာဖြစ်စေဆိုပြီး ပတ်စ်ပို့လျှောက်ပေးကာ လေယာဉ်ပေါ်တင်လွှတ်လိုက်ခြင်းဖြစ်ပါသတဲ့။ ဩော်–သာခု – သာခု ကောင်းလေစွ၊ ကောင်းလေစွတကား။

နောက်တစ်ဦးကမူ စင်ကာပူပြန် မြန်မာဆေးသမားဖြစ်သည်။ ဆေးကြောင်ပြီး ရေချိုးခန်းထဲမှာ သီချင်းတွေ အကျယ်ကြီး အော်ကာဆိုနေလေသည်။ ယင်းမြန်မာဆေးသမား၊ မလေးရှားတရုတ်ဆေးသမားတို့ကိုတွေ့ပြီးကာမှ ကျွန်တော် မကာအိုတွင် မြန်မာ–တရုတ်ငါးသမား မောင်မောင်လေးကိုတွေ့ရခြင်းဖြစ်သည်။ ကြမ်းပြင်ကို 'ယင်းထ'၍ တဖုန်းဖုန်းရိုက်သော မြန်မာလူငယ်က နောက်တော့ ကိုရီးယား ရောက်သွားသည်။ ပြီးတော့ ခိုးဘုတ်ဖြင့် ဂျပန်ဝင်သွားသည်ဟု နောက်အခေါက်တွေ ဘန်ကောက်ပြန်ရောက်တော့ ကြားသိရသည်။ သီချင်းအော်ဆိုသော မြန်မာလူငယ်ဆေးသမားက ရန်ကုန်ပြန်သွားသည်။ ယခုလောက်ဆို ဆေးကြောင်ရင်း စီးရီးဘယ်နှချပ်များထုတ်ပြီးလို့သွားပြီလဲမသိ။

ကျွန်တော်၏ချစ်လှစွာသော ညီငယ်လေး မောင်မောင်လေးကမူ မကြာမီ သင်္ဘောတက်သွားသည်။ သူတို့သင်္ဘောက ဂျပန်ခရီးစဉ်ဖြစ်သည်။ ဒုတိယအခေါက်မှာတော့ မောင်မောင်လေးသည် သူ၏သူငယ်ချင်း မောင်မောင်တင်နှင့်အတူ ဂျပန်ဆိပ်ကမ်းတစ်ခုတွင် ခုန်ဆင်းလိုက်ကြသည်ဟု သိရသည်။ ဂျပန်ဝင်တာ ဒီထက်သေချာသောနည်းလမ်းမရှိတော့ပါ။ မောင်မောင်လေး၏ ဂျပန်စီမံကိန်းအောင်မြင်တာကြားရတော့ ကျွန်တော်ကဝမ်းသာမိသည်။ နိုင်ငံခြားမှာစီးပွားရှာတာ ဤသို့စွန့်စားရသည်။ သေချာမှ နေကြာစိုက်၍မရ။ ကိုယ်က ပညာရှင်မဟုတ်တော့၊ ဟိုကွေ့ ဟိုတက်နှင့်လှော်၊ ဒီကွေ့ ဒီတက်နှင့်လှော် လုပ်ကြရသည်။ သို့သော် လက်တတုန်တုန်၊ တခါခါတယမ်းယမ်းဖြင့် မောင်မောင်လေးတစ်ယောက် ဂျပန်မှာ ဘယ်လိုများ ပန်းကန်ဆေးနေမလဲလို့ ကျွန်တော်က တွေးကာပူနေလေသည်။

မူးယစ်ဆေးဝါးသည် ဘိန်းကစသည်ကို အများသိပြီးဖြစ်သည်။ တစ်ခါက 'ကုတ်ကင်း' ဆိုတာလည်း ရှိခဲ့ဖူးသည်။ ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းနှင့် ဘဝအတွေးအခေါ်များစာအုပ်တွင် ဆရာကြီးက 'ကုတ်ကင်း' ပွတ်ဖူးသည့်အကြောင်းများ ထည့်သွင်းရေးသားခဲ့သည်။ 'ကုတ်ကင်း' ကို တောင်အမေရိကတိုက်နိုင်ငံတွေက အကြီးအကျယ်ထုတ်သည်။ ဘိန်းကိုမူ ရွှေတြိဂံနယ်ကထုတ်သည်ဟုလက်ညှိုးထိုးနေသော်လည်း ကမ္ဘာတွင် ဘိန်းအကြီးအကျယ်ထုတ်သည်မှာ အာဖဂန်နစ္စတန်နိုင်ငံ ဖြစ်သည်။ ယခုမှသာ အာဖဂန်နစ္စတန်ကထုတ်သည်မဟုတ်ပါ။ နှစ်ပေါင်းရာနှင့်ချီ၍ ထုတ်ခဲ့သောနိုင်ငံပါ။ နောက်တစ်နိုင်ငံက တူရကီနိုင်ငံဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်တွေတုန်းက ဘိန်းထုတ်မှုကိုအကြောင်းပြု၍ တူရကီအစိုးရနှင့် အမေရိကန်နစ်ဆင်အစိုးရတို့ ပြဿနာတက်ခဲ့ဖူးလေသည်။

ရွှေတြိဂံနယ်မြေတွင် ဘိန်းထွန်းကားမှုက ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်၌ စစ်ရှုံးခဲ့သော ကူမင်တန်တရုတ်ဖြူတို့ကစခဲ့သည်။ ပထမမြန်မာပြည်အရှေ့မြောက်ကို ဝင်ခိုရင်း တရုတ်ကွန်မြူနစ်အစိုးရကို တိုက်ဖို့လုပ်သည်။ မြန်မာပြည်က ကုလသမဂ္ဂကို တိုင်သည်။ စစ်ရေးဖြင့် တုံ့ပြန်သည်။ ထိုအခါ တရုတ်ဖြူဗိုလ်ချုပ်နှင့်အဖွဲ့က ရွှေတြိဂံနယ်မြေ၊ သံလွင်မြစ်အရှေ့ဘက်ခြမ်းကို ခိုလှုံသည်။ သူတို့၏စားဝတ်နေရေးအတွက် ဘိန်းစိုက်ကာ ဘိန်းကုန်ကူးသည်။ ယင်းကိစ္စတွင် ထိုင်းစစ်ဗိုလ်ချုပ်အချို့ပင်ပါဝင်ခဲ့သည်။ နောင်ထိုင်းဝန်ကြီးချုပ်ဖြစ်လာခဲ့သော ကရိဆတ်ချာမနန်ပင်ပါဝင်ပတ်သက်မှုရှိခဲ့သည်ဟု ဆိုသည်။ အရပ်စကားကို ပြောနေသည်မဟုတ်ပါ။ Martin Booth ၏ Dragon Syudicale စာအုပ်ပါအချက်တွေဖြစ်သည်။ ယင်းစာအုပ်က ကျွန်တော့်မှာရှိ၍ အချိန်မရွေးအထောက်အထားနှင့် ပြနိုင်ပါသည်။

ဟောင်ကောင်၊ မကာအိုသည်လည်း မူးယစ်ဆေးကို တင်းကျပ်စွာပိတ်ပင်သည်။ ဒီကြားထဲတွင် 'သူ' က ဘယ်နည်းဘယ်ပုံ ဖွေရှာနိုင်သည်မသိ၊ ဆေးခြောက်ချသည်။ သူဆိုသည်က မကာအိုတွင်တွေ့သော ညီငယ်မျိုးသစ်ဖြစ်သည်။ မျိုးသစ်သည် မကာအိုမှတ်ပုံတင်ရှိသူဖြစ်သည်။ ကျွန်တော့်လိုပဲ လုံခြုံရေးအလုပ်လုပ်သည်။ မကာအိုမှတ်ပုံတင်ရှိ၍ ကျွန်တော်လုပ်သည့် ဂတ်ဒ်ခ်ဖို့စ်ကုမ္ပဏီလုပ်လိုက်၊ စီကျူရီကောကုမ္ပဏီလုပ်လိုက်နှင့်ဖြစ်သည်။ ညအိပ်ရသည့်နေရာရလျှင် နေ့ပိုင်း၌ မော်တော်ကားပြင်လိုက်သေးသည်။

မျိုးသစ်က လူငယ်၊ ရန်ကုန်မှာတုန်းက သူဌေးသား၊ တစ်ဦးတည်းသောအငယ်ဆုံးမောင်လေးဖြစ်သည်။ သို့သော် မျိုးသစ်ကဆက်ဆံရေးကောင်းသည်။ လူတကာက (သူ့ဦးလေးဖြစ်သူသည် ကျွန်တော့်ထက် ၂ နှစ်ပဲငယ်သော်လည်း ကျွန်တော့်ကို ဦးလေးဟုခေါ်သည်) ကျွန်တော့်အား ဦးလေးဟုခေါ်သော်လည်း မျိုးသစ်က အစ်ကိုလို့ပဲခေါ်သည်။ မျိုးသစ်က အိမ်ထောင်ရှိသည်၊ သားသမီးမရှိပါ။

မကာအိုတွင် သင်္ကြန်ပွဲကျင်းပသည်။ မကာအိုအစိုးရက သူတို့မြို့ကို နိုင်ငံတကာယဉ်ကျေးမှုမြို့တော်ဖြစ်အောင် လူမျိုးပေါင်းစုံယဉ်ကျေးမှုကို အားပေးသည်။ မြန်မာပြန်တရုတ်အသင်းက သင်္ကြန်မလုပ်လျှင် မကာအိုအစိုးရက လုပ်ခိုင်းသည်။ တစ်ခါကများ သီတင်းကျွတ်ရက်ကြီးရောက်မှ သင်္ကြန်ပွဲလုပ်ရသည်။ များသောအားဖြင့်တော့ လူဝမ်ကျွန်းပေါ်ရှိ ဟတ်ဆာ (HaeSa) (သဲနက်ဟု တရုတ်လို အဓိပ္ပာယ်ရ၏) ကမ်းခြေမှာလုပ်သည်။ "ဟိုတစ်နေ့ကလေ သင်္ကြန်မှာ ကိုဘယ်သူ့ကို ဆေး

www.foreverspace.com.mm


ခြောက်ထည့်ထားတဲ့ဆေးပေါလိပ်တိုက်လိုက်တာ သောက်ပြီး တဟားဟားနဲ့ ရယ်နေပါရော” လို့ မျိုးသစ်က နောက်ပြောင်တတ်သူ။ သူ့မိန်းမကလည်း ယင်းဆေးဒဏ်ကြောင့်ပဲလားမသိ၊ ဂျပန်ထွက်သွားပြီး အလုပ်လုပ်နေလေသည်။ မိန်းမ မရှိတော့ မျိုးသစ် ပိုလွတ်သွားသည်။

သူဘာသုံးသလဲ ကျွန်တော်မသိပါ။ နံနက်ဘက် လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဟော်လန်တို့၊ ဒိန်းမတ်တို့သွားနေချင်သည်ဟု သူက ပြောတတ်သည်။ အကြောင်းကတော့ ယင်းနိုင်ငံတွင် ဆေးခြောက်ကို လမ်းဘေးဆိုင်တွေမှာ တရားဝင်ဝယ်လို့ရသောကြောင့် ဟု သူကပြော၏။

နောက်ပိုင်းတွင် မူးယစ်ဆေး၌ ‘ယာဘ’ ခေတ်စားလာခဲ့သည်။ ယာဘသည် မက်တာဖက်တမင်းကို ဓာတုဗေဒနည်းဖြင့် ပြုပြင်ထားခြင်းဖြစ်သည်။ အဖြူအကြည်ရောင်ပုံဆောင်ခဲမို့ 'ICE' ဟု ခေါ်သည်။ ဟောင်ကောင်တွင် 'Ice Queen' ဆိုသော ယာဘထုတ်လုပ်ရောင်းချသည့် နာမည်ကြီး အမျိုးသမီးကြီးတစ်ဦး ရှိခဲ့သည်။ ရဲကဖမ်းလို့မမိပါ။ ယင်း ‘ယာဘ’ ခေါ် အိုက်စ်ကို ဖိလစ်ပိုင်တွင် ‘ရှာဘူး’ဟုခေါ်၍ ဂျပန်နှင့် ကိုရီးယားတွင် ‘ဟီရိုဖွန်း’ ဟု ခေါ်သည်။ ထုတ်လုပ်ရသည်က စက်ရုံကြီးတစ်ရုံစာ မြေနေရာမလိုပါ။ တိုက်ခန်းကျယ်တစ်ခုရှိလျှင် ပြီးသည်။

နောက် တရားမဝင်ဆေးအဖြစ် ဟောင်ကောင်မကာအိုတွင် ပိတ်ပင်သည်က အက်တစီ (Ectasy) ဖြစ်သည်။ ယင်းဆေးသည် အားကစားသမားတွေ တရားမဝင်သုံးစွဲသော ခံနိုင်အားတိုးမြှင့်ဆေးဖြစ်သည်။ တကယ်တော့ မူးယစ်ဆေးမမည်ပါ။ ညအခါကပွဲများတွင် ကောင်လေးတွေ၊ ကောင်မလေးတွေက ဤဆေးကို သုံးထားလျှင် တစ်ညလုံး မမောမပန်း ကနိုင်သည်။ သို့သော် ဥပဒေကဥပဒေဖြစ်၍ ဤဆေးသည် တားမြစ်ဆေးဖြစ်၍နေသည်။ ရဲက ကပွဲတွေကိုဝင်ပြီး အက်တစီဆေးသုံး၊ မသုံးရှာဖွေသည်။ တွေ့လျှင်အရေးယူသည်။

ဟောင်ကောင်မကာအိုတွင် မူးယစ်ဆေးဖြန့်ချိတာက အမဲဂိုဏ်း (Triad) ဖြစ်သည်။ ဟောင်ကောင်၊ မကာအိုတွင် အမဲဂိုဏ်းခွဲပေါင်း ၅၀ ကျော်ရှိသည်။ အဓိကမှာ ၁၄ ကေ (14-k) နှင့် ဆွေဖောင် (ရေခန်း) တို့ဖြစ်သည်။ မူးယစ်ဆေးဝါးကို ကျောင်းတွေရောက်အောင်ဖြန့်သည်။ ဟောင်




ကောင်၊ မကာအိုရဲများတွင် ရာဇဝတ်မှုနှင့် အမဲဂိုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ (Organized Crimes and Traid) ဟူ၍ သီးခြားဖွဲ့ထားပါသည်။ နှိမ်နင်းနေပါသည်။ သို့သော် တစ်ချိန်တည်းတွင် အမဲဂိုဏ်းကထကြွနေပါသည်။

ရာဘဆေးတစ်ပြားသောက်ထားလျှင် ၂၄ နာရီ ဆေးတန်ခိုးပြကာ ယစ်မူးနေသည်ဟုဆိုသည်။ မျိုးသစ် ဘာသုံးသလဲ၊ ဆေးခြောက်လား၊ ရာဘလား၊ နံပါတ်ဖိုးလား၊ ကျွန်တော်မသိပါ။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ ကျွန်တော်က မကာအိုကနေ အပြီးပြန်တော့ သူ့ကားနှင့် ကျွန်တော့်ကို လေဆိပ်သို့ လိုက်ပို့သည်။ “ရန်ကုန်ပြန်လာရင်တော့ အစ်ကို့ကို လိုက်ရှာမှာဗျ” ဟု သူကဆိုသည်။ သို့သော် သူရန်ကုန်ပြန်လာသည်ကြားရ၍ လိုက်ရှာရသည်က ကျွန်တော်ဖြစ်သည်။

နေမကောင်းဖြစ်၍ ဆေးစားရန် ရန်ကုန်သို့ သူက ခေတ္တပြန်လာခဲ့သည်။ ငယ်ရွယ်နုပျိုသောသူ့အဆင်း မရှိတော့ပါ။ သွက်လက်တက်ကြွသော သူ့လှုပ်ရှားမှုမရှိတော့ပါ။ ရွဲ့နေပါပြီ။ “မင်းတို့ကောင်တွေကွာ ငါခေါင်းဖြူကြီးက ဘာမှမဖြစ်ရဘူး။ မင်းတို့ပဲဖြစ်နေတယ်” ဟု ကျွန်တော်က ပြောသည်။ ဒါကိုသူက အားယူ၍ ရယ်ကျဲကျဲဖြင့် “ခေါင်းဖြူကြီးက ကဲမှမကဲပဲ ကိုအစ်ကိုရ” ဟု ပြောသေးသည်။ နောက်ဆုံးအကြိမ် သူက ကျွန်တော့်ကို ‘အစ်ကို’ ဟု ခေါ်သွားခဲ့ခြင်းပါ။ နောက်တစ်လခန့်အကြာ မကာအိုက ကိုဝင်းနိုင် ပြန်လာသဖြင့် မျိုးသစ်အခြေအနေကို မေးမိသည်။ “မျိုးသစ်ဆုံးပြီးအစ်ကို” ဟု ကိုဝင်းနိုင်ကပြော၍ ကျွန်တော့်မှာ ယူကျုံးမရဖြစ်မိသည်။

ကျွန်တော်၏ ချစ်စဖွယ်ကောင်းသောညီလေးမျိုးသစ်သည် မူးယစ်ဆေးဝါး၏သားကောင်အဖြစ်နှင့် လောကကြီးအလယ်က ထွက်ခွာလို့သွားခဲ့ပါပြီ။

နေ့ပြီးသော် ညသို့ရောက်၏။ ညပြီးသော် နေ့သို့တစ်ဖန်ပြန်ရောက်၏။ ဒါက လောကသဘာဝနိယာမတရားဖြစ်၏။ သို့သော် မူးယစ်ဆေးဝါးဟူသော အမှောင်ကမူ အလင်းရှိရာသို့ တစ်ဖန်ပြန်မရောက်၊ မရဏသေမင်းဆီသို့သာ ရောက်ရပါ၏။

**ကိုဝမ်း**

www.foreverspace.com.mm

ယခင်လမှအဆက်

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

**(ဆူဟာတိုပြောသည့် သူ့သမိုင်း)**

**အခန်း (၁၄)**

**တင်ညွန့်**

## ဒီအိုင်၊ တီအိုင်အိုင်အရေးအခင်း

DI/TII ဆိုသည်မှာ (Darul Islam/ Tentara Islam Indonesia) ၏ အတိုကောက်ဖြစ်သည်။ Darul Islam ဆိုသည်မှာ အစ္စလာမ်လှုပ်ရှားမှုတစ်ခုဖြစ်ပြီး အင်ဒိုနီးရှားအစ္စလာမ်မစ်နိုင်ငံတော် (Islamic State of Indonesia) ဖြစ်လာရေးအတွက် ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ Tentara Islam Indonesia ဆိုသည်မှာ DI အတွက်ဖွဲ့စည်းထားသည့်တပ်ကိုခေါ်ဆိုသည်။

အင်ဒိုနီးရှားတပ်မတော်ကို အသိအမှတ်ပြုရေးသည် အတော်လေး အဆင်ချောခဲ့သည်ဟု ဆိုရမည်။ ကာကွယ်ရေးဝန်ကြီးသည် စစ်တိုင်းကြီး (TT) ခုနစ်တိုင်းကို သတ်မှတ်ရန်ဆုံးဖြတ်လိုက်သည်။ စစ်တိုင်းကြီးခုနစ်တိုင်းမှာ TT-I ကို မီဒန်၊ TT-II ကို ပလမ်ဘမ်၊ TT-III ကို ဘန်ဒေါင်း၊ TT-IV ကို ဆီမာရမ်၊ TT-V ကို မာလန်း၊ TT-VI ကို ဘန်ဂျာမာစင်း၊ TT-VII ကို မာကာဆာတွင် သတ်မှတ်လိုက်ကြသည်။

TT-IV ၏ တပ်မှူးကြီးမှာ ဗိုလ်မှူး



www.foreverspace.com.mm



ကြီး ဂါတော့ဆိုဘရိုတိုဖြစ်သည်။တပ်မဟာ ရှစ်ခုကို ငါးခုသို့လျှော့ချလိုက်သည်။ ဆာလာဝီရှိ N တပ်မဟာကို ဒုတိယဗိုလ်မှူးကြီး အမ်ဘာချရမ် လက်အောက်သို့ပို့လိုက်ပြီး၊ O တပ်မဟာသည် ယိုဂျာကာတာရှိ အမှတ် (၇) တပ်ရင်း ကျွန်တော့်လက်အောက်သို့ရောက်လာသည်။ P တပ်မဟာသည် ဆိုလိုရှိ ဗိုလ်မှူးဆူဟာတိုလက်အောက်သို့လည်းကောင်း၊ Q တပ်မဟာသည်ဆာလာ တီဂါရှိ ဗိုလ်မှူးကြီးအေယာနီလက်အောက်သို့လည်းကောင်း၊ R တပ်မဟာသည် ပတီရှိ ဒုတိယဗိုလ်မှူးကြီး အမ်ဆာဘီနီလက်အောက်သို့လည်းကောင်း အသီးသီး ရောက်ရှိသွားသည်။

၁၉၅၀ ခုနှစ် စက်တင်ဘာလမှသည် ၁၉၅၆ ခုနှစ်ဦးပိုင်း ငါးနှစ်တာကာလအတွင်း ကျွန်တော်သည် O တပ်မဟာကိုအုပ်ချုပ်ရသည်။ ကျွန်တော်က တရားမဝင်ဖွဲ့စည်းထားသည့် DI/TII သူပုန်တပ်များကို ချေမှုန်းရန်၊ ထိုတော်လှန်ရေးကို တိုက်ဖျက်ရန်အတွက် အမှတ် (၄၂၆) တပ်ရင်းကို အမိန့်ပေးခဲ့သည်။

ကာဆိုဆူဝီယိုနှင့် သူ့နောက်လိုက်များသည် သူတို့အခေါ် အင်ဒိုနီးရှား အစ္စလာမ်မစ်နိုင်ငံတော်ကို ၁၉၄၉ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့သည်။ ရမ်းဗီးလ်သဘောတူညီချက်အရ TNI တပ်သား ၃၅,၀၀၀ ခန့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံပိုင်နက်အတွင်းမှ ထွက်သွားရန်ဖြစ်သည်။ DI/TII အဖွဲ့သည် ထိုအခြေအနေကို အခွင့်ကောင်းယူပြီး အနောက်ဂျာဗားတွင် စတင်ထူထောင်တော့သည်။ အာမီယာဖာတာသည် သူ့လူများကို တီဂါဘရီဘီစ်ဒေသတွင်တပ်စွဲပြီး အခြေစိုက်ခိုင်းထားသည်။ DI-TII တပ်သည် TNI တပ်များ ဒုတိယအကြိမ် ဒတ်ချ်တို့ကျူးကျော်မှုလုပ်လာချိန်တွင် သူတို့ကလည်း စိန်ခေါ်ပြီးတိုက်ခိုက်မှုများ ပြုလုပ်လာကြသည်။

ကျွန်တော်သည် O တပ်မဟာတွင် အုပ်ချုပ်ရစဉ် (O တပ်မဟာကို နောက်ပိုင်းတွင် ပန်ဂရမ်မန်ကူဘူမိတပ်ဟူ၍ အမည်ပြောင်းလိုက်သည်) ကျွန်တော့်မိသားစုနှင့် ပြန်တွေ့ဆုံကြရသည်။ ပျော်ရွှင်ဖွယ်ကောင်းသည့်တွေ့ဆုံပွဲဖြစ်ခဲ့ရသည်။ ကျွန်တော်တို့ မျှော်လင့်စောင့်စားနေကြရသည့် သားလေးကို ၁၉၅၁ မေလ ၁ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ သူ့ကို ဆီဂစ်ဟာဂျိုဂျူဒန်တိုဟူ၍ အမည်ပေးလိုက်သည်။

မမေ့နိုင်စရာ ထိုအဖြစ်အပျက်လေးကိုကြုံခဲ့ရပြီးနောက် ကျွန်တော် ဆာလာတီဂါသို့ ပြောင်းရွှေ့ခဲ့ရသည်။ ဒုတိယဗိုလ်မှူးကြီး အေယာနီလက်အောက်ရှိ ပရာဂိုလာ အမှတ် (၁) တပ်မဟာသို့ ဖြစ်သည်။ ပရာဂိုလာ အမှတ် (၂) တပ်မဟာသည် ဒုတိယဗိုလ်မှူးကြီး ဆာဘီနီအုပ်ချုပ်မှုအောက်တွင်ရှိသည်။ ထိုတပ်နှစ်တပ်ကိုပေါင်းလိုက်ပြီး ပရာဂိုလာတပ်မဟာဟု အမည်ပြောင်းလိုက်သည်။ ထိုတပ်မဟာတွင် တောင့်တင်းခိုင်မာသည့် တပ်ရင်းကိုးရင်းရှိသည်။ တပ်ရင်း



www.foreverspace.com.mm

သုံးရင်းသည် မူလက TNI တပ်သားဟောင်းများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ နောက်သုံးရင်းက KNIL စစ်သားဟောင်းများ၊ နောက်သုံးရင်းက မာလာဒီယူဆွတ်၏ ဟစ်ဘူလာတပ်သားဟောင်းများဖြင့် ဖွဲ့စည်းထားသည်။ ယူဆွတ်သည် ယခင်က ပီဆင်ဒိုလက်ဝဲဝါဒီတစ်ယောက်ဖြစ်သည်။

ကျွန်တော်က တပ်ရင်းကိုးရင်းကို လေးရင်းအထိ လျှော့ချလိုက်သည်။ ထိုကိစ္စသည် လွယ်ကူလှသည်တော့မဟုတ်။ အရာရှိတွေကို လျှော့ချရခြင်းမှာ ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာ ပိုပြီးထိခိုက်စရာဖြစ်သည်။ အမှတ် (၄၂၆) တပ်ရင်းကို ဗိုလ်မှူးမူနာဝါနှင့် ဗိုလ်ကြီးဆော့ဖ်ရန်းတို့လက်အောက်တွင်ထားစဉ်က တော်လှန်မှုတစ်ခုဖြစ်ပွားခဲ့သေးသည်။ ပုန်ကန်မှုကို နှိမ်နင်းရန်အတွက် လူမှန်နေရာမှန်သူများကို ရွေးချယ်အသုံးချနိုင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ စတုတ္ထပတ်တွင် APRA အရေးအခင်း ဘန်ဒေါင်းတွင်ဖြစ်ပွားသည်။ (APRA ဆိုသည်မှာ Angkatan Perang Ratu Adil ၏အတိုကောက်ဖြစ်သည်။ အဓိပ္ပာယ်မှာ တရားရှင်ဘုရင်မတပ်ဟူ၍ဖြစ်သည်။ တာကိုဝက်စ်တာလင်းဆိုသူက ဖွဲ့စည်းထူထောင်ခဲ့ပြီးဘန်ဒေါင်းတွင်ပုန်ကန်သဖြင့် အပြစ်မဲ့သောပြည်သူအမြောက်အမြားသေကျေခဲ့ရသည်)။ တစ်ချိန်တည်းမှာပင် DI/TII သူပုန်များကိုလည်းဆန့်ကျင်သည့်အမျိုးသားလွတ်မြောက်ရေးတပ်ဦးတစ်ခုဖြစ်သည့် GBN (Gerakan Benteng Nasional) ဟူ၍ပေါ်လာပြန်သည်။

တပ်မဟာ TT-IV ၏တပ်မှူးကြီးက အာမီယာဖာတာ၏ DI/TII အဖွဲ့နှင့် ကာတိုဆူဝီရီရို DI/TII တပ်တို့ကိုခွဲထုတ်လိုက်ပြီး သူပုန်တပ်များကို ထိုဒေသများမှ အပြီးတိုင်ချေမှုန်းရန် အမိန့်ထုတ်လိုက်သည်။ သူပုန်တို့ကို ချေမှုန်းရန်မှာ အချိန်တော့ယူရလိမ့်မည်။

၁၉၅၁ ခုနှစ် ဒီဇင်ဘာလတွင် အမှတ် (၄၂၆) တပ်ရင်းက ပုန်ကန်ထကြွသည်။ TII ဗိုလ်မှူးမော့နီသည် ပစ်သတ်ခြင်းခံလိုက်ရသည်။ သူက အမှတ် (၄၂၃) တပ်ရင်းနှင့် အမှတ် (၄၂၆) တပ်ရင်းတို့ကို DI/TII တို့နှင့်ပူးပေါင်းလှုပ်ရှားကြမည်ကို



www.foreverspace.com.mm



ထုတ်ဖော်ပြောဆိုလိုက်သောကြောင့် ဖြစ်သည်။ ထိုကိစ္စကို TT-IV တပ်မှူးအနေဖြင့် ထိရောက်စွာအရေးယူရန်ဖြစ်သည်။ အမှတ် (၄၂၃) တပ်ရင်းအရာရှိများအား ဗိုလ်မှူးညာဆူနို အပါအဝင် ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သည်။ စုံစမ်းစစ်ဆေးနေစဉ်ကာလအတွင်း DI/TII ၏ဩဇာလွှမ်းမိုးမှုကို အတော်လေးခံနေရသည့် သူ့ရဲဘော်များက စီမာရမ်ရှိ သူ့နေအိမ်တွင် ပစ်သတ်လိုက်ကြခြင်းဖြစ်သည်။

တပ်မဟာ TT-IV ၏ တပ်မှူး အမှတ် (၄၂၆) တပ်ရင်းမှူးအဖြစ် ဗိုလ်မှူးမူနာဝါနှင့် ဗိုလ်ကြီးဆော့ဖ်ရန်းအပြင် အခြားသောအရာရှိများကို လွှတ်လိုက်သည်။ ဗိုလ်ကြီးဆော့ဖ်ရန်းသည် တပ်မဟာကို ပြန်လည်သတင်းပို့ရမည့်အစား သူကိုယ်တိုင်က "စစ်ဆင်ရန်အသင့်ဖြစ်နေကြောင်း" ပြန်လည်သတင်းပို့လာသည်။

ဗိုလ်ကြီးဆော့ဖ်ရန်းသည် လက်နက်ချရန် ငြင်းဆန်နေသဖြင့် ကျွန်တော်က အမှတ် (၄၂၄) တပ်ရင်းကို ကူဒူရှိ အမှတ် (၄၂၆) တပ်ရင်းလက်အောက်မှ တပ်သုံးတပ်ကို လက်နက်သိမ်းရန် အမိန့်ပေးလိုက်သည်။

ဒီဇင်ဘာ ၈ ရက်နေ့တွင် အမှတ် (၄၂၄) တပ်ရင်းသည် ဂျာတီကူဒူရှိ စစ်တမ်းလျှာများကို ဝိုင်းထားလိုက်သည်။ လက်နက်ချရန်နှင့် ဆော့ဖ်ရန်းကို ၁၀ မိနစ်အတွင်း သူ့လူများအား စုဝေးထားလိုက်ရန် အမိန့်ပေးလိုက်သည်။ သူတို့က စတင်ပစ်ခတ်တော့သည်။ ရှိသမျှလက်နက်တွေအားလုံးကို ထုတ်သုံးပုံရသည်။ ကြည့်ရသည်မှာ အပြင်းအထန်တိုက်ခိုက်လာလျှင် မိုးရွာလာပါက အခွင့်ကောင်းယူပြီး စစ်တန်းလျားများအနောက်ဘက်ရှိ ရေဆင်းမြောင်းများမှတစ်ဆင့် ထွက်ပြေးရန်စီစဉ်ထားကြသည်။ သူတို့ ကလတန်ဘက်သို့ ထွက်ပြေးနိုင်သည်။ ထိုဒေသကို သူတို့က ပုန်ကန်ရာအခြေစိုက်စခန်းအဖြစ် သတ်မှတ်ထားကြသည်။ ကျွန်တော်က ကျွန်တော့်တပ်ကို ကြားဖြတ်တိုက်ရန် အမိန့်ပေးထားသည်။



TT-IV တပ်မမှူးက အထူးတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်သည်။ လျှို့ဝှက်အမည် OMT-V (Operasi Merdeka Timur V) ဟု ပေးထားသည်။ အဖွဲ့ခေါင်းဆောင်မှာ ဒုတိယ ဗိုလ်မှူးကြီးအမ်ဘာချရမ် ဖြစ်သည်။ သူသည် TT-IV တပ်မဟာ၏တပ်မှူးကြီးလည်းဖြစ်သည်။ သူ့ကို TT-IV တပ်တွင်တပ်မှူးကြီးအဖြစ်ခန့်အပ်ပြီး မကြာမီပတ်ဂါတော့ကို အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်ကို OMT-V အထူးတပ်ဖွဲ့၏ ခေါင်းဆောင်အဖြစ် တာဝန်ပေးသည်။

ကျွန်တော့်လက်ထောက်မှာ ဗိုလ်မှူးဆူဟာတိုဖြစ်သည်။ ပီနမ်ဘဟမ် ဆီနိုပတီတပ်၏ တပ်ရင်းမှူးဖြစ်ပြီး၊ ကာကွယ်ရေးဦးစီးချုပ်မှာ ဗိုလ်မှူးဆူရိုနိုဖြစ်သည်။ ကျွန်တော်တို့ သူပုန်တပ်နောက်မှ ထက်ကြပ်မကွာလိုက်ပြီး၊ လေကြောင်းအကူအညီကိုပါ ရယူခဲ့သည်။ အမှတ် (၄၂၆) တပ်ရင်းသည် ကျွန်တော်တို့အစီအမံများကြားမှလွတ်ထွက်သွားသည်။ ဗိုလ်ကြီးဆော့ဖ်ရန်းနှင့် သူ့လူများ ကလတန်ကိုတိုက်ရန် ကြိုးစားကြသည်။

သူတို့တပ်များသည် ဆီမိုဘိုရိုလာလီဘက်ကို ဦးတည်နေကြသည်။ ကျွန်တော်တို့ကလည်းသူတို့နောက်မှတောက်လျှောက်လိုက်ခဲ့ကြသည်။ ၁၉၅၂ ဇန်နဝါရီ ၂၅ ရက်နေ့တွင် အပြင်းအထန် တိုက်ပွဲတွေဆင်ကြရပြီး သူပုန်တို့ကိုချေမှုန်းနိုင်ခဲ့သည်။ သူပုန် ၄၀ ကို အသေဖမ်းဆီးရမိသည်။ ဒဏ်ရာရသူ ၂၀ နှင့်၊ လူ ၃၀ ကို အရှင်ဖမ်းမိသည်။ သူပုန်ခေါင်းဆောင်အချို့ အရှေ့ဂျာဗားနယ်စပ်သို့ ထွက်ပြေးကြသည်သူပုန်ခေါင်းဆောင် ဗိုလ်ကြီးဆော့ဖ်ရန်းသည် မန်ရယန်းတွင် တပ်ကြပ်ဘာ့ဂျို၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့သည်။ ဆော့ဖ်ရန်း၏ လက်ကျန်တပ်များသည် ကာလတန်သို့ထွက်ပြေးကြသည်။ အနောက်ဘက်ဘူမိယုရှိ DI/TII တပ်များနှင့် ပူးပေါင်းရန်ဖြစ်သည်။

နောက်ဆုံးရလဒ်မှာ အမှတ် ၄၂၆ တပ်ရင်းပုန်ကန်မှုသည် အပြီးတိုင် ချေမှုန်းခံလိုက်ရသည်။ ကျွန်တော်တို့ဘက်တွင်လည်း သူရဲကောင်းပီသစွာဖြင့် ကျဆုံးရသူများရှိခဲ့သည်။ TNI ခေတ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့သည့် တပ်ရင်းမှူး ဗိုလ်မှူးကာ့စ်မန်တို၊ အမှတ် ၄၁၇ တပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူးဆူနာရိုတို့ဖြစ်သည်။ သူပုန်တို့ကိုချေမှုန်းပြီးနောက် ပရာဂိုလာ

www.foreverspace.com.mm

တပ်မဟာကို ပြဿနာကင်းစွာဖြင့်ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုတပ်မဟာတွင် စွမ်းအားပြည့်တပ်ရင်းကြီးလေးရင်းကို ထည့်သွင်းနိုင်ခဲ့သည်။

ထိုစဉ် TT-IV တပ်ကို အမည်နှင့် ခေါင်းဆောင်အပြောင်းအလဲလုပ်ပြန်သည်။ ကာကွယ်ရေးဦးစီးချုပ်က ၁၉၅၂ ဇန်နဝါရီလ ၅ ရက်နေ့တွင် ပရာဂိုလာတပ်ကို ကျွန်တော့်ခေါင်းဆောင်မှုအောက်သို့ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။ အမည်ကိုလည်း RI.14 ဟု ပြောင်းလိုက်သည်။ အဓိပ္ပာယ်မှာ အမှတ် ၁၄ ခြေလျင်တပ်မဟူ၍ဖြစ်သည်။ တပ်ဌာနချုပ်ကိုလည်း ပါဝိုကာတိုသို့ပြောင်းရွှေ့စေသည်။ ထို့ပြင် ပန်ဂျရမ်မန်ကူဘူမိတပ်ကို အမှတ် ၁၃ ခြေလျင်တပ် (RI 13) အဖြစ်လည်းကောင်း၊ ဆိုလိုရှိ ပနမ်ဘဟမ် စီနိုပတီတပ်ကို အမှတ် ၁၅ ခြေလျင်တပ် (RI 15) အဖြစ်သို့လည်းကောင်း ပြောင်းလဲလိုက်သည်။

ကျွန်တော်သည် အမှတ် ၁၄ ခြေလျင်တပ်ရင်းဖြင့် ဆလာတီဂါတွင် တပ်စွဲထားရသည်။ ကျွန်တော့်ဖခင်သည် ကီမူဆုတွင် ကွယ်လွန်သွားကြောင်း သိလိုက်ရသည်။ ကျွန်တော့်ဇနီးနှင့်အတူလိုက်သွားပြီး ကွယ်လွန်သွားသည့်ဖခင်၏အလောင်းကို ရေချိုးပေးနေသည်ကို ဝမ်းနည်းစွာဖြင့်ကြည့်နေမိသည်။ အဖေ့ကိုကျေးရွာသင်္ချိုင်းတွင် မြှုပ်နှံလိုက်ကြသည်။ အရှင်မြတ်စောင့်ရှောက်ပါစေသတည်း။

၁၉၅၃ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကျွန်တော့်ကို ဆိုလိုသို့ ပြောင်းရွှေ့လိုက်သည်။ အမှတ် ၁၅ ခြေလျင်တပ်ရင်းတွင် တပ်ရင်းမှူးရာထူးဖြင့် ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်သည်။ ထိုအချိန်တွင် ကျွန်တော်တို့တွင် နောက်ထပ်ကလေးတစ်ယောက်ထပ်ရပြန်သည်။ တတိယမြောက်သားလေးဖြစ်သည်။ သူ့ကို ဘန်ဘန်ထရီဟာတိုမိုဂျိုဟု အမည်ပေးလိုက်သည်။ ၁၉၅၃ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မွေးဖွားခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က ကျွန်တော် သူပုန်တပ်များနောက်သို့ လိုက်လံချေမှုန်းတိုက်ခိုက်နေစဉ်ဖြစ်သည်။

TT-IV တပ်မမှူးအဖြစ် ဗိုလ်မှူးကြီး ဂါတော့ဆိုဘရိုတိုမှ ဗိုလ်မှူးကြီး ဘာချရမ်သို့ပြောင်းလဲလိုက်သည်။ ၁၉၅၂ စက်တင်ဘာလတွင်ဖြစ်သည်။

DI/TII သူပုန်တပ်ကို ဆန့်ကျင်သည့် GBN အဖွဲ့၏လှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ သူတို့ လျှို့ဝှက်လှုပ်ရှားမှုကို ဂန်တာဟု အမည်ပေးထားသည်။ သူတို့ခေါင်းဆောင်မှာ ဒုတိယဗိုလ်မှူးကြီး အေယာနီ ဖြစ်သည်။ သူက တပ်ရင်းလေးရင်းကို ခေါင်းဆောင်ပြီး နောက်ပိုင်းတွင် သူ့ကိုထောက်ခံသူများပြားလာသည်။

အထူးတပ်ရင်းတစ်ရင်းကို ဘန်တန်တပ်ဖွဲ့ဟုအမည်ပေးပြီးပါဝိုရီဂျိုတွင်သင်တန်းပေးနေသည်။ ဒေသမရွေးဝင်ရောက်စီးနင်းတိုက်ခိုက်နိုင်ရန် လေ့ကျင့်ပေးထားသည်။

DI/TII သူပုန်တို့ကိုတိုက်ခိုက်ရန်



www.foreverspace.com.mm

အတွက် GBN စစ်ဆင်ရေးဖြင့် အရှိန်မြှင့်လိုက်သည်။ အစိုးရရော၊ ပြည်သူတို့ကပါ ထောက်ခံအားပေးမှုရရှိခဲ့သည့် GBN သည် အောင်ပွဲများရရှိခဲ့သည်။ GBN တို့ဖြင့် ဖွဲ့စည်းထားသည့်ဒေသများအတွင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (OPR)ကိုပါ ထပ်မံဖွဲ့စည်းနိုင်ခဲ့သည်။ ထိုပြည်သူ့စစ်တပ်ဖွဲ့များကို TNIတပ်တွင် အမှုထမ်းခဲ့ဖူးသူများက သင်တန်းပေးပြီး ကိုယ့်ရွှယ်ကိုယ်စောင့်ရှောက်နိုင်သည်အထိ စီမံလေ့ကျင့်ပေးနိုင်ခဲ့သည်။

DI/TII သူပုန်တို့သည် ဂန်တာနှင့် GBN စစ်ဆင်ရေးကြောင့် ချေမှုန်းခံခဲ့ရသည်။ ၁၉၅၂ ခုနှစ် နိုဝင်ဘာလတွင် ဆူမီဒိုနှင့် စီပလမ်တို့တွင် မမျှော်လင့်ဘဲ ရင်ဆိုင်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရာပေါင်းများစွာ ပြောက်ကျားများတိုက်ခိုက်မှုကို ခံလိုက်ရသည့် နောက်ပိုင်းတွင် TNI သည် စစ်ဆင်ရေးကို ဗျူဟာပြောင်းပြီး တိုက်ခိုက်ခဲ့သည်။ ဂန်တာစစ်ဆင်ရေးကို ရပ်တန့်လိုက်ပြီး ဒေသသိမ်းစစ်ဆင်ရေးများအသွင်ဖြင့် DI/TII သူပုန်တို့ကို အမြစ်ဖြတ်ချေမှုန်းရေးသို့ ကူးပြောင်းစစ်ဆင်ကြသည်။

အမှတ် ၁၅ ခြေလျင်တပ်ကိုလည်း အင်အားကောင်းစေရန် ဖြည့်တင်းထားရသည်။ ဗိုလ်မှူးကာ့စ်မန်တိုသည် ထိုတပ်၏ ယာယီတပ်ရင်းမှူးအဖြစ် တာဝန်ယူပြီး အမှတ် (၄၂၆) တပ်ရင်း၏ ပုန်ကန်မှုတွင် ကျဆုံးသွားခဲ့ရသည်။ ကျွန်တော် အမှတ် (၁၄) ခြေလျင်တပ်ရင်းကို တာဝန်ယူပြီး တိုက်ခိုက်မှု အောင်ပွဲရခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်ကို နောက်တပ်တာဝန်တစ်ခုထပ်ပေးပြန်သည်။ ဆိုလိုရှိ အမှတ် (၁၅) ခြေလျင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။ ဆလာတီဂါတွင် သိပ်မနေလိုက်ရ။ တာဝန်ကျရာဆိုလိုသို့ ပြောင်းရွှေ့ခဲ့ရပြန်သည်။

ဗိုလ်မှူးဆူတာတိုသည် နိုင်ငံရေး ပဋိပက္ခကြောင့် ကွန်မြူနစ်များက သတ်ပစ်လိုက်ကြသည်။ ဆိုလိုတွင် သဘောတရားတွေ၊ မူဝါဒတွေကွဲပြားမှုများကြား တပ်မတော်ကလည်း ကြားညှပ်ကာ ပါဝင်ပတ်သက်နေရသည်။

ကလီကိုရှိ ဒစ်ဗိုးတပ်ရင်းသည် နိုင်ငံရေးသဘောတရားများ မှိုင်းမိနေပြီး သူတို့ကို PKI ကွန်မြူနစ်ခေါင်းဆောင်အလာမင်ကထိန်းချုပ်ထားသည်။ အန်တန်နှင့် ဆူရာဒီ စသည့် ကွန်မြူနစ်ခေါင်းဆောင်တို့ကလည်း တပ်ရင်းတပ်ဖွဲ့များကြားတွင် ဝင်ရောက်ခြေရှုပ်နေသည်။ တပ်တွေနောက်တွင် မည်သူတွေဝင်ရောက် သွေးထိုးနေကြောင်းခန့်မှန်းရန်မခက်ပါ။ ကျွန်တော်က အန်တန်းသည် လှုပ်ရှားမှုတွင် ဦးဆောင်နေကြောင်း ရေဒီယိုမှတစ်ဆင့် ကြားပြီးသားဖြစ်သည်။

အမှတ် ၁၅ ခြေလျင်တပ်တွင်လည်း အရာရှိအချို့သည် နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်နေကြောင်း ကျွန်တော်ကြားထားသည်။ သို့သော် သူတို့လည်း ဒတ်ချ်နှင့် အင်္ဂလိပ်တို့လို ခေါင်းမပါသည့် ကြက်တွေလိုဖြစ်သွားမည်ကို စိုးရိမ်နေကြသည်။ သူပုန်တို့ကို တိုက်ခိုက်ရာတွင် သူတို့စိတ်ဓာတ်ပျော့ညံ့မှုများကြောင့် တပ်သားအမြောက်အမြား ကျဆုံးခဲ့ရခြင်းဖြစ်သည်။

သို့ဖြစ်ရာ ကျွန်တော့်အနေဖြင့် သူတို့တိုက်ခိုက်မှုစွမ်းရည်ကိုတစ်ခုခုပြုပြင်ပြောင်းလဲရန်လိုသည်။ သို့သော် ထိုသို့လုပ်ဆောင်ပေးရန် တပ်ထဲတွင်အစီအစဉ်မရှိ။ ထိုအချိန်က သင်တန်းများ၊ လမ်းညွှန်ချက်များ သီးခြားသတ်မှတ်ပြဋ္ဌာန်းထားခြင်းလည်းမရှိပေ။

ပထမဦးဆုံးသင်တန်းပေးနိုင်မည့်သူများကို ပြန်လည်သင်ကြားပေးရမည်။ ထို့ကြောင့် အရာရှိငယ်များကိုစုပြီး ကျွန်တော်ကိုယ်တိုင်သင်တန်းပေးရသည်။ ကျွန်တော့်တပ်ရင်းမှ စစ်ဆင်ရေးအရာရှိများ၏ အကူအညီကိုလည်း အများကြီးယူရသည်။

သင်တန်းက အတော်လေးခက်ခဲပြင်းထန်သည်ဟုဆိုရမည်။ သေနတ်ကျည်ဆန်အစစ်များကိုသုံးရသည်။ ထို့ကြောင့် တိုက်ပွဲဝင်သင်တန်းဆရာကောင်းများကို မွေးထုတ်ပေးနိုင်ခဲ့သည်။ တပ်ရင်းကို ထပ်မံခွဲထုတ်လိုက်သည်။ တပ်စုမှူးများနှင့်အထက်ကို သီးသန့်သင်တန်းထပ်ပေးရသည်။ သူတို့မှတစ်ဆင့် တပ်ဖွဲ့ခေါင်းဆောင်များနှင့် ခြေလျင်စစ်သားများကို သင်တန်းထပ်ပေးကြသည်။ သင်တန်းတက်ပြီးသူများသည် ကိုယ့်သက်ဆိုင်ရာတပ်များသို့ပြန်ပြီး ဆင့်ပွဲသင်တန်းများပေးကြရန်ဖြစ်သည်။ ကျွန်တော်တို့တွင် စာသင်ခန်းမရှိ၊ ကျောက်သင်ပုန်းမရှိ၊ စားပွဲခုံမရှိနှင့် ရလဒ်ကအတော်လေးကောင်းသည်ဟုဆိုရမည်။ သင်ကြားရေးသဘောတရားတွေကို မြေပြင်တွင်ရေးပြသည်၊ တိုက်နံရံများတွင် ရေးပြသည်၊ သစ်ပင်အောက်တွင် စာသင်ကြသည်။ ကျွန်တော်တို့တွင် ရသမျှ ရှိသမျှနှင့် ကြံဆတီထွင်ရင်း တိုက်ခိုက်ရေးစွမ်းရည်၊ တိုက်ခိုက်ရေးနည်းပညာများ မြင့်မားလာခဲ့ကြသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေပြည့်ဝလာကြသည်။ ထိုစိတ်ဓာတ်နှင့် စွမ်းရည်များကိုအသုံးပြုပြီး ကျွန်တော်တို့ DI/TII သူပုန်များကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် ဂျာကာတာ၌ ဆူပူအကြမ်းဖက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ထိုအရေးအခင်းကို ‘၁၉၅၂ အောက်တိုဘာ ၁၇ အရေးအခင်း’ ဟု လူသိများသည်။ ထိုသတင်းနှင့်ပတ်သက်ပြီး ကျွန်တော်သိပ်မသိလိုက်ပေ။ သောင်းကျန်းသူများကို လိုက်လံနှိမ်နင်းနေရသောကြောင့် ဖြစ်သည်။

ကျွန်တော်တို့ သောင်းကျန်းသူများကို အပြင်းအထန်လိုက်လံနှိမ်နင်းနေရသည့်အကြောင်းရင်းများစွာရှိသည်။ အာရှ–အာဖရိကညီလာခံကို ဘန်ဒေါင်းတွင် ၁၉၅၅ ၌ ကျင်းပကြမည်။ ထိုနှစ် စက်တင်ဘာလတွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရမည်။ ထိုအရေးကြီးသော လုပ်ငန်းများကို ဆောင်ရွက်ပေးရန်ရှိနေသောကြောင့် ကျွန်တော်တို့လုပ်ဆောင်နေချက်များကို အရေးမပါဟု ဆိုနိုင်မည်လော။

**တင်ညွန့်**

■

www.foreverspace.com.mm



ယခင်လမှအဆက်




Arzin Premji's Foundation

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၃၆

ဦးလှဝင်း (လေသူရဲတစ်ဦး)

သူဌေးကြီး အာဇင်ပရင်ဂျီမှာ ကလေးနှစ်ယောက် ရှိပါတယ်။

သားတစ်ယောက် . . . ။

သမီးတစ်ယောက် . . . ။

သူဌေးကြီးဆိုပေမယ့် သူနေထိုင်ပုံက အလွန်ရိုးပါတယ်။ အသုံးအဖြုန်း လုံးဝမကြီးဘူး။ သူဘုံဘေမြို့ထဲမှာ သွားလာရင် ရိုးရိုးတိုယိုတာကားပဲ စီးတယ်။

လေယာဉ်ပျံစီးရင်လည်း ပထမတန်းမှာ ဘယ်တော့မှ မစီးဘူး။ လူအများကြီး စီးကြတဲ့ ရိုးရိုးတန်း (Economy Class) မှာပဲစီးတယ်။

နောက် တည်းခိုတဲ့အခါမှာလည်း ဇိမ်ခံဟိုတယ်ကြီးတွေမှာ ဘယ်တော့မှ မတည်းဘူး။ သူ့ကုမ္ပဏီရဲ့ ဧည့်ရိပ်သာရှိတဲ့ မြို့ဆိုရင် အဲဒီဧည့်ရိပ်သာမှာပဲ သွားတည်းတယ်။

လူအများအထင်ကြီးစေမယ့် ကြွားဝါမှုတွေကို လုံးဝမလုပ်ဘူး။

ဥပမာ–သူ့သားမင်္ဂလာဆောင်ကို အရိုးဆုံး ကျင်းပတယ်။ ကုလားတွေရဲ့ ထုံးစံအရ ထမင်းကျွေးဧည့်ခံတဲ့အခါမှာတောင် ထမင်းပန်းကန်ကို စက္ကူပန်းကန်ကိုပဲ သုံးခိုင်းတယ်။

သူချမ်းသာတဲ့ငွေတွေကို အဓိကသုံးနေတာကတော့ လူမှုရေးလုပ်ငန်းတွေမှာပါ။ ၂၀၀၆ ခုနှစ်မှာ Premji's Foundation ကို သူတစ်ဦးထဲငွေနဲ့မတည်ပြီး တည်ထောင်ခဲ့တယ်။

အိန္ဒိယနိုင်ငံမှာ သူအဓိကထားပြီး ငွေအကုန်ခံကြိုးစားနေတာကတော့ အိန္ဒိယပြည်သူလူထုရဲ့အခြေခံပညာရေးကို မြှင့်တင်ဖို့ပါပဲ။

အဲဒီလို အခြေခံပညာရေးကို မြှင့်တင်တဲ့ဆီမှာ ဆရာ၊ ဆရာမရဲ့ အခန်းကဏ္ဍက အရေးကြီးဆုံးလို့ သူက ပြောပါတယ်။ အိန္ဒိယအစိုးရနှင့်ပူးပေါင်းပြီး အဆင့်မြင့်ဆရာဖြစ် သင်တန်းကျောင်းကြီးတွေကို သူတည်ထောင်ပါတယ်။

www.foreverspace.com.mm



**Warren Buffett**

ကျောင်းဆရာတွေကို မွမ်းမံသင်တန်းတွေ ပေးပါတယ်။ သူ့သင်တန်းက အောင်မြင်တဲ့ကျောင်းဆရာတွေကို အိန္ဒိယနိုင်ငံမှာရှိတဲ့ မြို့ကြီးတွေမှာရှိတဲ့ ကျောင်းတွေမှာသာ ဆရာ မလုပ်ခိုင်းဘဲ ကျေးလက်တောရွာတွေမှာပါ သွားအလုပ်လုပ်ခိုင်းပါတယ်။

"ကျွန်တော်ဖြစ်စေချင်တာကတော့ မြို့ပေါ်ကျောင်းတွေမှာ သင်ကြားနိုင်တဲ့ ပညာရေးနဲ့ ကျေးလက်တောရွာတွေမှာ သင်ကြားနိုင်တဲ့ ပညာရေးကို အဆင့်အတန်းတစ်ခုထဲ ဖြစ်စေချင်ပါတယ်။ အိန္ဒိယတစ်နိုင်ငံလုံးမှာရှိတဲ့ ကလေးတိုင်းကို အဆင့်မြင့်ပညာသင်ခွင့် အားလုံးရရှိစေချင်ပါတယ်"

ဒီစကားဟာ သူအမြဲတမ်းပြောခဲ့တဲ့ စကားပါ။ သူ့စကားအတိုင်းဖြစ်အောင်လည်း သူဒီနေ့အစွမ်းကုန်ကြိုးစားနေပါတယ်။ သူချမ်းသာသမျှ ငွေတွေကို ပညာရေးအတွက် ပုံအောပြီး သုံးနေပါတယ်။

အံ့သြဖို့ မကောင်းဘူးလားခင်ဗျား။

ကျွန်တော်ပြန်တွေးကြည့်နေတယ်။

ဒီနေ့ ကမ္ဘာမှာ အလွန်ချမ်းသာတဲ့ သူဌေးကြီးတွေဟာ တော်တော်ကောင်းတဲ့ အိမ်ကြီးအိမ်ကောင်းတွေနဲ့တော့ နေလေ့ရှိကြပါတယ်။

ဒါပေမဲ့ သူဌေးကြီးဒီရပ်ဟေးရဲ့သား မြူကစ်လို နတ်ဘုံနတ်နန်းကြီးလို အလွန်ကြီးကျယ်တဲ့အိမ်ကြီးမျိုးဆောက်နေတဲ့ သူဌေးကြီးတွေကတော့ မရှိသလောက်ကို ရှားပါတယ်။

ဒီစာကို ရေးနေတုန်း ကျွန်တော့်ခေါင်းထဲမှာ ပေါ်လာတဲ့ သူဌေးကြီးတချို့ ရှိတယ်ခင်ဗျာ။

ဒီသူဌေးကြီးတွေက အလွန်ချမ်းသာပေမယ့် အိမ်သစ်မဆောက်ဘူး။ အိမ်သစ်ပြောင်းမနေဘူး။ သူတို့မူလနေထိုင်ခဲ့ကြတဲ့ အိမ်တွေမှာပဲ ဆက်နေပါတယ်။

ဥပမာ–နံပါတ် (၁) သူဌေးကြီး ဝါရမ်ဗတ်ဖက် (Warren Buffett)။

နောက် . . . နံပါတ် (၂) သူဌေးကြီး ကားလော့စလင်း (Carlos Slim)။

နောက် . . . နံပါတ် (၃) သူဌေးကြီး အင်ဗာကမ်းဗရက် (Ingvar Kamprad)။

နောက် . . . နံပါတ် (၄) သူဌေးကြီး ချပ်ဖီနီ (Chuck Feeney)။

နောက် . . . နံပါတ် (၅) သူဌေးကြီး ဖီးဒရစ်မိဂျား (Frederik Meijer)။

စာရှုသူ . . . ။

သင် ဒီနေ့မချမ်းသာပေမယ့် အကြောင်းတစ်ခုခုကြောင့် ရက်ပိုင်းအတွင်းမှာ ငွေတွေ သင့်တစ်အိမ်လုံးမှာ နေရာလွတ်မရှိအောင် ပြွတ်သိပ်ထိုးထည့်ထားနေရတဲ့ ဘဝမျိုးရောက်သွားတယ်လို့ ဆိုပါစို့။

ကုဋေပေါင်းများစွာချမ်းသာတဲ့ သူဌေးကြီးဖြစ်သွားခဲ့ပြီ ဆိုပါစို့။

သင် ဘာတွေလုပ်မလဲ။

စိတ်ကူးကြည့်စမ်းပါ။

သင့်စိတ်ကူးထဲမှာ သင်ဖြစ်ချင်တာတွေ၊ သင်ရချင်တာတွေ အများကြီး ပေါ်လာပါလိမ့်မယ်။ ဒါက လူသားတိုင်းဖြစ်ကြမယ့် သဘောသဘာဝပါပဲ။ ဒါပေမဲ့ . . .။

ကျွန်တော် ယခုတင်ပြခဲ့တဲ့ သူဌေးကြီးငါးယောက်ကတော့ သိပ်ထူးဆန်းတယ်ခင်ဗျာ။

နံပါတ် (၁) ဖြစ်တဲ့ Warren Buffett ဆိုတဲ့ သူဌေးကြီးဟာ ကမ္ဘာမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်ဖူးတယ်။ ဒီနေ့ အဲ ၂၀၁၀ ပြည့်နှစ်မှာလည်း သူ့အဆင့်က နံပါတ် (၃) ခင်ဗျာ။

ကမ္ဘာမှာ ဒုတိယမြောက်အချမ်းသာဆုံးပုဂ္ဂိုလ်။

သူက အမေရိကန်လူမျိုးပါ။

၁၉၃၀ ပြည့်နှစ်မှာ မွေးပါတယ်။

ဒီနေ့ သူ့အသက်က ၈၀ ရှိနေပါပြီ။

ငွေကစားတဲ့ဆီမှာ . . . အဲ . . .

www.foreverspace.com.mm



**Carlos Slim**

ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့ပညာမှာ သူ့ထက် ပိုအောင်မြင်တဲ့ပုဂ္ဂိုလ် ဒီနေ့ကမ္ဘာကြီးမှာ ဘယ်သူမှ မရှိဘူးခင်ဗျား။

သူ့ကို အမေရိကန်စီးပွားရေးလောကမှာ The "Legendary investor Warren Buffett" လို့ ခေါ်ကြပါတယ်။ ငွေကစားတဲ့လောက . . . ငွေကိုရင်းနှီးမြှုပ်နှံမှုပြုတဲ့လောကမှာ သူ့ရဲ့အောင်မြင်မှုက အလွန်ကြီးမားလွန်းနေတဲ့အတွက် ယှဉ်နိုင်စရာတောင် မရှိတော့ဘူး။ ပုံပြင်တို့၊ ဒဏ္ဍာရီတို့ အဆင့်သတ်မှတ်ထားရတော့တဲ့ ပုဂ္ဂိုလ်ကြီးပေါ့ခင်ဗျာ။

ပိုပြီးအံ့သြဖို့ကောင်းတာက သူ့ရဲ့ ကြွယ်ဝချမ်းသာမှု . . . အဲ . . . သူပိုင်တဲ့ ငွေပုံကြီးအပေါ်မှာ ဘာမှ တပ်မက်မှုမရှိဘူးခင်ဗျာ။

သူပိုင်ဆိုင်တာတွေ၊ သူချမ်းသာတာတွေရဲ့ ၉၉ ရာခိုင်နှုန်းကို လူထုကောင်းကျိုးအတွက် လှူပစ်မယ်တဲ့ခင်ဗျာ။

နောက် . . . လှူတဲ့ဆီမှာလည်း သူ့ဂုဏ် သူ့နာမည်ပိုတက်အောင် ဘာမှမလုပ်ဘူး။ ကိုယ်တိုင်တောင် မလှူဘူးခင်ဗျား။ သူနှစ်သက်တဲ့အလှူ (ဖောင်ဒေးရှင်း) တွေ ဥပမာ . . . The Gate Foundation က တစ်ဆင့် လှူပါတယ်။

သူ့ရဲ့ ဖခင်က ကွန်ဂရက်လွှတ်တော်ရဲ့ အမတ်ကြီးပါ။ စီးပွားရေးလုပ်ပါတယ်။ ဒါပေမဲ့ သူဒွေးဝါရမ်ဗတ်ဖက် ရှာခဲ့တဲ့ငွေအကုန်လုံးက သူ့ဟာသူရှာတာ။ သူ့ဖခင်ဆီက အမွေရခဲ့တာ မဟုတ်ဘူး။

အံ့သြဖို့ကောင်းတာက သူအထက်တန်းကျောင်းသားဘဝကတည်းက ငွေကစားတဲ့အလုပ်၊ စီးပွားရှာတဲ့အလုပ်တွေကို သိပ်ဝါသနာပါတယ်။ သူပိုင်ငွေလေးနည်းနည်းနဲ့ ကျောင်းအားချိန်မှာ ပီကေလိုက်ရောင်းတယ်။ အပတ်စဉ်ထုတ်မဂ္ဂဇင်းတွေလိုက်ရောင်းတယ်။ နောက် . . . ဂေါက်သီးဘောလုံးရောင်းတယ်။ မြတ်လည်းမြတ်အောင်လုပ်တတ်တယ်။ သူအသက် ၁၄ နှစ်သားအရွယ်ကတည်းက အစိုးရကို ဝင်ငွေခွန်စဆောင်နေရပြီခင်ဗျာ။

သူကောလိပ်ကျောင်းက အောင်တဲ့အချိန်မှာ သူ့ပိုင်ဆိုင်မှုငွေဟာ ဒီနေ့ဒေါ်လာငွေနဲ့ ပြန်တွက်ရင် အမေရိကန်ဒေါ်လာကိုးသောင်းရှိနေပါပြီ။ အဲဒီခေတ် ဘယ်ကောလိပ်ကျောင်းသားမှ သူ့လိုမချမ်းသာဘူး။

နောက် . . . သူစီးပွားရေးတက္ကသိုလ်တက်တယ်။ ၁၉ နှစ်သားအရွယ်မှာ စီးပွားရေးဝိဇ္ဇာဘွဲ့ရတယ်။ နောက် . . . ၂၁ နှစ်သားအရွယ်မှာ စီးပွားရေးမဟာဝိဇ္ဇာဘွဲ့ရတယ်။ ငွေရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး သူပြောသွားတဲ့စကားတစ်ခု ရှိပါတယ်။

"အခြေခံငွေကစားတဲ့ ပညာဆိုတာက စတော့ (Stocks) တွေကို ကြည့်တဲ့အခါ စီးပွားရေးအလုပ် (Business) လို မြင်ရမယ်။ ဈေးကွက်မှာ စတော့ဈေးအတက်အကျဖြစ်နေတာကိုကြည့်ပြီး ကိုယ့်အကျိုးအတွက် အသုံးချတတ်ရမယ်။ နောက် . . . စတော့ဝယ်တဲ့အခါ ရောင်းတဲ့အခါ ကိုယ့်အတွက် ဘေးမဖြစ်နိုင်တဲ့ ကိုယ့်ရဲ့လုံခြုံမှုစည်း . . . A Margin Of Safety ကို အမြဲသိနေရမယ်။ တွက်ထားရမယ်။ စွတ်ပြီးတော့မဝယ်ရဘူး။ စွတ်ပြီးတော့ မရောင်းရဘူး။ အန္တရာယ်မတွေ့နိုင်တဲ့၊ လုံခြုံတဲ့ ဘောင်ကလေးအတွင်းမှာ ကစားတတ်ရ

www.foreverspace.com.mm



မယ်။ ဒီပညာဟာ ကျောင်းမှာ သင်ပေးခဲ့တဲ့ စီးပွားရေးပညာ စာအုပ်တွေမှာလည်း ပါတာပဲ။ ကျွန်တော်တီထွင်တာမဟုတ် ပါဘူး" တဲ့။

သူ သူဌေးကြီးဖြစ်ခဲ့ပုံက အံ့စရာမကောင်းဘူးလားခင်ဗျာ။ လူအများသိထားတဲ့ ပညာကို ရိုးရိုးလေးပြန်သုံးပြီး ငွေရှာခဲ့တာပါပဲ။ အဲ . . . တစ်ခုတော့ ရှိတာပေါ့ခင်ဗျာ။

ဘုရားပေးတဲ့ ပါရမီ ... Gift. . .။

ဒီပုဂ္ဂိုလ်က စီးပွားရေးနှင့်ပတ်သက်ပြီး ထူးခြားတဲ့ ပါရမီရှိတဲ့ ပုဂ္ဂိုလ်ကြီး။

၁၉၆၂ ခုနှစ်ကစပြီး သူသန်းကြွယ်သူဌေးကြီး A Millionaire စဖြစ်ပါတယ်။ အဲဒီအချိန်မှာ သူ့အသက်က ၃၂ နှစ်ပဲရှိပါသေးတယ်။

၁၉၇၉ ခုနှစ်ကျတော့ သူ့ပိုင်ဆိုင်မှုက အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၂၀ ရှိသွားပြီ။ အဲဒီအချိန်ကစပြီး ကမ္ဘာကျော် Forbe မဂ္ဂဇင်းကြီးက သူ့ကို ကမ္ဘာ့အချမ်းသာဆုံးသူဌေး ၄၀၀ စာရင်းမှာ စသွင်းပါတယ်။

ကုဋေကြွယ်သူဌေးကြီးဘဝ . . . အဲ . . . ဘီလီယံနာ (Billionaire) ဘဝကိုတော့ ၁၉၉၀ ပြည့်နှစ်အတွင်းမှာ စရောက်ပါတယ်။

အဲဒီနှစ်ကစပြီး အမေရိကန်သတင်းစာတွေအထဲမှာ ဘီလီယံနာသူဌေးကြီးအဖြစ် အသိအမှတ်ပြုပြီး စဖော်ပြကြပါတယ်။

၂၀၀၈ ခုနှစ်အတွင်းမှာ Forbe မဂ္ဂဇင်းကြီးက သူ့ကို ကမ္ဘာမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ကြီးအဖြစ် သတ်မှတ်ဖော်ပြခဲ့ဖူးပါတယ်။

သူ့ရဲ့ ကြွယ်ဝချမ်းသာမှုစုစုပေါင်းကို အမေရိကန်ဒေါ်လာ ၆၂ ဘီလီယံရှိတယ်လို့ ဆိုပါတယ်။



**Bill Gates**

အဲဒီနှစ်အတွင်းမှာ သူငွေတွေအများကြီးလျှုပစ်လိုက်ပါတယ်။ သူဌေးကြီး Bill Gate ရဲ့ ဂိတ်ဖောင်ဒေးရှင်းအပါအဝင် ကမ္ဘာ့နာမည်ကြီးအလှူဖောင်ဒေးရှင်းအဖွဲ့ကြီးလေးခုမှတစ်ဆင့် လှူခဲ့တာပါ။

အဲဒီနှစ်မှာ သူ့ရဲ့ချမ်းသာတဲ့ငွေစုစုပေါင်းရဲ့ တစ်ဝက်လောက်ကို လှူပစ်လိုက်ပါတယ်။ ဒါ့ကြောင့်လည်း ၂၀၀၉ ခုနှစ်မှာ သူ့ရဲ့ချမ်းသာကြွယ်ဝမှုတန်ဖိုး စုစုပေါင်းကို ၃၇ ဘီလီယံလို့ ပြောင်းလဲသတ်မှတ်ပြီး အမေရိကန်ပြည်ထောင်စုမှာ Bill Gate ပြီးရင် ဒုတိယအချမ်းသာဆုံး ပုဂ္ဂိုလ်သူဌေးကြီးအဖြစ် သတ်မှတ်ထားပါတယ်။

သူ့ရဲ့ ကြွယ်ဝချမ်းသာမှုက ၁၂ လအတွင်း အမေရိကန်ဒေါ်လာ ၄၇ ဘီလီယံပြန်ဖြစ်သွားပြန်တယ်။

သူချမ်းသာခဲ့တာဟာ ခေတ်အလျောက် ရုတ်တရက်ပေါ်လာခဲ့တဲ့လုပ်ငန်းတစ်ခုကို လက်ဦးမှုရှိအောင်ယူပြီး ရုတ်တရက်ချမ်းသာလာတဲ့ပုဂ္ဂိုလ်မဟုတ်ဘူးခင်ဗျား။ ခိုင်မာတဲ့ငွေကြေးဈေးကွက်မှာ သူ့ဦးနှောက်ကိုလွှာသုံးပြီး ချမ်းသာအောင်ပြုလုပ်ခဲ့တဲ့ပုဂ္ဂိုလ်ပါ။ အလွန့်အလွန်ကိုတော်ပြီး သူဌေးကြီးဖြစ်လာခဲ့သူပါ။

ဒီသူဌေးကြီးမှာ အလွန်ချီးမွမ်းဖို့ကောင်းတဲ့နေထိုင်ပုံက ကြွားဝါမှုလုံးဝမရှိဘဲ ကျစ်ကျစ်လျစ်လျစ် နေတတ်ထိုင်တတ်တာပါပဲ။ ကြည့်ပါ။ ဒီနေ့ သူနေထိုင်တဲ့အိမ်က သူ ၁၉၅၈ ခုနှစ်ကတည်းက ဝယ်ထားတဲ့အိမ်ပါ။ ဒီနေ့ဆိုရင် သူအဲဒီအိမ်လေးမှာနေတာ နှစ်ပေါင်း ၅၂ နှစ်ရှိနေပါပြီ။ သူဝယ်တုန်းက အဲဒီအိမ်ရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာ ၃၁,၅၀၀ ပဲ ရှိပါတယ်။

အဲဒီလိုနေတတ်တဲ့အတွက် ဒီနေ့ သူ့ကို တစ်ကမ္ဘာလုံး ချီးကျူးနေပါတယ်။

ကုလားသူဌေး မြူကစ်အာဗာနီနှင့် လုံးဝကွာခြားသွားပါတယ်။

သူ့လိုပဲ ဒီနေ့ကမ္ဘာမှာ စံပြနေထိုင်တတ်တဲ့ ဒုတိယမြောက်သူဌေးကြီးအကြောင်းကို ဆက်တင်ပြချင်ပါတယ်။

သူကတော့ သူဌေးကြီးကားလော့စလင်း (Carlos Slim) ပါ။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

■